www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

"ထိပ်စုဖုရားမဗျိုင်း" ဝတ္ထုကို ကျွမ်သည် အခန်း ၁၂ ခန်းဖွဲ့၍ အောက်ပါ ခေါင်းစဉ်ငယ်များ တတ်၍ ရေးခဲ့သည်။

၁။ မင်္ဂလာရယ်တဲ့မှ မတိုင်လေ
၂။ သူဌေးမကြီး
၃။ သခင်လှဦး
၄။ ဒေါ်မေမာဝီ
၅။ လပြည့်ညနေကဆုန်
၆။ ဟောမာန်ပန်းချီပြပွဲ
၇။ နေမထွက်သောနေ့
၈။ တစ္ဆေမင်းဆက်၏ နောက်ဆုံးမင်းသား
၉။ အခါတပါး
၁၀။ ဒီဗန်းနှင့်လက်ချမ်း
၁၁။ လမ်းအိုကလေး
၁၂။ ကောင်းချီးယူသည့်ချိန်ခါ

ဇာတ်ကောင်များ-များလှ၍ဖတ်ရသူတို့ရှင်းလင်းစေရန် ဆွေစဉ်မျိုးဆက် ဇယားများကိုလည်း ဖော်ပြလိုက်ပါသည်။

# နိဒါန်း

ဤ ဝတ္ထုကို ရေး သား ရာ ၌ မရှင်း လင်း သော အကြောင်းအရာများကို ဆွေးနွေးသောအခါ ပြေလည်အောင် ဆွေးနွေးပြောဆို ညွှန်ပြသော သူများအား ကျေးဇူးတင်ရှိပါ၏။

အထူးသဖြင့်

သာသနာ့ရိပ်သာရှိ ဆရာတော်များအားဇွင်း

အငြိမ်းစား မြန်မာစာ ပါမောက္ခ ဦးအေးမောင် အားရင်း

ကျွမ်အား ဆေးကုသရာတွင် ဒီဗန်းနှင့် လက်ချမ်းတို့ကဲ့ကို တကဲ့ ဝတ္ထုတိုလေးများကိုပြောကြား၍ စိတ်ဓာတ်ကိုပြောင်းပြီးမှဆေးကုသတတ်သော ဆရာဝန်ကြီးဦးမြင့်စိန် အားရင်း၊ စိတ္တဇ ဆေးရုံမှ ဆရာဝန် ဦးအုံးမောင်တို့အား အထူး ကျေးဇူးတင်ပါ၏။

ဇာတ်ကောင်များကို အကွက်ချရာ၌ မပြေလည်သည်ရှိသော် ခွင့်လွှတ်စေလိုပါသည်

ချမ်းမြေ့ရှင်လန်းပါဝေ
စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

# ဆွေစဉ်မျိုးဆက် ဇယား

**ဆက် မိသားစု**

- ဦးထွန်းဦး + ဒေါ်သာလိ (မောင်-ဦးလှိုင်)
  - သားမျိုး
    - ဦးဆက် + ဒေါ်ခင်စောမူ
      - သမီးများ
        - င်မျိုးဆက်
        - ခင်မေဆက်
    - ဦးသက် + ဒေါ်တင်မြသွင်
      - သားများ
        - မောင်လှမွေး
        - မောင်လှကျေး



**ဦးရွှေလင်း မိသားစု**

- သား
  - ဦးရွှေဦး (နှစ်မ) ဒေါ်မကြည်သင်း
    - သား
      - ဗွန်ဒေါ်-ရွှေဦးမောင်
    - သမီး
      - တင်မသလာ

www.burmeseclassic.com

www.burmeseclassic.com

# ဆွေစဉ်မျိုးဆက်ဇယား

ဆက် မိသားစု

ဦးထွန်းဦး + ဒေါ်သာလိ (မောင်-ဦးလှိုင်)

သားများ

ဦးဆက် + ဒေါ်ခင်စောမူ

ဦးသက် + ဒေါ်တင်မြသွင်

သမီးများ (ဦးဆက် + ဒေါ်ခင်စောမူ)

- ခင်မျိုးဆက်
- ခင်မေဆက်

သားများ (ဦးသက် + ဒေါ်တင်မြသွင်)

- မောင်လူမွှေး
- မောင်လူကျေး



ဦးရွှေလင်း မိသားစု

သား

ဦးရွှေဦး (နှစ်မ) ဒေါ်ခမကြည်သင်း

- သား — ခွန်ခေါ်-ရွှေဦးမောင်
- သမီး — တင်မာသာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဆွေစဉ်မျိုးဆက် ဇယား

ကိုထွန်းလှ + မြသန်း [ဒေါ်မေခေါ်ဇီ] (ဆက်မိသားစုမှ ဦးဆက်၏နှစ်မဝမ်းကွဲ)

သမီး

မညွန့်ရီ + သာအေး

သမီးများ

ကိုရင်ပုညာ    ကိုရင်သံဝရ

မေဂျာဆိုက် + ဒေါ်ခရစ္စတီနာ (သူနာပြုဆရာမကြီး)

သမီး

ရှင်မင်းထွေး

### ဥပဒေသမားများ

၁။ ဝတ်လုံတော်ရ ဦးမင်းဟန် ဇနီး ဒေါ်မြဆွေ

၂။ ဝတ်လုံတော်ရ ဦးမေအောင်

၃။ ဝတ်လုံတော်ရ ဦးချန်ထူး

### ဆရာဝန်များ

၁။ ဆရာဝန်ကြီး ဦးမင်းချိန်

၂။ ဆရာဝန် ဦးအုံးမောင်

၃။ ဆရာဝန် မင်းရွှေဇံ

၄။ ဆရာဝန် ဦးဝင်းမှန်

### ဇာတ်ရုံများ

၁။ ဆရာတော် ဦးဝဏ္ဏ

၂။ ဦးရွှေသင်း

၃။ စက်ရှင်တရားသူကြီး ဦးဗမော်

၄။ သခင်လှဦး

၅။ ဗိုလ်မှူး စောလှဖြူ

www.burmeseclassic.com

www.burmeseclassic.com


၆။ တင်မောင်မြင့်

၇။ မေဝ်လီချန်

၈။ လယ်သမား သာအေး

၉။ ဦးကျီးမြိုင် ဇနီး ဒေါ်အေးမြ

၁၀။ ကိုနန္ဒ

၁၁။ ဒီမန်းနှင့် လက်ချမ်း

၁၂။ မောင်ထွန်းဖေ

၁၃။ ဒေါ်ဘက်တီ (သူနာပြု ဆရာမ)

၁၄။ အခင်မကြီး ဒေါ်သိန်းရင်


အခန်း-၁

## မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်

"မောင်ရင်က ဆရာဝန်ကြီး မင်းရွှေဇံနဲ့ ဘာတော်ပါသလဲ"

ဆင်ဝင်အောက်တွင် သူ့အား အဆင်သင့် ကြိုဆိုနေသော လူကြီးတယောက်က မေးလိုက်၏။

"ကျွန်တော့နံမယ်က ဒေါက်တာ မင်းရွှေဇံပါ ခင်ဗျား"

မင်းရွှေဇံသည် သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ ထိုလူကြီးသည် ရိုညွတ်သောအမူအယာသို့ ပြောင်းလိုက်၏။

"ကျုပ် နံမယ်ကတော့ ဦးကျီးမြိုင်တဲ့ ဟောဒါက ကျုပ်ဇနီး မအေးမြရယ်၊ ကျုပ်တို့ ဒီအိမ်ကြီးကို စောင့်ပါတယ်၊ လွန်ခဲ့တဲ့အပတ်ကတဲက ဒေါက်တာအုံးမောင်က ပြောထားလို့၊ ဒါပေမင့် ဆရာဝန်ကြီး မင်းရွှေဇံဆိုတော့ အတော်အိုပြီ ဆရာဝန်ကြီး ဦးမင်းချိန်တို့လောက်ရှိပြီ အောက်မေ့နေတာ၊ မောင်ရင်က ငယ်ငယ်ရှိသေးတာကိုး၊ ကျုပ်စိတ်ထင် ဒေါက်တာအုံးမောင်ထက်တောင် ငယ်မယ် ထင်တယ်"

"ဟုတ်ကဲ့.. ခင်ဗျာ"

"ဟောဒီမှာသော့ပါ၊ ကျုပ်တို့ အိမ်ပေါ်ကို လိုက်ခဲ့ဦးလို့ ပါသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါ ခင်ဗျာ၊ ကျွန်တော်က တစ်ယောက်ထဲ သမားပါ၊ ကျွန်တော့မှာ ကားမောင်းတဲ့သက်ဖေဆိုတဲ့ တပည့်တစ်ယောက်နဲ့ သူ့ဇနီးအဲ ပါပါတယ်၊ မောင်သက်ဖေ မိန်းမက ထမင်းချက်ပါတယ်"

"ဒီတော့ သူတို့လင်မယား နှစ်ယောက်နေဖို့ နောက်ဖေးတန်းလျားကို ရှင်းပေးရအုံးမလား၊ အိမ်ကြီးထဲမှာတော့ အခန်း ... ဟိုအပတ်ကတည်းက ရှင်းထားပါတယ်"

မင်းရွှေဇံသည် ခေတ္တစဉ်းစားလိုက်၏။

"မလိုဘူးထင်ပါတယ် ခင်ဗျာ၊ ကျွန်တော်နဲ့ အတူ သူတို့ကို အိမ်ထဲမှာဘဲနေစေချင်ပါတယ်၊ သူတို့ ပစ္စည်းတွေနဲ့ ရောက်လာလိမ့်မယ်၊ ဦးကျီးမြိုင်တော့ သော့ဖွင့်ပြီး လိုက်ပြပါ၊ အိမ်ကစိမ်းနေသေးတယ်၊ ဒေါက်တာအုံးမောင်ကကြိုက်တယ်ဆိုတာနဲ့ ကျွန်တော်က ကြိုတင်ပြီး လာမကြည့်ဖြစ်ပါ၊ ကျွန်တော့စိတ်ကြိုက်ထက်တောင် အိမ်ကြီးက ကျယ်ဝန်းနေသေးတယ်၊ အပြင်က မြင်ရတာနဲ့တောင် ကျွန်တော်အိမ်ကြီးကို သဘောကျနေပါတယ် ခင်ဗျာ"

ဦးကျီးမြိုင်သည် ရွှေမှတံခါးဖွင့်၍ အောက်ထပ်ကို အရင်ပြ၏။ အောက်ထပ်တွင် ညှော်ခန်း၊ ထမင်းစားခန်းနှင့် အိပ်ခန်းနှစ်ခု။ အုတ်တိုက်ခံထားသော်လည်း ကြမ်းများကို ရှာထိုး၊ ပျဉ်များခင်းထား၏။ အပေါ်ထပ်တွင် ပျဉ်ထောင်ကာ၍ အုတ်ကျွတ်မိုးထား၏။ သို့သော် ကျွန်းသစ်များဖြင့် ထာဝရ မှမ်းမံပြင်ဆင်ထားပုံရ၏။ ဆေးမြွေဟောင်းနွမ်းနေသော နေရာဟူ၍ တစ်ကွက်မျှ မရှိပေ။ အပေါ်ထပ်တွင် ရွှေမျက်နှာ ဆင်ဝင်ခန်းမ အကျယ်



ကြီးနှင့် သုံးဘက်ပတ်လည်ရှိ အိပ်ခန်းလေးခန်းများ ဆေးတွင်ဝရံတာများ ခပ်ကျယ်ကျယ်ထုတ်ထား၏။ ရုတ်တရက်ကြည့်လျှင် အိမ်ပုံစံမှာ ရှေးသူဌေးအိမ်များဆန်ဆန်ရှိးလှ၏။ သို့သော် သီးသန့်ရေချိုးခန်း၊ ရေဆဲအိမ်သာများနှင့် အထဲတွင် အခန်းဖွဲ့ပုံမှာ ခေတ်မီ သပ်ယပ်သန့်ရှင်းလှသည်။

"ပထမနေသွားတဲ့လူတွေဟာ အိမ်သားနဲ့ အဆောင်များထက်ထင်တယ်"

သူသည် ရှေ့ဘက်ဆင်ဝင်ခန်းမကြီး၏ မှန်ပြတင်းကို ဖွင့်ရင်း မေးလိုက်သည်။

"အော်....အိမ်ငှားတွေ မဟုတ်ပါဘူး၊ ကျုပ်တို့ သူဌေးမကြီး ကိုယ်တိုင်နေတယ်၊ တစ်ယောက်ထဲပေါ့"

"ဒါလောက်အိမ်ကျယ်ကြီးထဲမှာ သူတစ်ယောက်ထဲနေတယ်"

မင်းရွှေဇံသည် တအံ့တသြမေးလိုက်၏။

"ဒီလိုပါမောင်ရင်၊ သူတို့မိဘတွေ လက်ထက်ကတော့ အိမ်နဲ့လူနဲ့တစ်လုံးပေါ့၊ ခုတော့ သူ့အပါးမှာ သူ့ကိုပြုစုဖို့ သူနာပြုဆရာမလေးတစ်ယောက်ထားတယ်၊ ထမင်းချက်တဲ့ သူငယ်မနဲ့ အိမ်မှာသန့်ရှင်းဖို့ သူငယ်မလေးကတော့ အောက်ထပ်မှာ နေပါတယ်၊ ကားမောင်းတဲ့ ကုလားလင်မယား မိသားစုကတော့ ကျုပ်တို့နဲ့ အတူနေပါတယ်....၊ ဟိုဒင်းမှ... ဒီအိမ်ကို အကြောင်း တစ်ခုခုကြောင့်သူမနေတာပါ ငှားစားဖို့ မရည်ရွယ်ပါဘူး"

"ဟုတ်ကဲ့"

"မောင်ရင့်ဆီကရတဲ့ လခကလဲ ဒီအိမ်ကြီးကို နှမ်းမံပြုပြင်ဖို့ဘဲ"

www.burmeseclassic.com

www.burmeseclassic.com

ဦးကျီးမြိုင်ပြောပုံက သူ၏ အိမ်ရှင်သည် ဤအိမ်ကြီးကို ငွေးစားရသည့်အဖြစ်အထိ စီးပွားရေးယိမ်းယိုင်ခြင်း မရှိကြောင်းကို တစွန်းတစ ဖော်မြူလျက်ရှိ၏။

"ဟုတ်မှာပေါ့ဗျာ၊ ခုနေခါ အိမ်ဈေးတွေကလဲကောင်း၊ ခုလိုရွှေအား မြက်ခင်းကျယ်ကြီးတွေနဲ့ လမ်းမပေါ်မှာ ခြံကျယ်ကြီးနဲ့ အိမ်ကြီးတွေဆို သိရုံငှားစားအုံးတော့ တလ နှစ်ထောင်လောက် အေးအေးလေးဘဲ"

သူသည် ပြတင်းမှ မြင်ရသော မြက်ခင်းစိမ်း ပုံပုံကြီးကို မျှော်ကြည့်ရင်း ပြောလိုက်၏။

"မှန်ပါတယ်ခင်ဗျာ၊ ဆရာ့ကို ကျုပ်တခုဘဲ တောင်းပန်ရမယ်၊ မြက်ခင်းကတော့ ကျယ်ကျယ်ပျံ့ပျံ့ ကြိုက်မှာဘဲ၊ ဒီမြက်ခင်းခေါင်းရင်းဘက်က ဟိုဘက်ခြံနားကပ်နေတဲ့နေရာမှာ နှစ်ယောက်ထိုင်ခုံတန်းမှုလေး တွေ့လား"

ဦးကျီးမြိုင်သည် သစ်သားခုံတန်းလျားကို လက်ညှိုးညွှန်ပြ၏။

"ဟုတ်ကဲ့ တွေ့ပါတယ်"

"အဲဒီခုံကလေး ကိုတော့ ဘယ်နေရာမှ ရွှေ့ပြောင်းထားဖို့ စိတ်မကူးပါနဲ့၊ ခုံတန်းလျားနောက်က ထောက်ဇရစ်ပင်နဲ့ ဆိတ်ဖလူးပင်ကိုလဲ ခုတ်ပစ်ဖို့ ကျုပ်ကို မခိုင်းပါနဲ့နော်၊ သူဌေးမကြီးက သေသေချာချာမှာတယ်၊ အဲဒီနှစ်ခုကလွဲရင် မောင်ရှင်ကြိုက်သလို ခြံဝန်းကို ပြုပြင်ပေးလိုက်ပါ့မယ်၊ ကျုပ်က မာသိပေါ့၊ တခြားလူသွားရင် ပန်းပင်တွေများ စိုက်ဖို့ လူအေးအေးရှာပေးဖို့ သူဌေးမကြီးကလဲ ဒေါက်တာအုံးမောင်ကို ပြောတာဖြစ်ပါလိမ့်မယ် ခင်ဗျာ"



"အို....ကျွန်တော့အဖို့ ဒီခုံတန်းလျားကိစ္စကော သစ်ပင်ကိစ္စကော စိတ်အနှောင့်အယှက် ဖြစ်စရာ မရှိပါဘူး၊ ဒီအိမ်ခြံဝင်းကို ဦးကျီးမြိုင်ဘဲ ဆက်လက်စောင့်ရှောက်ပေးပါ၊ ကျွန်တော်လိုအပ်တာရှိလဲ ဦးကျီးမြိုင်ကို ပြောပြမယ်၊ ဦးကျီးမြိုင်တို့ သူဌေးမကြီး စိတ်တိုင်းကျ မဖြစ်နိုင်တာတွေလဲ ကျွန်တော့ကို ကြိုတင်သာပြောပါ၊ ကျွန်တော် လိုက်လျောနိုင်ပါတယ်၊ ကျွန်တော်က ဆေးရုံကြီးမှာ တာဝန်ကျဆရာဝန်အနေနဲ့ ရှိနေပါတယ်၊ ကျွန်တော်ကိုယ်တိုင်က ခုလိုလွတ်လွတ်လပ်လပ် အေးအေးသန့်သန့်နေချင်လို့ပါ၊ တခြားသဘော တစ်ခုးလိုက်လျောရမှာပေါ့"

"ကျေးဇူးပါဘဲ မောင်ရှင်....ဟော အောက်ထပ်မှာ ကားသံကြားရပြီ"

ဦးကျီးမြိုင်သည် အောက်ထပ်သို့ဆင်းသွား၏။ ဦးကျီးမြိုင်နှင့် မောင်သက်ဖေတို့မှာ အောက်ထပ်တွင် အလုပ်စနေကြ၏။ ဤအိမ်ရှင် သူဌေးမကြီးအကြောင်းကိုတော့ ဦးကျီးမြိုင် စကားထဲမှ တစွန်းတစ သူသုံးပ်ဖော်ကြည့်မိ၏။ ယခုခေတ်တွင် ခေါ်လေ့ ခေါ်ထ မရှိသော အသုံးအနှုန်းဖြစ်သည့် သူဌေးမ ဟူသော စကားလုံးအတွက်မှု ဆရာဝန် မင်းရွှေဇံအဖို့ အထူးအဆန်း ဖြစ်နေလေသည်။

တနေ့နေ့တွင်တော့၊ အိမ်ရှင်သူဌေးမကြီး ဒေါ်ခင်မေဆက်ကို ဆရာဝန်ကိုအုံးမောင်နှင့်အတူ သွားရောက်တွေ့ဆုံရမည်ဖြစ်သည်။

သူ၏ဖခင်လာလျှင် ဤမျှအိမ်ကြီးကို အခုကိစ္စ ငှားရမ်းနေချင်ရသလဲဟု သူ့ကိုများ အပြစ်တင်လေမည်လား။ သူ့ဖခင်မှာ ရှေးရိုးခိုင် ကြေးရေတတ်များကဲ့သို့ ဝတ်လုံဘွဲ့ကို ပန်ဒန်ဥယျာ့ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com


တယောက်ဖြစ်သော်လည်း၊ အသက်ခြောက်ဆယ်ကတဲက အမှုလိုက်ခြင်းကို ရပ်နားလိုက်၏။ ကျောက်ဖြူ အိမ်ကြီးတွင် သွားရောက် နေထိုင်သည်မှာ ကြာမြင့်ခဲ့ပြီ။ ယခုလို အိုမင်းချိန်တွင် သားအဖနှစ်ယောက် နီးနီးကပ်ကပ် နေလိုသည်ဟု ဆို၏။ လောလောဆယ်တော့ သူကိုယ်တိုင်က ကျောက်ဖြူတွင် လိုက်မနေနိုင်သေး၍ ရန်ကုန်တွင် အိမ်တလုံး ငှားရမ်းနေရန် စီစဉ်လိုက်ခြင်း ဖြစ်သည်။ သူသည်လည်း သူ့ဖခင်ကဲ့သို့ အိုမင်းချိန်ရောက်လျှင် ကျောက်ဖြူအိမ်ကြီးမှာပင် သွားရောက်နေထိုင်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။ ယခုထိတော့ ကျောက်ဖြူမြို့ ရှိရာသို့ တခါမှပင် ခြေဦးလှည့်ခွင့်မကြုံသေးပေ။

ဖေဖေနှင့်ပင်အတူ ဤအိမ်ကြီးတွင်နေလိုက်အုံးမည်။ သူ့လို တဦးတည်းသားအဖို့ ငွေရေးကြေးရေး ပူစရာမရှိပေ။

သူသည် နယ်အနှံ့ လှည့်လည်သွားရောက်ခါ အမှုထမ်းခဲ့ပြီး ဖြစ်သည်။ သူ့ခေတ်သည် ကိုယ်ပိုင်ဆေးတိုက်များ ဖွင့်ခွင့်ကြုံခဲ့သော ခေတ်ဖြစ်သော်လည်း ငွေရှာခဲ့သော လူစားမဟုတ်။

အစိုးရလခမှ အပ၊ ဆေးတိုက်တွင် ထိုင်စဉ် အံဆွဲထဲ၌ ငွေသုံးဆယ်ကျော်ရလျှင် နောက်လာသော လူနာများအား ငွေတောင်းခံခြင်း မပြုသည့်အတွက် မင်းရွှေဇံသည် ဆေးလိုက်သည်ဟု နာမယ်ကျော်ခဲ့သော ဆရာဝန်တယောက်ဖြစ်ပေသည်။

သူသည် ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရသော်လည်း၊ ဆေးရုံကြီးဝင်းအတွင်းရှိ သူ့အဖို့ပေးသော အိမ်တွင် မနေပေ။ ဤဆို သီးခြား အိမ်ကြီး တွင်ပင် အေးချမ်းစွာ နေလိုပေသည်။

သူ့ဖခင်လာလျှင်တော့ သူ့အားပေါ် ဘယ်လို ထင်မြင်ချက် ပေးမည်မသိပေ။ သူကတော့ ငြိမ်သက်သောပတ်ဝန်းကျင် ကျယ်သော ခြံဝန်းနှင့် နေရသည်ကိုတော့ စိတ်ချမ်းသာလှပေပြီ။

နောက်နေ့ တနင်္ဂနွေညနေပိုင်း သူ ရွှေမကြီးနှင့် တွေ့ဆုံရန် ဒေါက်တာအုန်းမောင်နှင့် ချိန်းရှိထားသည်။ သို့သော် နံက်ပိုင်းတွင်ပင် မမျှော်လင့်သော ကိစ္စတခုကို၊ ဒေါက်တာမင်းရွှေဇံ တွေ့ကြုံရ၏။

တနင်္ဂနွေနေ့ နံနက်တိုင်း သူလမ်းလျှောက်နေကျဖြစ်၏။ နံနက်စောစော လမ်းလျှောက်ရာမှအပြန်၊ သူ၏ အိမ်ဘော်ပေါ် သက်ဖေသည် ဆင်ဝင်အောက်မှဆီးကြို၍ သူ့ကိုပြော၏။

“ဆရာ ဧည့်သည်တယောက် ရောက်နေတယ်- ဟိုဘက်ခြံက တဲ့၊ အရေးကြီးလို့ပါတဲ့”

“ဟော...” သူသည် ဧည့်ခန်းဘဲသို့ ခပ်သုတ်သုတ်ဝင်သွား၏။ ဧည့်ခန်းထဲတွင် သူ၏အဖော်အရွယ် အမျိုးသမီးတယောက်ကို တွေ့ရ၏။ ဧည့်သည်သည် တည်ငြိမ်ပုံမရ၊ စိတ်ချောက်ခြားနေပုံ ရ၏။ အိမ်ခန်းထဲတွင် နေရောင်နှင့် လတ်ဆတ်သောလေကို ထိတွေ့ခွင့်မရသော အိမ်တွင်းပုံးကုလားမများလို ထိုအမျိုးသမီး၏ အသားအရေမှာ ဖြူဆွတ်ဖြော့တော့လှ၏။ သို့သော် နေမကောင်း နေသူ၏ ပုံပမ်းမျိုးတော့ မဟုတ်ပေ။

“ဟို...မောင်ရင်...မောင်ရင်က ဒေါက်တာဆို”

အမျိုးသမီးကြီးသည် သူ ဧည့်ခန်းဝ ရောက်ရောက်ခြင်း ထိုင်ရာမှ ရုတ်တရက်ထခါ အရေးတကြီး မအောင့်နိုင်မအားနိုင် သလို မေးခွန်းမေးလိုက်၏။

“ဟုတ်ပါတယ်...ခင်ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



“အန့်တီ…အန့်တီကို ကူညီပါ…ခုဘဲ ဆေးအိပ်ယူပြီး လိုက်ခဲ့ပါတော့၊ အဖျားသာ ခုထက်ပိုကြီးလာရင်ဒုက္ခပဲ…အန့်တီနဲ့တူတူ လိုက်ခဲ့ပါနော်၊ ခုလိုဒုက္ခပေးရတာလဲ ဝမ်းနည်းပါတယ်”

စိုးရိမ်ပူပန်စိတ်ဖြင့် ဘာကိုမှ ဂရုမပြုနိုင်သလို အမျိုးသမီးကြီးသည် ဧည့်ခန်းမှထွက်နှင့်တော့သည်။ သူသည် သက်ဖေအား ဆေးအိပ်ယူခိုင်းကာ အမျိုးသမီးကြီး နောက်သို့ လိုက်သွား၏။

“ကားကို ဘက်တီဆီ လွှတ်လိုက်ရလို့ပါ၊ အန့်တီတို့ ဖြတ်လမ်းကသွားမယ် ဟိုဘက်တိုက်ကိုပါ”

ပါးစပ်က တတွတ်တွတ်ပြောကာ ခြံဝင်းနှစ်ခုဆိုရာ မလှယ်ပေါက်မှ သူသည် မင်းရွှေဇံအား လမ်းပြခေါ်ဆောင်သွား၏။ မင်းရွှေဇံသည် နောက်မှလိုက်ရင်း သူ့စိတ်ကိုသူ အပြစ်တင်မိ၏။ မော်တော်ကားထုတ်ခါ သက်ဖေနှင့်အတူလာလျှင် ထိုအမျိုးသမီးရော သူပါ လမ်းလျှောက်ရခြင်းအတွက် မောပန်းမည်မဟုတ်ပါပေ။ ခုတော့ အိမ်နှစ်အိမ်မှာ ခြံဝင်းခြင်းစပ်နေသည်ဆိုသော်လည်း၊ မြေပေါပေါနှင့် ခြံကျယ်ကြီးများအလယ်တွင် ဆောက်ထားသောကြောင့် တအိမ်နှင့် တအိမ် အလှမ်း ဝေးလှသည်။ အိမ်သို့ရောက်အောင် အတော်လျှောက်ကြရပေသည်။

သူ့စိတ်ထဲမှာသာ ဖွဖတ်ဖွယော် ဖြစ်နေသော အမျိုးသမီးကြီး၏ အသားအရေကြောင့် လမ်းမြန်မြန်လျှောက်နိုင်ပါမလား ဟု သံသယ ဖြစ်နေသော်လည်း လမ်းလျှောက်ပုံမှာ ဖြတ်လတ်လွန်းလှသည်။ ခြံအလယ်ရှိနှစ်ထပ်တိုက်ထဲရောက်လျှင် အောက်ထပ် အခန်းကျယ်ကြီး ရှိရာသို့ ဧည့်ခန်းကို ဖြတ်ခါ သူ့အား အမျိုးသမီးကြီးသည် ခေါ်သွား၏။ အိပ်ခန်း အလယ်တွင် နှစ်ယောက်အိပ် ကုတင်ပေါ်၌ လူနာတယောက်ကို တွေ့ရသည်။



“ဒေါက်တာ…ဝင်းမွန်ရောက်လာတာ ကိုကို” အမျိုးသမီးကြီးသည် လူနာအားပြောလိုက်ပြီး၊ သူ့အနားသို့ တဖန် ကပ်လာကာ လေသံနှင့်ပြောပြ၏။

“ကိုကိုရယ် မျက်စေ့မဖွင့်နိုင်ဘူး၊ စကားမပြောဘဲ လုပ်စရာရှိတာသာ လုပ်ပါ” ဟု ပြောပြန်သည်။

ဒေါက်တာ မင်းရွှေဇံသည် လူနာအား စမ်းသပ်၍ သက်ဖေထံမှ ဆေးအိတ်ယူကာ စကားတလုံးမျှမပြောဘဲ လုပ်စရာရှိသည်များကိုလုပ်၏။ ဆေးထိုးဖို့လိုအပ်သော ရေနွေး၊ လက်သုတ်ပုဝါ၊ လက်ဆေးဇလုံကအစ ဘာမှလိုလေသေးမရှိအောင် အမျိုးသမီးကြီးသည် ကျွမ်းကျင်စွာလုပ်ပေး၏။

မင်းရွှေဇံသည် လူနာအား ဆေးတလုံးထိုးရင်း သောက်ဖို့ဆေးကိုလည်း အမျိုးသမီးကြီး လက်ထဲ ထည့်လိုက်၏။ အမျိုးသမီးကြီးသည် သူကိုယ်တိုင် လူနာအား ဆေးတိုက်ခါ ပြန်သိပ်ထား၏။ ပြင်းလှသော အဖျားရှိန်ကြောင့် လူနာသည် မျက်လုံးမဖွင့်နိုင်ပေ။

အနားတွင် မိန်းမငယ်တယောက် ထားရစ်ကာ သူ့အား ဧည့်ခန်းသို့ အမျိုးသမီးကြီးသည် ခေါ်သွား၍ ထိုင်ရန်ဆိုဖာ ထိုင်ခုံအား ညွှန်ပြ၏။ သူကိုယ်တိုင်လည်း ခုမှ အသက်ရှုရချောင်သွားသလို သက်ပြင်းချလိုက်ခါ သူနှင့်ကပ်ရက် ဆိုဖာအလွတ်တွင် ထိုင်လိုက်သည်။

“ခွင့်လွှတ်ပါ ဒေါက်တာရယ်… ခုလို ကူညီတာလဲ ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ့ နာမယ်က ဘယ်သူလဲဟင်၊ ခုဏ ဒေါက်တာ ဝင်းမွန်လို့ ခေါ်လိုက်ရတာက…ကိုကိုရယ် တခြား

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဆိုရင် ဆေးထိုးမခံမှာစိုးလို့၊ ပြီးတော့ စကားမပြော ပါနဲ့ဆို ဆောင်းယန်ရှုတာက ဒေါက်တာအသံကြားရင် ဒေါက်တာ ဝင်းမွန်ရဲ့ အသံမဟုတ်မှန်း သူသိတယ်”

မင်းရွှေသည်လည်း ရုတ်တရက်တွေ့ရသော အခြေအနေ အရပ်ရပ်များကို နားမလည်သောကြောင့် စိတ်ရှုတ်သွားသော်လည်း သူသည်လည်း ယခုမှပင် အမောပြေ သက်ပြင်းချလိုက်၏။

“ကျွန်တော့်နာမယ် မင်းရွှေဇံပါ လွန်ခဲ့တဲ့အပတ်ကမှ ဟိုအိမ်ကြီးကိုပြောင်းလာတာပါ။ ကျွန်တော် အကြံဉာဏ် ပေးပါရစေ၊ ညနေမစောင်းခင် ကျွန်တော်လာကြည့်ပါ့မယ်၊ အခြေအနေ ကြေနပ်လောက်ရင်တော့ အိမ်မှာပဲ ကျွန်တော်ဆက်ကုပါ့မယ်၊ လိုအပ်ရင်တော့ ဆေးရုံကြီးတင်ပါ၊ အခုတော့ အပူရှိန်ကြီးလာရင် စိုးရိမ်ရပါတယ်၊ သူ့အသက်ကလည်းကြီးတော့၊ အဆုတ်ကိုအအေးမိသွားတာပါ”

“အမလေး...ကျေးဇူးတင်ပါတယ်၊ လာသာကြည့်ပြီး လိုအပ်တာသာပြောပါ ဒေါက်တာရယ်...၊ မောင်နန္ဒပြောလို့ ဆရာဝန်တစ်ယောက် ဟိုဘက်အိမ် ပြောင်းလာတာလို့ အန်တီ သိထားရတာပါ၊ အားလုံး အန်တီ ဖန်တီးပေးပါ့မယ်၊ အဖျားကြီးလာရင် သူမျှားများ ရူးသွားမှာလား.... ဖြစ်ချင်တော့လေ ဒေါက်တာဝင်းမွန်က ခရီးထွက်သွားတယ်၊ ဆေးရုံတော့ မတင်ပါရစေနဲ့၊ ဘာကြောင့်လဲဆို သူ့ကို ဘယ်သူနာပြုဆရာမမှ ပြုစုခံမှာ မဟုတ်ဘူး”

“ရူးမှာထက် ကျွန်တော်စိုးရိမ်တာက အသက်ရှုကြပ်လာရင် အောက်စီဂျင်ပေးဖို့လဲ လိုလာမယ်၊ အမောဝင်လာရင် အသက်အန္တရာယ် စိုးရိမ်ရလို့ပါ”



“အို...ညနေကျမှ အခြေအနေအရ ဂိစဉ်ကျသွားတာပေါ့”

“ဟုတ်ကဲ့ ဒါပေမင့် သူ့အနားမှာ (စပယ်ရှယ် နုတ်) သူနာပြုဆရာမ တစ်ယောက်”

“နွားနို့... နွားနို့”

မင်းရွှေဇံ စကားမှ မဆုံးခင် နွားနို့ ဟူသော အသံမှာ လူနာ အခန်းဘက်သိမှ ကြားရ၏

“ကိုကို့ အသံ၊ သူကယောင်ကတန်းတွေအော်နေတာ”

“နွားနို့ သောက်ချင်လို့လား ခင်ဗျာ”

“မဟုတ်ပါဘူး...ဟိုနေ့ပါ...ဟောဒီ ကားဆိုက်သံ ကြားသည်”

မင်းရွှေဇံမှာ တစ်ယောက်ထဲ အရူးသဖွယ် မျှာယာခတ်နေသော အမျိုးသမီးကြီး၏ လှုပ်ရှားမှု အတွက် သူအတော် စိတ်မချမ်းမသာဖြစ်မိ၏။ လူတစ်ယောက်သည် ဧည့်ခန်းဝမှ ပေါ်လာ၏။

“အန်တီလေး...ဆရာမဘက်တီ ခြေထောက်က ဒီနေ့ကျောက်ပတ်တီးဖြေရမယ်၊ သူညနေကျမှ လာနိုင်မယ် လာရင်တောင် ဆရာဝန်က ပြောတယ်တဲ့ လက်တွန်းလှည်းနဲ့ပဲ သွားရမယ်တဲ့ လမ်းမလျှောက်ရဘူး”

“အေးအေး...လက်တွန်းလှည်း အသင့်ပြင်ထား၊ ကဲ ဟောဒီ ဒေါက်တာမင်းရွှေဇံကို ကားနဲ့ ဟိုဘက်အိမ် ပြန်ပို့လိုက်ပါ၊ ဆေးအိတ်လဲ ယူပြီးတင်”

ကားပေါ်သို့ ဒရိုင်ဘာနှင့် အတူ ဆေးအိတ် တင်နေစဉ်ထွင် သူ့အပါးသို့ အမျိုးသမီးကြီး ကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဒေါက်တာ ခြေကြွအဖြစ် ငွေတရာ ကန်တော့ပါတယ် လက်ခံပါ" ဟု ပြောပြောဆိုဆိုပင် သူ့လက်ထဲသို့ ငွေ ၁၀၀-တန် [redacted] ထည့်ပေး၏။

"သည်းခံပါ အန်တီ၊ အိမ်နီးချင်းတွေအနေနဲ့ ကျွန်တော့်မှာ ကူညီရမဲ့ ဝတ္တရားရှိပါတယ်၊ နောက်လဲ ဘာမဆို အကူအညီလိုရင် တောင်းပါ... ညနေမှတခေါက် လာကြည့်မယ်"

သူသည် ငွေတရာကို လက်မခံဘဲ ကားပေါ်သို့ တက်၍ လက်ပြနှုတ်ဆက်ခဲ ပြန်လာခဲ့၏။

အိမ်အဝတွင် ဦးကျီးမြိုင်ကို တွေ့ရသည်။ ဦးကျီးမြိုင်သည် ကားမောင်းသူကို ဦးစားပေး နှုတ်ဆက်၏။

"ဘယ့်နှယ့်လဲ ကိုနန္ဒရေ၊ ခင်ဗျားတို့ ပင်တိုင်စံကြီး ဒီဘက်မြေပေါ်ကို ထူးထူးခြားခြား ကြွလာတယ်၊ လာလိုက်ပုံကိုတော့ ကျွန်တော်မတွေ့လိုက်ရဘူး အမြန်ဆရာနဲ့အတူ ခြံစပ်ဖြတ်အကူးမှာဘဲ မြင်လိုက်တော့တယ်၊ ခင်ဗျားတို့ ဆရာကြီးဦးရွှေဦး သိပ်ဖြစ်နေလို့ လား၊ ပင်တိုင်စံကိုယ်တိုင် ကသုတ်ကရက် လာလိုက်တာ၊ သူ့ဒီလို ခြေလှမ်းမြန်မြန်လှမ်းတာ ဒီတခါဘဲ ကျွန်တော် မြင်ဘူးသေးတယ်" ဦးကျီးမြိုင်သည် ကိုနန္ဒ ဆိုသူ ကားမောင်းသူမှား အား လှမ်းပြောလိုက်၏။ ကားမောင်းသူသည် ဦးကျီးမြိုင်နှင့် အစကပင် ရင်းနှီး နေပုံရ၏။

"ထုံးစံအတိုင်းပေါ့ဗျာ၊ ဖောက်လာချိန်မှာ အဖျားက သိပ်ကြီးတော့ အန်တီလေးလဲ မှူးယစ်သွားတာပေါ့၊ ပြီး ဖြစ်ခါစတော့ ဒေါ်တာဝင်းမွန်ကလဲ ခရီးထွက်နေ၊ သူ့ရဲ့ သုန်မြ ဆရာမကလဲ ဒီနေ့မှ ကျောက်ပတ်တီးဖြေရတော့ အန်တီလေး



တယောက်ထဲ သိပ်ပင်ပန်းသွားတယ်၊ ပင်ပန်းတာတိုင်းမရှိဘူး၊ အန်တီလေး ရှူးသွားမှာ ကျွန်တော် သိပ်စိုးရိမ်တာဘဲ"

ကိုနန္ဒသည် တကယ်စိုးရိမ်စိတ်နှင့် ပြောပြနေကြောင်း သူ့မျက်နှာက ဖော်ပြနေ၏။ ဘာအကြောင်းကိုမှ မသိသေးသော်လည်း မင်းရွှေဇံသည် တခုဝင်မေးလိုက်၏။

"စိတ်မရှိပါနဲ့ ကိုနန္ဒရယ် ခင်ဗျားတို့ အန်တီလေးကို ကျွန်တော် အားနာလို့ ဘာမှမမေးခဲ့ဘူး၊ ကျွန်တော်တို့ ရှေ့အိမ်မကြီးမှာ တိုင်နေတန်း လူနာက အော်တယ် နွားနို့ နွားနို့ တဲ့ အဲဒါ သူသောက်ချင်လို့များလားလို့ ကျွန်တော် မေးကြည့်တော့ သူ့ကိုကို ကယောင်ကတမ်း အော်တာပါတဲ့ ဘာဖြစ်တာလဲ ဟင်၊ ရောဂါအခြေအနေနဲ့ ပတ်သက်ပြီးတော့လဲ အန်တီဟာ ဘာမှပွင့်ပွင့်လင်းလင်း ကျွန်တော့်ကို ဖွင့်ပြောချင်ပုံမပေါ်တော့ ကျွန်တော်လဲ မမေးဘူး နွားနို့က ဘာအော်တာလဲ"

ကိုနန္ဒသည် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်၏။

"အကြောင်းစုံတော့ ဟောဒီ ဦးကျီးမြိုင်သာ မေးကြည့်ပါ၊ ကျွန်တော်ပြောပြရရင် ဆုံးမှာ မဟုတ်တော့ဘူး၊ အန်တီလေး တယောက်ထဲ ပင်ပန်းနေမှာစိုးလို့ ပြန်ပါရစေ နွားနို့က သောက်ဖို့ မဟုတ်ဘူးခင်ဗျ၊ အဝတ်ရှော်ဖို့နဲ့ သူ့လက်ငတွေဆေးဖို့၊ ကဲ ခွင့်ပြုပါဦး"

ကိုနန္ဒသည်၊ ယဉ်ကျေးစွာ နှုတ်ဆက်၍ ကားမောင်းကာ ထွက်သွားတော့သည်။ မင်းရွှေဇံသည် ညောင်း ဆိုဖာပေါ်တွင် ထိုင်လက်ပင် ထိုင်လိုက်၏။

ဟင်း .. ရန်ကုန်ဆေးချိုးကြီးရှိသမျှ လူနာအကုန် ကိုတယောက် မှ နိုင်ခဲ့ကုတောင် ဒါလောက်မမောဘူး၊ ဦးကျီးမြိုင်ရေ ခုတော့

www.burmeseclassic.com



လေ ကျွန်တော့မှာ နာရီစက်လောက်အတွင်းမှာ အသံတိတ် ဆရာဝန် ဖြစ်သွားတယ်၊ တသက် ဒီလိုလူနာမျိုးလဲ မတွေ့ဘူး ပါဘူး”

ဦးကျီးမြိုင်သည် သူ့ရှေ့တွင် ထိုင်နေရာမှ ဟက်ဟက်ပက်ပက် ရီ၏။

“ဘယ်လိုဖြစ်တာလို့လဲ” ဦးကျီးမြိုင်က ရီရင်းက မေး၏။

“ဦးကျီးမြိုင်ကလဲ ရှိလိုက်တာ၊ လူနာကိုဆေးကုနေတုန်း ဘာ စကားမှ မမေးရမပြောရဘူးဗျာ၊ အသံမထွက်ပါနဲ့တဲ့”

“ဘနေမကောင်းတာကို ဝမ်းသာလို့ရီတာ မဟုတ်ပါဘူး၊ ဒီဆရာကြီး ရောဂါဖောက်လာရင် သူ့နှမဟာ သိပ်ပင်ပန်း တာဘဲ”

“ညနေအဖျားကျသွားရင်တော့ အရေးမကြီးဘူး၊ ကျွန် တော့ဆန္ဒကတော့ ဆေးရုံကြီးတင်ချင်တယ်၊ သူတို့သူဌေးတွေဘဲ ပရိုက်ဗိတ်အခန်းတင်ပေါ့” (ထိုစဉ်က ရန်ကုန်ဆေးရုံကြီးတွင် ပိုက်ဆံခန်းခေါ် Private room ရှိသေးသည်)

“ဝေးသေးမောင်ရင်ရေ၊ အသေသာခံမသာ အဲဒီဆေးရုံ ကြီးလဲ ဘက်မှာ မဟုတ်ဘူး သူ့နှမကတော့ တင်ချင်ရှာမှာ ပါဘဲ၊ မောင်ရင်က လူ့ပြည်မှာ ဘဝမကူးတဲ့ ဝဋ်ခံနေရတဲ့ အေးလေ ငရဲကြီးနေတယ် ဆိုကြပါစို့၊ အဲ..အဲ မောင်နှမ နှစ်ယောက်အကြောင်း သိမှမသိသေးဘဲကိုး တဖြေးဖြေးတော့ [illegible] အများကြီး...သိလာမှာပါ၊ နွားနို့ ကိစ္စကတော့ ရောဂါဖောက်လာရင် သူ့အဝတ်အသုံးအဆောင်တွေကို နွားနို့နဲ့ ဆေးရတော့တာဘဲ... ပြီးမှ ရေကောင်းနဲ့ ထပ်ဆေးတယ်၊ သူ



ပက်လက်လန်လဲပြီး ခုလိုမထနိုင်အောင် ဖြစ်နေချိန်မှာလဲ အဒီ ဆရာမဘက်တီနဲ့ သူ့နှမ ဒေါ်မြကြည်သင်းကလွဲလို့ ဘယ်သူမှ မပြုစုရဘူး...ဟိုတနေ့က ကိုနန္ဒ ပြောပြမှ ဆရာမ ဘက်တီခြေ ထောက် အရိုးအက်သွားတာ ကျုပ်လဲ သိရတော့၊ ပထမဖျားစမှာ ဘက်တီက သူ့ကိုတွဲပြီး အောက်ထပ်ခန်းကို အဆင်း လှေခါး ထစ်မှာ ခြေချော်လဲကျသွားလို့”

“ဖြစ်ရထယ်ဗျာ၊ ခု ဒီလူနာကြီးကို ပြုစုရမဲ့ ဆရာမက လက် တွန်းလှည်းပေါ်ထိုင်ပြီး ပြုစုရမယ်ပေါ့လေ”

“ဟုတ်တယ် ကိုနန္ဒ၊ အမြော်တော့ ဆရာမဘက်တီ လဲကျ အသွား သူ့အိမ်က ကလေးမလေးက ဆရာကြီးကို ဝင်တိုင်တာမှာ ရှိလှချိရှဲဆိပြီး သူ့ကိုယ်သူတနေ့ရေသုံးခါချိုး အဝတ်တွေ နွားနို့ နဲ့ အရှောင်ကောင်းလိုက်တာ အအေးအေးစိတ်ပြီး အဖျားဝင်တာတဲ့ အသက်ကလဲ ခုနှစ်ဆယ်ကျော်ဘိ”

သက်ဖေက ဝင်ထောက်လိုက်၏။

“ကဲ...ကဲ တော်ပါတော့၊ သက်ဖေရေ ငါရေချိုးတော့မယ်၊ ပြီးရင် ထမင်းတခါထဲစားတော့မယ်၊ ဒေါက်တာအုံးမောင် လာ မှာ နှိုးပေတော့ ခဏအိပ်အုံးမယ်၊ တခါမှ ဒီလိုစိတ်မမောဘူး ဘူး...မောင်နှမ နှစ်ယောက် လုံး ဖြူဖြူ ချောချော တွေ့နေ၁၊ ဘာတိုက မင်းမျိုးတွေလား”

“ဟား...ဟား..ဟား..ဟား”

“ဦးကျီးမြိုင်ကလဲ ရှိမြန်တာနော်”

“ရှိပြဲရတယ် မောင်ရင်ရေ၊ နို့မို့ရင် သူတဲ့ရဲ့ စိတ်နာဆိုး အပြိုတို့ခြံဘက် ဆက်ကူးလာမှာစိုးလို့၊ မင်းမျိုးဆို တော်သေး

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ခုတော့ အာ မဟာဆိ မဟာသေး တစ်ကိုမှမပါတဲ့ ဆဆူကြီးပဲဟိုထဲ မဟာသာကီစိတ် ဝင်နေတယ်၊ အဲဒါကြောင့် ထစ်ခနဲဆို နွားနို့နဲ့ဆေးနေတာပေါ့”

“ဒါလောက် ဆေးနိုင်အောင် နွားနို့အလုံအလောက်ဘယ်က ရလဲ”

“ဟာ .. ဆရာကလဲ၊ ရေရောရတာပေါ့”

“အမလေး .. ဒုက္ခကြီးလိုက်တာဗျာ”

“သူတို့အကြောင်းတွေ နောင်တော့သိလာပါလိမ့်မယ်၊ စိတ်မောမခံနဲ့၊ စားစရာရှိစား နားစရာရှိ နားပေတော့”

ဦးကျိုးမြိုင်သည် ဟောဟော ဒိုင်းဒိုင်း ပြောကာ ထသွားတော့သည်။

သူသည် ရေချိုးထမင်းစားပြီး အိပ်ရာပေါ် ခေတ္တလဲနေ၏။ အိပ်ခန်း၏ပြတင်းမှကျော်ကာ သူ့မျက်လုံးသည် တဖက်ခြံကြီး ဆီသို့ ရောက်သွား၏။ နှစ်ထပ်တိုက်ကြီးသည် စိုစိုစွင့်မြင့်မြင့်ကြီး သစ်ပင်များအလယ်တွင် ထင်ထင်ရှားရှား ပေါ်လွင်နေ၏။ ထိုတိုက်ကြီးအတွင်း နံနက်ကမြင်ခဲ့ရသော မောင်နှမနှစ်ယောက်ရုပ်မှာ ယခုမှ သူ့မျက်လုံးထဲပေါ်လာ၏။ လူနာသည် မျက်တွင်း ဟောက်ပက်နှင့် မျက်နှာသွယ်သွယ်ဖြစ်၏။ မောင်နှမနှစ်ယောက်လုံး ဖြူဖြူဖွေးဖွေး အသားအရေများရှိကြ၏။ နှာ ... ပေါ်ပုံမှာ ရိုးရိုးမဟုတ်ဘဲ၊ နှာစီးအလယ်တွင် အနည်းငယ် မြင့်ခုံနေကြခြင်းမှာ မောင်နှမနှစ်ယောက်လုံး တူလှန်းလှ၏။ သူသည် စိတ်ဝေဒနာကို ကုသော ဆရာဝန်မဟုတ်၊ ဒေါက်တာအိုးမောင်



ကသာ စိတ်ဝေဒနာကု ဆရာဝန်ဖြစ်သည်။ လှပသော ခြံကြီး၏ အလယ်တွင် ဏှိမ့်ထယ်ဝ သော တိုက်ကြီး၏အတွင်းခန်းထဲတွင် စိတ်ဝေဒနာ သယ် လူနာကြီးကတစ်ယောက်၊ သူ့အား ပြုစုရသူ နှမကတစ်ယောက် ပေါင်းမှ နှစ်ယောက်၊ အဖိုးကြီးခံစားရသော ဝေဒနာကလည်း ယခုမှ ယုတ်တရက် ခံစားရသော ဝေဒနာ လည်း ဟုတ်မည်မထင်ပါချေ။

သူသည် အမှတ်မထင် ငယ်ငယ်ကသင်ခဲ့ရသော သိုးဆောင်း ကဗျာလေးတပုဒ်ကို သတိရနေမိ၏။ ကျယ်ဝန်းများပြား ရှုတ် ထွေးလှသော လူ့လောက၏ စား ဝတ် နေရေး ပါမက ဂုဏ်၊ အာဏာ၊ ငွေ နောက်ကို လိုက်ရလွန်း၍ သဘာဝ ... ကိုပင် မကြည့်တတ်သူတစ်ယောက်အကြောင်းဖြစ်သည်။

ဂုဏ်၊ အာဏာ၊ ငွေ ဟူသည်မှာ ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ကြ၏။ နံနက်ကတွေ့ခဲ့သော အဖိုးကြီး မောင်နှမတွင် ထိုရုပ်ဝတ္ထုများ အလျှံပယ် ပြည့်စုံနေ ရသည်။ သူ့လက်ထဲကိုပင် အနာရှိပြည့်အောင် မကုသရဘဲ ငွေတရာကို ရက်ရက်ရောရော အလှူပ်တကူပေးနိုင်အောင် ချမ်းသာပုံရသည်။ သို့သော် ပန်းပွင့်လေးများ နိုးကြွားလာကြပုံ၊ ငှက်ငယ်လေးများ တေးသီကြပုံ၊ သစ်ရွက်များ၏ လက်ခတ်သံနှင့် လေနုတ်သား၏ သေသံ ကို သူတို့သည် အာရုံခံစားနိုင်အောင် စိတ်ခါတ်ချမ်းငြိမ်း ကြရပုံ မပေါ်ပေ။

... ... သူ၏ အိမ်မင်းသော အချိန်သည် ... မြ ... ... သာယာပါစေ၊ ချမ်းငြိမ်းပါစေ၊ သဘာဝမိခင်၏ လှပ သော ... ဝင်ခွင်အငွေ့ကို သိရှိခံစားနိုင်သော အာရုံများ ... ချိန်

www.burmeseclassic.com



မတိုင်မီ မပျက်ပျယ်ပါရစေနှင့်၊ မင်းရွှေဇံသည် သူ့ကိုယ်သူ ဆုတောင်းမိ၏။

"ဟော့လူ...ဟော့လူ... ထတော့လေ" ဒေါက်တာအုံးမောင် အသံကြားမှ သူသည် စဉ်းစားရင်းအိပ်ပျော်သွားသည်ကို သတိပြုမိသည်။

"ဦးကျီးမြိုင် အပြောတော့၊ ခင်ဗျားမနက်က ပင်ဘိုင်စံမောင်နှမရဲ့ခြံထဲ ရောက်သွားတယ်ဆို"

ဒေါက်တာအုံးမောင်သည် ကောက်ခါငင်ခါ မေးလိုက်၏။ သူသည် အိပ်ရာပေါ်မှပင် ပြုံး၍ ခေါင်းငြိမ့်ပြလိုက်၏။

"တကယ်တော့၊ ကျွန်တော် ဒီအိမ်ငှားနေဖို့ မကောင်းဘူး၊ စိတ်ထဲ ဝေခွဲနေသယ်ကဖို့ ခင်ဗျား နေဖို့ ကောင်း တယ် ကိုအုံးမောင်"

"မလိုပါဘူးဗျာ၊ ဝင်းမွန်ကြီး တယောက်လုံး ရှိပါတယ်၊ ဝင်းမွန်တောင်မှ သူတို့အမျိုးထဲကဖြစ်လာတဲ့ဆရာဝန်မို့လို့ အကုခံတာ၊ ဝင်းမွန်သာ စာရေး တတ် တဲ့ ဆရာဝန်ဆို ဝတ္ထုတွေ အများကြီးရမှာ၊ အဲဒီအိမ်ကြီးထဲမှာလေ ဝတ္ထုတွေ တပုံကြီးဘဲ၊ ဦးကျီးမြိုင်ဆီက ခင်ဗျား ဒီအိမ်ကြီးအကြောင်း တဖြေးဖြေးသိလာရပါလိမ့်မယ်"

ဒေါက်တာအုံးမောင်သည် ဆေးတန်ကြီးကို ခဲကာ ကြိမ်ကုလားထိုင်ပေါ်မှ ပြောလိုက်၏။

"ခုမှဘဲ၊ ကျွန်တော် အခု ငှားတဲ့ အိမ်ငှားစက ခင်ဗျား ပြောတဲ့ ကျွန်တော် ငှားပေးတဲ့အိမ်က ကျက်သရေရှိပါတယ်



ဆိုတဲ့ စကား ကျွန်တော်ပြန်တွေးမိတယ်၊ မင်္ဂလာကျက်သရေဆိုတာ သစ်သားရယ်၊ အုတ်ရယ်ဆိုတဲ့ ဝတ္ထုပစ္စည်းတွေအပေါ်မှာ တည်မယ်မထင်ပါဘူးဗျာ၊ နေတဲ့သူ အိမ်ထောင်ဦးစီးသူရဲ့ စိတ်ဓာတ်အခြေခံ၊ အကျင့်စာရိတ္တတွေအပေါ်မှာ တည်မယ်ထင်ပါရဲ့နော်၊ ကျွန်တော်လေ ခင်ဗျားကို ကျေးဇူးတင်မိတယ်၊ ဒီအိမ်ကြီး ဘယ်လိုအိုတယ်ဆိုပေမင့်၊ ခုနရတဲ့ စိတ်ချမ်းမြေ့မှုမျိုး ကျက်သရေရှိသလိုဘဲ..."

သူသည် ခတ်ဖြေးဖြေး စိတ်ဝင်စားစွာပြောလိုက်၏။

"အေးလေ....ခုလို ဒီအိမ်ရှင်မကို ခင်ဗျား တွေ့ရတော့မယ်၊ ဒီတော့လဲ မင်္ဂလာကျက်သရေ အကြောင်း ခင်ဗျား ပိုပြီး သိမှာပေါ့"

"ဦးကျီးမြိုင်ကတော့၊ ဒီအိမ်ရှင်မကို သူဌေးမဆိုဘဲ"

"ဟုတ်ဘယ်လေ၊ သူက သူဌေးမကြီးလို့ ရှိရှိသေသေ အမြဲခေါ်တယ်၊ ဒါပေမင့် ဒေါ်ခင်မေဆက်ဟာ ဦးကျီးမြိုင်ထက် အများကြီးငယ်ပုံရတယ်"

"ကျွန်တော် အကဲခတ်မိသ၍ အဲဒီဦးကျီးမြိုင်ဆိုတဲ့ လူကြီးဟာလဲ သာမာန်ကြေးစား မာလီတယောက် ပြောပုံ ဆိုပုံမျိုး မဟုတ်ဘူးနော်"

"လူယုံတော်ကြီး သဘောမျိုးဘဲ၊ ဆွေရိပ်မျိုးရိပ် ကင်းဟန်မတူဘူး၊ သူက ဒေါ်ခင်မေဆက်တို့ မိသားစုကို စောင့်ရှောက်နေခဲ့ရတယ်၊ ခုတော့ ဒီအိမ်ကြီးကိုစောင့်ရှောက်ဖို့ ဦးကျီးမြိုင်

www.burmeseclassic.com

www.burmeseclassic.com



နေရစ်ခဲ့ပေမင့် ဒေါ်ခင်မေဆက်ရဲ့ အိမ်သစ်ကိုလဲ သူတာဝန် ယူနေရသာပေါ့။ ကဲ သွားကြအုံးစို့ သူဌေးမကြီးနဲ့ တွေ့ရ တော့မှာ”

သူသည် အဝတ်အစားလဲကာ ဒေါ်ခင်မေဆက်နှင့် တွေ့ရန် ဒေါက်တာအုံးမောင်နှင့်အတူ ထွက်လာကြသည်။ ဦးကျီးမြိုင် ကိုတော့ ဒေါ်ခင်မေဆက် အိမ်ကပြန်မှ တဘက်ခြံသို့ ကူးခဲ့မည့် အကြောင်း သူမှာ ရစ်ခဲ့သည်။



## သူဌေးမကြီး

သူဌေးမကြီး၏ ခြံမှာ ယာနာ မာဘောင်နှင့် မျက်စောင်းထိုး လောက်ဖြစ်၏။ ပြည်လမ်းမကြီးပေါ်တွင် မဟုတ်သော်လည်း မြေနီလမ်းလေးမှ နှစ်ခြံသာ ကျော်လိုက်ရသည် ခြံဝန်းထဲသို့ ရောက်သွား၏။ ကားပြေးသံများကို မကြားရ၊ လမ်းမကြီးနှင့် လည်း မနီးမဝေး ကမာရွတ် လှည်းတန်းဈေးနှင့်လည်း မဝေး လှပေ။ ကိုယ်ပိုင်ကားမရှိတောင် မီးဖိုချောင်အတွက် ဈေးသွား ဈေးလာ အဆင်ပြေသော နေရာလေး ဖြစ်၏။ မြေကြီးကလည်း မြေနိုင်လက်နိုင် တဧကလောက်ပင်ရှိမည်။ တထပ်တိုက် ဆိုသော် လည်း ကျယ်ကျယ်ပွဲပွဲ နေသာထိုင်သာ သိတ်သိတ်သဲသဲဖြစ်၏။ သူဌေးရမ်းနေထိုင်သော အိမ်ကြီးလို ကျယ်ကျယ်မြင့်မြင့်ကြီး မဟုတ်လှပေ။ သူတို့၏ကား အိမ်ရှေ့တွင်ရပ်လိုက်လျှင် ကုလား တယောက်လာ၍ ကားတံခါးကို ဖွင့်ပေးသည်။

“မမကြီးကိုလာတွေ့တာလား၊ ဆရာဝန်ကြီးရောနေကောင်းရဲ့၊ ကျွန်တော် သံတံခါးဖွင့်ပေးဖို့ သွားပြောလိုက်အုံးမယ် ခဏစောင့် ပါ” ဒေါက်တာအုံးမောင် မျက်နှာကိုပြုံး၍ကြည့်ကာ ကုလားက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး"

ဒေါက်တာ မင်းရွှေဇံသည် ကုလားကိုကြည့်ရင်း အံ့အားသင့်သွား၏။

"ဗျို…ကိုအုံးမောင်၊ ကုလားကလဲ မျက်နှာတွေ့ရလို့သာ ကုလားသာဆိုရတယ် ဗမာသံ ပီလိုက်တာနော်"

"ပြီဆိုဗျာ၊ ဒီကုလားကဒီအိမ်မှာ မာလီလဲလုပ်တယ်၊ ဒရဝမ်လဲလုပ်တယ်၊ သူက သားဒီဗန်းဆိုပါတော့ သူ့အဖေ ဒီဗန်းက ဦးကျိုးမြိုင်နဲ့အတူ သရက်ချောင်းမှာ ဒေါ်ခင်မေဆက် အဖေရဲ့ လယ်မြေတွေကို ခေါမဦးချ လုပ်လာခဲ့တာလို့ ဦးကျိုးမြိုင်က ပြောပြအားတယ်"

"ဒီအိမ်ကြီးကလဲ လူဘယ်နှယောက်မှာ နောက်ခံ ဇာကြောင်း အခုစီနဲ့ပါလား၊ ခင်ဗျား ဒေါ်ခင်မေဆက်ရဲ့ လက်ထွဲဆရာဝန် လုပ်လာတာ ကြာပြီလား"

"ငါးနှစ်လောက်ဘဲ ရှိအုံးမယ် အန်ကယ်၊ ဦးမင်းချိန် ဆက်ပေးလို့ အစက သူတို့မိသားစုကို စောင့်ရှောက် ကုသပေးနေတာ ဦးမင်းချိန်ကို…ခု"

"အော်…ဆရာဝန်ကြီးတို့ဘာလား"

ကြည်လင်ပြတ်သားသော မိန်းကလေးတယောက်၏ အသံပေါ်လာ၍ သူတို့စကားစ ပြတ်သွား၏။ မိန်းကလေးသည် သံဆွဲတံခါးကိုဖွင့်ပေးလိုက်သည်။

"အကြာကြီးများ စောင့်နေရလား၊ အားနာလိုက်တာ အထေးမီးဖိုချောင်ဝင်နေလို့ပါ ဧည့်ခန်းထဲမှာ ထိုင်ပါအုံးနော်၊ အန်တီမေကို အထွေး သွားပြောလိုက်ပါအုံးမယ်"



မိန်းကလေးညွှန်ပြသော ဧည့်ခန်းတွင်းသို့ ဝင်ထိုင်လိုက်ကြ၏။

"မင်းရွှေဇံ၊ အဲဒီမိန်းကလေးက ဒေါ်ခင်မေဆက်ရဲ့ စက္ကရီ ဆိုပါတော့ဗျာ၊ အမှန်တော့ သူနာပြုဆရာမလေး၊ သူနာမယ်က ရှင်မင်းထွေးတဲ့၊ ခုတော့ အဖွားကြီးနဲ့ အတူဘဲ နေတော့တယ်၊ ချောတယ်ဗျနော်"

မင်းရွှေဇံသည် ခေါင်းငြိမ့်ပြလိုက်ရင်း သူ့မျက်လုံးများကမူ သူ့ရှေ့တည့်တည့် နံရံတွင် ချိတ်ဆွဲထားသော အမျိုးသမီး နှစ်ယောက်၏ ဓာတ်ပုံဆီသို့ရောက်သွား၏၊ အမျိုးသမီးနှစ်ယောက်သည် စစ်ခေတ်မတိုင်မီက မြန်မာအမျိုးသမီးတို့ ထုံးနေကျ ပုံစံ ဘီးဆံထုံးနှင့်ဖြစ်၏။ နှစ်ယောက်စလုံး၏ ပြုံးနေသော မျက်နှာမှာ ဤအခန်း၏ ကျက်သရေလိုဖြစ်နေ၏။ ညိုမှောင်သော မျက်ဝန်း နက်ပုံမှာ ဆင်တူနေကြ၍ ညီအမ ဖြစ်ဟန်တူသည်။

"နေကောင်းပါရဲ့လား၊ ဒေါက်တာအုံးမောင်ရဲ့"

အေးမြသော အသံတသံ ပေါ်လာကာ အမျိုးသမီးကြီး တယောက် ဧည့်ခန်းတွင်းသို့ ဝင်လာ၍ သူသည် ဒေါက်တာ အုံးမောင်နှင့်အတူ မတ်တတ်ရပ် နှုတ်ဆက်လိုက်ကြ၏။

"ထိုင်ပါ ထိုင်ပါ"

"အန်တီမေ နေကောင်းရဲ့လား၊ သူက ကျွန်တော့ သူငယ်ချင်း ဒေါက်တာမင်းရွှေဇံပါ၊ မင်းရွှေဇံ ဒီက အန်တီက ဒေါ်ခင်မေ ဆက်ပါ။ ကျွန်တော်ခွင့်ရက်ရှည်ယူပြီး ခရီးထွက်ချိန်မှာ အန်တီမေ ကျန်းမာရေးကို သူတာဝန်ယူပါလိမ့်မယ်၊ အန်တီ့ဆို အိမ်ကြီးကိုလဲ သူနေရတာ ပျော်ပါတယ်တဲ့"

"အော်…ကျေးဇူးတင်ပါတယ်၊ ဒေါက်တာမင်းရွှေဇံ၊ စိတ် လွှပ်ရှားစရာတွေနဲ့ အလုပ် ကိစ္စလေးတွေများလို့ အိပ်ရာပေါ်

www.burmeseclassic.com

www.burmeseclassic.com



နားနေရတာ နှစ်ပတ်နီးနီးဘဲ၊ ခုတော့ အန်တီ နေကောင်းပါတယ်၊ ဒါကြောင့် အိမ်ကြီးကို ငှားတဲ့ကိစ္စကအစ လူကဲခတ်ဖို့ရော ဝတ်လုံ ဦးမင်းဟန်နဲ့ ဦးကျီးမြိုင်တို့ကို တာဝန်လွှဲလိုက်တာ၊ ဒေါက်တာ အုံးမောင် သူငယ်ချင်းဆိုတော့ အန်တီမေက လူကို စိတ်ချလက်ချပါဘဲ”

မင်းရွှေဇံ မျက်နှာကိုစေ့စေ့ကြည့်၍ပြောစဉ်တွင် နေမကောင်းသူ၏ ရုပ်သွင်မပေါ် မျက်လုံးများမှာ တဖိတ်ဖိတ် တောက်ပနေ၏။

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်လဲ ဒီအိမ်ကြီးကို ရောက်ကတဲက ပျော်ပါတယ်၊ ကျွန်တော့်ကျ တစ်ယောက်ထဲသမားဆိုတော့ အိမ်ကြီးက ကျယ်လွန်းတောင်နေပါတယ်၊ စိတ်ချပါ အန်တီမေတို့ ကြိုက်သလို အိမ်ကြီးကိုလဲ ကျွန်တော် စောင့်ရှောက်နေပါ့မယ်”

ရှင်မင်းထွေးဆိုသူ အမျိုးသမီးသည် အစိမ်းနုရောင် ဖန်ပန်းကန်တွင် ရေခဲနှင့် သစ်သီးစုံ အချော်များ ထည့်၍ ယူလာ၏။ ဧည့်ခန်း အလယ်စားပွဲတွင် ချကာ သူတို့နှစ်ဦးအား တမှက်စီ လက်ကမ်း၍ ပေးလိုက်၏။

“အိမ်ကြီးမှာ ယူစရာ ငင်စရာ ပစ္စည်းတွေရှိရင် ဟောဒီ မိန်းကလေး ရှင်မင်းထွေးကို လွှတ်လိုက်မယ်နော် ခင့်ပြုပါ၊ အိမ်ရှင်ဟာ အန်တီမေဆိုပေမင့် ဒေါက်တာမင်းရွှေဇံကို ငှားထားချိန်မှာ ဝင်ခွင့်ထွက်ခွင့် တောင်းထားရသေးတာပေါ့”

“ကိစ္စမရှိပါဘူး ခင်ဗျာ၊ အန်တီတို့က အိမ်ရှင်ဘဲ”

“အန်တီမေကလေ၊ ရောဂါကြောင့် စကားမပြောရဘူး ဆိုလေလေ စကားသိပ်ပြောချင်တာ၊ စကားပြောရင်လဲ မေး



ကြောကြီးတွေလေးလာပြီး လေမဆက်တော့ဘူး၊ ဒေါက်တာ အုံးမောင်သာမေးကြည့်တော့၊ ဟိုအိမ်ကြီးက အသိုင်းအဝိုင်းနဲ့ နေကြဖို့ကောင်းတယ်၊ အန်တီမေက တယောက်ထဲရှယ် ကြာခါ ကြာခါ အိပ်ခန်းထဲဝင်လာတဲ့သူတောင်၊ ရှင်မင်းထွေးက လိုလို ဘယ်သူ့ကိုမှ စကားမပြောချင်ဘူး၊ အသိုင်းအဝိုင်း အိမ်ရဲ့ အကျယ်အဝန်း ပရိဘောဂလိုက်ပြီး ထိန်းရ သိမ်းရ ထားရ သိရဖို့ အခြေအရုံဆိုတာ အင်မတန်လိုတာ၊ တာတွေကိုမှီပြီး ဖြစ်ရတဲ့ စိတ်သောက ပူပန်မှု ဆင်းရဲဟာလဲ လူကို ဝေဒနာတိုးစေတာဘဲ။ ခုတော့ အန်တီအားလုံးကို လျော့ချလိုက်တယ်လေ၊ ရောဂါ ဆိုက်သာ ခြေနိုင်လက်နိုင် ရှင်မင်းထွေးနဲ့ နှစ်ယောက်ထဲ ဒီအိမ်လေးမှာဘဲ နေတာပါ၊ အစစအရာရာ ကိစ္စကြီးငယ်ရှိရင် ဦးကျီးမြိုင်ကတဆင့် ဝတ်လုံဦးမင်းဟန်နဲ့ ဆက်သွယ်ပါ၊ အန်တီ မေတို့တမျိုးလုံး လူငယ်ပိုင်းက ဝတ်လုံဦးမင်းဟန်ကို ဘကြီးဟန် လို့ဘဲ ခေါ်တယ်၊ ဝတ်လုံတော်ရ ဦးမင်းဟန်ဟာ ဖေဖေတို့ မေမေတို့ မသေခင်ကတဲက အန်တီတို့ မိသားစုကို တာဝန်ယူ စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်ကြီးပါဘဲ၊ ကဲ....သစ်သီးစုံ သုံးဆောင်ပါအုံး”

ဒေါ်ခင်မေဆက်က စကားပြောနေစဉ် ရှင်မင်းထွေးသည်၊ အပါးတွင် ထိုင်ကာ ကြည်လင်ရှိုးသားသည့် မျက်နှာနှင့် ဧည့်သည်များ မျက်နှာကိုကြည့်လိုက်၊ သူ့ အန်တီမေ မျက်နှာကို ကြည့်လိုက်နှင့် သရက်ပြုန်နုနုလေးလို ဖြူဖြူထွေးထွေး ချစ်စရာကောင်းပင်ပေ၏။ သူသိုသည် နို့နှင့်ရော၍ ဖျော်ထားသော သစ်သီးစုံကို ငွေဇောင်ငွန်းများနှင့် ခပ်၍ သောက်ရင်း ဒေါ်ခင်မေဆက်၏ စကားများကို နားထောင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှန်းရှန်းတောက်ခဲ့တဲ့တချိန်ကိုထိမ်းထားတဲ့အနေနဲ့ အသိုင်းအဝိုင်း အခြေအရှိတွေ့တသီကြီးရှိမှ နေလို့ဖြစ်တဲ့ ဟိုအိမ်ကြီးမှာ ဆက်လက်နေဖို့ အန်တီကျိုးစားမယ်စိတ်ကူးတယ်၊ နေဖြစ်အောင် နေရင်တော့ ရပါတယ်လေ။ ဒါပေမင့် ဒါဟာ အဝိဇ္ဇာမပါဘဲ စဉ်းစားကြည့်ရင် ကြွားဝါခြင်းတမျိုးလားလို့ အန်တီ စဉ်းစားမိတယ်။ ဒါကြောင့် သက်တောင့်သက်တာ ကိုယ်နဲ့ အဆင်ပြေနိုင်မဲ့ အခြေအနေကို ဖန်တီးယူလိုက်တာပါဘဲ။ ပထမတော့လဲ သံရှိုးကအိမ်ပွဲစားတွေအပ်ပြီး နှစ်ရှည်စာချုပ်နဲ့ ငှားရင်တာလ နှစ်ထောင် ကောင်းကောင်း ရနိုင်ပါတယ်"

ဒေါ်ခင်မေဆက် ပြောသည်မှာ မှန်၏။ ထိုတချိန်က သံရုံး အများအပြားနှင့် ဆက်သွယ်ကာ အိမ်များကို နှစ်ရှည်စာချုပ်နှင့် ငှားလျှင် ဝင်ငွေ ကောင်းရမည်။ အိမ်ကိုလည်း နိုင်ငံခြားများ၊ အကြိုက် ပုံစံပြင်ဆင်ပြီး ဖြစ်သွားလေသည်။

"အန်တီမေလေ၊ ပထမတော့ အဲဒီလိုဘဲ လုပ်မယ် စိတ်ကူးမိတယ်၊ ကျိုးစားကြည့်သေးတယ်။ နောက်တော့ စဉ်စားမိတယ်လေ "ဆက်" မိသားစုရဲ့ မြေကိုနိုင်ငံခြားသား ထိုးအပ်သလိုများ နေသလားလို့ ကိုယ့်စိတ်ကိုယ် မသန့်ရှင်းတာနဲ့ ဒီအိမ်ကြီး ဖရိုဖရဲ မဖြစ်အောင် ပြင်ဆင်လို့ရမဲ့ ဝင်ငွေရရာ၊ ကိုယ့်အမျိုးသားထဲက လူကိုငှားလိုက်တာပါ။ လူတွေကလဲ သိစွာမှုကြလေတော့ တချို့ဟာ ကိုယ့်ဂုဏ်နဲ့ မလိုက်အောင်ဘဲ ကိုယ့်သိက္ခာ ကိုယ်မထိန်းကြဘူး ဒေါက်တာရယ်၊ အိမ်ကို အမိုင်စီးကြတာတွေ ပြောင်းခါနီး ရွှေ့ကာနီးကျရင် အကြပ်ကိုင်ကြတယ်။ နိုင်ငံခြားသားနဲ့ ကင်းအောင်နေပြီး ကိုယ့်အမျိုးသားချင်း အားကိုးပြန်တော့လဲ



လူသူတော်ကောင်းနဲ့ မတွေ့မှာစိုးရသေး၊ ပြီးတော့ ဒီအိမ်ကြီးကို မှီပြီး တခြားသောကတွေလဲ အန်တီမှာ ဖြစ်ဖြစ်နေမိတယ်။ အင်္ဂလိပ်လိုတော့ Hauntted ခေါ်မလား၊ ဒါကြောင့်ပါလေ၊ ခုတော့ ဒေါက်တာအုံးမောင် မိတ်ဆွေဆိုတော့ အန်တီမေ စိတ်အေးပါတယ်။ လိုအပ်တဲ့ ပြင်ဆင်စရာလေးတွေရှိရင် ဦးကျိုးမြိုင်ကို အကြောင်းကြားပါ။ ခုကော လောလောဆယ် ဘာလိုသေးလဲ"

"မလိုပါဘူး ခင်ဗျာ"

"ကဲ….ဒီလိုဆို အန်တီမေကို ခွင့်ပြုပါ၊ ရှင်မင်းထွေးနဲ့ စကားပြောနေရစ်ပေတော့"

"ဟုတ်ကဲ့၊ အန်တီမေ သက်တောင့်သက်တာ နားနေဖို့ကောင်းပါဘီ"

ဒေါက်တာအုံးမောင်က ဝင်ထောက်လိုက်၏။ ဒေါ်ခင်မေဆက်သည် ညွှတ်ခန်းမှ ဖြေးညှင်းစွာ ထသွား၏။

"အန်တီမေက ခုတလော စကားသွက်သွက် ပြောလာနိုင်ဘီ။ သူကျန်းမာတုန်းကဆို မိတ်ဆွေအိမ်ကိုသွားလာပြီး နေတတ်ပါတယ်။ တခါတလေလဲ သူ့ဆွေမျိုးတွေ၊ မိတ်ဆွေတွေကိုဖိတ်ခေါ်ကျွေးမွေးတတ်တယ်။ အနည်းဆုံး မုန့်ဟင်းခါးဖြစ်ဖြစ် ချက်ပြီး နှစ်ပတ်တခါလောက် သူ့ငယ်သူငယ်ချင်းတွေ သူ့မိသားစုရဲ့ မိတ်ဟောင်းတွေကို ကျွေးမွေးနေတတ်ပါတယ်။ ခုရောဂါကြီးကဘာကြောင့် ထိုးကျတာတယ်။ ဒေါက်တာအုံးမောင်လဲ အန်တီဆောက်၊ ကုလာတော့ အန်တီမေ စိတ်ကို အားတက်မိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ရှင်မင်းထွေးကလည်း ဒေါ်ခင်မေဆက် အမူအယာ ဟန်ပန် နီးနီး စကားပြောနိုင်သူတည်း။

"ဟုတ်ပါတယ် မင်းရွှေဇံ၊ ကျွန်တော်နဲ့ တွေ့ပြီး သူ့ရောဂါ အခြေအနေဟာ သိပ်ကောင်းလာတာဘဲ"

ဒေါက်တာအုံးမောင်သည် မင်းရွှေဇံဘက်လှည့်၍ ပြော လိုက်၏။

"အထွေးလဲ ဆရာ့ကို ဆက်ဆံသလို၊ မင်းရွှေဇံအပေါ်မှာ ဆက်ဆံနိုင်ပါတယ်၊ ဆရာ့ထက် ငယ်ပေမင့် ညီအကိုလိုပါဘဲ"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်၊ အထွေးမှာတော့ ဝေဒနာသည် တယောက်လိုအနေထက် ကြာကြာနေလာလေလေ အန်တီမေ ကို ဆွေမျိုးလို ခင်မင်တွယ်တာ လာလေလေ ပါဘဲ၊ ဒါကြောင့် သူနာပြု ဆရာမ မဟုတ်တော့ဘဲ သူ့ရဲ့ဝက္ကရီလို ဘာဖြစ်ဖြစ် ဆောင်ရွက်ပေးနေတာပါ"

ရှင်မင်းထွေးသည် သူ့အခြေအနေအား မင်းရွှေဇံကို ရှင်းပြ နေ၏။

"အော်... သူ့မှာ တနယောက်ထဲကိုး၊ သီးသန့်တယောက်ထဲ နေလွန်းတော့လဲ ရောဂါတခုလို ဖြစ်လာတာပါဘဲ"

"မဟုတ်ပါဘူးရှင် မဟုတ်ပါဘူး၊ အန်တီမေ ခဏခဏပြော ပြဘူးပါတယ် "ဆက်" မိသားစုဟာ အများနဲ့ သိုင်းသိုင်းဝိုင်းဝိုင်း အလွန်နေတတ်တာတဲ့၊ မာမီကလဲ ပြောပြပါတယ်။ အန်တီမေ အဖေဦးဆက် မြောင်းမြမှာ နေခဲ့တဲ့ တချိန်ကို မီတဲ့လူတွေ မေး ကြည့်ရင် "ဆက်" မိသားစုနေပုံဟာ အရပ်နဲ့ အင်မတန်ဝင်ဆန့်တဲ့



မိသားစုတဲ့၊ သီးခြား ကင်းကွာပြီး နေတတ်တဲ့ သူတွေ မဟုတ် ဘူးတဲ့"

"အော်... ရှင်မင်းထွေးက မြောင်းမြသူလား" မင်းရွှေဇံက မေးလိုက်၏။

"ဆိုပါတော့၊ ဒါပေမင့် အထွေးမြောင်းမြကို ငယ်ငယ်ကဘဲ ရောက်ဘူးလို့ မမှတ်မိဘူး၊ အထွေးရဲ့မာမီက သူနာပြုဆရာမကြီး ဒေါ်ခရစ္စတီနာပါ၊ သူ့အိမ် အစစ်ကမြောင်းမြက တောင်သူကုန်း မှာ၊ အထွေးက ရန်ကုန်မှာဘဲကျောင်းနေ စာမေးပွဲတွေဖြေပြီး သူနာပြုဆရာမ စာမေးပွဲအောင်တော့လဲ ရန်ကုန်မှာဘဲ အလုပ် လုပ်တာဘဲ၊ မာမီက မြောင်းမြမှာအနေများတယ်၊ အထွေးက တော့ အဒေါ်တွေနဲ့ ဒီမှာအနေများပါတယ်။ မာမီလာတဲ့အခါ တလနှစ်လလောက် အလုံအိမ်ကိုပြန်ပါတယ်"

"ကဲ... အထွေးရေ မှောင်လာပြီ၊ ကိုယ်တို့ပြန်အုံးမယ် ဘိတ် ဘက်ကို ဘာမှာအုံးမလဲ"

"မမှာတော့ပါဘူး... ကဆုန်လပြည့် နီးရင်တော့ အထွေး အိမ်ကြီးကို လာရအုံးမယ်၊ ဆရာမင်းရွှေဇံကို ခွင့်တောင်းထားရ အုံးမယ်"

"အခါမရွေးလာနိုင်ပါတယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ အုံး... အန်တီမေကိုလဲ နှုတ်ဆက်သွားတယ်လို့ပြောလိုက်ပါ"

သူတို့နှစ်ယောက်သည် ရှင်မင်းထွေးကိုနှုတ်ဆက်၍ ပြန်လာခဲ့ ကြ၏။ ကားပေါ်တွင်မူ မင်းရွှေဇံသည် စဉ်းစားရင်း လိုက်ပါ လာခဲ့၏။

"ဒီတနင်္ဂနွေဟာ ကျွန်တော့အတွက် ထူးခြားတဲ့တနင်္ဂနွေဘဲ"

www.burmeseclassic.com

www.burmeseclassic.com

ကားမှမောင်းသူ ဒေါက်တာ အုံးမောင် ဘေးတွင် ထိုင်ရင်း မင်းရွှေဇံသည် ပြောလိုက်၏။

"မနက်ပိုင်းကတော့ ဟိုရောဂါသယ်မောင်နှမကို တွေ့ရတယ်၊ ဆရာဝန်ဆိုတာကတော့ ဣဋ္ဌာရုံတို့ အနိဋ္ဌာရုံတို့ မရှိပါဘူးဗျာ၊ မနက်အစောကြီး မျက်လုံးပွင့်ပွင့်ခြင်း ဗျာပနန်နဲ့ တွေ့ချင်တွေ့ရတာ၊ မနက် ကတော့ စိတ် မချောက်ခြားပါဘူး ဆိုပေမင့် ကျွန်တော် စိတ်တော်တော်လှုပ်ရှားသွားတယ်။ ဟော ခုညနေ အမျိုးသမီးနှစ်ယောက်နဲ့ တွေ့ရတော့လဲ စိတ်ထဲမှာ ကြည်နူးစရာကြီးနော်၊ စိတ်လဲ စိတ်ဝင်စားစရာကောင်းတယ်"

"ဟဲ...ဟဲ" မင်းရွှေဇံစကားကို နားထောင်ရင်း၊ ဒေါက်တာ အုံးမောင်သည် ခပ်သော့သော့ ရယ်လိုက်၏။

"ခင်ဗျားရယ်ပုံက အဓိပ္ပာယ်များလိုက်တာ"

"များဆိုဗျာ. ကျွန်တော့ရင်ထဲ ဆိုလိုချက်တွေ များလို့ပါ"

"ဒါနဲ့နော် ဧည့်ခန်းနံရံမှာလေ ချိတ်ထားတဲ့ ဓာတ်ပုံထဲက တယောက်က ဒေါ်ခင်မေဆက် အပျိုတုန်းကပုံထင်တယ်၊ ရှေ့ဘက် နံရံက ပန်းချီကားချပ်ထဲက ပန်းနှစ်ပွင့်ကတော့ ဝေါက်တောက်ကြီး အဆက်အစပ်လဲမရှိဘူး"

"သူတို့ ညီအမ ငယ်ငယ်တုန်းက ရိုက်ထားတဲ့ ပုံလေ၊ တယောက်က သူ့အမကြီး....ပန်းချီကားချပ်တော့ ကျွန်တော်လဲ အနုပညာမျက်စိမရှိတော့ မသိဘူး"

"အေးလေ ဆံမြိတ်တိုလေးတွေကိုယ်စီနဲ့ ခုခေတ်တက္ကသိုလ် ကျောင်းသူတွေ မျက်လုံးမှာတော့ ညီအမနှစ်ယောက် ချောတာကလွဲရင် ပြင်ဆင်ဝတ်စားထားတာကို ရယ်စရာလို ထင်မှာဘဲ၊ မျက်နှာတွေကတော့ မြန်မာချော ချောတယ်၊ သိမ်မွေ့တယ်၊



သူတို့မျက်နှာဟန်ကိုက ရှေးမြန်မာ ဆန်တယ်ဗျာ၊ ရှင်မင်းထွေး လှပုံနဲ့တောင်မတူဘူး"

"ကိုယ့်လူ ရှင်မင်းထွေး အလှမှာတင် စိတ်ဝင်စားသွားပြီနဲ့တူတယ်...."

"တခုတော့ ကျွန်တော် စဉ်းစား နေ တယ်၊ သူ့အနားမှာ အမျိုးထိက မထားဘဲ ရှင်မင်းထွေးကို လခစား စက္ကရီအနေနဲ့ ထားပုံရယ်၊ မြန်မာအိမ်တခုမှာ ဧည့်သည်နဲ့ စကားပြောရင် အိမ်ရှင်ကဘယ်တော့မှအရင်မထဘူး၊ ခုတော့ ဒေါ်ခင်မေဆက်က ခွင့်တော့တောင်းပါရဲ့ ဒါပေမင့် အရင် ထသွားပုံလေးတွေက တော့ အနောက်တိုင်းယဉ်ကျေးမှု နဲနဲဆန်တယ်နော်"

"တာကတော့ ရောနေတာပေါ့လေ၊ ထိပ်တင်မမလေးတို့ ဘာတို့ဆိုတဲ့ မိသားစုမှာတောင် မဖုရားလေးကက်သရင်းတို့၊ ဥက္ကာမယ်ရိုဇလင်တို့ ရှိသေးတာတဲ့"

"သူ့အမကရော"

"သူ့အမက ခင်မျိုးဆက်တဲ့၊ စစ်မဖြစ်ခင် တက္ကသိုလ်လောကမှာ ကျောင်းသူတွေထဲက တယောက်တယောက်ဟာ အလှ၊ သို့မဟုတ် အဆို၊ ဒါမှမဟုတ် ဆိုရှယ် ဆိုပါတော့ဗျာ၊ နံမယ်ကြီးကြတာတွေရှိခဲ့တယ်တဲ့၊ ဒေါ်ခင်မေဆက်တို့ ညီအမကတော့ သူတို့ခေတ် တက္ကသိုလ်မှာ အလှဘုရင်မတွေပေါ့လေ"

"ဖြစ်နိုင်တယ်ဗျာ၊ ဒေါ်ခင်မေဆက်တောင် ခင်ဗျားတို့က သူဌေးမကြီး သူဌေးမကြီး ပြောပြောနေတော့၊ ကျွန်တော့ စိတ်ကူး မျက်လုံးထဲမှာ သူ့အရွယ်တွေ သူဌေးမကြီးလို ဝအောင်း မဲ့နေတာ၊ သေသေ ချာချာ မြင်ရ တော့ ၄၀-ကျော် ၅၀-ထဲ ရောက်ပြီဆိုတာတောင် သူ့အလှ မကုန်သေးဘူးနော်"

www.burmeseclassic.com

 www.burmeseclassic.com

"အဲ့ အမ ခင်မျိုးဆက်က ပိုပြီး ကိုယ်လုံးကိုယ်ပေါက် လှတယ်တဲ့၊ အန်ကယ်ဦးမင်းချိန် ကျွန်တော့ကိုပြောပြတယ်...."

"ဒေါ်ခင်မျိုးဆက်ကရော အခုဘယ်မှာလဲ"

"နိုင်ငံခြားမှာလို့ ပြောတယ် ... ဘယ်လိုဘဲ လှလှ ပေါ့ဗျာ၊ မိန်းမတွေဟာ ပန်းလို ပါဘဲ၊ သူတို့ ကျက်သရေကို ကြည့်ပြီး ကြည်နူးခံစားနိုင်တဲ့သူ ရှိရင်ကောင်းတာပေါ့၊ ခုတော့ ဒေါ်ခင်မေဆက်မှာ ဒီလိုဘဲ အပျိုကြီးဘဝနဲ့ နေတော့မယ် ထင်ပါရဲ့... ဟဲ...ဟဲ၊ ကျွန်တော့ ဟဲဟဲကို ဆက်ခံတယ်ဗျာ၊ ရှင်မင်တော်ရဲ့ အလှဟာလဲ ရေမြေလိုက်သွားပြီး ဒေါ်ခင်မေဆက်ကြီးလို ဖြစ်သွားရင်ဖြင့် နှမြောစရာကြီး"

"တာခင်ဗျား၊ ကျွန်တော့ကို ချိန်ချလိုက်တဲ့ စကားလုံးပါဗျာ၊ တဲ့တဲ့ပြောရင် ရိုပ်မိပါတယ်..."

"ဟဲ.. ဟဲ... ဟိုဒင်း လေဗျာ၊ မမျှပေသည် လှလေလျက်လည်း၊ တောကြီးလုံခင် အသွင်အမရာ တော်ထိုက်ဘွားမူ၊ ကြည်ဖြူသက်ပေး ကြင်သူဝေးတော့၊ ဝဋ်ကျွေးငယ်ဖန် ကျန်လေသည့်၊ ဆိုတဲ့ ဂန္ထလောကခေတ် ကဗျာတစ်ခုလိုပေါ့"

"အေးဗျာ၊ ဒေါ်ခင်မေဆက်လို မိန်းမတယောက်မှာ အချစ်မရှိခဲ့ဘူးဆိုရင်တော့၊ ကျွန်တော်မယုံနိုင်ဘူး ... ဟော... ဟော"

ဒေါက်တာ အုံးမောင်က စားကို၊ အိမ်ဝင်းထဲ ချိုးဝင်စဉ် မင်းရွှေဇံသည်၊ အလန့်တကြား အော်လိုက်၏။

"ဘာဖြစ်ကြတာပါလိမ့်"

အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် လုံခြုံမှုအတွက် ထွန်းဘားသော လျှပ်စစ်မီးများ ထိန်ထိန်လင်းနေ၏။ ဆိုင်ဝင်အောက်တွင်မူ ရဲအရာရှိနှစ်ယောက်၊ ရဲဘက်မှ ကားတစ်စီး၊ သက်ဖေတို့ လင်မယားး



ဦးကျိုးမြိုင်ပါ ရှုတ်ရှက်ခတ်နေ၏၊ ရဲသားနှစ်ယောက် လက်ထဲတွင်မူ အသက်နှစ်ဆယ်လောက်အရွယ် လူငယ်လေးတယောက်မှာ နင်းကန်အော်ဟစ်နေ၏။

"ခင်ဗျားဘို့ ကျုပ်ကို သတ်နိုင်တယ်၊ ဖမ်းချင်လဲ ဖမ်းကြ။ ခင်ဗျားထို မသတ်ခင် ဒီသူဌေးမဆိုတဲ့၊ ခင်မေဆက်ကို ကျုပ်လက်နဲ့သတ်ရမှ၊ (လူငယ်လေး သည် ရင့်သီးစွာ ဆဲလိုက်၏။) သူများပစ္စည်းတွေ မတရားယူထားတဲ့ သူရဲမ၊ တရွှေမကြီး၊ ဒွေးစုတ်မကြီး.... ခစ် ခစ် ခစ် ..."

အော်ရင်း ဟစ်ရင်းမှ လူငယ်လေးသည်၊ အမြုတ်တစီစီ ပါးစပ်မှ ထွက်လာအောင် မေ့လဲကျသွားတော့သည်။ ဆရာဝန်နှစ်ယောက်ကတော့ ဘေးမှ မြင်းကွင်းကို ခဏလျှစ်လျူရှုထားကာ အရင်ဆုံး လူငယ်လေးကိုသာ ပြေးကြည့်ကြ၏။ ညှို့ခန်းတွင်းသို့ မချိ သွားရင်း ပထမဆုံး သတိရအောင် လုပ်ကြ၏။ သို့သော် ချက်ခြင်းသတိမရပေ။ ဒေါက်တာအုံးမောင်သည် သူလိုချင်သော ဆေးတလုံးကို မင်းရွှေဇံထံမှ တောင်းယူကာ လူငယ်လေးအား ထိုးပေးလိုက်၏။

"ကဲ ... ရဲအရာရှိ၊ နောင်ကြီးကို ကျွန်တော် တောင်းပန်းပါတယ်၊ ခုကိစ္စ ဘာဖြစ်တာလဲလို့ ကျွန်တော် မသိဘူး ခင်ဗျ" ဒေါက်တာအုံးမောင်က ပြောလိုက်၏။

"ကျွန်တော်တို့လဲ မသိဘူး" ရဲအရာရှိက ပြောလိုက်ပြန်သည်။

"ကာယကံရှင် ကြံနိုပ်တယ်ဆိုရင်၊ ဒီသူငယ်လေးကို ကျွန်တော့ ဆေးရုံခေါ်သွားဖို့ ရဲအရာရှိများခွင့်ပြုပါ၊ ပြီးမှ ဥပဒေအရ ကိစ္စတွေဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ၊ သူငယ်လေး ကနေ့ဘယ်မဟုတ်ဘူး၊ (ဒေါက်တာအုံးမောင်သည်၊ အင်္ဂလိပ်လို

www.burmeseclassic.com

www.burmeseclassic.com


ညှပ်ပြောလိုက်၏) ဦးနှောက်ကျပ်ပြည့်ပုံမရဘူး၊ စိတ္တဇ ဆေးရုံ ခေါ်သွားပြီး လိုအပ်ရင် ဓာတ်နဲ့ နှိပ်ပြီးမှ ရဲဘက်ကို အပ်ပါရစေ”

“ဟုတ်ပါတယ်၊ ကာယကံရှင်ဆိုရင် ကျွန်တော်ပါဘဲ ကျွန်တော်အားလုံးသိပါတယ်၊ ကျွန်တော် ကြေနပ်ရင် ပြီးတယ်မို့လား။ ဒီကိစ္စ ကျွန်တော် အားလုံးသိပါတယ်၊ သူငယ်လေးက စိတ်မမှန်ပါဘူးခင်ဗျာ၊ ဂယောင်ချောက်ခြားဖြစ်နေတာ ကြာပါဘီ”

ဦးကျီးမြိုင်သည်၊ ဝင်၍ပြောလိုက်၏။

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့လဲ တယ်လီဖုံး ဆက်ခေါ်တာနဲ့ အပြေးအလွှား လာရတာ ဒီရောက်တော့ ဓာတ်ချောင်းနဲ့ ဒီလူလက်ထဲ ရုန်းကန်နေတဲ့ သူငယ်လေးကို မြင်ရတာပါဘဲ၊ ဓားကို သက်သေခံပစ္စည်းအဖြစ် သိမ်းသွားပါရစေ”

“ယူသွားနိုင်ပါတယ်၊ ကဲ သက်ဖေ ငါ့ကားပေါ် ဒီသူငယ်လေးတင်လိုက်၊ မင်းပါလိုက်ခဲ့”

“ကျွန်တော်လာလိုက်ခဲ့မယ်လေ”

မင်းရွှေဇံက ပြောလိုက်၏။

“မလိုပါဘူးဗျာ၊ ခင်ဗျားနားအုံး ဦးကျီးမြိုင်နဲ့ သက်ဖေ ပါရင်တော်ပြီ”

ရဲအရာရှိများပါ ကူညီ၍ သူငယ်လေးအား ကားပေါ်တင်ကာ ဒေါက်တာ အုံးမောင်သည် ကားကို မောင်း၍ ထွက်သွားတော့သည်။ ရဲအရာရှိများသည်လည်း မင်းရွှေဇံကို ယဉ်ကျေးစွာ နှုတ်ဆက်၍ ထွက်သွားကြ၏။

“မစိန်ခင် ဘယ်လိုဖြစ်ကြတာလဲ”

သက်ဖေ၏ မိန်းမ ထမင်းချက် မစိန်ခင်ကို မင်းရွှေဇံသည် မေးလိုက်၏။

“ဆရာကြီးပြန်လာရင် ထမင်းကျွေးဖို့ ကျမ စားပွဲခင်းနေတုန်း အိမ်နောက်ဖက်က ကိုသက်ဖေအသံကြားတာနဲ့ ကျမပြေးထွက်သွားတာ အပေါ်တက်တဲ့ နောက်ဖေးလှေခါးရင်းမှာ ကိုသက်ဖေနဲ့ ဒီသူငယ်လေး လုံးထွေးနေတာတွေ့တာဘဲ၊ ဦးကျီးမြိုင်က အပြင်ခဏ သွားနေတယ်၊ နောက်မှ ရောက်လာတယ်။ ကျမတော့ ဂါတ်ကို တယ်လီဖုံးဆက်လိုက်တယ်၊ ဦးကျီးမြိုင်က ဆရာကြီးသွားတဲ့အိမ်ကို မဆက်ရဘူးတဲ့....၊ သူငယ်လေးက ဝက်ရူးပြန်တာလားမသိ၊ စိတ်တော့ မနှံ့ဘူးလို့ ပြောတာ ဟုတ်မှာဘဲ။ ပါးစပ်ကလဲ... သူဌေးမကြီးဆိုတာကို ကြိမ်ဆဲလိုက်တာ၊ ဦးကျီးမြိုင်ကပြောတယ် ဂါတ်ကို ဖုံးဆက်တာ ဆက်မိပေစေတော့တဲ့၊ သူ့ရဲ့ သူဌေးမကြီးအိမ်ကိုတော့ မဆက်ရဘူးတဲ့၊ ဒီကိစ္စ သိလဲ မသိစေနဲ့တဲ့....”

“ဟင်း .. ကဲ...ကဲ... ထမင်းပွဲပြင်ထား၊ ကျွန်တော် ပြန်လာရင် စားမယ်၊ ကျွန်တော့ကားကို ကျွန်တော်ကိုယ်တိုင်ဘဲ မောင်းပြီး ဟိုဘက်အိမ်က လူနာကိုသွားကြည့်လိုက်အုံးမယ်”

သူတဖက်အိမ်ရောက်လျှင် ဒေါ်မကြည်သင်းက ဆီး၍ကြို၏။

“ကိုကိုရယ်၊ နှစ်နှစ်ချိုက်ချိုက်ဘဲ အိပ်ပျော်နေတယ်၊ ဒေါက်တာ ဝင်ကြည့်ပါ”

သူသည် လူနာရှိရာသို့ ဝင်ကြည့်၏။ အဘိုးကြီးသည် နှစ်ချိုက်စွာ အိပ်ပျော်နေ၏။ သူ့အပါးတွင်မူ လက်တွန်းလှည်း၌ ထိုင်နေသော သူနာပြု ဆရာမကြီးတယောက်ကို တွေ့ရ၏။ မနက်က သူတို့ပြောပြသော ဆရာမ အက်တီ ဖြစ်ဟန်တူသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြေးညှင်းစွာ လူနာခန်းမှ ထွက်လာကြ၏။ ဆရာမဘက်တီသည်လည်း နောက်က ကလေးမလေး၏ အကူအညီဖြင့် ဧည့်ခန်းတွင်းသို့ ရောက်လာသည်။

ဘက်တီသည် ခပ်ဝဝမျက်နှာပြည့်ပြည့်နှင့် အစဉ်ပြုံးနေပုံရ၏။ သူ့အား။ လက်တွန်းလှဲပေါ်မှပင် စကားပြောခွင့်ပြုဖို့ တောင်းပန်နေ၏။

"ကိစ္စမရှိပါဘူး၊ ဆရာမကြီး ပြောပါ"

"မနက်က သင်းသင်းပြောပြလို့ လူနာ့အခြေအနေ အားလုံး သိပြီးရောပေါ့ ဆရာ၊ ဘက်တီ တောင်းပန်ချင်တာက ဒေါက်တာဝင်းမှန် မပြန် မလာ မခြင်း ဆရာဘလိုအပ်တာကို သူခုလို အိပ်နေဆဲ လာကြည့်ပြီး ညွှန်ကြားပါ။ ဆေးထိုးဖို့တော့ ဘက်တီ တာဝန်ယူနိုင်ပါတယ်"

"ကောင်းပါတယ်လေ... ကျွန်တော်ကူညီနိုင်ပါတယ်၊ မနက်က အခြေအနေအရတော့ ဆေးရုံကြီးမှာဆို လူနာအတွက်ပိုအဆင်ပြေမလားလို့၊ ခုတော့ ကျွန်တော်ထင်တာထက် အခြေအနေ ကောင်းလာတယ်"

"ဆေးရုံကြီးတင်ဖို့တော့ မဖြစ်နိုင်လှန်းလို့ပါ နောက်ဖေးအိုးသိမ်းပေးတဲ့အဘယားတွေ၊ လူနာခန်းသန့်အောင်လုပ်တဲ့ ကုလားတွေ၊ လူနာတွေအတွက် အစားအစာ လိုက်ဝေတဲ့ ဘိုင်တွေမြင်တာနဲ့ကို အစာမစားဘဲ ရောဂါတိုးမယ်၊ အထူးသဖြင့် သူ ခဏခဏ လက်ဆေးချင်တဲ့ နွားနို့ပြဿနာက ပိုကြီးလာမှာ"

"ဒီနွားနို့နဲ့ လက်ဆေးတဲ့ကိစ္စက ဘယ်တုန်းက လောက်က စဖြစ်လာတာလဲ"



"နှစ်လုံးမသတီတဲ့ ရောဂါကတော့ ဖြစ်နေတာ ကြာပါပြီ၊ နွားနို့နဲ့ လက်စဆေးတာကတော့၊ ဟို ပန်းချီပြပွဲမှာ လဲကျသွားကတည်းက နော်.... မကြည်သင်း...ဟုတ်တယ်နော်..."

ဒေါက်တာဘက်တီသည် ဒေါ်မကြည်သင်းဘက်လှည့်ကာ မေးစဉ်တွင် မကြည်သင်းက မျက်လုံး ဟန်ပန်နှင့် တားမြစ် လိုက်ပုံ အရိပ်အခြေကို ဒေါက်တာ မင်းရွှေဇံမြင်လိုက်၏။ ဒေါ်ဘက်တီသည် စကားစကို ဖြတ်လိုက်၏။ သူသည် အမျိုးသမီး နှစ်ဦး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ ရှေ့သို့စကားမဆက်တော့ဘဲ၊ ပြန်ရန်နှုတ်ဆက်လိုက်တော့သည်။

"နေပါအုံး ဆရာဝန်ကြီးရယ်၊ ကော်ဖီသောက်သွားပါအုံး"

သူ့အမှုအယာစ်အတွက် ဒေါ်မကြည်သင်းသည် အားတုံ့အားနာ ဖြစ်နေဟန်ပေါ်သည်။ သို့သော် သူ့အား ကားအထိ လိုက်၍ ပို့လိုက်သည်။

ပန်းချီပြပွဲ....ဘာကြောင့်များ ပန်းချီပြပွဲတွင် လဲကျသွားပါလိမ့်...သူသည်စဉ်းစားရင်း ကားကို ညင်သာစွာမောင်း၍ အိမ်ကို ပြန်လာခဲ့သည်။

ပြဿနာများ များလှသော ထိုတနင်္ဂနွေ၏ ညကိုမူ သူတိုတို့နှင့် စာရင်းဖြတ်ခါ အိပ်ရာဝင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃

## သခင်လှဦး

တနင်းလာနေ့သည်၊ လူနာသစ်များကို လိုက်လံကြည့်ရှုရ၏။ ၁၃၊၁၄ အခန်းမှာ သူတာဝန်ယူရသော အခန်းဖြစ်သည်—

လူနာသစ်တယောက်ကို ကုတင်အမှတ်၅-တွင် သူတွေ့ရသည်။ လူနာ၏ ရောဂါ အဖြစ် အပျက်နှင့် အခြေ အနေ အ ရပ် ရပ် ကို ကုတင်ခြေရင်းတွင် ဆွဲချိတ်ထားသော ပုံစံဇယားအတွင်းမှ သူ အားလုံးသိရှိပြီး ဖြစ်လေသည်။ သူသည် ဆရာဝန် ကောင်းတို့၏ အရည်အချင်းများထဲမှ လိုအပ်သော အရည်အချင်းတခုကို သူပြု နေကျအတိုင်း ပြုလိုက်၏။

အားရပါးရပြုံးလိုက်ရင်း

"သခင်လှဦးနေကောင်းပါရဲ့လားခင်ဗျာ"ဟု နှုတ်ဆက်လိုက်သည်။ တချို့ဆရာဝန်ကြီးများသည် ရောဂါကုသပုံ အထူးတော်ပါ၏။ မျက်နှာထား တင်းလွန်းသောကြောင့်၊ လူနာများရော၊ လူနာရှင်များပါ ဆရာဝန်ကြီးနှင့် စကားပြောရမှာကို အလွန် ကြောက်ရွံ့၏။ စင်စစ်မှာမူ ရယ်မောပြုံးရွှင်သော ဆရာဝန်၏ မျက်နှာသည် ဆေးကုသခြင်းမပြုဘဲ ရောဂါ တဝက်လောက်ကို သက်သာစေပါသည်။ လူနာသည် မျက်လုံးကို အားယူ၍ဖွင့်ကာ



ခေါင်းငြိမ့်ပြလိုက်သော်လည်း ခွန်အား အလွန်နည်း၍ ဖြစ်လာ ရောဂါဒဏ်ကြောင့် အသက် ၅၄-နှစ်ဟူ၍ ရေးထားသော်လည်း မျိုး လူအိုကြီးတယောက်လို ပုံပျက်နေ၏။

အိပ်ရာပေါ်တွင် နှားနေ၍ ရက်ရှည်ကုသရမည့် ရောဂါဖြစ် သည်။ လူနာ၏ နှလုံးမှာ အလွန် အားနည်း၍ နေ လေ သည်။ အသားမှာ ဝါ၍ ဖြော့တော့နေရုံမက မျက်နှာက ပြည့်ပြည့် ဖေင်းမောင်းကြီးနှင့် မူလအသားအရေမဟုတ်ဘဲ ဖောသွတ်သွတ် ဖြစ်နေပုံရလေသည်။

တလခန့် သူ၏ လူနာအဖြစ် ကုသခံယူပြီးနောက် သခင်လှဦး ရောဂါ အခြေအနေမှာ အတော်သက်သာ၍ ကောင်း မွန် လာ သည်။ သူ့အား စိတ်ဆက်တောင့် သက်သာနှင့် အားလပ်ချိန် များတွင် စကားထိုင်၍ပြောနိုင်လာသည်။

သူသည် နေ့လည်တချိန်တွင် သူ၏တာဝန်အလှည့်မဟုတ်သော်လည်း မနက်ခင်းက တခြားလူနာတယောက်၏ အခြေအနေကို စိတ်မချ၍ နေ့ခင်းတခေါက်လာကြည့်ခြင်းဖြစ်၏။ သူလာကြည့် သော လူနာ၏ အခြေအနေမှာ သက်သာသည့်အဖြစ် မရောက် သေးသော်လည်း၊ အခြေအနေတန့်ရပ်နေသည်ဟု ဆိုရပေမည်။ ပိုမိုဆိုးဝါးလာခြင်းမဖြစ်သည်ကိုဘဲ ကံတရားကိုကျေးဇူးတင်မိ၏။ သူ့လူနာကိုကြည့်ပြီး သခင်လှဦးထံသို့ လှည့်ဝင်ခဲ့၏။ သခင်လှဦး သည် မျက်နှာကြည်ကြည်လင်လင်နှင့် ကုတင်ပေါ် ထိုင်ရက်နေ ၏။ ရောဂါကျသွား၍ ယခင်လို ဖောသွတ်သွတ်မဟုတ်ဘဲ မူလ မျက်နှာပေါ်၍လာသည်။

"ထိုင်ပါအုံး၊ ဒေါက်တာ မင်းရွှေ"

www.burmeseclassic.com

www.burmeseclassic.com



ခဲလ သခင်လှဦးမျက်နှာ သိတ်လန်းဆန်းဒါဘဲ ဖော
ကျသွားတော့ သခင်လှဦးက လူချော်တာခင်ဗျ”

ဟဲ..ဟဲ ဒေါက်တာ ဘာစားမလဲ၊ စိတ်ပါဘဲလေ ခါတိုင်း နှလည်နားဖို့ အိပ်နေလဲ အိပ်ရာကနိုးချိန်မှာ ငြိမ်ငြိမ်သက်သက် နေပါရက်နဲ့ မောဟိုက်ဟိုက် နုံးချိချိကြီး ကိုယ့်ဖာသာကိုယ်တော့ သိတယ်လေ၊ ခုတလောတော့ ရင်ထဲမှာကို ပေါ့ပေါ့ပါးပါး အသက်ရှူလို့လဲ သိတ်ကောင်းတာဘဲ”

သခင်လှဦးသည် ကုတင်ဘေးတွင် ထိုင်လိုက်သော သူ့အား ပြောပြနေ၏။

“အေးဗျာ နှလုံးရောဂါသမားဆိုတာ ကိုယ်တိုင်က ကိုယ့်ရောဂါကို စိတ်ရှည်ရ၊ သည်းခံရတာဘဲ။ နောက်ပိုင်းလဲ သတိထားပေါ့လေ။ ကျွန်တော်အကြံပေးချင်တာကတော့ ခင်ဗျားဆေးရုံကဆင်းရင် တနေရာရာမှာ စိတ်လွတ် လက်လွတ် ခေါင်းအေးအေး ရှင်းရှင်းထားပြီး အနားယူတာကောင်းတယ်။ ကျွန်တော် အမြဲတစေ လုပ်ချင်နေတာ တခုရှိတယ်ဗျာ၊ နှလုံး လူနာတွေအတွက် အနားယူစခန်းတခု၊ လူတွေက ယူဆချက်က တမျိုးဘဲ အနားယူတာဟာ သူဌေးတွေအလုပ် ဇိမ်ခံတာနဲ့ တမျိုး ပက်ခံနေကြတယ်။ သုခ ဒုက္ခဆိုတာ ဆင်းရဲတဲ့သူမှ တွေ့ရမယ်၊ ချမ်းသာတဲ့သူ မတွေ့ရဘူးလို့မရှိဘဲ၊ သတ္တဝါဆိုတာ ခန္ဓာကိုယ်ရှိသမျှ ဝေဒနာဆိုတာလဲ အနည်းနဲ့အများရှိမှာဘဲ၊ စိတ်ဆိုတာရှိသမျှလဲ ပူပန်စိုးရိမ်စရာ တွေးစရာတောစရာ ရှိမှာဘဲ”

သခင်လှဦးသည် ပြုံး၍ ခေါင်းငြိမ့်ပြ၏။

“အထူးသဖြင့် ခင်ဗျားတို့လို နိုင်ငံရေးသမားတွေဟာ အပြင်ပတ်ဝန်းကျင် အခြေအနေနဲ့ ကိုယ့်ယုံကြည်ချက် ခံယူချက်နဲ့



ကွင်မကျသ၍ စိတ်မောမောပြီး ကြာတော့ နှလုံးရောဂါဖြစ်လာတာဘဲ၊ နှလုံးအခန်းတွေ ပျက်လို့ဖြစ်တဲ့ နှလုံးရောဂါမျိုး သွေးပို့သွေးကြောတွေ ကျဉ်းလို့ အဆီပိတ်လို့ ဖြစ်တဲ့ နှလုံးရောဂါတွေ မဟုတ်ဘူး၊ ဒါပေမင့် လွယ်လွယ်လေးနဲ့ အကုရခက်တယ်လေ”

“ဟုတ်ပါလေဗျာ”

“တချို့မိန်းမတွေလဲ ဆင်းရဲတဲ့အိမ်ရှင်မမှာလဲ သူ့အလျောက်သူဘဲ၊ ချမ်းသာတဲ့ အိမ်ရှင်မမှာလဲ စမ်းစာအတွက် မပူရပေမင့် လင့်ပြုသာနှာ သားသမီးအပူ ယောက္ခမနဲ့ မသင့်မတင့် ကိစ္စတွေ စုပေါင်းပြီး ရောဂါရယ်လို့ မဟုတ်ဘူး တဖြေးဖြေး ယိုင်လာတာဘဲ၊ ကျွန်တော့ လူနာတွေတော့ တချို့အမျိုးသမီးတွေကို ဘာဆေးမှမကုဘဲ၊ သူတို့လင်တွေကို တဖက်ခေါ်ပြောပြီး အိမ်ဆိုတဲ့ အနှောင်အဖွဲ့ကြီးက ခဏ ကင်းလွတ်ထားပြီး နားခိုင်းလိုက်တာဘဲ”

“မှန်ပါတယ်၊ မှန်ပါတယ်”

“ချမ်းသာတဲ့လူကတော့ ဘာအရေးလဲ တခြားတမြို့တရွာသွားလဲ၊ ပုဂ္ဂလိကပိုက်ဆံခန်းမှာ လလောက် နားလိုက်ရင် အတော့ကို သက်သာတာ၊ အများအခန်းမှာ တခြားလူနာနဲ့ အတူ ရောနေရတဲ့ နလန်ထတွေကျတော့ အနားယူရမဲ့ သူတဲ သယ်လောက်ဘဲ ဆေးရုံက အပူအစုံ ကောင်းတယ်ထားအုံး အသက် ကိုယ်ကအိပ်ချင်နေတဲ့အချိန် ဘေးကလူနာက ထအော်တာ ကြည့်မလား၊ သေနေတဲ့ လူနာ၊ သေသွားတဲ့ လူနာတွေ ကြည့်မလား၊ အဲဒီလို အနေခွာရုံ ပတ်ဝန်းကျင်မြင်ပြီး မရှိတဲ့

www.burmeseclassic.com



ရောဂါတွေတောင် ဝင်လာတတ်တယ်။ ကျွန်တော်သာ တတ်နိုင်ရင်လေ နလံထ လူနာစခန်းဆိုပြီး အာရောဂျလို ရွာလေးတစ်ရွာ ထောင်ထားချင်တယ်ဗျာ။ အလကားတော့ မဟုတ်ဘူး၊ ဝင်ငွေအပေါ် တည်ပြီး နှုန်းသတ်မှတ်ထားပေါ့၊ အိမ်လေးတွေကလဲ ခပ်ဝေးဝေးဆိုတော့ ကိုယ်ကြိုက်တဲ့ ပုံစံနဲ့ ကိုယ်နားပေါ့လေ"

"အခမဲ့ဆိုရင် ပိုမကောင်းဘူးလား"

"ပရိသတ်က အခမဲ့ဆိုရင် ဘာမှ လေးစားတာ မဟုတ်ဘူးခင်ဗျ၊ ပြီးတော့လဲ အစစ အစိုးရကလုံးဝတာဝန်ယူနိုင်တဲ့ အချိန်မဟုတ်သေးခင်မှာ လူမှုဝန်ထမ်းဌာနအနေနဲ့ တခြားမှ မတတ်နိုင်တဲ့လူနာအပေါ်မှာတော့ ကူညီနိုင်သလောက်ကူညီ ကျန်တာကတော့ အခကြေးငွေနဲ့ ကိုယ်ယူပြီး အနားယူစခန်းတွေမှာ နေခွင့်ပြုသင့်တယ်၊ ရောဂါအလျောက်ပေါ့၊ တချို့ရောဂါက တောင်ကုန်းမြင့် တောင်ပေါ်စခန်းတွေနဲ့ သင့်တယ်၊ တချို့က ပင်လယ်ကမ်းခြေနဲ့ သင့်တယ်၊ သင့်သလိုပေါ့ဗျာ၊ ဝင်ငွေအပေါ် မူတည်လုပ်တော့ စာရေးကြီးရော မုန့်ပျားသလက်သည်ရော နားနိုင်တာပေါ့"

သခင်လှဦးက ဟက်ဟက်ပက်ပက် ရယ်၏ ဘာကိုသဘောကျသည် မသိပေ။

"ခင်ဗျားဘိုလို နိုင်ငံရေးသမား မဟုတ်တော့ ကျွန်တော့စကားလုံးက ရယ်စရာ ဖြစ်နေလို့ လား"

"မဟုတ်ပါဘူး၊ ကျွန်တော်လဲ ရောဂါ သိပ်သဲနေတုန်းက ဒီလိုဘဲ တွေးမိတယ်၊ ခုလဲ တွေးမိတယ်၊ တကယ်နားလို့မှ နားစရာဆိုတာ ပျောက်ရှားတယ်နော်"



"လူတန်းစားဆိုတာကိုတော့ ခွဲခြမ်း စိတ်ဖြာပြီး ကျွန်တော် မပြောချင်ဘူး၊ ဒါပေမင့် အလွှာအသီးသီးမှာ ကျွန်တော် သနားတဲ့ လူတန်းစား တစ်ရပ် ရှိတယ်ဗျာ"

ဒေါက်တာ မင်းရွှေဇံက ပြောလိုက်၏။

"ဘယ်သူတွေလဲ"

"စာရေးကြီးတွေလေဗျာ၊ ကျွန်တော် ငယ်ငယ်က ဖေဖေခဏခဏ ကြိမ်းတယ်၊ မင်းဟာ စာရေးကြီးပုဒ်ဘဲ ဘာမှ မတည်ထွင်တတ်ဘူးနဲ့ အကြိမ်းခံရတယ်။ ကျွန်တော် ဆရာဝန် ဖြစ်လာတော့ လူနာတွေထဲမှာ စာရေးကြီးတွေ မပါလာတတ်ဘူး၊ ကျွန်တော့ဖြင့် သူတို့ဘဝ လေ့လာရင်းက တယ်စိတ်ညစ်တယ်၊ အောက်တန်းစာရေးက အထက်တန်းဖြစ်၊ အလွန်ဆုံးရုံးအုပ်ပေါ့ သက်တန်းရှေ့တော့ ပင်စင်ယူ မလောက်မင ပင်စင်လစာလေးနဲ့ အသက်လဲ ရှည်ရှည်မနေရဘူး၊ ဘယ်ဌာနဖြစ်ဖြစ် သူတို့မရှိရင် အလုပ်ခွင်ယန္တရားက မလည်နိုင်ဘူး၊ ရုံးမှာ အထက်က အော်သရဲ ဖိုင်လေးတွေ ပိုက်ပိုက်ပြီး ခါးလေးတွေ ကုန်းကုန်းကုန်းကုန်းနဲ့ ပြေးလိုက်ကြရတာ သေသည်အထိ ဆိုပါတော့၊ ကျွန်တော်ကတော့ စာရေးကြီး မိသားစု တစ်အိမ်ထောင်မှာဖြင့် ရောဂါပျောက်ပြီး နလံထ အချိန်မှာ နားဖို့လိုရင် ကျွန်တော်လေ ကြားထဲက သိပ်အသက်ရှုရ ကြပ်တယ်ဆိုတာ ဖြစ်မှာလဲဆိုရင် နေရတဲ့အိမ်က နားဖို့ ကောင်းဖို့နေနေသာသာ မထွက်သေးတဲ့ အသက်တောင် ထွက်ပြစ်လိုက်ချင်တယ်၊ ခုတော့ တခြားရုံးတွေမပြောနဲ့ နယ်မှာ ကျွန်တော် အေအက်(စ်)အဖြစ် နေရတဲ့အခါ ဆေးရုံကစာရေးကြီးများတွေရင် အဖြစ်ရှိတောင် သူတို့ကို ကျွန်တော်မဆူချင်ဘူး မအော်ချင်တော့ဘူး၊ ဖေဖေပြောတဲ့ တည်ထွင်တတ်

www.burmeseclassic.com

www.burmeseclassic.com



တာ မတည့်တွင်တတ်တာတွေ ဘေးချိတ်ပြီး သူတို့ကို တတ်နိုင်သလောက် စာနာပြီး ကူညီရတယ်၊ ရုံးစာရေးတယောက်က ပြောပြဘူးတယ်၊ နေမကောင်းနေတုန်းဆို အိမ်ခလောက် အိမ်ဆဲလဲမကာလို့ ဘာဖြစ်ဖြစ် ကိုယ့်ရင်သွေး အော်သံတောင် ကိုယ်မကြားချင်ဘူးတဲ့”

“ဟုတ်မှာပေါ့၊ ကျွန်တော်လဲ ဆေးရုံကဆင်းရင်နားဖို့ စိတ်ကူးရက်ပါတယ်၊ အမေနဲ့လဲတိုင်ပင်အုံးမယ်၊ စာရေးကြီးမပြောပါနဲ့ဗျာ၊ ကျွန်တော်တောင် ဘယ်မှာ အနားယူရမယ်ဆိုတာ စဉ်းစားရအုံးမယ်၊ ပြင်ဆင်ရအုံးမယ်၊ ကိုယ့်ဘက်က ကိုယ်လျှောက်လဲရရင် လုပ်ဟာလုပ်ဟာနဲ့ ရှိသမျှစည်းစိမ် စွန့်လွှတ်ပြီး တကယ် စွန့်စားလုပ်ခဲ့ရတာလဲ ဒီနိုင်ငံရေးသမားဘဲ၊ အာဏာရချိန် အခွင့်အရေးယူတတ်တဲ့ နိုင်ငံရေးသမားတချို့ကြောင့် နာမယ်ပျက်ရတာလဲ ဒီနိုင်ငံရေးသမားဘဲ၊ အခုတချို့သူတွေမှာ ခေတ်ဆက်ဆက် ကျွန်တော်ဘယ်လိုပါခဲ့ပါတယ်ရယ်လို့ စာမဖွဲ့တတ် မှတ်တမ်းဖော်တတ်လို့ သေသည်အထိ ငတ်တာလဲ ပြတ်တာလဲ ခံရတာလဲ ဒီနိုင်ငံရေးသမားဘဲ၊ ဒါပေမင့် ဝမ်းနည်းစရာမရှိပါဘူး၊ အစ်ခင်ဗျား ပြောသလိုပဲ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်ဦးတည်ဆောင်ရွက်ခဲ့တာနဲ့ မှန်းခြေမပေါက်လေတော့ ခင်ဗျားပြောတဲ့ ဝေဒနာ ကျွန်တော်ခံစားနေရတာပဲ၊ အခု တိုင်းပြည်လွတ်လပ်ရေးရတာ ဆယ်နှစ်နီးပါးရှိနေပေမဲ့ ကျွန်တော့မှာတော့ နားစရာအိမ်တလုံးတောင် အခြေချဖို့မရှိဘူး၊ အမေ့ကိုလဲ လူမှန်းသိတတ်ကတဲက ပြစ်ခဲ့ပြီး ငါတို့တိုင်းပြည်ကြီး ချမ်းသာ ဝပြောရင် အမေလဲ ပါလာမှာဘဲဆိုတဲ့ ခံယူချက်နဲ့ လုပ်လိုက်တာ ခုလိုရောဂါရလို့ ဆေးရုံပေါ်ရောက်နေတော့ ဈေးဘမ်း ခေါင်းပေါ်



ရွက်စားနေရတဲ့ အမေဘဲ၊ ကျွန်တော့ကို လာပြုစုနေရတယ်၊ အဲဒီတော့လဲ အမေ့အိမ်မှာ ရောဂါသယ်အနေနဲ့ ပြန်ပြီး မနားချင်ဘူး”

“ကျွန်တော် အခြေအနေ အရပ်ရပ်ကို နားလည်ပါတယ်၊ သခင်လှဦး အနားယူဖို့တော့ ဖေဖေနဲ့ ကျွန်တော် စီစဉ်ပေးမယ်၊ ဖေဖေရယ် ကျောက်မြောင်းအိမ်ကြီးမှာ တယောက်ထဲ ကျွန်တော်ကလဲ သိန္နအတူ မနေနိုင်၊ မေမေကလဲ ဆုံးသွားတာ ကြာပြီ၊ ဖေဖေဟာ ၆၀-ကျော် ၇၀-တွင်း ဆိုပေမင့် သူ့စိတ်ကို သက်တောင့်သက်သာဖြစ်အောင် နေတတ်တယ်၊ ခင်ဗျားနဲ့ အတူနေဖို့ သဘောကျပါလိမ့်မယ်၊ ဖေဖေနဲ့ ကျွန်တော်... ဟော... ဟော”

ဒေါက်တာမင်းဇွေဇံသည် စကားကို မဆက်နိုင်ဘဲ အခန်းအဝသို့ လက်ညှိုးထိုးကာ ပြလိုက်သဖြင့် သခင်လှဦးသည် လှမ်း၍ ကြည့်လိုက်၏။ သခင်လှဦးမျက်နှာသည် ဝင်းထိန်သွား၏။

“ဟာ... ခင်မေဆက်တို့ပါလား၊ လာလာ ထိုင်” မင်းဇွေဇံသည် အံ့ဩသွား၏၊ ဟိုနေရာသွားလဲ ခင်မေဆက်၊ ဒီနေရာသွားလဲ ခင်မေဆက် သူ၏ အိမ်ရှင် ဒေါ်ခင်မေဆက်သည် ဘယ်လို မိန်းမစားမျိုးပါလဲ။ သခင်လှဦး လိုက်လိုက်လှဲလှဲ ကြိုဆိုသည်ကို ဦးညွှတ်၍ ပြုံးကာ ဒေါ်ခင်မေဆက်သည် သူ့တို့အနားရောက်လာ၏။ ရှင်မှင်းထွေးသည် ထိုစဉ်က အထက်တန်းစားများသာ ဓာတ်စာအဖြစ် သုံးနိုင်သော ဩစတေလျမှ ပန်းသီး ၅-လုံး၊ နို့ညိုရောင် သပျက်သီး အစိတ်သားခန့်ကို နုံနုံစိတ်ဝိုဝိုလေး ထိုးထားသော ကြိမ်ခြင်းလေးနှင့်ထည့်၍ ကိုင်ကာ ဒေါ်ခင်မေဆက်နှင့်အတူ လိုက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရော့...သခင်လှဦး စိတ်ကြည်အောင်လို့ မေကိုယ်တိုင် စိုက်တဲ့ နှင်းဆီ အဖြူနဲ့ အဝါ" ဒေါ်ခင်မေဆက်သည် သူ့လက်ထဲမှ နှင်းဆီပန်းများကို သခင်လှဦးလက်ထဲသို့ ထည့်လိုက်၏။ သူတို့အနားပတ်ဝန်းကျင်တွင် နှင်းဆီပန်း ယနံ့သည် သင်းပျံ့၍ နေသည်။

"လက်စသတ်တော့ သခင်လှဦးက ဒေါက်တာ မင်းရွှေဇံရဲ့ လူနာကိုး"

ဒေါ်ခင်မေဆက်သည် မင်းရွှေဇံအားပြုံး၍နှုတ်ဆက်လိုက်၏။

"ကျေးဇူးတင်လိုက်တာ ခင်မေဆက်၊ ဒေါက်တာကလဲ ခင်မေဆက်ရဲ့ မိတ်ဆွေတဲ့လား"

"အိုး...မေတို့အိမ်ကြီးကို ဒေါက်တာ ငှားနေတာလေ"

"အော်...စကားမစပ်မိကြဘူး ခင်မေဆက်"

"ကဲ...စကားပြောရစ်ကြပါအုံး၊ ညကျမှ ကျန်တော့ လူနာကို တစ်ခေါက်လောက် လာကြည့်အုံးမယ် စိတ်မချသေးဘူး၊ ပြန်ခွင့်ပြုပါအုံး အန်တီမေ"

ရှင်မင်းထွေးဘက်သို့ လှည့်ကာ "ဆရာပြန်အုံးမယ် ရှင်မင်းထွေး"

ဒေါက်တာ မင်းရွှေဇံသည် အားလုံးအား နှုတ်ဆက်၍ ပြန်လာခဲ့၏။

သူ့ခေါင်းထဲတွင် ဒေါ်ခင်မေဆက်သည် လှမ်းမိုးနေ၏။ တနေ့က ဒေါ်ခင်မေဆက်အား သတိရနိုး လာသော သူငယ်လေးကိုစွက်လည်း ဘယ်လို ပြီးပြတ် သွားသည်မသိ၊ ဦးကျိုးမြိုင်က



ပွင့်ပွင့်လင်းလင်း ပြောကြားချင်ပုံမရ၍ သူသည် မမေးတော့။ ဒေါက်တာအိုးမောင် ခရီးရှည် ထွက်သွားပြီဖြစ်၍ နှစ်ယောက်စဆိုမိကြသေးပေ။ ရှင်မင်းထွေးထံမှ ဖြစ်စေ သခင်လှဦးထံမှ ဖြစ်စေ တနေ့နေ့တော့ သူ့နှလုံးသားအား လှမ်းမိုးနေသော ဤအမျိုးသမီးကြီး၏ အကြောင်းမှာ ရှင်းလင်းသွားတန်ကောင်းပါရဲ့။

နောက်တပတ်အတွင်းတွင် သူ၏စိုးရိမ်ရသော လူနာ မောင်ထွန်းဖေမှာ စိတ်ချလောက်သော အခြေအနေရှိပြီဖြစ်၍ "မထောင်ခန်း" ဟုဆိုသော စိတ်မချရသည့် လူနာများထားသည့် အခန်းမှ အမြင်ထုတ်ခါ ၁၃၊၁၄ အခန်းသို့ ပြောင်းရွှေ့ထားလိုက်ရသည်။ လူနာသည် ငယ်ရွယ်၍ ရောဂါကျသွားသည့်အခါတွင် အားအတက်မြန်၍လာလေသည်။ အစာကို အဆိမ်များသော ဝက်သားလို အစာမှလွဲ၍ တခြားအစာများကိုစားသောက်နိုင်သည်။

နောက်ထပ် ဒေါ်ခင်မေဆက် လူနာလာမေးသည်ကို မတွေ့ရသော်လည်း ဝပ်ပစ်တာခါ သခင်လှဦးထံသို့ သင့်လျော်သော ကျွဲကော်သီး ပန်းသီး စသော သစ်သီး ခတ်စာများကို အပို့ လွှတ်သည်ဟု သိရသည်။ နှစ်ပတ်မြောက်သော နေ့တွင်မူ သူ ရောက်လာချိန်တွင် သခင်လှဦးအား ကုတင်ပေါ်တွင်မတွေ့ရဘဲ ရွှေ့ပြောင်းထားသော သူ၏ လူနာ မောင်ထွန်းဖေ၏အပေါ်တွင် ကျွဲကော်သီးနွှာပြီးသားများကို ထိုင်ကျွေးနေသည်ကို တွေ့ရ၏။

"ဟောဗျ၊ မိတ်ဆွေဖြစ်နေကြပြီကိုး"

ဒေါက်တာမင်းရွှေဇံက ပြောလိုက်၏။

"ဖြစ်ဆို၊ သူတို့ကလဲ ခင်မေဆက်အမျိုးတွေလေ" သခင်လှဦးက ပြန်၍ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို... သူနဲ့ အမျိုးတော်တယ်လို့ မပြောပါနဲ့၊ ကိုယ့်ဝင်းတံခါး ကိုယ်ပိတ်ပြီး သော့ခတ်နေတဲ့သူနဲ့ ကျမတို့လဲ အမျိုးတော်စရာမလိုပါဘူး"

လူနာ၏မိန်းမသည် မျက်နှာထား တင်းတင်းနှင့် နှုတ်ခမ်းစူကာ ခပ်ဆောင့်ဆောင့်ပြောလိုက်၏။

"ညွန့်ညွန့် ဆက်ကျွေးလိုက်ပေတော့၊ ငါဒေါက်တာ မင်းရွှေဇံကို ဒီနေ့သွေးစစ်တဲ့ စာရွက် ပြန်ရလာလို့ ပြရအုံးမယ်"

သခင်လှဦးသည် စုစုအောင့်အောင့် စကားပြောလိုက်သော လူနာ၏ မိန်းမလက်သို့ ကျွဲကော်သီးပန်းကန် အပ်ခဲ့ကာ သူ့ကုတင်သို့ ပြန်ရောက်သွား၏။ ဒေါက်တာမင်းရွှေဇံကသာ စကားပြောကျန်ရစ်၏။

"ညွန့်ညွန့်ယောကျ်ားနဲ့ ကျွဲကော်သီးနဲ့ သိတ်တဲ့ တာဘဲ၊ နေ့လည်ပိုင်းဆိုရင်သဲ ငှက်ပျောသီးတို့သပ်ရာသီးတို့ကို အရေညှစ်ပြီး ဂလူးကိုစ်နဲ့တိုက် သိလား၊ လိုအပ်တာရှိရင် ဆရာ့ကိုပြော ကျွဲကော်သီးဆိုတော့ သခင်လှဦးဆီက ကောင်းကောင်းရနိုင်ပါတယ်၊ ဒေါ်ခင်ဆောက်က အမြဲလိုလို ပို့နေတာ"

ညွန့်ညွန့်၏ မျက်နှာထားမှာ သိသိသာသာ ပျက်သွား၍ ခေါင်းငုံ့ထားသော မျက်နှာမှာမူ ကျွဲကော်သီးကိုဝါးရင်း အံ့သြနေပုံ ရလေသည်။

သခင်လှဦးသည် သူ့ကုတင်ရှိရာသို့ ပြန်သွားပြီး မနက်က သူနာပြုဆရာမလေး ပေးသွားသည့် သွေးစစ် စာရွက် အဖြေကို ပြလိုက်၏။

"သွေးနီဥရဲ့ ရာခိုင်နှုန်းကလဲ မူလ လူကောင်းတယောက် ရှိသင့်တဲ့ ရာနှုန်းအပြည့်နီးနီးတိုးလာပြီး သွေးချိန်လဲ တော်တော်ကျော်



လာတော့ ဝမ်းသာစရာဘဲ၊ ခါတိုင်းဆို ၁၀၀-ကိုတခါမှ မပြည့်ဘူး၊ သွေးတိုး ရှိတဲ့သူက ဖြစ်လာရင် မြန်မြန် သေတတ်တယ်၊ ခင်ဗျားတို့က သွေးအားနည်း၊ သွေးချိန် ကလဲ လျော့တော့ စိုးရိမ်စရာရှိပေမင့် မြန်မြန်မသေဘူး"

"တလှုပ်လှုပ်နဲ့သေရမှာလား"

"အို... သခင်လှဦးကလဲ ခင်ဗျားမသေတော့ဘူး၊ စိတ်ချ မသေတော့ဘူး၊ ကျွန်တော့ ဆရာဝန်ကြီးဦးအေးကိုလဲ ခင်ဗျား ရောဂါတင်ပြပြီး ဆွေးနွေးကြတယ်၊ တလ လောက်တော့ နေ လက်စနဲ့ ဆက်နေပါဗျာ၊ ဆရာဝန်ကြီးကပြောတယ်၊ နိုင်ငံခြားကို သွားကုတဲ့လူတွေ ရောဂါသက်သာမြန်တာက အကြောင်းတခုရှိတယ်တဲ့၊ ဟိုရောက်သွားတဲ့လူနာတွေဟာ ကိုယ့်အိမ်ပြန်ချင်စောနဲ့ ဆေးရုံရဲ့စီးကမ်းကိုရော ဆရာဝန်စကားကိုရော အတိအကျ လိုက်နာတယ်တဲ့။ ဒီမှာတော့ ဆရာဝန်ရဲ့စကားကို နားမထောင်၊ ထင်သလိုနေတတ်တဲ့အကျင့် ရှိတယ်တဲ့"

သခင်လှဦးသည် အားရပါးရ ရယ်လိုက်၏။

"အေးဗျာ...ခင်ဗျားတို့စကားကို နားထောင်ပါမယ်"

ဒေါက်တာမင်းရွှေဇံသည် မောင်ထွန်းဖေ ရှိရာ ကုတင်သို့ လက်ညှိုးထိုးပြ၏။

"မောင်ထွန်းဖေ ရောဂါဆို ကျွန်တော်ဟာ အပြင် လူနာအဖြစ် ကုနေတာ ဂျွန်းဒစ်ကစလာတာဘဲ၊ ဂျွန်းဒစ်က သေနိုင်တဲ့ ရောဂါမဟုတ်ဘူး၊ ဝက်သား အစားများတာနဲ့ ဆေးရုံတက်ရတဲ့ ဘဝ ရောက်ရတာ ကံကောင်းလို့မသေတာ၊ ရောဂါကမသေမဲ့ ရောဂါပေမင့် အစားမတတ် အနေမတတ်တာနဲ့ သေရတာတွေ တယ်ခက်တယ်...ဒါနဲ့နေပါအုံး ကျွန်တော်က စပ်စုတတ်တယ်

www.burmeseclassic.com

www.burmeseclassic.com

အဲဒီညွန့်ညွန့်က ဆင်မလိုက်က ဝက်သားသည်တွေဆီကဝက်သား လက်လီယူပြီး မုန့်လုပ်ဆောင်းကုန်းတို့လို ရပ်ကွက် တွေဆီမှာ ခေါင်းရွက်ဈေးသယ်လုပ်နေတယ်၊ သူ့ယောကျ်ား မောင်ထွန်း ဖေက အလုပ်မရှိဘူး၊ ဒါတွေ ဒေါ်ခင်မေဆက် မသိလို့ထင်တယ်၊ သိရင် သူ ခေတ်စာလေး ဘာလေး ပို့ပေးမယ်လို့ ကျွန်တော် ထင်တယ်"

မင်းရွှေဇံသည် အသံနိမ့်မှ၍ တိုးတိုးလေးပြောလိုက်၏။ မောင် ထွန်းဖေကုတင်နှင့် သခင်လှဦးကုတင်မှာ အခန်းဝနှင့် ထိပ်ဆုံး ကုတင်ဖြစ်၍ သူတို့ စကားများကို မောင်ထွန်းဖေတို့ကုတင်မှ မကြားနိုင်ပေ၊ သခင်လှဦးသည် သက်ပြင်းလေးချရင်း ခပ်တိုး တိုးပင် ပြောပြ၏။

"ခင်မေဆက်ဟာ ကျွန်တော့်ထက် ၁၀-နှစ်လောက် ငယ် မယ်၊ ဒီမှာတော့ သူ့ဂုဏ်သရေလိုက်ပြီး ဒေါ်တတ်ခေါ်နေကြ တာ၊ ကျွန်တော်တို့မြောင်းမြမှာတော့ ဂျပန်သတ်လို့သေသွားတဲ့ သခင်သောင်းစိန်တို့ကအစ သူတို့ညီအမကို တောင်မလေးတွေ ဘဲခေါ်တယ်။ သူတို့ အဖေကြီး ဦးဆက်နဲ့လဲ ကျွန်တော်တို့ ရင်းနှီးပါတယ်....နောက်မှ သူတို့အကြောင်း ပြောကြတာပေါ့၊ ဟိုဒင်းလေ....ကျွန်တော်တ ပြောချင်တာကတော့ မင်းရွှေဇံလဲ ကြားဘူးမှာပေါ့....ဟိုပုံတိုပ"

"ဘာလဲဟင်"

မင်းရွှေဇံသည် သခင်လှဦး ရှေ့ရှိ ခုံလေးထောင့်ပေါ်တွင် ထိုင်လိုက်၏။

"ရဟန်းတပါးဟာ ဣန္ဒြေသိက္ခာ ရှိစွာနဲ့ လမ်းရှောက်ပြီး ဆွမ်းခံကြွတာကို ဘုရင်ကြီးက လေသာပြတင်းကလှမ်းမြင်တယ်၊



ရဟန်းတို့ဣန္ဒြေနဲ့ ပြည့်စုံပါပေတယ်ဆိုပြီး သဒ္ဓါစိတ်က အလွန် ထက်သန်လာပြီး သူ့ပွဲတော်တည်မယ့်ဆဲဆဲ ဆွမ်းဦးကိုယူပြီး ပညာ ရှိ အမတ်ကိုလောင်းခိုင်းတယ်၊ ဒီကိုယ်တော် ဘယ်ထိ ကြွသွား သလဲ ဆိုတာလဲ လိုက်ကြည့်ခိုင်းတယ်လေ။ ပညာရှိ အမတ်လဲ ဆွမ်းလောင်းလိုက်ပြီး ရဟန်းရဲ့နောက်က ခပ်လှမ်းလှမ်းကနေ လိုက်တယ်လေ၊ ရဟန်းဟာ သူ့လမ်းအတိုင်းကြွသွားပြီး မြို့ပြင်က ဇရပ်တခုအောင်ပေါ်ကို တက်သွားပြီး ဇရပ်ပေါ်မှာထိုင်နေတဲ့ မိန်းမတကျိုးကို သူယူလာတဲ့သပိတ်ကို လှမ်းပေးတယ်၊ အပေါ်ရုံ သင်္ကန်းကိုလဲချွတ်လိုက်တယ်၊ ပညာရှိအမတ်က တွေးမိတယ်၊ ဒီ အတိုင်းသာ ပြန်လျှောက်ထားရင် ဘုရင်မင်းမြတ်ရဲ့ သဒ္ဓါစိတ်လဲ ပျက်မယ်၊ ရဟန်းအပေါ်လဲ အကြည်ညို ပျက်မယ်၊ ဒီမိန်းမက ဘယ်သူမှန်းလဲ မသိ၊ သည်တော့ သုံးဦးသုံးဖလှယ် အကျိုး မပျက်ရအောင် ငါကြည့်လုပ်မယ်ဆိုပြီး ပြန်သွားတယ်။ နန်းတော် ရောက်တော့ ရှင်ဘုရင်ကြီးကို လျှောက်ထားလိုက်တယ် "အရှင် မင်းမြတ် ကျွန်တော်မျိုး ရဟန်းမြတ်နဲ့ မနီး မဝေးက နောက် ရောင်ခံပြီး လိုက်သွားပါတယ်ဘုရား၊ မြို့ပြင်လဲ ရောက် ရော ရဟန်းမြတ်ဟာ ကျွန်တော်မျိုး မျက်စေ့အောက်က ရှောင်း အသင် ပျောက်သွားပါတယ်ဘုရား"လို့ လျှောက် ထား လိုက် တယ်။ "အို....အင်မတန် တန်ခိုးကြီးတဲ့ ရဟန်းမြတ်ဘဲ ဒီလို ကိုယ်ရောင်ဖျောက်နိုင်တာဟာ ရဟန္တာ မြတ်များသာ စွမ်းနိုင် တယ်လို့" ဘုရင်ကြီးဟာ ပိုပြီး ဒါနအပေါ် ပီတိပွားသတဲ့ အဲ ဒီလိုပေါ့ဗျာ၊ သုံးဦးသုံးဖလှယ် အကျိုးရှိဖို့ အရေးကြီးတယ်၊ ပုံပမာ အခိုင်းအနှိုင်း လွဲချင်တော့လွဲမယ်၊ ကျွန်တော်ကို သဒ္ဓါ စိတ်နဲ့ ပေး လိုက် တဲ့ ကျောက်သီး မောင်ထွန်းဖေလဲ စားရ၊

www.burmeseclassic.com

www.burmeseclassic.com

ရောဂါလဲ ဆက်သား၊ ဒီအဖြေ ရဖို့ဟဲ့ အရေးကြီးပါတယ်ဗျာ။ ခင်မေဆက်ထားရှိတဲ့ သဒ္ဓါစိတ်စေတနာက ကျွန်တော့အပေါ် ထားရှိတဲ့ စိတ်မျိုး မောင်ထွန်းဖေတို့အပေါ် ထားနိုင်ပါလိမ့်မယ်လို့ ခင်ဗျားပြောနိုင်မလား၊ သူတို့ ဆွေရေး မျိုးရေး ကိစ္စ၊ အသေးစိတ်လဲ ကျွန်တော်တို့ ဘယ်သိနိုင်ပါ့မလဲ”

“အေးဗျာ ...ကျွန်တော်နားလည်ပြီ ကျွန်တော်နားလည်ပြီ၊ သခင်လှဦး တကြောင့်လဲ နိုင်ငံရေးသမား လူတော်တယောက် အဖြစ် မြောင်းမြဒီစတြိတ်မှာ နာမယ်ကျော်ခဲ့တာဘဲ ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော် ကျေးဇူးအများကြီး ရှိပါတယ်၊ ကဲ.... သွားအုံးမယ်”

သူသည် အိမ်သို့ပြန်လာခဲ့၏။ နောက်အပတ်ထဲတွင် မောင်ထွန်းဖေသည် ဆေးရုံမှ ဆင်းခွင့်ရ၏။ အပြင်လူနာအဖြစ် မင်းရွှေဇံသည် ဆေးတိုက်တွင်တော့ သူ့အား ဆက်လက်၍ ဆေးကုသပေးလျက်ရှိသည်။ သခင်လှဦးတယောက်သာ ဆက်လက်၍ ဆေးရုံကြီးတွင် ကျန်ရစ်နေပေသည်။

မောင်ထွန်းဖေတို့ လင်မယား နှစ်ယောက် ကိစ္စကိုမူ သူတို့နှစ်ယောက် စကားမစပ်မိတော့ပေ။ ရှင်မင်းထွေးကိုလည်း လူကိုယ်တိုင် မတွေ့ဖြစ်သေး၊ သခင်လှဦးထံသို့ သစ်သီး ခေါက်စာများကို လာပို့သူမှာ ဒေါ်ခင်မေဆက်၏ ကားမောင်း သမား ဒီဗန်းဖြစ်သည်။

ရာသီဥတုမှာ ပူပြင်းချောက်သွေ့ လာသည်။ ကဆုန် လ၏ ပထမပတ်ဖြစ်၏။

နွေဦးမယ်သည် ဝင်ရောက်လာစ တွင်မူ မြခါးစီးကြိုးတွင် သန္တာပွင့်များ စီချယ်ထား၍ တိမ်နွဲ့တိမ်းပါးနှင့် သူလာဟန်



သည် သိမ်မွေ့ပါပေ၏။ လေညှင်းသွေးတိုင်း နုသစ်လှသော မြ၏အစိမ်း၊ သန္တာ၏အနီသွေးများမှ ခါးရမ်းကြိုးမှ ဖွာလွင့်ပျံကြ၍ သစ်ကိုင်းများပေါ်တွင် တင်ရစ်၏။ နွေနတ်သမီး၏ မြစိမ်းရောင် ပုဝါနှင့်သည် မြေလွှာကို ထိတွေ့စိုးမိုးနေသော နေမင်းရာဇာ၏ တိုက်ရိုက်အပူရှိန်ကို ခံသာအောင် အလည်ကာထားဆီး ထားသည်။

နွေနတ်မယ်သည် တဖြေးဖြေး အိုလာလေလေ မြခါးရမ်းကြိုးမှ ကျောက်စိမ်းပွင့်ခက်များ လွင့်စင်ပျောက်ပျက်ကုန်ကြ သည်။ နေပူရှိန်ကို ကာကွယ်ထားသော မြပုဝါသည်လည်း စုတ်ပြတ်ယိုနွမ်း၍လာသည်။ အလှလျော့ပါးလာသော နွေနတ်မယ် ပတ်ဝန်းကျင်တွင် သစ်ကိုင်းခြောက် အိုအိုကြီးများသာ ခစားလျက် ကျန်ရစ်တော့သည်။ နေမင်းရာဇာ၏ အပူဒဏ်သည် ယခုတော့ မြေကိုတိုက်ရိုက်ထိတွေ့၍လာပေပြီ။ မြေလွှာသားသည် ပူအိုက်လှိုန်း၍ ကွဲအက်၍လာသည်။ မြေလွှာ၏ သားမြေးများ ဖြစ်သော သစ်ပင်များသည် သူတို့၏ ဖူးဆွတ်လှသော ခြေဖဝါး နုနုလေးများကို ရေဖြင့်သွန်းလောင်းဆေးကြောလိုလှ၍ မြေလွှာ ပေါ်တွင် သွန်ကျလာမည့် မိုးရေစက်များကို မျှော်လင့်ရပြန် သည်။

“အစကတော့ သူလှပေသာဘဲ” ဟု၍သာ နွေဦးတေးကို ဆိုခဲ့သော သီချင်းသည် မောင်ဥညွှကပြော၏။ သူ၏ အသံသည် ပင် မောဟိုက်တုံရီ၍လာခဲ့ပြီ။ မကြာမီပင် နွေဦးမယ်နှင့်အတူ သူတို့သည် သတ္တလောကမှ ပြောင်းရွှေ့ သွားရပေတော့သည်။

“အချိန်တန်တော့လဲ သွားရမှာပါဘဲလေ” ဟု ပြောင်းရွှေ့ ရန်ပြင်ရင်း ဆင်ရင်းမှ သစ်ကိုင်းအိုများက တီးတိုးရေရွတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရောက်စက နွေဦးကို အလှူဆင်ခဲ့ပါသေးတယ်" ဟု တချို့သစ်ကိုင်းအိုများက သူတို့လုပ်ခဲ့သော အလုပ်အပေါ်တွင် ပြန်လည်သုံးသပ်ဟန်ကို ပညာရှိဆန်ဆန် ပြောကြသည်။

ရေအိုးလေးများ ကိုယ်စီရွက်လာသော လူ၏ သမီးအစစ်ရင်နှစ်များကို မြင်ရသော သစ်ပင်များကမူ မိုးဦး၏ ရွှေတော်ပြေးကညာပျိုများသဖွယ် ဆီးကြိုကြသည်။ ဗုဒ္ဓဟေ ရွှေညောင်ပင်သော်မှ မြသစ်ရွက် အရောင်မှိန်သောအခါ ရေကို တောင့်တရပေ၏။ ညောင်ရေသွန်းချိန် နီးလာပေပြီ။

မင်းရွှေဇံ၏ အိမ်ရှေ့မြက်ခင်းမှာမူ ဦးကျိုးမြိုင်လက်စွမ်းကြောင့် မြရောင်မြက်တို့ဖြင့် မြေသားကို ဖုံးလွှမ်းထားနိုင်၏။ မင်းရွှေဇံသည် တနင်္ဂနွေပေါင်း မြောက်များစွာကို ဤအိမ်ကြီးမှာ ကုန်လွန်လာခဲ့သည်။ ယနေ့ တနင်္ဂနွေမှာမူ ဆောက်စသူမမေ့နိုင်ခဲ့သော တနင်္ဂနွေနေ့လို သူ့အဖို့ ထူးခြားနေသည်။

သူ၏ ညှိခန်းတွင် ရှင်မင်းထွေးနှင့် ဆုံကြရခြင်းကြောင့် ဖြစ်၏။

"လာမယ်ဆိုရင် အထွေးကိုတင်ပြီး ဖုံးဆက်ထားချေပေါ့၊ ကံကောင်းလို့ဘဲ လူချင်းဆုံရတယ်၊ တနင်္ဂနွေနေ့တိုင်းအားတယ် ဆိုပေမင့် ကိုယ့်လူနာ ကိုယ်စိတ်မချရင် ကျုပ်တော်က မြို့ထဲသွားတတ်တယ်" ရှင်မင်းထွေးကို ညှိခံရင်း သူက ပြောပြ၏။

"အော်… ကိုတင်အကြောင်းမကြားမိတာ ခွင့်လွှတ်ပါနော်ဒေါက်တာ၊ အထွေးကိုခွင့်ပြုရုံပါဘဲ၊ အပေါ်ခန်းမထဲမှာ ပစ္စည်းတွေ ယူစရာရှိလို့ အထွေးလာတာပါ၊ ပစ္စည်းတွေ ချပေးဖို့နဲ့ သယ်ဖို့ ဦးကျိုးမြိုင်ရယ် ဒိဗန်းရယ်ရှိရင် ပြီးတာပါဘဲ"



အထွေးသည် ပြုံးပြုံးရွှင်ရွှင်ပင် ပေါ့ပါး သွက်လက်စွာပြောပြ၏။

"အထွေး သဘောအတိုင်းပေါ့၊ ရောက်တဲ့အခါ အေးအေးဆေးဆေးနေပါ အထွေးရယ်၊ ကျွန်တော်လဲ အထွေးလာလည်တော့ပျော်တယ်လေ၊ အထွေးတို့အိမ်ကိုလဲ ဒီအိမ်ကြီးပြောင်းစတနင်္ဂနွေနေ့ကလွဲလို့ ကျွန်တော် မရောက်တော့ဘူးနော်၊ ကျွန်တော့မှာတော့ တခုယောက်ထဲ"

သူသည် သူ့စကားအဓိပ္ပာယ်ကို သူတခုယောက်တည်းသာ သိ၍ ရုတ်တရက်ပြောရင်း ကြောင်သွား၏။

"အထွေးလဲ လာလည်ချင်ပါတယ်၊ ခုတခေါက်လာမှာ ဆက်သွယ်လိုလို့ဘဲ တခြားလူနာတခုယောက်ကြောင့် မအားဘူး၊ ဒီနေ့လဲ မလာရင်ကိုမဖြစ်လို့ လာရတာ၊ အန်တီမေက ကဆုန်လပြည့်တိုင်း ဆွမ်းကျွေးတယ်၊ သူ့မေ့မေ ဆုံးတဲ့နေ့လေ၊ ခုကဆုန်လပြည့်မှာ သံဃာအပါး ၄၅-ပါး အိမ်မှာ ဆွမ်းကျွေးမယ်၊ တစိမ်းလူတွေလဲ မဖိတ်ဘူး၊ ဆွေမျိုးတွေလဲ မဖိတ်ပါဘူး၊ အဲဒါစီစဉ်ရအောင် ဆရာကြီး ဒေါ်မေခါဝီဆီ သွားနေရစ်ခဲ့တယ်၊ အထွေး ဒီကပြန်မှ မရမ်းကုန်းက သီလရှင်ဇရပ်ကို ဝင်ကြိုမယ်၊ အန်တီမေက မှာလိုက်တယ် လူစိမ်းဧည့်သည် မဖိတ်ဘူးဆိုပေမင့် ဖိတ်လုံ ဦးမင်းဟန်ရယ်၊ ဒေါက်တာမင်းရွှေဇံရယ်ကို ဖိတ်မယ်တဲ့၊ အထွေးတို့ဘဲ ဖိတ်ခဲ့ပါတဲ့၊ ကဆုန်လပြည့်နေ့နော်… ဆရာအားတယ်မို့လား"

"အားပါတယ်… အရေးတကြီး လူနာမရှိရင် အချိန်မှီလာမယ်"

"ဆရာဘာလို့ ဆေးရုံဝင်းထဲမှာ ဆရာ့ အစ်ကို နဲ့ပေါ့၊ အိမ်မှာ မနေလဲ"

တော့လဲ

www.burmeseclassic.com



"လူနာအရေးကြီးရင် ကျွန်တော် ဆေးရုံမှာကို အိပ်စောင့်မယ်၊ ကျန်တဲ့ အချိန်မှာတော့ ခုလိုခပ်ဝေးဝေး တယောက်ထဲ စိတ်လွတ်လက်လွတ် နေချင်တယ်"

"အန်တီမေနဲ့ တူလိုက်တာ၊ သူလေ သီးသန့် အေးအေးလူလူ တယောက်ထဲ နေတတ်တယ်၊ သူ့ "အထာ"ကို မသိတဲ့ လူတချို့ကတော့ သူ့အမူအကျင့်ကို အပြစ်တင်တတ်တယ်၊ အေးလေ သူ့အကြောင်းကိုလဲ သူ့အဖေနီးနီး သူ့စိတ်ကို နားလည်တဲ့ ဝတ်လုံဦးမင်းဟန်နဲ့ ဒေါ်မေဓာတို့ သိကြပါတယ်၊ အထွေး တောင် ခုမှ တဖြေးဖြေး နားလည်တယ်"

မောင်သက်ဖေမှာ အထွေးအတွက် ပေါင်မုန့် ကြက်ဥကျော်နှင့် ကော်ဖီယူလာ၏။

"ကဲ....စားအုံးအထွေး၊ တနေ့နေ့တော့ အန်တီမေကို ဖိတ်ပြီး အထွေးနဲ့အတူ ထမင်းကျွေးရအုံးမယ်"

ကော်ဖီပန်းကန်ကို အထွေးလက်သို့ လှမ်းပေးကာ မေ့ပါး သွက်လက်စွာ သူပြောပြနေ၏။

"ထမင်းကျွေးချင်ရင် တင်ကြိုပြီး အန်တီမေကို ခွင့်တောင်းပေါ့၊ တယောက်ထဲတော့ နေပါတယ်၊ ဒါပေမင့် သူ့မှာ ကိစ္စ ဝိစ္စကမျာသွား"

"ဘယ်လိုလဲ....ဘာအလုပ်တွေလဲဟင်၊ ကျွန်တော့ကို စပ်စုတယ်မထင်ပါနဲ့၊ အန်တီမေကလေ၊ လေးဘက်ကနေ ကြည့်ရင် လေးခုမြင်ရတဲ့ မိန်းမမျိုးထင်ပါရဲ့နော်၊ ကျွန်တော် အန်တီမေ တွေ့ ၇ သိပ်လဲ စိတ်ဝင်စားတယ်၊ ဘယ်လို နားလည်ရမှန်းလဲ သိယ်ဖို



မင်းရွှေဇံသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူပီပီ ပြောပြလိုက်၏။ ရှင်မင်းထွေးသည် ခေါင်းလေးငြိမ့်ကာ ငြိမ့်ကာ နားထောင်၏။

"ဟုတ်ပါတယ်....ဆရာရယ်၊ အထွေးတောင် အထင်လွဲသွားတာတခါရှိတယ်၊ ခုကအထွေးပြောတဲ့လူနာ....သရက်သီးသယ် သမီးလေးကိစ္စ ဖြစ်လာမှ အထွေး သူ့ကိုစိတ်ထဲက တောင်းပန်မိတယ်၊ တနေ့နေ့တော့ ပါးစပ်ကဖွင့်ပြီးကို တောင်းပန်ရအုံးမယ်"

"ဘာဖြစ်လို့လဲ"

"အထွေးတို့ ခြံနဲ့ကပ်ရက်မှာ သရက်ခြံတခြံရှိတယ်၊ အဲဒီ အဒေါ်ကြီးက သရက်ဖူးတို့၊ သဲလပ်ဖက်တို့၊ မန္တလေးရင်ကွဲတို့နဲ့ တခြားသရက်မျိုးကောင်းတွေ စိုက်ပြီး သီးသန့် သိမ်ကြီးဈေး သစ်သီးတန်းမှာ သွားရောင်းတယ်၊ သူ့သမီးက စံရိပ်ငြိမ်က အဒေါ်ကြီး တယောက်ဆီမှာ အလုပ်လုပ်တယ်၊ ကျောင်း အဆောင်မရတဲ့ ကျောင်းသူတွေနည်းပြဆရာမလေးတွေ စုငှားနေတဲ့အိမ်မှာ အကူပေါ့။ ဘယ်လိုဖြစ်လဲ မသိဘူး တနေ့က ဝမ်းလျှောသာမှ ဟိုဝမ်းအတိုင်းဘဲ၊ အထွေးတို့ကို သူ့အမေကြီး လာပြောတော့ လှန်နေဘဲ၊ ညတွင်းချင်းဘဲ အန်တီမေကိုယ်တိုင် စီစဉ်ပြီး ကန်တော့လေးက ကူးစက်တတ်တဲ့ ဆေးရုံပို့ရတယ်၊ အမေကြီးကလဲ ဘာမှမလုပ်တတ်၊ ဆေးရုံက ဆရာမတွေကလဲ အစွမ်းကုန်ကူညီပါတယ်၊ ဘာတဲ့လူမမာကို ညလုံးပေါက်ပြုစုပြီး ပေယ်ရှုယ်နတ်စကလိုတယ်မို့လား၊ တခါတခါတော့လဲ ဆရာ ရှော....အထွေးရော ဒီဆေးရုံ သံသရာမှာ ကျင်လည်နေတဲ့သူတွေ ဆိုတော့ ဆေးရုံသံသရာအကြောင်း နားလည်ပြီးသားပါ၊ ကောင်းတဲ့နတ်စိတ်တွေ အများကြီးရှိသလိုဘဲ တချို့ကြတော့လဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကုလားစက်တုတ်တဲ့ ဆေးရုံဆိုရင် "အင်ဂေ့" engage လုပ်နာလက်ခံထားပြီး ဖြစ်တယ်ဆိုတာ အကြောင်းပြုပြီး ယဉ်ယဉ်လေးနဲ့ မလိုက်ဘဲ ညင်းလိုက်ကြတယ်၊ အဲဒီညက အန့်တီမေက ပြောတယ်၊ အန့်တီက ငုတ်တုတ်ထိုင်ကြည့်တာကလွဲလို့ ဘာမှ မလုပ်တတ်ဘူး၊ အထွေးသူ့ကို ပြုစုပါဆိုလို့ အထွေး သုံးရက်လုံးလုံး ညလုံးပေါက်ကြည့်ပေးရတယ်၊ ကောင်မလေးက သွေးစောင်ဆုတ်နေဘဲ၊ အဲဒီဆေးရုံက ဆရာဝန်ကြီးတွေလဲ မနိုင်ကျစားပြီး သေမင်းလက်က ကောင်မလေးကို လုယူရတာဘဲ"

အထွေးသည် ကော်ဖီပန်းကန်ကို ချလိုက်ခါ ဆက်၍ ပြော၏။

"ပထမတော့ အထွေးထင်ထားတယ်... ပိုက်ဆံရှိတဲ့ သူတွေဟာ သူတို့ဝေဒနာခံရရင် အဖြစ်သည်းလိုက်တာ၊ ချက်ခြင်း သေမဲ့ရောဂါ မဟုတ်ဘဲ ငါတို့လို နတ်စ်ကို စိတ်ကြိုက် လခပေးပြီး ငှားထားတယ်ပေါ့...ခုတော့လေ အထွေးကနတ်စ်ရယ်လို့ မဟုတ်ပါဘူး၊ သူ့ရဲ့ စက္ကရိပ်ဘဲ၊ အန့်တီမေကိုလဲ အဲဒီလို မိန်းမမျိုးတွေထဲ ထည့်တွက်ထားမိတယ်၊ အဲဒီသရက်သီးသည် သမီးကလေးရောဂါဖြစ်လာမှ အန့်တီမေဟာ တယောက်တည်းနေချင်တဲ့ သူ့ဆန္ဒက သတ်သတ်ဘဲ၊ တဦးထည်းပိုင်ဆိုတဲ့ စိတ်မရှိတာကို နားလည်လာတယ်"

ရှင်မင်းထွေး စကားဆုံးလျှင် သူသည် တစုံတခုကို မေးလိုမေးလို၏။ မေးရမှာ အားတုံ့အားနာလည်း ဖြစ်နေမိသည်။ ...သော် သူသည် သူသိလိုသည်ကို စကားခံကာ မေးလိုက်သည်။

...အထွေး နားလည်ရင် ဆရာ့ကို ရှင်းပြပါလား၊ ဒီပြဿနာ သိ...ကို အထွေးသိရင်ပြော် သိမယ်၊ မသိလဲ မဖြေပါနဲ့လေ၊



ဒါပေမင့် ဒီအကျိုးအကြောင်းကိုတော့ အထွေး ဒေါ်ခင်မေဆက်ကို ပြန်မပြောနဲ့နော်"

"ဘာလဲဆရာ၊ အထွေးသိရင် ပြောပြပါ့မယ်"

"အထွေးတို့လေ...ဟိုတလောက ဆေးရုံကြီးလာပြီး သခင်လှဦးရဲ့ ရောဂါကို လာကြည့်တယ်မို့လား"

"ဟုတ်တယ်"

"ပန်းသီးနဲ့ သဗျက်သီးလဲ ပေးခဲ့တယ်၊ နောက်လဲ သစ်သီးခေါတ်စာကို တပတ်တခါ ပို့ခိုင်းတယ်၊ အဲဒီဓာတ်စာထဲက ကျွဲကောသီးတွေကို သခင်လှဦးက တခြား လူနာတယောက်ကို ကျွေးတယ်၊ အဲဒါ ဘယ်သူလဲ သိလား"

"ဟင့်အင်း"

"လူနာ နာမယ်က မောင်ထွန်းဖေတဲ့၊ သူ့မိန်းမက မညွန့်ရီ၊ သူတို့ဟာ ဒေါ်ခင်မေဆက်ရဲ့ အမျိုးတွေဆို၊ သခင်လှဦးက ကောင်းကောင်းသိတယ်"

"အော်...အထွေးလဲ သိပါတယ်၊ ဒေါ်မေခေါ်ဝီကြီးရဲ့သမီးဘဲ၊ အခု အန့်တီမေနေရစ်ခဲ့တဲ့ မရမ်းကုန်း သိလရှင်ဇရပ်က ဒေါ်မေခေါ်ဝီရဲ့ သမီး"

"ဟာင်....သိချင်ပါတယ်ဆိုမှ ဇာတ်လမ်းက ရှည်ရှည်လာလိုက်တာ အထွေးရယ်၊ ကျွန်တော်ကလဲ အခြေအနေနားမလည်တော့ သူ့အမျိုး လူနာတယောက် ဆင်းရဲဒုက္ခရောက်နေတာ ဓာတ်စာလေးတောင် ဝယ်မစားနိုင်ဘူး၊ အန့်တီမေသိရင် ပို့ပေးမှာဘဲလို့ အကြောင်းကြားလိုက်ရအောင်၊ သခင်လှဦးဆိုတော့ သူကလေ ပို့တာမုလဲ ပြောပြတယ်၊ ပြီးတော့ သူကပြောတယ်၊ ကျွန်တော့

www.burmeseclassic.com



အပေါ်ထားတဲ့ သဒ္ဓါစိတ်မျိုး မောင်ထွန်းဖေအပေါ် ခင်မေဆက်က ထားနိုင်အုံးမှကိုတဲ့....”

မင်းရွှေဇံသည် သခင်လှဦးပြောသမျှ အကုန်ပြောပြလိုက်၏။ ရှင်မင်းထွေးသည် လေးလေးနှင့်မှန်မှန် စဥ်းစား၍ တဖြေးဖြေး ဖြေ၏။

“ဟုတ်တယ်....သခင်လှဦးပြောတာ မှန်တယ်၊ အလျှောက်ကောင်းတော့ အထောင်းလွတ်၊ တပည့်လိမ္မာတော့လဲ ဆရာအာပတ်လွတ်တာပေါ့၊ သုံးဦးသုံးဖလှယ် အကျိုးရှိဖို့ အရေးကြီးပါတယ်လေ၊ ကိုထွန်းဖေတို့ဟာ ဒီသစ်သီးစားလို့ အာဟာရဖြစ်သွားဖို့က အဖြေပဲ၊ အန်တီမေ သိဖို့ မသိဖို့ မလိုပါဘူး၊ ဘာကြောင့် ဒါလောက် ပြတ်တောက်နေလဲတော့ အထွေးအသေးစိတ်မသိဘူး၊ ဆရာတခု သိထားစေချင်တာကတော့ အဲဒီမည္ဘနိ့ရိုရဲ့အမေ ဒေါ်မေခာဝီကို အန်တီမေဟာ လစဥ်ထောက်ပံ့နေတယ်”

“ဟင်”

“သီလရှင် ဆရာကြီးက အသက် ၆၇-နှစ်ရှိပြီ၊ အထွေးအန်တီမေ့ကို လစဥ်လုပ်ပေးနေကြအလုပ်ထဲမှာ ငွေပို့ပုံစံ တခုနဲ့ (မန်နီအော်ဒါ) အမြဲရေးပြီး ငွေပို့ရတဲ့ အလုပ်လုပ်ရလို့ အထွေးသိတာ၊ ဒေါ်မေခာဝီက သရက်ချောင်းကျေးရွာ ဘုန်းကြီးကျောင်းမှာ သီလရှင်ဝတ်နေတယ်၊ အဲဒါ လစဥ် ငွေမှန်မှန် ပို့ရတယ်၊ လွန်ခဲ့တဲ့နှစ်က ဆရာကြီးကလဲ မကျန်းမာဘူး၊ ပြီးတော့လဲ ဒေါ်မေခာဝီရဲ့ ကံကလဲ နည်းပါတယ်၊ အဲဒီပြီး သီလရှင်ဘဝ ရောက်နေတာတောင် လွတ်လွတ်ကျွတ်ကျွတ်မနေရ၊ မည္ဘနိ့ရိုရဲ့ သားနှစ်ယောက်ကိုလဲ သူနဲ့အတူ ကိုရင်ဝတ်ပြီး သာသနာ့ဘောင်



မှာ ထားရတယ်၊ ကလေးတွေ စာလဲတတ် ကုသိုလ်လဲရပေါ့၊ သရက်ချောင်းက ဆရာတော်ဘုရားကလဲ အန်တီမေတို့ အဖေဦးဆက်ရဲ့ ကိုးကွယ်တဲ့ ဆရာတော်ကြီး ဆိုတော့ ကိုရင်လေးနှစ်ယောက်ကို လက်ခံထားပါတယ်၊ ဆရာကြီး ဒေါ်မေခာဝီကို ဦးကျိုးမြိုင်ကိုယ်တိုင် သွားခေါ်ပြီး မချမ်းကုန်းမှာ ဇရပ်လေး တဆောင်ဆောက်ပေးပြီး အန်တီမေက ထောက်ပံ့နေတယ်လေ”

မင်းရွှေဇံသည် ခေါင်းလေး ငြိမ့်ကာ နားထောင်ရင်း သူ့အတွေးမျက်စိထဲဝယ် ဒေါ်ခင်မေဆက်၏ စိတ်ထားပုံစံ အစိတ်အပိုင်းသည် တဝက်တပျက်တော့ ရုပ်လုံးပေါ်၍လာခဲ့၏။

“သခင်လှဦးပြောသလိုပဲဘဲ၊ သူ့သဒ္ဓါစိတ်ရှိတဲ့သူ့အပေါ်မှာ အသက်ကြီးတယ် ငယ်တယ်၊ ဆင်းရဲတယ် ချမ်းသာတယ်ရယ်လို့ ခွဲခြားပုံမပေါ်ဘူး၊ သူ့ခြံတံခါးတာ အမြဲပွင့်နေပါတယ်၊ သူ့သဒ္ဓါစိတ် မရှိရင်တော့ သူ့ခြံတံခါးက သော့ခတ်ထားမှာဘဲ၊ ဒါဟာလဲ သူ့အကျင့် သူ့ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မို့ အထွေးတို့ ဝေဖန်စရာမလိုပါဘူး”

ရှင်မင်းထွေးသည်လဲ စကားပြောကျွမ်းကျင်သူပါပေတည်း၊ ဒေါ်ခင်မေဆက်အပေါ် မသိမသာကာကွယ်ရင်း ချေပပြောဆိုသွား၏။

“ဟော....အထွေးရောက်နေတာ ကြာပြီလား”

ဦးကျိုးမြိုင်သည် ဧည့်ခန်းတွင်းသို့ဝင်လာ၏။

“ဒီအခန်း သော့ကို ကျွန်တော် သိမ်းထားနေကျ၊ ဒီနေ့ အပြင် ကိစ္စရှိလို့ သွားနေတာနဲ့ အေးမြ ပေးခဲ့ပါတယ်၊ သူက အသိမ်းလွန်နေလို့...ကဲလာအထွေး”

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ...အထွေးတို့ အပေါ်ကပစ္စည်းတွေ ထားတဲ့အခန်းကို သွားမလို့ခွင့်ပြုပါ၊ ပိုကောင်းတာက ဆရာပါ တခါတည်းလိုက်ခဲ့ပါ...လာပါ"

ဤအခန်းထဲ ဘာတွေရှိလဲ ဟူသော သိချင်စိတ်ကြောင့် အထွေးတို့နောက်မှ လိုက်၍သွား၏။ လှေကားရင်းတွင် ကားမောင်းသူဒီဇန်းသည် တောင်ပြာလုံးနှင့်အဆင်သင့် စောင့်နေ၏။ သူတို့အားလုံး အိမ်ပေါ်ထပ်သို့ တက်ခါ အိမ်ကြီး၏ နောက်ဖက်ဆုံး အခန်းသို့ သွားကြသည်။ အခန်းကြီးသည် ပေ ၂၅× ၁၆ ပေခန့် ကျယ်ဝန်း၍ ပန်းကန်ဆိုင်လေး တခု ခင်းထားသည်နှင့်ပင် တူနေတော့၏။

"လူ ၁၀၀-လောက် ကျွေးမွေးဖို့ များတော့ အန့်တီမေ အိမ်မှာလေ ဘာမှ ငှားဖို့ မလိုဘူး၊ ပန်းကန် ခွက်ရောက်က အပြည့်အစုံရှိတယ်"

ရှင်မင်းထွေးသည် ပန်းကန်စင်များဖြင့် သပ်ယပ်သန့်ရှင်းစွာ ထားသော ပန်းကန် အရွယ် အမျိုးအစားစားများကို လက်ညှိုးညွှန်ပြလိုက်၏။ သူ့ လက်ထဲမှ စာရင်းကို ဦးကျိုးမြင့်အား ပေးလိုက်၏။ ဦးကျိုးမြင့်က စာရင်းအတိုင်း ပန်းကန်များကို ရွေးချကာ ဒီဇန်းက တောင်းထဲသို့ ထည့်၏။ ဆက် မိသားစု၏ ပြတိုက်တခန်းလိုပင် အခန်းထဲရှိ ပစ္စည်းများသည် အတိတ်က ဆက်မိသားစု၏ နေပုံ ထိုင်ပုံ ဆက်ဆံရေးကို တစိတ်တပိုင်း ဖော်ပြနေဟန်ရှိ၏။

"ဆရာ...ဒီဘက်လာပါအုံး၊ ဒီမှာကြည့်စမ်း"

အထွေးခေါ်ရာသို့ မင်းရွှေဇံလိုက်သွားကာ အထွေးပြသည်ကို ကြည့်လိုက်၏။ လူ့ တဘက်လောက်နီးနီး၊ ကျောက်ကာ



ခေါ်လေမလား၊ ကြိမ်ကိုပင် စစ်စီးသုတ်ထားလေသလား၊ သူ မသိသည့် သုံးဆင့် ထမင်းချိုင့်ကြီး တချိုင့်။

"အဲဒီ ချိုင့်ကြီးက တရုတ်ထမင်းချိုင့်၊ တရုတ်က လာတာ၊ ဒီဟာတွေကတော့ ရိုးရိုးမြန်မာဖြစ် ကျောက်ကာ ထမင်းချိုင့်တွေ၊ ဒီချိုင့်မျိုးတွေကတော့ ရှေးမြန်မာဆန်ဆန် အိမ်တွေမှာ ရှိပါတယ်" အဝရှစ်လက်မခန့်ကျယ်သော ကျောက်ကာထမင်းချိုင့် အသေးလေးများကို ပြပြန်သည်။

"အပူအထည့်ခံတယ် ဆရာရယ်၊ ဟို .. ဆွမ်းအုပ်တွေကတော့ တောရွာဘုန်းကြီးကျောင်းမှာ ဆရာမြင်ဘူးပါတယ်၊ ဆွမ်းအုပ် တအုပ်တအုပ်ကလဲ သယ်ရမဲ့ လူ့ ဗလကို အတော်ကြီးရမယ်"

အထွေးက ရယ်ကာ ပြောလိုက်၏။

"အဲ့ .. သရက်ချောင်းမှာ ဝါဆိုဦးဆို တို့ရွာသူတွေ ကိုယ့်ဆွမ်းတောင်းကိုယ်ရွက်ပြီး ဘုန်းကြီးကျောင်းသွား သိလားယူတာ၊ တို့ရွာမှာ ကိုယ့်ထမင်းလုတ် ကိုယ် ရေတွက်ပြီး စားကြ တာမှ မဟုတ်ဘဲ ဘုန်းကြီးလူပြီးရင် ထမင်းယူမလာနိုင်တဲ့ ဥပုသ်သယ်ရော၊ သူတောင်းစားရော၊ ဆင်းရဲချမ်းသာမရွေး ဝေငှစားတာ"

ဦးကျိုးမြင့်က သူ၏ သရက်ချောင်းတျေးရွာ တခေတ် ကို ပြောပြလိုက်၏။

"ကျုပ်တို့ရွာသူတွေက အထွေးတို့ မြို့သူတွေလို ခါးချိလေးတွေမှ မဟုတ်ဘဲ"

"ဒေါ် အေးမြကြီး မြင်ခဲ့တာနဲ့ကို သိပါတယ်ဗျာ" ဟု မင်းရွှေဇံက အခန်းဖောက်၍ ပြောလိုက်၏။

"ဆရာ....ဒီမှာကြည့်"

www.burmeseclassic.com

www.burmeseclassic.com



အထွေးသည် မြန်မာယွန်းထည်ခွက် အနက်လေးများထဲမှ တခုကို ယူပြ၏။

"ရိုးရိုး နှီးခွေခွက် မဟုတ်ဘူး ဆရာ၊ အခု ဂျပန်က လာတဲ့ ကျောက်ကာဘာမ်း အမျိုးအစားလိုပဲ ဩ၊ အပုအအေး ထည့်ရတယ် သစ်သီးစုံခွက်လို ဘ သစ်သီးအဖျော်တွေကိုလေ အဲဒါနဲ့ ထည့်ကျွေးတယ်တဲ့ အန်တီမေက ပြောပြတယ်၊ အမှန်တော့ ဂျပန်က ပုံထုတ်ရာမှာ ခေတ်မှီပြီး ချယ်ထားတဲ့ ပန်းချီက ပိုပြီး စားသာသွားတာ၊ မြန်မာကလဲ တင့်နိုင်ရင် သူတို့နဲ့ယှဉ်နိုင်မှာပေါ့၊ တခါတလေ သူ့ဖေဖေဟာ ရာဘာကုန်သည် နိုင်ငံခြားသား ကိုယ်စားလည်တွေကို ထမင်းကျွေးရင် ဒီယွန်းထည်ကို မြန်မာဖြစ်ဆိုပြီး အမှန်အမြတ်အနေနဲ့ ထည့်ကျွေးတယ်တဲ့၊ ဖလီပန်းကန်တွေ ကြွေပန်းကန်တွေကို မသုံးဘူးတဲ့"

"အန်တီမေ အဖေဦးဆက်က ကုန်သည်ရော လုပ်သလား" မင်းရွှေဇံက မေးလိုက်၏။

"အထွေးမသိဘူး"

"ဟုတ်တယ် ဟုတ်တယ်၊ မေတို့အမေရဲ့ မြေနုကျွန်းကြီးက လယ်တွေ ရေမြုပ်တော့ တလှည့် စီးပွားရေး ယိုင်အသွားမှာ သူက ထားဝယ်သွားပြီး ရာဘာခြံလုပ်သေးတယ်လေ၊ အဲဒီတော့ နိုင်ငံခြားသား အဝယ်တော်တွေနဲ့ ဆက်သွယ်ရတာ" ဦးကျီးမြိုင်က ဝင်၍ပြောပြ၏။

"အထွေးကတော့ အဲဒီတခေတ်ကို မမှီလဲမမှီဘူး၊ အန်တီမေနဲ့လဲ စကားမစပ်မိဘူး၊ အထွေးပြချင်တာက တာပါ"

အထွေးသည် ကျောက်ကာခွက်လေးတခု၏ ကျောဘက်ကို လှန်ပြလိုက်၏၊ ပုဂံ၊ ညောင်ဦးထွက် ယွန်းဘန်းများတွင် ရေးထားလေ့ရှိသော ဆေးမျိုးနှင့် လှပသပ်ယပ်စွာ ရေးထားသည်။ ရွှေရောင် "တံဇင်" အမှတ်အသားဖြစ်၏။



"အဲဒါ ကျောက်ကာမြို့ကိုလေ ပစ္စည်းမှာလိုက်ကတဲ့က သူ့အဖေက ပစ္စည်းတိုင်းရဲ့ကျောဘက်မှာ အဲဒီတံဆိပ် ဆေးရေးထားခိုင်းတယ်တဲ့၊ နိုင်ငံခြားသားကုန်သည်တွေကို အမှတ်တရ လက်ဆောင်ပေးတော့မယ်ဆိုလဲ အဲဒီတံဆိပ်ကိုတော့ သေသေ ခြာခြာ ရွှေမှင်နဲ့ရေးထားတယ်တဲ့၊ အဲဒီ "ရွှေတံဇင်" အမှတ်အသားက ဆက်မိသားစုရဲ့ အစဉ်အဆက် အမှတ်အသားဘဲ"

မင်းရွှေဇံသည် အမှတ်အသားတွေနှင့် ကြီးကျယ် ခမ်းနားလှသော စိတ်ကူးရှိသည့် ဒေါ်ခင်မေဆက်၏ အဖေကြီးကို မျက်စိထဲ မှန်းကြည့်မိ၏။

"တနေ့နေ့ကြုံကြိုက်ရင် မင်္ဂလာဧည့်ခံပွဲတခုခု၊ ပွဲကြီး လမ်းကြီးသွားရင် အန်တီမေ ပြင်ဆင်သွားတာ ပြချင်တယ်၊ ဆရာနဲ့ ကြုံကြိုက်ပါစေလို့ ဆုတောင်းတယ်"

"ဘာဖြစ်လို့လဲ ဟင်"

"အန်တီမေရယ်လေ .. ခုတော့ သူ့ မိတ်ဆွေထဲမှာ အင်မတန် ရင်းနှီးမှ မင်္ဂလာပွဲတွေ သွားပါတယ်၊ ကျန်းမာတုန်းကတော့ သူ ဧည့်ခံပွဲတွေသွားရင် အဝတ် အစား ထုတ်ပေးတာကအစ အထွေးက အဆင်သင့် လုပ်ပေးတယ်၊ တောက်တောက် ပပ စိန်ရွှေတွေ သိတ်မဝတ်လှပါဘူး၊ အဲဒီ... အဲဒီ... ဆက်မိသားစု အမှတ်အသား ရင်ထိုးကိုတော့ သူ့ ပဝါအပေါ်မှာ အမြဲထိုးတယ်၊ ပုံစံကတော့ ဒီကျောက်ကာပေါ်မှာ ရေးထားသလို ပုံစံ အတိုင်းဘဲ တံဇင်လက်ကိုင်က ရွှေ၊ တံဇင်ရဲ့ အသွားမှာတော့ စိန်သွားလေးတွေ တပ်ထားတာ လက်ရာကလဲ တော့ စိန်လုံး

www.burmeseclassic.com



လေးတွေသေးပေမင့် သိပ်လှတာဘဲ၊ တဖိတ်ဖိတ် တောက်နေတာဘဲ"

ဦးကျိုးမြိုင်သည် ပန်းကန်များ ကုန်၍ ထည့်ရာမှ ခါးဆန့်လိုက်၏။ အထွေး၏စကားကို သူ ဆက်ပြော၏။

"ဟုတ်တယ်လေ ...ဒီရင်ထိုးနှစ်ခုက ဆင်တူ လုပ်ထားတယ်၊ တခုက ခင်မျိုးဆက်ကိုပေးတယ်၊ တခုက ခင်မေဆက်ကို ပေးထားတာ၊ သူ့ စိတ်ကူးက ကျွန်းကြီးက လယ်တွေနဲ့ သရက်ချောင်းလယ်တွေမှာ သူ ဓားမဦးချ စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ သူ့ဘဝအစရဲ့ အထိမ်းအမှတ်တဲ့"

"ဒေါ်ခင်မျိုးဆက်က ဘယ်ရောက်သွားလဲ" မင်းရွှေဇံက မသိသလို ဖြတ်မေးလိုက်၏။ ဦးကျိုးမြိုင်သည် စကားဆက်ကို မဖြေတော့ဘဲ ပန်းကန်များဘက်ကို စိတ်ရောက်သွားပြန်၏။

"နိုင်ငံခြားမှာတဲ့ ဘယ်တိုင်းပြည်မှာလို့ အတိအကျ အန်တီမေ သိပုံမပေါ်ဘူး၊ အထွေးလဲ ဒေါ်ခင်မျိုးဆက် အကြောင်းကို သိချင်တယ်၊ ဒါပေမင့် သူ့မမအကြောင်း တပိုင်းတစ စကားစပ်ရင်း ပြောတဲ့နေ့ဆို အန်တီမေဟာလေ သူ့ထုံးခံအတိုင်း လက်ကလေးတွေပျော့၊ ခြေထောက်တွေ အေးစက်သွားပြီး အိပ်တဲ့အထိ ဆေးသောက် သိပ်ရပြန်ရော "မမနဲ့ မသေခင်တော့ တွေ့သွားချင်ပါသေးတယ်"တဲ့ သူ့အဲဒီလိုညည်းရင် အထွေးပါ ရောင်ချင်တယ်"

"အိုကွယ်...မိန်းကလေးကလဲ ရှုးလိုက်တာ၊ သူနာပြုဆရာမကလဲ လူနာထက် စိတ်ခိုင်ရမှာပေါ့"

"ဟုတ်ပါတယ်လေ...အထွေးကိုက ဒီအကြောင်းရောက်ရင် အန်တီမေခံစားရသလိုဘဲ၊ ဝမ်းနည်း ပန်းနေဘဲ၊ တခါတလေလဲ



အလ်ဗန်အဟောင်းတွေမှာ ထည့်ထားတဲ့ သူတို့ညီအမ တက္ကသိုလ်မှာ ကျောင်းနေခဲ့တဲ့ ပုံတွေ၊ သူတို့ သရက်ချောင်းရွာက ပုံတွေ၊ မြောင်းမြအိမ်က ပုံတွေကို အလှမ်းပြေ ကြည့်နေတတ်တယ်"

"ကဲ ...အထွေး၊ ပန်းကန်တွေတော့ ထည့်ပြီးပြီ ကားက သေးတော့ အနည်းဆုံး နှစ်ခေါက်သယ်ရမယ်၊ သစ်သီးဗူးတိုက်ဖို့ ကျောက်ကာခွက်ယော်တွေတဲ ထည့်ရတော့မယ်"

ဦးကျိုးမြိုင် ပြောလိုက်သောကြောင့် သူတို့စကားစ ပြတ်သွား၏။

"သယ်ရပေစေလေ.... နောက်ဆုံးခေါက်မှ အထွေးလိုက်ပါတော့၊ ခုမနက်မိုးအုံ့ပါတယ်၊ နေမပူပါဘူး၊ ခြံထဲမှာရောက်ကြည့်သွားပါအုံး၊ ကောင်းကင်နေပုံက ကဆုန်လမပြည့်ခင် မိုးရွာချင်ရွာမှာ ဖြစ်နိုင်ရင်တော့ အထွေးကို မနက်စာ ဒီအိမ်မှာတောင် ကျွေးလိုက်ချင်သေးတယ်"

မင်းရွှေဇံသည် အထွေးနှင့် စကားပြောချိန်ကို အများကြီး ရချင်သောကြောင့် အချိန်ဆွဲလိုက်၏။

"ထမင်းတော့ စားနိုင်မှာ မဟုတ်ဘူး၊ ဒီကအပြန် အန်တီမေကို ဝင်ကြိုရမယ်၊ အန်တီမေ တစောင့်စောင့်နဲ့ ဖြစ်နေမယ်၊ အထွေး နောက်ဆုံးခေါက် ကားအလာမှာ ပြန်တော့မယ်၊ ခြံထဲတော့ ကြည့်ဖို့မလိုပါဘူး၊ ဦးကျိုးမြိုင်ကြီး တယောက်လုံးက အန်တီမေစိတ်ကြိုက် အသိဆုံးမို့ လက်ရာမပျက် ခြံကို မြဲစေထားမှာပါ၊ ကဲ...ပြီးရင် ကြီးဒေါ် ဒေါ်အေးမြကြီးနဲ့ သွားတွေ့အုံးမယ်"

ရှင်မင်းထွေးသည် ပစ္စည်းများ သယ်ယူချထားပြီးမှ ပန်းကန်ထားရာ အခန်းကြီးကို သေချာစွာ သော့ပိတ်ခဲ့၍ အောက်ထပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာလည်။ မင်းရွှေဇံပါ အထွေးနှင့်အတူ ဦးကျီးမြိုင် အိမ်ဘက်သို့ ရှောက်လာခဲ့၏။ အိမ်လေးဆီသို့မရောက်ခင် တဘက်ခြံသို့ သွားသော မလွယ်တံခါးပေါက်အနီးမှ ဖြတ်ရှောက်သွားကြ၏။

"ဆရာ...ရှင်းခိုင်းထားတာလား၊ ဦးကျီးမြိုင် ရှင်းထားတာလား"

အထွေးသည် ဆက်၍ ရှောက်မသွားဘဲ၊ မလွယ်ပေါက်ကို လက်ညှိုးထိုးပြ၍ ခေတ္တရပ်ကာ မင်းရွှေဇံအား မေးလိုက်သည်။

"ခြံရှင်းရင် ဦးကျီးမြိုင်က ရှင်းထားတာပါ၊ ဟိုတလောကဘဲ အဘိုးကြီးမနေ့ဖြစ်လို့ ဒီမလွယ်ပေါက်ကနေပြီး ကျွန်တော် သွားရသေးတယ်"

"ဟုတ်လား...အန်တီမေသာရှိရင်၊ ဒီမလွယ်ပေါက်ကို လုံးဝ ပိတ်ထားမှာ"

"ဘာဖြစ်လို့လဲ၊ ဟိုဘက်ခြံက အန်တီကလေ အဲဒီမလွယ်ပေါက်တဲ့ ကျွန်တော့်ဆီ အပြေးအလွှားလာတာ"

"ဘုရားရေ...ကျားသားမိုးကြိုးဘဲ ပေါ့ အေးလေ...သေရေးရှင်ရေးကျတော့လဲ လူဟာ ဟန်မလုပ်နိုင်ဘူး ထင်ပါရဲ့၊ အထွေး သိရသလောက်တော့၊ ဒီမလွယ်ပေါက်ကို စတင်ပြီး အလုံပိတ်တာက ဟိုဘက်ခြံက လူတွေ အင်း...ဒီမလွယ်တပေါက်က လူ့အသက်တချောင်းကို ကယ်လိုက်တာဘဲ တစတစတော့ သူတို့ စိတ်ထားတွေ ပြောင်းလာကောင်းပါရဲ့"

ရှင်မင်းထွေးသည် လူကြီးလေးသဖွယ် ခပ်ငြီးငြီးပြောရင်း ရှေ့မှဆက်ရှောက်သွား၏။ ဒေါ်အေးမြတို့ အိမ်လေးဆီ မရောက်ခင် အုတ်ရေတွင်းအနားသို့ ရောက်လာ၏။ အုတ်ရေတွင်းသည်



အင်္ဂတေများနှင့် သတ်သတ်ရပ်ရပ် လုပ်ထားရုံမက ဘေးတွင် ရေသုံးသူတို့၏ အညစ်အကြေးများ ကန့်ထဲမဝင်အောင် ရေတွင်းကို ပတ်လည်ဝိုင်း၍ အင်္ဂတေကျထားသည်။ မသန့်သောရေများ သွားဖို့ကိုလည်း အင်္ဂတေမြောင်း ဖော်ထားသည်။

"ဆရာ ဒီအနားကို ခဏခဏရောက်လား၊ အရင်က ရေအခက်အခဲရှိရင် ဒီတွင်းရေကို ရေစက်နဲ့တင်ပြီး ဒီအိမ်ကြီးကို ရေ ပေးရတယ် ပြောတယ်"

"မရောက်မိပါဘူး အထွေးရယ်၊ အပြင်လမ်းရှောက်ထွက်ပြီး ပြန်လာ၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ မရောက်မိဘူး၊ ဟုတ်ပါရဲ့ ခုမှ တွေးမိတယ်၊ ကျွန်တော်လေ ဒီခြံကြီးကို နှံ့နှံ့စပ်စပ် တခါမှမကြည့်မိဘူး၊ ဒီခြံကြီးတပတ်တပတ်ရှောက်ရင်ကို ကျန်းမာရေးနဲ့ ညီနိုင်တယ်"

"အထွေးတို့ လူငယ်ပိုင်းကတော့ အဆက်အဆံ ရှိပါတယ်၊ အန်တီမေနေတုန်းက လူကြီးတွေလစ်ရင် ဟိုဘက်အိမ်က ကားမောင်းတဲ့ ဦးနန္ဒကြီးလေ ဦးကျီးမြိုင်တို့ ကြီးဒေါ်အေးမြတို့ဆီ လာစကားပြောတတ်တယ်၊ သူက တခါတလေ ပြောတယ်၊ သူတို့အိမ်မှာလဲ ဒီလိုရေတွင်းတတွင်းရှိတယ်တဲ့၊ ဒါပေမင့် ရေ တွင်းပျက်ကြီးတဲ့၊ ပြုပြင်မထားဘူးဆိုဘဲ"

သူတို့နှစ်ယောက်သည် ဒေါ်အေးမြ အိမ်ရှေ့ရှိ ကွပြင်လေး တွင် ထိုင်လိုက်၏။

"ဟော...ဘာတွေပြောလာကြလဲ"

ဒေါ်အေးမြသည် ဆီးကြိုနှုတ်ဆက်ရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


“နေကောင်းလား ကြီးဒေါ်အေးမြ၊ ရေတွင်းနား ရောက်လာတာနဲ့ ဦးနန္ဒ ခဏခဏပြောပြတတ်တဲ့ ဟိုဘက်အိမ်က ရေတွင်းပျက်ကြီးအကြောင်း ပြောလာတာ”

“ဟေ”

ဒေါ်အေးမြသည် ရေးလူကြီးပီပီ မျက်လုံး ပြူးပြူးပျာပျာနှင့် အထိတ်တလန့်ဖြစ်သွားပုံရ၏။ မင်းရွှေဇံသည် ဒေါ်အေးမြ အမူအရာကို အံ့သြသွားရပြန်သည်။

“ကျုပ်တော့ သတ္တိမရှိဘူး ပြောပြော၊တာပြောပြော လသာတဲ့ညဆိုရင် ဟိုနောက်ဘက်ကို ဘယ်တော့မှ မသွားဘူး၊ အဲဒီက လှမ်းကြည့်ရင် ရေတွင်းပျက်ကို မြင်မြင် နေရတော့ စိတ်ကို ချောက်ခြားတယ်”

“ကြီးဒေါ်ကလဲ သူတို့ပြောတိုင်း မဖြစ်နိုင်ပါဘူး”

ရှင်မင်းထွေးက ပြော၏။

“အော်...အဲထွေးတို့က သူနာပြုဆရာမဆိုတော့ သူရဲတွေ ဘာတွေ အယုံအကြည်လဲ ရှိမှာမဟုတ်ဘူး၊ ကြောက်မှာလဲ မဟုတ်ဘူး”

“ခုဟာက သူရဲမှမဟုတ်ဘဲ”

“သူရဲမဟုတ်ပေမင့် လူ့ စိတ်မျှား တယ်ခက်တယ်၊ အဲဒီနေရာ လှမ်းကြည့်ဖို့ ကြောက်လဲကြောက်တယ်၊ ဒါပေမင့် အဲဒီနေရာကို မျက်စိ ရောက်ရောက်သွားတယ်၊ ခုထိတော့ ဘာမှ မတွေ့သေးဘူး....”

“ဟင်....တွေ့လဲမတွေ့သေးဘဲနဲ့ ယုံတယ်လား”

ရှင်မင်းထွေးသည် ပြုံး၍ မေးလိုက်၏။



“သူ့ရဲ ဖြစ်တယ် မဖြစ်တယ်တော့ ဘယ်သိမလဲ၊ ဒါပေမင့် ဖြစ်တဲ့အကြောင်းကတော့ တကယ်ဆိုတော့ စိတ်ထဲ ဒီရေတွင်းပျက်ကိုမြင်တိုင်း စိတ်လဲလှုပ်ရှားလာတယ်၊ လသာတဲ့ညဆိုရင် မိန်းကလေးတင်မာလာကို တွေ့များ တွေ့မလားလို့ စိတ်ထင်နေတယ်”ဟု ဒေါ်အေးမြက ဖြေ၏။

“တင်မာလာလား....တင်မာလာ ဘာဖြစ်လို့လဲ”

မင်းရွှေဇံသည် ပုံပြင်ဟောင်းတွေကို တစွန်းတစ ကြားရပြန်သည်။ ဒေါ်အေးမြ မဖြေခင်ပင် အထွေးသည် မျက်နှာ ညှိုးသွား၏။

“ဟုတ်ပါရဲ့....အထွေးသာ မိဘတွေဆိုရင်လေ ဒီအိမ်ကြီးမှာ မနေတော့ဘူး၊ သူတို့မောင်နှမကို တခါတလေများ အသဲနှလုံးမှ ရှိရဲ့လားလို့ အထွေးထင်တယ်၊ သူတို့မောင်နှမက အိမ်ကြီးတစ္ဆေတွေလေ၊ မသေခင်ကတဲက ချောက်နေကြတယ်၊ အန့်တီမေတောင် အထွေးစိတ်ထင်တော့ ဒီအိမ်ကြီးမှာနေရင် ဟိုဘက်ခြံက အိမ်ကြီးတစ္ဆေ မောင်နှမက ချောက်ချောက်ပြနေတာနဲ့ သူ့ ရောဂါတိုးမှာစိုးလို့ ပြောင်းများသွားသလား မသိ”

“ဖြစ်နိုင်တာပဲ”ဟု ဒေါ်အေးမြက ဆို၏။

“တင်မာလာက လသာတဲ့ညမှာ ဒီရေတွင်းမှာ ဘာလာ လုပ်လို့လဲ”

မင်းရွှေဇံသည် ထပ်မံမေးတော့မှ ရှင်မင်းထွေးသည် ဒေါ်အေးမြနှင့် စကားစပြတ်ခါ သူ့ မေးခွန်းကို ဖြေလိုက်၏။

“လူကြီးတွေကတော့ လူကြားကောင်းအောင် ရေတွင်းမှာ ရေခတ်ရင်း တွင်းထဲ ကျသေသွားတယ်တဲ့၊ အထွေးတော့ မယုံပေါင် စဉ်းစားကြည့်ပါလား ဆရာရယ်၊ ရှမ်းရှမ်းတောက် ချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာတဲ့ သူဌေးသမီးတစ်ယောက်က ရေတွင်းမှာ ရေလာခပ်တာမတဲ့လား၊ ရေတွင်းထဲခိုချသေမှာပါ။ အထွေး လာအလုပ်မလုပ်ခင်က အဖြစ်၊ အထွေးမမွေးခင်ကအဖြစ်ဆိုတော့ တကဲ့အဖြစ်ကို အထွေး မသိလိုက်တော့လဲ ဒေါ်တင်မာလာ ဘယ်လို သေရတယ်လို့ အကြောင်းရင်းကို မသိဘူး၊ ရေတွင်းထဲမှာ အလောင်းဆယ်ပြီး သဂြိုဟ်ရတာတော့ တကယ်ဘဲတဲ့ ကြီးဒေါ်တို့ မျက်မြင်ကို”

“ကြီးဒေါ်တို့မှာတော့ လွမ်းလွမ်း ဆွေးဆွေးကြီးပါဘဲ ဆရာကြီးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မသေခင် မျက်စိထဲ မြင်ယောင်နေတာက၊ တင်မာလာရယ် သူ့သူငယ်လေးရယ် ရေတွင်းဘေးမှာ လာသာတဲ့ ညဆို စကားမပြောပြောနေကြတယ်၊ ခုလိုရေတွင်း ပျက် မဟုတ်သော့ သွတ်သွတ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဘဲ ကြီးဒေါ်တို့က မြင်နေကျကို ကလေးမလေးက တယ်ချောတယ်၊ တင်မာလာဆိုးတော့ ရှင်မင်းထွေးတို့ အရွယ်ဘဲ”

“အထွေးသာ ဒေါ်တင်မာလာ ဆိုရင်လေ .. လသာလာရင် အထွေးကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာဘဲ”

မင်းရွှေဇံသည် အထွေး ပြောဟန် ဆိုဟန်ကို တအံ့တသြ ဖြစ်လာယုံမက စကားလုံးများကိုလည်း သတိထားနားထောင်မိ၏။ အထွေးသည် အသံသေးသေး မျှင်မျှင်လေးနှင့် ကြောက်ဘွယ် ဆက်ပြောနေ၏။

“အဲဒီကန်ဘောင်လေးမှာ ထိုင်နေမယ်၊ ကန်ဘေးက ပတ်လည် စိုက်ထားတဲ့ စပယ်ရုံတွေကြားမှာ လမ်းလျှောက်ပြမယ်၊ အထွေး ချစ်သူက လာချင်လာ မလာချင်နေ၊ အခု သိရသလောက် ဒေါ်တင်မာလာရဲ့ ချစ်သူမှာ အပြစ်မရှိပါဘူး၊ အဲဒီတော့ လသာတဲ့ ညမှာ အထွေးလျှောက်ပြနေတာကိုလေ၊ အဲဒီအိမ်ကြီး



ဘဆွေ မောင်နှမ တွေ့စေချင်တာပါ၊ အဲဒီတော့မှ အချစ်ဆိုတာ ဒါပဲလား၊ တမလွန်ဝိညာဉ် ဘဝတောင် ပျောက်ပျက်မသွားဘဲ စွဲကပ်လိုက်သွားရလောက်အောင် လူငယ်တွေရဲ့ စိတ်မှာ ထိခိုက်တတ်ပါလားလို့သိမယ်။ ဒါမှလဲ လူငယ်တွေ အချစ်စိတ်ဝင်လာရင် ဘယ်လို သိမ်သိမ်မွေ့မွေ့ ကိုင်ရမယ်ဆိုတာ သူတို့နားလည်မယ်။ ခုတော့ အသိန္နလုံးဆိုတာကို ကနစို ထင်းပေါက်သလို ခွဲခြမ်းပြီး မီးဆိုက်ပြစ်ကြတော့ အဲဒီမီးက သူတို့အိမ်ကြီးကို အခုလောင်နေဘီ။ ထယ်ဝါသပ်ယပ်သလောက် ကျက်သရေမရှိတဲ့ အိမ်ကြီး”

ရှင်မင်းထွေးသည် မျက်နှာထား ဟန်ပန်က အစ နာကျည်းခံခက်နေပုံရကာ၊ တခါက ဤဒေါ်တင်မာလာဆိုသော အမျိုးသမီး ခံစားနေရသော ဝေဒနာမျိုး၊ သူထပ်တူ ခံစားရသလိုပင် သူသည် စကားလုံးများကို တရှိန်ထိုးပြောဆိုလိုက်၏။ မင်းရွှေဇံ အပေါ်တွင်လည်း ဆရာဝန်တယောက်နှင့် သူနာပြု ဆဲရာမှ တသော လေးစားမှုပင် ပျောက်သွားကာ သူသည် ဤအိမ်ကြီး၏ အိမ်ရှင်မသတ္တယ်၊ အမှုအယာသို့ ရုတ်တရက် ပြောင်းသွားတော့သည်။

“ကဲ….အထွေးပြန်တော့မယ်၊ အိမ်ကကားလဲ ပြန်လာလောက်ဆောပေါ့၊ ကြီးဒေါ်မြရေ ဒီကအပြန် ဒေါ်မေခေတ် ဇရပ်မှာ အန်တီမေကို ကြိုရအုံးမယ်”

ရှင်မင်းထွေးသည်၊ ဖောက်ဆတ် ဖောက်ဆတ်နှင့် ဒေါသ ဖြစ်နေသူသဖွယ် ထသွားတော့သည်။ ဘာကိုမှ နားမလည်သော မင်းရွှေဇံသည် ရှင်မင်းထွေး အမူအယာအပေါ် ဘယ်လိုမှ ကောက်ချက်မချနိုင်ဘဲ နောက်မှသာ လိုက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှာ အဆင်သင့် ရောက်နေပြီဖြစ်၍ ရှင်မင်းထွေးသည် သူ့ကိုနှုတ်ဆက်ခါ ကားပေါ်တက်သွား၏။ ဦးကျီးမြိုင်သည်လည်း ဆွမ်းကျွေးအတွက် ရက်လိုသေးသော်လည်း ကြိုတင်ပြင်ဆင်နိုင်ရန်လိုက်သွားမည့်အကြောင်း မင်းရွှေဇံအား ခွင့်တောင်းခါ ရှင်မင်းထွေးနှင့်အတူ ပါသွားတော့သည်။ သူသည် သံဆွဲတံခါးကို မပိတ်သေးဘဲ၊ အိမ်ရှေ့ မြက်ခင်းဘက်ဆီသို့ လမ်းလျှောက်ထွက်သွား၏။ သူသည်လည်း အမှတ်မထင် အိမ်ရှေ့ မြက်ခင်းအစပ်မှ တဘက်နှစ်ထပ်အိမ်ကြီးကို လှမ်းမျှော်၍ ကြည့်မိ၏။ အိမ်ကြီးသည် အုတ်သက်သက်ဆောက်ထားသော နှစ်ထပ်တိုက်အိမ်ဖြစ်၍ သူငှားနေသောအိမ်လိုပင် ဆင်ဝင်ကို သုံးဘက်ချကာ အတော်ကြီးမားသော တိုက်ကြီးတလုံး ဖြစ်သည်။ သူတို့အိမ်ဘက်သို့ ထုတ်ထားသော မြောက်ဘက် ဆင်ဝင်ကပင် သာမာန်အိမ်တဆောင်၏ ဧည့်ခန်းနီးနီး ကျယ်ဝန်းပေသည်။ ဤတိုက်ကြီးပုံပန်းကပင် တိုက်ကို ပိုင်ဆိုင်သူတို့၏ ကြံ့ခိုင်တောင့်တင်းသော စီးပွားအခြေအနေ ဂုဏ်အရှိန်တို့ကို ဖော်ပြနေသလို ရှိပါသော်လည်း၊ ရှင်မင်းထွေးပြောသလိုပင် တစုံတခုသော ဝိညာဉ်များက ကပ်ညိ၍ ခြောက်လှန့်နေသလိုရှိကာ တိုက်ကြီးသည် ကျက်သရေမဲ့လှပေသည်။

သူရပ်နေသောနေရာမှာ တခါက ဦးကျီးမြိုင် ညွှန်ပြခဲ့သော မြက်ခင်းဘေးရှိ နှစ်ယောက်ထိုင် သစ်သားခုံတန်းလေး ဖြစ်၏။ ဆေးဖြူများ သုတ်၍ နောက်မှီဖြင့် သတ်သတ်ရပ်ရပ် ပြုလုပ်ထား၏။ ထိုသစ်သားခုံတန်းလျားပေါ်တွင် သူထိုင်လိုက်သည်။ တန်းလျားပေါ်သို့ ထောက်ဇရစ်ပန်းပင် တပင်မှာ မိုးလျက်ရှိ၍ ထောက်ဇရစ်ပင်နှင့် ယှဉ်ရက်ကမူ ဆိတ်ဖလူးပင် ဖြစ်သည်။



ဤပန်းများသည် တကယ်တော့ တောပန်းများသာ ဖြစ်၏။ ရန်ကုန်သူတို့ တန်ဘိုးသိပ်မထားပေ။ တချို့ရန်ကုန်သူများ မြင်ပင် မြင်ဘူးကြမည် မဟုတ်ပေ။

ဖြေးညှင်းစွာတိုက်ခတ်လာသော နံနက်ခင်းလေတွင် မိုးသက်ယံ့များ ပါလာ၍ ညနေလောက်တွင်များ မိုးရွာမလားဟု သူထင်၏။ သူသည် သူ့အိမ်ဘက်ကို မျက်စိပြောင်းလိုက်၏။ ခဏ တခဏ ရှင်မင်းထွေး၏ ပြောဟန် ဆိုဟန်များသည် သူ့မျက်စိထဲတွင် တဖန်ပေါ်လာ၏။ အကယ်၍သာ ဤအိမ်ပေါ်တွင် ရှင်မင်းထွေးသည် အိမ်ရှင်မသဖွယ် ရှိနေပါလျှင် ပို၍ပင် ဤအိမ်သည် ကျက်သရေနှင့် ပြည့်စုံပေလိမ့်မည်။

ရှင်မင်းထွေးအမူအရာက စိတ်ကြီးဝင်သည့်ပုံလည်း မဟုတ်သည်ကို သူ အကဲခတ်မိ၏။ သူသည် ဤအိမ်တွင် တစုံတခု ပိုင်ဆိုင်ခွင့်ရှိသော အိမ်သားတယောက်သဖွယ် သူ ပြောပုံသည် စီးပိုင် ခန့်ညားလှ၏။ ဒေါ်ခင်မေဆက်ကို သူ စိတ်ဝင်စားသည်က တမျိုး၊ ရှင်မင်းထွေးအပေါ် စိတ်ဝင်စားသည်က တမျိုး ဖြစ်သည်ကို သူ့စိတ်သည် သူ့အား ခွဲခြား၍ ပြလိုက်၏။

“အထွေးသာ ဒေါ်တင်မာလာဆိုရင်လေ အထွေးကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာဘဲ..” “လသာတဲ့ညဆိုရင် အဲဒီ ကန်ဘောင်လေးဘေးမှာ ထိုင်နေမယ်၊ အထွေးချစ်သူ လာလာ မလာလာ အထွေး စောင့်နေမယ်....”

သူ့ဘာသာတွေပြောသွားပါလိမ့်၊ ဟိုဘက်တခြံတွင် ရှိတွင်း၌ ဘဝဆုံးသွားပါသော ဒေါ်တင်မာလာလို အထွေး၏ အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



သည် မဆိုးပါစေနှင့်၊ လသာသောညတွင် ချစ်သူကိုမမျှော်ရဘဲ ချစ်သူနှင့်အတူ ဤမြက်ခင်း စိမ်းမြမြပေါ်တွင် ယှဉ်တွဲ ရှောက်နိုင်ပါစေ၊ ထိုစဉ်အခါတွင်သာ အတွေး၏ဘေးမှ ချစ်သူသည် ဆရာဝန် မင်းရွှေဇံဖြစ်ပါစေ၊ သူသည် ပါးစပ်ကမင် တိုးတိုး ရေရွတ်လျှမ်တတ် ဆုတောင်းမိ၏။

"ဒီမှာ...ဒီမှာ...မောင်ရင်"

မိန်းမတကြီး၏စကားသံမှာ သူ့အတွေးကို ပြတ်သွား၏။ သူ လှည့်ကြည့်လိုက်သောအခါ မိန်းမကြီးတယောက် သူ့အပါးတွင် ရပ်နေ၏။ အသက် ခြောက်ဆယ်တွင်းလောက် ရှိပေမင့် ချိချိနွဲ့နွဲ့ မဟုတ်၊ ဒေါ်အေးမြလိုပင် သန့်သန့်မာမာရှိသေး၍ မဝသော ကြောင့် ဖြတ်လတ်နေပုံရ၏။ အမျိုးသမီးကြီး မျက်နှာသည် နေလောင်များများခံရသော ရာသီဥတုဒဏ်ကြောင့် ချောက်ချွေ့ ကာ အရေများတွန့်နေ၏။ သို့သော် ပါးပေါ်တွင်မူ အငြိမ့် သမများ အိပ်နိုးထ လိမ်းကျံထားသလို သနပ်ခါးဘဲကြားကို ထူထူကြီးလူးထား၏။

ပထမသော် သူ့မျက်နှာကို မြင်မြင်ခြင်း အမျိုးသမီးကြီး အားငယ်ကြောက်ရွံ့နေပုံပေါက်၏။ သူသည် ပြုံးပြလိုက်ခါ... "ဘာကိစ္စ ရှိလို့ပါလဲ ခင်ဗျာ"ဟု မေးလိုက်သောအခါတွင်မူ ရုတ်တရက် ဝမ်းသာအားရဟန်သို့ မျက်နှာအမူအရာ ချက်ခြင်း ပြောင်းသွား၏။

"လူလေးရေ...လလေး....လာလာ"

မိန်းမကြီးသည် ခြံဝဆီသို့ ရုတ်တရက် အော်ခေါ်ရင်း.... "တွေ့ဘီ....တွေ့ဘီ"ဟုလည်း ဆိုလိုက်၏။ ထိုမိန်းမကြီး၏ အော်သံကြောင့် ခြံဝတက်မှ သူငယ်လေးသည် သူတို့ထံသို့ ခပ်သွက်



သွက်ကလေး ရှောက်လာ၏။ သူတို့ အနားရောက်လာလျှင် အူးအူး....အားအား....နှင့် သူငယ်လေးသည် မပီမသ စကားလုံး များကို ရွတ်ဆိုနေ၏။ သူငယ်လေးမှာ ဆွံ့နေသော လူငယ် တယောက် ဖြစ်နေတော့သည်။

"ဒီလိုပါမောင်ရင်ရယ်.... ဒီအိမ်ကြီးမှာလေ သူဌေးမကြီး ဒေါ်ခင်မေဆက်မရှိတော့ဘူးလား၊ သူ့ကျန်းမာရဲ့လား....၊ သူ ဘယ်သွားနေလဲ၊ ကျမ... ကျမ... အဲလေ....ဒေါ်ဒေါ် ခွာဆင် ဝင်အောက်ကနေ ကြည့်တော့ သံဆွဲတံခါးက ဟနေပေမင့် တယောက်မှမတွေ့လို့ မဝင်ရဲလို့ ပြန်မယ်လုပ်တုန်း မောင်ရင့်ကို သစ်ပင်အောက်မှာတွေ့လို့ လာတာပါ၊ သူ ဘယ်မှာလဲ၊ ကျန်း မာရဲ့လား"

"ကျန်းမာမှာပါတယ်ခင်ဗျာ၊ ဒီမှာတော့ မနေတော့ဘူး၊ သူ ပြောင်းသွားဘီ၊ ကျွန်တော်က ဒီအိမ်ကို ခေတ္တငှားနေတာပါ"

"ပြောင်းသွားဘီ"ဟူသောစကားလုံးကို ကြားလိုက်လျှင်ပင် အဒေါ်ကြီးသည် မျက်နှာ ချက်ခြင်း ညှိုးကြသွား၏။

"ကိစ္စ အရေးတကြီးရှိလို့လား ပြောပါ၊ ကျွန်တော် သူ့ ဆီကို အကြောင်းကြားပေးနိုင်ပါတယ်"

"အော်...ဒီလိုလား၊ တော်ပါသေးရဲ့၊ အမှလေး.... ခုမှ အလုံးကြီးကျသွားတယ်"

"အား...အား... အဘူးဝါး"ဟူသော အသံနှင့်အတူ သူငယ် လေးကလည်း သူ့ရင်ပတ်သူ ပုတ်ပြကာ ဝမ်းသာဟန်နှင့် ပြော ပြ၏။ 'ငါနှယ် ဘယ်သူတွေနှင့် လာတွေ့နေပါလိမ့်'ဟု သူ့ရင်ထဲ တွင် ငိုအားထက်ရယ်အားသန်သလို တွေးလိုက်မိ၏။ ခပ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှ ဒေါ်အေးမြသည် သူတို့ဆီသို့ရောက်လာ၏။ အမျိုးသမီးကြီးသားအမိမှာ ကြောင်နိုင်းနေ၍ ဒေါ်အေးမြကို မမြင်ပေ။ ဒေါ်အေးမြသည် သူတို့အပါး ရောက်လာသည်နှင့် တပြိုင်နက်...

"သခင်မကြီးပါလား"ဟု အော်လိုက်၏။ အမျိုးသမီးကြီးသည် ဒေါ်အေးမြဘက်လှည့်ကာ "အို...ဒေါ်အေးမြတို့ ရှိသေးသားဘဲ၊ သူဌေးမကြီးရော...ကျုမလေ ခုမှ အားတက်သွားတယ်၊ ခုဏ တွေ့ယောက်မှ မတွေ့တော့ ဘယ်လိုဖြစ်လို့ ဘယ်ကိုများ ရောက်သွားသလဲ တလောက နေ့ဘက်ဆုံးတွေ့ချိန်မှာ သူဌေးမကြီးက ကောင်းကောင်းမမာတော့ သူရှိမှ ရှိသေးရဲ့လားလို့၊ ခုမှ ခုမှ စိတ်ချမ်းသာသွားတယ်၊ ရှင်ကြီးရှင်ကောင်းတို့ရယ်ကယ်ပါ၊ ဒီသူငယ်မလေး မသေပါစေနဲ့"

ရှတ်ဆိုသော စကားလုံးများနှင့် အမူအယာမှာ ဇာတ်ဟန်ပါနေ၍ ရယ်စရာလို ဖြစ်နေသော်လည်း စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောနေပုံရ၏။

"သခင်မကြီးကလဲ မလာတာ ကြာမှကိုး၊ မေတို့ ဒီအိမ်က ပြောင်းသွားတာ တနှစ်နီးပါးရှိတာ"

"မလာဆို ဟောဒီသား...ဟောဒီသား၊ အုတ်ပိလို့ ခေါင်းထိသွားတာ ဒဏ်ရာကိုဆေးကုလို့ လူသာကောင်းလာတယ် စကားမပီတော့ဘူး"

"ဖြစ်ရလေ" ဒေါ်အေးမြ စကားအဆုံးတွင် ဆွဲနေသူသငယ်လေးသည် သူ့အဖြစ် အပျက်ကို ခြေဟန် လက်ဟန်နှင့် ဝင်ပြောပြန်၏။

"ဒီလိုပါမောင်ရင်ရဲ့၊ ဒေါ်ဒေါ်က ဥက္ကဋ္ဌကြီးကတော်ပါ" မင်းရွှေဇံသည် ရုတ်တရက် ပြုံးလိုက်မိ၏။ သူ့ကြားနေရသော



မီးနစ်ပိုင်း၏ အချိန် ပတ်ဝန်းကျင်တွင် သခင်မကြီး၊ သူဌေးမကြီးနှင့် ဥက္ကဋ္ဌကြီးကတော် စကားလုံးများ ရှုတ်ထွေး ရောယှက်နေ၍ ဖြစ်ပေသည်။

"တိုဗမာအစည်းအရုံးက ဥက္ကဋ္ဌကြီး သခင်လှဘော်ရဲ့ ဇနီး ဒေါ်သိန်းရင်ဆိုတာ ကျုပ်ပါ၊ ခုတော့ သူမရှိတော့ဘူး၊ သူ့အပေါ်ထားတဲ့ စေတနာကြောင့် ကောင်းစားနေကြတဲ့ တချို့ သခင်တွေအိမ်သွားရင် ဒေါ်ဒေါ့ကို ဝိုင်းဝန်းဘောက်ပံ့ကြလို့ ဒေါ်ဒေါ့မှာ ကလေးတပုံနဲ့ ထမင်းမငတ်ခဲ့ဘူး၊ သူဌေးမကြီးကတော့ ဒီလိုပြောတယ်၊ ရုထူးတို့ ပစ္စည်းတို့ဆိုတာ သခါရတဲ့ ကုလားထိုင်ရှိတဲ့ သခင်တွေ ကုလားထိုင်ပြုတ်ပြန်ရင် ဒေါ်ဒေါ်ဒုက္ခတဲ့ ဒီတော့ ဒေါ်ဒေါ့သားကို ကျောင်းထားပေးမယ် ပညာတတ်တော့ အသက်မွေးဖို့လွယ်တယ်ဆိုပြီး ကျောင်းလခအစဉ်ထောက်ပံ့နေတယ်၊ အဲဒါ သားက ကျောင်းတက်ရင်း မအေအတွက်သယ်တာကို ကျောင်းအားရက် ဝင်သယ်တာ မဆလာ မချောက်သေးတဲ့ လုပ်စနိုရီတခု ပြိုကျပြီး ခေါင်းဒဏ်ရာရသွားတယ်၊ ဒဏ်ရာသာ ပျောက်သွားတယ် စကား မပီတော့ဘူး၊ ကျောင်းလဲမတက်ရတော့ဘူး၊ ကျောင်းလခလဲလာမတောင်းမိ၊ သူစိတ်ဆင်းရဲမှာ စိုးလို့ ကိုယ့်ဒုက္ခလဲကိုယ် မပြောချင်ဘူး၊ ခုမှ ကျောင်းမတက်နိုင်တော့တဲ့အကြောင်း လာပြောတာပါ၊ မောင်ရင်ရယ်၊ ဒေါ်ဒေါ့ကံပေါ့ ပြန်တော့မယ်"

"မပြန်နဲ့အုံး...မပြန်နဲ့အုံး၊ အိမ်ထဲလိုက်ခဲ့ပါ၊ ကျွန်တော်က အကြောင်းစုံ အကုန်မသိသေးလို့ပါ သခင်မကြီး၊ ဘာဘဲဖြစ်ဖြစ် ကျွန်တော့ဆီမှာအကူအညီတောင်းနိုင်ပါကယ်၊ ဒေါ်ဒေါ်တို့ သူဌေးမကြီးကိုယ်စား ကျွန်တော်ကူပါ့မယ်၊ ဒေါ်ခင်မေဆောက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့ရောဂါနဲ့နဲ့တိုးလာလို့ သူ့ဆရာဝန်က ကျွန်တော့မှာခဲ့တယ်၊ စိတ်ထိခိုက်စရာဆို ဘာမှ အသိမပေးနဲ့ဆိုလို့ သူ့ကို အေးအေးဘဲထားကြတယ်၊ သူကျန်းမာတော့ လူချင်းဆုံကြတာပေါ့"

"ကျေးဇူးကြီးလှပါတယ် မောင်ရင်ရယ်" သူတို့သည် အိမ်ပြင်မှ လမ်းလျှောက်ရင်း အိမ်ထဲသို့စကားပြောကာ ဝင်လာကြ၏။ ဧည့်ခန်းတွင် သခင်မကြီးတို့ သားအမိကို ကျွေးမွေးပြီး သူငွေငါးဆယ် ကန်တော့လိုက်တော့သည်။

## အခန်း-၄

## ဒေါ်မေခင်ဝီ

ရှင်မင်းထွေးသည် မင်းရွှေဇံအိမ်မှ အပြန် ဒေါ်မေခင်ဝီ၏ ဇရပ်ကိုဝင်ကာ ဒေါ်ခင့်မေဆက်ကို ခေါ်သွား၏။ ဇရပ်ရှေ့မှ ထွက်ခွာသွားသော ကား၏ နောက်ပိုင်းကို သီလရှင်ကြီး ဒေါ်မေခင်ဝီသည် ငေးမျှော်ကြည့်ရင်း ကျန်ရစ်၏။ ကားမျက်စိအောက်မှ ပျောက်သွားမှပင် သူသည် ဇရပ်အတွင်းသို့ ပြန်ဝင်ခဲ့၏။ ကားထဲတွင်မူ ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေးနှင့်အတူ ပါသွားသည်။ အများအမြင်တွင် သူဌေးမကြီး ဒေါ်ခင်မေဆက်အနေနှင့် ထင်ရှား ပီသ ခန့်ညားလှသော ရုပ်သွင်ကို သူ့မျက်လုံးထဲတွင်တော့ သူချစ်ပွေ့ ချော့မြှူခဲ့သော တူမလေး ပုစုံးမအနေနှင့်သာ မြင်ခဲ့သည်။ ပုစုံးမသည် သူ့မျက်စိအောက်တွင် ဘယ်တော့မှ မကြီး သူ့ရင်ခွင်ထဲတွင် ရယ်မြူးနေသေးသည်ဟုလည်း သူထင်၏။ ဂါဝန်ဖြူဖြူလေးနှင့် သရက်ပင်များအကြား ပြေးလွှားနေသော ရုပ်သွင်နှင့်လည်း မြင်ယောင်၏။ ကျစ်ဆံမြီးနှစ်ဘက်ချ ဖဲကြိုးဖြူဖြူလေးများ အဖျားတွင် ချည်ထားသော အပျိုပေါက် အရွယ်လေးနှင့်လည်း သူမြင်ရမိ၏။ ယခုတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထက်မှ ခွဲခွာသွားကာ တခမ်းတနား အများအခေါ် သူဌေးမကြီး ဒေါ်ခင်မေဆက်တဲ့။

တူမအကြီးဖြစ်သူ ဒေါ်ခင်မျိုးဆက်ကိုလည်း စိတ်အေးလက်အေးရှိသူမို့ ချစ်ရပေ၏။ ချစ်စနိုးဖြင့် ပိုးဥဟု သူခေါ်ခဲ့သည်။ ခင်မျိုးဆက်သည် ပိုးဥလေးလိုပင် ဖြူဖြူလုံးလုံး အေးအေးစက်စက် နေသလောက် ခင်မေဆက်ကမူ အဆော့လည်းသန်၏။ အငိုလဲသန်သူမို့ အချော့ရခက်လှ၏။ သူ့အပေါ် ငယ်စဉ်က နွဲ့ဆိုးဆိုးခဲ့သလောက် သူ၏ အိုးမင်းချိန် ဘဝ၏ နောက်ဆုံးပိုင်းတွင် စိတ်အေး လက်အေး နားနိုင်အောင် ဖန်တီးပေးသူမှာလည်း ခင်မေဆက်သာဖြစ်၏။ နေ့စဉ် မေတ္တာပို့တိုင်း သတ္တဝါအားလုံး ခြုံကာ သူသည် မျှမျှတတ ပို့ခဲ့သည် ဆိုသော်လည်း ခင်မေဆက်ကို သီးသန့် မေတ္တာ ပို့၍ ပို့ခဲ့ရ၏။ ဘဝယစ်ပလ္လင်တွင် ပူဇော်ခံထားရသော သားကောင်များအဖြစ် ယနေ့တော့ သတ္တဝါအများကို ဒေါ်မေဓာဝီက မြင်ခဲ့၏။

သူသည်လည်း တခါက ဘဝယဇ်ပလ္လင်တွင် သေသောက်ကျိုးသော ယင်နတ်၏ ချယ်လှယ်သမျှကို ခံယူခဲ့ရ၏။ ယင်နတ်၏ နှုတ်ခမ်းဖျားမှ လက်မတင်ကလေး ခုံထွက် လွတ်မြောက်ကာ ဘဝတဖန် ပြန်မဖြစ်တော့သော တရားကို ရှာဖွေတွေ့ခဲ့ရ၍သာ အသက်ရှူ မှန်နိုင်ခဲ့ရသည်။

တနေ့တော့လည်း သူ့တရားအကြောင်းကို ဆွေးနွေး ပြောဆိုရန် ခင်မေဆက်နှင့် အခွင့် ကြုံကောင်းပါရဲ့။ ရှောက်ရသူ ပန်းလျှ နွမ်းမောလှသော အကွေ့တထောင် အကောက်တသိန်းဖြင့် ကန္တာရခရီးကို ရှောက်တတ်လျှင် မမောတော့ကြောင်းကို



သူ့ရင်တွင်းက သိနားလည်သော်လည်း၊ သူသိသလို ခင်မေဆက် မသိမှာကို စိုးမိ၏။

သူသည် ဒေါ်ခင်မေဆက်၏ မိခင် ဒေါ်ခင်စောမူအရိပ်မှ လွတ်ထွက်သွားကတဲက ကန္တာရကိုဖြတ်အကူးတွင် ပိုးစိုးပက်စက် မမျှော်လင့်သော အကွေ့ အထောင့်များကို ဖြတ်သန်းရှောက်ခဲ့ရသည်။ တခါတရံတော့ သူသည် သီလရှင်ကြီး ဒေါ်မေဓာဝီ ဘဝကို မေ့လျော့နေတတ်၏။ မမြသန်းဘဝကိုတွေးမိတိုင်း ထိတ်လန့်ခြင်းဖြစ်ခဲ့ရသည်။ သို့သော် ထိုထိတ်လန့်ခြင်းကတဲ ဝဋ်ဘာ လမ်း၏ လွတ်မြောက်ရာလမ်းဆုံးကို ရှာမိအောင် လှုံ့ဆော်ပေး လိုက်သည့်အတွက် ထိုသံဝေဂသည် မြတ်သောသံဝေဂဟူ၍ ဆိုရပေမည်။

မညွန့်ရီတို့အဖေနှင့် မဆုံခဲ့ရလျှင် ကောင်းပေသားဟုလည်း တခါတရံတွေးမိ၏။ သူသည် ဦးဆက်၏ နှမဝမ်းကွဲများအနက် တယောက်အပါအဝင် ဖြစ်သည်။ ဒေါ်ခင်စောမူ မိသားစု အသိုက်အမြုံ ကြီးမားသည်နှင့်အမျှ သူသည် ယောင်းမအဖြစ် ထက် ညီမတယောက်သဖွယ် အနေနှင့် ဤဆွေမျိုးစု စုပေါင်း နေထိုင်တတ်သော သရက်ချောင်းကျေးရွာအိမ်ကြီးတွင် ဩဇာ ကြီးမားသူတယောက်ဖြစ်ခဲ့၏။ မီးဖိုချောင်ကို လုံခြုံအောင်ထိန်း သိမ်းကွပ်ကဲနိုင်သူမို့ ဒေါ်ခင်စောမူက သူ့ကို ညီမအရင်းသဖွယ် ညာလက်ရုံးအဖြစ် အားကိုးခံရသူပါတည်း။

ဦးဆက် - ဒေါ်ခင်စောမူတို့က မြေကိုရင်း၍ မိဘ ဘိုးဘွား မဦးချမြေနှင့်ပင် အမွေအနှစ်ခံစားရသူများဖြစ်၏။ ညီဖြစ်သူ ဦးသက်ကမူ ဂေါ်ဒုံသောင်မှဆံစက်ကို အမွေအဖြစ် ရထားသူ ဖြစ်သည်။ မညွန့်ရီတို့အဖေ ကိုထွန်းလှသည် ဦးသက်၏ ဆံစက်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဖြစ်သည်။ ဦးစိုးသူ၏အကျင့်ကို လိုက်လျောက်လေသလားမသိ၊ အဂုဏ်သိက္ခနှင့် လုံးဝခြားနားသော စက်သူဌေးဦးသက်၏အကျင့်က ကိုထွန်းလှတွင် ပါခဲ့သည်။

ဒေါ်မြသန်းသည် မည္နှင့်ရှိမွေးတော့မှ ဘဝဆိုတာ မျက်ရေလဲပါပါလားဟု သဘောပေါက်စပြုလာသည်။ ကိုထွန်းလှနှင့်လိုက်နေသော မြောင်းမြအိမ်ကို မမစောမူရောက်လာတိုင်း မမစောမူသည် ကလေးအနီးကအစ လိုလေသေးမရှိ သူ့အပေါ် ယေးကမ်းပြုစုစောင့်ရှောက်ပေမင့် မိန်းမဆိုသည်က ကလေးအဖေ ဝင်ငွေနှင့်ဝယ်ယူလာသော ပိတ်ဖြူဖြူကလေးနှင့်သာ သူ့ရင်သွေးကို ထွေးပိုက်လိုသည်။

သမီးလေးကို ရင်ဝယ်ပိုက်၍ ယခင်ကလိုပင် ဒေါ်ခင်စောမူအိမ်ကြီးရိပ်ဝယ် သူပြန်ခိုတော့မည် ကြံစည်တိုင်း ကိုထွန်းလှကခွင့်မပြု။ ဦးသက်ကလည်း ခြားကြိမ်း ကြိမ်းခဲ့၏။

"ကျွန်စိတ်ကို မပျောက်ဘူး၊ မြသန်း...နင်တယောက်လုံး မစောမူရဲ့ အိမ်ကြီးကျွန်အဖြစ်နေလာပြီး ခုလဲ သမီးကိုပါ သူတို့ကျွန်အဖြစ်ဆက်ခံဖို့ နင်က သခက်ချောင်းအိမ်ကို ပြန်သွားအုံးမယ်ပေါ့လေ... နာမယ်ကိုက မစောမူ...မစောမူပေါ့၊ သရက်ချောင်းက မစောမူက ရန်ကုန်ရောက်မှ ခင်စောမူတဲ့"

ဦးသက်စကားများသည် ပထမသော် ဟုတ်သလို ရှိခဲ့၏။ ဦးသက် စကားကြောင့် သူ့အပေါ် စေတနာထားခဲ့ပါသော ဒေါ်ခင်စောမူ၏အိမ်ရိပ်မှ ခပ်ခွာခွာ နေခဲ့မိ၏။

ဒေါ်ခင်စောမူကမူ ကလေးများ ကျောင်းဖွင့်ချိန် သရက်ချောင်းရွာမှ မြောင်းမြသို့ရောက်တိုင်း သူ့အိမ်သို့ အမြဲဝင်၏။



သူ့အခြေအနေကို လေ့လာ၏။ မြောင်းမှ ရန်ကုန်ရှိ ရွှေတိဇင်အိမ်ကို သွားတိုင်းလည်း ဝင်၍ သွား၏။ "မမြသန်း....ထွန်းလှနေပုံထိုင်ပုံ ဟုတ်ကဲ့လား"ဟု မေးတတ်သည်။ သူသည် သူ့ခင်ပွန်းသည်၏ အခြေအနေကို တကယ်တန်း မြေဆိုရစတမ်းဆိုတော့လည်း ဘယ်ပုံစံ၊ ဘယ်ရုပ်လုံး ဟူ၍ ပီပီသသ အပြောရခက်၏။ ဂေါ်ဒူ သောင်စက် မီးလောင်ပြီးကတဲ့က သူ့စီးပွားရေးကို ရန်ကုန်တွင် အခြေချခဲ့သော ဦးသက်နောက်ပါးသို့ တကောက်ကောက်သာ လိုက်နေပါသည်။ ကိုထွန်းလှ ဘာလုပ်သည်ကို သူမသိ။

သူ့ရင်ထဲတွင် ဒေါ်ခင်စောမူအပေါ် အကြည်ညိုပျက်၍တော့ မဟုတ်၊ သူ့လိပ်ပြာ သူမသန့်၍ သရက်ချောင်းကျေးရွာအိမ်ကြီးကိုလဲ မပြန်ရဲ ဒေါ်ခင်စောမူ၏ မြောင်းမြ အိမ်ရိပ်ကိုလည်း မဝင်ဝံ့နှင့် ကျဘမ်း ဈေးတောင်း ခေါင်းရွက်ခါ သမီးညွန့်ရှိနှင့် နေခဲ့တော့သည်။ သူ့လင် ကိုထွန်းလှသည် ဒေါ်ခင်စောမူ အိမ်ရိပ်သို့ ပြန်မခိုရန် သူ့ဆရာ ဦးသက်လေသံအတိုင်း ပြောခဲ့သော်လည်း တကယ်တန်း လက်တွေ့ သူ့တို့ သားအမိနှစ်ယောက်တာဝန်ကို ဘယ်သူမှ မယ်မယ်ရရမယူ ထို့ကြောင့်ပင် ဈေးတောင်း ခေါင်းရွက်ခါ သူ့သမီးနှင့် သူ့အခြေအနေကို သူ့ဖာသာ ဖြေရှင်းခဲ့၏။ ညွန့်ရှိ အရွယ်ရောက်စတွင် သူသည် တလုပ်မိ၏။ မမစောမူသည် သူ့သမီးကြီးများဖြစ်သည့် ခင်မျိုးဆက်တို့ ခင်မေဆက်တို့၏ ပညာရေးကို အထူးဂရုထားသလိုပင် သူ့အသိုင်းအဝိုင်း၏ ကလေးများ ပညာရေးကိုလည်း သတိထား၏။

www.burmeseclassic.com

www.burmeseclassic.com

"မြောင်းမြမှာ ကျောင်းမထားနိုင်လို့ သရက်ချောင်း အိမ်ကို ပို့လိုက်ပါလား၊ ရွာမူလတန်းကျောင်းက အခလွတ်ဘဲ စားဖို့ သောက်ဖို့အတွက်လဲ မပူရဘူး၊ မမစောမှူ အိမ်ရှိသားဘဲ"

မှန်၏ သရက်ချောင်းရွာ မူလတန်းကျောင်းက ကျောင်းအုပ် ဘုန်းတော်ကြီးမှာ ဦးဆက်တို့၏ ကိုးကွယ်ရာ ဆရာကော် ဦးဝဏ္ဏ ဖြစ်၏။ ရွာမူလတန်းကျောင်းကို ဆောက်စဉ်က ပင်မ သစ်ဝါး ငွေကြေးဒကာမှာ ဦးဆက်ဖြစ်၍ လုပ်အားဒကာများမှာ ရွာသား များ ဖြစ်ကြသည်။ လက်ထောက်ဆရာ နှစ်ယောက် လခ၏ လစဉ် ကြေးကို ပေးသူမှာလည်း ဦးဆက်သာ ဖြစ်သည်။

သို့ပေမင့် ညွန့်ရီက သရက်ချောင်းရွာတွင်လည်း စာမသင် ချင်၊ မြောင်းမြကျောင်းတွင် လေးတန်းအထိဘဲနေသည်။ လေး တန်းအောင်ကတဲက ညွန့်ရီသည် ဘယ်ကျောင်းမှ မတက်။

"ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ မိမြသန်းရယ်၊ မိညွန့်ရီ အခြေအနေကော ဘယ်လိုဖြစ်နေလဲ တကယ်ဆိုညီးဟာ ငါ့ကို အမတယောက်လိုဘဲ ပြန်ဆက်ဆံရမယ်၊ ငါမှာလေ သရက် ချောင်းရော မြောင်းမြရော ရန်ကုန်ကိုပါ ကူးချီသန်းချီနဲ့ ငါ့ စီးပွားရေးကို ကိုဆက်နဲ့အတူ လုံးပန်းနေနိုင်တာ ညီးကျေးဇူး တွေပေါ့၊ ညီးသာနောက်ပိုင်းက မမစောမှူအိမ်ကို လုံးဝတာဝန် မယူနိုင်ရင် ငါခုလို ပြန်မထူနိုင်ဘူး၊ ဒီကျေးဇူးတွေ ငါဆပ်ရ မယ်၊ ငါ့မှာ တာဝန်ရှိတယ်၊ တို့များဟာ ဗုဒ္ဓဘာသာတွေပါ အေးရယ်၊ ကတညုတာ ကတဝေဒီတဲ့ ဦးနဲ့ပူဘူးတဲ့ ကျေးဇူးကို တဦးက သိရမယ်၊ ဒါကြောင့် မင်္ဂလာတရားတော်မှာတောင် သူတထူး၏ ကျေးဇူးကို သိတတ်ခြင်းသည်လဲ မင်္ဂလာဘဲပါတဲ့"



မမစောမှူသည် တခါက သူ့ကို မေးမေးပြောပြော ပြော ဖြစ်စဉ်ကလည်း သူသည် ရှက်၍ ငိုရင်း ခေါင်းသာခါပြမိသည်။ ညွန့်ရီ အကြောင်းကို မပြောချင်၊ ပြော၍လည်း မပြမိ။

"ခင်မျိုးဆက်တို့ ခင်မေဆက်တို့တင် မဟုတ်ပါဘူး၊ ပုလုတို့ ညောင်ဝိုင်းတို့ ကြက်တည်င်တို့က မလှရီတို့ မမလေးတို့များ ဒီလိုဘဲ စာသင်ပြီး ခု ကျောင်းဆရာမကြီးတွေ မြောင်းမြနဲ့ ဝါး ခယ်မမှာ လုပ်နေတာ၊ ညွန့်ရီ အားကျအောင် ညီးမပြောဘူး ထင်တယ်၊ မိမြသန်း ခက်တာပါဘဲအေ၊ သမီးမွေးတယ်ဆိုတာ သားမွေးတာထက် ခက်တယ်၊ မိခင်အများကြီးလိုတယ်၊ ခု ညွန့်ရီ အပျိုဖော်ဝင်တော့သား ချိုချိုသာသာပြောပြနော်၊ နားညီးအောင် မဟုတ်တောင် သူတို့နားဝင်အောင်တော့ အလွဲကြုံသလို ပြောပြ တတ်ရတယ်၊ ညီးဟာ တကယ်တော့ အင်မတန် မိန်းမပီတဲ့ မိန်းမ ဘဲနဲ့ ညွန့်ရီဟာ ညီးခြေလှမ်းကို မှီရမယ်ပေါ့၊ လုံးဝမဟုတ်တောင် တဝက်တစိတ်တော့ မှီရမယ်"

"မဟုတ်ဘူးမမ ...မဟုတ်ဘူး မမစောမှူ၊ သူ့အဖေ ညဥ်ဟာ သူ့မှာပါလာတယ်၊ ဗီဇတို့ ပဋိသန္ဓေစိတ်ဆိုတာ ကျမ အစက မယုံဘူး၊ ခုတော့ ယုံရပြီ"

"မှန်ပါတယ်အေ....ဒါပေမင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း အုပ်ထိန်းသူရဲ့ အဆုံးအမလဲ လိုပါသေးတယ်၊ ဒါခုတော့ ငါပြော ထားမယ်၊ ညီး ညွန့်ရီကို ဘယ်လိုဘဲဆုံးမ ဆုံးမ နင့်အမေတိုက် နင့်အဖေလိုဘဲလာမယ်လို့ ကလေးကို မပြောနဲ့နော်၊ ညွန့်ရီဟာ သူ့အဖေအပေါ် အထင်သေးစိတ် မိဘကို မလေးစားတဲ့စိတ် ဝင်သွားရင်ပြီးပါရော၊ သံသရာမှာအထိ မကောင်းတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်စောမူသည် ကလေးငယ်တို့၏ ငယ်စိတ်တွင် မိဘ အပေါ်...အတွေးအမှတ်...မှိုစွန်းသွားမည်ကို စိုးရိမ်ပုံရ၏။

"ငါတွေးမိသလျှောတော့ ညီးကလဲလိုပါတယ်၊ ညွန့်ရီအားကျ အောင် မပြောတတ်ဘူးတင်ထယ်၊ သမီးကြီးတို့ကိုထားလိုက်ပါ တော့၊ ဆရာဝန်ကြီး ဦးမင်းချိန် ထည့်လိုက်တဲ့ ဒီဗန်းရှဲသားတွေ နှမ္မနာပြုပါလား၊ မြေဒူးကုလား တို့လယ်တွေကို မားမဦးချ ဦးကျီးမြိုင်တို့နဲ့ လုပ်လာတာဘဲ၊ ကဲ... လယ်လုပ်တဲ့ ကုလားသား တောင် တို့ရွာကျောင်းက လေးတန်းအောင်တော့ နောက် မြောင်းမြမှာ တို့ကျောင်းဆက်ထားလိုက်တာ၊ ခုဆယ်တန်း အောင်ပြီး မြောင်းမြ ဆေးရုံကြီးမှာ ကွန်ပေါင်ထား ဖြစ်နေ တယ်"

မှန်၏။ ဦးမင်းချိန် ဒီဗန်းကို ထည့်လိုက်စဉ်က ဒီဗန်းသည် သရက်ချောင်းရောက်လာကာ ဦးဆက်၏လယ်များကိုဦးကျီးမြိုင် တို့နှင့် အတူလုပ်၏။ ဒီဗန်းကြီးမှ သား ဒီဗန်းငယ်နှစ်ယောက်ကို မွေးသည်။ အကြီးဒီဗန်းက မြောင်းမြဆေးရုံကြီးတွင် ကွန်ပေါင် ဒါလုပ်နေ၍ အငယ်ဒီဗန်းက ဒေါ်ခင်မဆက်တို့လက်ထက်အထိ ရွှေတံဇင်အိမ်ကြီးမှာ ဒရိုင်ဘာလုပ်နေသည်။

"မိညွန့်ရီနဲ့ တနေ့ဆုံမှာပါ၊ မမစောမူကိုယ်တိုင် ဆုံးမကြည့် ပါအုံး"

ဒေါ်မြသန်းက သူလက်လျှော့ပြီဖြစ်သော သမီး ညွန့်ရီကို ဒေါ်ခင်စောမူလက်သို့ အပ်လိုက်၏။ အပ်သည်ဆိုသည်မှာ သူ့ စိတ်ကသာအပ်ခြင်းဖြစ်သည်။ ညွန့်ရီသည် ဒေါ်ခင်စောမူနှင့် ဆုံစဉ်တွင် ပြောသမျှကို လက်သဲများကိုက်၍ ငြိမ်သက်စွာနား ထောင်နေ၏။



"မိန်းကလေးဆိုတာ အသိအလိမ္မာရှိဖို့အရေးကြီးတာ၊ ဆယ် တန်းမအောင် ကောလိပ်မရောက်တောင် ခုနစ်တန်းထိတော့ ညွန့်ရီ ကျောင်းဆက်နေ၊ အလိမ္မာ စာမှာရှိသတဲ့၊ စာတတ်တော့ ကိုယ့်ကိုယ်ကို ထိန်းတတ်တယ်၊ ကိုယ့်ကိုယ်ကို ထိန်းတတ်တာဟာ မိန်းမရဲ့ ကျက်သရေတွေခုဘဲ ညီးတို့ ကောလိပ်စိန်ကိုကြည့်ဖူးမှာ ပေါ့၊ ဖိုးစိန်ကြီးနဲ့တွဲတဲ့ ကောလိပ်စိန်လေ၊ သူက တို့ဂေါ်ဒူ သောင်နားက ထီးပန်နှံးရွာသူ၊ကဲလေ သူ့ဝါသနာကြောင့်နိုင်ငံ ကျော်မင်းသမီးကြီးဖြစ်လာတယ်၊ ကခြေသယ်ဆို လူတွေကသိတ် အထင်သေးတာ၊ သေသာသေသွားရော ကောလိပ်စိန် အကျင့် ပျက်စရာ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး၊ သူ့ အကျင့်စာရိတ္တကို ဘယ်တစ်ပါက်အစွန်းမခံဘူး၊ ထိန်းနိုင်တယ်၊ သီချင်းတောင် ညီးတို့ ကြားဘူးမှာပေါ့....

"ည ...ညလေ ... နှစ်ချက်တီးတောင်မှ.... ဘာမှလေ
မပျက်စီးပါဘူ....မောင်စိန်ခေါ်လာ..."

ဆိုတာ ဖိုးစိန်ကြီးက ကောလိပ်စိန်သန့်ရှင်းပုံကို စာဖွဲ့ပြီး ဆိုရ တယ် သိလား"

သီချင်းတွေနှင့် ဇာတ်လမ်းတွေနှင့် ဒေါ်ခင်စောမူသည် သိုင်း သိုင်းဝိုင်းဝိုင်း ပြောပြခဲ့၏။ မညွန့်ရီသည် လက်သဲကိုက်၍ ငုံ့မြဲတဲ ငုံ့ထား၏။

"မရှင်ကြီးဆိုရင် ရုပ်ရှင်မင်းသမီးတွေထဲမှာ စံထင်ထားရ တယ်၊ အကျင့်စာရိတ္တနေရာ....သိက္ခာရှိတဲ့နေရာမှာ စံတင်ထားရ တယ်၊ ဝမ်းစာဆိုတာ အလုည့်သင့်သလို ဘာဝပါရမီက အကျိုး ပေးသလို ရှာစားကြရတာဘဲ၊ အကျင့်သိက္ခာကတော့ ကိုယ့်ဖာ

 www.burmeseclassic.com

သာကိုယ် ထိန်းရတာဘဲ ကြီးကြီးမူမေးမယ်၊ ညွန့်ရီ အားငယ်နေသလား ဟင်”

တစ်ယောက်ထဲပြောနေရသော ဒေါ်ခင်စောမူက အလှည့်ပေး၍ ညွန့်ရီကိုမေးလိုက်၏။ ညွန့်ရီကမဖြေ။ တစ်လုံးမှ မဖြေပေ။

“မိဖုရား ဖွားစောဆိုတာ ဘယ်ဘုရင့်သွေးမှ မဟုတ်ပါဘူး ညွန့်ရီရယ် ...တို့လိုဘဲ တောင်သူကြီးသမီးပါ၊ ဆိတ်ထိန်းကမ်းဖြူက တောင်သူကြီးသမီး၊ သူ့အဖေက အိမ်မှာထားခဲ့ဖို့ ခလေးထိန်းတောင်မရှိဘူး၊ လယ်ထွန်တဲ့နေရာခေါ်သွားပြီး လယ်ကွင်းဘေးကသစ်ပင်ရိပ်မှာ သိပ်ထားရတယ်၊ ကဲ...အဲဒီ တောင်သူကြီးသမီးက နန်းတော်ထဲရောက်လို့ မိဖုရားဖြစ်တော့ ဘုရင့်သမီးတော်အစစ် ဘုရင့်ရင်သွေးတွေထက်တောင် ဉာဏ်အမြော်အမြင်ထက်လွန်းတော့ ဘုရင်တွေကို သူကကြိုးကိုင်ပြီး ပုဂံမင်းဆက်ကိုထိန်းသိမ်းနိုင်ခဲ့တယ် သိလား၊ သမီးညွန့်ရီတို့က အခု စာတွေသင် ဘာတွေသင်နဲ့ အခြေခံအများကြီးရှိတာ၊ မိဖုရားဖွားစောထက်သာတာပေါ့၊ ကြီးပြင်းလာရတာကလဲ မြောင်းမြမြေပေါ်မှာကြီးရတာ၊ ညွန့်ရီဒီမှာမနေချင်ရင် မမခင်မေဆက်တို့နဲ့ ရန်ကုန်အိမ်ကြီးမှာ ရောနေမလား၊ ကြီးကြီးမူ ပို့ပေးမယ်လေ”

ညွန့်ရီသည် ဘာမှမဖြေ။ ငုံ့မြဲပင် ငုံ့နေ၏။ လက်သဲကိုသာ တွင်တွင် ကိုက်နေ၏။ လက်ဆယ်ချောင်းက လက်သဲများသာ ကုန်ယင်ကုန်မည်သာ။ ဒေါ်ခင်စောမူအပြောကောင်း၍ ပုဂံမင်းဆက်မှ ဖွားစော၊ မွန်မင်းဆက်မှ ရှင်စောပုတို့၏ ရာဇဝင် ကျမ်းတွေသာ အုပ်လုံးကျွတ်မည်သာ၊ ညွန့်ရီကတော့ ဘာမှမပြော၊ ညွန့်ရီခေါင်းသည် မော့၍မလာ။ ဒေါ်မြသန်း၏ ရှည်လျားသော



သက်ပြင်းချသံသာ အမျိုးသမီး သုံးယောက်ကြားတွင် ပေါ်လာ၏။ ခေါင်းထောင်၍ သွားဖြဲပြုံးလျှင် တော်မေသေးသည်။ ဤလို ခေါင်းငုံ့ငြိမ်သက်နေပုံမျိုးက မထိတ်တက်စေနိုင်လွန်း၍ ဒေါ်ခင်စောမူရှေ့မို့ ငြိမ်နေရသည်။ ကြက်မွေးနှင့်သာ ဒေါ်မြသန်းက ညွန့်ရီကို တွယ်ဖြစ်ချင်တော့သည်။

ညွန့်ရီစာသင်ဖို့ကို ဒေါ်မြသန်း လက်လျှော့လိုက်၏။

“ဘဝက ပညာပါရမီကံ မပါရင်လဲ စာသင်လို့မရတတ်ဘူး၊ ကျောင်းဆရာမကြီးတွေ ကျောင်းဆရာကြီးတွေရဲ့ သားသမီးတွေ ကိုယ်တိုင် စာသင်မရလို့ ၄-၅တန်းနဲ့ ထွက်နေရတာ အများကြီး” ဟူ၍....

ဒေါ်ခင်စောမူသည် ညွန့်ရီစာမသင်လိုခြင်းအတွက် စိတ်ပျက်နေသော ဒေါ်မြသန်းကို စိတ်သက်သာအောင် ပြောပြ၏။ သူနားလည်သည်။ ဒေါ်ခင်စောမူသည် အမြော်အမြင်ကြီးမား၍ အကဲခတ်ကောင်းသူဖြစ်၏။ အခြေအနေ အရပ်ရပ်ကို နားလည်ပါ၏။ ထွန်းလှသည် မမြသန်းတို့ သားအမိ အိမ်ကို လာလိုမှ လာတော့သည်။ လုံးဝမလာသော လများသည် တခါတရံ ၈-လ ၉-လပင် ကြာ၏။ ဒေါ်ခင်စောမူ သိရသလောက်တော့ ဦးသက်၏ လက်စွဲတော်ကြီးအဖြစ် ရန်ကုန်မှာတွင်နေသည်။ ဦးသက် အထောက်အပံ့ဖြင့် တာမွေဘက်တွင် မယားငယ်နှင့် အတူနေသည်။ ထိုအကြောင်းများကို မမြသန်းကိုတော့ တိတိတိလင်းလင်း ဖွင့်မပြောသေး။ စစ်မဖြစ်ခင် ခေတ်က မြစ်ဝကျွန်းပေါ်မှရော အခြားဒေသတိုက်များမှရော ကြေးရည်တတ် လူချမ်းသာသားများ၊ လယ်ပိုင်ရှင် စက်ပိုင်ရှင်သားများသည် ဒီလိုပင် ရန်ကုန်တက်ခါ လက်စွဲတော်များ ခြံရံ၍ ပျော်ပါးတတ်သည်။ ဤအထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြ ကိုသက်ဆိုလျှင် ဝါးခယ်မ ကျုံမငေးတို့မှ အားလုံးသိ၏။ ရန်ကုန်အနောက်ပိုင်းတွင်လည်း နံမယ်ကြီးဖြစ်၏။

ဂျပန်တခေတ် ကျော်လွန်သော်လည်း ကိုသက်ကမူ ခေတ်မပြောင်း၊ လွတ်လပ်ရေးခေတ်ဦးပိုင်းတွင် လိုင်စင်သူဌေးအဖြစ် ကိုသက်ကောင်းစားတော့လည်း သူ့လက်စွဲတော် ထွန်းလှပါ ကောင်းစားတော့သည်။

သို့သော် ထွန်းလှကောင်းစားခြင်းသည် မမြသန်းနှင့် ဘာမှ မဆိုင်သလိုဖြစ်နေ၍ မမြသန်းသည် ဒေါ်မြသန်း အရွယ်တွင်လည်း သူ့ဈေးတောင်းမှာ ခေါင်းပေါ်မှ မချနိုင်၊ ထို့ကြောင့် ဒေါ်ခင်စောမူက ညွန့်ရီကို တရားဟောရပြန်သည်။

“လိမ္မာစမ်းပါ၊ ကြီးကြီးမူ ပြောစကားကို နားထောင်ပါ ညွန့်ရီရယ်၊ စာမသင်ချင်လဲ မင်းအမေကို မသနားဘူးလား၊ ဈေးကူမရောင်းချင်ဘူး၊ ဈေးရောင်းဖို့ရှက်တယ်ဆိုရင် ငါစက် တလုံး ဝယ်ပေးမယ်လေ၊ စက်ချုပ်တတ်ရင် ထမင်းရှာလို့ ဝတာပဲ၊ မြသန်းကို ကြီးကြီးသင်ပေးထားတာ သုံးချောင်းထောက် ဘော်လီတောင် ကောင်းကောင်း ချုပ်တတ်နေပြီ” ဟိုတခေတ်က, တော်ရုံ အပ်ချုပ်ပညာ အခြေခံဖြင့် သုံးချောင်းထောက် ဘော်လီကို ချုပ်တတ်သည် မဟုတ်ပေ။

အိမ်တွင်းမှုတွင် အချုပ်အလုပ်ကအစ နိုင်နင်းခဲ့သော ဒေါ်ခင်စောမူက ဆင်းကားအပ်ချုပ်စက်တလုံးဝယ်ပေးခဲ့၏။ သို့သော် ညွန့်ရီက ဖင်မငြိမ်၊ ဒေါ်မြသန်းသည် သမီးလေးအပေါ် မဟာဂရုဏာနှင့် ဖုံးဖိလိုက်၏။ “ကျမ... ငွေလိုလို့ အဲဒီစက်ရောင်းလိုက်ပြီ” ဟူ၍သာ သူ၏ မမစောမူကို သူသာတရားခံလုပ်၍ အကြောင်း



ပြလိုက်ရသည်။ အမှန်တော့ ညွန့်ရီသည် စက်ချုပ်ရမည်ကိုလဲ ရှက်သည်တဲ့ ..။

သူသည် ညွန့်ရီ အကြောင်းကို ပြောစရာ ထပ်မံ၍ မဖြစ်လာပါစေနှင့်၊ ခဏခဏ ဆုတောင်းမိ၏။ သို့သော် သူ့ဆုတောင်းက မပြည့်၊ အရေးအကြောင်းဆိုလဲ မပြောပြချင်တော့ပါဘူး ဆိုသည့်ကြားက မမစောမူကို ပြေး၍ ပြေး၍ ပြောမိ၏။

“စစ်ပြန် ရဲဘော်လေးတယောက်နဲ့ ညွန့်ရီ လိုက်ပြေးသွားပြီ၊ သူ့အတွက် ကျမစိတ်မကောင်း မဖြစ်တော့ပါဘူး”

သူသည် ဝမ်းမနည်းလိုတော့ပါဟု ပြောသာပြောသည်။ ထိုစကားကိုပြောစဉ် မျက်ရည်များက ပါးပေါ်တွင် ရေတံခွန်လိုဖြာကျလာသည်။

“ဟဲ့... ဒါ ငိုစရာလား မိမြသန်းရယ်၊ တို့အမေတွေ အနေနဲ့ တနေ့ မတွေ့ တနေ့ ကြုံရမဲ့ အဖြစ်ပါ၊ ကြိုတင် တွက်မထားတာက ညီးအပြစ် မျိုးတို့ မေတို့တောင် ညီးမျက်စိသဲ ပိုးဥတို့ ပူစူးမတို့အနေနဲ့ မြင်နေတာ၊ တောလိပ်မှာနေကြတုန်းက အဆက်တွေရှိချင်ရှိနေမှာ မပြောနိုင်ဘူး၊ အေး... လင်တယောက် သားတယောက်က ယူမြဲမို့ တည်တည်တန့်တန့် အရှက်တကွဲအကျိုးနဲ့ မဖြစ်ဘဲ အိမ်ထောင်ကျကြပါစေလို့ ဆုတောင်းရတာပဲ၊ ခုညီး ဇက်ပေါ်သွားပြီပေါ့၊ ဘာမှပူမနေနဲ့ မမစောမူနဲ့ ပြန်လိုက်နေတော့နော်”

ကျေးဇူးတော်ရှင်မကြီး မျက်နှာကို မော်ကြည့်ရင်း သူ့ရင်တွင်း ပြောပြလိုသောဆန္ဒများကို မြိုသိပ်လိုက်၏။ ဖြေးဖြေးတော့ ပြန်လာခဲ့ပါမည်ဟု ပြောလိုက်သည်။ ချက်ခြင်းပြန်မလိုက်လိုသေးသော အကြောင်းကတော့ တနေ့နေ့တွင် ကိုထွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီသို့ ပြန်လာခဲ့လိမ့်မည်ဟု သုံးလုံးဝ ယုံကြည်သောကြောင့် ဖြစ်၏။ အကယ်၍သာ ဒေါ်ခင်စောမူဆီ လိုက်နေခဲ့လျှင် "ငါ သဘောမကျတဲ့အိမ် သွားနေလို့ မပြန်လာ လိုတော့ပါ" ဟု ထွန်းလှက အကြောင်းပြမှာစိုးသည်။ ထို့ကြောင့် သူသည် အပြစ်တင်ကင်းအောင် အပြစ်စင်စွာနှင့် ထွန်းလှအပြန်ကို မျှော်လင့်နေမိ၏။

သူ မျှော်လင့်သလိုပင် သူ့ချစ်လင် ကိုထွန်းလှသည် မိုးမျှားသီးထန်းစွာ ရွာသွန်းနေသော ညတစ်ညက သူ့ဆီသို့ ပြန်လာခဲ့ပါ၏။

ကောင်းသောပြန်လာခြင်း ဖြစ်ပါစေသတည်းဟု သူသည် ဆုတောင်းလိုက်၏။ ကိုထွန်းလှကို သူသည် ချစ်ခင်စ ကြင်နာစ ဇနီးမောင်နှံလို သူ့ရင်ခွင်တွင် ဆွဲယူပွေ့ဖက်ထားလိုက်ပါ၏။ ဘယ်သောအခါမှ ပြန်လည်ထွက်ခွာ မသွားစေလိုကြောင်းကို ပါးနှင့်မပြော တင်းကြပ်စွာ သူပွေ့ဖက်ထားသော လက်မောင်းများဖြင့် ပြောပြ၏။

ကိုထွန်းလှကလည်း သူ့ရင်ခွင်တွင် ခေါင်းမှီထားသည်၊ သူဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

"ရှင် အိပ်မှာလား....ဘာစားချင်လဲ....ဘာလုပ်ချင်လဲ"

"ငါ ဘယ်တော့မှ အိပ်လို့မရခဲ့ဘူး၊ ကြာရင် ငါသေမယ် လေ"

"ဟင်....ဘာတွေပြောနေလဲ....ကိုထွန်းလှရယ်၊ ရှင်ဘာလို့ သေရမှာလဲ၊ ရှင်ဘယ်တုန်းကမှ အိပ်မပျော်ပေမယ့် အခု ကျွမ ရင်ခွင်ထဲမှာ အိပ်ရမယ်လေ"



"အေး အေး ...ကောင်းကောင်းကြီး အိပ်မယ် မိမြသန်း၊ ကောင်းကောင်းကြီးအိပ်ချင်လို့ ပြန်လာခဲ့တာ၊ ငါ့ရင်ထဲမှာ တင်းကြပ်နေတဲ့ အလုံးကြီး မရှိတော့ရင် ငါလေ .. ရင်ချောင်ချောင်နဲ့ သက်တောင့်သက်သာ အိပ်နိုင်တော့မယ်....ငါမအိပ်ခင်သာ မင်းကို စကားပြောချင်တယ်"

"ဘာတွေပြောမှာလဲ၊ ရှင်ပြန်မလာတဲ့ ရက်တွေ အကြောင်းသား"

"ဒီရက်တွေအကြောင်း မင်းသိပြီးသားပါကွယ်၊ အဲဒီရက်တွေမှာ ငါကျူးလွန်ခဲ့တဲ့ ဖြစ်မှုတွေ အတွက်လဲ မင်း ခွင့်လွှတ်ပြီးသားဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမင့် ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ခဲ့တဲ့ အကြောင်းတစ်ခု ရှိခဲ့တယ်၊ ဘာလဲဆိုတော့ ကိုကြီးဆက်တို့မိသားစု သရက်ချောင်းအိမ်မှာ နေတုန်းကလေ.... ငါက ကိုလေးသက်ရဲ့ ဆိုက်မှာ စာရေး လုပ်နေခဲ့တယ်"

"ကျွမ သိပြီးသားတွေပါ၊ ထပ်ခါထပ်ခါ ဘာလို့ ပြောနေရတာလဲ" မမြသန်းက ဆို၏။

"အို .. ငြိမ်ငြိမ် နားထောင်စမ်းပါ မိမြသန်းရယ်၊ ဒီတုန်းက ကိုကြီးဆက် ခဏခဏ ပြောတတ်တယ်၊ ဘယ်သူတွေဆိုး ပျက်ပျက် ကိုယ်ကမပျက်နဲ့တဲ့၊ ကိုယ်ကိုယ်တိုင် ကျူးလွန်ခဲ့တဲ့ ဖြစ်မှုတစ်ခုကို ဘုရားသခင် ကိုယ်တော်တိုင်က ခွင့်လွှတ်သော်လည်း မိမိကိုယ်ကို မိမိ ခွင့်မလွှတ်ရဘူးတဲ့၊ အော်....ကိုကြီးဆက် ကိုကြီးဆက်၊ ထွန်းလှ အကောင် အပေါင်းအသင်း မကောင်းခဲ့လို့ ကိုကြီးဆက် စကားတွေကို မေ့လျော့ခဲ့တယ်၊ ခု သတိပြန်ရချိန်မှာ နောက်ကျနေပြီ"

"ဘာဖြစ်လို့နောက်ကျရမှာလဲ ..နောက်မကျပါဘူး၊ နောက်ကျပါဘူး၊ ရှင် ဒီလိုပြောတာလေ....ကျွမ ဝမ်းသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး...နားထောင်ပါအုံး၊ ရှေ့ရှောက်ပြီး ဝမ်းသာစရာ စကားတွေ ငါပြောပြမယ်၊ ငါအခု ရန်ကုန်က ပြန်လာတာ ငါ့ ကိုလေး ကိုလေးသက်က မမစောမူကို သတ်ခိုင်းတယ်"

"အမလေးတော်"

မမြသန်းသည် မိုးကြိုးပြစ်ခံလိုက်ရသလို တုံလှုပ်ရှိမကာ ရုတ် တရက် ကြောင်တက်တက်ကြီး ဖြစ်သွားတော့သည်။

"ဒါပေမင့် ငါမသတ်ဘူး....ငါမသတ်ခဲ့ဘူး"

"အဲဒါဟာ သမာဒေဝ နတ်ကောင်းတွေက ရှင့်ရင်ထဲကို စိတ်ကောင်း စိတ်မြတ်တွေ သွင်းလိုက်တာပါလေ"

"အကြိမ်ကြိမ်ပဲ) သူငါ့ကို သတ်ခိုင်းတယ်၊ နောက်ဆုံး တကြိမ် သူက သစ္စာရေတိုက်ပြီး အသတ်ခိုင်းတာမှာ ငါက သူ့ သစ္စာရေကိုမသောက်ဘူး၊ တခါထဲ ထအပြေး သူငါ့ကို သေနတ်နဲ့ လှမ်းပြစ်လိုက်တာ"

"ဘုရားရေ...ရှင်မသေဘူး"

"သေကွင်းကို မထိဘူး ရတဲ့ဒါဏ်ရာကို ငါကြိတ်ကုရတယ် သူ့ လက်တင်းက ပြေးလို့လဲ လွတ်လာတယ်၊ ဒါပေမင့် ငါလေ အဲဒီကတဲက တညမှအိပ်မပျော်တော့ဘူး၊ ငါအမြဲကြောက်နေ တယ်၊ထိတ်လန့်နေတယ်၊လမ်းမတော် ဖိုးတုတ်တခေတ်က နာမယ် ကြီးသလို မြောင်းမြ မောင်သက်ဆိုတာ ရန်ကုန်မှာ နာမယ်ကြီး ဒီတော့ တနေ့မဟုတ်တနေ့ သူ့ တပည့်တွေ လက်ချက်နဲ့ ငါသေ တော့မယ်ဆိုတာ ငါအမြဲတဲ့ တွေးလန့်နေတယ်၊ ငါ့ကိုယ်ငါ… မင်းနဲ့ခွဲနေရတဲ့ ရက်တွေမှာ ငါ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ အတွက် ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ခဲ့ဘူး၊ ကိုကြီးဆက်ကို ပြောပြလိုက်ပ…



ကွယ်၊ ငါဟာ မသေခင်ရက်ပိုင်းမှာ ကိုကြီးဆက် စကားတွေကို နားထောင်ခဲ့ပါတယ်လို့၊ ပြီးတော့လေ မင်းရဲ့မိခင်လို ကျေးဇူး ရှင်မကြီး မမစောမူကိုလဲ ငါမသတ်ခဲ့ပါဘူးလို့ မမစောမူကိုလဲ ပြောပြလိုက်ပါ"

"အိုလေ...မသေခင် ရက်ပိုင်းမှာလို့ ရှင်မပြောပါနဲ့၊ရှင်မပြော ပါနဲ့၊ ရှင်မသေရပါဘူး" မမြသန်းသည် တုံတုံရီရီနှင့် ဖြတ်ပြော လိုက်၏။

"အိပ်လို့မရတဲ့ ရက်တွေမှာ ငါ့စိတ် ချောက်ခြားတာတွေ မေ့အောင် ငါအရက်တွေ သိပ်သောက်ဆုကာ ငါ့မှာ နှလုံးရောဂါ စွဲပြီး ကုမရတော့ဘူး၊ ဒါကြောင့်မို့လို့ ...ဒါကြောင့် မင်းရင်ခွင် ထဲမှာ နှစ်နှစ်ချိုက်ချိုက် အိပ်ရအောင် ငါပြန်လာတာပါ"

ကိုထွန်းလှသည် စကားတလုံးခြင်း လေဆက်မှီအောင် ဖြေး ညှင်းစွာ ပြောပြ၏။

"ခုတော့လေ မင်းဝမ်းသာပါတော့၊ ငါလေ မနိုးသောအိပ် ခြင်းနဲ့ မင်းရင်ခွင်မှာ အိပ်တော့မယ်၊ ငါ့ရင်ထဲမှာလေ အလုံးကြီး မရှိတော့ဘူး၊ အခုမှ အသက်ရှူချောင်သွားဘီ"

မှန်၏၊ အသက်ရှူချောင်သွားဘီ။ ကိုထွန်းလှ တယောက် အသက်ရှူချောင်သွားဘီ။ ထိုညက နှစ်နှစ်ချိုက်ချိုက် အိပ်လိုက် သည်မှ တဖြုံးဖြုံးရွာကျနေသောမိုးသံကိုမှ သူမကြား။မမြသန်း၏ ရင်ခွင်တွင် မနိုးသောအိပ်ခြင်းဖြင့် သူအိပ်လိုက်ပါတော့သည်။

နံနက်မိုးသောက်တွင် မိုးအစဲ၌ စောစောငီးစီး အသံချဲ့စက်ကို အသံကုန်ဖွင့်တတ်သော အလှူရှင်တဦးက ဖိုးစိန်ကြီး၏ ဓာတ်ပြား အဟောင်းကို ဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကဆိုးရင်မင်းဘဲငရဲကြီးမယ်... ရန်ညိုးမဖွဲ့လေနဲ့ ကံဆိုးတဲ့ ဇိန္နမာယူရယ်.... ရန်ညိုးဖွဲ့လေသမျှ....မင်း သံသရာမှာ မျော....မင်းသံသရာမှာမျော.... ဟော.... ဟော....ဟော...."

ဖိုးစိန်ကြီးသည် နံနက် အစောကြီးပင် ဝိုခြင်း ချလိုက်ပါ သတည်း။

မမြသန်း ဘာတတ်နိုင်ပါ အုံးမည်နည်း။

*    *    *    *

"အဖေသင်္ဂြိုဟ်တာကို မှီအောင်ပြန်လာတာတဲ့၊ ဒါပေမင့် ကျမ မမှီတော့ဘူး"

ညွန့်ရီသည် ငိုတော့ မငို။ ငိုသည်ဖြစ်စေ၊ မငိုသည်ဖြစ်စေ အဖေသေသည်ကို ပြန်လာကြည့်လိုသော စိတ်ရှိသည်ကိုဘဲ ညွန့်ရီ အား ဒေါ်မြသန်းက ကျေးဇူးတင်လှပါ၏။

"ကျမ သူ့ဆီပြန်မသွားတော့ဘူး၊ အပြတ်ပြန်လာတာ" ဟု ပြောစဉ်တွင်တော့ ဒေါ်မြသန်း ပါးစပ်ဟောင်းလောင်း ဖြစ် သွား၏။ ဘာဖြစ်လို့လဲ.... ဘာကြောင့်လဲ... ဟူသော မေးခွန်း များကိုရင်တွင်းကသာမေးချင်၏။ ပါးစပ်ကမူ မထွက်တော့ပေ။ သူ့ခြေကိုသူ ငြိမ်သက်စွာထား၍ မိခင်နှင့်အတူနေဖို့ သမီးလေး တမယောက်ပြန်လာသည်ကိုဘဲ သူ စိတ်ကျေနပ်ရပေမည်။

လင်သေ၍ ဝမ်းနည်းရသည်။ သမီးလေးပြန်လာ၍ ဝမ်းသာရ ပေမည်။ သူတို့သွားကြပြီ.... သူတို့ပြန်လာကြပြီ....စသော သူ၏ မှတ်တမ်းပါ သတင်းပေါင်းစုံကို သူ့ မမစောမူသည် ဒီတခါ



မကြားလေရော့သလားမသိ။ သူ့ထံသို့ သတင်းမေး မရောက် လာ။ သူကလည်း စာလေးတကြောင်းမျှ မရေးနိုင်။ ရေးမည် ကြံတိုင်း ကြောက်ရွံ့စိုးရိမ်စိတ်က လွှမ်းမိုးနေ၍ သူ့လက်များက တုံနေသည်။

ကိုထွန်းလှ ပြောကြားသွားသော ဖွင့်ဟဝန်ခံချက်ကို မမ စောမူ သိသင့်လေသလား။ သိသွားရင် သူ့အသက်အတွက် ကြိုတင်ကာကွယ်မှုလုပ်နိုင်မည်။ မမစောမူသည် စိတ်အေးလက် အေးမနေရ။ တနေ့မဟုတ် တနေ့ ကိုထွန်းလှကို သတ်ခိုင်းသလို ဦးသက်သည် တပည့်တယောက်ယောက်ကို သတ်ခိုင်းလေမလား ဟုကြောင့်ကြ စိုးရိမ်နေလေမလား။ သတ္တဝါတို့မည်သည် သေ ခြင်းတရားကိုတော့ ကြောက်ကြစမြဲဖြစ်၏။ တခါကလည်း သူက ပြောပြလိုက်လျှင် ပင်ကိုယ်ကမှ စိတ်သဘောခြင်း မတိုက်ဆိုင်၍ ညီအကို မျက်နှာခြင်း မဆိုင်လိုသော ကိုကြီးဆက်နှင့် ကိုလေး ဆက်သည် သူ့စကားတလုံးကြောင့် ဘယ်သောအခါမှ မျက်နှာ ချင်းမဆိုင်တော့ဘဲ သေခန်း ပြတ်သွားကြပါလျှင်... ပြီးပါလေ ရော....ပြီးပါလေရော....အားလုံး ချစ်ကြစေချင်သည်၊ ချစ်ကြ တာဘဲ ကောင်းပါသည်။

အို... သူသည် သူ့ဉာဏ်မှီသလောက်အဆင့်တွင် သူ့ပြဿနာ ကို သူမရှင်းနိုင်။ မထွေးနိုင် မအံနိုင်။ ဘာတွေများ ဖြစ်နေကြ ပါလိမ့်။

နေ့များ ညများကို စောင့်နေသော နတ်များသာ တကယ် ရှိသည်ဆိုလျှင် ထိုနတ်များကို ပသပူဇော်လိုလှပါ၏။ ထိုနတ်များ သည် ကျေးဇူးတင်ဘွယ် ချီးကျူးဘွယ် ကောင်းလေစ။ နေ့နှင့် ညကို သူတို့ဖာသာ တာဝန်ထမ်းဆောင်ရင်း တရက်ပြီးတရက်၊

www.burmeseclassic.com

www.burmeseclassic.com



တလပြီးတလ ပြက္ခဒိန်မှ ခွာချသွားပေရှိသော သတ္တဝါတို့ သက်သာပေသည် အပုပ်ကြီးများက တဖြေးဖြေး ဝေးကွာလာကြရသည်။ အအေးတုန်းကြီးများကိုလဲ ဖြတ်ကျော် လာခဲ့ရသည်။ ကိုယ်ဖာသာသာ ကိုယ့်စွမ်းအားနှင့်သာ နေ့နှင့်ညကို ဖြိုချရပါလျှင် ဘာကိုမှမဖြိုနိုင်၊ ခံစားရသောသောကတို့ကြောင့် ဖြိုရမည့်အားလည်း မရှိနိုင်တော့ပါ။ ကျေးဇူးတင်ပါ၏။ နေ့နှင့် ညကိုလည်း ကျေးဇူးတင်ပါ၏။ သူတို့ဖာသာ သူတို့ ကုန်ဆုံးသွားကြခြင်းကိုဘဲ မဟာဂရုဏာရှင်ဘုရား ထားအပ်သော မေတ္တာတရားလို နှလုံးသွင်း၍ ကျေးဇူးတင်မိပါ၏။

မမျှော်လင့်ဘဲ နေ့တနေ့တွင် ဦးကျိုးမြိုင်ပေါက်လာ၏။

"အမလေး..., ကိုကြီးမြိုင်ရဲ့၊ မိမြသန်း အဖြစ်တွေကို သိရဲ့လား"

ဒီတခါတော့ သူသည် ရှိုက်ကြီးတငင် အော်ကြီးဟစ်ကျယ်ငို၏။ ငိုလိုက်သည်မှ ဝက်ဝက်ကွဲ။ ဦးကျိုးမြိုင်သည် ခေါင်းရင်းဘက်တွင် ငြိမ်ငြိမ်ကြီး ထိုင်နေ၏။ သူအားရအောင် ငိုသည်ကို လွှတ်ပေးသလို ကြည့်နေ၏။ မမြသန်း အရှိုက်ဝေးတော့မှ— "ငါတို့အားလုံး သတင်းတွေကြားပါတယ်" ဟု ဆို၏။

"ငါတို့ဆိုတော့ ကျမသတင်းတွေကို ကိုကြီးဆက်ကော မမစောမူရော ကြားမှာပေါ့နော်"

"ကြားပါတယ်ဟယ်"

ဦးကျိုးမြိုင်ဖြေပုံသည် အေးစက်စက် နိုင်လှသည်။ သူ့အကြောင်းကို သူက စာတတန် ပေတတန်နှင့် အကြောင်းမကြားသော်လဲ မမစောမူတို့က အလိုလိုသိကာ သူ့ကို လာမေးစေချင်သည်။ သူသည် ဦးကျိုးမြိုင်ကို ဦးဆက်တို့လိုပင် အကိုကြီး



တွယောက်သဖွယ် ရှိသေးလေးစား၍ ကိုကြီး....မြိုင်ဟု ခေါ်ခြင်းဖြစ်၏။

"သူတို့လဲ လာကြလိမ့်မယ်၊ သရက်ချောင်းက အိမ်ကြီးကို သူ့ရဲ့ တိုးချဲ့မှုလတ်နှင်းကျောင်းအဖြစ် လှူဘို့ လာကြလိမ့်မယ်၊ အဲဒါဟာ မမစောမူရဲ့ နောက်ဆုံးဆန္ဒဘဲ"

"ဘာ....ဘာ နောက်ဆုံးဆန္ဒ၊ အမလေး နောက်ဆုံးဆန္ဒဆိုတော့ သူ... သူ" မမြသန်း စကားမဆက်နိုင်ခင်။

ဦးကျိုးမြိုင်သည် ခေါင်းကို ဖြေးညွှင်းစွာခါ၍ "ဟုတ်တယ် သူမရှိတော့ဘူး" ဟု ငိုသံကြီးနှင့်ပြောလိုက်၏။

"အို....ဘုရား" မမြသန်းသည် ယွတ်တရက် သတိမေ့သွားသလိုပင် ကြောင်တက်တက်ဖြစ်သွား၏။

သဲကန္တာရကို ဖြတ်ရှောက်နေပါသည် ဆိုကာမှ သဲမုန်တိုင်းက ကျလာရပြန်တော့သည်။ ခိုကိုးရာ တောင်ကြီးလဲပြို....သစ်ပင်ကြီးလဲ မြေခသွားလေပြီ.... သူသည် ငိုရှိုက်ရာမှ သူသိလိုသော မေးခွန်းတခုကိုမေးလိုက်၏။

"သူ ရိုးရိုးတန်းတန်းဘဲ သေသွားရတာဘဲလား"

"အေးပေါ့လေ ရိုးရိုးဆိုပါတော့၊ ဆင်လဲဆင့်အတောင်နဲ့၊ ကြက်လဲကြက်အတောင်နဲ့၊ ကျောပြုရတဲ့ဇာတ်လမ်းမှာ ဘယ်သူ့အမှ ဘယ်သူ့ထက်မပိုပါဘူးဟယ်၊ ဆက်မိသားစုဟာ တို့အရိပ်ခိုရာ သစ်ပင်ကြီးပေါ့၊ ဒါပေမင့် သူများကို အရိပ် ပေးလို့တဲ့ သစ်ပင်ကြီးဟာ နေပူရှိန်ကို ခံရတာပါဘဲလေ"

"ကျမသိချင်တာက ဘာရောဂါလဲလို့"

"မမစောမူ....နှလုံးရောဂါနဲ့ သေရတာပါဘဲ၊ ခင်မျိုးဆက်သ.... မျိုးလဲ နိုင်ငံခြားကို ထွက်သွားဘဲရှိလေ၊ မမစောမူဟာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆက်ဆက်က ဆွေစုမျိုးစုဒဏ်ကို ဘယ်လောက်ခံရသလဲ ဆိုတာ နင်တို့ငါတို့ဘဲသိတယ်၊ ဒါ့ပြင် အဲဒီအပူဒဏ်တွေဟာ မမစောမူလို မိန်းမမျိုးအတွက် မမူလောက်ပါဘူး၊ သူ့အသဲ ကျွမ်းရတာက မျိုး....ခင်မျိုးဆက် ထွက်သွားတာမှာ သူ စိတ် အထိခိုက်ဆုံးဘဲ”

“ကျွမယုတ်တဲတရက်ထင်လိုက်တာက ကိုလေးသက်လက်ချက် ကြောင့်များ၊ မမစောမူသေရသလားလို့”

“ဘာ... မောင်သက်ရယ်.... မောင်သက် ဘာတွေလုပ်သလဲ” ဦးကြီးမြိုင်သည် အထိတ်တလန့်မေးလိုက်၏။

“ကိုကြီးမြိုင် ကျွမ ဦးဏှောက်နဲ့တော့ ဘာ ဆုံးဖြတ်ရမယ် ဆိုတာ မမိတော့ဘူး၊ ခု ကျွမ ဖွင့်ပြောမဲ့အကြောင်းကို ကိုကြီး မြိုင် ရင်ထဲမှာဘဲထားပါ”

မမြသန်းသည် ထွန်းလု နောက်ဆုံး ဖွင့်ဟ ပြောကြားချက် များကို ဦးကြီးမြိုင်အား ပြောပြလိုက်၏။

“မမစောမူဟာ ဒီအကြောင်းတော့ ဘာမှမသိသွားရပါဘူး၊ ဒါ့ပြင့် မောင်သက်ဟာ အတော်ချက်တာဘဲ”

“ဟုတ်တယ် ကျွမတွေးတာကလဲ ခုမမစောမူကတော့ သိဖို့ မလိုတော့ပါဘူးလေ၊ ကိုလေးသက်ဟာ ဒီလိုကြံစီခဲ့တယ်ဆိုတာ ကိုကြီးဆက် သိသင့်သလား၊ မသိဘဲ ဒီလိုနေသွားရင် အကြေ အနေ ပိုဆိုးမလား သိသွားရင်လဲ တခါထဲ ညီအကို သေခန်း ပြတ်မလား”

“ဒါကိုဆုံးဖြတ်ဖို့ တိုအချိန်စောပါသေးတယ်၊ ကိုကြီးဆက် ကို မပြောဆင့်သေးဘူးထင်တယ်၊ ငါ့အနေနဲ့တော့ မောင်သက် ကို နဲနဲမှ ခွင့်မလွှတ်နိုင်တော့ဘူး၊ ဆက်ပြီးတော့သာ မိုက်နေရင်



တော့ ငါနဲ့ဘဲရှင်ဆိုင်ရမယ်ထင်တယ်....တကယ်ဆို ငါက သူ့ကို အရင်ဆုံးသတ်ဖို့ကောင်းတယ်၊ ငါဟာ ကိုကြီးဆက် အခုံးအမ ကြောင့် သည်းခံစိတ်တွေ မွေးမွေးလာတာ၊ ငါ့ရဲ့ ငယ်စိတ်နဲ့သာ ဆိုရင် ဖွားခင်ကိုစ္စတုန်းက မောင်သက်ကို ငါ့ဓားနဲ့ပိုင်းမိတယ်”

“အင်း....ကျွမလဲ ဖုတွေးမိတယ်၊ သူဒါလောက်အကြံပက်စက် ရအောင်နာကျည်းရတဲ့အကြောင်းထဲမှာ မဖွားခင်ကိစ္စက စလာ မှာဘဲ”

“ဒါတင် ဘာကမလဲ၊ အားလုံး အမွေ ဝေခြမ်း ပြီးပေမင့် ကိုကြီးဆက်နဲ့ မမစောမူလက်ထက်ပွားလယ်တွေကိုလဲ သူကအမွေ ဆိုင် တညီးအနေနဲ့ ပိုင်ဆိုင်ခွင့် လိုချင်သေးတယ်၊ ဖွားခင် ကိစ္စ တုန်းက ရွာသားတွေ ကိုယ်တိုင်ကိုက မခံမရပ်နိုင် ဖြစ်နေတာ၊ ငါက ရွာသားတွေကို ဖြောင်းဖျရတယ်၊ ငါ့အဖေတောင်ဟောက်လိုး အနေနဲ့ ခွင့်လွှတ်နိုင်တာ မင်းတို့ စိတ်ကြေနပ်ပါလို့ပြောရတယ်၊ နို့မို့ရင်လား ဂေါ်ဒူသောင်မြေကို မောင်သက် ဘယ်တော့ မှ ခြေချရမှာမဟုတ်ဘူး၊ ဂေါ်ဒူသောင်ရွာသား ဆိုတာက [illegible] ချစ်တီးခေါင်းကိုတောင် ဖြတ်ယူခဲ့တာ”

“မဖွားခင်ကိစ္စတုန်းက မမစောမူက ကျွမရှေ့တွင်ဘဲ ကိုကြီး ဆက်ကို ပြောပြနေတယ်၊ သူဟာ ဒီနေရာမှာ မောင်သက်မရှိး အနေနဲ့ မစဉ်းစားနိုင်ဘူးတဲ့၊ မောင်သက်မရှိးအနေနဲ့ စဉ်းစား မယ်ဆိုရင်တော့ မောင်သက်နှင့်တင်မြသင် မင်္ဂလာပွဲကို ကိုကြီး ဆက်နဲ့အတူ တက်ရမှာဘဲတဲ့၊ ခုတော့ သူဟာ မိန်းမတယောက် အနေနဲ့တွေးရမယ် စာနာရမယ်တဲ့၊ တာကြောင့် ဖွားခင်တို့သာ ဆားဝင်မယားကြီးအဖြစ် အသိအမှတ်ပြုတဲ့ အနေနဲ့ သူ့ရဲ့ သရက်ချောင်းအိမ်မှာ ရွာသားတွေကို ဖိတ်ခေါ်ကျွေးမွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သူပြောပြရမှာဘဲတဲ့၊ ကိုကြီးဆက် ကိုတော့ ကိုလေး သက် မြောင်းမြမှာကျင်းပတဲ့ မင်္ဂလာပွဲကို တက်လိုတက် မတက်လိုနေ သူတို့ကလဲ မတိုက်တွန်းဘူး၊ ကန့်လဲ မကန့်ကွက်ဘူးတဲ့”

မမြသန်းသည် ဦးသက်တစ်ယောက် လူပျိုတုန်းက မြောင်းမြမြို့မှ အငြိမ်းစားစက်ရှင်မင်းကြီး ဦးဗမော်၏သမီး တင်မြသင်နှင့် လက်ထပ်ပွဲအကြောင်းတွင် သူသိသောအပိုင်းကို ဦးကြီးမြိုင်ကို ပြောပြ၏။

“ငါပိုသိတာပေါ့၊ ကိုကြီးဆက်က ငါ့ကို တောင်းပန်တယ်၊ တို့ညီအကို စိတ်သဘောခြင်းမတူပေမင့် ငါ့အနေနဲ့ တာဝန်ရှိတယ် မောင်မြိုင်တဲ့၊ မင်းရဲ့ သမီးဟာ လဲဘဲ ငါ့သမီး ပါဘဲတဲ့၊ မင်းသမီးဖွားခင်အပေါ် တို့များသမီးချင်းစာနာပြီး ခုလို အသိအမှတ်ပြုပွဲလုပ်ပေးတာ မင်းကြေနပ်ရဲ့လားတဲ့၊ ငါ မောင်သက်ရဲ့ မင်္ဂလာပွဲကို တက်လဲမတက်ဘူး အသိအမှတ်လဲမပြုပါဘူးတဲ့....” ကိုကြီးဆက်ပြောစကားကြောင့် ငါ့ဒေါသကိုလဲ ထိမ်းသိမ်းပါတယ်၊ ကြေနပ်ပါတယ်လို့ ကိုကြီးဆက်ကို အဖြေပေးလိုက်တဲ့ အပြင် ကျန်တော့လက်နဲ့မောင်သက်တစ်ယောက် မသေစေရပါဘူးလို့ ဂတိပေးလိုက်တယ်....”

“ကိုလေးသက်ကို သိမ်မွေ့လာအောင် ဘယ်လို လုပ်ရမလဲ။ ဘာဘဲဖြစ်ဖြစ် ကိုကြီးဆက်က ရှေ့ကတရားတွေဟော မေတ္တာရပ်ခံလို့ သူ့အသက် တာလောက်ရှင်နေတာ ဆိုတာ သူနားလည် လာဖို့ကောင်းဘီ၊ကဲ....ညီအကိုချင်းတူတူ ဒီမြေကို သူပြန်လာရဲသလား၊ ဒီရွာသားတွေရော ဂေါ်ဒူသောင်နားက ရွာသားတွေကော သူ့အပေါ် မေတ္တာတစက်မှမရှိဘူး”



မမြသန်းပြောသည်မှာမှန်၏။ တိုင်းပြည်အခြေအနေ မတည်မငြိမ် အပြောင်းအလဲတွင် ရွာသားတို့သည် ဦးသက်၏အပေါ် သူတို့၏သဘောထားကို ပါးစပ်နှင့်မပြော၊ ဂေါ်ဒူသောင်ဆီစက်ကို မီးတင်ရှို့လိုက်ကြသည်။

“သူတို့ ဘယ်တော့လောက် လာကြမလဲ” မမြသန်းသည် ဦးဆက်တို့လာမည့်သတင်းကို ဆက်၍မေးလိုက်၏။

“ဝါဆိုဦးမှာလာမယ်၊ ဝါဆိုသင်္ကန်းကပ်ရင်း သရက်ချောင်းက သူတို့အိမ်ကြီးကို ရွာ့ရဲ့စာသင်ကျောင်းအဖြစ်လှူမယ်၊ ရေစက်ချမယ်၊ တာတွေ ငါစီစဉ်ရအောင် ကြိုလာခဲ့တာ....”

“နှင်ရော အလှူပြီးလို့ ကိုကြီးဆက်တို့ ရန်ကုန် အိမ်ကြီးကို ပြန်ရင် လိုက်လာပြီး အတူနေပါလား၊ ငါမေ့ကို သနားလှန်းလို့ပါဟယ်၊ ငါလေ လူတွေရှေ့မှာ တမင် မမစောမှုကိုယ်စား အလေးထားပြီး သူ့ဒွေးမကြီးလို့ ခင်မေဆက်ကို ခေါ်တာ၊ တကယ်တော့ ငါရင်ထဲမှာ သူ့ကို ပူစူးမ လို့ဘဲ ခေါ်မိတယ်....၊ ခုတော့ ပူစူးမဟာဆေ အပြင်မှာ လူကြီးတပိုင်းလိုပန်ပန်နဲ့ နေသလောက် အိမ်မှာဆို ပိုးဥလေးကလဲမရှိ၊ အမေလဲ မရှိတော့ ကိုကြီးဆက်အနားမှာ ပူစူးမအနေနဲ့ဘဲ သူနေပုံဟာ ကြောင်တောင်တောင် ငေးတေးတေး ငိုင်တိုင်တိုင်နဲ့၊ သိတဲ့ပြီး တိတ်တိတ် ဆိတ်ဆိတ် နေတာဘဲ၊ နှင်သာ အနားမှာရှိရင် ပူစူးမလဲ နေသာတာပေါ့...”

မမြသန်းသည် ဦးကျီးမြိုင် စကားအဆုံးတွင် သက်ပြင်းချလိုက်၏။

“တဖြေးဖြေးတော့ ရောက်လာဖို့ ကျိုးစားပါ့မယ် ကိုကြီးမြိုင်၊ ခုတော့ မိညှနို့ရှိ ရှိသေးတယ်လေ၊ ဒီသားဆိုးကို ကျမ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ထိန်းပေးရအုံးမယ်၊ သူ့အမေကျမဆီက ဆယ်ခါတဲ့ သွားသွား ပြန်လာတော့တာနေယောက်ထဲ၊ ခုမိညွန့်ရီပြန်လာတော့ သူ့မှာ ကိုယ်ဝန်ပါခဲ့တယ်လေ၊ အော်....ကျေးဇူးရှင်မကြီး မမစောမှုသာရှိရင် ဒီပြဿနာ သူဝင်ပြေလိုက်အုံးမှာ"

ဦးကျီးမြိုင်သည် ငြိမ်သက်စွာ အတန်ကြာ စဉ်းစားနေ၏။

"အေးလေ...ငါဒီကိုလာမယ် လုပ်တော့ ခင်မေဆက် ကငါ့ကို နင်နဲ့ဝင်တွေ့သွားဖို့ မှာလိုက်တယ်၊ သူဟာလဲ သူ့အမေကိုယ်စား နင့်ကိစ္စ ဘာမဆို ဆောင်ရွက်ပေးနိုင်မှာပါ၊ အော်ညွန့်ရီ....ညွန့်ရီ၊ ငါ ညွန့်ရီအကြောင်း မတွေးတတ်ဘူး"

"ဟုတ်တယ်.... ကျမလဲ တွေးမိတိုင်းမောတယ်၊ ဖွားခင်ဖြစ်ပုံက အားလုံးသနားကြတယ်၊ ဖွားခင်အိမ်မြှေကို လေးစားကြတယ်၊ ကိုလေးသက်ကြောင့် ဖွားခင် သားတစ်ယောက် အမေဖြစ်ရတာကို အားလုံးနားလည်တယ်၊ မိညွန့်ရီကတော့....ဟင်းကိုယ့်ရင်ထဲက မွေးလာတဲ့သမီးမို့ လိုတဲ့"

"တော်ပါတော့ မြသန်းရယ်၊ ဖြစ်သမျှအကြောင်းတွေ ငါသွားတော့မယ်"

ဦးကျီးမြိုင်သည် သူ့ကိုနှုတ်ဆက်ထွက်ခွာသွား၏။

* * * *

သရက်ချောင်းကျေးရွာ တိုးခဲ့ မူလတန်းကျောင်း ဖွင့်ပွဲမှာ စည်ကားသိုက်မြိုက်စွာ ပြီးစီးသွား၏။ ရွာသားများသည် မမစောမှုအကြောင်းကို တသ လွမ်းဆွတ်စွာ ပြောကြားကြ၏။ ဆွန်းတော်ကြီးဦးဝဏ္ဏပင် ရေစက်ချရာ၌ အားလုံးသော သတ္တဝါ



များအား အမျှဝေ၏။ ပင်ရင်း အကာမကြီးဖြစ်သော ဒေါ်ခင်စောမှု နဝမယ်ကို ထုတ်ဖော် ရွတ်ဆိုချိန်တွင် အသံ တုံ့ရီသွားတော့သည်။

အော်...ဝသုန္ဒြေ ဤမြေကြီးသည်၊ အားလုံးသော သတ္တဝါတို့၏ မှီရာ တည်ရာ ဖြစ်ရုံမက အားလုံးသော သတ္တဝါတို့၏ စိတ်ဓာ စေတနာကိုလည်း သက်သေထူရာ ဖြစ်ခဲ့ပေ၏တကား။

မျက်ရည်စက်တို့ဖြင့် ရေစက်ချနေသူမှာတော့ ဒေါ်မြသန်းဖြစ်၏။ သူ့အပါးတွင် သူချစ်သော ပုစုးမသည် ထိုင်နေ၏။ သူတို့နှစ်ယောက်သည် ရေစက်ချပွဲအပြီး ကျောင်းပရဝုဏ် အတွင်းရှိ ရေတွင်းဘေးတွင်ထိုင်ခါ နောက်ဆက်တွဲ ရေစက်ချနေ၏။ ဒေါ်မြသန်း၏ မျက်လုံးမှ မျက်ရည်စက်များသည် မြေကြီးပေါ်သို့ တပေါက်ပေါက် ကျလာကြ၏။ ဝသုန္ဒြေမြေကို စောင့်သော မြေစောင့် နတ်ကြီးအား သူသာ ဘုန်းတော်ကြီးကဲ့သို့ ရွတ်တတ်ဖတ်တတ်ပါလျှင် မမစောမှု စေတနာ မေတ္တာ အလှူဒါနတို့ကို တိုင်တယ်၍ အမျှဝေလိုက်ပါသေး၏။ ခုတော့ သူ့ပါးစပ်က မပြောတတ်၍ မျက်ရည်ပေါက်တို့သာ မြေပေါ်သို့ သွန်ချလိုက်ပါသည်။

ယခင်က ထစ်ခနဲဆို ငိုကြီးချက်မနှင့် အငိုသန်သူ ပုစုးမသည် ယခု သူ့ဘေးတွင် ငြိမ်သက်စွာ ထိုင်နေ၍ မျက်လုံးထဲရှိ စီးကျလုဆဲဆဲ မျက်ရည်ဥများကို တွဲလွဲအခြေအနေမှာသာ ထိန်းချုပ်ထားနိုင်သော ဒေါ်ခင်မေဆက် အနေနှင့် သူ့အံ့ဩရခြင်းတွေ့ရ၏။

"မငိုနဲ့လေ....ဒေါ်ဒေါ်သန်း၊ မေမေက မေ့ကိုမှာခဲ့ပါတယ်၊ မမြသန်းကို ငါရှိတုန်းကထက် ပိုဂရုစိုက်ပါတဲ့၊ ဘာကိစ္စရှိရှိ

www.burmeseclassic.com

www.burmeseclassic.com



မေ့ကိုပြောပါနော်.. မေလေ ကျောင်းပိတ်ရက်ဆို ရွာကို တတ်နိုင်သလောက်လာခဲ့မယ်၊ မေတက္ကသိုလ်မှာ နည်းပြဆရာမလုပ်ပြီး အမြဲအေတက်နေတယ်၊ ဖေဖေလဲ အသက်ကြီးပြီမို့ ဖေဖေ့အနားက မခွာချင်လို့ပါ၊ နို့မို့ရင် ဒေါ်ဒေါ်သန်းနဲ့ အတူ သရက်ချောင်းမှာတောင်နေချင်တယ်..၊ အခုလဲလေ....ဖေဖေက ညက သူ့အစီအစဉ်ကို ပြောပြတယ်၊ ဦးကျီးမှိုင်ကလဲ သဘောတူတယ်၊ ဖေဖေတို့ ကျွန်းကြီးလယ်ကို လုပ်တဲ့ ကိုသာအေးနဲ့ မညွန့်ရီကို ပေးစားခဲ့မယ်တဲ့၊ ကိုသာအေးက သဘောကောင်းပါတယ်တဲ့"

"ညွန့်ရီအကြောင်းရော သာအေးအားလုံးသိရဲ့လား၊ တို့မျာ းရွာသားတွေကိုတော့ ဒေါ်ဒေါ်သန်းအနေနဲ့ ညာပြီး ငါ့သမီး လင်ကောင်းပေါ်ဖို့ ခေးစားခံ မလုပ်ပါရစေနဲ့"

ဒေါ်မြသန်းက သူ၏ စိတ်ရင်းကို ဖော်ပြလိုက်၏။

"ဖေဖေနားလည်ပါတယ်၊ ညွန့်ရီ အခြေအနေကို ဖေဖေက ဖွင့်ပြောပါတယ်၊ ကိုသာအေး မြတ်နိုင်းနိုင်မှ ယူဖို့လဲ ဖေဖေက ပြောပြီးသားပါ၊ ကိုသာအေးလက်မှာ ငြိမ်ငြိမ်နေဖို့တော့ ဒေါ်ဒေါ်သန်းက ကိုယ့်သမီးကိုယ် တာဝန်ယူပေါ့၊ ညွန့်ရီ တာဝန်ငြိမ်းမှ တို့ခေါ်ရာကို မြသန်း လိုက်နိုင်မှာတဲ့"

ဒေါ်မြသန်းသည် တကယ့်သူတို့၏ ကိုယ်ရေးကိုယ်တာသဘွယ်သားအဖနှစ်ယောက် ဖိဖိစီးစီး စီစဉ်ပေးသည်ကို တွေ့ရသောအခါ သူ့ရင်ထဲတွင် မပြောပြနိုင်သော သောမနဿ ဝေဒနာကို ခံစားလိုက်ရမ၏။ သူသည် မေ၏ လက်ဖျားလေးများကို ဆုပ်ကိုင်လိုက်သောအခါ အေးစက်နေ၏။

"ပုစုမ နေမကောင်းဘူးလား၊ လက်ဖျားတွေ အေးလိုက်တာ"



"နေကောင်းပါတယ်....မမ နိုင်ငံခြားကို ထွက်သွားတုန်းက မေမေရယ် မေ့ရှေ့မှာ အိပ်ခြေမဆည်နိုင်ဘူး၊ ငိုလိုက်တာ မေ့လေ အဲဒီတုန်းက ခြေဖျားလက်ဖျား အေးတဲ့ ရောဂါ ရလာတာလေ"

"မျိုး...မျိုးဘာလို့ နိုင်ငံခြားကို ထွက်သွားရတာလဲ"

ခင်မေဆက်သည် ရုတ်တရက်တော့ မဖြေပေ၊ နောက်မှ သူသည် ဖြေးဖြေးနှင့် တလုံးခြင်းပြောပြ၏။ သူ့စကားမှာ မရှည်လှ။

"ပိုးဥလေးလဲ အတောင်ပေါက်တော့ သူစိတ်ရှိရာ ပြန်သွားတာပေါ့၊ ဒါထက်လဲ ပိုမသိချင်ပါနဲ့တော့ ဒေါ်ဒေါ်သန်းရယ်"

"ကဲ....လာကြပေ့ မြသန်းရယ် ပုစုမရယ် ထမင်းစားကြစို့"

ရွာဆော်မကြီး ဒေါ်မရှင်ကြီး၏ ခေါ်သံကြောင့် နှစ်ယောက်သား စကားစဖြတ်ခါ ကျောင်းအောက်သို့ ပြန်လာကြသည်။ ကျောင်းအောက်တွင် ငှက်ပျောဖက်တွေခင်း၍ အားလုံး ထမင်းစားကြ၏။ ဟင်းရာမှာ ဒေါ်ခင်စောမူအကြိုက် ငါးမြင်းရင်းသားကို ခရမ်းချဉ်သီးနှင့် ဆီပြန်ချက် ငံပြာရည် ဆီသတ် တို့စရာမျိုးစုံနှင့် ချဉ်ဖရဟင်း ဖြစ်သည်။

* * * *

ဒေါ်မေခာဝီသည် အတိတ်က မမြသန်း ဘဝကို ဤနေရာတွင် အတွေးရပ်ဖြစ်လိုက်၏။

ကဆုန်လပြည့်ကျော်လျှင် ဒေါ်ခင်စောမူ အကြိုက် ငါးမြင်းသားနှင့် ခရမ်းချဉ်သီးဆီပြန် ငံပြာရည်ဆီသတ် ချဉ်ရည်နှင့် တို့စရာမျိုးစုံကို ဆွမ်းကျွေးအတွက် သူစီမံပေးရပေအုံးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း-၅

## လပြည့်နွေကဆုန်

ဒေါက်တာအုံးမောင်၊ ခေါ်ယူသွားသော သူငယ်လေး အကြောင်းကို ဒေါက်တာမင်းရွှေသည် ဆက်လက်၍ သတင်း မကြားရတော့ပေ။ ဦးကျိုးမြိုင်ကလည်း ထိုအကြောင်းကို ပြည် ဖုံးကားချထားလိုက်၏။ သို့သော် စေတနာရှင် ဒေါက်တာ အုံးမောင်သည် ခရီးမထွက်ခင် စီစဉ်သွားခဲ့ရသေး၏။

"အန်ကယ်တာ ဆက်မိသားစုရဲ့ကျန်းမာရေးကို မောင်ဆက် မသေခင်ကတဲ့က တာဝန်ယူခဲ့တယ်၊ မောင်ဆက်ရဲ့ စေတနာ မေတ္တာကို လေးစားလို့ပါ၊ ဆရာဝန်တစ်ယောက်ဟာ ဆေးကုဖို့ အလုပ်ဘဲရှိတယ်ဆိုလဲ ဖြစ်နိုင်တာပေါ့၊ ဒါပေမင့် အန်ကယ်နဲ့ မောင်ဆက်က သေးရင်း သားရင်း အနေနဲ့ကို ဆက်ဆံလာကြ တာ၊ လိုအပ်တာဆိုရင် ကျန်းမာရေးပါမကဘူး၊ အန်ကယ်ကလဲ အကူအညီ ပေးတာပါဘဲ၊ အန်ကယ် လိုအပ်တာရှိလဲ မောင် ဆက်ကိုပြောရင် မောင်ဆက်က ကူညီခဲ့တယ်၊ ဒါကြောင့် မောင် အုံးမောင်လဲ ခုသူ့သမီး ခင်မေဆက် ကျန်းမာရေးရော ကိုယ် ရေးကိုယ်တာမှာရော လိုအပ်တာရှိ ကူညီပါ၊ မင်းတစ်ယောက်ထဲ ခေါင်းနဲ့စဉ်းစားမရတာရှိရင် ဝတ်လို့ ဦးမင်းဟန်ကို အကူအညီ တောင်းပါ၊ သူကလဲ ဥပဒေသမားပေမင့် အစစ မောင်ဆက် အပေါ် အန်ကယ့်လိုဘဲ စေတနာထားပါတယ်"

ဆရာဝန်ကြီး ဦးမင်းချိန်က ဒေါက်တာ အုံးမောင်အား ဒေါ်ခင်မေဆက်နှင့် မိတ်ဆက်ပေးပြီးနောက် တခါက ယခုလိုပင် ပြောပြခဲ့ဘူး၏။

"အေး...ဟိုတက်ခြက ဦးရွှေဦးကိုလဲ အန်ကယ် ကျန်းမာ ရေးကို တာဝန်ယူခဲ့တာဘဲ၊ ဦးရွှေဦး မိသားစုရဲ့ စိတ်ခတ်က တမျိုးဆိုတော့ မောင်အုံးမောင်နဲ့ ကိုက်ချင်မှကိုက်မှာမို့ အန် ကယ်လဲ ခုသာ အေးအေး နေခဲ့တာ၊ ဦးရွှေဦးကတော့ သူနဲ့ အဆင်ပြေတာ သူတို့ဆွေမျိုးထဲက ဒေါက်တာဝင်းမှန်ဘဲရှိတယ်"

ဒေါက်တာအုံးမောင်သည် ဦးမင်းချိန် အမှာစကားအတိုင်း သူသည် ဒေါ်ခင်မေဆက် ကျန်းမာရေးကို ဆက်လက် တာဝန် ယူခဲ့၏။ ကြာကြာ လက်မှန်းတတီး ဆက်ဆံလာခဲ့တော့လည်း သူ့ရင်ထဲတွင် ဒေါ်ခင်မေဆက်အား သေးသားအရင်းလို စိတ် စေတနာပိုလာခဲ့သည်။ ကြည့်ညိုလည်း ကြည်ညိုမိသည်။

ထို့ကြောင့်ပင် သူခေါ်လာသော ဝေဒနာသည် သူငယ်လေး၏ ကိစ္စကို ဆေးရုံရောက်မှ ဦးကျိုးမြိုင်ကို မေးကြည့်ရ၏။ သူငယ် လေးမှာ ဦးဆက်၏ ညီ၊ ဦးသက်၏ ဒုတိယသား၊ မောင်လူကျော် ဖြစ်သည်။ ပထမသားဖြစ်သူ မောင်လူမွေး သေဆုံးရပုံကို ဦးကျိုး မြိုင် ပြောပြချိန်တွင် သူစိတ်ထိခိုက်လှ၏။ သို့သော် ထိုစဉ်က သူစိတ္တဇဆေးရုံသို့ မရောက်လာသေး၍ အဖြစ်အပျက်အကြောင်း စုံကို မသိခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုး ဇယားရှုတ်သည့်က သူတို့ဖာသာ ကိစ္စဖြစ်၍ သူ့တာဝန်မှာ ဤမောင်လူကျေးခေါ် သူငယ်လေး အသက်ရှည်ဖို့ ကျန်းမာဖို့ သူ အစွမ်းကုန်ကျိုးစားရမည်ဖြစ်၏။ ထို့ကြောင့်ပင် အနာဂါးယူခရီးထွက်မည် ဆိုသော်လည်း မထွက်ခင် ကိစ္စဝိစ္စ စီမံရင်းကြားက စတ်လုံတော်ရ ဦးမင်းဟန်ကို တယ်လီဖုံး ဆက်ခေါ်ကာ မောင်လူကျေးကိစ္စကို ပြောပြရ၏။ ရွှေတံဇင် အိမ်ကြီးပေါ် ခေါ်နှင့်တက်၍ ဒေါ်ခင်မေဆက်ကို သတ်ဖို့ ကြံစည်နေတုန်း သူတို့နှင့် ဆုံသည်ကအစ ဆေးရုံခေါ်လာသည်အထိ သူ ပြောပြ၏။

“ဒေါက်တာအုံးမောင် ခရီးထွက်ဖို့ အစီအစဉ်ကို လုပ်ပါတော့လေ....ကျွန်တာ အန်ကယ်ဆက်ပြီးလုပ်သွားမယ်၊ အန်ကယ် အားလုံး အကြောင်းတွေ သိပါတယ်”

ဦးမင်းဟန်သည် မောင်လူကျေးကိစ္စကို ဆက်လက် တာဝန်ယူလိုက်၏။ မောင်လူကျေး ကျန်းမာရွှေ့ နုံနဲကောင်းလာသည့် တပိုင်နက် သူသည် ဆေးရုံတွင် ကြာရှည် ဆက်မထားတော့ဘဲ သူ့အိမ်သို့ ရွှေ့ပြောင်းခေါ်ယူသွားတော့သည်။ အဖေ အနေနှင့် ဦးသက်သည် သူ့သားအား သူခေါ်ပိုင်ခွင့်ရှိ၏။ မောင်လူမွေးတုန်းကလို ဆေးရုံမှ လက်မှတ်ထိုး၍ ခေါ်ယူသွားမည် စိုးသောကြောင့် ဒေါက်တာဂျေခိုင်ကို အကူအညီတောင်းကာ ဦးမင်းဟန်သည် ဦးသက်နှင့် မောင်လူကျေးကို တွေ့ခွင့်မပေးခဲ့ပေ။

ယခုလည်း မောင်လူကျေးကို သူ့အိမ်ပေါ်တွင် ခေါ်ထားသော်လည်း ဆေးကုသခြင်းကိုမူ သူကိုယ်တိုင်ကြပ်မတ်၍ စိတ္တဇဆေးရုံနှင့် မှန်မှန်ဆက်သွယ်ကာ လုပ်ပေးနေရ၏။



သို့သော် သူသည် တနေ့တွင်တော့ ဦးသက်ကို သူကိုယ်တိုင် ခေါ်ယူ တွေ့ဆုံရ၏။ ဘာဖြစ်ဖြစ် ဆက်မိသားစုနှင့် စပ်သမျှ သူတတ်နိုင်သ၍ ဆောင်ရွက်ပေးရမည်မှာ သူ့တာဝန် ဖြစ်သည်။ သူသည် ကျောင်းနေစဉ်ကတည်းက မကြောင့်မကျ ဦးဆက်နှင့် အတူ ရွှေတံဇင်အိမ်ကြီးတွင် ညီအကိုလို အတူနေလာခဲ့သည်။ ယခုလည်း ညီရင်းသဖွယ် ဦးသက်ကို ခေါ်ယူတွေ့ဆုံလိုက်၏။ ဦးသက်သည် သူ့ကို လာရောက် တွေ့ဆုံ၏။ ဦးမင်းဟန်သည် နှုတ်ဆက်တွေ့ခြင်း နေရာပေးရုံသာပေး၍ စကားမခံ အစပျိုးမနေတော့ဘဲ၊ ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်၏။

“ဒီတခါ မောင်လူကျေး သေရင်တော့ မင်းကို ငါတရားစွဲရပါလိမ့်မယ်”

ဦးမင်းဟန်သည် လေသံမာရုံမက စိတ်လည်း တကယ်ဆိုးနေပုံရ၏။ သူသည် ညှော်ခန်းကို ခေါက်ထုံ့ခေါက်ပြန် ရှောက်နေသည်။ သူ့ရှေ့တွင် ဦးသက်သည် ခေါင်းမဖော်ဘဲ ငြိမ်သက်စွာ ထိုင်နေ၏။

“အခု မောင်လူကျေး ဘယ်မှာလဲ”

ဦးသက်က မေးလိုက်၏။ ဦးမင်းဟန်သည် ဒေါသသံနှင့်ပင် ဆက်ပြောနေ၏။

“ဒါလား....အဖေ၊ ကိုယ့်သား ဘယ်ရောက်နေလို့ ရောက်နေမှန်းတောင်မသိဘူး၊ မင်းမေးခွန်းအစား ငါရှက်တယ် မောင်သက်၊ မင်းတို့ဆွေစုမျိုးစုထဲမှာလဲ ငါဆွေသားရင်းချာလို ဝင်ပါပါနေတာ တကယ်တော့ ငါသွေးတစက်မှ မစပ်ပါဘူး၊ မင်းကပြောမယ်၊ ကျွန်တော်က အဖေအရင်းပါလို့၊ မှန်ပါတယ် မင်းရင်သွေးအစစ်ပါ။ ဒါပေမင့် မင်းလုပ်ပုံ မဟုတ်လို့ မောင်လူမွေး

www.burmeseclassic.com

www.burmeseclassic.com



သေခဲ့ရတာ... ဒီအကြောင်းကို ငါတွေးမိတိုင်း မင်းကို ငါသတ်ချင်တယ်....အမေရိကမှာဆိုရင် ရုပ်ရှင်မင်းသမီးကြီး ရိတာဟေး ဝပ်ကို ရင်သွေးကလေးတွေပစ်ပြီး အပျော်ကျူးရမလားလို့ သက်ဆိုင်ရာ အမျိုးသမီး အစည်းအရုံးတွေက တရားစွဲဖို့ စီစဉ်ကြတယ်၊ တာတောင် သွေးသားကို အင်မတန် ဦးစားပေးတဲ့ နိုင်ငံ၊ တို့နိုင်ငံမှာ ငါမလုပ်ရဘူး အောင်းမေ့လို့လား လုပ်ခဲ့တယ် မောင်သက်ရေ၊ ဒါပေမင့် အနန္တောအနန္တ ငါးပါးကို ဦးစားပေးတဲ့ ဗုဒ္ဓဘာသာ နိုင်ငံမှာ မင်းလို တာဝန်မဲ့ ဖခင် တယောက်ကြောင့် နောင်...မိဘမေတ္တာဆိုတဲ့အပေါ်မှာ လူငယ်တွေ ကောက်ချက်လွဲမှာစိုးလို့ ငါငြိမ်နေတာ၊ မင်းကိုများ ကြောက်လို့ အောင်းမေ့နေလား"

ကိုသက်မျက်နှာမှာ တမျိုးတဖုံပြောင်းလဲသွား၏။ သို့သော် သူ့ပြောင်းလဲခြင်းသည် ဘယ်လမ်းကြောင်းသို့ ဟူ၍ကား ထင်ရှား မပြပေ။

"ပြီးတော့ မင်းအကို...မင်းအကို မောင်ဆက် စကားကြောင့် ငါဒီကိစ္စ ဆက်မဆောင်ရွက်တာ"

"ဘာ...သူတို့မိသားစုက ကျွန်တော့ သားတွေ ကိစ္စမှာ စိတ်ဝင်စား သတဲ့လား"

ကိုသက်သည် အံ့သြဟန်နှင့် မေး၏။

"အောင်မယ်... စိတ်ဝင်စားသမှ ခင်မေဆက်အထိတဲ့ မင်း အမုန်းဆုံး ခင်မေဆက်အထိ မောင်လူမွေးဆုံးရတဲ့ အကြောင်း စကားစပ်မိရင် ရောဂါက ဖြစ်တော့ အခု ကောင်မလေး ဖြစ်နေရတဲ့ ရောဂါတွေထဲမှာ မင်းသားတွေ အတွက် သောက စိတ်ဟာ အမြဲပါတယ်"



"အို...သူ့ကိုထားလိုက်စမ်းပါ၊ အဲဒီတုန်းက ကိုကြီးဆက်က ဘာပြောလဲ"

"ဘာပြောရမလဲ...မောင်လူမွေးကိစ္စနဲ့ ပတ်သက်ပြီး ငါက ဒေါသဖြစ်လွန်းနေတော့ မောင်ဆက်က ငါ့ကိုတခုပြောတယ်၊ မောင်သက်ဟာတဲ့ သူ့ကလေးတွေကို သူလဲ ပညာမပေးဘူး၊ ယဉ်ကျေးအောင်လဲ မထိန်းသိမ်း မပြုပြင်ဘူး၊ ကျွေးနိုင်မွေးနိုင် ပညာပေးနိုင်တဲ့ တင်မြသွင် အဖေကြီးရှိရာ မိခင်ဘက်က ဖိုးအေ ဆွေမျိုးတွေနဲ့လဲ အတွေ့မပေးဘူး၊ ကျွန်တော်တို့ ဆက်မိသားစုနဲ့လဲ ဆက်ဆံခွင့်မပေးဘူး၊ ကလေးတွေစိတ်ထဲ ကျွန်တော်တို့ မိသားစုကို အမုန်း ပွားအောင်သာ သွေးထိုး ပေးနေတယ်တဲ့။ ပေးပါစေ...နောင်ကြီးဟန်တဲ့၊ စကားနဲ့ပြောရုံတင် မဟုတ်ဘူး၊ သူ့မှာလုပ်ပိုင်ခွင့်ရှိလို့ ဆက်မိသားစုကို မီးလောင်တိုက်ဘဲ သွင်း သွင်း၊ ဆက်မိသားစု မြေပေါ်က ပျောက်သွားလို့ ပြာအနာ မြေလည်သွားမယ်ဆိုရင် ကျွန်တော်တို့ ပျောက်သွားပါစေ ဘာအရေးလဲ၊ ခုတော့ အဖတ်တင်ကျန်ရစ်ခဲ့တာက မောင်လူမွေး မသေသင့်ဘဲ သေရတယ်တဲ့၊ မောင်လူကျေးလဲ ဘယ်ဘဝ ဆိုက်မယ်မှန်း မသိဘူး၊ နောင်ကြီးဟန် စီစဉ်သလို မောင်သက်ကို တာဝန်မကျေတဲ့ ဖခင်အနေနဲ့ တရားဘဲစွဲ၊ ကျွန်တော်ကဘဲ မောင်လူကျေးကို မင့်အဖေလုပ်ပုံက ဒီလိုပါလို့တဲ့ ပြောပြ အဖြစ်မှန်ကိုတင်ပြရင် မောင်လူကျေးဟာ ဖခင်ရင်း အပေါ်မှာ မကျေနပ်တာတွေ မုန်းတာတွေ ပွားလာရင် သံသယပါ ဒုက္ခ ပေးတော့မယ်တဲ့၊ ကျွန်တော်တို့အပေါ်မုန်းလို့ အငြိုးထားလို့

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးမှာ အပြစ်မရှိပါဘူးတဲ့၊ ကဲ....ကဲ....သူက အဲဒီစကား ပြောထားလို့ ငါသည်းခံနေတာ....မင်းကို ကြောက်လို့ မဟုတ်ဘူး...."

ဦးမင်းဟန် စကားအဆုံးတွင် ကိုဆက်သည် သက်ပြင်းချလိုက်၏။

"အခု....မောင်လူကျေး ဘယ်မှာလဲ"

သူသည် ဒုတိယအကြိမ် မေးခွန်းဟောင်းကို ပြန်၍ မေးလိုက်၏။

"ဘယ်မှာလဲလို့ ငါ ချက်ခြင်း မပြောနိုင်သေးဘူး၊ တနေ့တုန်းက ဒေါက်တာအုန်းမောင်က စိတ္တဇဆေးရုံကနေ ဖုံးဆက်ခေါ်လို့ ငါသွားတယ်၊ ဆေးရုံမှာ မောင်လူကျေးကို တွေ့ရတယ်"

"သူ....စိတ္တဇဆေးရုံမှာလား"

"နေအုံး....ငါပြောပြမယ်၊ ဆေးရုံရောက်တော့ ဒေါက်တာအုံးမောင်က ပြောပြတယ်၊ မောင်လူကျေးရယ် ရွှေတံဇင်အိမ်ကိုသွားပြီး ဓားတချောင်းနဲ့ ခင်မေဆက်ကိုသတ်မလို့တဲ့၊ ခင်မေဆက်ကလဲ အဲဒီအိမ်ကြီးမှာမရှိဘူး ပြောင်းသွားဘီ၊ လက်ရှိငှားနေတဲ့ ဒေါက်တာမင်းရွှေဇံရဲ့အိမ်စောင့်တွေက ဝိုင်းဖမ်းပြီး ရဲဘက် အပ်မလို့၊ အချိန်မှီလေဘဲ ဒေါက်တာအုံးမောင်နဲ့မင်းရွှေဇံက ရောက်သွားတယ်၊ တခြားလူတွေက ဒီကလေး ဘယ်သူမှန်း မသိဘူး၊ ဦးကျီးမြိုင်က သိတာပေါ့၊ ဒေါက်တာအုံးမောင်အနေနဲ့ကတော့ ဒီကလေးစိတ်ဟာ သာမန်မဟုတ်၊ ဦးကျောက်ကောင်းပုံ မရဘူးဆိုတာသိလို့ ရဲဘက်ကိုခွင့်တောင်းပြီး စိတ္တဇဆေးရုံ ခေါ်သွားတယ်၊ ဦးကျီးမြိုင်နဲ့တိုင်ပင်ပြီး ငါ့ဆီ ဖုံးဆက်ပါဆိုလို့ ငါသွားရင်း မောင်လူကျေးကိုတွေ့ခဲ့ရတယ်၊ မေ့ကိုတော့ ဒီသတင်းအုပ်ထားသေးတယ်၊ ခင်မေဆက်ရဲ့အသက်ထက် မင်းရဲ့သား မောင်လူကျေး ကလေး ထောင်မရောက်အောင်ရယ်.... ကျန်းမာရေးကောင်းဖို့အောင်ရယ်.... ဆရာဝန် တရယောက်နဲ့ ဥပဒေသမားတယောက် ပေါင်းနှစ်ယောက် ပူးပေါင်းပြီး ဆောင်ရွက်လိုက်ရတာပါ မောင်ရင်....ဒေါက်တာအုံးမောင်ကလဲ ခရီးထွက်မဲ့ တန်းလန်းဆိုတော့ မောင်လူကျေးကိုဆက်ပြီး ဒေါက်တာရေခိုင်ကကုနေတယ်၊ ခုတော့.... ကလေး ကျန်းမာရေးအတော်ကောင်းလာဘီ၊ ဆေးရုံမှာတော့ သူ့ကိုမထားဘူး၊ မင်းနဲ့မတွေ့အောင် လုပ်ထားတာ ငါဘဲ၊ ကျန်းမာရေး လုံးဝကောင်းလာမှ မင်းလက်ထဲ ငါအပ်မယ်၊ တော်ကြာ မောင်လူမွေးကို လုပ်သလို မင်းက အဖေဆိုပြီး လက်မှတ်ထိုး လူနာကိုခေါ်ဆင်းသွား.... ပယောဂဆရာလက်အပ်.... ရိုက်လား ပုတ်လားနဲ့ နောက်ထပ် မောင်လူကျေးသေရင် ငါက ဒီတခါ ဥပဒေတွေဘာတွေဘေးချိတ်၊ မောင်ဆက်ရဲ့စကားတွေ ခန္တီတရားတွေ ဘေးချိတ်ပြီး မင်းကို ငါ့လက်နဲ့ကိုသတ်မယ် ယုံလား....မင်းက တလောကလုံး မောင်ဆက်လိုလူစားကြီးထင်ပြီး ငါလုပ်သမျှ အားလုံးငုံ့ခံနေလိမ့်မယ် မအောင်းမေ့နဲ့၊ မင်းအမုန်းဆုံး ဆက်မိသားစုက ရန်သူတော်မပေါ်ဘဲ မင်းအကုသိုလ်တွေက မင်းကို စီရင်လာလိမ့်မယ်၊ ခုတော့ မောင်လူကျေး ဘယ်မှာဆိုတာ ငါမပြောဘူး....မင်းလား"

"နောင်ကြီးဟာန်.... ကျွန်တော့ကို သိတ်စိတ်ဆိုးနေဘီ ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုး သင့်သလား မသင့်လား ဆို တာ မင်း ဖာ သာ စဉ်းစားကြည့်ပေါ့၊ မင်းဖာသာ ကမြင်းကြော ထပြီး မိန်းမ တွေနဲ့ ပွေသမျှ ရလာတဲ့ရောဂါပိုးတွေက မင်းခေါင်းထဲဝင်ပြီး မင်းတစ်ယောက် ဦးနှောက်ပိုးအရှူးထပြီး ကျန်ပတ်ဝန်းကျင်ကို ဒုက္ခမပေးချင်နဲ့တော့မောင်သက်၊ အဲဖြေရလာဒ်က မင့်ကလေး တွေ ဆုံးပါးပျက်စီးရခြင်းဘဲ၊ အေး....တခုခေါင်းထဲစဉ်းစားပါ တို့ကသာ ကလေး ကလေနဲ့ မင်းရဲ့ သားတွေကို ခေါ်နေတာ မောင်လှမွေးလဲ မဆုံးခင်က နှစ်ဆယ်ကျော်ဘဲ၊ မောင်လှကျေး က နှစ်ဆယ်ထဲမှာ အကြီးကောင်ဖြစ်ရတဲ့ရောဂါထဲမှာ မိန်းမ ယူချင်တဲ့ရောဂါလဲပါတယ်ဆိုတာ မင်း အဖေတယောက်အနေနဲ့ မစဉ်းစားမိဘူးလား၊ အောဘိစိဒ် အမြီးတွေကို ငါမဆိုလိုဘူး၊ သားတယောက်ကို မိန်းမတယောက်ရှာကျွေးနိုင်အောင် အသက် မွေးဝမ်းကျောင်းပညာတခု မင်းပေးနိုင်ရမယ်၊ သူကိုယ်တိုင် မရှာ တတ်ရင် မင်းကအိမ်ထောင်ချပေးရမယ်၊ တာဟာ မိဘတာဝန် ဘဲ...မင်းလောက်တာဝန်မဲ့တဲ့အကောင် မင်းဘဲ၊ ပြီးတော့ ဖြစ် သမျှအပြစ် မောင်ဆက်ကြောင့်လို့ တာဝန်ရှောင် ခေါင်းရှောင် ပြောတတ်တာလဲ...မင်းဘဲ ကဲ....ပြန်နိုင်ဘီ မောင်သက်"

ကိုသက်သည် ဒီတခါဘာမှမပြော၊ ထပြန်သွားတော့သည်။ ဦးမင်းဟန်သည် ဧည့်ခန်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သူ့စိတ်ကိုသူ ဖြေချနေပုံရ၏။ လင်တော်မောင်၏ စိတ်ဒုက္ခကို မကြည့်ရက်သလို ခေါင်းလေးကို ဇာခန်းဆီးထဲသို့ ပြူကြည့်နေ သူမှာ ဒေါ်မြဆွေဖြစ်၏။

"ကိုမင်းဟန်၊ မြဝင်ခဲ့တော့မယ်နော်" သူသည် ဧည့်ခန်းထဲသို့ ဝင်လိုက်၏။

"မြ...အပြင်က နားထောင်နေတယ်၊ ကိုမင်းဟန် အသံက ကျယ်လွန်းလို့ အပေါ်ထပ်က မောင်လှကျေးများ ကြားမလား လို့ တထိတ်ထိတ်နဲ့"

"အေး...ကိုလဲ စိတ်လွှတ်သွားတယ် မြရယ်၊ လူမိုက်ကို လူ မိုက်လို ရင်ဆိုင်တာဘဲ ကောင်းတယ်၊ မောင်လှကျေး ဘယ်လို နေလဲ"

"သူကောင်းကောင်းဘဲ အိပ်ပျော်နေတယ်"

"ပျော်ပါစေကွယ်၊ ကလေးတွေဟာ စိတ်လဲသစ် ထမင်းမှ ဝအောင်မစားရ ပညာလဲမသင်ရ၊ သိတ်ဖရိုဖရဲ ဖြစ်ရတာဘဲ ငါဒီကောင်ကို အဲတာတခုခွင့်ကိုမလွှတ်နိုင်ဘူး၊ ကဆုန်လပြည့်မှာ ခင်မေဆက်က ဆွမ်းကျွေးဖိတ်ထားတယ်ဟေ့၊ အဲဒီနေ့တွေတော့ မှ ငါနဲ့ မေနဲ့ ကလေးကိစ္စ ဆက်စီစဉ်ရအုံးမယ်...ကိုလဲ နား အုံးမယ်"

ဦးမင်းဟန်သည် အိမ်ပေါ်ထပ် သူ့အိပ်ခန်းသို့တက်သွား၍ အိပ်ရာပေါ်ဖြစ်လှဲလိုက်သည်။ လူက နားသော်လည်း စိတ်က မနားပေ။

မျက်လုံးထဲတွင် ချစ်ဖွယ်ရာကောင်းသော မောင်လှမွေး၏ ရုပ်မှာပေါ်လာ၏။ မောင်လှမွေးမိခင် တင်မြသွင်မှာ မြောင်းမြမှ စက်ရှင်တရားသူကြီး ဦးဗမော်၏သမီးဖြစ်၏။ ဖြူဖြူဝဝချောချော ဖြစ်၏။ မအေတူမို့ မောင်လှမွေးသည်လဲ မျက်နှာ ဝိုင်းဝိုင်း ပြည့်ပြည့်နှင့် ကရင်ကပြားလေးလို ချစ်စရာကောင်းလှသည်။

မောင်လှမွေး ဆုံးသည့်ညက သူဆေးရုံကို သွားကြည့်ခဲ့၏။ နှလုံးရောဂါကြောင့် မျက်နှာများပြည့်နေ၍ လူမမာနှင့်မတူ အိပ် ပျော်နေသလို ဖြစ်နေသည်။ ထိုမျက်နှာလေးသည် သူ့ မျက်လုံး ထဲမှ မထွက်တော့ပေ။ မိခင်ဖြစ်သူ တင်မြသွင် မြောင်းမြတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားကတဲက မောင်လူမွေးနှင့်မောင်လူကျေးသည် ခြံပိတ်ခံရသော ဝက်ကလေးနှစ်ကောင်လို ဘာမှလည်းမလုပ်ရ ဘယ်မှလည်း မသွားရ၊ အစီပွဲဘယ် ကလည်း ဘာမှန်းမသိပေ။ လူကြားရျှမှ ကလေးတွေအကြောင်း၊ ကိုသက်ဆိုသူ အကြောင်းကို သူဘာယ်လိုပြောရမှန်းမသိပေ။

သူသည်ပွင့်လျှင် ညတည အကြောင်းကို ပြန်တွေးမိတိုင်း စိတ်ချောက်ခြားခဲ့ရ၏။ ထိုညက ဦးလေးလှိုင်က ဖုံးဆက်ခေါ်၍ သူ ကိုသက်ဘို့အိမ်ကို မော်တော်ကားနှင့် အပြေးအလွှား သွားရ၏။ သူ့မျက်စိကိုတောင် သူမယုံနိုင်ပေ။ မောင်လူမွေးသည် သူ့အားရှိသမျှနှင့် အဖေ့လက်ကို ချုပ်ထား၏။ မောင်လူကျေးသည် ကျောက်ပြင်နှင့် အဖေလုပ်သူ ရင်ဖတ်ကို ရှယ်ထား၏။ "သားတို့မလုပ်နဲ့ မလုပ်နဲ့ ဘကြီးဟန်ရောက်လာပြီ" ကလေးတို့သည် ကိုယ်ရှိန်သတ်လိုက်သည်။ ကိုသက်သည် အိပ်ခန်းထဲသို့ လှည့်ဝင်သွား၏။ ကြမ်းပြင်ပေါ်တွင် ပုံရက်လဲနေသည်မှာ တင်မြသွင်၊ တင်မြသွင်ကိုပွေ့ထားသည်မှာ ဦးလေးလှိုင်။

"ဘကြီးဟန်...ဘကြီးဟန်" ကလေးနှစ်ယောက်သည် သူ့ကို ဖက်၍ငိုတော့၏။ "မေမေ သေတော့မယ်၊ သေတော့မယ်" ဟု ပြောကြသည်။

"ဘယ်လိုဖြစ်တာလဲ ဦးလေးလှိုင်"

"ထုံးစံအတိုင်းပေါ့၊ လင်မယားသတ်ရာက မောင်သက်က ဖနောင့်နဲ့ချည်း တင်မြသွင်ရဲ့ ရင်ဝကို စုံကန်တော့ ကလေးတွေ အနေနဲ့ သူတို့အမေကိုကန်တာက လွှတ်ပါစေလို့ ဝိုင်းချုပ်တာ ဟော့..."

ရှိုက်ကြီးတငင် ငိုနေသော ကလေးများကို ဦးမင်းဟန်သည် နှစ်သိမ့်လိုက်၏။



"ဦးလေးလှိုင် မောင်ဆက်ကို ဖုံးဆက် ခေါ်လိုက်ပါအုံး"

ဦးမင်းဟန်သည် ကြမ်းပေါ်ရှိတင်မြသွင်အား ကုတင်ပေါ်သို့ တွဲယူ တင်ပို့ထားရ၏။ တင်မြသွင်သည် စကားမပြောနိုင်သေး၊ လက်နှင့်သာ ရင်ဝကိုသာ ထိုးပြ နိုင်၏။ ကိုသက်ကမူ နောက်ဖေးဘက်မှ လှည့်ထွက်ခါ ကားတစင်းနှင့်ထွက်သွားတော့သည်။ ဦးဆက်ရောက်လာသောအခါ ခယ်မဖြစ်သူ ဒဏ်ရာကို ကြည့်ရင်း ဒေါသထွက်နေ၏။

"ဒီကောင်ရော အခု ဘယ်မှာလဲ...."

"ထွက်သွားပြီလေ"

"ကဲ.... နောင်ကြီးဟန် ကျွန်တော်လဲ ချက်ခြင်း တွေ့ရင် ဒီကောင်ကို သတ်မိလိမ့်မယ်၊ တင်မြသွင်ကိုသာ ကားပေါ်တင်၊ ကလေးနှစ်ယောက်ကိုလဲ ကျွန်တော်ခေါ်သွားတယ်လို့ ပြောပေတော့၊ ဒီကောင် ကျွန်တော့အိမ်ရိပ်မနင်းစေနဲ့"

ဦးဆက်သည် အားလုံးကို ခေါ် သွား ရ၏။ အိမ်ရောက်မှ တင်မြသွင် ရင်ဝမှ အညိုအမဲစွဲနေသော ဒဏ်ရာကို ဦးမင်းချိန် အား ခေါ်ပြရ၏။ သက်စောင်သက်သာရှိမှပင် မြောင်းမြကို ပြန်ခေါ်သွားကာ ဖခင်ကြီးလက်သို့ ၊ တင်မြသွင်ကို ပြန်ပို့ထားရ၏။ ဦးဆက်သည် ညီလုပ်သူ လူ့ခဆန်မှု အတွက် သူသည် မျက်နှာအောက်ချ ကြရာကြကြောင်းပြောခဲ့ရသည်။ တင်မြသွင်သည် ရရှိသော ဒဏ်ရာကြောင့် သန္ဓေ နုနုံ့ လျော့ကျကာ မြောင်းမြတွင် ကွယ်လွန်သွားတော့သည်။

ထိုမလှမပသော ဇာတ်ကြောင်းကို တွေးမိတိုင်း သွေးသား မစပ်သူ ဦးမင်းဟန်အနေနှင့်ပင် တကိုယ်လုံး ချောက်ခြားနေမိ၏။ တင်မြသွင်ကွယ်လွန်ခြင်းမှာ ကလေးများအတွက် မဟာကံဆိုး မိုးမှောင်ကျခြင်းပင်ဖြစ်၏။ မိခင်တခုယောက်သည် မည်သို့သော

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဆိုးကို ရောက်ပေစေ၊ သူသည် ထမင်းအိုးတလုံးကို တည်ကာ ဘဲဥပြုတ်တလုံးကို ထက်ခြမ်းခွဲ၍ သားလေးနှစ်ယောက်ကို တယောက်တခြမ်းစေ့ ကျွေးနိုင်မည်သာဖြစ်၏။ ယခုတော့ မိခင်ရိပ်သည် မောင်လူမွှေးတို့အပေါ်မှ ကွယ်ခဲ့ပြီ၊ ဝက်ကလေးများလို ခြံဝင်းထဲအပိတ်လှောင်ခံထားရသည်က လွဲ၍ သူတို့သည် ထမင်းဝဝ အချိန်မှန်မှန်မစားရ၊ ကိုသက်ပြန်လာမှ ထမင်းဆိုင်သို့ ခေါ်သွား၍ ထမင်းကျွေး၏။ ဝက်လှောင်အိမ်လို ဖြစ်နေသော သူတို့အိမ်ရှေ့မှ တခြားကလေးများ လွယ်အိတ် ကိုယ်စီလွယ်ကာ ရယ်မော၍ ကျောင်းသွားသည်ကို မြင်တိုင်း မောင်လူမွှေးတို့ ညီအကိုသည် တခြားကလေးများနှင့်အတူ ကျောင်းသွားလိုလှသည်။

မောင်လူမွှေး လွယ်အိတ်လွယ်ကာ သူငယ်တန်းတွင် ကျောင်းစတင်တက်ရသောနေ့က သူသည် ပျော်လွန်း၍ အရမ်းပင် အော်မိ၏။

"ကျွန်တော်တို့ကျောင်းနေရပြီဗျ" ဟူ၍ အိမ်နီး နားခြင်းများကိုပင် အော်ပြောမိ၏။ ထိုအခါက သူသည် အသက်ရှစ်နှစ်မျှပင် ရှိနေပေပြီ။ ထိုမျှ အခြေခံ စာလေးတတ်သည်မှာ သူတို့ဖွားအေ ဒေါ်သာလိ ကျိုးစမ်းမှုကြောင့်ဖြစ်၏။ ထိုစဉ်က ဒေါ်သာလိ မလွယ်လွန်သေးပေ။ ဒေါ်သာလိသေဆုံးခြင်း၊ တင်မြသွင် ကွယ်လွန်ခြင်းတို့မှာ ကလေးများအတွက် တိုးတက်ရာ လမ်းစ ပျောက်ခြင်းပင်တည်း။ ကလေးတို့သည် ကိုးတန်းမျှ မအောင်ကြပေ။

ကိုသက်သည် အချိန်နှောင်းမှ ပြန်ရောက်လာတိုင်း အရက် ယိမ်းထိုးအောင် သောက်လာ၍...



"မင်းတို့ စာမသင်ရတာ...ငါ့တို့ပိုက်ဆံတွေကို ခင်မေဆက် မတရားယူထား"လို့ ဟူသော တရားကိုသာ တွင်တွင် ဟော၏။ ဘယ်သူနှင့်မှ ဆက်ဆံခွင့်မရသော ကလေးတွေအဖို့ သူပြောသမျှ အကုန်ယုံသည်။ သူတို့သည် တကယ်တော့ သူ့အမေ တင်မြသွင်လို သဘောရိုး၍ အေးချမ်းသောကလေးများ ဖြစ်ကြပါ၏။ ကလေးများအပြစ်မရှိပါပေ။ အော်...အပြစ်ကင်းစင် ကြည်လင် လှပါသော ဦးနှောက်အတွင်းဝယ် အင်မတန် စုတ်ပဲ့ဖောက်ပြန် သော စိတ်ထားတွေကို သွင်းပေးသူမှာတော့ ကိုသက်။

ကလေးတို့၏ အိပ်မက်ခန်းဝယ် တခဏတာမျှ နေခဲ့ရသော ဆက်မိသားစု၏ အိမ်ကို နတ်သမီးလေး၏ ဥယျာဉ်သဖွယ် မှတ်မိနေကြသည်။

ထိုစဉ်က ဒေါ်ခင်စောမူ မကွယ်လွန်သေး၊ ခင်မျိုးဆက်လည်း နိုင်ငံခြားကိုထွက်၍ မသွားသေး။ သူတို့ညီအမ နှစ်ယောက်သည် မောင်လေးများနှင့် အတူ မြက်ခင်းပေါ်တွင် ကစားကြ၏။ ညတွင် မောင်လူမွှေးသည် ခင်မေဆက် ပုံပြောသိပ်မှ အိပ်၏။ မောင်လူကျေးက ခင်မျိုးဆက်နှင့် အိပ်၏။ သူတို့ အိမ်မှာလို အာဋ္ဌာဝက စစ်ဆင်ခန်းများ၊ သူတို့မိခင်ကို ဖခင်က ထိုးနှက် ရိုက်ပုတ်ခန်းများကို သူတို့ မတွေ့ရပေ။

မှန်၏။ ဒေါ်ခင်စောမူသည် လင်ကိုစိတ်တိုင်းမကျ၍ ပြောစရာ ရှိသည်ကိုမှ သူ့အိပ်ခန်းထဲတွင် တံခါးပိတ်၍ ပြောပြသည်။ သားလေး နှစ်ယောက်ရှေ့တွင် နှစ်ယောက် ရိုက်ပုတ်ပြဖို့ဝေး၍ စကားပင် ခွန်းကြီးခွန်းငယ်အော်၍ မပြောပေ။

သမီးများကို ပြောစရာရှိလဲ ပုံနှင့်ပတ်နှင့် အေးအေးချမ်းချမ်း ပြောတတ်၏။ ဦးဆက်ဆိုသူကတော့ မပြောနှင့်တော့...

www.burmeseclassic.com

www.burmeseclassic.com



"သူများသားသမီးကို မပေါင်းနိုင်ရင် သူ့အုပ်ထိန်းသူ လက်ထဲ ပြန်အပ်ရတာ၊ လက်ဖျားနဲ့တောင် တို့ပိုင်ခွင့် မရှိဘူး၊ ခုတော့ မင့်ဖာသာ အပြစ်မှာ တေလို့အားမရဘူး၊ သူများသား သမီးကို ကျွဲလို-နွားလိုရိုက်တာ၊ မင်းယောက်ျားမှ ဟုတ်ကဲ့လား"

ခဏ ခဏ ဆုံးမ၏။ မောင်သက်ကို ချွတ်၏။ မောင်သက်ကား မကျွတ်၊

ယခုတော့ မောင်လူမွေးရော - မောင်လူကျေးရော အိပ်မက် တခွန်းလိုသာ ဆက်မိသားစု အိမ်တွင် တကြိမ် ပျော်ခဲ့ရသည်ကို မှတ်မိတော့သည်။

"ကျွန်တော် အတန်တန် ပြောခဲ့ပါတယ် နောင်ကြီးဟန်၊ မင်းပစ္စည်းတွေ ဘာလုပ်ဖြစ်တယ်ဆိုတာ တို့မှုမသိ၊ အဖေက အမွေခွဲပေးသမျှ ကြွေကြွနပ်နပ် ယူခဲ့ကြပြီးပြီ၊ နောက်ဆုံး လွတ်လပ်ရေးခေတ်ဦးမှာ လိုင်စင်သူဌေးတွေ ကောင်းစားတော့ သူလဲ ရန်ကုန်အနောက်ပိုင်းမှာ ကုမ္ပဏီဖွင့် ကောင်းစားခဲ့တာလဲ ကျွန်တော်ပြောပြတယ်၊ မင်းလုပ်တာ ငါသဘောမကျပေမင့် မကန့်ကွက်ဘူး၊ သို့သော် ဂျပန်ကုန်သည်တွေနဲ့ အဆက်ယူပြီး ကျောက်ကာဘမ်းအချော ခေတ်မှီမှီပုံစံလေးတွေနဲ့ ထုတ်ပုံကို ဂျပန်ပြည်သွားပြီး နည်းယူခဲ့ပါ၊ ပြီးတော့ ကျောက်ကာက ကုန်သည် ဦးဘိုးရှိန့် တိုင်ပင်ပြီး လုပ်ငန်းတခုကို ထောင်ပါ၊ ဒီလို ဆိုရင် တဦးထဲ စီးပွားရေးလဲ မဟုတ်ဘူး၊ အခု မင်း ကုလားနဲ့ ပေါင်းပြီး လိုင်စင်လုပ်တာထက် ငါသဘောကျတယ်၊ ဘမ်း အာခေါ်လဲ ဖြစ်တယ်၊ ဒီလုပ်ငန်းကိုမှီပြီး ကျောက်ကာသူတွေလဲ ထမင်းဝမယ်"

"ကျွန်တော် အတန်တန် ပြောပြတယ်....နားမထောင်ဘူး၊ လူတိုင်း ထမင်းရှာစားကြရမှာချည်း အတူတူ အများနဲ့ သိုင်းဝိုင်း



ထမင်းဝမဲ့ လုပ်ငန်း ထူထောင်ဖို့ ပြောလဲ နားမထောင်ဘူး၊ ခု သူလက်မဲ့ ဖြစ်တော့ သူ့ အနားမှာ ခြံရံနေတဲ့ နတ်သမီးတွေလဲ နတ်သက်ကျွေပြီ၊ တင်မြသင်အဖေကလဲ ဒီကောင်သေရင် ကလေး တွေကို သူ ကျွေးမယ်တဲ့၊ ဒီကောင်ရှိသရွေ့တော့ တပြားမှ မပေး တော့ဘူးတဲ့၊ အဘိုးကြီးအနေနဲ့ ပြောတော့မှာပေါ့၊ နာကျည်း တော့မှာပေါ့၊ သူ့သမီးကို လက်ထပ်တုန်းက ပေးလိုက်သမျှလဲ တင်မြသင် ပြန်လာတော့ ဘာမှ ပါမလာတော့ဘူး"

ဦးမင်းဟန်ကို ဦးဆက်က တခါတုန်းက စီးပွားရေးနှင့် ပတ် သက်၍ ဤသို့ပင် သိအကြောင်းကို တိုင်ခဲ့ဘူးသည်။ မှန်၏။ လူ တချို့သည် ကိုယ့်ကိုယ်ကို ချမ်းသာအောင်လုပ်ကြ၏။ တချို့ယောက် ထဲချမ်းသာအောင် ကျိုးစားး၏။ သီလစောင့်စောင့် မစောင့် စောင့် သီလစကားကို ခေါင်းထဲမထား၊ အမွေတောင့်ဖို့ အဓိက ထားလုပ်ကြ၏။ ဒဂုန်ဆရာတင် တခါကရေးခဲ့သော သီချင်းလိုပင် ဖြစ်၏။

"ဘာနဲ့ရရ....ငွေရတာ ပမာနကွယ်၊ ငွေရှိရင် လူနိုင် တယ်၊ ဘုရားကိုလဲ တယ်နိုင်တယ်၊ မော်တော်ကား လောက်တော့အပြေ့ထားပါတယ်၊ လေယာဉ်ပျံတောင် ခြေမတင်ချင်တယ်၊ ဝေပဟင်နယ်၊ ပိုက်ဆံရှိရင် မိုးကို တက်ပြီး ဒူးနဲ့တိုက်ပြမယ်"

ငွေရဖို့ကိုသာ အဓိကပမာန အဖြစ်ထားသော ထိုလူမျိုးသ တစ်ဦး၊ တကယ်တော့ အဆူဆူသော ဘုရားတို့သည် ပေါ်သကရ နည်းနှင့် စီးပွားရှာပြီး ဘုရားတည်ပါဟု မဟောကြားခဲ့ပါပေ။

ငွေကိုတော့ရှာသည်၊ အသိုင်းအဝိုင်းနှင့် ရှာသည်၊ ရသမျှကို လည်း အသိုင်းအဝိုင်းနှင့် မျှတ၍ စားသည်၊ ရှာနည်းမှာစော

www.burmeseclassic.com



စခန်းနည်းမှာရော သမာအာဇီဝ ဖြစ်အောင် အထိန်းအချုပ် ဖြစ်သည့် သီလနှင့် ထိန်းချုပ်၍ အလုပ်လုပ်သည်။ ထိုလူမျိုးက တစား။

ကိုသက်သည် သုံးဆယ်တသုံးတွင် ဘယ်လူတန်းစားတွင် ပါသည်ကို ဦးမင်းဟန်သည် တွေး၍မရ။ အိမ်နှင့်တူသော အိမ်တွင် မနေရသော ကလေးတို့သည် အိပ်မက်ထဲတွင်သွားရောက် လည်ပတ်ခဲ့ရသော ဆက်မိသားစု အိမ်ကိုလဲ မေ့သွားကြပြီ။ တနေ့တနေ့ ဦးသက်ဟောသမျှ တရားကို နားထောင်ရင်း မောင်လူမွေးသည် သေလွန်သွားခဲ့ပေပြီ။ ယခု မောင်လူကျေး...ဘုရား ဘုရား၊ သူ့ဖခင်ကို ဘယ်လို စိတ်ကွက်ကွက် တက်သစ်စ လူသားငယ်လေး တယောက်အတွက် အချိန်မှီ ကယ်တင်နိုင်ဖို့ အတွက်တော့ ကြံဖန်ကျိုးစားရအုံးမည်၊ ဦးမင်းဟန်သည် အတွေးကို ရပ်ခါ ကျိုးစား၍ အိပ်လိုက်ရ၏။

* * * *

ကဆုန်လဆန်း ၁၄-ရက်နေ့ နံနက်ပိုင်းတွင်တော့ ဦးကျီးမြိုင်သည် ခြံထဲရှိ အလုပ်များကို စောစော လက်စသတ်နေသည်။ နံနက်အစောကြီးကပင် ဒေါ်အေးမြကတော့ ဒေါ်ခင်မေဆက် အိမ်ကို သွားနှင့်ပြီးဖြစ်သည်။ သူက နေ့လည်မှ လိုက်သွားမည် ဖြစ်၏။

ဦးကျီးမြိုင်သည် ခြံဝရှိ ပုဏ္ဏရိပ်ပင်တန်းများကို ကိုက်ညှိပြီး ဖြစ်၍ ကပ်ကျေးနှင့် မြက်ခုတ်ဓားများကို သိမ်းနေဆဲ ဂုံနီအိတ် တအိတ် ထမ်းလာသော လူတယောက် သူ့အပါးသို့ ရောက်လာ၏။ ထိုသူငယ်သည် ကုန်း၍အော်လိုက်၏။



"ဘကြီးမြိုင်"

"ဟာ...ငါ့ ဘယ်သူလဲလို့၊ သာအေးပါလား၊ ချွေးတွေလဲ ရွဲလို့...ဘာအိတ်ကြီးလဲ"

"ဆန်အိတ်လေ...ရှစ်ပြည်ထဲပါ၊ကားမှတ်တိုင်က ဟိုဘက်မှာ ဆိုတော့ ကျုပ်ထမ်းလာတာပေါ့"

"မင်းကွာ...ကြိုပြောရင် ငါ ဒီဗန်းကို ပြောလိုက်ပါတယ်၊ သဘော်ဆိပ်လာကြိုမှာပေါ့"

သာအေးသည် လမ်းပေါ်သို့ ဆန်အိတ်ကို ခေတ္တချကာ ချွေးသုတ်နေ၏။ သက်ဖေသည် မင်းရွှေဇံအား ဆေးရုံပို့ထားပြီး ဈေးဝယ်ကာ ပြန်လာပုံရင်း ခြံဝတွင် ကြုံကြသည်။

"မောင်သက်ဖေရေ... ဒီဆန်အိတ် ဘကြီးမြိုင်အိမ် ရောက်အောင် ကားနဲ့သယ်သွားစမ်းပါ"

"ကားမောင်းတာ ဒီဗန်းမဟုတ်တော့ဘူးလား"

"ဒီကားက ဒီအိမ်ငှားနေတဲ့ ဆရာဝန်ကြီး မင်းရွှေဇံရဲ့ကား၊ မေကာ ကမာရွတ်အိမ် ပြောင်းနေတယ်ကွာ... ကဲ-ကဲ... ဆန်အိတ်တင်လိုက်"

မောင်သက်ဖေ၏ကားပေါ်သို့ သာအေးသည် ဆန်အိတ်တင်လိုက်၏။

"မောင်သက်ဖေရေ... သူက တို့သရက်ချောင်းက ဒေါ်မေဒေဝီရဲ့ သုံးဆက်မြောက်သမက်၊ မညွန့်ရီရဲ့ သုံးဆက်မြောက် သင်ပေါ့... ဟား...ဟား"

ဦးကြီးမြိုင်က တဟားဟားရီကာ ပွင့်ပွင့်လင်းလင်းမိတ်ဆက် ပေးလိုက်၏။ သက်ဖေ၏ကားနောက်မှ သူတို့ ခြေကျင်ရောက်ခါ ဦးကြီးမြိုင်၏ အိမ်လေးရှိရာသို့ သွားကြသည်။ သာအေးသည်

www.burmeseclassic.com

www.burmeseclassic.com

အိမ်လေးပေါ်တွင် ရေနွေးကြမ်းသောက်ရင်း သတင်းပေါင်းစုံကို မေးနေ ပြောနေ၏။

"မမမေတော့ နေလို့ကောင်းတယ်နော်... ကျွန်တော်လဲ အိမ်ပြောင်းသွားတာ မသိဘူးဗျာ၊ ဆရာကြီးဒေါ်မေခေါ်ဝီရဲ့ ကျန်းမာရေးလဲ သိချင်လို့ လာတာ၊ ဆန်ကတော့ ခရီးကြုံလို့ မမမေဖို့ ဆွဲလာတာ"

"အဆင်သင့်ဘဲ၊ နက်ဖြန်ကဆုန်လပြည့်ဆွမ်းကျွေးမှာ မင်းဆန်ကို ဘုန်းကြီးဆွမ်းချက်ရာမှာ ထည့်ချက်ရမယ်"

"မမမေသဘောကျသလို အသုံးပြုပေါ့ဗျာ၊ လူဆိုတာ လူ့ဝတ္တရားရှိသေးတာပေါ့၊ သရက်ချောင်းမှာတော့ ဆရာတော်ဦးဝဏ္ဏဆီ ဆန်သစ်ပေါ်ချိန်ကျ တတ်နိုင်သလောက် သွားသွားပို့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့သားနှစ်ယောက်ကကိုရင်ဝတ်ပြီး ဆရာတော်ဘုရားဆီမှာ နေတာကို၊ ကလေးတွေစာလဲတတ် ကုသိုလ်လဲရ၊ အဲဒီတော့ ကျွန်တော်ကလဲ ကိုယ့်သားတွေအပေါ် ကျွေးမွေးစောင့်ရှောက်ထားတော့ ကျေးဇူးပြုတဲ့အနေနဲ့ နှစ်စဉ်ကန်တော့တာပါ၊ ကျွန်တော်နဲ့ရတဲ့သားမဟုတ်ဘူးလေ....ဟိုမြို့သားမဲ့ကောင်နဲ့ပါလာတဲ့ ကိုယ်ဝန်ကမွေးတဲ့ သားကြီးကိုရင်ပညာက ဒီနှစ် ပထငယ်စာပြန်ပွဲ ဝင်တော့မယ်"

"တယ်လဲ ဟုတ်ပါလား"

"ဖွားအေသီလရှင်ကြီးသိရင်ဝမ်းသာချေ့င်လို့၊ ပြီးတော့ သီလရှင်ကြီးကျန်းမာရေးလဲသိချင်လို့၊ အဖွားကြီးဗျာ ဒီကြီးအိုမ ဒုက္ခရောက်လိုက်ရတာ၊ မိညွန့်ရီ ကမြင်းထကောင်းလိုက်ပုံကတော့ မပြောနဲ့တော့၊ ခုဒီမှာ ဝက်သားသယ်တရုတ်နဲ့ ညားနေတယ်ဆို"



"ဝက်သားသယ် တရုတ်နဲ့ ညားငင် ချမ်းသာမှာပေါ့ကွ...၊ လုပ်လက်မဲ့လင်ကို ညွန့်ရီက ဝက်သားရောင်းကျွေးနေရတာ"

"ဟင်း...." သာအေးသည် ပျင်းပျင်းတွဲ့တွဲ့ကြီး ဟင်းချလိုက်၏။

"တကယ်ဘဲအေးပါတယ်လေ၊ မိန်းမချွား ပဒုမပေါင်တို့ဇာတ်ကလိုဘဲနော်...၊ ပေါင်တို့ကျတော့ မြတ်နိုးလိုက်တာ၊ ခေါင်းပေါ်ရွက်ပြီး ရှာကျွေးတယ်"

"မင်းနဲ့ ဘယ်လိုဖြစ်ရတာလဲ"

ဦးကျီးမြိုင်က စကားထောက်လိုက်၏။

"လယ်သမားယူရင် လယ်သမားမယားလို နေ့မှာပေါ့၊ လုပ်ကြမ်း မလုပ်နိုင်ရင်လဲ ထမင်းချက်ကျွေးရင် ကျွန်တော် ကြေနပ်ပါတယ်၊ ခုတော့ဗျာ သူက ကျွန်တော်လယ်ထဲဆင်းချင် သနပ်ခါး ခြေဆုံး ခေါင်းဆုံး လူးပြီး နောက်တချက်နာဖွင့် ဘာ ဟင်း.. သာအေးပါတဲ့၊ ဒီတခါ မအေးဘူး လက်ပူး ညှပ်ဖမ်းပြီး ခေးနဲ့ကို ပိုင်းမလို့ သီလရှင်ကြီးကြားထဲက တောင်းပန်တာနဲ့ ဒီကကောင်က လက်လျှော့လိုက်တာ၊ မိညွန့်ရီ တော့ တခါထဲပြေးတာဘဲ"

"အေး... တို့လဲ ရှုံးတိုး ရိပ်တိတ်ကြားပါတယ်၊ ဆရာကြီး ဒေါ်မေခေါ်ဝီကိုတော့ စိတ်မကောင်းမှာစိုးလို့ မမေးတော့ဘူး"

"အင်ပေါ့ဗျာ... မိညွန့်ရီရယ် ဘုန်းကြီးမနေရ မယ်သီလရှင် နေရ ဇာတ်ထုတ်ခင်းပုံက အတော်ပေတယ်၊ တခုပေမဲ့ ကျွန်တော့မှာတော့ ဝတ္တရားရှိတယ်၊ တတ်နိုင်သလောက် ဆွမ်း၊ ကျွန်းတော်ကိုလဲ သွားပို့ ဆက်ကပ်လှဒါန်းရတာပေါ့၊ မြို့သား လို့တော့ မယားစရိတ်သားစရိတ် လခန့်မထောက်နိုင်ဘူး၊ မွေးထားတာကတော့ ကိုယ့်တာဝန်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေကွာ၊ မိဘဝတ္တရားကို"

"အကြီး ကိုရင်ပုညက ဆရာတော်ဘုရားဆီ စာလိုက်ရင်း နောက်ထပ် ဖွင့်တဲ့ကျောင်းက ကလေးတွေကိုလဲ စာကူပြသေးတယ်"

"ကဲ....ရေမိုးချိုးထား၊ မောင်သက်ဖေကို တယ်လီဖုံး ဆက်ခိုင်းပြီး ဒီဗန်းကားကြုံရင်လဲ ဒီဘက်လှတ်လိုက်ဖို့ပြောလိုက်အုံးမယ်၊ မင်းရောက်နေတယ်လို့မျှား သိရရင် ဒေါ်မေခေါ်ဝီရော မေရော ဝမ်းသာကြပယ်"

"ဟုတ်ပါဗျာ....ဦးကြီးဆက်တို့ မကြီးစောတို့ကိုလွမ်းသဗျာ၊ မမမိုးဥဆီကလဲ ဘာသတင်းမှ မကြားကြဘူးနော်"

သာအေးသည် ပါးစပ်မှ တတွတ်တွတ်ပြောကာ ရေတွင်းရှိရာသို့ ထွက်သွားတော့သည်။ အိမ်နှင့်တူသော အိမ်လေးများသည်လည်း တောကျေးလက်များတွင် အနှံ့အပြား ရှိတတ်၏။ ကိုရင်ပုညနှင့်ကိုရင်သံဝရသည် ကံကောင်းသည်ဟုဆိုရမည်။

မောင်လူမွေးနှင့်မောင်လူကျေးမှာတော့ ရန်ကုန်မှာ မွေးသော်လည်း အိမ်နှင့်တူသောအိမ်တွင် မနေကြရ၊ ဘယ်လိုအဖြစ်ဆိုးများပါနည်း။ ထိုအခါ၌ အိမ်နှင့်တူသော အိမ် ဆိုသည်မှာ ခန့်ညားခြင်း၊ အုတ်ကျွတ်မိုးခြင်း၊ သွက်မိုးခြင်းကိုကြည့်၍ ခွဲခြားသတ်မှတ်ခြင်း မပြုနိုင်ပါတကားဟု တွေးခေါ် ဆင်ခြင်စရာပင်တည်း။

ကဆုန်လပြည့် နေ့တွင်တော့ ဒေါ် ခင်မေဆက် အိမ် တွင် သံဃာများကို နေ့ဆွမ်း ကောင်းမွန်စွာ ကျွေးမွေး၍ပြီးသွား၏။ ခါတိုင်းထက် ညွှသည်သည်သတ်နှစ်ယောက်တိုးလာသည်။ သာအေးနှင့် ဆရာဝန် မင်းရွှေဇံ ဖြစ်သည်။ သာအေးကတော့ သရက်ချောင်းတွင် ယခုလို ခဏခဏအလှူကြုံဘူး၍ အိမ်သာတစ်ယောက်



လို ဖြစ်နေသည်။ မင်းရွှေဇံအဖို့ ဆက်မိသွားစုသဖွယ် ကဆုန်လပြည့်နေ့အလှူတင်ပါရ၍ စိတ်ထဲမှပီတိဖြစ်နေသည်။ သူ့အကြွန်ဆုံးမှာ ရှင်မင်းထွေးသည် မအေက ခဆုံခံယံဖြစ်ပါလျက် သခုဆွမ်းကျွေးရာတွင် ဗုဒ္ဓဘာသာတစ်ယောက်လို ရဟန်းသံဃာများကို ရိုညွတ်စွာ ဝေယျာဝစ္စအဝဝ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း ဖြစ်၏။ ထူးလည်းထူးခြားသလို ဖြစ်နေသည်။ သူ့အိမ်သို့ ပြန်လာသည်အထိ ထိုအကြောင်းကို စဉ်းစား၍လာသည်။

ညှော်သည် အများအပြားမဖိတ်၍ ဦးမင်းဟန်တို့ဇနီးမောင်နှံသာ ညှော်ခန်းတွင် ဒေါ်ခင်မေဆက်နှင့်စကားပြော၍ကျန်ရစ်၏။ ဒေါ်မေခေါ်ဝီကတော့ သာအေးနှင့် ရွာ အ ကြောင်း များ ကို ဆခင်းစားခန်းတွင် စကားလက်ဆုံ ကျနေသည်။ ရှင်မင်းထွေးကတော့ ဒေါ်အေးမြနှင့်အတူ ပစ္စည်းများ သိမ်းဆဲနေရ၏။

ဦးမင်းဟန်အဖို့ သူ့နဂိုရိုက စိစဉ်ထားသလိုပင် တဖြေးဖြေးစကား စကာ မောင်လူကျေးအကြောင်းကိုဆော်၊ ဦးသက်ကို သူခေါ်ယူတွေ့ဆုံပုံကိုရော ပြောပြလိုက်၏။ ခင်မေဆက်သည် နားထောင်ရင်း ခေါင်းကိုဖြေးညှင်းစွာ ရမ်းနေ၏။ "ဖြစ်မှဖြစ်ရလေ" ဟု၍လည်းဆို၏။

"အခုတော့ မောင်လေး မောင်လူကျေး ဘကြီးဟန်ဆီမှာနော်"

"ဟုတ်တယ်...."

"ဦးလေးသက် မရှိတဲ့အခါ မေလာပြီးကြည့်နိုင်လား...."

"ကြည့်တာကတော့ ကြည့်နိုင်ပါတယ်၊ ဒါပေမင့် သူ့စိတ်ထည်တည်ငြိမ်ငြိမ်ရှိနေတုန်း ဆက်လက်ပြီး ရှိပေစေပေါ့၊ မေ့ကိုမြင်ပြန်တော့ သူ့အဖေ သင်းထားတဲ့ အခဲကြတဲ့ စိတ်က

www.burmeseclassic.com



ဝင်လာရင် ပြီးပါရော၊ ဒီတံ ဂဧယာင်ခြောက်ခြား ဖြစ်မှာစိုး ရတယ်"

"ဟင်း...ဘယ်လိုများဖြစ်ရပါလိမ့်၊ မေ့မှာ တာဝန်ရှိပါတယ် လို့ မေကနားလည်မှုနဲ့ ဆက်ဆန်ချင်ပြန်တော့ ဒီကလေးတွေကို မေတို့နဲ့ တွေ့ခွင့်မပေးနိုင်ရအောင် ဦးလေးသက် ဘာများ အ... အလမ်းကြီးနေလဲမသိဘူး၊ ဒေါက်တာအုံးမောင်လဲ ပြန်လာကာ နီးပြီ၊ သူပြန်လာရင် မောင်လူကျေးလေး ကျန်းမာရေးအတွက် သူကနေတဆင့် လို အပ်တာပြောပါ ဘကြီးဟန်ရယ် မေကူညီပါ မယ်၊ လောကကြီးမှာ အသက်ရှင်ရက်သေရတဲ့သူ သုံးယောက် လို့ ဖေဖေ ခဏ ခဏ ပြောတာ သတိရ မိတယ်၊ သူရူးရယ်တဲ့ လေဖြတ်ခံရတဲ့သူ ယ်တဲ့၊ ကုဋ္ဌနူနာစွဲနေတဲ့သူရယ်တဲ့၊ ခုတော့ မောင်လေးတို့ဟာ ဖြူဖြူ စင်စင် ဝဝ လေး တွေ၊ ပြီးတော့ ယောကျ်ားလေးတွေ၊ အသက်မကုန်ရခင် ဦးကျောက် ပျက်... သတဲ့၊ အော် ...မသေခင်က လူညွန့်တုံးရတယ်"

"ကဲလေကွယ်...မောင်လူကျေးအတွက် တို့များ အချိန်မှီပါ သေးတယ်"

"ဟုတ်တယ်ဘကြီးဟန်၊ မေ့ကိုဘာဘဲဖြစ်ဖြစ်ပြောပါ၊ ... ဦးလေးသက်ကိုသာမြင်ရရင် ရင်ထဲကချခဲ့သံကိုက နှလုံးကွဲအက... သွားမတတ်ဘဲ၊ ကလေးတွေကိုစကတော့ မေတတ်နိုင်သလောက် ကူညီပါ့မယ်၊ အော်...ဘကြီးဟန်မှာလဲ ဒီ-မိသားစုကြောင့် သောကဗျာပါဒ များလိုက်တာနော်"

"ရေစက်ဆိုတာ ဒီလိုတဲ့မေ"

သူတို့ ဇနီးမောင်နှံသည် နှုတ်ဆက်၍ ပြန်သွားကြသည်။

ကဆုန်လပြည့်ညသည် မိုးသီးထန်စွာရွာသွန်းလိုက်၍ လ... ကို မမြင်လိုက်ရပေ။ ဤသို့သောညတွင် ဗုဒ္ဓမြတ်စွာဘုရားသခင် သည် မဟာဗောဓိ ညောင်ပင် အောက် ၌ သူ့အား စစ်မြှုရန် လာသူ မာန်နတ်မင်းနှင့်တကွ စစ်သည်တော်များကို အောင်မြင် တော်မူ၏ ဟုဆို၏။ မိုးရေများ ယခုညလို သည်းထန်စွာ ရွာနေ မည်လား၊ မာန်မင်း၏ စစ်သည်တော်တို့မှ အစင်းစင်းသော များတန်တို့သည် ပလ္လင်တော်၏ပတ်ဝန်းကျင်တွင် မိုးသီးမိုးပေါက် များသဖွယ် ဒလစပ် ကျ ဆင်း၍ များ နေကြ လေမည်လား၊ အရက်ကိုးမောင်း တိုက်ထားခြင်းခံရသော မေခလာ ဆင်သည် သူ ဦးတည်တိုက်ခိုက်ရမည်ဖြစ်သော ရှင်တော်ဘုရားရုပ်သွင်ကို ပလ္လင်ထက်၌ မြင်ရသောအခါ ဘယ်လိုများ ခံစားမှု ရှိနေပါ သနည်း။

လပြည့်ဝန်း၏ သာယာသော ညအခင်းတွင်မှ ပလ္လင်လုပွဲ စစ်အခင်းသည် ညောင်ဗုဒ္ဓဟေ ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့၏။ လပြည့်၏ ညများသည် စစ်နှင့် ယှဉ်သောအခါ သာယာသော ညများတန်တိုး ဆုံးပါးခဲ့ရသည်။

ဗုဒ္ဓမြတ်စွာသည် သိမ်ခံသောစိတ်ထားဖြင့် မာန်မင်း၏ စစ် ခင်းကျင်းမှုကို မေတ္တာဓာတ်ဖြင့် ငြိမ်းအေးခြင်းကို ရစေတော် မူခဲ့၏။ အော် ...ထိုညက လမင်းသည် ကောင်းကင်တွင် တာဆူ၊ ဗုဒ္ဓဟေ ညောင်ပင်အောက်တွင် တာဆူ၊ လနှစ်ဆူ ပြိုင်ယှဉ်၍သာခဲ့ သည် ထင်ပါရဲ့။ ယခု ည တွင်တော့ လမင်းကိုမမြင်ရပါသော်လဲ မိုး၏ အရှိန်ဖြင့်ကဆုန်လပြည့် ညသည် အေးမြ၍ နေ၏။

ဒေါ်ခင်မေဆက်သည် ဘုရားခန်းတွင် ဝတ်ပြုနေသော ဒေါ် မေခာဝီ၏ အပါးသို့ လာရောက်ထိုင်၏။ ဒေါ်မေခာဝီ ဘုရား ဝတ်ပြု၍ အပြီးတွင် […]ဘာစုံတချ ပြောစရာရှိ၍ စောင့်နေပုံရ၏။ ဒေါ်မေခာဝီသည် အမျှအတန်းဝေကာ ဘုရားဝတ်ပြုခြင်းကို […]သတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေ....မအိပ်သေးဘူးလား"

"အိပ်မှာပါဘုရား၊ တပည့်တော် ဆရာကြီးကို မေးမလို့ပါ။ ကိုသာအေးမြန်ရင် သရက်ချောင်းကိုများ ဆရာကြီး ပြန်လိုက်ကြဖို့ ဆန္ဒ ရှိသလားလို့"

ဒေါ်ခင်မေဆက်က မေးလိုက်၏။

"အော်....ကိုရင်တွေ အခြေအနေကြည့်မလို့၊ မေ့ဆန္ဒကရော ဘယ်လို ရှိလဲ"

"မေ့....အနေနဲ့ကတော့ ဒီမရမ်းကုန်း ဇရပ်မှာပဲ ဆရာကြီး ဆက်နေစေချင်တယ်၊ တခါတလေတော့လဲ မြေးတွေကို လွမ်းရင် ပြန်ကြည့်တာပေါ့၊ ဒီမှာ ထာဝရလို နေစေချင်တာပါ"

"အေးပါလေ....ဆရာကြီးလဲ ပျော်ပါတယ်၊ ကျန်းမာကောင်းမွန်နေတဲ့နေ့တွေဆိုသာသနာ့ရိပ်သာကို ဒေါ်ဣန္ဒာတို့နဲ့တူတူလိုက်လိုက်သွားပြီး တရားထိုင်ရတာလဲ အဆင်ပြေပါတယ်၊ သရက်ချောင်းမှာလဲ မောင်သာအေးက သူ့ သားနှစ်ယောက်ကို ကြည့်ရက်ပါတယ်လေ၊ ပူပန်စရာရယ်လို့ တယ်မရှိပါဘူး၊ မေကနေစေချင်လဲ ဆရာကြီး နေမှာပါ"

"တာပေါ့လေ"

မေသည် ဆရာကြီးအား ဝတ်ပြုခါ သူ့ အိပ်ခန်းရှိရာသို့ ထသွား၏။ သူ့ တွင် သူ့ ခန္ဓာကိုယ်အား ပြုစု စောင့်ရှောက်မည့် ရှင်မင်းထွေးတို့ ဒေါ်ကတာအုံးမောင်တို့ ရှိသလို၊ သူ့ စိတ်ဓာတ်အား ငြိမ်းအေးခြင်းကို ပေးပါသော ဆရာကြီး ဒေါ်မေဓာဝီလို ဆည်းကပ်ရမည့် သီလရှင်ကြီးတပါးကို မနီးမဝေးတွင် ရှိစေချင်၏၊ မှန်၏။ အော်ဝီစီဒီ မတတ်ပါသော်လဲ ဒေါ်မေဓာဝီသည် သရက်ချောင်းတွင် သီလရှင်ဝတ်နှင့် နေကတတ် ဆရာတော် ဦးဝဏ္ဏ၏ တရားများ စာပေ ပို့ချမှုများ အောက်တွင် သူသည် ရင့်ကျက်ခဲ့၏။ ယခင် ဒေါ်မြသန်းလို မဟုတ်တော့ပေ၊ မရမ်းကုန်း ဇရပ်တွင် ပြောင်းလာတော့လည်း ဒေါ်ဣန္ဒာတို့နှင့် အတူ သာသနာ့ရိပ်သာတွင် တရားထိုင်ခြင်း၊ တရားမပြတ် နာခြင်းဖြင့် သူသည် တရားရှင် ဒေါ်မေဓာဝီ ဖြစ်လာခဲ့၏။

ဒေါ်ခင်မေဆက်သည် နေ့တနေ့ကို မမေ့ခဲ့။ သူ ရွှေတံဇင် အိမ်ကြီးပေါ်မှ မပြောင်းလာခင် နေ့တနေ့ဖြစ်၏။ ထိုနေ့တနေ့တွင် ဒေါ်ခင်မေဆက်သည် မရမ်းကုန်းဇရပ်သို့ ပြေးသွားရ၏။ ဒေါ်မေဓာဝီအနားတွင် နားနေလိုက်ရသည်။ ထိုနေ့က သူ၏ နှလုံးသားသည် ဒေါ်မေဓာဝီ၏ ပြောင်းဖျသံ၊ တရားချသံတို့ဖြင့် ရေစင်ဖြန်းတော့မှ အေးခဲ့ရ၏။

ထိုနေ့တနေ့သည် ပန်းချီပြပွဲနှင့် ဆက်စပ်ခဲ့သော နေ့တနေ့ ဖြစ်သည်။ ထိုနေ့တနေ့ကို မှီ၍ တည်၍ နေမထွက်သော နေ့များ ဖမာ အမှောင်သန်းခဲ့သော သူ၏ ဦးခေါင်းထဲသို့လည်း လတ်ဆတ်သော နံနက်ခင်း နေခြည်သည် ထွန်းလင်းခဲ့ရပေသည်။ ဆရာကြီးဒေါ်မေဓာဝီကို အင်္ဂလိပ်စာမတတ် တောသူ သီလရှင်အိုကြီး မလုပ်မကိုင်လို၍ ဆန်အလှူခံ စားသူဟု အထင်သေး၍ မရပါတော့ပြီ။ ထိုစဉ်က သူသည် ကျန်းမာရေး အခြေအနေကောင်းသေး၍ အလုပ်မထွက်ခင် တက္ကသိုလ်၌ ဆရာအဖြစ် လုပ်နေဆဲ အခါဖြစ်၏။ တက္ကသိုလ်ဆရာမကြီးသည် သရက်ချောင်းသူ ဒေါ်မေဓာဝီ၏ ဖဝါးအစုံကို ဦးတိုက်ခဲ့ရသော နေ့တနေ့ပါ တကား.... ဟောမာန်ပန်းချီပြပွဲနေ့ ပန်းချီပြပွဲနှင့် ဆက်စပ်သော ထိုနေ့တနေ့ အတိတ်မှ အာရုံတို့သည် ပြန်လည် ယှက်သန်း၍ လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၆

## ဟောမာန် ပန်းချီပြပွဲ

တက္ကသိုလ်နယ်မြေတွင်ကျင်းပသော ဟောမာန် ပန်းချီ ပြပွဲကို အနုပညာ ဝါသနာပါသူတို့က အတူး စိတ်ဝင် စားကြ၏။ တက္ကသိုလ်အနုပညာအသင်းမှ ကြီးမှူးကျင်းပသော်လည်း ပထမဆုံးအကြိမ် လွှတ်လပ်ရေးခေတ်ဦးတွင် ကျင်းပသည်မို့ သိုက်သိုက်ဝန်းဝန်းလုပ်ကြ၏။ ပြင်ပမှ ပန်းချီဝါသနာပါသူများကလည်း ဝိုင်းဝန်းကူညီကြသည်။ တက္ကသိုလ်ဆရာများ၊ ကျောင်းသားများနှင့် ပတ်သက်နီးနွယ်နေသူများ၊ နာယကတင်မြှောက်ခြင်းခံထားရသူများကလည်း အနည်းဆုံး ဆုရ ပန်းချီကားချပ်များကိုဆုပေးရန်အတွက် ဆုများကို လိုက်လံအလှူခံပေးကြ၏။

ပန်းချီပြပွဲသည် ပြပွဲသက်သက်မဟုတ်၊ ဆုပေးပွဲ အခမ်းအနားနှင့်ဖွင့်လှစ်၍ ပြပွဲအဆုံးကိုလည်း ပန်းချီကားချပ်များကို လေလံတင်ကာ အဆုံးသတ်မည်ဖြစ်သည်။ ပန်းချီကားချပ်များကို ထုံးစံအတိုင်း ရောင်းချခြင်းမပြုဘဲ အများဆုံးတန်ဖိုး ပေးနိုင်သူကို ကားချပ်များရောင်းချခြင်းဖြင့် ရေးဆွဲသူများ ထိုက်ထိုက်တန်တန် ရနိုင်အောင် ဆုပေးကော်မတီက စီစဉ်ခြင်းဖြစ်၏။



ပြင်ပမှ ဝါသနာပါသူ နာယကများ အနက် ဆရာဝန်ကြီး ဦးမင်းချိန်မှာ ပန်းချီဝါသနာပါသူဖြစ်သည်။ သူသည် ပထမဆု ငွေဖလား တကာရှင်ကို ရှာလာခဲ့သူဖြစ်၏။ ဆုပေးပွဲ အခမ်းအနားအစတွင် အတွင်းရေးမှူးသည် အခမ်းအနား အစီအစဉ်ကို ဖတ်ကြားပြောဆိုလိုက်သည်။ ပထမဆု ငွေဖလား၊ ဒုတိယဆု ငွေဒိုင်းနှင့် တတိယဆု ငွေရင်ထိုးများကိုလည်း စင်မြင့်တွင် ပြင်ဆင်ထားသည်။ နာယကကြီးများနှင့် ကော်မတီများ၊ ဆုအလှူရှင်များကိုမူ စင်မြင့်ပေါ်တွင် နေရာပေးထားသည်။ ဆုရပန်းချီကားချပ်များကိုလည်း ပန်းချီပြပွဲခန်းမမှ ခေတ္တယူကာ စင်မြင့်ပေါ်တွင် အထင်အရှားပြထား၏။ ဆုရသူများအတွက် နေရာကိုမူ စင်မြင့်ပေါ်တွင် ထိုင်စရာနေရာသာထား၍ စောစောပိုင်းတွင် ပရိသတ်အတွင်းဝယ် ရောနှောထိုင်လျက်ရှိသည်။ အတွင်းရေးမှူးသည် ပထမဆုရ ပန်းချီကား၏ အမည်နှင့် ရေးဆွဲသူအမည်ကို ကြေငြာလိုက်သည်။

> "ပထမဆု ပန်းချီကားအမည်က 'ထိပ်စုဖုရားမဗျိုင်း' ဖြစ်ပါတယ်၊ ဆုရသူ ရေးဆွဲတဲ့ပန်းချီပညာရှင်ကတော့ 'သင်း' ဖြစ်ပါတယ်"

ပရိသတ်သည် စင်မြင့်ပေါ်ကို စိတ်ဝင်စားစွာ ကြည့်နေသလို ပရိသတ်ထဲမှထလာမည့် ပန်းချီဆရာ "သင်း"ကိုလည်း စိတ်ဝင်စားကြ၏။ ရွှေဘက်တန်းဆီမှထ၍ စင်မြင့်ပေါ်တက်ရောက်လာသူမှာ တက္ကသိုလ်မှ အင်္ဂလိပ်စာ လက်ထောက်ကထိက ဒေါ်ခင်မေဆက်ဖြစ်၍ အားလုံးပင်အံ့ဩသွားကြသည်။ ဒေါ်ခင်မေဆက် ပန်းချီဝါသနာပါသည်၊ ပန်းချီဆွဲတတ်သည်ဟူ၍လည်း နီးစပ်သူများပင် မသိကြပေ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မဆက်သည် ပုဝါပန်းရောင်နုနုနှင့် ချိတ်ထမီ ပန်းရောင်ကို ဝတ်ထား၏။ ညဘက် မီးရောင်အလင်းတွင် သူသည် တင့်တယ်စွာလှပနေသည်။ ပြောင်လက် တောက်ပသော လက်ဝတ်တန်းဆာဟူ၍ ဘာမှမဝတ်သော်လည်း သူ့မျက်နှာသည် အထူးကြည်လင်နေပုံရ၏။

အတွင်းရေးမှူးသည် ပထမဆုရသူ ပန်းချီဆရာ "သင်း" ခေါ် ဒေါ်ခင်မဆက်နှင့် ပရိသတ်အား မိတ်ဆက်ပေးပြီး ဒေါ်ခင်မဆက် စကားပြောရန် အသံချဲ့စက်ကို ဒေါ်ခင်မဆက်ရှေ့တွင် ပြင်ဆင်ထားပေးလိုက်သည်။

ဒေါ်ခင်မဆက်သည် ရှင်ပျအေးဆေးသောအသံဖြင့် စတင်စကားပြောဆိုလိုက်၏။ မေတ္တာနယောက် ပရိသတ်ရှေ့တွင် စကားပြောသည်ကို မကြားဘူးသေးသော ပန်းချီပြပွဲ လာကြည့်သည့် ဝတ်လုံတော်ရ ဦးမင်းဟန်ပင် ဒီတခါ ဒေါ်ခင်မဆက် စကားပြောပုံကို အံ့သြသွား၏။

**ကြွရောက်လာသော လူကြီးမင်းများ ရှင့်....**

ဒီနေ့ကျင်းပတဲ့ "ဟေမာန်" ပန်းချီပြပွဲမှာ ကျမ တင်သွင်းတဲ့ ပန်းချီကား "ထိပ်စုဖုရား မဗျိုင်း" ပန်းချီကားဟာ ပထမဆုရလို့ ကျမအလွန်ဝမ်းသာပါတယ်၊ ဒီပန်းချီကားမှာ နောက်ကြောင်းခံ အကြောင်းတွေရှိလို့ ကျမကို ထုတ်ဖော်ပြောကြားခွင့် ပေးစေလိုပါတယ်၊ ကျမငယ်ငယ်က နွားကျောင်းသူ မဗျိုင်းပုံပြင်ကို အင်မတန်သဘောကျပါတယ်၊ ဘယ်လောက်များ သဘောကျလဲ ဆိုရင် မဗျိုင်းဟာ နွားကျောင်းရင်းသီချင်းဆိုရင် ကျမလဲ ဆိုမိတယ်။



လယ်ကွင်းဘေးက တောတန်းမှာ နေဝန်းနီနီ မေးတင်ပြီး လယ်ကွင်းကြီးကို ကြည့်ရင်းဖြင့် မဗျိုင်းဟာ လက်ခုတ် လက်ဝါးတီးပြီး ဟစ်အော် ရယ်မောတတ်ပါတယ်၊ ဒီအခါ ကျမလဲ လိုက်လိုက်လဲလဲ ရယ်မောမိတယ်၊ သူ့ရယ်သံကြားရင် မြက်ခင်းအနှံ့ ကျက်စားနေကြတဲ့ သူ့ရဲ့နွားများဟာလဲ သူတို့သခင်မ မဗျိုင်းအပါး စုဝေးရောက်လာကြပါတယ်၊ လက်ထဲက ကြိမ်လုံးလေးဟာ မဗျိုင်းအတွက် အဆောင်အယောင် မျှသာ ဖြစ်ပါတယ်၊ မဗျိုင်းရယ်သံနဲ့ နေဝန်းနီနီကသာ သူ့ရဲ့ဘော်နွားများကို အချက်ပြလိုက်ခြင်း ဖြစ်ပါတယ်။

"အချိန်ကုန်ပြီ၊ တို့များ တင်းကုတ်ရှိရာ ပြန်ကြစို့" လို့ ပြောကြသလိုပါဘဲ၊ တကောက်ကောက် အသံပြုပြီး မဗျိုင်းအနား ဝိုင်းလာကြတယ်၊ မဗျိုင်းဟာ ရယ်သံနဲ့သာ သူ့နောက်လိုက်တွေကို စုစီးပြီး တနေကုန်ရင်ဖြင့် ရွာတွင်းကိုပြန်ဝင်လာခဲ့ပါတယ်၊ မဗျိုင်း ရယ်သံနဲ့ နွားခလောက် သံများဟာ တောတန်းအစပ်နဲ့ စားကျက် မြင်ခင်းမှာ အစဉ်ကြားရတဲ့ ဂီတသံများပါဘဲ။

ရွာအဝင် ဝါးရုံအောက်မှာ ဘူးသီးကြော်သယ်က ဘူးသီးကြော်ပြီးအကျင်းအကျန်အကျိုးအပဲ့လေးတွေကို အင်ဖက်ရွက်နဲ့ထုပ်ပြီး မဗျိုင်းကိုပေးလေ့ရှိတယ်၊ မဗျိုင်းဟာ အကျိုးအပဲ့ဖြစ်ပေမင့် ပူပူနွေးနွေး ဘူးသီးကြော်ကျွတ်ကျွတ်ကို ဝါးပြီး သူ့နွားလေးများကို နွားတင်းကုတ်မှာ သွင်းခဲ့တယ်။

သူတို့တိုင်းပြည်မှာ ဘုရင့်သမီးတော်လေး နတ်ရွာစံလို့ သောကမီး တောက်လောင်နေတဲ့ ဘုရင်ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



သမီးစား ရှာခန်းဟာလဲ ငယ်စဉ် ကျမအဖို့ စိတ်လှုပ်ရှားစရာပဲ။ မဗျိုင်းဟာ ဘုရင့်သမီးတော်လေးနဲ့ တူလွန်းလို့ နယ်အနှံ့ သမီးတော်နဲ့ တူတဲ့လူကို လိုက်ရှာနေတဲ့ မှူးမတ်တွေဟာ မဗျိုင်းကို တွေ့ရတဲ့ နန်းဝတ်တန်းဆာတွေဆင်ယင်ပြီး ရွှေနန်းတော်ကြီးကို ခေါ်သွားပါတယ်၊ ရွှေနန်းတော်ကြီးကို လိုက်သွားခန်းမှာ ကျမဟာ ငယ်စိတ်နဲ့ မျက်ရည်လည်ရွဲမိတယ်၊ မဗျိုင်းဟာ ရထားလုံးပေါ်ကနေ လက်ပြပြီး နှုတ်ဆက်တော့ သူ့နွားလေးများဟာ အမြီးလေးများ ထောင်ပြီး ပြေးလိုက်ကြတယ်၊ အကြော်သယ်ကြီးကို မဗျိုင်း မြင်တော့....

"ကျုပ်သွားတော့မယ်တော်" ဆိုပြီး မဗျိုင်းဟာ နှုတ်ဆက်ခဲ့တယ်၊ နှုတ်ဆက်စဉ်မှာ မဗျိုင်း မျက်လုံးဟာ မျက်ရည်တွေဝိုင်းပြီး ပါးစပ်က ပြုံးသော်လဲ ပြုံးလို့ မရခဲ့ဘူး။

နန်းတော်ပေါ်ရောက်လို့ နွားကျောင်းသူ မဗျိုင်းဟာ ထိပ်စုဖုရား မဗျိုင်းအဖြစ် ရောက်သွားပါတယ်၊ တောခလေ့စွန့်ပယ်ပြီး နန်းတွင်းဟန်မူယာ အသုံးအနှုန်းတွေကို သင်ကြားပြီး ပြည့်စုံတော့ ဘုရင်ကြီးဟာလဲ သမီးတော်ကို ချစ်မြတ်နိုးတော်မူပါတယ်၊ တနေ့တော့ နေသာတဲ့ ညနေတခင်းမှာ သူဟာ အဝေးကလွင့်ပျံလာတဲ့ နွားခလောက်သံလေးတွေ ကြားတော့ လေသာပြုတင်းကနေ မျှော်ကြည့်တယ်၊ နေဝန်းနီနီဟာ မိုးကုတ်စက်ဝိုင်းမှာ မေးတင်နေတယ်၊ ဘုရင့်ရွှေနန်းတော်ဟာ တောမြက်ခင်းများနဲ့ ဝေးကွာတဲ့နေရာမှာဖြစ်တော့ နွားစားကျက်ကိုတော့ မမြင်ရဘူး၊ ဒီနွားခလောက်သံဟာ ဘယ်က



များ လွင့်ပျံလာတယ်လို့ မဗျိုင်း စဉ်းစားလို့ မရဘူး၊ သူ့ရဲဘော် ရဲဘက် နွားလေးများဟာ လေထဲကများ လွင့်လိုက်လေသလားလို့ ထင်မှားမိတယ်တဲ့။ သူ့ရွာလေးက စွန့်ခွာပြီး ရထားပေါ် လိုက်လာရတဲ့နေ့က တောလမ်းတလျှောက် အမြီးလေးများထောင်ပြီး ပြေးလိုက်လာတဲ့ သူ့နွားလေးများရဲ့ ဟန်ပန်ဟာ သူ့မျက်လုံးထဲမှာ ပေါ်လာပါတော့တယ်၊ တညလုံးလို နွားလေးများကို အိပ်မက်မက်ပြီး နွားခလောက် သံလေးများကို ကြားနေတဲ့ မဗျိုင်းဟာ နံနက်လင်း အာရုဏ်မှာ နန်းတော် ဝတ်ရုံများကို ချွတ်ပုံခဲ့ပြီး ထိတ်တဆိတ်ဘဲ ရွှေနန်းတော်ကြီးကိုစွန့်ခွာခဲ့ပါတယ်။

သူ့ရွာကို ပြန်ရောက်တော့ ညနေစောင်းပြီမို့ အကြော်သယ်ကြီးကို တွေ့ရတယ်။

"ကျုပ် ပြန်လာဘီတော်" လို့ ပြောရင်းဘဲ အကြော်သယ်ကြီးဟာ ပေးနေကြ မုန့်ကြော် အကြော်အပဲလေးတွေကို လှမ်းပေးရင်း သူ့ကို ပြုံးပြုံးကြီးနေပါတယ်၊ သူ့နွားလေးများရှိရာ စားကျက်ကိုလဲ ရောက်ရော နွားလေးတွေဟာပြေးလွှားလာကြပြီး သူ့ကို ခေါင်းလေးများနှင့် ပွတ်သတ် နှုတ်ဆက်ကြတယ်၊ သူဟာ နွားလေးများ လည်ပင်းကိုဖက်ပြီး "မင်းတို့ကို ငါမခွဲသွားတော့ပါဘူး" လို့ ပြောလိုက်တယ်။

"အင်မတန်ရိုးတဲ့သည်ပုံပြင်ကို လူကြီးမင်းများ ကြားဘူးကြပြီးပါပြီ၊ ကျမကတော့ ငယ်ရွယ်တဲ့ နှလုံးသားမှာ စွဲလာတဲ့ ဒီပုံလေးကို ခုထိ သတိရနေဆဲဘဲ ကျမတို့ တက္ကသိုလ်နယ်မြေမှာ လွတ်လပ်ရေးရပြီးမှ ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပတဲ့ ပန်းချီပြပွဲမှာ ကျမ ဝင်ပြိုင်ချင်တယ်၊ ကျမက ပန်းချီကားချပ်ကို ကြိုက်တတ်တာက လွဲလို့ တီကောင်ကိုတောင် မဆွဲတတ်ပါဘူး”

“ဟင်” ပရိသတ်ထဲမှ ထွက်ပေါ်လာသော အသံ ဖြစ်၏။ ခင်မေဆက်သည် ခဏနားပြီးမှ ဆက်ပြော၏။

“တင်ပြချင်တဲ့ ပန်းချီကားချပ်ရဲ့ ဆိုလိုချက်ကလဲ ထိပ်စုဖုဘုရား မဗျိုင်းဟာ နွားကျောင်းသူ မဗျိုင်းရဲ့ ပုံကို ရွှေနန်းတော်သုံး ပန်းချီဆရာကြီးများကို ဆွဲခိုင်းပြီး နွားကျောင်းသူ မဗျိုင်းပုံကို ရှုစားနေဟန်ပါတဲ့၊ ကျမ ဆိုလိုချင်တဲ့ သဘောကို ပန်းချီဆရာ အိုကြီးတဦးကို ပြောပြတော့ သူကဆွဲပေးပါတယ်၊ အခု ပထမဆုရတာဟာ ဒီပန်းချီကားချပ်ပါပဲ၊ တကယ်ရေးဆွဲသူ ပန်းချီ ပန်းချီဆရာကြီးအစစ်ကို ကျမ ဒီစင်မြင့်ပေါ် ခေါ်ယူလာပါ့မယ်၊ သူဟာ ဒဂုန်မဂ္ဂဇင်းခေတ်က ကျော်ကြားခဲ့ပြီး ယခု တိမ်မြုပ်နေတဲ့ ပန်းချီဆရာကြီး ဦးရွှေသင်းပါပဲ”

ပရိသတ်မှာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ခင်မေဆက်သည် စင်မြင့်ပေါ်မှ ဆင်းကာ ပရိသတ်ထဲမှ အဖိုးအို တယောက်ကို ဆွဲခေါ်ကာ စင်မြင့်ပေါ်တက်လာ၏။ ပရိသတ်မှာ အဘိုးအိုကို စိတ်ဝင်စားစွာကြည့်၍ သတင်းစာတိုက်များက ဓာတ်ပုံ ရိုက်ကြ၏။ ပန်းချီကား ပထမဆုကို လှူဒါန်းသူကိုယ်တိုင် ဆုပေးရသည်ဖြစ်၍ ဆုလှူဒါန်းသူ ဦးရွှေဦးသည် ဖလားကိုကိုင်ကာ ပန်းချီဆရာ ဦးရွှေသင်းလက်သို့ ပေးအပ်လိုက်လေသည်။ ပန်းချီဆရာကြီး လှမ်းယူအပြီးတွင် ဦးရွှေဦးသည် လဲကျသွားတော့သည်။



ခဏတော့ လှုပ်လှုပ်ရွရွဖြစ်သွားပြီးလျှင် ပရိသတ်မှာငြိမ်သွား၍ ပန်းချီဆုပေးပွဲကို ဆက်လက် ကျင်းပကြသည်။ သူတို့စိတ်ဝင်စားသည်မှာ ပန်းချီဆုလှူဒါန်းသူ ဦးရွှေဦး မဟုတ်ဘဲ ရေးဆွဲသူ ဦးရွှေသင်းနှင့် ခင်မေဆက်သာလျှင် ဖြစ်၏။

ဦးရွှေဦးကို ပန်းချီပြပွဲ အကဲခတ် လူကြီးတဦး ဖြစ်သည့် ဆရာဝန်ကြီး ဦးမင်းချိန်က အိမ်သို့ ပြန်ခေါ်သွားတော့သည်။

ပန်းချီဆုပေးပွဲ ပြီးခါနီးတွင် “ဟေမာန်” ပန်းချီပြပွဲအား တလတိတိပြပြီး ကားချပ်များကို လေလံတင်ရောင်းချ၍ ရေးဆွဲသူများအား အဖိုးငွေကို ပေးအပ်လှုဒါန်းမည် အကြောင်း အတွင်းရေးမှူးက ကြေငြာကာ ပန်းချီဆုပေးပွဲကို ရုပ်သိမ်းလိုက်တော့သည်။

နောက်တနေ့ သတင်းစာများတွင် “ဟေမာန်” ပန်းချီပြပွဲ သတင်းမှာ အရေးတယူ အသားပေးဖော်ပြ၍ ထားသော်လည်း ပန်းချီဆရာအိုကြီး ဦးရွှေသင်း အကြောင်းမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်၍ သွားတော့သည်။ သူလုပ်ချင်တာကို သူလုပ်လိုက်ရ၍ ကျေနပ်ဟန်ဖြင့် ခင်မေဆက်သည် ထိုနေ့က သတင်းစာကို ဖတ်၍ နေမိ၏။

သူထမင်းစားပြီး ခေတ္တအနားယူကာ အိပ်ဆဲပေါ် လှဲနေလိုက်သည်။ အတော်ကြာလျှင် တယ်လီဖုန်း ခေါင်းလောင်းသံ ကြား၍ သူကောက်ကိုင်ကာ နားထောင်လိုက်၏။

“အခု စကားပြောနေတာ ခင်မေဆက်လား...ဟေ့”

တဖက်မှ စကားပြောနေသူမှာ ဝတ်လုံတော်ရ ဦးမင်းဟန် ဖြစ်သည်။

“ဟုတ်ပါတယ်....မေ စကားပြောနေပါတယ် ဘကြီးဟန်”

www.burmeseclassic.com

www.burmeseclassic.com

“မေ့ကို ဘကြီးဟန် ဒီနေ့ တွေ့ချင်တယ်ကွယ်.... မေ့ဆီကို ဘကြီးဟန် လာရမလား၊ တာ့မှ မဟုတ် မေလာ မလား....အမှုသယ်တွေကို ညနေပိုင်းမှ ချိန်းထားတော့ ခု ဘကြီးဟန် အားနေတယ်”

“မေ-လာခဲ့မယ်ဘကြီးဟန်၊ ရုံးခန်းကပဲစောင့်နေပေတော့”

ခင်မေဆက်သည် ကားထုတ်ခိုင်းကာ တစ်ယောက်ထဲပင် ဘားလမ်းသို့ ထွက်ခွာလာခဲ့၏။

“ဘကြီးဟန်ပြောစရာရှိလို့ မေ့ကို တယ်လီဖုံးဆက်ခေါ်တာကဲ....ထိုင်ပါအုံး”

ခင်မေဆက်သည် ဦးမင်းဟန်ညွှန်ပြသော စားပွဲရှေ့ရှိ ကြိမ်ကုလားထိုင်တွင် ထိုင်လိုက်၏။ ဦးမင်းဟန်သည် စကားဆက်ပြော၏။

“ပထမတော့ မပြောတော့ဘူးလို့ပဲမေ၊ ဒါပေမင့် အိမ်မှာလဲ တွေးပါတယ်၊ မင်းအန်တီ မမြဆွေနဲ့လဲ တိုင်ပင် ကြည့်သေးတယ်၊ နောက်တော့ သံသယစိတ် ဝင်လာ တာ နဲ့ ပြောသင့်တယ်ထင်ပြီး မေ့ကိုခေါ်ပြောရတာ၊ ရုံးချိန်းလဲ ဒီနေ့မရှိဘူး၊ အမှုသယ်တွေနဲ့ ညနေပိုင်းမှချိန်းထားလို့ အားလဲအားတာကလဲ တကြောင်းပဲ”

ဒေါ်ခင်မေဆက်သည် ဝတ်လုံတော်ရ ဦးမင်းဟန်၏ စကားပြောပုံ ပဏာမပျိုးနေပုံကို ငြိမ်သက်စွာ နားထောင်နေ၏။

“မေ့ကို သမီးလေးလို ရင်းနှီးနေပေမင့် ပရိသတ်ထဲ စကားပြောတာ ဘကြီးဟန်မတွေ့ဘူးသေးပါဘူး၊ မေ ပရိသတ်ရှေ့မှာ စကားပြောကောင်းတဲ့သူပဲ”

“ကျောင်းမှာ ကျောင်းသားတွေကို စာပြနေရတော့ ကျင့်သားတော့ ရှိပြီးသားပေါ့ ဘကြီးဟန်ရယ်”



“ပရိသတ်နဲ့ကျောင်းသားက မတူဘူးကွဲ့၊ ဒါကြောင့် ဘကြီးဟန် ချီးကျူးတာပါ၊ မေ အောင်အောင်မြင်မြင် စကားပြောနိုင်သာတဲ၊ ဘကြီးဟန် ပြောချင်တာကတော့ လူတစ်ယောက်ကို ချစ်တယ် ဆိုတာ သူ့မှာရှိတဲ့ ချို့မှမ်းစရာ အကောက်တွေကိုသာ ကွက်ပြီး ချီးမွမ်းနေဖို့ မဟုတ်ဘူးလို့ ဘကြီးဟန် ယူဆတယ်”

ခင်မေဆက်သည် ဦးမင်းဟန် ဘာကြောင့် ထိုမျှ စကားကို ပဏာမပျိုးနေသည်ကို နားမလည်သောအသွင် သူ့မျက်လုံးတွင် ပေါ်လာသည်။ သို့သော် တစ်ရုံးမှ ငင်ရောက်မစွက်ဖက်ဘဲ ငြိမ်သက်စွာ နားထောင်နေ၏။

“ကိုကြီးဆက်နဲ့ ဒေါ်ခင်စောမူ ဆုံးသွားကတဲက ဆက်မိသားစုမှာ ကကြမ္မာ အလျောက် ကျရောက်တဲ့ အန္တရာယ် အမျိုးမျိုးမှာ ငွေကြေးအင်အားနဲ့ ကူညီခဲ့တဲ့ မိတ်ဆွေ အဆွေ ခင်ပွန်းကောင်းတွေ မေတို့မှာ အများအပြားရှိခဲ့တယ်၊ ဘကြီးဟန်ကတော့ ဥပဒေကြောင်းနဲ့ ပတ်သက်လို့ ဖြစ်လာခဲ့သမျှ ဥပဒေကိုသာကိုင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ရတယ်၊ မေဟာ သမီးလေးတစ်ယောက်လို ဘကြီးဟန်မျက်စိအောက်မှာ ကြီးလာခဲ့တော့ မိဘရင်း မေ့ရဲ့ ဖေဖေနဲ့မေမေတို့ကလွဲရင် မေ့စိတ်ဓာတ်ကို သိရှိလေ့လာနိုင်တာဟာ ဘကြီးဟန်ပဲရှိတယ်လို့ ထင်တယ်လေ၊ မေ့အနေနဲ့တော့ ဒီအထင်ဟာ မှားချင်လဲမှားနေမပေါ့၊ လက်ခံချင်မှလဲ လက်ခံလိုလိမ့်မယ်”

ခင်မေဆက်သည် ညင်သာစွာ ခေါင်းငြိမ့်ပြလိုက်၏။ ဘာကို ဆိုလိုချင်၍ ထိုစကားကို စနေပါသလဲဟု မေသည် မျက်လုံး နှင့်ပင် မေးနေ၏။

“ဒေါ်ခင်စောမူဟာ သူ့လယ်မြေတွေအားလုံးကို ချစ်တီး လက်က ပြန်ရွေးပေးရင် သူ့နာမယ်နဲ့ပဲ ပြန်ရွေးပေးပါ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com


လယ်မြေတွေဟာ သူတို့ဦးတည်းပိုင် စစ်စစ်ဖြစ်ခဲ့တယ်၊ ဒီလယ်တွေ သားသမီးတွေလက်ထဲရောက်မှ ချစ်တီးလက်က ရွေးပေးခဲ့တာကို အခွင့်ကောင်းယူပြီး သူသာပိုင်ဆိုင်ခွင့်ရှိတယ်လို့ မောင်သက်ကများ ပြောလာခဲ့ရင် ဖြစ်ရင်းအစကိုလှန်ပြီး သတင်းစာထဲက အတိအလင်းကြေငြာပါ၊ ဒီလယ်မြေတွေကို မောင်သက်ကို မိုက်ဆံတပြားမှ မယူဘဲ ပေးဖို့၊ ပြီးတော့ ဆက်မိသားစုဟာ မောင်သက်တို့နဲ့ ဘာမှမပတ်သက်ဘူးလို့ ကြေငြာခိုင်းခဲ့တယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့လဲ မမမူရဲ့စီမံချက်ကို အစီပွာယ်မရှိဘူးလို့တောင် ဘကြီးဟန်လဲထင်ခဲ့တယ်၊ နောက်တော့မှ တဖြေးဖြေးတွေးပြီး ကံတရားအကြောင်းကို မမမူက ပြောခဲ့တာဘဲ၊ ကံအလျောက် သူပိုင်လာခဲ့တဲ့မြေကို အတင်းလုယူသလိုယူရင် ယူပေစေ၊ သို့သော် ထိုက်မှလဲ ရမယ်ဆိုတဲ့ သဘောတဲ့၊ မမမူရဲ့ လယ်မြေတွေကိုပါမက သူပိုင်ရင်း စက်ကိုတောင် မောင်သက်ဟာ နောက်ဆုံးလက်လွှတ်ရတယ်၊ ခုထိတဲ့ သူ့မှာ ဘာအခြေမှ မခိုင်မြဲခဲ့ဘူး၊ ဖရိုဖရဲ ကစဉ့်ကရဲနေလာခဲ့ရတာ အရှယ်လွန်လို့ သေဘက်ကိုတောင် နီးလာခဲ့ကြဘီ၊ သူ့ အကြောင်း တရားက သူ့ကို စီရင်ပါလိမ့်မယ်လို့ ဆိုတဲ့သဘောကို မမမူဟာ ဆက်မိသားစုကို ပြောခဲ့တာ ကွဲ့၊ ဘကြီးဟန် ပြောပုံ ကြီး က လဲ ရှည်လျား ရှုပ်ထွေးလိုက်တာလို့ မေထင်သလား”

“မေ....ခုထိ ဘာမှနားမလည်သေးပါဘူး ဘကြီးဟန်”

“အင်း... ဖြေး ဖြေး နားလည် ရမှာပေါ့၊ သူ့အချိန် မကျရောက်မီ မေတို့ကတခုခုလုပ်လိုက်ရင် မောင်သက်ရဲ့ ဖရိုဖရဲဖြစ်ရတဲ့ အကြောင်းရင်းမှာ မေတို့ ပယောဂ မကင်းဘူး ဆိုတဲ့စွပ်စွဲချက်ဖြစ်လာနိုင်တယ်၊ မမမူရဲ့ သဘောကို မေနားလည်လား၊ တခါတလေ ဘကြီးဟန်တောင် မင်းမေမေရဲ့ အစဉ်အလာ ထိန်းသိမ်းပုံကို နားမလည်ခဲ့ဘူး၊ သူ့ဆိုလိုချင်တာက ဆက်မိသားစုဟာ ခွင့်လွှတ်ခြင်း၊ စွန့်လွှတ်ရဲခြင်း သဘောကိုသာမက ကိုယ့်အပေါ် မတရားကျူးကျော်သူအပေါ်မှာ ဘယ်လိုနည်းနဲ့မှ မတုံ့ပြန်စေချင်တဲ့သဘော”

“ဟုတ်ကဲ့....ဒီအထိ မေနားလည်ပါတယ်၊ မေဟာ အတတ်နိုင်ဆုံးလဲ မေမေရဲ့ အစဉ်အလာ ထိန်းသိမ်းမှုကို လိုက်နာခဲ့ပါတယ်၊ မချိုးဖောက်ခဲ့ပါဘူး”

“ဟုတ်တယ် .. မောင်သက်နဲ့ ဖြစ်ခဲ့တဲ့ ကိစ္စမှာတော့ မေလုပ်ပုံမှန်တယ်၊ ညကဖြစ်ခဲ့တဲ့ကိစ္စမှာတော့ မေမှားတယ်”

ဘကြီးဟန်သည် ရှည်လျားစွာ စကားပလ္လင်ခံပြီးမှ ပြောစရာရှိသည်ကို ဖြုံးကနဲပြောချလိုက်၏။

ခင်မေဆက်သည် ရုတ်တရက် ကြောင်တက်တက်ဖြစ်သွားဟန်ရှိ၏။

“မေမှားတယ်လား ...”

“ဟုတ်တယ်... ကာယကံရှင်ဟာ သူ့အမှားသူမသိဘဲ ရိုးရိုးသားသား ကျူးလွန်ခဲ့တဲ့ အမှားဖြစ်ပါစေလို့ ဘကြီးဟန်လဲ ဆုတောင်းမိပါတယ်”

“ဘာမှားတာလဲ.... ဘယ်လိုမှားတာလဲ ဟင် ... မေ ဘာတွေ ကျူးလွန်ခဲ့သလဲ”

ခင်မေဆက်သည် တကယ်ရိုးသားစွာပင် မေးနေကြောင်း သူ့မျက်လုံးက အထင်အရှား ပြနေ၏။

“ဒီလိုလေ ... ဦးရွှေဦးတို့ အပြုအမူတွေဟာ ဆက်မိသားစုအပေါ်မှာ ခွင့်လွှတ်နိုင်စရာအကြောင်းကိုမရှိပါဘူး၊ ဒါတွေကို အသစ်လို ပြန်မပြောပါရစေနဲ့၊ နောက်ဆုံး မေရဲ့အချစ်ဆုံး မမခင်မျိုးဆက် ကိုယ်တိုင်းပြည်က ထွက်သွားပြီး ဆက်မိသားစုနဲ့

www.burmeseclassic.com

လုံးဝ အဆက်ပြတ်လိုက်အောင်ကို ဦးရွှေဦးတို့လုပ်ပုံဟာ ရက်စက်ပါတယ်၊ သူတို့အကြောင်းတရားဟာ ဦးရွှေဦးနဲ့ ဒေါ်မေကြည်သင်း မောင်နှမနှစ်ယောက်ကို သူတို့ဖာသာ ဆုံးမလာပြီဘဲ တမလွန်မပြောနဲ့ လက်ရှိဘဝမှာ သူတို့ရဲ့ သီးခြား ဘဝင်မြင့်တဲ့စိတ်ကြောင့် ဦးရွှေဦးသမီး တင်မာလာဟာ ဆုံးခဲ့ရပြီ၊ ဂျွန်လဲ လူစဉ်မမှီတော့ဘူး၊ တာလောက်ဆို ခင်မေဆက် နားလည်လောက်ပါပြီ၊ ညကလုပ်လိုက်တဲ့ အပြုအမူကတော့ ဆက်မိသားစုရဲ့ လက်စားမချေပါဘူးဆိုတဲ့ အစဉ်အလာကို မေကနူနူခလေးနဲ့ အနုနည်းနဲ့ ချိုးဖောက်လိုက်တာဘဲ"

"ဘယ်လို....ဘယ်လို မေ နားမလည်ဘူး"

"မေ တကယ်နားမည်ဘူးလား" ဦးမင်းဟန်သည် ထပ်မံ၍ မေးလိုက်၏။

"ဟုတ်ဘယ် မေ ခုထိ နားမလည်သေးဘူး ဘကြီးဟန်"

"အို..ဒီလိုဆို ဘကြီးဟန် မေ့ကိုခွင့်လွှတ်ပါတယ်၊ ဒါပေမင့် မေလုပ်လိုက်ပုံက သိမ်မွေ့လွန်းလို့ အနုနည်းနဲ့များ လက်စားချေလိုက်သလားလို့၊ ဘကြီးဟန် မေ့ကိုထင်တယ်၊မင်းရဲ့လက်သီးပေါ်မှာ လွှမ်းထားတဲ့ ကတ္တီပါစက ချောမွေ့နူးညံ့လွန်းတော့ မေ့လက်ကျကိုမသိတဲ့ လူတွေကတော့ နားမလည်ဘူး၊ ဘကြီးဟန် အနေနဲ့တော့ ထင်လိုက်မိတယ်၊ ခင်မေဆက်ဟာ ယဉ်ယဉ်နဲ့ လှုလှုပပလေး ထိုးလိုက်တဲ့ လက်သီးကြောင့် ဦးရွှေဦးရယ် မလှုံမပခံနေရဘီ၊ ညက ပန်းချီဆုပေးပွဲ လုပ်စဉ်မှာ ဦးရွှေဦး လဲကျသွားတာ မင်းသိမှာပေါ့၊ ဘကြီးဟန်လဲ စိတ်ထဲမှာ ယန့်မကောင်းတာနဲ့ အိမ်ရောက်တော့ သူတို့ရဲ့လက်စွဲတော် သမားတော်ကြီး ဦးမင်းချိန်ကို တယ်လီဖုံးဆက်မေးကြည့်တော့ ညတွင်းချင်းဘဲ ဦးရွှေဦး အတော်တော့ပြန်ရလာဘီတဲ့၊ ဒါပေမင့် ခုမနက်တော့



သူ့ရှိသမျှ အဝတ်အစားတွေကို ရေနဲ့လျှော်၊ သူများကိုင်သွားသမျှ နွားနို့နဲ့ချည်း လိုက်လို့ဆေးနေဘီတဲ့"

"အို....ဘုရား— ဘုရား— ဘုရားသခင် ခွင့်လွှတ်တော်မူပါ၊ မေ....မေလေ ဦးရွှေဦးဒီလိုဖြစ်ပါစေလို့ လုံးဝ မရည်ရွယ်ပါဘူး၊ ပထမဆုံကို လူတဲ့ လူဒေါ်နှံးသူဟာလဲ ဦးရွှေဦးလို့ မေ မသိရိုးအမှန်ပါ ဘကြီးဟန်"

ခင်မေဆက်သည် သူ့မျက်နှာကို လက်ဝါးနှင့် အုပ်ခါ ဖြေးညင်းစွာ ရှိုက်လိုက်၏။

"အေး....စုဖုရားလတ်ဟာ မဟာဆီ မဟာသွေးချင်း သတ်ပြီး ကတ္တီပါအိတ်နဲ့ ရေဆိပ်ချခဲ့တယ်၊ မသတ်ခင်ကတဲက ဆင်ဆင်ခြင်ခြင်စဉ်းစားဖို့ ကောင်းပါတယ်ကွယ်၊ သတ်ပြီးမှ အလောင်းတွေ ဖျောက်ဖျက်ဖို့အချိန်မှာ မဟာနွယ်မင်းမျိုးတွေရဲ့ သွေးဟာမြေမကျကောင်းဘူးဆိုပြီး ကတ္တီပါအိတ် နူနူလှလှနဲ့ ရေထဲချတာဟာ အစဉ်အလာကို မှားယွင်းစွာထိန်းသိမ်းခြင်းလို့ ဘကြီးဟန် ယူဆတယ်"

"အို...."

ခင်မေဆက်သည် ရှိုက်၍ရှိုက်၍ အသံထွက်အောင် ငိုလိုက်၏။

"ဘကြီးဟန် တာလောက်ထိ မေ့ကို ဥပမာ မနှိုင်းလိုက်ပါနဲ့ မေ စုဖုရားလတ် မဟုတ်ဘူး၊ အမလေး...မေ တာလောက်အထိ မရက်စက်တတ်ပါဘူး၊ ကိုယ့်မဟာဆီ မဟာသွေး အချင်းချင်းသတ်ဖို့ ကတ္တီပါကြက်သွေးကိုမှ အိတလီက ယက္ကန်းသည်တွေခေါ်ပြီး ရေရှည် သွေးအေးအေးနဲ့ ယက်ခိုင်းတဲ့ မိန်းမ မဟုတ်ပါဘူး၊ အကွက်ချပြီး အစီအမံနဲ့ ကြိုတင်ပြီး လုပ်လိုက်တဲ့ အလုပ် မဟုတ်ဘူးဆိုတာတော့ ဘကြီးဟန် နားလည်ပါ"

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ခင်မေဆက် အမျှား မျက်လုံးတွင် ရင့်ကျက်သော အိန္ဒြေနှင့် ဘာမဆိုခံစားရသော ဝေဒနာကြောင့် စိတ်လှုပ်ရှားမှုကိုပင် သိမ်မွေ့စွာ ထိန်းသိမ်းတတ်သော ဒေါ်ခင်မေဆက်သည် သူ၏ ဘကြီးဟာန် ရှေ့တွင်တော့ ပူစူးမ ဟူသော သူငယ်မကလေးလို အိန္ဒြေမဲ့လောက်အောင်ပင် ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

"သူ့မှာ.... ပင်ကိုယ်ရောဂါအခံ ရှိနေသေးတယ် ဆိုတာလဲ ဘကြီးဟာန် နားလည်ထားပါအုံး"

"အင်း .. တာကိုလဲ ဘကြီးဟာန်သိပါတယ်၊ ခုတော့-ခုတော့ သူတို့ပတ်ဝန်းကျင်နဲ့ ခင်မျိုးဆက်အပေါ် ကျူးလွန်ခဲ့တာထက် ခံရတဲ့ဝဋ်က ပိုများနေသလိုဘဲ၊ သမားတော်ကြီး ဦးမင်းချိန်ဟာ စိတ္တဇဆရာဝန်နဲ့ တိုင်ပင်နေရတာ၊ မြိုးတော့လဲ ဒီမနက် ဂျွန်ဆီက တယ်လီဖုံးလာတယ်၊ ဘကြီးဟာန်တဲ့.. မေ့ကို ပြောလိုက်ပါတဲ့၊ မေထိုးလိုက်တဲ့လက်သီးဟာ လှလဲလှပ ပါပေတယ်၊ ပေပေလဲ မရှုမလှခံနေရတာလို့ ပြောလိုက်ပါတဲ့....ပန်းချီပြပွဲပေါ်မှာအမြွတ် ထုတ်ပြီး မေလုပ်လိုက်ပုံ တုံ့ပြန်ချက်က သိမ်မွေ့လွန်းလို့ မြွေမြွေ ချင်းအာ ခြေမြင်ပါသတဲ့"

"သူ....သူ .. ဒီလိုဘဲ ဖုံးဆက်တယ်လား"

"ဟုတ်တယ် ...ပထမတော့ မေ့ကိုခေါ်တွေ့ဖို့ ဝိတ်မကူးပါ ဘူး၊ မေ့ရဲ့ လက်စားတုံ့ပြန်မှုကို သံသယလောက်ဘဲ ထင်တယ်၊ ဂျွန် ဖုံးဆက်တော့မှ တာတော့ဖြင့် ခင်မေဆက်ကို သတိပေးပြော သင့်တယ်လို့ ဘကြီးဟာန်ယူဆပြီး တယ်လီဖုံးဆက် ခေါ်တာပါ၊ ဘကြီးဟာန်ဟာ ဘာမဆို ရင်းရင်းနှီးနှီး အမှားကို ထောက်ပြရ မှာပေါ့"

"ဘကြီးဟာန် ဝတ္တရားကျေပါတယ်၊ ဒါပေမင့် ဘကြီးဟာန် ရယ်...မေ့ရဲ့အသိနှလုံးအကြောင်းကို ဘကြီးဟာန် နားအလည်ဆုံး ပါ၊ ထားပါတော့၊ ဘကြီးဟာန်တို့ဂျွန်တို့ စုပ်စုံသလို အနုပညာကို ဖော်ထုတ်ရောင်ရောင်နဲ့ တုံ့ပြန်လိုက်ပုံက ပြင်းထန်လွန်းလှပါ တယ် ဆိုချက်ဟာ တစိတ်တဒေသတော့ မှန်ချင်မှန်မယ်၊ မေ ခုထိ ဘယ်လိုပြန်ပြီးရှင်းပြရမယ်ဆိုတာ မေ ကိုယ့်ကိုယ်ကို မသိရိုးအမှန် ပါ၊ ဒါပေမင့် တခုတော့ မေ အံ့ဩတယ်၊ မေလေ ..."

ခင်မေ့ဆက်သည် အငိုရပ်၍ ဖြေးညှင်းစွာအသက် ရှူရင်းဆက် ပြောပြ၏။

"မေဟာ ကန်စေ့ာင်းမှာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ထိုင်နေရာက စိတ်ကူးရဲ့ထွက်ပေါက်အနေနဲ့ ခဲလုံးကို ရေမျက်နှာပြင်ကိုပေါက် လိုက်တာပါ၊ ခဲလုံးကျလို့ဖြစ်တဲ့ ရေဂယက်ဝိုင်းဟာ ဘာလို့ တာလောက်ထိ ကျယ်ပြန့်ရသလဲလို့ မေ မတွေးတတ်ဘူး၊ ခဲလုံး ကျတဲ့ ရေဂယက်ရှိန်ကြောင့် ကန်စောင်းကမြေကြီးကလဲ ပြိုမကျ သင့်ပါဘူး"

မေသည် တလုံးချင်း ပြောပြ၏။

"ပြိုကျသင့်တယ် မကျသင့်ဘူး ဆိုတာတွေဘာတွေကတော့ စကားရည်လုပွဲဆိုရင်တော့ ဟုတ်သပေါ့၊ ခုဟာ စကားရည်လုပွဲ မဟုတ်ပေဘူးမေ၊ မြတ်စွာဘုရားသခင်ရဲ့ တရားဒေသနာ အဆုံး အမတွေ။ ဥပဒေနယ်ရဲ့ အသိုင်းအဝိုင်းတိုင်းထွာတဲ့ ပေတန်အနေ နဲ့ မေလုပ်ပုံဟာ တရားမျှတတယ်ဘဲထားအုံး ကိုယ့်စိတ်ကိုယ်ကို ဘာလုပ်ခဲ့မိတယ် လုပ်ခဲ့မိတာဟာရော သံသယရှင်းရှင်းနဲ့ လုပ်ခဲ့ လေသလားလို့ အိမ်ရောက်ရင် မင်းစိတ်ကိုမင်း ထပ်ထပ်ခါခါ ပြန်မေးပါကွယ်။ ဘကြီးဟာန်ကလဲ ဝတ်လုံကြီးပီပီ စကားရှည် လိုက်တာလို့ ထင်မယ်၊ ဒီလိုတိုက်တွန်းနေရတာက အကြောင်း ရှိလို့ပါ၊ မင်္ဂလာတရားတော်မှာ ကိုယ့်ကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည်လည်း မင်္ဂလာတပါးလို့ ဆိုထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com


အဲတာ ကိုယ့်သိက္ခာကိုယ်ရှိသေစေချင်တဲ့ သဘောပဲ၊ သတ္တဝါ ဆိုတာ ဘက်လိုက်တဲ့သဘောရှိတယ်၊ ကိုယ့်ကိုယ်ဘက်က ကိုယ် လိုက်တာပဲ၊ ငှဲ့ညှာပြီးတွေးတာပဲ၊ ငါဟာ တရားမျှတစွာ လုပ် ခဲ့ပါတယ်လို့ ဆိုပေမင့် ကိုယ်လုပ်တာရဲ့ အကျိုးသက်ရောက်ပုံ ဟာ တစ်ံတယောက် သို့မဟုတ် သတ္တဝါအများကို ဆင်းရဲဒုက္ခ ရောက်စေသလား၊ မရောက်ဘူးလား ဆိုတာကိုတော့ အဝိဇ္ဇာ ကင်းကင်းနဲ့ ပြန်လည်ဆင်ခြင်တတ်ရမယ်၊ ဒုက္ခရောက်စေတယ် လို့ သိရရင် ပြင်ဆင်ရမယ်၊ မိုးကြိုးပစ်ထန်းလက်ကာသဘောနဲ့ စကားတလုံးနှစ်လုံးနဲ့ ပြန်လည်ကာကွယ်တာတွေက စကားရည် လုပွဲသဘော၊ စကားရည်လုပွဲ ဆန်တယ်ပေါ့၊ စကားရည်လုပွဲ မှာတော့ နိုင်တဲ့လူက ငွေဖလား ပိုက်ပြီး ပြန်၊ ရှုံးတဲ့ လူကလဲ လက်ချည်းပိုက်ပြီး အိမ်ပြန်တာ၊ လူ့ဘဝမှာတော့ အဲတာမျိုး မဟုတ်ဘူး၊ ကိုယ်တယောက်လုပ်ရှားမှု ကိုယ်ရဲ့ အသိုင်းအဝိုင်း လှုပ်ရှားမှုဒဏ်ကြောင့် တဘက်မှာ မရှုမလှ ခံရပြီဆိုရင်တော့ ဂရုဏာကင်းတဲ့ အပြုအမူမျိုးမို့ မလုပ်ထိုက်ဘူး မေဆက်”

ခင်မေဆက်သည် ဖြတ်ခနဲ ဘကြီးဟန်ကို မော့ကြည့်လိုက်၏။

“မင်းစိတ်ထဲက ဘကြီးဟန့်ကို ပြန်ပြောနေတယ်၊ ဘကြီးဟန် သိပါတယ်၊ ဘကြီးဟန် အခု ဟောခဲ့တဲ့ တရားတွေကို ဦးရွှေဦး မိသားစုကို သွားဟောဖို့ ပိုပြီးကောင်းပါတယ်လို့ မင်းစိတ်ထဲ က ပြောနေတယ်မို့လား”

ခင်မေဆက်သည် မျက်ရည်တောက်တောက် ယိုနေရာမှ သူ့ မျက်နှာသည် ပြုံးလိုက်၏။ သူ့အပြုံးဝယ် အခိပ္ပာယ် အပြည့် အစုံပါနေသည်။

“အေး.... ဘကြီးဟန် နားလည်ပါတယ်၊ ဦးရွှေဦး ဟာ ဦးကျော်ကို ကောင်းသေးတယ် ဆိုရင်တော့ ဘကြီးဟန် ဒီတရား ကို သူတို့မောင်နှမကို သွားဟောပါတယ်၊ ဦးရွှေဦးမှာ လူသာ မာန် အလဲ နလုံး မရှိတော့ဘူး၊ ဦးကျော်ကလဲ အရည် မပြည့် တော့လေတော့ ဘကြီးဟန်မပြောလိုတော့ဘူး၊ ခင်မေဆက်ကို သာ ဘကြီးဟန် ပြောလို့ ဆိုလို့ နိုင်လို့၊ ကိုယ်ပြောပိုင်ခွင့်ရှိတဲ့သူ ကိုယ်သာ ပြောနေရတာပါ။ ပတ်ဝန်းကျင်ရဲ့ အမြင်ဘက်ကို ကိုယ့်ဟာကိုယ် သီးခြား ရောက်နေလို့လဲ ရောက်နေမှန်း မသိတဲ့ မောင်နှမကိုတော့ တရား သွားမပြချင်တော့ဘူး၊ ဘကြီးဟန် ဒီစကားကို ခေါ မပြောရင် မေ့ရဲ့စိတ်ဟာ သူတို့တောင် လုပ် သေးတာပဲ ငါလဲလုပ်မှာပေါ့ ဆိုတဲ့သဘော သက်ဝင်သွားမှာ စိုးတယ်၊ ဆက်မိသားစုရဲ့ ခံယူချက်က “ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ရဘူးလေ” အဲဒီ အစဉ်အလာကို ဆက်လက် ထိန်း သိမ်းနိုင်ဖို့ ကိုယ်ချစ်တဲ့မေကို ဦးကျော် ထပ်မံ ရှင်းလင်းသွား အောင် ဆေးကြောပေးခြင်းပါဘဲ”

“မေသဘောပေါက်ပါတယ်”

“ဘကြီးဟန် ဥပမာပေး ခိုင်းနှိုင်းမှုတွေ မှားသွား ရင်လဲ ခွင့်လွှတ်ပါမေ၊ မင်းဟာ သီပေါမင်း မိဖုရား ထိပ်စုဖုရား မလုပ် လိုပါဘူးလို့ သိရတာ ဝမ်းသာပါတယ်၊ နွားကျောင်းသူမဗျိုင်း ဘဝက ဘုရင့်သမီးတော် ထိပ်စုဖုရားမဗျိုင်းဘဝ ရောက်သော်လဲ ကိုယ့်လယ်ယာမြေပေါ်မှာ ကိုယ်ကျောင်းခဲ့တဲ့ နွားလေးတွေကို အစဉ်မမေ့တဲ့ မဗျိုင်းလေးလို မင်းကိုစွဲမှတ်ထားပါတယ်၊ ကျေနပ် ပြီလား....ကဲလာ၊ ဘကြီးဟန် ကားပေါ်ထိ လိုက်ပို့ပေးမယ်....”

ဦးမင်းဟန်သည် ခင်မေဆက်ကို ခေါ်ယူ၍ အောက်ဆုံးထပ် ဆင်းကာ ကားပေါ်ထိ လိုက်ပို့ပေးလိုက်သည်။

ဒေါ်ခင်မေဆက်သည် အိမ်ရောက်လျှင် လေကားကို ဖြေး ညှင်းစွာ တက်နေ၏။ ထိုအချိန်က ရှင်မင်းမွေးကို သူ့အနား

www.burmeseclassic.com

www.burmeseclassic.com

တွင် ခေါ်ယူခန့်ထားခြင်း မရှိသေးပေ၊ သူသည် အဝတ်အစား ပင် မလဲနိုင်တော့သလို အိပ်ရာပေါ်လှဲနေလိုက်၏။

စိတ်ထဲမှာ အလိုလိုမောလာ၏။

"ထိပ်စုဖုရားလတ်တဲ့ .... ကိုယ့် မဟာဆီ မဟာသွေး ချင်း သတ်ပြီးမှ ကတ္တီပါအိတ်နဲ့ ရေဆိပ်ချတဲ့ စုဖုရားလတ်တဲ့၊ ဘကြီး ဟန်နဲ့ယ် ပုံခိုင်း ရက်စက်လိုက်တာ၊ ပြီးတော့လဲ အနုပညာ ကတ္တီပါစကို လက်ပေါ်တင်ပြီး ယဉ်ယဉ်လေး ထိုးလိုက်သတဲ့၊ ဂျွန်ကလဲ ငါ့ကိုပြောတယ် ...ဘုရား ဘုရား"

သူသည် ပါးစပ်မှ သူရူးလိုပင် တိုးတိုးလေး ရေရွတ်နေမိ၏။ အိမ်ဖော်ကလေးမလေးမှာ ခန်းဆီးကြားမှ ခေါင်းပြူ၍ ကြည့် ရင်း သူသည် အသာ ဖြေးညင်းစွာ ခြေဖျားလေး ထောက်၍ ဒေါ်အေးမြတို့ နောက်ဖေးတန်းလျားသို့ ပြေးသွားတော့သည်။

"ကြီးဒေါ်အေးမြ...အန်တီမေရယ် တယောက်ထဲ စကား ပြောနေတယ်"

"ဟော..."

ဒေါ်အေးမြသည် နောက်ဖေးလှေခါးမှ တတ်ခါ ဒေါ်ခင် မေဆက် အိပ်ခန်းသို့ ခပ်သုတ်သုတ်ဝင်လာခဲ့၏။ အိပ်ရာပေါ်တွင် အဝတ်အစားများမလဲနိုင်သေးဘဲ ပက်လက်ကြီးအိပ်ခါ အသက် ကို မနဲ့ကျိုးစား၍ ရှူနေပုံရသော ဒေါ်ခင်မေဆက်ကို တွေ့ရ၏။

"မေ .. နေမကောင်းပြန်ဘူးလား၊ ဟော....လက်ဖျား ခြေ ဖျားတွေလဲအေးစက်လို့ပါလား" ဒေါ်အေးမြသည် လက်ဖျား များကို ဆုပ်နယ်ရင်း ပြောလိုက်၏။

"မေ...စိတ်မောလွန်းလို့ပါ ကြီးဒေါ်အေးမြရယ်၊ ဘယ်သူ ရှိလဲ ကော်ဖီပူပူတခွက် ဖျော်ယူခဲ့ဖို့ ပြောလိုက်ပါ"



ဒေါ်အေးမြသည် ကလေးမလေးကို ကော်ဖီဖျော်ယူ ခိုင်းကာ ဒေါ်ခင်မေဆက် အနားတွင် ပြန်လာ၏။

"ဦးမင်းချိန်ကို ခေါ်ချင် သေးလား"

"ချက်ခြင်းတော့ မခေါ်လိုက်ပါနဲ့လေ ...တော်ကြာ ရောဂါ သဘောယ်ထင်ပြီး အန်ကယ် ကမန်းကတန်းနဲ့လာရင် မေ့ကြောင့်နဲ့ တခြားလူနာတွေ ကသိကအောင့် ဖြစ်နေအုံးမယ်၊ ညနေဘက် တော့အားရင်လာခဲ့ပါအုံးလို့ ဦးကျိုးမြိုင်ကို ပြောခိုင်းလိုက်ပါ"

မေသည် အဝတ်အစားလဲကာ အိပ်ရာပေါ် ပြန်လှဲလိုက်၏။ သူသည် ကလေးမလေးယူလာသော ကော်ဖီကို သောက်လိုက်၏။

"မေ နေကောင်းပါတယ် အိပ်ရာပေါ်တော့ လှဲနေမယ်၊ အန်ကယ်လာရင်သာ ဒီခေါ်လာခဲ့ပေတော့"

"အော်...ခက် ခက်ရချည့် မိန်းကလေးရယ်၊ နေ့သာကောင်း တယ်ဆိုတယ် ချွေးတွေကလဲရေလိုတဲ့ရွှဲလို့၊ လက်ဖျား ခြေဖျား တွေက ရေခဲလိုအေးစက်နေပါလား၊ ခုအဘဲ အပြင်ကပြန်လာ သေး၊ ချက်ခြင်းဘာဖြစ်တာလဲ၊ ကြီးဒေါ် ကိုကျိုးမြိုင်ကို ပြော ပြီး အနားမှာ လာနေအုံးမယ်"

မေသည် ကြီးဒေါ်အေးမြကို ဘာမှပြန်မဖြေတော့ဘဲ အိပ်ရာ ပေါ် သာလှဲနေလိုက်၏။ ကြီးဒေါ် အေးမြသည် ပြန့်ဝင်လာကာ မေ့အနားတွင်ထိုင်၍ ချွေးများကို သုတ်လိုက် ခြေဖျား လက်ဖျား နွေးလာအောင် ဆုပ်နယ်၍ နေလိုက်နှင့် လုပ်ပေးနေသည်။

မကြာခင်ပင် ဦးမင်းချိန်ရောက်လာ၏။ သူသည် သွေးချိန် တိုင်းအပြီး ဆေးတလုံး ထိုးလိုက်၏။

"မေ....ဘယ်ကိုသွားလို့လဲ ညကလဲ မိန်းချိုပြွဲမှာ လန်းလန်း ဆန်းဆန်း ပါဘဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်....အန်ကယ် ဟုတ်တယ်၊ မေ ကျန်းမာနေပါတယ်၊ ဟင်း....မေ့ကိုမေလဲ ဘာဖြစ်နေတယ် မသိပါဘူး"

"မသိပါဘူး ဆိုလို့တော့ မရဘူး၊ အန်ကယ်ပေးတဲ့ အကြံဉာဏ်တော့ မေလက်ခံပါ မေ့ကျန်းမာရေးအတွက်ဘဲ၊ မေ့ရဲ့ သွေးတိုးပုံတွေ ဘာတွေ အန်ကယ် နဲနဲမှ အားမရဘူး"

"ရောဂါကြောင့် မဟုတ်ပါဘူး အန်ကယ်၊ ကိုယ့်စိတ်ကိုယ် မနိုင်လို့ပါ"

"အောင်မယ်....မင်းက ဆရာဝန်ထက် ပိုတတ်နေပြန်ပြီ"

"ဟုတ်ပါတယ်.... နေ့လည်က ဆိုပါတော့ ဘကြီးဟန်နဲ့ တွေ့ပြီး သူပြောတာတွေ ကြားတယ်ဆို အဲဒီလိုဖြစ်သွားတာဘဲ"

"သူ ဘာတွေပြောလဲ"

မေက ဦးမင်းဟန်ပြောပြသမျှ ဦးမင်းချိန်ကို ပြောပြလိုက်၏။

"အေး...ဘယ်လိုဘဲ ဖြစ်ပစေ ကျန်းမာတဲ့ လူတယောက် အနေနဲ့၊ တလောကစကားမျိုး ကြားရယုံနဲ့ ခုလို မဖြစ်ရဘူး၊ ဒီတော့ ခွင့်ရက်ရှည်ယူဖို့ရယ် မင်းအပါးမှာ တယောက်ယောက်တော့ ရှိနေသင့်တယ်၊ အဲဒါတော့ လက်ခံပါ"

"မေ လက်ခံပါတယ်၊ ဘယ်သူ့ကို ခေါ်ထားရမှာလဲ"

"အိမ်ဖော် အစေခံလို သက်သက် မဟုတ်ဘူး၊ မင်းကျန်းမာရေးကို ရှတ်တရက် အန်ကယ်တို့ မလာခင် ကြိုတင်ပြုစုတတ်တဲ့ သူနာပြုဆရာမ တယောက်လောက် အနားမှာရှိရင် ကောင်းမယ် မေ၊ အန်ကယ်လိုအပ်မယ်ထင်လို့ ပြောတာ၊ သို့ပြီး ပြောနေတာ မဟုတ်ဘူး"

မေသည် ကလေးငယ်လေး တယောက်လို ခေါင်းလေး ငြိမ့်ကာငြိမ့်ကာနှင့် နားထောင်နေ၏။ သူကတော့ သူ့ကိုယ်သူ လူနာတယောက် ဟူ၍မထင်၊ ဆရာဝန်တယောက် မျက်စိထဲတွင်



သော့ သူ့ရောဂါအခြေအနေကိုဘယ်လိုမြင်သည်မသိ၊ ထို့ကြောင့်လည်း သူသည် ဦးမင်းချိန် အစီအစဉ်အတိုင်း လိုက်နာရန် လက်ခံလိုက်၏။

နောက်အပတ်ထဲတွင် ဦးမင်းချိန် အစီအစဉ်ဖြင့် ရှင်မင်းထွေးမှာ ဒေါ်ခင်မေဆက်ထံတွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ခြင်းဖြစ်၏။ ဦးမင်းချိန် ညွှန်ကြားချက်အတိုင်း အလုပ်မှလည်း ခွင့်ရက်ရှည်ယူလိုက်သည်။ ကျန်းမာရေးအတွက် လိုအပ်ပါလျှင်လည်း ပင်စင်တွေဘာတွေ မစောင့်တော့ဘဲ အချိန်စောစောကပင် အလုပ်ကထွက်ရန် ဆုံးဖြတ်လိုက်၏။ တော်လောက်ပြီ၊ အသက်ထက် ဘာမှငွဲကွက်စရာမရှိပြီ၊ သူသည် တခါတရံ ချတ်ချော်သော အတွေးများ ခေါင်းထဲဝင်လာတတ်၏။ "ငါတယောက်ထဲ" "အထီးကျန်တဲ့ငါ၊ သေလဲမထူးဘူး ရှင်လဲမထူးဘူး၊ ငါ့အတွက် ဘယ်သူမှလဲ နသပြီး ခုန်စိရက်ဘဲ၊ မျက်ရည်တပေါက် ကျမဲ့ လူလဲ မရှိဘူး၊ သင်သလိုနေတာဘဲ အေးတယ်"

သူသည် ထိုကဲ့သို့ အတွေးရိုင်းများဝင်လာသောအခါ ဖေဖေ့ကိုလဲ မေ့ပစ်ချင်သည်၊ မေမေ့ကိုလဲ မေ့ဖြစ်ချင်သည်၊ ဖေဖေ၏ ဘိလတွေ မေမေ၏ သိက္ခာတွေ ပြီးတော့ ဆက်မိသားစု ဟူသော ဘောင်-တာတွေကို သူသည် စက္ကူရွက်များလို အားလုံးကို ဆုတ်ဖြဲပြီး တစ်ရွက် အစအနမကျန်အောင် ဆုတ်ဖြဲလိုက်ချင်သည်။

ပြီးတော့မှ ခုံပိုနပ်တဲ့ ပွဲင်းပြတ်ကိုစီး ကျဲကော်ဘီး အပေါ်တွေ တတောင်လောက်ကို ခေါင်းမှာပတ်၍ အထက်ခါးပုံချွ ထမီ ချက်ပေါ်ဝတ်ခါ ပလက်ဖောင်းပေါ် ရှောက်သွားချင်သည်။ ဖယ့်အိုးပေါ်ခို့ သဲပူပူထဲမှ မြေပဲတထုပ်ကိုဝယ်၊ ထမီ ပေါ်ရှောက်ရင်း တကျွတ်ကျွတ် ဝါးစားသွားချင်သည်။ ကြ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ဝယ်စုတ်ခါလည်း လမ်းပေါ်တွင် ပက်ခနဲ ပက်ခနဲ ထွေးပစ်ချင်လာသည်။

"အဲဒီလိုနေ ဇရပ်ပေါ် ထိုးအိပ်လိုက် ပြီးသွားရော ပြီးသွားရော.. ဘာပြီးတာလဲ ဘာမှလဲမပြီး" အို...တကယ်တော့ သူ့မှူး စိတ် တကယ်တော့လဲ ဖေဖေ့ကိုလဲ မေ့မရပါ၊ မေမေ့ကိုလဲ မေ့မရပါ၊ ဘယ်တော့မှ မေ့မရသည်က မမမျိုး၊ သူဘယ်ရောက်နေလဲ၊ သူ့ငွေတွေ ကျန်ပါသေးရဲ့လား၊ တတိုင်းတပြည်မှာ ပျော်နေသလား၊ ညီမလေးကိုမှ သတိရသေးရဲ့လား မမမျိုးရယ်"

သူသည် အတိတ်အကြောင်းတွေကို ပါးစပ်မှပင် တတွတ်တွတ် ရွတ်ချင်လာသည်။ ထိုအခါမျိုးတွင်ဘာမှ သူ့အကြောင်း သူ့အိမ်အကြောင်းအရာများကို မသိရှာသေးသော မျက်နှာ ရိုးရိုးလေးနှင့် ရှင်မင်းထွေးကို အပေါ်တွင် မြင်ရသောအခါ ယခင်ကလိုမဟုတ် စိတ်နုနဲ့တော့ အေးချမ်းသွား၏။ ရှင်မင်းထွေးကို သနားသလို ဖြစ်သွားပြန်သည်။

"အန်တီမေ၊ အထွေးလေ....ငွေပန်းတွေကိုဒီလိုလုပ်ပြီး ဘုရားမှာ တင်တာ ကြိုက်လား ဟင်" တပွင့်ဝိပွင့်သော ငွေပန်းပွင့်ကို အစိမ်းရောင် ငွေပန်းရွက်များနှင့်ပင် အခိုင်လုပ်ခါ သူ့အား လာပြ၏။

"အန်တီမေ၊ အထွေးနဲ့ ခြံထဲ လမ်းလျှောက်ရအောင်လေ"

အမှန်တော့ သူတယောက်ထဲ တွေးချင်ရာတွေး ငေးချင်ရာငေး ဖြစ်မနေအောင် အထွေးသည် သူ့အပေါ်တွင် ကြံဖန် အလုပ်လာလုပ်တတ်၏။ မှန်၏၊ နံနက်ခင်းတိုင်း လမ်းမှန်မှန် ခြံထဲတွင်ပင် လျှောက်လေ့ရှိသော သူသည် တခါတရံ လမ်းလျှောက်ဖို့ကိုပင် မေ့၍ ခုံတန်းပုလေးတွင်ပင် တယောက်ထဲ ထိုင်နေမိ၏။

"ကျေးဇူးတင်လိုက်တာကွယ်....အထွေးရယ်" ဟု သူဆိုမိ၏။



"အန်တီမေခိုင်းတဲ့ အလုပ်တွေက ခက်သလား အန်တီမေ အနားနေရတာကော ငြီးငွေ့လား"

"အို....အလုပ်တွေကလဲ မခက်ပါဘူး၊အထွေးနေရတာ ပျော်ပါတယ်....အန်တီမေ ကျန်းမာလာတာဘဲ အထွေး ဝမ်းသာလှဘိ"

မှန်၏၊ တပတ်အတွင်း မေ၏ သွေးချိန်မှာ ၉၀-အထိ ခုန်၍ တိုးလာသည်။ ထမင်းကို အနည်းဆုံး တပန်းကန်တော့ ဝင်အောင် စားလာ၏။ ထမင်းစားခန်း အကျယ်ကြီး၌ မဟော်ဂနီရောင် တဖိတ်ဖိတ်တောက်နေသော စားပွဲရှည်ကြီးတွင် ယခင်က သူသည် ထမင်းစားနေခြင်း မဟုတ် ထမင်းကို ဇွတ်မြိုချနေခြင်း ဖြစ်၏။

"အန်တီမေ ဆင်ခရမ်းချဉ်သီးကို မီးဖုတ်ပြီး ထောင်းထားတယ်၊ ဟင်းရွက်စုံ ဟင်းချိုကရော ချိုလား၊ ငါးမြင်းရင်း ဆီပြန် ရယ်....အထွေးသိပ်ကြိုက်တာဘဲ"

အထွေးစားသည်ကို မြင်တာနှင့် သူမသိမသာ တပန်းကန်ခြင်းထမင်းတွေ ဝင်သွား၏။

"အထွေး ဟင်းစပ်တွေကလဲ မေမေ ကြိုက်သလိုဘဲနော်"

သူသည် ထမင်းစားရာတွင် မေမေ့ကို သတိရလာ၏။

"အထွေးက မြစ်ဝကျွန်းပေါ်သူဘဲ၊ တာတွေကြိုက်တတ်ပါတယ်၊ပြီးခဲ့တဲ့ ဥပုသ်နေ့က ဆရာကြီးဒေါ်မေဓာဝီကလဲ အန်တီမေ နေမကောင်းတာ လာကြည့်ရင်း အန်တီမေ ကြိုက်တတ်တဲ့ ဟင်းစပ်တွေကို ပြောသွားတယ်"

သူသည် ပြုံးလိုက်၏။ ဆရာကြီး ဒေါ်မေဓာဝီသည် တခါတရံ သရက်ချောင်းကို ပြန်သွားလျှင် ရှင်မင်းထွေး အလုပ်[illegible]လာ၏။ မြောင်းမြမှတဆင့် ငွေပို့ရ၏။ ယခု တခေါက်လာတော့ ဆရာကြီးအား ရန်ကုန်တွင်ပင်နေဖို့ ဒေါ်ခင်မေ[illegible]က စီစဉ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတော်လေးပင် ဖနေသာထိုင်သာရှိလာ၏။ ဘုရားရှိခိုးပြီးတိုင်း မှန်မှန် လမ်းလျှောက်မြဲ သူလျှောက်နိုင်လာတော့သည်။ ခြေဖျားလက်ဖျားများလည်း ယခင်လို ထာဝရ အေးစက်ကြီးဖြစ်မနေတော့ပေ၊ ကျောင်းကိုတော့ ခွင့်စေ့လျှင် အလုပ်ပြန်မဝင်တော့ဘဲ နေရှုန်ဆိုးဖြတ်လိုက်တော့သည်။

တခါတရံ အတွေးသံသရာတွင် ခြာခြာလည်သော ညများရှိခဲ့၏။ ဗီလျိုတူးမကာ ဗီလျိုဖိုက် စသော အနေ့ာက်နိုင်ငံမှ စိတ်ငြိမ်ဆေးများကို သောက်၍လည်း အိပ်မပျော်တတ်ပေ။

ထိုသို့သော ညများတွင် သူသည် သက်တန့်ကြိုးတွင် /ကြယ်လေးများကို သီကာ လမင်းတခြမ်းပဲ့လေးတွင် သွားရောက် ချိတ်ထားလိုက်ချင်သည်။ ကျယ်ပျံ့လှသော ကောင်းကင်ပြင်ကြီးကိုပင် ရှင်းပြစ်ချင်လှ၏။ သူ့စိတ်ထဲရှုပ်သမျှ လမင်းကိုပင် ပုံချလိုက်ချင်သည်။

မကြာခင်ပင် အေးမြ၍ ကြည်လင်ချမ်းငြိမ်သော ရှင်မင်းထွေးအသံသည် သူ့အပေါ်တွင် ကြားလာရ၏။ ရှင်မင်းထွေး ချစ်ဖွယ်ကောင်းလေစွ။

“ငါ့အား ခပ်သိမ်းကုန်သော၊ ချစ်နှစ်လိုအင်ကုန်
သော၊ နှလုံးကို ပွားစေတတ်ကုန်သော အဆွေအမျိုး”.

သူသည် ထိုအခါကျတော့မှ တဖြေးဖြေး အိပ်ရန် စိတ်ငြိမ်ပြုလာ၏။ ရှင်မင်းထွေးအသံသည် ဆက်လက်၍ အေးဆေးစွာ ကြားလာရ၏။

အဆွေခင်ပွန်း၊ချစ်ကျွမ်းဝင်သူတို့နှင့် အရပ်တပါးသို့
ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်း သည်လည်းကောင်း
ဘဝတပါးသို့ ပြောင်းသွားသဖြင့် သေကွဲကွဲရခြင်းသည်
လည်းကောင်း ဖြစ်၏။ ၎င်းသို့ နေ့ညမပြတ် ဆင်ခြင်
အပ်၏။

ငါသည် ကံသာလျှင် မိမိဥစ္စာရှိသည်၊ ကံသာလျှင် အမွေခံရှိသည်၊ ကံသာလျှင် အကြောင်းရင်း ရှိသည်၊ ကံသာလျှင် အဆွေအမျိုးရှိသည်၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည် ဖြစ်၏။

ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော အကြင်ကံကိုပြုအံ့၊ ထိုကောင်းမှု မကောင်းမှုကံ၏ ကောင်းမွေ ဆိုးမွေခံသည် ဖြစ်ရအံ့၊ ဤသို့နေ့ညမပြတ် ဆင်ခြင်အပ်၏။

ရှင်မင်းထွေးသည် အဘိဓာ္မာသုတ်ကို ဖြေးညှင်း ရွတ်ဖတ်ပြီး အဆုံးလောက်တွင် ဒေါ်ခင်မဆက်မျက်နှာကို ကြည့်လိုက်၏။ ဆေးကိုလည်း သောက်ထားသည်ဖြစ်၍ သူသည် ငြိမ်သက်စွာ အိပ်ပျော်နိုင်တော့သည်။ ထိုအခါမှ ရှင်မင်းထွေးသည် သူ့အပေါ်မှ ဖြေးညှင်းစွာ ထလာခဲ့၏။

* * * *

နောက်အပတ်ထဲတွင် ရှင်မင်းထွေးသည် ဒေါ်ခင်မဆက်ထံတို့ ရောက်လာသည့်စာများအနက် အလှူခံစာများ၊ ဖိတ်စာများ၊ လစဉ်လှူရမည့် ရွှေတိဂုံဘုရား၊ ဇီဝိတဒါန ဆေးရုံ၊ ဘိုးဘွားရိပ်သာ စသည်တို့နှင့် အစိုးရဌာနအသီးသီးသို့ ပေးဆောင်ရမည့် အခွန်တောင်းစာများကိုရွေးချယ်၍ ယူလိုက်၏။ သူ့ထံ၌ အပ်ထားသောငွေများမှ ထိုကိစ္စများကို သူလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သည်။ ကျန် ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော စာ

www.burmeseclassic.com

www.burmeseclassic.com

များကိုမူ သူသည် ဒေါ်ခင်မေဆက်၏စားပွဲပေါ်သို့ သွားရောက်တင်ထားလိုက်၏။

သူ့ဖခင်၏ လက်ကျန်အလုပ်ကိစ္စများနှင့်ပတ်သက်၍ ရောက်လာသောစာများကို နံနက်စောစောတွင်ပင် ပြီးအောင်လုပ်၍ ရလာတော့သည်။ ရာဘာခြံအလုပ်မှ စာ အပေးအယူကလည်း သိပ်မများလှပေ။ ရှင်မင်းထွေး စားပွဲပေါ်တင်ထားသော စာများကို သူသည် စိတ်အေးလက်အေးပင် ဖောက်၍ ဖတ်နေတတ်၏။

တစ်နေ့တွင်တော့ ထူးထူးခြားခြားစာတစ်စောင်မှာ ဖတ်နေဆဲ သူ့လက်များကိုပင် တုံရီလာစေ၏။ လူငယ်တစ်ယောက်ထံမှ စာဖြစ်၏။ ဒီလိုစာမျိုးရောက်လာလိမ့်မည်ဟု သူမမျှော်လင့်ပါပေ။ သို့သော်...ဤလောက၌ မမျှော်လင့်သည့် ကိစ္စများသည် ဖြစ်တတ်လှ၏တကား...။ သူသည် စာကို ဖြေးညှင်းစွာ အသက်မှန်မှန်ရှူ၍ ဖတ်နေရ၏။

ဆရာမကြီး ဒေါ်ခင်မေဆက်ခင်ဗျား

ရိုသေစွာစာရေးလိုက်ပါသည်။ ယခု စာရေးသူသည် တင်မာလာ၏ ချစ်သူ တင်မောင်မြင့် ဖြစ်ပါသည်။ တဘက်ခြံက အချစ်သချိုင်း ရဲတိုက်အိုကြီးမှာ မလှမပ ဇာတ်လမ်းသိမ်းသွားရတဲ့ ကျွန်တော့ချစ်သူတင်မာလာကို ကျွန်တော်ခုထိ မမေ့သေးပါ။ ကျွန်တော်ဟာ လသာတဲ့ညများဆိုရင် ရေတွင်းရေကန်တွေးတွေမှာ မထိုင်ရဲလောက်အောင် စိတ်ထိခိုက်လျက်ရှိရပါတယ်။ ဂယက်ထနေတဲ့ ရေမျက်နှာပြင်မှာ လမင်းရောင် ထိတွေ့လာတဲ့အခါ တင်မာလာမျက်နှာဟာ လမင်းရိပ်ပေါ်မှာ



ထင်လာတယ်လို့ စိတ်ကထင်မှတ်မှားပြီး ရေထဲကလမင်းကို ဆင်းလိုဆယ်ချင်မိတယ်။

ယောကျ်ားတဲ့လို့ ကိုယ့်တိုးတက်မှု ရပ်တည်နိုင်မှုတွေအတွက် အလုပ်ကို ကျိုးစားလုပ်နေပါတယ်။ ဆွေးငေးပြီးတော့တော့ မနေပါဘူး။ ဒါပေမင့် နှလုံးသားက ဒဏ်ရာကတော့ ဘယ်တော့မှ မပျောက်ပါဘူး။ ငယ်ရွယ်သေး နုနယ်သေးတဲ့ နှလုံးသားမှာ ပထမဆုံး ထိတဲ့ဒဏ်ရာဟာ သေသည်အထိ ပါတတ်ဘာမို့ ကျွန်တော့ရောဂါကိုကုဖို့ ကျွန်တော်လက်လျှော့သွားလိုက်တယ်။ ဘဝကိုတော့ လက်မမြှောက်ပါ။ ကျွန်တော်ဟာ ဘဝအခက်အခဲများကို ယောကျ်ားပီပီ ရင်ဆိုင်ခဲ့ပါတယ်။ အောင်လဲ အောင်မြင်ခဲ့ပါတယ်။

ကျွန်တော်တောင် ရဲတိုက်ကြီးက တစ္ဆေအောင်နှမ အချစ်သွေးစုတ် မောင်နှမရဲ့ ဒဏ်ကို တာလောက် ခံရလေတော့ ဆရာမကြီးရဲ့အမ ဒေါ်ခင်မျိုးဆက် ခံစားရမှုများကို ကျွန်တော် အစဉ် စာနာမိပါတယ်။ သူ့အလွန်ချစ်မြတ်နိုးတဲ့ ဆက်မိသားစုကို ခွဲခွာကပြီး နိုင်ငံခြားကို လွင့်သွားရအောင် ဝိုင်းနှိမ်လိုက်ကြတဲ့ မောင်နှမ နှစ်ယောက် အပြုအမူကို ကျွန်တော်အသိဆုံးပါ။ ကျွန်တော်ဟာ ရဟန္တာမဟုတ်လေတော့ ငယ်ရွယ်သူပီပီ သူတို့အပြုအမူတွေကို ခုထိ ခွင့်မလွှတ်နိုင်ဘူး။

ဦးရွှေဦးရဲ့ဇနီး ဒေါ်ဖြူဝင်း ဆုံးတော့ အဘိုးကြီးဟာ ခပ်ကြောင်ကြောင် ဖြစ်သွားပြီး အဆော် ဆေးကုယူရပါတယ်။ ကျွန်တော် ကာယကံမြောက် ဘယ်လိုမှလက်စားမချေပေမင့် အဲဒီနေ့က စိတ်ထဲကပျော်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတဲ့စိတ်ကို သဘောပေါက်ပြီလား တစ္ဆေကြီး
ရဲ့၊ ခုတော့ ခင်ဗျားချစ်သူ သေတဲ့အခါမှာ ခင်ဗျား
ရူးတော့မတတ် ဖြစ်သွားရတယ်၊ အဲဒီအခါမှာ စာနာ
စိတ်ကလေးများ နောင်တတရားများ ဝင်မလာဘူးလား။
ဂျွန်နဲ့ ဒေါ်ခင်မျိုးဆက် ကိုလဲ ပက်ပက် စက်စက် ခွဲပြီး
ဒေါ်ခင်မျိုးဆက်ကို မောင်းထုတ်ကြတယ်၊ ကျွန်တော်နဲ့
တင်မာလာ အသဲနှလုံးကိုလဲ အမှုန့်ခြေပြီးမှ မဆလာလို
ပင်းခတ်စားတဲ့ တစ္ဆေကြီးရယ်၊ အခု ခင်ဗျားချစ်သူကို
ဒီမှာ ခွဲရချိန်မှာတောင် ရူးမတတ် ဖြစ်ရတယ် ဆိုတော့
ကျွန်တော်တို့အချစ်ကိုစာနာတတ်ပြီလား" လို့ကျွန်တော်
အဲဒီနေ့က ရေရွတ်မိတယ်၊

ကျွန်တော်နဲ့ တင်မာလာ ချစ်နေကြတဲ့ အချိန်မှာ
ကျွန်တော်ဟာ မတည့်မတန် စီးပွားရေးအခြေအနေ ကွာ
ခြားနေသည့် နွဲနေလို့ အရည်အချင်းမရှိလို့ ဆိုရင်ဖြင့်
ကျွန်တော် ခံသာပါတယ်။ ကျွန်တော်ဟာ သူတို့ရဲ့
ဆွေမျိုး စာရင်းဝင် တခုယောက် ဖြစ်ရုံ မက တက္ကသိုလ်
ဒီဂရီကို တင်မာလာနဲ့ အတူ ရယူဖို့ ကျိုးစားနေချိန်ပါ။
သူတို့ကြိုက်သလောက် နိုင်ငံခြား အမြီး ရှည်ကြီးတော့
ကျွန်တော်မရသေးဘူး။ မရသေးခင်မှာ ဘယ်လိုလုပ်ပြီး
တင်မာလာ့စိတ်ကို ခြောက်ခြားအောင် လုပ်ကြတယ်လဲ
တော့ မသိပါဘူး။ ကျွန်တော်ချစ်သူ တင်မာလာဟာ
လသာတဲ့ညတည ကျွန်တော်နဲ့ သူ အစဉ် တွေ့ခဲ့တဲ့
ရေကန်မျက်နှာပြင်မှာ သူ့ အသဲနှလုံးကို မြုပ်နှံသွားပါ
ပြီ။ ချစ်သူအသဲနှလုံးကိုဖြင့် ရေပြင်တွေ့တိုင်း ခွဲရှာ
လေမလား၊ လမင်းမျက်နှာပြင်ကို သွားရောက်ရှာရမ



မလားနဲ့ ကျွန်တော့ အိပ်မက်ခန်းဟာ မိုးမလင်းခဲ့ရ
ပါဘူး။

တစ္ဆေမကြီးလေ အပျိုမကြီး ဒေါ်မေကြည်သင်းက
တော့ အချစ်ဆိုတာ ဘာလဲလို့ သေတဲ့ အထိတောင်
စာနာတတ်ပါ့မလားလို့ ကျွန်တော် သံသယဝင်မိတယ်။
သူတို့ အပြုအမူကို ဒေါ်ခင်မျိုးဆက်ရော တင်မာလာ
ရော ခေါင်းငုံ့ခံသွားပေမင့် ဝိပါကဝဋ်ဆိုတာ တမလွန်
အထိ မစောင့်ပါဘူးလေ။ သူတို့ကိုယ်တိုင်မြှောက်စားပြီး
ဘိသိက်သွန်းခဲ့တဲ့ ဂျွန်ရဲ့ လက်ထပ်မယား၊ တစ္ဆေကြီး
နှစ်ဦးရဲ့ တရားဝင် အသိအမှတ်ပြုခံရသော မော်လီ
ချန်က အရက်နဲ့ ဒေါ်မေကြည်သင်းမျက်နှာကိုပက်ပြီး
ဂျွန့်လက်ကိုဆွဲပြီး ရဲတိုက်ကြီးပေါ်က ဆင်းသွားပါပြီ
လေ။ ဒီသတင်းကိုလဲ ဒေါ်ခင်မေဆက် ကြားပြီး ရော
ပေါ့၊ ကျွန်တော်ကတော့ ဆွေမျိုးမို့ အပ်ကျတာက
အစ ဒီအိမ်ကြီးအကြောင်း အားလုံးသိပါတယ်။ အဲဒီ
နေ့ကတော့ လက်ခုပ်တီးပြီး ကောင်းလေစွ ကောင်း
လေစွလို့ ကျွန်တော် အနုမောဒနာ ပြုမိပါတယ်။ သို့
သော်လဲ ကျွန်တော်က အနုသမားဆိုတော့ မော်လီချန်
ရဲ့ တုံ့ပြန်မှုဟာ ရိုင်းပြတဲ့အသွင် ပါတယ်လို့လဲ ယူဆ
မိပါတယ်၊

မော်လီချန်ဟာ တစ္ဆေ မောင်နှမ၊ တစ္ဆေ အသိုင်း
အဝိုင်းက အသိအမှတ်ပြု တရားဝင် ဂျွန်ရဲ့မယားဖြစ်
သော်လဲ ကျွန်တော် အပါအဝင် လူသားတို့ အသိ
အမှတ်ပြုတဲ့ ဂျွန်ရဲ့တရားဝင်ဇနီးက ကတော့ ဒေါ်ခင်

www.burmeseclassic.com

www.burmeseclassic.com

မျိုးဆက်သာဖြစ်တယ်ဆိုတာကို ဆရာမကြီး အစဉ်အသိအမှတ် ပြုထားစေချင်ပါတယ်ခင်ဗျား။

အခု စာရေးရတာက ကျွန်တော်ဟာ အစိုးရဝန်ထမ်းတဦးပါ "ဟေမာန်"ပန်းချီပြပွဲ ဆုပေးတဲ့ညမှာ မရိသတ်ထဲမှာ ကျွန်တော်ရှိပါတယ်။ ကျွန်တော်တာဝန်ကျတာက အညာ မှာပါ။ ခေတ္တ တာဝန်နဲ့ လာရင်း ပန်းချီဆုပေးပွဲကို ရောက်ခဲ့တာပါ။ ဆရာမကြီးရဲ့ ပန်းချီကား "ထိပ်စုဖုရားမဗျိုင်း" ဆုရတာ ကိုလဲ တွေ့ရလို့ဝမ်းသာပါတယ်။ ဒီပန်းချီကားအစစ်ရေးဆွဲသူ ပန်းချီဆရာကြီး ဦးရွှေသင်းဟာ ကျွန်တော်တို့ ဆွေစုမျိုးစုအပါအဝင် ထားဝယ်သားကြီးမို့ အနုပညာရှင် အဘိုးအိုကို စင်ပေါ်တင် ဖော်ထုတ်လိုက်လို့ ကျေးဇူးတင်ပါတယ်။ သူဟာ ဦးရွှေဦးအဖေလို တူရှင်းကိုင်ပြီး မြေအောက် ရတနာသတ္တုတွေကို တူးဖော်တဲ့သူမဟုတ်ဘူး။ စုတ်တန်ကိုင်ပြီး အနုပညာကိုဖော်ထုတ်ခဲ့တဲ့သူတယောက်ပါဘဲ။ ပန်းချီကားချပ်များကို လေလံတင် ရောင်းချတဲ့အခါမှာ အမည်မဖော်ပြလိုသူတဦးအနေနဲ့ ကျွန်တော်အမြင့်ဆုံး တန်ဘိုးပေးပြီး ဝယ်ယူတာကိုလဲ ဒေါ်ခင်မေဆက် သိချင်မှသိမယ်။

နောက်ဆုံးဒေါ်ခင်မေဆက်ကို ကျွန်တော်လိုက်လိုက်လှဲလှဲ ချီးကျူးတာကတော့ အင်မတန်နာကျင်၍ ဆေးကုမရသော နှလုံးသား ဒဏ်ရာ ရှင်များ ကိုယ်စား ဦးဆောင်ပြီး တရွှေဦးရွှေဦးကြီးကို အလဲထိုးလိုက်တာကို ကျွန်တော်ချီးကျူးလို့ မဆုံးပါခင်ဗျား။



ဒေါ်ခင်မေဆက်နဲ့ကျွန်တော် အသက်ချင်း မတိမ်းမရှိမ်းပါ၊ ကျွန်တော့ထက် ငယ်တောင် ငယ်ပါအုံးမည်၊ ဒါပေမင့် တမင် အလေးအမြတ်ပြု၍ ဒေါ်တတ်၍ခေါ်ခြင်းပါ၊ တနေ့သောအခါ ဒေါ်ခင်မေဆက် ဘိကျူနီထေရီ ဖြစ်လို့ရှိရင်ဖြင့် ကျွန်တော့ကို တရားဦးလာဟောပါ၊ အဲဒီအခါကျရင် ကျွန်တော် မောင်ခန္တီဘွဲ့ ယူပြီးသည်းခံခြင်း ခွင့်လွှတ်ခြင်း ပါရမီကို ဖြည့်ပါမယ်၊ ခုထိတော့ ကျွန်တော့ကို ဘယ်သူတရားဟောလို့မှ မကျွတ်နိုင်သေးပါ။

ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ဒေါ်ခင်မေဆက်ပြည့်စုံပါစေ။

တင်မောင်မြင့်

ခေတ္တ ရန်ကုန်

စာအဆုံးတွင် သူသည် မနဲ့ အသက်ကို မှန်မှန် ရှူလိုက်ရ၏။ သို့သော် စာပွဲပေါ်လက်တင်၍ ခေါင်းကိုမှေးထားကာ အခုံမြန်လာသောနှလုံးသားကို ငြိမ်သက်သွားအောင် အတော်ကျိုးစားလိုက်ရ၏။

စာဖတ်အပြီး ဒေါ်ခင်မေဆက်၏ မျက်နှာအမူအရာ ထူးထူးခြားခြား ပြောင်းလဲသွားသည်ကို မြင်လိုက်ရသော ရှင်မင်းထွေးသည် စိုးရိမ်သွား၏။ သူသည် ကုလားထိုင်နားတွင် လာရပ်၏။ သူ့အသံကိုသူလည်း တည်ငြိမ်အောင်ထိန်းကာ မေးလိုက်၏။

"အန်တီမေ....အထွေး ဘာလုပ်ပေးရမလဲ"

ဒေါ်ခင်မေဆက်သည် အတန်ကြာငြိမ်သက်နေရာမှ ခေါင်းမော့်လိုက်၏။ သူ့ခေါင်းကို ဖြေးညှင်းစွာခါ၍ စာပွဲနားမှ

www.burmeseclassic.com

www.burmeseclassic.com

အသာထကာ ခေါက်တုံ့ခေါက်ပြန် တလှမ်းခြင်း လက်နောက်ပြစ်၍ ကုတင်ဘေးတွင် ရှောက်ပြန်သည်။ ပြီးတော့...ပြတင်းပေါက်တွင်သွားရပ်၏။ တဘက်မှတိုက်ကြီးကို သူသည် ငြိမ်သက်စွာ ကြည့်နေပြန်သည်။

"ခက်ပါတယ်လေ.... ဒီပြတင်းမှာရပ်မိတိုင်းလဲ အမြင်လှမ်းပေမင့် တိုက်ကြီးထဲကတစ္ဆေက အန်တီမေ့ကို ခြောက်နေတယ်၊ ရွှေဆင်ဝင်မှာရပ်မိတိုင်းလဲ မြက်ခင်းစပ်က မမျိုးထိုင်သွားတဲ့ ခုံတန်းလျှားအပြုပေါ်မှာ မမကိုတာ မြင်မိတယ်....သူ ခူးနှိမ်မှာ ဆီတော်ဖထူးပန်းလေးတွေကို သိချင်မှာတာ...၊ မြန်မာပြည်မှာလို ဒီပန်းလေးတွေကို ရှာလို့ရမှာမဟုတ်ဘူးနော် ...အန်တီမေလေ... ဒီအိမ်ကြီးက ပြောင်းနေဖထင်ပါရဲ့ ရှင်မင်းထွေးရယ်"

ဒေါ်ခင်မေဆက်သည် တယောက်ထဲစကားပြောသလိုလို နှင့် သူ့ကိုလည်း လှမ်းပြောလိုက်၏။

"နောက်တက်ဝရံတာမှာ စိတ်ပြေလက်ပျောက် စကြံရှောက်နေလဲ ပယ်ရုံတန်းကိုမြင်တော့ မောင်လေး မောင်လူမွေးမျက်နှာကို သွားပြီးမြင်ယောင်ပြန်ရော...ကြောက်ကြောက် လန့်လန့် သူ့မျက်နှာလေးဖြူပတ်ဖြူလျော်ကို ခုထိမပျောက်နိုင်ဘူး ..မောင်လေးတို့လဲ...ကံဆိုးကြတယ်"

ရှင်မင်းထွေးသည် သူ့အား တိုင်တည်သလို အသိပေးသလို ပြောပြနေသော ဒေါ်ခင်မေဆက်၏မျက်နှာအား စာပွဲခုံရှေ့တွင် ထိုင်ရင်း စူးစိုက်ကြည့်နေမိ၏။ တဝက်တစိတ်ဖြစ်ဖေးလုံးဝဖြစ်စေ ရင်ထဲမှဝေဒနာအား သနပ်ပြုလုပ်ပယာအား ရှင်မင်းထွေးတယောက် သာရှိတော့သလို ရင်းရင်းနှီးနှီး ပြောပြနေ၏။

"တခါတလေလဲ လူ့ဘဝကို ဘယ်လိုနားလည်ရမှန်း အန်တီမေ မသိပါဘူးလေ၊ ဦးလေးသက်ရယ်၊ ဟိုဘက်ခြံကြီးကဦးရွှေဦး မောင်နှမရယ် မွေးဖွားလာကြတာဟာ သူတို့ပတ်ဝန်းကျင်ကြီးကို ကစင့်ကရဲ သိပ်ဖြစ်တာဘဲ အခု... အန်တီမေ လုပ်လိုက်တာ ကျပြန်တော့လဲ...ဟင်း....အန်တီမေ ရည်ရွယ်ချက်က အနုပညာ သည်အိုကြီးကို စင်တင်ပေးပြီးကူညီချင်တယ်၊ အန်တီမေ ပန်းချီ ပညာ မကျွမ်းကျင်တော့ အန်တီ ဆိုလိုချင်တဲ့ သဘောရင်းကို ဘကြီးဦးရွှေသင်း အကူအညီနဲ့ ဖော်ထုတ်ချင်လို့ လုပ်လိုက်တာ၊ ဖြစ်လာတဲ့အဖြေက ဘာတွေမှန်းမသိ၊ အဲဒီ စာပွဲပေါ်က တင်မောင်မြင့်စာဘဲဖတ်ကြည့်တော့ ရှင်မင်းထွေး ... ဘုရား-ဘုရား.... မဖြစ်သေးပါဘူး အန်တီမေရေချိုးမယ်၊ ကားကို အဆင်သင့်လုပ်ထား၊ ဆရာကြီး ဒေါ်မေဓာဝီဇရပ်ကို သွားလိုက်အုံးမယ်၊ ရှင်မင်းထွေး အိမ်မှာဘဲ လုပ်စရာရှိတာတွေ လုပ်ရစ်တော့နော်"

ဒေါ်ခင်မေဆက်သည်ရေချိုးခန်းရှိရာသို့ဝင်သွားတော့သည်။

စာပွဲပေါ်မှ စာကို ရှင်မင်းထွေးသည် အေးဆေးစွာ ထိုင်ဖတ်နေ၏။ ဇာတ်လမ်းကို တဝက်တပျက်မျှကြည့်ရသော သူ့အဖို့ ဇာတ်ရေ မလည်တလည် ဖြစ်နေလေသည်။ သို့သော် သူသည် ငယ်ရွယ်သူဖြစ်၍ ထိုမျှ များပြား ရှုပ်ထွေးသောအကြောင်းအရာတို့သည် လောကဋ္ဌ ဖြစ်တတ် ပျက်တတ်သည်ကိုမူ ကြိုတင်၍ တွေးမိပေ။

ဒေါ်ခင်မေဆက်အား ရေချိုးပြီးအဝတ်လဲရန် အဆင်သင့်ပြင်ဆင်ပေးခဲ့၏။ ကားကိုလည်း ဆင်ဝင်အောက်ရပ်ထားရန် ပြောဖို့အတွက် နောက်ဖေးလှေကားမှ အောက်သို့ ဆင်းလာသည်။ သူမပေးနိုင်ပါသော စိတ်ဓာတ်၏ အေးမြချမ်းငြိမ်ခြင်းကို အန်တီမေသည် ဒေါ်မေဓာဝီထံမှ ရလာပါစေဟု ဆုတောင်းရှာသာ သူတောင်းနိုင်သည်။

သူသည်လည်း ငယ်နုသေးသည်ဘကား....။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃

# နေမထွက်သောနေ

ဟေမာန်ပန်းချီပြပွဲမှသည် စတင်၍ ရောက်ရှိက်ခတ်ခဲ့ရသော သူ့စိတ်များသည် ယခုမှ တဖြေးဖြေး ငြိမ်းအေးခွင့်ရလာ၏။ မှန်၏၊ သူသည် ဒေါ်မေဓာဝီဇရပ်သို့ ရောက်မှ ရန်သူ့လက်မှ အပြေးအလွှား ထွက်ပြေး လွတ်မြောက်လာသလို ဟင်းချမိ အမောဖြေမိ၏။ သူ့ရင်ထဲရှိသမျှ ဟေမာန်ပန်းချီပြပွဲနေ့မှသည် ဦးရွှေဦးလဲကြသည်အထိ ဒေါ်မေဓာဝီအား သူပြောပြမိ၏။

ဒေါ်မေဓာဝီက မတိုက်ပါ၊ သူ့ကိုကြင်နာစွာကြည့်၏။ ရန်ကုန်ရောက်ကတဲက ခင်မျိုးဆက်နှင့် ဂျွန်အကြောင်းကိုလဲ ဦးကျော်မြိုင်ထံမှ သူသိရှိပြီးဖြစ်သည်။ ဦးသက်နှင့် သားများ အကြောင်းကိုလည်း သူမသိချင်အဆုံး၊ သူသည် ဦးမင်းဟန်ကဲ့သို့ ဝတ်လုံတော်ရ မဟုတ် ခေတ်ပညာ မတတ်ပါ၊ ဆရာဝန်ကြီး ဦးမင်းချိန်ကဲ့သို့ ဝိဇ္ဇာကိုယ်ကိုလည်း ဆေးမကုတတ်ပါ၊ သို့သော် မေ့ကို သူသည် ကျေးဇူးတော့ ပြန်၍ ပြုရမည်၊ သူသည် တရား မမှုရှိတော့ဦးသာတည်း၊ ဆေးကု၍ မရသော မေ့အား နေမထွက်သော နေတာနေ့အကြောင်းကို သူပြောပြလိုက်၏။



"မေ့ကိုလေ ဘာတော့ ဆရာကြီးပြောပြချင်တယ်၊ မေ့တို့မှာက ပိုက်ဆံကြေးငွေကို အသာထား၊ ဆွေအိုမျိုးအို ကြီးမား သလောက် ဇယားကွက်တွေရှုပ်တာဘဲ၊ ဆရာကြီးကတော့ သရက်ချောင်းမှာကတည်းက မင်းတို့မိသားစုနဲ့ အတူနေလာတော့ ဆွေစုမျိုးစု ပြဿနာကို အကုန်သိရတာဘဲ၊ ဒါတွေကတော့ ပြန်ပြောနေလဲ မဆန်းတော့ပါဘူး"

ဒေါ်ခင်မေဆက်သည် ဖြေးညှင်းစွာ ခေါင်းငြိမ့်၍ပြ၏။

"တခါတလေ တမြယာကဲ့ကဲ အပြုအမူဟာအမှားကို ထိခိုက်တာပါဘဲ၊ တမင်လုပ်ကြတာလဲ မဟုတ်ပေဘူး၊ မေ့လက်ထက်ကျမှကွက်ပြီး ဖြစ်ကြတာမဟုတ်ပါဘူး၊ ဆရာကြီးက ပြောချင်တာက ဘုရားပွင့်တော်မမူမီကလဲ ဒီလိုဖြစ်ခဲ့ကြတာဘဲ၊ ဒေဝီလရသေ့ဆိုတာမကြားဘူးမှာပါ၊ ဗာရာဏသီပြည်မှာ မင်းတပါး အုပ်စိုးနေတုန်း ဒေဝီလရသေ့ကြီးက ဟိမဝန္တာတောမှာ ရှစ်လ ပတ်လုံး အနေကြာတော့ ဗာရာဏသီမြို့တော်မှာ ချဉ်ဆား အဟာရလိုအပ်ထာကို သုံးဆောင်မှီဝဲလိုလို့ ကြွရောက်လာတယ်၊ မြို့တော်တံခါးဝရောက်တော့ သူသိတင်းသုံးဖို့ နေရာအရပ်လိုလို့ မြို့ပြင်မှာကစားနေတဲ့ ကလေးတွေကို ရသေ့ရဟန်း ကြွလာရင် ဘယ်အရပ်မှာ တည်းခိုလဲလို့မေးတော့ ကလေးတွေက အိုးထိန်းသည်ဆောက်ထားတဲ့ ဇရပ်ကို ညွှန်လိုက်ကြတယ်၊ အိုးထိန်းသည်သိမှာ ခွင့်ပန်ပြီး ဒေဝီလရသေ့က ဇရပ်မှာ တည်းခိုနေတယ်။

အဲဒီအချိန်မှာဘဲ နာရဒဆိုတဲ့ ရသေ့ကြီးကလဲ အိုးထိန်းသည်သိ ရောက်လာပြီး ဝန်မလေးရင် သူ့ကို ဒီညတညတာ အတွက် ဇရပ်မှာတည်းခိုအိပ်စက်ဖို့ ခွင့်ပန်တယ်၊အိုးထိန်းသည် ဇရပ်ကလဲ ကျယ်ပါ့ပျတော့ အရှင်ဘုရား ပထမရောက်နေတဲ့ ဒေဝီလ ရသေ့ကြီးကဲ ခွင့်ပြုရင်ဖြင့် တပည့်တော်ဇရပ်မှာ တည်းခိုနိုင်ပါတယ်၊

www.burmeseclassic.com



စာပည့်တော်အတွက် ဝန်မလေးပါဘူးလို့ ပြောလိုက်တယ်၊ တာနဲ့ နာရဒရသေ့ဟာ ဒေဝီလရသေ့ကို ခွင့်ပန်ပြီး တည်းခိုတယ်။

ညချမ်းအချိန်ရောက်လို့ အိပ်စက်ကျတော့ ဇရပ်မှာ မီးက မရှိဘူး၊ ဒီတော့ နာရဒရသေ့က ညလယ်ရောက်လို့ အပြင်တပေါ့ တပါးသွားရင် လွယ်အောင် ဇရပ်ရဲ့ ဝင်ပေါက် ထွက်ပေါက်က အစ ဒေဝီလရသေ့ကြီးဘယ်နေရာမှာ အိပ်စက်တယ် ဆိုတာပါ အသေအခြာ အမှတ်အသားပြုပြီး ကျိန်းစက်တယ်၊ လူမပြောနဲ့ ရသေ့တောင်မှ ဒေဝီလရသေ့ကြီးက ကပ်သီးကပ်သတ်ဘဲ၊ နာရဒရသေ့ကြီး အိပ်ပျော်ချိန်သောက်လဲ ရောက်ရော ပထမအိပ်နေတဲ့ နေရာက ထလာပြီးဇရပ်တံခါးဝမှာ ကန့်လန့်ကြီးလုပ်ပြီး အိပ်နေလိုက်တယ်။

ညလယ်ရောက်တော့ နာရဒရသေ့ကြီးဟာ တရေးနိုးအပြင် ထွက်လိုလို့ တံခါးမကြီးရှိရာ ရှောက်အလာမှာ ဇရပ်တံခါးဝ ကန့်လန့်ကြီးအိပ်နေတဲ့ ဒေဝီလရသေ့ကြီးရဲ့ ဆံကျစ်ဦးဇွန်းကို နင်းမိတယ်၊ ဒေဝီလရသေ့က ငါ့ရဲ့ဆံပင်လည်ပင်းတွေကို နင်းတာ ဘယ်သူလဲဆိုတော့ နာရဒရသေ့က တောင်းပန်တယ်၊ ခွင့်လွှတ်ပါဘုရား...သူမသိလို့ မှောင်မိုက်ထဲမှာ နင်းမိပါတယ်လို့ အကြိမ်ကြိမ်တောင်းပန်ပြီး အပြင်ထွက်သွားတယ်။

ဒေဝီလရသေ့က တမင်ကို အပြစ်ရှာချင်တော့ ပထမအိပ်သလို မဟုတ်ဘဲ၊ ခေါင်းရင်းနဲ့ ခြေရင်း ပြောင်းပြန်ထားပြီးအိပ်ပြန်ရော၊ နာရဒရသေ့ကြီးက ဇရပ်ထဲပြန်ဝင်လာတော့ "ငါထွက်လာတုန်းက တံခါးဘက်ကလာလို့ ဆရာဒေဝီလ ရသေ့ကြီး ခေါင်းကို နင်းမိတယ်ပေါ့၊ အခုအဝင်မှာတော့ ခြေရင်းကသွားပါတော့မယ်ဆိုပြီး အထွက်တုန်းက မှတ်သားထားတဲ့အတိုင်း ပြန်ပြီး ဇရပ်ထဲဝင်လိုက်တာ ပြောင်းပြန် ပြောင်းအိပ်တဲ့ ဒေဝီလရသေ့ရဲ့ လည်ပင်းနင်းမိပြန်ရော၊ တခါထဲ ဒေဝီလရသေ့ကြီးက ကျိန်ဆဲတယ်၊ ငါ့ရဲ့လည်ပင်းတွေ ခေါင်းတွေ တက်နင်းတဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့ဟာ နေဝန်း ထွက်ပေါ်လာတဲ့ တပြိုင်နက် ခေါင်းကို မီးကြီးပြင်ပြီး ခုနစ်စိတ် ခုနစ်မြွာကွဲပါစေပေါ့၊ နာရဒရသေ့ကြီးကလဲ သူ့ကိုမကျိန်ဆဲပါနဲ့ ခွင့်လွှတ်တော်မူပါ၊ သူဟာ တမင်စော်ကားတာလဲ မဟုတ်ဘူး၊ မတော်တဆ ဖြစ်တာပါ၊ ပြောလဲမရ တောင်းပန်လဲ မရဘူး။

နောက်ဆုံးတော့ နာရဒရသေ့ကြီးက ပြန်ပြီး ကျိန်ဆိုလိုက်တယ်၊ သူဟာ တမင်ကောက်ကျစ်စဉ်းလဲစိတ်နဲ့ ဒေဝီလ ရသေ့ရဲ့ ဆံကျစ်ဦးဇွန်း လည်ပင်းတို့ကို နင်းမိခြင်း မဟုတ်ပါဘူးတဲ့၊ အမှောင်မတော် အဆင်မသင့်လို့ ဖြစ်ရတဲ့ ကိစ္စမှာ တကယ် အပြစ်ရှိတဲ့ သူမှာသာ ဆရာဒေဝီလ ရသေ့ကြီး ကျိန်ဆဲသလို အရှေ့ဘက်က အရုဏ်တက်သာချိန် နေဝန်း ရောင်ခြည်ကို မြင်တဲ့ တပြိုင်နက် ဦးခေါင်းကို မီးကြီးခပြီး ခုနစ်မြွာကွဲတဲ့ ဒဏ်ကိုခံရပါစေ၊ အပြစ်မရှိတဲ့သူ မခံပါရစေနဲ့လို့ ဆိုလိုက်တယ်။

နာရဒရသေ့ကြီးက သူ့နေရာသူပြန်လာပြီး ဆင်ခြင်မိတယ်၊ သူဟာ အင်မတန်တန်ခိုးကြီးလေတော့ အတိတ်ဘဝက ကမ္ဘာလေးဆယ်ကိုလဲ ပြန်ပြီးမြင်နိုင်တယ်၊ လာလတံ့ ကမ္ဘာလေးဆယ်မှာဖြစ်ပျက်မဲ့အနာဂတ်ကိုလဲဆင်ခြင်လိုက်ရင် မြင်နိုင်တယ်၊ ဒီတော့ ဆရာဒေဝီလရသေ့ကြီးရဲ့ ကျိန်စာဟာ ဘယ်သူ့အပေါ် ကျရောက်မလဲလို့ သူ့ရဲ့ တန်ခိုးနဲ့ ဆင်ခြင်ကြည့်တော့ ကျိန်ဆိုသူ ဒေဝီလရသေ့ကြီးမှာဘဲ အပြစ်ကျရောက်မှာကို မြင်တယ်။

နာရဒရသေ့ကြီးဟာ မဟာကရုဏာ မေတ္တာရှင်ဖြစ်တော့ ဒေဝီလရသေ့ကြီးဟာ သူ့အပြစ်ဒဏ် သူခံရမယ် ဆိုသော်လဲ ဒေဝီလရသေ့ကြီးကို ပြင်းစွာ သနားတော်မူတယ်၊ ခက်တော့

www.burmeseclassic.com

www.burmeseclassic.com



တာတဲ့၊ နေအရှက်တက်လာရင်ဖြင့် ဒေဝီလရသေ့ကြီး မိုးကြိုးခပြီး ဦးခေါင်း ခုနစ်စိတ်ကွဲတော့မယ်၊ ဒီတော့ ငါ့တန်ခိုးနဲ့ ငါ တတ်နိုင်သလောက် ကယ်အုံးမှတဲ့လို့ ဆင်ခြင်ပြီး နံနက်နေအရှက် မတက်အောင် သူ့တန်ခိုးနဲ့ နေမင်းကို တားထားတယ်၊ တန်ခိုးကြီးမားတဲ့ အရှင်ဖြစ်လေတော့ နေဝန်းကို မတက်လာအောင်လဲ သူစွမ်းနိုင်တာပေါ့။

တကတဲ အရှက်တက်ချိန်မှာ နေရောင်ကို မမြင်ရလေတော့ ဘယ်သူမှလဲ အလုပ်လုပ်လို့မဖြစ်၊ နေမထွက်တဲ့နေ့ကြီးဖြစ်ပြီး ဗာရာဏသီပြည်ကြီး မှောင်အတိကျနေတာပေါ့။ တိုင်းသူပြည်သားတွေက နန်းတော်ကိုဝိုင်းပြီး ဖြည့်ရှင်ဘုရင်မင်းမြတ်ကို တိုင်တယ်ကြတာပေါ့၊ ဘုရင်ဆိုတာ အဲသက်ဦးဆံပိုင်ဆိုပေမင့် တာဝန်ရှိတယ်၊ သူဟာ အုပ်ချုပ်ဖို့ တာဝန် ယူထားတာကိုး...။

"သည်းခံပါ တိုင်းသူပြည်သားတို့... အင်မတန် ထူးဆန်းအံ့ဩဘွယ်ကောင်းတဲ့ နေအရှက်လာချိန်မှာ မလာတဲ့အဖြစ်ဟာ ငါ အုပ်ချုပ်ချိန်မှဖြစ်ရတာကို ငါ့တာဝန်မကင်းပေဘူး၊ ဇစ်မြစ်ကို အတိအကျ လေ့လာသုံးသပ်ပါမယ်" ဆိုပြီး တောင်းပန်တယ်၊ အမှန်ကိုအမှန်အတိုင်း ရင်ဆိုင်ပါမယ်ပေါ့....၊ ပထမ ငါ့တာဝန် မင်းကျင့်တရားများပျက်ပြားသလားလို့ ဆင်ခြင်တော့လဲ သူဟာ ဖြီးခဲ့တဲ့အချိန်မှာ မင်းကျင့်တရားနဲ့အညီ အုပ်စိုးခဲ့တာကို ဆင်ခြင်မိတယ်၊ ဒီလိုကိစ္စမျိုးဟာ အခါတရ တန်ခိုးကြီး ရသေ့ရဟန်းတို့ ဝိဝါဒကွဲပြားတဲ့ အခြင်းအခုံကြောင့် ဖြစ်တတ်တယ်၊ ဒီတော့ ငါ့တိုင်းတော်ပြည်တော်မှာ အရပ်တပါးကကြွလာတဲ့ ဧည့်သည် ရသေ့ရဟန်းများရှိသလားလို့ မှူးမတ်တွေစေလွှတ်ပြီး စုံစမ်း ခိုင်းတယ်။ အိုးထိန်းသည်ဇရပ်မှာ ဒေဝီလရသေ့နဲ့ နာရဒရသေ့တို့ တည်းခိုနေကြကြောင်းတွေ့ပါတယ်လို့ မှူးမတ်တွေက လျှောက်



ထားတယ်၊ ဘုရင်ကြီးဟာမီး ရှူးမီးတိုင်တွေထွန်းညှိပြီး အကြောင်း ဘယ်လိုဖြစ်တယ်ဆိုတာ သိရအောင် အိုးထိန်းသည်ဇရပ်ကို ကြွသွားကြတယ်၊ ဟိုရောက်တော့ နာရဒရသေ့ကြီးကအဖြစ်အပျက် အလုံးစုံကို ပြောပြတယ်။

"မင်းကြီး.... နေအရှက်တက်လာရင်ဖြင့် ဒေဝီလရသေ့ကြီး ခေါင်းခုနစ်စိတ်ကွဲပါလိမ့်မယ်၊ တာကြောင့် သူဟာ နေမင်းကို တားထားတာကြောင့် ဗာရာဏသီပြည်အလုံး မှောင်အတိကျ နေတာပါလို့ ပြောသတဲ့"

ဘုရင်ကြီးအဖို့ကလဲ အမှုအကျင့် ကောက်ကျစ်စဉ်းလဲတာက ဒေဝီလရသေ့၊ သူ့ကို မသေစေချင်တာနဲ့ ဒီလိုသာနေရရင်လဲ တိုင်းသူပြည်သားအဖို့ အလုပ်မလုပ်ရတော့၊ ဝမ်းစာမရှာရတော့ ဒုက္ခမကြီးပေဘူးလား။ ဒီတော့.... တိုင်းသူပြည်သား မျက်နှာ ကြည့်ရမလား ... ဒေဝီလရသေ့စဉ်းလဲ၍ အသက်ကိုတဲ့ ကယ်ရမ လား... စဉ်းစားစရာပြဿနာပေါ်လာတော့ ရှင်ဘုရင်ပီပီ ရဲရင့် စွာဘဲ ဒီနေရာမှာ ဆုံးဖြတ်ရမှာပေါ့။ တာကြောင့် နာရဒ ရသေ့ ကြီးကိုတဲ့ ဒီပြဿနာဖြေရှင်းပေးဖို့ တောင်းပန်တယ်။

နာရဒရသေ့ကြီးက ပြောတယ်၊ "အပြစ်မဲ့သူကိုကျိန်ဆဲမိခြင်း ဟာဖြင့် မှားတဲ့အကြောင်း၊ သူ့ကိုခွင့်လွှတ်ဖို့ ဒေဝီလရသေ့ကြီး ကတောင်းပန်ပါစေ၊ သူကတော့ အစဉ်ခွင့်လွှတ်သော်သဲ ဝစီကံ မြောက် ဒေဝီလရသေ့ကြီးရဲ့ကျိန်စာဟာ သူ့ကိုသင့်မှာမို့ အပြစ် ရှိကြောင်းဝန်ချတောင်းပန်ပါစေဆိုတော့ ဆိုနိုင်ခက်ခဲတဲ့ဒေဝီလ ရသေ့က ဘုရင်ကိုယ်တိုင်ပြောလဲ မရဘူး၊ တိုင်းသူပြည်သားတွေ ပြောလဲသူ့အမှား သူဝန်မချဘူး၊ သူ့ကျိန်စာကိုလဲသူ ပြန်မရုပ် သိမ်းဘူး။

www.burmeseclassic.com

www.burmeseclassic.com

ကဲ....ဒီတော့ ဘုရင်ကြီးက နာရဒရသေ့ကြီးကဲ့သို့ မေတ္တာ ရပ်ခံနေလို့လဲ မဖြစ်တော့ဘူးဆိုပြီး....

"အရှင်နာရဒရသေ့.... မေတ္တာရပ်ခံနေလို့တော့ မဖြစ်ဘူး ဆက်လက်ပြီး ဘယ်လိုလုပ်ရမလဲ" လို့ မေးခဲ့တာပေါ့။ နောက်ဆုံးတော့ နားချမရတဲ့ ဒေဝီလရသေ့ကို ဘုရင့်အာဏာသားတွေဟာ ဇက်ကိုချုပ် ခေါင်းကိုနှိမ်ပြီး နာရဒရသေ့ကြီး ခြေဖမိုးကို ဦးနှိမ်ခိုင်းခဲ့တယ်။ နာရဒရသေ့ကြီးက ခွင့်လွှတ်တယ်၊ သည်းခံ တော်မူတယ်။ ဒါပေမင့် သူ့ကျိန်စာကတော့ သူ့မှာ မလွှတ် တာကိုမြင်တော့ ဒေဝီလရသေ့ကြီးကို သူကမှာတယ်။

"အရှင်ဒေဝီလ ဆရာရသေ့ကြီး .. ယခုမင်းချင်းတို့ဟာ သင့်ကို ရေအိုင်မှာ လည်ပင်းထိထားပြီး ခေါင်းပေါ်မှာမြေစိုင်ခဲတွေတင် ထားလိမ့်မယ်၊ ကျွန်ုပ်ဟာ ကျွန်ုပ်၏တန်ခိုးဖြင့် နေဝန်းတက်စေ မယ်၊ ကောင်းကင်မှာ နေအရုဏ်အစကိုမြင်ရုံနဲ့ ရေအောက်ကိုငုတ် လျှိုးပြီး အရပ်တပါးကို သွားပါတော့လို့" ပြောလိုက်တယ်။ မင်းချင်းတွေဟာ ဒေဝီလရသေ့ကြီးကို ရေကန် ခေါ်သွားပြီး နာရဒရသေ့ကြီးပြောသလို လုပ်ကြရတာပေါ့၊ နာရဒရသေ့ကြီး က တန်ခိုးနဲ့ဖြေပြီး နေအရုဏ်ကိုလဲလွှတ်ရော မိုးကြိုးဟာ ဒေဝီလ ရသေ့ရဲ့ခေါင်းပေါ်ကမြေစိုင်ကို ခုနစ်မွှာကွဲစေတယ်တဲ့"

"ဒီဇာတ်တော်ဟာ မေတို့လို တက္ကသိုလ် ဆရာမကြီးတွေကို အထူးပြောပြဖို့မလိုပါဘူး၊ အလွန်ရိုးသားပြီး ဓမ္မပဒဇာတ်တော် မှာပါပြီးသားဘဲ၊ ဒါပေမင့် အဓိပ္ပာယ်အလွန်ကျယ်ပြီး ဆင်ခြင် ရင် ဆင်ခြင်နိုင်သ၍ လိုတဲ့ဘက်တွေးယူပြီး သင်ခန်းစာယူရာ... စိတ်ဖြေစရာ ကောင်းပါတယ်ကွယ်"



မေသည် စကားတလုံးမှ ပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေမြဲနေ၏။ ဒေါ်မေဓာဝီကတော့ သူ့တရားသူ ဆက်ဟော၏။

"နေအရုဏ်မလာရင် တိုင်းသူပြည်သားတွေ အလုပ်မလုပ်နိုင် ဘဲ ဒုက္ခရောက်ပါစေသဘောနဲ့လဲ နာရဒရသေ့ကြီးကလဲ လုပ်တာ မဟုတ်ပေဘူး။ သို့သော်...အကြောင်းကံဆုံးလာတော့ ဒေဝီလ ရသေ့တပါး ကောက်ကျစ်စဉ်းလဲလိုက်တာ ဗာရာဏသီပြည် အလုံးမှာ နေ့တနေ့ မှောင်အတိကျရပေတယ်"

သူတယောက်အပြစ်ဟာ မဆိုင်မဆိုင် တတိုင်းပြည်လုံး လုပ် စားကိုင်စားမရအောင် ဒုက္ခဆိုက်လာရတယ်၊ ဒါဟာ ဒါမေတို့ တွေးရင်ပေါ့။

အခု...မေတို့ မိသားစုတွေ ဆောင် [illegible] ဖြစ်တဲ့ ကိစ္စမှာ ဆရာကြီး တနေ့စ်ရှင်းပြမယ်၊ ဦးရွှေဦးနဲ့ ဖြစ်ကြတဲ့ကိစ္စကို အရင် စဉ်းစား၊ သတ္တဝါဆိုတာ ကံစီမံရာကိုခံရတယ်၊ ကံဆိုတာ ကမ္မ ပြုလုပ်ခြင်းကလာတယ်၊ အဲဒီကံဟာ အတိတ်ကံရယ်...ပစ္စုပ္ပန် ကံရယ် နှစ်မျိုးရှိတယ်၊ အတိတ်ကံကြောင့် ဦးရွှေဦး အလွန် ကောင်းပါပေတယ်၊ သတ္တုတွင်းသူဌေးကြီး ဦးရွှေလင်းရဲ့သား ချမ်းသာလိုက်ကြတာ မိဘအမွေအနှစ်တွေနဲ့ကားစီးတာတောင် အဖေကတစီး၊ သားကတစီး၊ သမီးနဲ့သူ့နှမခေါ်ကြည်သင်း စီးဖို့ ကကားတစီး၊ နေရတဲ့တိုက်အိမ်ကြီးက ကျယ်ဝန်းခန့်ညားလိုက် တာ မပြောနဲ့တော့၊ ဟော . ပစ္စုပ္ပန်ကံမှာ အယူအဆ ကောက် ချက်လွဲမှားပြီး ဘယ်သူနဲ့မှ မတူဘူးတဲ့၊ သူကိုယ်သူ ဘဝင်မြင့် ရောဂါ ခေါ်ရမှာပေါ့ စွဲလာတယ်၊ ခင်မျိုးဆိုက်လို ချွေးမ သူတော်ကောင်း ရလာပေမင့်လဲ တရားဝင်ချွေးမရယ်လို့ အသိ အမှတ် မပြုဘူး၊ ဒီချွေးမလက်နဲ့ ထိတဲ့ ထမင်းဟင်း ပန်းကန်

www.burmeseclassic.com

 www.burmeseclassic.com

ခွက်ရောက်တောင် မထိနိုင်အောင်ဖြစ်ရတယ်။ သူ့မိန်းမကရော သူ့နှမကရော ဝိုင်းပြီး ရေမြေလို သူတော်ကောင်း မလေးကို အိမ်မှာကိုမနေနိုင်အောင် လုပ်ကြတယ်။ ဒါ...သူတို့ရဲ့ ဝဋ်ပြန် ကို ခေါ်တယ်။ ခင်မျိုးဆက်ဟာ သည်းခံပြီး ဒီအိမ်ကြီးက ထွက်သွားပါတယ်။ ဒါပေမင့် သူတို့ရဲ့ မျက်မှောက်အပြုအမူက ခုဏ ဒေဝီလ ရသေ့ကြီး သူ့ကိုနိစာသူပြန်သင့်သလို ဦးရွှေဦးမှာလဲ သူ့သမီးတင်မာလာဟာ ရေတွင်းထဲခုန်ချပြီး သူ့ကိုယ်သူ သတ်သေတဲ့အထိ မလှမပဇာတ်လမ်းက ဖြစ်ရတယ် ဟုတ်လား”

“ရှင်းပါတယ်ဘုရား”

“ဒုတိယ .. ရင်ထဲ မပြေနိုင်အောင်ဖြစ်ရတဲ့ ဟော်မာန် ပန်းချီပြပွဲကိစ္စ၊ မေ့က ဦးရွှေသင်းဆိုတဲ့ ပန်းချီဆရာအိုကြီးကို ပွဲထုတ်ချင်လို့ ပန်းချီပြိုင်ပွဲဝင်နိုင်အောင် ငွေရင်းငွေနှီးကအစ ထုတ်ပေးပြီး ဝင်ပြိုင်စေတယ်၊ တိုတိုပြောရရင် မေ့ကြောင့် ဒီဆရာကြီး ဦးရွှေသင်း ပထမဆုရတဲ့အပြင်၊ ဒီပန်းချီကားချောင်းရငွေလဲ သူရတယ်၊ အခုမတန် လက်ရာ ကောင်းတဲ့ ပန်းချီဆရာဟောင်းကြီးတဦးပါလားလို့ တိုင်းပြည်က ပြန်လည် အသိအမှတ်ပြုရတယ်၊ ဒါဟာ မေလုပ်တာ မေ့ကုသိုလ်”

“ကဲ...ဆရာဝန်ကြီး ဦးမင်းချိန်အနေနဲ့ တက္ကသိုလ် ပန်းချီအနုပညာအသင်းမှာ ဆုရှင်တွေ လိုက်လံ အလှူခံတော့ သူက သူ့ဖာသာ ပထမဆုဖလားကို ဦးရွှေဦးဆီက အလှူခံလာတာ ပန်းချီပြပွဲမှာ ပထမဆုဘယ်သူရမယ်လို့ ဘယ်သူမှမသိ။ သုံးဦးသုံးဖလှယ် ဆုပေးပွဲစင်ပေါ်ရောက်မှ ဦးရွှေဦးဟာ သူ့ရောဂါအခံနဲ့ သူ့ဟာသူ လဲကျသွားရတယ်၊ ခုလဲ သူ့ရောဂါသူခံရတာပါ။ ခုဏ ဓမ္မပဒ ဇာတ်တော်ကြီးလိုပေါ့၊ နာရဒ ရသေ့ကြီးက တိုင်းသူပြည်သားဒုက္ခရောက်ပါစေ၊ ရှင်ဘုရင်ကြီးကသိကအောင့်



ဖြစ်ပါစေဆိုတဲ့ မကောင်းတဲ့စိတ် လုံးလုံးမပါ၊ ဒီအချိန် ဒီအခါမှာ ဒီလိုလာတိုက်ဆိုင်ကြရတာ ဘယ်သူမှ တမင်ဖန်တီးယူရတဲ့ အဖြစ်မဟုတ်ပါဘူး၊ မေ့လိုသာ တသသနဲ့ ယူကြုံးမရသာဖြစ်နေရင်ဖြင့် ပြီးပါရော၊ လောကမှာ ကိုယ်ဖန်တီးလို့ မရနိုင်တဲ့ အဖြစ်တွေ အများကြီးပါ။ ဝတ်လုံတော်ရ မောင်မင်းဟန်ကလဲ မေ့များ တစုံတရာ ပယောဂပါလေသလားရယ်လို့ ကောင်းတဲ့စိတ်နဲ့ သတိပေးတာပါကွယ်၊ ဒါကို တသသနဲ့ ရင်ထဲမှာ မထားနဲ့တော့”

ဒေါ်ခင်မေဆက်သည် စိတ်တွင် ပေါ့ပါး သွားဟန် ရှိ၏။ သူသည် ပေါ့ပါးစွာ အသက်ရှူလိုက်၏။

“မြန်မာစကားတွေဟာ တယ်ပြီးအဓိပ္ပာယ်သွဲ့တယ် ဆန်းလှဆန်းကျယ်တယ်၊ တခါတလေ အမှတ်တမဲ့ပြောကြတာတွေ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ပာနဂိုကနွားမ ခေါင်ကျိုးရသတဲ့၊ ဘာဆိုင်လို့လဲ၊ ဟုတ်တော့ဟုတ်တာပဲ တိုက်ဆိုင်ခြင်းတဲ့အဖြစ်ကိုး၊ သို့သော် စမ္ပာနဂိုက နွားမမှာတော့ သူ့အကြောင်းရင်း အတိတ်ကံရှိမှာပေါ့၊ ဘုရားသခင်လက်ထက်တုန်းက အိမ်တအိမ်မှာ မီးလောင်တယ်၊ မီးလောင်ရာလေပင့်ဆိုသလို လေရှိန်နဲ့ မီးလောင်တဲ့အိမ်က ကောက်ရိုးနဲ့လုပ်ထားတဲ့ ကရွတ်က မီးတွေလောင်ပြီး ကောင်းကင်ပြန်တက်လာတယ်၊ ကျီးတကောင်ကလဲ သူ့ဖာသာသူ အစာရှာပြီး ကောင်းကင်က ပြန်လာ တယ်၊ အတိတ်ကံဆိုတဲ့ ကမ္မဝဇရ အကုသိုလ်က ကျီးမှာ ဖြတ်ခိုနေတန်လာတော့ ကျီးလည်ပင်းကို မီးလောင်နေတဲ့ကောက်ရိုးကရွတ်စွတ်ပြီး ကျီး သေရတယ် မေရဲ့။ ဘယ်လောက် သွား ကမ္မ ကောက်ရိုးကရွတ်ကြီးကိုင်ပြီး ကျီးလည်ပင်းကို စောင့်ပြီး စွတ်

www.burmeseclassic.com

www.burmeseclassic.com

မေးတာမှ မဟုတ်တဲ့" ဒေါ်မေဓာဝီက အရွှန်း ဖောက် လိုက်တော့မှ မေသည် ပြုံးရယ်ဖော်ရလာတော့သည်။

"ကဲ .. တခါ မေတို့ ဆွေစမျိုးစုမှာ မေ့ရဲ့အဖေ ဦးဆက်နဲ့ သူ့ညီ ကိုသက်ကိစ္စ၊ မေ့ရဲ့ ဦးလေးသက်ကိစ္စ ဆိုပါတော့။ ညီအကိုနှစ်ယောက်လုံး အတိတ်ကံကောင်းတယ်၊ ဦးထွန်းဦး ဒေါ်သာလို မြေပိုင်ရှင့်တွေက မွေးကြတယ်၊ အမွေခွဲတော့လဲ ညီအကိုနှစ်ယောက် အညီအမျှဘဲ၊ ကိုလေးသက်ကတော့ သူ့ကစက်ဝါသနာပါတော့ သူ့သဘောအလျောက် ဆန်စက်ကို ယူတယ်၊ ကိုကြီးဆက်ကို လယ်တွေ ပေးတယ်၊ ဟော....ပစ္စုပ္ပန်ကံဆိုတဲ့ မျက်မှောက် အပြုအမူ အလယ်အကိုင်မှာ ကိုကြီးဆက်က ကျိုးစားတယ်၊ အတိတ်က အကုသိုလ်ကံ ဖြတ်ချိန်တလွဲ လယ်တွေ ရေမြုပ် ပိုးကျ မျိုးစုံဖြစ်ချိန်မှာတောင် ကိုကြီးဆက်ရဲ့ လုံ့လဝီရိယကြောင့် ဖရိုဖရဲ ဆိုတဲ့မဖြစ်လိုက်ရဘူး၊ ကိုကြီးဆက်တို့ ဆင်းရဲသွားပါတယ်လို့ အပြင်ပတ်ဝန်းကျင်ကတောင် မသိလိုက်ရဘူး၊ ဒေး...ကိုလေးသက်ကြတော့ အကျိုးမပေးတာမှ မဟုတ်ဘဲ၊ ခုခေတ်ရောက်တောင် လိုင်စင်လုပ်တဲ့ ခေတ်ကောင်းမှုပြီး မြောင်းမြကိုသက်ဆို ရန်ကုန်အနောက်ပိုင်းမှာ နာမယ်ကြီး စာရင်းဝင် သူဌေးတယောက်ဘဲ၊ သူ့ရဲ့ ပစ္စုပ္ပန်ကံ ခေါ်ရမယ့် ထင်တာလုပ် အကျင့်ပျက်တော့ ခုထိ အိမ်ခြေရာခြေ မတည်ဖြစ်နေရတယ်။ မေချစ်ပါတယ်ဆိုတဲ့ မောင်လေးများဖြစ်တဲ့ မောင်လူမွေးရော မောင်လူကျေးရော ဒီ-ကိုလေးသက်ဇနီး တင်မြသွင် ဝမ်းထဲ လာဝင်စားရတယ်၊ ကဲ...အံ့ဩစရာ မကောင်းပေဘူးလား၊ ကလေးနှစ်ယောက်မှာ သူတို့တယောက်အပြုအမူကြောင့် လူစဉ်မမှီဖြစ်ရတယ်၊ ဘေးကလူတွေ ဘယ်လိုဘဲကယ်တင်လိုချင်ပေမင့် ကလေးတွေကံကလဲ နှဲ့ပေတာကိုး။ ကဲ....သဘောပေါက်ပြီလား၊ အဲဖြစ်နိုင်ဆုံး ဆရာကြီးပြောချင်တာကတော့ မေကလဲ ဝိပဿနာတရား အားမထုတ်ရသေးတော့ ဝိပဿနာ ဆင်ခြင်ပုံ ဆင်ခြင်နည်းကို ဆရာကြီးပြောမပြသေးဘူး၊ လောလောဆယ် မေ မျက်စိနဲ့ နေ့စဉ်နဲ့အမျှ ဦးရွှေဦး တိုက်ကြီး မြင်လို့ဖြစ်ရတဲ့ သောက ဒေါ်မနဿစိတ်၊ မေလက်ရှိနေတဲ့ အိမ်ကြီးမှာနေရင်း ဘယ်လိုနေရာဖြစ်ဖြစ် ခြေရာလက်ရာနဲ့ ဒီအိမ်ကြီးမှာ အတူနေလာခဲ့တဲ့ ချစ်သူ၊ မိဘ၊ အမများနဲ့ ကွေကွင်းရလို့ ဖြစ်ရတဲ့ သောကများလာချင် မေ တခြားအိမ်တအိမ်ကို ခေတ္တ ပြောင်းနေလိုက်တာကောင်းတယ်"

ဒေါ်မေဓာဝီ၏ အကြံဉာဏ်သည် ကောင်းသော အကြံဉာဏ်ပင် ဖြစ်၏။ ရွှေတံဇင် နှစ်ထပ်အိမ်ကြီးမှ ယခု ကမာရွတ်အိမ်သို့ ပြောင်းရွှေ့ဖြစ်ခြင်းမှာလည်း ဒေါ်မေဓာဝီ၏ အကြံဉာဏ် ငါးဆယ်ရာခိုင်နှုန်းလောက် ပါခဲ့ပေသည်။ မည်သို့ပင် ဆိုစေ သူ့စိတ်တွင်းဝယ် ပေါမာန်ပန်းချီပြပွဲ ပြီးကတဲက အမှောင်ရိပ် ထိုးနေသလို သုံသယတစ္ဆေသည် အမြဲဝင်ချနှောင်နေ၏။ ဒေါ်မေဓာဝီနှင့် တွေ့သောနေ့ကြကာမှ အမှောင်ရိပ်သည် တဖြေးဖြေး ကွယ်ပျောက်ကာ သူ့နှလုံးသားသည် နေခြည်အောက်တွင် ပြန်လည် လန်းဆတ် ခဲ့ရသည်။ ထို့ကြောင့် သူသည် ဒေါ်မေဓာဝီအား သရုက်ချောင်းရှိရာ ပြန်လိုက်ပါသွားခြင်းမပြုသေးဘဲ မရေးမ်ကုန်း ဇရပ်တွင်ပင် ဝါကျွတ်သည်အထိနေဘို့ တောင်းပန်ခြင်းဖြစ်၏။

"အော် ...တကယ်တော့ သူ့ကိုယ်သူ ယုံကြည်စိတ် လျော့ယွင်းအားနည်းနေပါသေးသော ပုထုဇဉ်မလေး သို့မဟုတ် ဒေါ်ခင်မေဆက်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း-၈

## တခေတ်မင်းဆက်၏ နောက်ဆုံးမင်းသား

"အန်တီမေ....ဧည့်သည်တွေလာနေပါတယ်"

ဒေါ်ခင်မေဆက်သည် ကော်ဖီသောက်နေရာမှ ရပ်လိုက်၏။

"တစိမ်းဧည့်သည်တွေမဟုတ်ပါဘူး၊ ဝန်လုံတော်ရ ဦးမင်းဟန်နဲ့ ဒေါ်မြဆွေတို့ပါ၊ သူတို့ ဧည့်ခန်းမှာ ထိုင်နေကြတယ်၊ အေးအေးဆေးဆေး လာတာပါတဲ့"

ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက်အပါးလာရပ်ရင်း ပြောလိုက်၏။

"ကောက်ဖီသောက်လို့ပြီးပါပြီကွယ်.... စောစောစီးစီး ဘာကိစ္စများ အရေးကြီးလို့ပါလိမ့်"

ဒေါ်ခင်မေဆက်သည် ထိုင်ရာမှ ထလိုက်၏။ ထမင်းစားပွဲပေါ်သို့ ရှင်မင်းထွေးသည် ကြည့်ရင်း ...

"ဟင်....အန်တီမေကလဲ ... ခါတိုင်းမှ ပေါင်မုန့်နှစ်ချပ်ကုန်သေးတယ်၊ ဒီနေ့ တချပ်ထဲစားတယ်လား၊ ကြက်ဥပြုတ်လဲ မစားရသေးပါလား၊ အထွေးခွာပေးမယ်လေ"

ရှင်မင်းထွေးသည် ကြက်ဥကိုကိုင်ကာ ပြောလိုက်၏။

"မခွာနဲ့တော့ အထွေးရယ် ... ကြက်ဥကို ကျော်စားလို့ မျှားရင်ထဲတောင့်သလားလို့၊ ပြုတ်စားလဲ စားပြီးရင် မအီမလည်ကြီးဘဲ ကြက်ဥကအားရှိပေမင့် အန်တီမေ အစာအိမ်မှာကိုက ဝမ်းမီးညံ့နေတယ် ထင်ပါရဲ့ကွယ်၊ ကလေးမလေးတွေကို စားပွဲသိမ်းခိုင်းတော့ အဆင်ပြေရင် ဘကြီးဟန်တို့ကို ဒီမှာ မနက်စာကျွေးလိုက်မယ်၊ ပြီးတော့ အထွေး ဧည့်ခန်းကို လိုက်လာပေတော့"

စကားတပြောပြောနှင့် ဧည့်ခန်းကို ထွက်သွားသော ဒေါ်ခင်မေဆက်ကိုကြည့်ရင်း ရှင်မင်းထွေးသည် စိတ်မကောင်းလှပေ၊ ရွှေတံဇင် အိမ်ကြီးမှ ပြောင်းလာစက ကျန်းမာရေး အတော်ကောင်းလာသော ဒေါ်ခင်မေဆက်သည် ခုတလော အစာစားပုံမှာ ဟုတ်ဟုတ်ပက်ပက်မရှိသောကြောင့် သူသည် ဒေါ်ခင်မေဆက်၏ ကျန်းမာရေးကို အားမရသလို ဖြစ်နေမိ၏။

ဒေါ်ခင်မေဆက်သည် ဧည့်ခန်းဝတွင်ရပ်လိုက်၏၊ "အန်တီဆွေလဲ ပါလာတယ်လား၊ ဘကြီးဟန် ကိစ္စက အရေးကြီးလို့လား စောစောစီးစီး"

"အို... ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဘုရားကိုတက်ဖူးရင် မေတို့အိမ်ကို လှည့်ဝင်လာတာ၊ အန်တီဆွေက ဘာကိစ္စမှ မရှိပါဘူး၊ မင်းရဲ့ ဘကြီးဟန်ကသာ မေ့ကိုပြောစရာရှိလို့"

သူ့အနားကဆိုဖာတွင် လာရောက်ထိုင်သော ခင်မေဆက်ကို ဒေါ်မြဆွေသည် ပြောပြလိုက်၏။

"မေ...လဲလေ ရွှေတိဂုံ ဘုရားကြီးကို မဖူးရတာ ကြာပြီ၊ လှေခါးကိုလဲ မတက်နိုင်ဘူး၊ ဓာတ်လှေခါးကိုလဲ စီးရင် မူးလို့ကဲ....အေးအေးဆေးဆေးဆို မနက်စာ ဒီမှာစားပါလား၊ မေ ချက်ခိုင်းထားလိုက်မယ်"

www.burmeseclassic.com

“အေးကွယ်… ထမင်းစားတာ အသာထားပါ၊ အေးအေးဆေးဆေး တို့မျှား စကားပြောရအောင်၊ ဘကြီးဟန်လဲ မေရဲ့ကျန်းမာရေးကို အားမရပါဘူး၊ ဒါပေမင့် မပြော မဖြစ်လို့ လာပြောရတာ၊ ယောနိသော မနသိကာယ ဆိုသလို အသင့်အတင့် နှလုံးသွင်းနားထောင်ပေါ့”

ဦးမင်းဟန်ကပြောလိုက်၏။

“အသင့်အတင့် နှလုံးသွင်းဆိုပေမင့် မေ့ရဲ့ နှလုံးသားကမှ မရင့်ကျက်သေးတာ၊ ကဲ….ဆိုစမ်းပါအုံး၊ ပြဿနာ ဆိုတာက ရှောင်လို့ကွင်းလို့မလွှတ်ရင် မြန်မြန်ရင်ဆိုင်လိုက်တာအေးတယ်”

ခင်မေဆက်က ခပ်ပြုံးပြုံးပင် ပြောလိုက်၏။

“ဒီလို .. ဖြစ်နေတယ် မေ၊ ဦးမင်းချိန် ကရော ဒေါက်တာအုံးမောင်ကရော အကြံဉာဏ်ပေးလို့ မသိလို့ မဖြစ်တဲ့ကိစ္စက လွဲပြီး မေ့ကို စိတ်ညစ်ရမဲ့ကိစ္စဆိုရင် တို့မျှား ဖုံးထားပြီး ကိုယ့်ဖာသာတဲ ပြီးပြတ်အောင်လုပ်ကြတယ်၊ တချို့လဲ ရှင်မင်းထွေးကိုတဲ အသိပေးခဲ့တယ်၊ အခုကိစ္စက ဂျွန်ရဲ့ကိစ္စ၊ ဂျွန်ရဲ့ကိစ္စ ဆိုပေမင့် မေနဲ့ပတ်သက်နေလို့”

ဒေါ်ခင်မေဆက်သည် ခေါင်းငြိမ့်ကာ နားထောင်ရင်း စိတ်ဝင်စားလာ၏။

“ဂျွန်ရဲ့အဖေ ဦးရွှေဦး ကွယ်လွန်တာလဲ မေနဲ့ မပတ်သက်တော့ တို့မျှားမေ့ကို ပြောမပြ ခဲ့ဘူး၊ အဲဒါအတွက်လဲ ဒိတ်မကောင်း မဖြစ်နဲ့အုံး၊ သူ့ ရောဂါနဲ့ သူ အမှည့် ကြွေ ကြွေသွားတာ”

“အော်… အဖိုးကြီး ဆုံးသွားမှကိုး”

“အေး …သူကလဲ ချစ်ဒကွ ဦးရွှေဦးဖြစ်နေတာကြတော့တဲ ဒီလိုတဲ ပေါ့ကွယ်၊ အဘိုးကြီး ဆုံးပြီးတော့ မေကြည်သင်းလဲ



တရားကျလာပုံရတယ်၊ ပြီးတော့ အဖြစ်က ဒီလိုဖြစ်လာတယ်၊ မော်လီချွန်ဟာ ကသဲ့အပြန် ကားမှောက်ပြီး ဆုံး သွား တယ်၊ သူတို့တရားတွေ သူ့ဘာသာ စီရင်လာတာ မေ စိတ်ညစ်မနေနဲ့အုံး”

“မေ …မညစ်ပါဘူး၊ ဟိုအိမ်ကြီးက တဲ့ကြောင့် ပြောင်းလာတာ၊ သူတို့တိုက်အိမ်ကြီးကို မမြင်ရရင်၊ ဒီတိုက်အိမ်ကြီးကို မြင်လို့ ဖြစ်ရတဲ့သောက တမိ မငြိမ်းပေဘူးလား၊ မေ ကိုယ်တိုင်က ပါရမီမရင့်တော့ ကိုယ့်နည်းကိုယ့် ဟန်နဲ့ ကိုယ့်အပူမီး ကိုယ်ငြိမ်းရတယ် …မဟုတ်ဘူးလား အန်တီဆွေ”

“ဟုတ်တယ်မေရေ၊ ဘယ်သူ့နည်း ဘယ်ဝါနည်းရယ်မဟုတ်ဘူး၊ ကိုယ့် သောကမီးကို ကိုယ့်ဖာသာ ငြိမ်း ရာမှာ ငြိမ်းလို့ အေးဖို့ရာသာ ပဓာနကို” ဒေါ်မြဆွေက ထောက်ခံလိုက်၏။

“မော်လီချွန်လဲ မရှိတော့ သူတို့အားလုံးပြေပြစ်သွားတယ် ထင်တယ်၊ ဂျွန်လဲ မေကြည်သင်းနဲ့အတူ အဲဒီတိုက်အိမ်ကြီးမှာ ပြန်နေတယ်”

“အော် …သူပြန်ရောက်ပြီ”

“အေး .. တနေ့ကတော့ ဘကြီးဟန်ရဲ့ ရုံးခန်းကို ဒေါက်တာဦးမင်းချိန်ရောက်လာတယ်၊ သူတို့မှာလဲ မင်းဘိုအိမ်လိုပဲတဲ့ ဒေါက်တာဝင်းမွန်က ပင်တိုင် ဆရာဝန်အဖြစ် တာဝန်ယူထားပေမင့် အရေးကြီးတဲ့ အခြေရောက်ရောက်လာရင် ဦးမင်းချိန်နဲ့ တိုင်ပင်ကုကြတာကို”

ဧည့်ခန်းတွင်းသို့ ရှင်မင်းထွေးသည် ကော်ဖီများ ယူလာကာ ဧည့်သည်များရှေ့တွင် ချလိုက်၏။ သူသည် ဒေါ်ခင်မေဆက် မျက်နှာကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အထွေး၊ ဒီမှာဘဲ မင်းထိုင်နေနိုင်ပါကယ်ကွယ်" ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေးကို နားထောင်စေလိုကြောင်း ဆန္ဒရှိပုံရ၍ ရှင်မင်းထွေးသည် ညော့ခန်းထောင့်တွင်နေရာတွင် ဝင်ရောက်ထိုင်ကာ နားထောင်နေ၏။

"ဦးမင်းချိန်က ပြောပြတယ်၊ ဂျွန်ရဲ့ ကျန်းမာရေးကို ပြီးခဲ့တဲ့လက အမေရိကမှာသွားပြီး ပြန်လည်စစ်ဆေးတယ်၊ သူ့အသဲကင်ဆာက အလွန်ဆုံး လပိုင်းဘဲ ခံမယ်လို့ အမေရိကားက ဆရာဝန်တွေက ဆုံးဖြတ်လိုက်တယ်တဲ့၊ ဂျွန်လဲ မြန်မာပြည်ကို ပြန်လာခဲ့တယ်၊ ဦးမင်းချိန် အပါအဝင် ဒီက ဆရာဝန်တွေကလဲ ဒီလိုဘဲ ဆုံးဖြတ်ကြတယ် အသဲကျွမ်းနေတာပေါ့ကွယ်"

"သူ့အသဲကျွမ်းတာ အချစ်ကြောင့် မဟုတ်ပါဘူး ဘကြီးဟန်ရယ်၊ အရက်ကြောင့်ပါ"

မေက ပြောလိုက်၏။

"အရက်ကတော့ မပြောနဲ့တော့ သေတော့မယ့် အတူတူ ဆက်ပြီး သောက်တော့မယ်တဲ့၊ အခု အိပ်ရာပေါ်က မထနိုင်ဘူး။ အဲတာ တနေ့က ဂျွန်က ဦးမင်းချိန်ကိုပြောပြတယ်၊ သူဟာ လပိုင်းလောက်ဘဲ ဒီလောကကြီးမှာ နေရမှာမို့ သူ့ရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ပါတဲ့၊ သူ့နောက်ဆုံးဆန္ဒက "မေ့" ကို တွေ့ချင်တယ်တဲ့"

"ဘုရား–ဘုရား....မေ့ကို တွေ့ချင်တယ်" ဒေါ်မြဆွေနှင့် ရှင်မင်းထွေးပါ ဘုရားတလိုက်သော ဒေါ်ခင်မေဆက် မျက်နှာကို လှမ်း၍ ကြည့်လိုက်ကြ၏။

"ဟုတ်တယ် တွေ့ရမဲ့ ကိစ္စကလဲ အရေးကြီးသိပါတဲ့၊ အဲဒါ ဦးမင်းချိန်ကလဲ ဘကြီးဟန်ကို လာပြီး ပြောပြ အကြံဉာဏ်တောင်းရတာဘဲ၊ မေ့ရဲ့ ကျန်းမာရေး အခြေအနေကိုလဲ ဦးမင်း

www.burmeseclassic.com



ချိန် သိပါတယ်၊ ဘယ်လိုဘဲဖြစ်ဖြစ် စိတ်ကိုတင်းပြီး လူ့ပြည်မှာ ကြာကြာမနေရတော့မဲ့ လူသားတယောက်လို့ သဘောထားပြီး ဂျွန်ကို တွေ့ပါအုံးလို့ ဘကြီးဟန် မေ့ကိုတောင်းပန်တာပါ။ ခဲဒီတယောက် အနေနဲ့လဲ သဘောမထားပါနဲ့၊ ခင်မျိုးဆက်ကို ဝိုင်းနှိမ်လိုက်တဲ့ အုပ်စုမှာ တစ်တရားခံအနေနဲ့လဲ သဘောမထားပါနဲ့တော့"

ဦးမင်းဟန်သည် ဖြေးညှင်းစွာ ပြောပြ၏။ ဒေါ်ခင်မေဆက်သည် စကားပြောလုံးမှ ပြန်မပြောသေးပေ၊ ရှေ့တည့်တည့်ရှိ နံရံပေါ်တွင် ဆွဲချိတ်ထားသော သူတို့ညီအမ်ဓာတ်ပုံကိုကြည့်လိုက်၏။ ပြီးတော့ ညာဘက် နံရံပေါ်ရှိ ပန်းပွင့် နှစ်ပွင့် ပါသော ပန်းချီကားကို ကြည့်လိုက်၏၊ သူ့ မျက်လုံးတွင် မျက်ရည်များ ဝိုင်းလာ၏။

"သူများရင်ညွန့်ကသွေးတွေကို ဖောက်ပြီး သောက်လာခဲ့တဲ့ တစ္ဆေမင်းဆက်တွေ ဒီအုတ်တိုက်ကြီးမှာ ရှိနေသေး သနော် ... ဂျွန် သွေးစုတ် တစ္ဆေမင်းသား"

ဒေါ်ခင်မေဆက်သည် အသံမှန်နှင့်ပင် ရွတ်ဆိုလိုက်၏။

"တစ္ဆေမင်းဆက်ရဲ့ နောက်ဆုံးမင်းသား၊ အဲဒီမင်းသားရဲ့ နောက်ဆုံးတချိန် ဆန္ဒကိုတော့ မေ....သဘောထားကြီးကြီး ထားပြီး ဖြည့်လိုက်ပါကွယ်၊ ဂျွန်ကို လူသားတယောက်လိုဘဲ သဘောထားပါ...၊ လူသားစင်စစ်က တစ္ဆေဖြစ်ကြတယ်လို့ဘဲ ဆိုဆို....ဒီလိုမထားနိုင်ဘူး ဘကြီးဟန်ရဲ့ လို့ ဆိုလဲ... မေ သဘောထားချင်သလိုဘဲထားပါတော့၊ ဒါပေမင့် အဲဒီတစ္ဆေဟာ နောက်ဆုံးတချိန် မေနဲ့တွေ့ရလို့ အကျုတ်တရားရ ဘဝကူး ကောင်းသွားတယ်ဆိုရင် မေ့ကုသိုလ်အင်မတန်ကြီးပါတယ်၊ မေ...အထပ်ထပ်စဉ်းစားပါ၊ ဘကြီးဟန်လဲ ရွှေတိဂုံဘုရားမှာ ဒီနေ့တက်ပြီး ရှိခိုးရင်း ဆုတောင်းပါတယ်၊ မေနဲ့ ဂျွန်တွေ့ဖို့ တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်မဲ့ကိစ္စ အောင်မြင်ပါစေလို့ အထူး ဆုတောင်းခဲ့ပါတယ် မေရယ်”

ဦးမင်းဟန်၏ ဝတ်လုံသံမပါ၊ ဂရုဏာဒေါသ မေတ္တာသံပါသော တောင်းပန်တိုးလျှိုးသော စကားလုံးများသည် ဧည့်ခန်းတစ်ခုလုံးတွင် ဝဲပျံ၍ နေ၏။

“မေ့ကိုလေ စဉ်းစားဖို့ အချိန်ပေးပါဦး”

ဒေါ်ခင်မေဆက်က သူ့စိတ်ကို သူမနိုင်သေးဟန်နှင့် တောင်းပန်၏။

“ဟုတ်ပါတယ်....စဉ်းစားသင့်ပါတယ်၊ မေ့ကို အချိန်ပေးသင့်ပါတယ်၊ ဆရာဝန်ကြီးတွေက ဂျွန့်ရဲ့ အသက်ပိုင်းကို ကာလ အတွင်းလို့ ပိုင်းဖြတ်ခဲ့တယ်၊ ဒါဟာ သိပ္ပံပညာရှင် ဆရာဝန်ကြီးတွေရဲ့ အဆုံးအဖြတ်၊ တို့များ ရှင်တော်မြတ်စွာဘုရားကတော့ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် သေခြင်းတရားဟာ မြန်ဆန်လှပါတယ်တဲ့၊ ဆရာဝန်ကြီးများ ဆေးပညာ အမြင်နဲ့ ကင်ဆာရောဂါကိုသာကြည့်ပြီး သတ်မှတ်ကြပေမင့် အကုသိုလ်ကံ တပါးပါးက ဖြတ်လိုက်ဖို့ တခြားရောဂါ ပေါက်လာပြီး ဂျွန်အချိန်မရွေး သေသွားနိုင်တယ် မသေနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ဒီတော့မှ နောင်တတဖန် ဖြစ်တတ်တဲ့ မေ့ရဲ့ စိတ်မှာ တခါဒီရောဂါ ကဝင်လာအုံးမယ်၊ ဂျွန်ဟာ ငါ့ကိုတွေ့ချင် ရှာတယ်၊ တွေ့ချင်လွန်းလို့ တသသ .. တတတနဲ့ ခေါ်ခိုင်းတာကို ငါသွားမတွေ့လိုက်မိဘူး၊ သေခါနီး လူတယောက်ရဲ့ ဆန္ဒကို ငါမဖြည့်လိုက်မိဘူး၊ ငါဟာ သိပ်ပြီး အတေးအမှတ်ကြီးတဲ့ မိန်းမပါလားလို့ မေ နောင်တရတာ ဘကြီးဟန် မကြည့်ပါရစေနဲ့၊ မင်းဖေဖေ ဦးဆက်ရဲ့ ခွင့်လွှတ်ခြင်း သည်းခံခြင်းစိတ်ကို ပြန်ပြီး သတိရပါအုံး၊ မြတ်နိုးစရာ အဖေတော်အနေနဲ့ ဆက်ပြီး



ထိန်းထားပါအုံး ပြီးတော့ မင်း အင်မတန် ချစ်ပြီး ရှင်လျက်နဲ့ ခွဲခွာနေရတဲ့ မင်းရဲ့မမ ခင်မျိုးဆက်နဲ့ ဂျွန်တွေ့လိုတဲ့ကိစ္စနဲ့ ကလဲ ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်လို့ ဘကြီးဟန် ထင်တယ်လေ”

မေသည် ဦးမင်းဟန် စကားအဆုံးတွင် သူ့လက်ကိုင်ပုဝါ ဖြူကို မျက်လုံးတွင် အုပ်ခါ လက်ဝါး နှစ်ဘက်ကို ပါးပြင်ပေါ်တွင်ဖုံးထား၏။ သူ့စိတ်လှုပ်ရှားမှုကို အပေါ်တွင်ထိုင်နေသူ သုံးယောက်သည် မျက်လုံးတွင် မမြင်ရသော်လည်း အသက်ပြင်းပြင်း ရှူရှိုက်၍ နိမ့်တုံမြင့်တုံဖြစ်နေသော ရင်အုံတွင် မြင်ကြရ၏။ ပြီးတော့မှ ခင်မေဆက်သည် မျက်နှာမှ သူ့လက်ဖဝါးကို ခွာလိုက်၏။

“ညနေ ညနေကျမှ မေ စကားပြန်ပါရစေတော့ ဘကြီးဟန်”

“ကောင်းပြီလေ.... ဒါလောက်ကတော့ ဖြစ်သင့်ပါတယ်၊ ညနေကျရင် ဘကြီးဟန်ကားနဲ့လာခဲ့မယ်၊ ဒီတော့သာ ဂျွန်ဆီ လိုက်ဖို့ မေ့အဆင်သင့်ဖြင့်ထားတာကို တွေ့ရပါစေလို့ ဘကြီးဟန် ဆုတောင်းပါတယ်ကွယ်၊ ကဲ .. ထမင်းတော့ နောက်မှ အေးအေး ဆေးဆေး လာစားမယ်”

“အန်တီဆွေတို့ ပြန်အုံးမယ်မေ၊ မင်းရဲ့ ဘကြီးဟန်နဲ့ အတူ ညနေကျ အန်တီဆွေ လိုက်လာခဲ့မယ်”

ဒေါ်မြဆွေကပါ နှုတ်ဆက်၍ သူတို့နှစ်ယောက် ပြန်သွားကြသည်။ ကားပေါ်အထိ ရှင်မင်းထွေးကလိုက်၍ပို့၏။ ဒေါ်ခင်မေဆက်သည် နွမ်းပြော့စွာ ဆိုဖာနောက်မှီတွင် ကိုယ်ကိုပုံကာ မှီ၍ ကျန်ရစ်တော့သည်။

www.burmeseclassic.com

 www.burmeseclassic.com 

ထိုနေ့တစ်နေ့လုံး ဒေါ်ခင်မေဆက်သည် အိပ်ခန်းထဲမှ မထွက်၊ နံနက်စာထမင်းကိုပင် ယွန်းဘန်းလေးနှင့် ပြင်ကာ သူ့အိပ်ခန်းထဲသို့ ရှင်မင်းထွေးကိုယ်တိုင် ယူသွားရ၏။ နံနက်စာကိုလည်း ဟန်လောက်သာ စားသည်ကို ရှင်မင်းထွေးတွေ့ရ၏။

ဇာတ်လမ်း၏ အစပိုင်းကိုလည်း ဝိုးတဝါးသာ သူပြောလူပြောနှင့် သိခဲ့ရသော ရှင်မင်းထွေးသည် ယခုလည်း ဇာတ်လမ်းဘယ်သို့ ဆက်ခင်းမည်ကိုသူမသိသေး။ သို့သော် သူသိရသလောက် သူ့အတွေးစိတ်ဖြင့် သူ့စိတ်ထဲတွင်တော့ ကြိတ်၍ ဆုတောင်းမိ၏။ သူမမြင်ဘူးသော အန်ကယ်ဂျွန် ဆိုသူနှင့် အန်တီမေတို့ တွေ့ဖြစ်ကြပါစေဟု ဆုတောင်းမိ၏။ ထိုတွေ့ဆုံခြင်းမှ ကောင်းသောအဖြေ ထွက်ပါစေဟုလည်း ဆုတောင်းမိ၏။ ကောင်းသောအဖြေ ထွက်လာလိမ့်မည်ဟုလည်း ယုံကြည်မိ၏။

ဆည်းဆာညနေခင်းတွင် အန်တီမေ ဘယ်လိုဆုံးဖြတ်မှာလဲဟူသော သိလိုစိတ်ကြောင့် တနေ့လုံး သူအလုပ်လုပ်နေသော်လည်း စိတ်မဖြောင့်လှပေ။

သူသည် ကြိမ်ပန်းချင်းလေးကို လက်တွင်ဆွဲခင်း ညနေခင်းဘုရားပန်းများ လှဲလှယ်ရန် ခြံထဲဆင်း၍ ပန်းများကို ခူးနေ၏။ နှင်းဆီပွင့်များ တပွင့်ပြီးတပွင့် ရွေးပြီး ညှပ်လိုက်ရင်း အနောက်ဘက်မိုးကုတ်စက်ဝိုင်းကို ကြည့်လိုက်ရင်း ဝနာမငြိမ် ဖြစ်နေမိ၏။ နေမဝင်ခင် အောင်မြင်သော ဇာတ်သိမ်းခန်းကို ကြည့်ရပါစေဟု စိတ်ထဲမှ ဆုတောင်းမိ၏။

ဦးမင်းဟန်ကားကြီးသည် ဆင်ဝင်အောက်ကို ထိုးရပ်လာ၏။ သူသည် ကားအနားသို့ ပြေးလာ၏။ သူ့ကိုမြင်သောအခါ ဦးမင်းဟန်သည် ကားတံခါးကို ဖွင့်၍ ဆင်းလာသည်။

"မေကော....ရှင်မင်းထွေး"

ရှင်မင်းထွေးသည် လက်ညှိုးလေးကို နှုတ်ခမ်းဖျားတွင် တေ့ကာ အသံနှိမ့်၍ ပြောလိုက်၏။

"တနေ့လုံးအခန်းထဲက မထွက်ဘူး၊ ဦးမင်းဟန် ကားရောက်ရင်တဲ့ အန်တီမေတံခါးကို လာခေါက်လှဲ့လို့ အထွေးကို မှာထားတယ်...အထွေးသွားပြီး တံခါးကို ခေါက်အုံးမယ်နော်"

"အန်တီဆွေလဲ...လိုက်မယ်"

ရှင်မင်းထွေးနှင့် ဒေါ်မြဆွေသည် ဒေါ်ခင်မေဆက် အိပ်ခန်းဝသို့ သွားကြ၏။ ရှင်မင်းထွေးသည် အိပ်ခန်းဝ ကျောက်စားပွဲပေါ်သို့ ပန်းချင်းလေးကို တင်ထားခါ အိပ်ခန်းတံခါးကို ညင်သာစွာ ခေါက်လိုက်၏။ သူတို့နှစ်ဦးလုံး အသက်ကိုဖြေးညှင်းစွာ ရှူနေကြ၏။

"ဂူလောက်"ဟူသော အခန်းတံခါးပွင့်သံမှာ ခါတိုင်း ကြားနေကြထက် ပိုကျယ်သည်ဟု သူတို့ထင်သည်။

"အန်တီမေလိုက်ဖြစ်တယ်နော်" ရှင်မင်းထွေးသည် အထိန်းအချုပ် မရှိတော့သလို ဝမ်းမြောက်ဝမ်းသာ အော်လိုက်၏။ အဘယ့်ကြောင့် ဆိုသော် အပြင်ထွက်သော အဝတ်အစား အပြည့်အစုံနှင့် ဒေါ်ခင်မေဆက်ကို တံခါးပွင့်အလာတွင် တွေ့ကြသောကြောင့် ဖြစ်၏။ အန်တီ ဒေါ်မြဆွေ၏ မျက်နှာကလည်း ...းရွှင်သွားသည်။ ဦးမင်းဟန်သည် ကား၏ မှန်တံခါးကို ဝမ်း...မြောက်စွာ ဖွင့်၍ ကြို၏။

ကားကြီး ဆင်ဝင်အောက်မှ ထွက်ခွာသွားပြန်ပြီ။

"ဘုရားသခင် တန်ခိုးတော်ကြောင့် ဤဆည်းဆာသည် ညနေ...ည်းစာပင် ဖြစ်သော်လည်း အောင်မြင်သော ဆည်းဆာချိန်...ပေသတည်း။ ဆက်မိသားစုနှင့် မြေးသားတို့ ပြန်လည်

www.burmeseclassic.com



ချစ်ကြည်စွာ တွေ့ဆုံကြမည့် ဇာတ်သိမ်းခန်း၏ အစပျိုးချိန် ဖြစ်ပါစေ သတည်း”

ရှင်မင်းထွေးသည် တစ်ယောက်ထီးဆုတောင်းရင်း ကျန်ရစ်၏။

မကြည့်လို မမြင်လိုပါသော တစ္ဆေအုတ်တိုက်ကြီး၏ အပေါ် ထပ်သို့ တက်ရာ လှေခါးထစ်များကို ဒေါ်ခင်မေဆက်သည် ခြေလှမ်း မှန်မှန်နှင့် တက်၏။ သူ့အပေါ်တွင် အန်တီမြဆွေသည် ယှဉ်ရက်လိုက်ပါလာ၏။ နောက်ဆုံးတွင် လိုက်လာသူမှာ ဦးမင်းဟန် ဖြစ်သည်။ လှေခါးထိပ်တွင် ဆီးကြိုသူတို့မှာ ဆရာဝန် ဝင်းမွန်နှင့် ဒေါ်မေကြည်သင်း ဖြစ်သည်။ သူတို့အားလုံး တိတ် ဆိတ်စွာ အခန်းကျယ်ကြီး တစ်ခုထဲသို့ ဝင်သွားကြ၏။ အိပ်ခန်း အလည်တွင် အသားအရေ ဝါဖြော့၍ အလွန်အားနည်းနေသော လူနာတစ်ယောက်ကို ကုတင်ပေါ်တွင် တွေ့ရသည်။ ကုတင်ဘေး တွင်မူ သမားတော်ကြီး ဆရာဝန် ဦးမင်းခေါ်နှင့် ဦးရွှေဦး မိသား စု၏ ဝတ်လုံတော်ရ ဦးချန်စုးကို တွေ့ရသည်။

ဒေါ်ခင်မေဆက်သည် ကုတင်အပေါ်တွင် ဦးချန်စုးပေးသော ကုလားထိုင်တွင် ငြိမ်သာစွာ ထိုင်လိုက်သည်။ လူနာသည် ဝါ ဖြော့၍ အရိုးသာသာမျှသာ ရှိတော့သော သူ၏ ညာလက်ကို ကမ်းလိုက်သည်။ ဒေါ်ခင်မေဆက်သည် လူနာ၏လက်ကို ညင် သာစွာ ဆွဲယူ၍ ခေတ္တမျှ ဆုပ်ကိုင်ကာ လူနာ ရင်ဖတ်ပေါ်သို့ ပြန်တင်လိုက်သည်။

“မေ . . ဂျွန်လေ ဆိတ်ဝမ်းသာတာပဲ”

လူနာ၏ အသံမှာ ပါးရိုးများ ငေါ်ထွက်နေသော မျက်နှာ လောက် မကျ၊ နဂိုရ်သံရှိနေပေသေးသည်။ လိုက်လှဲစွာခေါ်နေ ကြောင်း တောက်ပနေသေးသည့် မျက်လုံးက ဖော်ပြနေ၏။



“မေနဲ့ ဂျွန် ဒီအချိန်မှာ ပြန်တွေ့ရလိမ့်မယ်လို့ ဂျွန်မမျှော် လင့်ပါဘူး၊ မေ့ကိုတွေ့လိုက်ရတဲ့ ဂျွန့်စိတ်ထဲမှာ သာမုခေါ် မိတယ်၊ ငါထင်သလောက် အခြေအနေမဆိုးဘူး၊ မေ . . ငါတို့ ဆွေမျိုးတစ်သိုက်အပေါ်မှာ ခွင့်လွှတ်နိုင်ပေတယ်လို့ ဝမ်းမြောက် ဝမ်းသာ သာမုခေါ်မိပါတယ်” ဂျွန်သည် ဖြေးညှင်းစွာ တစ်လုံး ခြင်းပြောကာ ခေတ္တနားလိုက်၏။ ပြီးတော့မှ သူ့ခေါင်းအုံး ဘေးနားတွင် ချထားသော စာတစ်အိတ်ကိုယူကာ မေ့လက်ထဲသို့ ကမ်းလိုက်သည်။

“မေ... စာကိုဖတ်ပါ”

ဒေါ်ခင်မေဆက်သည် ပွင့်ပြီးဖြစ်သော စာအိတ်ထဲမှ ရှည် လျားလှသော စာရွက်များကိုယူကာ ဖတ်နေ၏။ သူ့လက်ဖျား သည် တဆတ်ဆတ်တုံကာ သူ့ရင်တွင်း မည်မျှလှုပ်ရှားနေသည် ကို ဖော်ပြနေ၏။ သူ့မျက်လုံးတွင် ပုလဲဥတွေ တွဲလွဲခိုနေသလို မျက်ရည်စက်များ ရစ်ဝိုင်း နေသည်။ အပြင်သို့ သွန်ကျလာ သော မျက်ရည်ဥများက တင်းထားသော စိတ်အရှိန်ကို ညွှန်ပြ နေကြ၏။ စာဖတ်အပြီးတွင် စာရွက်များကို သူ့ရင်တွင် ပိုက် ထား၏။ ပြီးတော့ ဂျွန်၏မျက်နှာကို ကြည့်လိုက်သည်။ ဂျွန်သည် ဖြေးညှင်းစွာ စကားကို ဆက်ပြောလိုက်၏။

“သံသရာဝဋ်ကြွေးကိုဖြင့် မသေခင် ဖြေဆပ်ခဲ့ပါရစေ မေ၊ ကိစ္စ အဝဝကို ဝတ်လုံတော်ရ ဦးချန်စုးရော အန်တီ မေကြည် သင်းရော ဂျွန်အားလုံး ပြောပြခဲ့ပြီးပါပြီ”

“ဟုတ်ပါတယ်”

ဦးချန်စုးရော ဒေါ်မေကြည်သင်းရော တပြိုင်နက်လိုလို ပြော ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"တကယ် ဆိုတော့ အန်တီ မကြည်သင်း ပိုင်တာ က ဦးဝိစာရလမ်းတိုက်၊ ဖေဖေတို့ယာကိုထဲမှ ဒီအိမ်မှာ အတူနေပြီး ပြုစုနေတာ၊ ဒီတိုက်အိမ်ကြီးက ကျွန်ုပ်ရဲ့နိမ့်ယံနဲ့တွဲ ကျွန်ုပ်ကွယ်လွန်ရင် ဒီအိမ်ကြီးအပါအဝင် ကျွန်ုပ်ပိုင်သမျှပစ္စည်းအရပ်ရပ်ဟာ ကျွန်ုပ်ရဲ့ရင်သွေးတဲ့ ဆက်ခံပိုင်ခွင့်ရှိပါတယ်၊ ကျွန်ုပ်တာကြောင့် စာချုပ်စာတမ်း အခိုင်အမာနဲ့ အသိသက်သေတွေရှေ့မှာ လဲ အပ်ခဲ့ပါတယ်။ ကဲ...ဦးချန်စူး စာချုပ်တွေထုတ်ပါ"

ဦးချန်စူးသည် စာချုပ်သုံးစောင်ကိုထုတ်ခါ ဒေါ်ခင်မေဆက်တို့၊ ဒေါ်မကြည်သင်းတို့၊ ကျွန်ုပ်တို့ ပေး၍ လက်မှတ်ထိုးရမည့် နေရာများကို အားလုံးပြ၏။

"တရားဝင် မှတ်ပုံတင် ကိစ္စ တွေကအစ ရုံးအလုပ်ကိုတော့ ကျွန်တော် ဆက်လက်ဆောင်ရွက်ပါ့မယ်၊ ကဲ ...အသိသက်သေအဖြစ် ဝတ်လုံတော်ရ ဦးမင်းဟန် ဇနီးမောင်နှံနဲ့ ဒေါက်တာ ဦးမင်းချိန်တို့က လက်မှတ် ထိုးပါ"

ဦးချန်စူးသည် သူလုပ်ဆောင်ရမည့် ကိစ္စအဝဝကို ကျွမ်းကျင်စွာ ဆောင်ရွက်လိုက်၏။ အားလုံးပြီးလျှင် ကျွန်ုပ်သည် ဖြေးညင်းစွာ သက်ပြင်း ချလိုက်၏။ ယခုမှ သူ့ရင်တွင် ပေါ့ပါးသွားသလို ပါးစပ်မှလေကို မှုတ်ထုတ်လိုက်၏။ ပြီးတော့ မေ့မျက်နှာကို စေ့စေ့ကြည့်ရင်း ကျွန်ုပ်၏ပါးပြင်တွင် မျက်ရည်များ စီးကျလာ၏။

မေက မငို ကျွန်ုပ်ကငိုသည်။ ဤနေရာ၌ ကျွန်ုပ်က ငိုရပေမည်အော်...တခွေ့တို့သည် ငိုကြေးတတ်၏။

"မေ့ရင်ခွင်ထဲက စာအရ၊ ကျွန်တော့ ရင်သွေး ဘယ်သူဆိုတာ မေကသတ်မှတ်ပါလိမ့်မယ်၊ မေ ဒီစာကိုယူသွားနိုင်တဲ့ ဒီစာပါ အကြောင်းတွေကို ဦးချန်စူးရော ဒေါ်မကြည်သင်း



ရော သိပြီးပါပြီ၊ မေ-ပင်ပန်းနေရော့မယ်,... မေ- စကား ပြောလေ- ပြောပါအုံးမေရဲ၊ ခွင့်လွှတ်တယ်ဆိုရင် စကားလေး တစ်လုံး ပြောခဲ့ပါ၊ စကားပြောနိုင်လောက်အောင် အားမရှိတော့ဘူး ဆိုရင် ကျွန်ုပ်ရဲ့ ကမ်းပေးတဲ့ ဒီလက်ကို နောက်ဆုံးနမ်းခဲ့ပါ"

မေသည် ကျွန်ုပ်ကမ်းပေးသောလက်ကို လှမ်းယူ၏။ နမ်းတော့ မနမ်းပါ။ သူ့နဖူးနှင့် ညင်သာစွာထိ၍ အသာပင် လွှတ်လိုက်သည်။ ဒေါ်ခင်မေဆက်သည် ဖြေးညင်းစွာထလိုက်၏။ ရောက်သည်မှ ပြန်သည်အထိ မေ စကားတစ်လုံးမှ မပြောခဲ့ပေ။

ဦးမင်းဟန်၏ ကားသည် ဒေါ်ခင်မေဆက် အိမ်ဆင်ဝင်အောက်သို့ ပြန်လည်ဆိုက်ရောက်လာခဲ့၏။ ဆင်ဝင်မီးကိုဖွင့်ကာ တံခါးယာကိုထိုးစောင့်နေသည်မှာ ရှင်မင်းထွေးပင်ဖြစ်သည်။ လှေခါးထစ် ကျောက်ခုံလေးပေါ်တွင် ထိုင်နေသူမှာတော့ ဒေါ်ခင်မေဆက်၏ ကားမောင်းသူ ဒီဗန်းဖြစ်သည်။

ဒီဗန်းက ကားတံခါးကိုဖွင့်ပေးလိုက်သောအခါ ဒေါ်ခင်မေဆက်သည် ဖြေးညင်းစွာဆင်းလာ၏။ ရှင်မင်းထွေးသည် မေ၏လက်ဖျားများကို ဆီး၍ကိုင်လိုက်သည်။ လက်များသည် အေးစက်နေတော့သည်။ ဦးမင်းဟန်နှင့်ဒေါ်မြဆွေသည် ကားပေါ်မှ ခေတ္တ ဆင်းလာကြ၏။

"မလိုတော့ပါဘူး ဘကြီးဟန်၊ မေ နေကောင်းပါတယ်၊ မေ နားချင်တာ၊ တခုခု...ကျွန်ုပ်ရဲ့ နောက်ဆုံးနေ့ကိုဖြင့် မေ သိပါရဲ့ မေ စိတ်ခိုင်ပါတယ်၊ တော်ကြာ ဘကြီးဟန်တို့က မေ ထွေးအားလျော့ကျသွားတတ်လို့ မပြောဘဲ နေမှာစိုးလို့ပါ၊ ကဲ... အသွားမယ်"

မေသည် ရှင်မင်းထွေးကိုင်ထားသောလက်ကို ဖြုတ်၍ သူ့ အိပ်ခန်းရှိရာသို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"အထွေး… မင်း အန်တီမေ ဒီညနေဘက် တော်တော် စိတ်လှုပ်ရှားခဲ့ရတယ်၊ အထူးဂရုစိုက်လိုက်"

ဦးမင်းဟန်သည် ရှင်မင်းထွေးအား တီးတိုးမှာခဲ့၍ ပြန်လာခဲ့တော့သည်။ ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် အိပ်ခန်းသို့ အပြေးအလွှား လိုက်သွား၏။ အင်္ကျီလဲနေသော ဒေါ်ခင်မေဆက်ကို ကူ၍လုပ်ပေးကာ ညဝတ်အင်္ကျီကို ထုတ်ပေးလိုက်သည်။

"မိုးတောင်ချုပ်သွားဘီ၊ အထွေး စိတ်မချလို့ တယ်လီဖုန်းဆက်မယ်တောင်ဝိတ်ကူးသေးတယ်၊ အန်တီမေမကြိုက်မှာစိုးလို့"

"ကျေးဇူးတင်တယ် အထွေးရယ် … အန်တီမေ နားအုံးမယ်"

"မအိပ်ခင် တခုခုသောက်အုံးမလား"

'ဟောလစ်တပန်းကန်တဲ ယူခဲ့တော့"

ရှင်မင်းထွေးသည် အပြင်ထွက်သွားကာ ဟောလစ်ဖျော်၍ ယူခဲ့၏။ အိပ်ရာပေါ်တွင် ကိုယ်လက်ကိုလျော့ကာ လှဲနေသော ဒေါ်ခင်မေဆက်သည် သူ့ကိုလှမ်းကြည့်လိုက်၏။

"အန်တီမေလက်ကိုင်အိတ်ကို ဖွင့်လိုက်စမ်းအထွေး၊ အန်တီမေ ညနေကကိုင်သွားတဲ့ လက်ကိုင်အိတ်ကိုလေ .. ဖွင့်လိုက်၊ အဲဒီအထဲမှာ စာတအိတ်ပါလာတယ်"

အထွေးသည် သူပြောသည့်အတိုင်းလုပ်ကာ ဒေါ်ခင်မေဆက်ရှိရာသို့ စာကို ယူလာသည်။

"ဒီစာကိုအထွေးဖတ်ပြီး မီးခံသေတ္တာထဲမှာထည့်ထား .. ဒီမှာသော့၊ ဒီစာကိုဖတ်ထားခိုင်းရတာက အန်တီမေရောဂါက ရုပ်ရှင်တွေ ဇာတ်တွေထဲမှာလို သေကာနီး စကားအရှည်ကြီး ပြောနိုင်မှာမဟုတ်ဘူးထင်တယ်"

"အို… အန်တီမေ မသေနိုင်ပါဘူး"



"သိပါတယ်လေ .. ရုတ်တရက်မသေပါဘူး၊ ဖြေးဖြေးသေလဲ နှလုံးသွေးရပ်လွယ်တော့ မသေခင် ဘာမှ ပြောနိုင်လုပ်နိုင်မှာမဟုတ်ဘူး၊ ပြောနိုင်ရင်တော့ ကောင်းတာပေါ့၊ ဒီစာကိုဖတ်ပြီး မီးခံသေတ္တာထဲသိမ်းထား၊ အန်တီမေ ရုတ်တရက် မှာချိန်မရတောင် မင်း ဒီစာကို ဘကြီးဟန်လက်ထဲ ထည့်လိုက်နော်…. သူဆောင်ရွက်စရာရှိတာ ဆောင်ရွက်လိမ့်မယ်၊ စာသိမ်းပြီးရင်သော့ကို အန်တီမေကို ပြန်ပေး"

ဒေါ်ခင်မေဆက်သည် ဟောလစ်ကိုသောက်ပြီး အိပ်ရာတွင်လှဲလိုက်၏။

ရှင်မင်းထွေးသည် အိပ်ရာဘေးရှိ ကြိမ်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ဒေါ်ခင်မေဆက် ဖတ်ခိုင်းသောစာကို အသံမထွက်ဘဲဖတ်နေ၏။ စာရေးလိုက်ချိန်မှာ ကြာမြင့်ပြီဖြစ်ကြောင်းကို မင်ဆောင်က ပြနေလေသည်။

ချစ်လှစွာသောဂျွန်

နေသာတဲ့နေ့တနေ့မှာ ဒီစာကို ရေးလိုက်ပါတယ်။ ဒီစာကိုရေးနေတဲ့မြေကတော့ မြန်မာတို့ရဲ့မြေလို ပူနွေးတောက်ပတဲ့ နေရောင်ခြည်ကို ရာသီမပြတ်မြင်ရတဲ့ မြေမဟုတ်ပေဘူး၊ နှင်းမှုန်တွေမှုတွေ ရစ်သိုင်းပြီး အစဉ်နေတတ်လေတော့ ခုလိုနေသာတဲ့နေ့မှာ အထူးတလည်လွမ်းဆွတ်လို့ ဒီစာကို ရေးလိုက်တာပါ၊

ရေးသူကတော့ ဂျွန်တခါက ချစ်ဖူးခဲ့တဲ့ မိခင်မျိုးဆက်ပါ၊ ဒီစာကို ရေးနေချိန်မှာလဲ ဂျွန်ရဲ့ရင်သွေးတာမျိုးရဲ့ရင်ညွန့်ထဲမှာ ပူပူနွေးနွေး မျိုးရဲ့အသွေးလွှာနဲ့ထွေးထားလို့ ပြင်ပရဲ့ အအေးဒဏ်ကို မယ်တွေ့ရသေး

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အော်....သူကလေး ဘယ်အချိန် ပြင်ပလောကကို ရောက်လာမယ်မသိဘူး၊ သိတ်တော့ မလိုတော့ပါဘူး။

သူကလေးကိုတော့ဖြင့် မြန်မာ့မြေပေါ်မှာ ဆွေမျိုးတွေအလယ်မှာ ကြီးပြင်းစေဖို့ မျိုး ကျိုးစားမှာပါ။ မိခင် မျိုးဆက်မှာတော့ ဟတ်လာတဲ့ အပုရိုန် တွေကို မခံနိုင်လွန်းလို့ တိုင်းပြည်ကို လွှင့်စင်ထွက်လာရခြင်းပါဘဲ။

ဂျွန်.... မိန်းမ တွေဟာ သူ့နှုးတွေ ပါဘဲ၊ သူတို့ကို လည်တယ် ပလီတယ်လို့ ကျမ်းအစောင်စောင် ဖွဲ့ထား ပေမင့် တကယ်ချစ်လာရင် အဲဒီမိန်းမတွေ အချစ်မှာ မျက်စိမရှိဘူး။

အဲဆောင်ကသူငယ်ချင်းတွေက ပြောတယ် ဂျွန်ဟာ တော်ရုံတန်ရုံ ပွေ့ရုံလောက်နဲ့တော့ မျိုးရယ် ဂျွန်နဲ့မင်း ယူဖို့ကိစ္စမှာ မင်းကို တို့ မကန့်ကွက် ပါဘူး၊ ဒါတော့ မင်းရဲ့ ဂျွန်ပွေ့ပုံဟာ မိန်းမသားဆိုတဲ့ မျိုးဆက်တဆက် ကို စော်ကားနေသလိုဘဲတဲ့၊ အင်းလျား ဆောင်က ကျောင်းသူတယောက်ကိုခေါ်ထုတ်သွားပြီး အင်းလျား ကန်ဘေး အလည်ကျွန်းမှာ "လှေ က လေး ကို လှော်မည် ဇာတ်ထုတ်ခင်းခဲ့တယ်၊ ပြီးတော့ ဒီမိန်းကလေးကို သူ့ သူငယ်ချင်းတွေနဲ့ လွှတ်ပေးခဲ့တယ်တဲ့၊ မိန်းကလေးဟာ အိန္ဒြေရှင် ဆိုတော့ မေသလိချုန်လို အင်းလျားကန် အလယ်ကျွန်းက မော်ရုံတောမှာ ရွှေသမင်ရှောင်ဆော ပြီး အပျော်ကျူးတတ်တဲ့ ဘီလူးမ မဟုတ်ဘူး၊ ဒီတော့ အဲဒီမိန်းခလေးဟာ အင်းလျားရေပြင်အောက်မှာ ထာ နှလုံးသားကို မြုပ်နှံသွားရှာတယ်။



ဇနိုတံ ပါကံဇနေ့တိုတဲ့ တူသော [illegible] တတ်တယ်လို့ မြတ်ဘုရားဟောတာ တယ်မှန်[illegible] မမ တင်မာလာ ဟာ ဂျွန်တို့ အိမ်နောက်က ရေကန်မှာ ကံကြမ္မာရဲ့ စတေးခြင်းကို ခံရတာမို့ မျိုးလေ ဂျွန်ကို ဆွေစဉ်မျိုးဆက်ကို ကံမင်းတရားက ဒါလောက် အထိ ခတ်တာ တော်လောက်ပါပြီလို့ ယူဆမိတယ်။ အပြစ် မဲ့သူ မမတင်မာလာ အတွက်တော့ အလွန်ကြေကွဲမိပါ တယ်။ ဒီအထိလဲ ဂျွန့် အပေါ် မျိုး ခွင့်လွှတ်နိုင်ပါ သေးတယ်။

ခွင့်လွှတ်နိုင်လို့ဘဲ၊ လသာတဲ့ ညတညမှာ ချစ်လှစွာ သော ညီမလေးခင်မေဆက်ကို ဒေါက်ဇရစ်ပင်အောက် တယောက်ထီး ထီးရစ်ခဲ့ပြီး မလှယ် တံခါး ပေါက် ခြံဝန်းစပ်မှာစောင့်နေတဲ့ ဂျွန်ရှိရာကို မျိုးရောက်လာခဲ့ တာပေါ့၊ ဒီကတဲက မလှယ်ပေါက်ကို အသေပိတ်ပြီး မိခင်မျိုးဆက်လဲ ဆက်မိသားစုနဲ့ အဆက်အသွယ်ပြတ် ခဲ့ရတယ်၊ ကိုယ့် မိသားစုရဲ့ အပြစ်ပယ်ခံပြီး ဂျွန်ကို မျိုး ချစ်လာခဲ့ရတာပါ။

ချစ်လွန်းလို့လဲ အတိုးတိုက် အချိန် တွေကို လုံးဝ မီးယိုချောင်တခုထဲမှာ မြုပ်နှံပြစ်လိုက်တယ်၊ ဒွေးအ ကောင်းပိအောင် နေခဲ့တယ်။ မျိုးတို့အမေ ဒေါ်ခင် စောမူက သမီးတွေကို ခေတ်ပညာ ပေးခဲ့သလိုဘဲ မီးဖို ချောင် ထိန်းသိမ်းတတ်ဖို့ကိုလဲ စနစ်တကျ ပညာပေး ခဲ့တဲ့ မိခင်တယောက်ပါ၊ တာကြောင့် မျိုး မီးဖိုချောင် ကို နိုင်နင်းခဲ့ပါတယ်။ လင်ကိုချစ်ရင် လင်ဆွေမျိုးကိုလဲ သည်းခံရမယ်ဆိုတဲ့မိခင်ကြီးအဆိုအမိန့်ကြောင့်ယောက္ခမ

www.burmeseclassic.com

www.burmeseclassic.com

တွေကိုရော အန်တီမကြည်သင်း အပေါ်မှာရော သင့်မြတ်အောင် တဲ့အောင်ပေါင်းပြီး သည်းခံခဲ့ပါတယ်။

သည်းခံခဲ့လို့ဘဲ ပုံတွေဒဏ္ဍာရီတွေထဲမှာဘဲ ကြားဘူးတဲ့ ကုမုဒ္ဒြာကြာကို ခုနစ်ရက် အတွင်း ရှာပေးရမယ်၊ နှမ်းနက်တစ်ထောင်းနဲ့ နှမ်းဖြူ တစ်ထောင်း ရောပြီး သုံးရက်အတွင်း အပြီးတသန့်စီ ရွေးခိုင်းတဲ့ မေတ္တာရဲ့ နှိပ်စက်ညှင်းပန်းမှုမျိုးကိုလဲ မျိုး သည်းခံခဲ့တာ ဂျူန် အသိပါဘဲ။

ဒီအထိလဲ ဂျူန်တို့ မိသားစုကို မျိုး ခွင့်လွှတ်နိုင်ပါသေးတယ်၊ အော်...တဖက်ခြံက ဆက်မိသားစုကဖြင့် ဒီဘက်ခြံအုတ်တိုက်ကြီးမှာ သူတို့မိသားစုထဲက ခင်မျိုးဆက် ဆိုသူတစ်ယောက်ကို ထွက်ပေါက်မရှိအောင် သေးအေးအေးနဲ့ ဘယ်လောက် စိတ်ဓာတ်ကို ညှင်းပန်းနှိပ်စက်နေကြတယ် ဆိုတာ ကိုဖြင့် မသိရှာကြပေဘူး၊ သိတော့ မသိစေချင်ပါဘူး၊ သိလာခဲ့ရင် စိတ်မာန်အရှိန်ကြီးမားကြသူတွေပီပီ ဆက်လက်ပြီး ရန်မီးပွားမှာကို မျိုး စိုးရိမ်လှပါတယ်၊ အင်းဝသူ ဘုရင့်သမီးတော်ဟာ နှပုးကရတဲ့ ဒဏ်ရာကသွေးကို ဂွမ်းနဲ့ တို့ပြီး ခမည်းတော်ထံ ပို့မိလို့ ဟံသာဝတီနဲ့တောင်ငူ စစ်ဖြစ်ရတဲ့အဖြစ်မျိုးရဲ့ မဖြစ်စေချင်ပါဘူး၊ ဘဝ အဆက်ဆက်က ပွခဲ့တဲ့ ကုသိုလ်တွေမှာ လောဘ ဒေါသ မောဟ ခြံရံပြီး ပွခဲ့လို့ ခုဘဝ ချမ်းသာပါရက်နဲ့ မေတ္တာရဲ့ အနှုန်းနည်းနဲ့ နှိပ်စက်သမျှ ခံနေခဲ့ရတာတဲ့ကို သဘောပေါက်ပြီး ဒီဘဝ တတ်နိုင်သလောက် အေးအေးနေပြီး ကိုယ်တစ်ယောက်အတွက်ကြောင့် ရန်မီး မပွားအောင် နေခဲ့ပါတယ်။



"ဆက်မိသားစု"ဆိုပြီး ရန်ကုန်မှာ ကြီးကျယ် နေလိုက်တာ သရက်ချောင်းက တောသူအစုတ် မိဇော်မှုတာ မမေ့ခဲ့တာလို့ ဂျူန့် အဖေကြီးက မျိုးနဲ့ချီပြီး ရှုံ့ချခဲ့တာကိုလဲ ခေါင်းငုံ့ခံခဲ့တာဘဲ၊ ဂျူန်...ဒီစာကိုသည်းခံပြီး ဖတ်ပါအုံးနော်၊ လူ့အသိုင်းအဝိုင်းက ပစ်ပယ်ခံရတဲ့ အယုတ်ညံ့ဆုံးလို့ သတ်မှတ်ထားတဲ့ သူတောင်းစားတောင် ဘယ်လိုရှာလို့ ငွေရရ သူဌေးဖြစ်ဖြစ်၊ လွယ်အိတ်ကလေးတစ်လုံးနဲ့ ဖလံပေါက်ကို သူ့ရဲ့စီးပွားဘက် ကျေးဇူးခံ ကျေးဇူးစား ဖြစ်ခဲ့တာကို မမေ့တဲ့ အနေနဲ့ ခေါင်းရင်းမှာ ချိတ်ဆွဲ တတ်ကြတယ်လို့ မျိုး သိခဲ့ဘူးတယ်။

သတ္တုတွင်း သူဌေးကြီး ဦးရွှေလင်းက ဆင်းသက်ပြီး ဂျူန့်အဖေ ဦးရွှေဦး ဂျူန်တို့အထိ ကားတစ်ယောက် တစ်စီးစီနဲ့ ရန်ကုန်မှာ ကြိုက်တဲ့သူခြေတော်တင်ပြီး ထင်သလိုပေနိုင်တာဟာ ဒီမြေက ထွက်လာတဲ့ သတ္တုနဲ့ ရွှေတွေကြောင့်ပါဘဲ၊ ဒီ သတ္တုတွင်းတွေကို ရွှေလီမြစ်ဝှမ်း၊ ဘော်ဆိုင်းနဲ့တနင်္သာရီနယ် တိုက် ထားဝယ် တလျှောက်မှာ ဂျူန်တို့ရဲ့ဖိုးဖိုးကြီးဟာ ဘူးတစ်လုံးကို မနက်တစ်ခွမ်း ညတစ်ခွမ်း ခြိုးခြံစားပြီး တံရှင်းတစ်ချက်နဲ့ ရှာဖွေလာခဲ့သူလို့ မျိုး သိခဲ့ကြားခဲ့ဘူးတယ်၊ ဂျူန့်ရဲ့အဖေဟာ တို့မျိုးရိုးစဉ်ဆက် ထင်သလိုသုံးနိုင်အောင် ချမ်းသာလာခဲ့တာ ဒီ တူတစ်ချောင်း တံရှင်းတစ်ချက်က စခဲ့တာဘဲရယ်လို့ အထိမ်းအမှတ် မထားခဲ့ပါဘူး၊ သူ့ကိုယ်သူ ကောင်းကင်ဘုံသားလို သဘောထားပြီး မြေပေါ်က သူတွေကို မတန်သလို နေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မျိုးတို့ဖခင်ကြီးကတော့ သူ့စည်းစိမ်ဟာသူ့မြေယာကို မှီပြီးဖြစ်ခဲ့တာမို့ တံဇဉ်ကိုလက်စွဲခဲ့တဲ့ သူ့ရဲ့ငယ်ဘဝကို မမေ့တဲ့အထိမ်းအမှတ်နဲ့ "ဆက်မိသားစု" အထိမ်းအမှတ်အဖြစ် စိန်သွားတတ် ရွှေလက်ကိုင်နဲ့ တံဇဉ်ရင်ထိုးကို တစ်ယောက်တစ်ခုစီ မေနဲ့မျိုးကိုပေးခဲ့တယ်။

ဂျွန်ရဲ့အဖေက တောသူမိစ္ဆာမှု သရက်ချောင်းရွာသူတွေဆိုတဲ့ စကားလုံးနဲ့ ဘယ်လိုနှိမ်နှိမ် မျိုးတို့ကတော့ သရက်ချောင်းရွာဇာတိကိုဘဲ ဂုဏ်ယူခဲ့ပါတယ်။

ဒီလိုဂုဏ်ယူပြီး တတ်ခဲ့တဲ့ရင်ထိုးကို မျိုးဟာအချစ်ဆုံးသူ ဂျွန်ကိုပေးဖို့ ဆုံးဖြတ်တယ် မှတ်မိသေးလား၊ ပြာသိုလဆန်း ၂-ရက် ဂျွန်ရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ် ဂျွန်ရဲ့ရင်ဘတ်မှာ အမြတ်တနိုးနဲ့ ထိုးချိတ်ပေးမဲ့ဆဲဆဲ ဘယ်ကပေါ်လာမှန်းမသိ လင်မယားနှစ်ယောက်ကြား ဘွားကနဲပေါ်လာတဲ့ ဂျွန်ရဲ့အဖေကြီးကလေ မျိုးလက်က လုယူပြီး လွှင့်ပြစ်လို့ အခန်းထောင့်ကအမှိုက်စုထားတဲ့ နေရာက မျိုးပြန်ကောက်ယူလာခဲ့ရတယ်လေ။

ညီမလေး ခင်မေဆက် စိတ်ထက်ပုံ မျိုးဆိုရင်ယောက္ခမကို သတ်မယ်ထင်ပါရဲ့၊ မိခင်မျိုးဆက်ကတော့ သည်းခံခဲ့ပါတယ်။

တနေ့ထဲ အဲဒီအချိန်မှာ ဂျွန်ရဲ့ဖေဖေ ကြေငြာချက်ကြီးက မော်လီချန်ကို တရားဝင်မယားအဖြစ် အခမ်းအနားနဲ့ လက်ထပ်ပြီး ဂျွန်တို့ တိုက်အိမ်ကြီးပေါ်ကို တင်တော့မယ်တဲ့၊ မျိုးကို သူ့ချွေးမအနေနဲ့ အသိအမှတ်



မပြုနိုင်ဘူးလို့ ပြောနေတုန်းကများ မျိုးလေ ဆတ်ဆတ်ကို တုန်နေတာဘဲ။

ဂျွန်ရေ…အားလုံးအကြောင်းအရာတွေကို အသေးစိတ် ဖော်ပြရတာက အားလုံး အကြောင်းအရာတွေကိုဖခင်ကြီးဆုံးမတဲ့အတိုင်း သည်းခံခဲ့ပါသော်လဲ ခြင်္သေ့မင်းတို့မည်သည် တကူထဲမှာ ဘယ်တော့မှ နှစ်ကိုယ်အတူမအောင်းဘူး။ ဒါကြောင့် ချစ်သူနောက်ကို ပုဆိုးပိုက်ခါ စောင်ပိုက်ခါနဲ့ လိုက်လာပြီး ခုနစ်လ တိတိပြည့်တော့မဲ့ဆဲဆဲ ဂျွန်တို့တိုက်အိမ်ကြီးပေါ်က မိခင်မျိုးဆက် ဆင်းလာခဲ့တာပါ၊ ချစ်လှစွာသော ကိုယ့်ဆွေစုမျိုးစုဌာနေ မြန်မာ့မြေကပါ ခွာခဲ့တာပါဂျွန်။

အော်…ချစ်လှစွာသော ညီမလေး ခင်မေဆက်ကတော့ မျိုးကွယ်ရာမှာ သတ္တိကြောင်သူအနေနဲ့ သူ့မမကြီးကို တီးတိုးသတင်းဘဲ ပြောနေလေမလား၊ ပြော့ညံ့လှချီရဲ့လို့ ပြောများနေလေမလား။

ငါ့ကို သူချစ်ရင်ဖြင့် ငါ့နောက် လိုက်လာလိမ့်မလားလို့ တလတိတိ အချိန်ယူ စောင့်ခဲ့ပေမင့်၊ ဂျွန်…မင်းဟာထမိရှိကျွန်၊ ရှပ်ကြီးစင်က မင်းသား၊ သူများ ကြိုးဆွဲရာအရုပ်လို ကတတ်တာက လွဲလို့ တကယ်တော့ မင်းရဲ့ လှုပ်ရှားမှု ဘာမှမရှိတာကို မျိုးတွေ့ခဲ့ရတယ်၊ ဒါကြောင့် ဂျွန်နဲ့ မော်လီချန် လက်မထပ်ခင် တနေ့ နိုင်ငံခြားကို ထွက်လာခဲ့ပါတယ်။

အစက ဒီစာကိုလဲ ရေးဖို့စိတ်မကူးဘူး၊ ကိုယ့်ပညာနဲ့ဘဲ ကိုယ်အသက် မွေးပြီး နိုင်ငံခြားမှာ ခေါင်းချတော့မလို့ဘဲ၊ ဒါပေမင့်…ဒါပေမင့် မမွေးဖွား လာသေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ရဲ့ ရင်သွေးကြောင့် ဒီစာကိုရေးဖြစ်တာ၊ မမြင်ရသေးတဲ့ ရင်သွေးလေးက မျိုးကို စကားပြောနေတယ် ဂျွန်ရဲ့ ..နေ့စဉ်နဲ့အမျှ သူကလေးက ရင်ခုံသံကနေတဆင့်ပြောနေတယ် "မေမေရယ်တဲ့၊ အင်မတန် ကိုယ့်မျိုးရိုးဇာတိ ဌာနေကို ချစ်တတ် တွယ်တာတတ်တဲ့ ဆက်မိသားစုထဲက ရင်သွေးတယောက်ဟာ "ဒီတနိုင်ငံ တရပ်ခြားတပြေသူတွေရဲ့ ယဉ်ကျေးမှု အလယ်မှာ ကြီးပြင်းလာရမှာလား"တဲ့၊ မျိုးနားထဲမှာ သူကလေးက နေ့စဉ်ပြောနေသလိုဘဲ ကြားယောင်နေတယ်၊ ဟုတ်တယ် ဂျွန်....မျိုးငိုမိတယ်၊ တနေ့မှ မပျော်ဘူး။

ရုရှားပြည်ကြီး၊ တရုတ်ပြည်ကြီး၊ အမေရိကန် အင်္ဂလိအစ သူတို့ပြည်မကြီးတွေကိုကျယ်ကျယ်ပျံ့ပျံ့ တည်ထောင်လာခဲ့တာဟာ သူတို့မြေကို ချစ်တဲ့စိတ်၊ သူတို့အမျိုးကိုချစ်တဲ့စိတ်၊ ဒီစိတ်ကို အဓိကထားပြီး တည်ထောင်လာခဲ့ကြတာ၊ မျိုးထွက်ခွာလာခဲ့ရတာက မျိုးအကြောင်းနဲ့မျိုးမိုလို့ အသေးစိတ် တင်ပြခဲ့ပြီးပါပြီ။

နိုင်ငံခြားကို ရောက်လေလေ စိတ်လေလွင့်ရာ တနိုင်ငံကနေတနိုင်ငံ ဗီဇာပြောင်းပြီး သွားလေလေ အသိတခုဝင်လာခဲ့တယ်၊ ကမ္ဘာ့မြေအနှံ့ ရောက်သွားလေတိုင်းသဲကန္တာရကြီးကို ဖြတ်သွားနေရသလိုဘဲ နှင်းခဲတွေမြူနှင်းတွေ ဘယ်လိုအေးပေမင့် မိခင်မျိုးဆက် ရင်မအေးခဲ့ပါလား ဂျွန်ရယ်။

တကယ်ရင်အေးတဲ့ အိုးအေစစ်လို ချမ်းစရာကောင်းတဲ့မြေတကွက်ဟာဖြင့် သဲကန္တာရဆိုတဲ့ ကမ္ဘာ့မြေ အလယ်မှာ ရှင်တော်ဂေါတမ ဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာ့



မြေသာဖြစ်တယ်လို့ အသိဝင်လာတဲ့ နေ့မှာဖြင့် နှလုံးတွေသက်သက်ခါအောင် လှုပ်ရှားလာခဲ့တယ်။

လောကီမှာ ဓလောကီအလိုက်နဲ့ သင့်တင့် မျှတစွာရှုပ်ခန္ဓာကို ကျေးမွေးပြုစုဖို့ ရှာဖွေစားသောက်နည်းလိုပြခဲ့တယ်၊ သတ္တဝါတွေဟာ ဘယ်တော့မှ ငြိမ်သက်မနေနိုင်ဘူး၊ သူရဲ့ ဒီဘဝခရီးလမ်းမှာ ရောက်ရင်းက လောဘဒေါသမောဟ အပူရှိန် ငြိုးငြိုး တောက်သမျှကို ငြိမ်းအေးအောင်ငြိမ်းသတ်နည်း၊ လောကုတ္တရာနည်းကိုလည်း သဘာဝကျကျညွှန်ပြရာ တရားတွေနဲ့ ပြည့်စုံတဲ့ ကျွန်းမြေမြတ်ဟာ ငါ့ဇာတိ မြန်မာ့ပြည်ပဲဘဲလားလို့ ပိုပြီး သဘောပေါက်လာခဲ့ရပါတယ် ဂျွန်။

စာရှည်သွားပြီမို့ တိုတိုဘဲ နိဂုံးချုပ်တော့မယ်၊ မျိုးရဲ့ရင်သွေးလေးကို မွေးသွားပြီးရင် မြန်မာပြည်ကို ပြန်ပို့မယ်၊ မြန်မာ့ယဉ်ကျေးမှု အလယ်မှာဘဲ မျိုးရဲ့ ရင်သွေးဟာ ကြီးပြင်းစေရမယ်၊ အားလုံးကိုလဲ တနိုင်ငံကနေမျိုးစီစဉ်မှာပါ၊ ဂျွန်ကို အပူကပ်လိမ့်မယ်လို့ တာဝန်ပေးလိမ့်မယ်လို့ မထင်နဲ့ ဂျွန်။

တခါကတော့ သူကလေးအရွယ်ရောက်လာရင် ဂျွန်ကိုတွေ့အောင်ရှာလိမ့်မယ်၊ဒီတော့ကာ မျိုးရဲ့ စိန်သွားတတ်ရွှေတံဇင် ရင်ထိုးအစစ်ကို တင်ပြလာတဲ့ သူကဖြင့် ဂျွန်ရဲ့ရင်သွေးဘဲကို တသက်တာ အသိအမှတ်ပြုတဲ့ဘဲ၊ ဒီရွှေတံဇင်ရင်ထိုးအစစ် ဟုတ် မဟုတ်ကို ညီမလေး ခင်မေခက်နဲ့ အကြီးဟန်က ပြောပြပါလိမ့်မယ်။

ဂျွန် မသေခင် ကိုယ့်ရင်သွေးကို ကိုယ်သိသွားဖို့ရည်ရွယ်တယ်၊ ဆက်မိသားစုရဲ့ တကယ်အမွေခံ အရည်

www.burmeseclassic.com

www.burmeseclassic.com

အချင်းကတော့ယောက်ထဲနေလဲ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်လှုပ်ရှားထတတ်ဖို့ကိုတော့ တခြားမှာနေလဲ တမြေကနေ ကိုယ့်ရင်သွေးကို အမှာခံဗိုတ်မာတတ်ရအောင် မွေးပေးလိုက်မယ် ဂျွန်။

ဂျွန်နဲ့ မျိုးတော့ ဘယ်သောအခါမှ မျက်နှာချင်းဆိုင်ရတော့မယ် မဟုတ်တော့ဘူး။

အော်... ဘဝအကြောင်း မကောင်းလိုက်လေ....ဂျွန်ရယ်။

ဂျွန်... အေးချမ်း ငြိမ်သက်ခြင်းကို ရပါစေ...

တခါက တွေ့ခဲ့ဘူးပါသော
ခင်မျိုးဆက်

ရှည်လျားသော စာကို ဖတ်အပြီး ရှင်မင်းထွေးပင် မောပန်းနွမ်းလျသလို ဖြစ်သွားတော့သည်၊ သူသည် ကုတင်ပေါ်မှ ဒေါ်ခင်မေဆက်ကို ကြည့်လိုက်၏။ နှုတ်ပေါ် လက်တင်ကာ မျက်လုံး အကြောင်သားနှင့် တစုံတခုကို ဒေါ်ခင်မေဆက်သည် စဉ်းစားနေပုံရ၏။

"အထွေးရင်ထဲ ဒီစာဖတ်ပြီး ဘယ်လိုဖြစ်မှန်းလဲ မသိဘူး အန်တီမေရယ်"

ရှင်မင်းထွေးသည် စာရွက်များကို နေသားတကျ အိတ်အတွင်းသို့ထည့်ကာ ပြောလိုက်၏။

"အထွေးတောင် ဘယ်လိုဖြစ်မှန်းမသိတော့ အန်တီမေရင်ထဲမှာဖြင့် ညနေက မနဲစိတ်တင်းထားရတယ်...သူ ဘယ်အရပ် ဘယ်ဌာနီကနေ ဘယ်အချိန်မှာ ဒီစာရေးလိုက်တယ် မသိဘူးနော်.... ဂျွန်နဲ့ရတဲ့ကလေး သူ့မှာပါသွားတယ်ဆိုတော့ မြန်မာပြည်က



ထွက်သွားတဲ့အချိန်နဲ့ ကိုက်ကြည့်ရင် ကလေး လေးဟာ ခုဆို အရွယ်ရောက်နေပြီအထွေးရယ်....သူလေးဘယ်မှာပါလိမ့်၊အန်တီမေ သိချင်လိုက်တာ၊ ယောက်ျားလေးလား မိန်းကလေးလား"

"အထွေးလဲသိချင်တယ် အန်တီ.... အန်တီ ဒေါ်ခင်မျိုးဆက် လက်ရေးလေးတွေကလဲ ချစ်စဖွ နွဲ့နွဲ့လေးတွေနော် ...၊ စာရွက်လေးတွေလဲ နွမ်းလို့"

"အေးပေါ့.. အချိန်ကြာခဲ့ပြီ၊ စင်ဖြစ်မဲ့ နောက်ဆုံးနှစ်မှာ သူ ဘီအေအောင်ပြီး ဂျွန်နောက် လိုက်သွားခဲ့တာကိုး၊ အော်.... ချစ်သူကို ခုနှစ်လတောင်ပြည့်အောင် ပေါင်းမသွားရပါဘူး၊ ရက်စက်ကြပါပေရဲ့၊ သူ့လက်ရေးလေးတွေ နွဲ့သလို စိတ်ကလဲ ပြော့ပြောင်းနူးညံ့လှန်းပါတယ်....ဘုရား– ဘုရား .. မေနဲ့ဂျွန်တွေ့တဲ့အချိန်ဟာ သာမန်အချိန်မျိုးဖြစ်ရင် စိတ်ကသဲ ယယ်စိတ်သာဆိုရင် ညနေက ဂျွန်ကို မေဆွဲခုလုပ်မိမှာပဲ ခုတော့ ဆောက်ကြောင့် ပုံရက်လဲနေတဲ့လူကို အလဲထိုးရမှာက သူ့ဘောကြောင်ရာကျလှတယ်... သတ္တိနဲ့ရာကျလှတယ်၊ ပြီးတော့.... ပြီးတော့.... ဖခင်ကြီး"

ဒေါ်ခင်မေဆက်သည် ယခုမှမျက်ရေတွေ တွေတွေကျလာ၏။ ရှိုက်လာ၏။ ငိုပါစေလေ... ငိုပါစေ။ တညနေလုံး မငိုသ၍ ယခု ငိုလိုက်ခြင်းဖြင့် သူ့ရင်ထဲမှ အလုံးအခဲ လျော့ပါးသွားမည်ဟု ဘေးမှကြည့်ရင်း ရှင်မင်းထွေးက ယူဆ၏။

"လက်တုံ့မပြန်နဲ့.... လက်စားမချေနဲ့ ဆိုတဲ့ ခန္တီပါရမီကို ဖခင်ကြီး အပြည့်ကောင်းလိုက်တာ.... သမီးတွေကို အဆုံးအမကောင်းလိုက်တာ သူ့သမီးကြီး ခင်မျိုးဆက်မှာ အမျိုးမာန်တောင်မရှိတော့သလို ရေမြေကိုနိမ်နည်း ဆွေမျိုးတသိုက် ဝိုင်းနှိမ်သမျှ မမ ငုံ့ခံသွားတယ်... ငြိမ်ခံသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေဆက်သည် မေးကြောကြီးများ ထောင်လာရအောင် သွားကိုစိ၍ နှုတ်ခမ်းကို ကိုက်ထားလိုက်၏။

"ဘယ်လိုဘဲဖြစ်ပေစေပေါ့၊ ဖြစ်လာတဲ့ အကြောင်းတရားပေါ်မှာ ကောင်းနိုင်သမျှ ကောင်းတဲ့ဘက်ရောက်အောင် ဆွဲရတော့မှာပေါ့၊ အန်တီ ဒေါ်ခင်မျိုးဆက်ရဲ့ ရင်သွေးကိစ္စက တချိန်ချိန်ပေါ်လာမှာပါ၊ သူ့စာပါအရ အဆင်ပြေလာမှာပါ၊ အန်တီမေ သိပ်မပူပါနဲ့၊ အထွေးကိုလေ သာမန် သူနာပြုဆရာမ အယောက်အနေ ... လခစား စာရေးတစ်ယောက်အနေ သဘောမထားပါနဲ့ အန်တီမေရယ်၊ အထွေးလေ အန်တီမေတို့အကြောင်း သိလာသလေ မမြင်လိုက်ရတဲ့ အန်တီမေ မိခင် ဘခင်တွေကို အထွေး မြင်ချင် သိချင်လေဘဲ၊ ပြီးတော့ အထွေးအဖြစ်ချင်ဆုံးဆန္ဒက အန်တီမေ ကျန်းမာရေးဘဲ၊ ကျန်းမာရေး ဘဲထက် ကောင်းလာဖို့ဟာ အထွေးရဲ့ အဓိကဆန္ဒပါ၊ ဘာမှဘဲ အန်တီမျိုးရင်သွေးလေးနဲ့ဆုံတဲ့အခါ မှန်ကန်တဲ့ အဆုံးအဖြတ်ကိုအန်တီမေကသာ ပေးနိုင်မှာ ဟုတ်လားဟင်"

ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေးမျက်နှာလေးကို စေ့စေ့ကြည့်ကာ ခေါင်းကို ဖြေးညှင်းစွာ ငြိမ့်ပြ၏။ သူ တိုးတိုးလေး ခပ်ဖြေးဖြေးပြော၏။

"အော် ... တခါတလေ လူ့ဘဝဟာ ဆန်းကျယ်တယ်နော်၊ ဆွေရင်း မျိုးရင်းတွေဆီက မရနိုင်တဲ့ ယုယ ကြင်နာ သနား ချစ်ခင်တဲ့ အပြုအမူတွေကို တစိမ်းတရံစံတွေဆီက ရတတ်ကြတယ်၊ အန်တီမေ အထီးကျန်ဘဝမှာ ကိုယ့်အပေါ်မှာ မင်းလိုဂရုတစိုက် ကြင်ကြင်နာနာ ပြုစုတာကို အန်တီမေ ကျေးဇူးတင်လိုက်တာကွယ်၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်တွေ၊ အထွေး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ"



ဆုပေးခံရသော အထွေးသည် ကြက်သီးဖြန်းဖြန်း ထသွား၏။

"စစ်ပြီးတာတွေ ဆယ့်ငါးနှစ်ရှိသွားပြီ၊ ခုဆိုမမမျိုးရဲ့ ကလေးဟာ အသက်နှစ်ဆယ်ထက် မငယ်တော့ဘူး၊ သူပညာမှ ပြည့်စုံရဲ့လား မသိ၊ မမစာထဲအရဆိုရင် ကလေးလေး မြန်မာပြည်ထဲမှာ ရှိနေမှာ၊ မမ ဘာကြောင့် ဒီလိုလုပ်ပါလိမ့်"

ဒေါ်ခင်မေဆက်သည် ကလေ ကို တွေ့ချင်ဇောစိတ် ဖြစ်လာဟန် တူပါသည်။

"အထွေးလဲ ဘာဏ်မှီသလောက် တွေးယူရတာပဲ၊ အန်တီ ဒေါ်ခင်မျိုးဆက်စိတ်ထဲမှာ အန်ကယ်ဂျွန်ရဲ့ ဆွေမျိုးတွေအလယ်မှာလဲ သူ့ရင်သွေးကိုမကြီးစေချင်ဘူးထင်ပါရဲ့၊ သူဘိုးဘွား အန်တီမျိုးကို နှိမ်သလို ကလေးကိုလဲ ဝိုင်းနှိမ်ကျရင် ကလေးစိတ်ဓာတ်ကျပြီး ပျက်စီးသွားမှာ စိုးတယ်ထင်ပါရဲ့၊ အန်တီမေတို့ လက်ထဲအပ်ပြန်ရင်လဲ ဒီကလေးကိုမှီပြီး ကလေးလုပ်ရှားသမျှ အန်တီ ဒေါ်ခင်မျိုးဆက်ကို သတိရတဲ့သောက၊ ဟိုဘက်အိမ် မိသားစုအပေါ်မကျေနပ်နိုင်တဲ့ အာဃာတနဲ့ယှဉ်တဲ့ သောကတွေ အန်တီမေမှာ ထပ်ပြီး ပိုလာမှာစိုးတာနဲ့ တူပါတယ်"

"အေး ... အထွေး တွေးတာတွေ အားလုံး ဖြစ်နိုင်တယ် ခုတောင် မောင်လေး ... မောင်လူအေးနဲ့ ရှယ်တူတွေတွေ့ရင် သူတို့ဟာ လူတန်းစေ့စာမှသင့်ရဲ့ ဘူး၊ မသေသင့်ဘဲနဲ့ ဖခင်တစ်ယောက် မလိမ္မာမှုကြောင့်သေရတယ် ဆိုတာ အန်တီမေရင်ထဲက တနုံ့နုံ့ဘဲ၊ အကြောင်းတရားတွေဘဲလို့ ဖြေတော့ ဖြေပါတယ်၊ တခါတလေတော့လဲ မဖြေလို့ရပါရဲ့၊ တခါတလေတော့လဲ မဖြေနိုင်ဘူး"

"အော် ... ဒါနဲ့ အထွေးလေ အန်တီမေကို တခုမေးချင်တယ်"

ရှင်မင်းထွေးသည် စကားကြောင်း ပြောင်းလဲလိုက်ခြင်းဖြင့် ဒေါ်

www.burmeseclassic.com

www.burmeseclassic.com

ခင်မေဆက် စိတ်ပြောင်းသွားအောင် မေးခွန်းတခုကို ကောက်၍ မေးလိုက်၏။

"ဟို...အန်တီမေတို့ ဖေဖေကြီးက အန်တီမေတို့ကိုလဲ ခိုင်းသွားတတ်တဲ့ ရွှေရင်ထိုးလေး တံဇင်ပုံကို သိမ်းသန့်လုပ်ပေးတယ်၊ ဟိုပန်းကန်တွေ ယွန်းထည်တွေ နောက်မှာလဲ တံဇင် တံဆိပ်ကို ဆက်မိသားစုပစ္စည်းတွေအနေနဲ့ မှတ်သားထားတယ်၊ အိမ်ကြီးကိုတော့ ဘာဖြစ်လို့ ခုခေတ် ပိတောက်မြိုင်တို့ စန္ဒာမြိုင်တို့ အေးရိပ်သာတို့ဆိုပြီး အိမ်တွေမှာ နာမယ်တတ်သလို "ရွှေတံဇင်" အိမ်ကြီးဆိုပြီး အမည်မတတ်တာလဲ" ရှင်မင်းထွေး မေးခွန်းအဆုံးတွင် ဒေါ်ခင်မေဆက်သည် ပြုံး၍ ဖြေ၏။

"သူ့မေးခွန်းကလဲ မမချိုးမေးခွန်းနဲ့ တူလိုက်တာ၊ တခါတုန်းက မေမေ့ကို မမက ဒီလိုပဲ မေးခွန်း မေးခဲ့ဘူးတယ်ကွယ်၊ အထွေးကို အန်တီမေပြောပြမယ်၊ ဖေဖေနဲ့ မေမေ့ရဲ့ အခြေခံစိတ်ပေါ့၊ လင်မယားဆိုတာ မတူတာလဲရှိတယ် တူတာလဲရှိတယ်၊ ဘယ်တော့မှအော့ ဦးလေးသက်တို့ လင်မယားလို အမဲဖျက်မဘတ် သားသမီးတွေရှေ့မှာရန်မဖြစ်ဘူး၊ သဘောကွဲလို့ ဆွေးနွေးစရာ စိတ်မချမ်းသာစရာ ပြောတောင် အိပ်ခန်းထဲမှာ လင်မယားနှစ်ယောက် တံခါးပိတ်ပြီး ပြောကြတယ်၊ တယောက် ဝါသနာပါတဲ့ကိစ္စမှာ တယောက်ကမပါတောင် ဖျက်လိုဖျက်ဆီး အတင်းအကြပ်ပိတ်ပင်တားမြစ်တာတွေ မရှိခဲ့ဘူး၊ အတတ်နိုင်ဆုံးအထိတော့ လိုက်လျောကြတာပဲ၊ အန်တီမေ ဉာဏ်မှီသလောက် တွေးယူရတာကတော့ မေမေဟာ အတွေးအခေါ်ကြတော့ လောကုတ္တရာသဘောနှယ်တယ်၊ ဖေဖေကတော့ သည်းခံတာတွေ ခွင့်လွှတ်တာတွေဆိုတဲ့ စိတ်ဓာတ်မြင့်မြတ်ဖို့ သီလ ထိန်းတာကလွဲရင် လောကီဆန်တယ် ဆိုရမယ်၊ မေမေတခါက ပြောတယ်၊



ဆက်မိသားစုတို့ ရွှေတံဇင် အမှတ် တံဆိပ်တို့ ဆိုတာ တွေဟာ ပညတ်သဘောတွေပါပဲတဲ့၊ အာသောက မင်းတရားကြီးဟာ စကြာဝတေးမဏ္ဍတ်မင်းလောက် တန်ခိုးအင်အားကြီးမားခဲ့ပြီး သူ လှူသမျှ ကျောင်းကန် ဘုရား ရေတွင်းရေကန် မှတ်ဦးတွေမှာ စကြာတံဆိပ်တွေ အမြှုတ်ထွင်းထု ဖော်ပြထားခဲ့လို့ အိန္ဒိယယဉ်ကျေးမှု အနုပညာလိုက်စားတဲ့သူတွေ တူးဖော်ရသမျှ အဆောက်အဦးတွေမှာ အာသောကမင်းတရား လက်ထက်ခေတ် ဗိသုကာပညာလက်ရာဆိုတာကို အထင်အရှားတွေ့ကြရတယ်၊ တာလဲ တန်ခိုး တရစ်ပါပဲတဲ့၊ လောကီကို လောကီလို တွေးရမယ်ဆိုတာ ဟာမှန်ပါတယ်တဲ့၊ ဒါပေမင့် အာသောကမင်းတရားကြီးလဲ မမြဲဘူး၊ ဒီစကြာတံဆိပ်အဆောက်အဦးတွေလဲ ပညတ်သဘောမျှ လောက်သာဖြစ်တယ်တဲ့၊ တရားသဘောနဲ့ လောကုတ္တရာဆန်ဆန် တွေးကြည့်တော့ အားလုံးဟာမမြဲဘူး၊ ဖောက်ပြန် ပျက်စီးကြတဲ့ သခါရနယ်မြေက ဘယ်သူမှမလွတ်ကင်းနိုင်ပါဘူးတဲ့၊ တာကြောင့် သူသေရင်တောင် ဂူမသွင်းပါနဲ့ မီးသင်္ဂြိုဟ်ပါ၊ သင်္ဂြိုဟ်လို့ မရတဲ့ အခြေဆို မြေမှာသာ ရိုးရိုးမြှုတ်နှံလိုက်ပါတဲ့၊ ဘာမှ အထိန်းအမှတ်မထားပါနဲ့ တဲ့၊ ဒါ့ကြောင့် မေမေ့ကို ဖေဖေရော အန်တီမေရော ဘယ်လိုအဲ ချစ်ချစ် သူ့ဆန္ဒအတိုင်း အုတ်ဂူမသွင်းတာပေါ့၊ ခုလဲ ဒီအိမ်ကြီးကိုနာမယ်ပေးဖို့ကျတော့ မေမေ့ဆန္ဒကို ဖေဖေက မကျော်လွန်ချင်ဘူးထင်ပါရဲ့၊ ရင်ထိုးတွေကို အမှတ်တရပေးတဲ့ ကိစ္စမှာတော့ တခါ ဖေဖေဆန္ဒကို မေမေက မကန့်ကွက်လိုဘူး ထင်ပါရဲ့"

"ဟုတ်တယ်....ဖြစ်နိုင်တယ်နော်၊ ကဲ—ကဲ ...ဘီစကစ် နှစ်ချပ်လောက်တော့ ကျွေးစားစားလိုက်ပါအုံး အန်တီမေ၊ ဟောလစ်လဲ ဖျော်ယူခဲ့မယ်၊ ပြီးတော့ အိပ်လိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ရှင်မင်းထွေးသည် စကားစကို ဖြတ်လိုက်ခါ မုန့်နှင့် ဟောလစ်ကိုယူလာသည်။ ပြီးမှ ဒေါ်ခင်မျိုးဆက်၏ စာများကို မီးအာမခံသေတ္တာတွင် သေချာစွာ သိမ်းလိုက်၏။

* * * *

ပဇ္ဇုန်နတ်သားသည် ထင်သလို သောင်းကျန်းခဲ့ပြီ။ နတ်ဝတ်ပုဆိုး တိမ်မီးခိုးကို ဝတ်ခါ ကောင်းကင်ကို ခြေတော်တင်ရာဥသျှောင်အဖြစ် သတ်မှတ်၍ တောကစားခဲ့၏။ သူ့နောက်လိုက်မုတ်သုတ် လေနတ်သားကိုလည်း သူ့နောက်ပါးမှ ထင်သလိုတိုက်ခတ်ခွင့်ပြုခဲ့၏။ ပညာရှိဘိသပါသော ဝါးရုံပင်တို့က နတ်ပုဆိုးကို မကာ မကာဖြင့် မုတ်သုန်လေတိုက်ရာကို အလိုက်သင့်ဦးညွှတ်ကြ၏။ မာနမာနမတ်ခတ် တင်းခံကြသည့် သစ်ပင် အမာခံကြီးများသည် အပိုင်းပိုင်း ကျိုးကျကြ၏။

"အစ ပထမတုန်းကတော့ သူလဲ ကောင်းကဲ့ပေသား" ဟု မြက်လေးများက စကားဆို၏။ ကောက်ပင်များကလည်း ဤသို့ပင်ပြော၏။ ပုလဲလို မိုးစက်ကို မြေပြင်ပေါ်ကြဲချ၍ စိန်များတန်လေးများကိုလဲ လယ်ပြင်ပေါ်သို့ပြစ်လွှင့်၏။ မှန်၏။ အစကတော့ ကောင်းတော့မလိုလိုပါဘဲ၊ မိုးလယ်ရောက်တော့ ပဇ္ဇုန်နတ်သား ထင်သလို သောင်းကျန်းလိုက်ပုံက စိန်များတန်အစား ပေါက်ဆိန်ကို မြေပေါ်ကြဲချတော့သည်၊ အပျော်ကြူးလာခဲ့သည်၊ သူတီးခတ်သော စောင်းကြိုးတို့သည်လည်း အပိုင်းပိုင်း ပြတ်ခဲ့ပြီ။ ဘယ်သူကမှ ဂီတသံလို့မထင်ခြေ။ ကလေးများကပင် သူ့စောင်းသံကိုကြောက်၍ နားပိတ်ထား၏။ သူ့ကို တခါက ကြိုဆိုခဲ့ပါသော ကောက်ပင်တို့သည် တဖိန့်ဖိန့်တုံကာ သူ့ကို ကြောခိုင်းခဲ့ကြပြီ။



ထိုင်ဒွားကို အဝေးက မလှမ်းမကမ်းသာ မြင်ဘူး၏။ တာသောဆိမေ့ပ၍ ကြက်သရေရှိသော မိန်းမတယောက်ဟု သူမထင်ခဲ့ပေ၊ နှင့်ရင်ထဲတွင် သူ့တုမ တင်မာလာ ရုတ်တရက် မျက်လုံးထဲသပါလာသလိုဖြစ်ခါ ဆို့နင့်နင့်ကြီး ဖြစ်သွားရင်း အထွေးညက်မောင်းလေးကို တင်းကြပ်စွာဆုတ်ကိုင်မိ၏။ မင်းရွှေဇံကတဲ့ ဒေါ်ခင်မေဆက် မှာသမျှ ဒေါ်မေကြည်သင်းကို ပြောသည်၏။ ရှင်မင်းထွေးသည် စကားပြောရန်ကျိုးစားပါ၏။ ပြော၍လုံးမှမထွက်၊ လည်ချောင်းထဲဆို့နစ်နစ်နှင့် ပါးစပ်ကလည်းကပ်နေသလို နှုတ်ခမ်းများ လှုပ်ရှား၍မရ ဖြစ်နေ၏။ ဦးမင်းမနိုပါ သူတို့အပါးရောက်လာသည်။ ရှင်မင်းထွေးသည် ဂွန်း၏မိကျက်မဲ့ကိုယ်ကို ပြင်ဆင်ထားသော ကုတင်အပါးသို့ ဘယ်လိုခြေမ်းနှင့် ရောက်လာမှန်းပင် မသိအောင် ချောက်ခြားနေ၏။ အတ်သည် မျက်လုံးမှိတ်ခါ အိပ်ပျော်နေသလိုဖြစ်နေ၏။ ဦးရွှေဦးပါလိုမောင်နှမလို နှာတံအလယ်တွင် မို့မို့ကောက်ကောက်ဖြစ်၍ "ခဲ့သာကြောင့် ပါးလျှား ပိန်လျှော့နေသော ပြူဆတ်နေပါ့ပါးပြင်နှစ်ခုအလယ်တွင် သူ့နှာတန်သည် လုပနေ၍ သေ "ဒီပန်းသည်။ ရှင်မင်းထွေးသည် ငွေလင်ပန်းပေါ်မှ ပန်းကုံးသင်းကိုလဲ ဖြတ်ပေါ် တင်ဆဲတွင် သူ့လက်များသည် တဆတ်မကောင်းလှ၏။ သူနာပြုဆရာမ အနေနှင့် သက်မဲ့ခန္ဓာပေါင်းကလဲ ပြောပြနေကြသူ ကိုင်ဘူးလှပြီ၊ သူတို့ခါမှ ယခုတကြိမ်လိုယူသွား၊ အထွေးရင်း မဖြစ်လှပေ။ လေးကို သတ်သတ်ရယ်…အမျှ…အမျှ…အမျှ" မဆိုရပေမင့် သူ့ချစ်သူမှာသလို သူ အမျှဝေနေဆဲ သူ့မျက်လုံးမှ ရင်ပတ်ပေါ် ကျလာတာ လင့်သော မျက်ရည်ပေါက် ကြီးများ ကုသိုလ်သဘောထားပြီး ကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com

ရှင်မင်းထွေးသည် စကားစကို ဖြတ်လိုက်ခါ မှန်နှင့် ခြေတံလစ်ကိုယူလာသည်။ ပြီးမှ ဒေါ်ခင်မျိုးဆက်၏ စာများကို မီးဖိုမြမခံသေတ္တာတွင် သေချာစွာ သိမ်းလိုက်၏။

*  *  *  *

ပန္နက်နှုတ်သားသည် ထင်သလို သောင်းကျန်းခဲ့ပြီ။ နတ်ဝပုဆိုး တိမ်မီးခိုးကို ဝတ်ခါ ကောင်းကင်ကို ခြေတော်တင်ဥသျှာဉ်အဖြစ် သတ်မှတ်၍ စောကစားခဲ့၏။ သူ့နောက်လိုက်မှတ်သူတ် လေနတ်သားကိုလည်း သူ့နောက်ပါးမှ ထင်သလိုတိုက်ခတ်နိုင်ပြုခဲ့၏။ ပညာရှိပီသပါသော ဝါးရုံပင်တို့က နုဖုပုဆိုးကို မကာ မကာဖြင့် မုတ်သုန်လေတိုက်ရာကို အလိုက်ဦးညွတ်ကြ၏။ မားမားမတ်မတ် တင်းခံကြသည့် သစ်ပင်အိုခါကြီးများသည် အပိုင်းပိုင်း ကျိုးကျကြ၏။

"အစ ပထမတုန်းကတော့ သူလဲ ကောင်းကဲ့ပေသားပေါ်မြက်လေးများက စကားဆို၏။ ကောက်ပင်များကလည်းကိစ္စမှပင်ပြော၏။ ပုလဲလို မီးစက်ကို မြေပြင်ပေါ်ကြဲချ၍ စိန်း။ ဒီဇန်းလေးများကိုလဲ လယ်ပြင်ပေါ်သို့ပြစ်လွှင့်၏။ မှန်၏။ အေး။ ကောင်းတော့မလိုလိုပါဘဲ၊ မီးလယ်ရောက်တော့ မှုတ်တိုက်အိမ်ထင်သလို သောင်းကျန်းလိုက်ပုံက စိန်များတန်ဇများ တုံနေ၏။ ဆိန်ကို မြေပေါ်ကြဲချတော့သည်၊" အပျော်ဦးမင်းဟန်၊ ဒေါ်မေတီးခတ်သော စောင်းကြိုးတို့သည်လည်း အနက်ကပ်သာချိတ်နှင့်ဘယ်သူကမှဂီတသံလို့မထင်ခြေ။ ကလေးမျှ ငွေလင်ပန်းကိုကိုင်ရက်ကိုကြောက်၍ နှားပိတ်ထား၏။ သူ့ကို ဇာ ရှင်မင်းထွေးကို ဒေါ်ကောက်ပင်တို့သည် တဖိန့်ဖိန့်တုံကာ ခေးနေမိသည်။ ရှင်မင်း



ထွေးကို အဝေးက မလှမ်းမကမ်းသာ မြင်ဘူး၏ တာသောက်လုပ၍ ကြက်သရေရှိသော မိန်းမတယောက်တု သူမထင်ခဲ့ပေ၊ သူ့ရင်ထဲတွင် သူ့တူမ တင်မာလာ ရုတ်တရက် မျက်လုံး သဲပေါ်လာသလို ဖြစ်ခါ ဆို့နင့်နင့်ကြီး ဖြစ်သွားရင်း အသေးလက်မောင်းလေးကို တင်းကြပ်စွာဆုတ်ကိုင်မိ၏။ မင်းရွှေက သာ ဒေါ်ခင်မေဆက် မှာသမျှ ဒေါ်မေကြည်သင်းဆို ပြောပြ၏။ ရှင်မင်းထွေးသည် စကားပြောရန်ကျိုးစားပ၏ ပြော၍တလုံးမှမထွက်၊ လည်ချောင်းထဲဆို့နစ်နစ်နှင့် ပါးစပ်ကလည်းစေးကပ်နေသလို နှုတ်ခမ်းများ လှုပ်ရှား၍မရ ဖြစ်နေ၏။ ဦးမင်းဟန်ပါ သူတို့အပါးရောက်လာသည်။ ရှင်မင်းထွေးသည် ဂျွန်၏သက်မဲ့ကိုယ်ကို ပြင်ဆင်ထားသော ကုတင်အပါးသို့ ဘယ်လိုခြေလှမ်းနှင့် ရောက်လာမှန်းပင် မသိအောင် ချောက်ခြားနေ၏။ ဂျွန်သည် မျက်လုံးမှိတ်ခါ အိပ်ပျော်နေသလိုဖြစ်နေ၏။ ဦးရွှေဦးတို့ မောင်နှမလို နှာတံအလည်တွင် မို့မို့ကောက်ကောက်ဖြစ်၍မနေသောကြောင့် ပါးလျားပိန်လျှော်နေသော ဖြူဆွတ်နေသည့် ပါးပြင်နှစ်ခုအလည်တွင် သူ့နှာတန်သည် လှပနေ၍ သေပန်းပွင့်လှသည်။ ရှင်မင်းထွေးသည် ငွေလင်ပန်းပေါ်မှ ပန်းကုံးကို ဂျွန်ရင်ပတ်ပေါ် တင်ဆဲတွင် သူ့လက်များသည် တဆတ်ဆတ် တုံနေ၏။ သူနာပြု ဆရာမ အနေနှင့် သက်မဲ့ခန္ဓာပေါင်းများစွာကို တွေ့ဘူး ကိုင်ဘူးလှပြီ၊ သူတခါမှ ယခုတကြိမ်သို့ တုံလှုပ်ချောက်ခြားခြင်း မဖြစ်လှပေ။

"အန်ကယ်... ဂျွန်"'အမျှ....အမျှ....အမျှ"

ဒေါ်ခင်မေဆက်မှာသလို သူ အမျှဝေနေဆဲ သူ့မျက်လုံးမှ သကိုယ်တိုင် မမျှော် လင့်သော မျက်ရည်ပေါက် ကြီးများ တပေါက်ပြီးတပေါက် ကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲကွယ် ... ရှင်မင်းထွေး ပြန်နိုင်ပါပြီ၊ မင်းရွှေဇံ အထွေး ကြည့်ရတာ သိပ်ကို စိတ်ထိခိုက်နေပုံရတယ်"ဟု ဦးမင်းချိန်သည် အပေါ်မှလာရပ်ခါ ပြောလိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ...အန်တီဒေါ်မေကြည်သင်းကို ကျွန်တော် ကတော့ ခွင့်တောင်းပါရစေ၊ ကျွန်တော်တို့ မထိုင်တော့ဘူး၊ ခွင့် လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်....ခွင့်လွှတ်ပါတယ်"

ဒေါ်မေကြည်သင်း၏ရှိုက်သံသည် သူတို့နောက်တွင် ကျန် ရစ်၏။ ကားပေါ်သို့ ရှင်မင်းထွေး သည် ခေါက်တော့ မှ ပင် ရှိုက်ကြီးတငင် ငိုတော့သည်။

"အထွေးကိုခွင့်လွှတ်ပါ ဆရာရယ်၊ အထွေး အားရအောင် ငိုချင်တယ်၊ အထွေးဘာဖြစ်မှန်းမသိဘူး၊ အန်ကယ်ဂျွန်ကိုလေ ဒီတခါ စေ့စေ့စပ်စပ် မြင်ရဘူးတာ၊ သူ-သူ ခုတော့လဲ ချစ်စရာ သနားစရာ မျက်နှာလေးနဲ့ လှလိုက်တာ၊ အန်ကယ်ဂျွန် အို့ အန်တီ ဒေါ်ခင်မျိုးဆက် သိချင် ရင်ကွဲမှာ၊ သူတို့ နှစ်ယောက် အကြောင်းကလဲ မကောင်းလိုက်တာ"

"ကားပေါ်မှာ အားရအောင်ငို အထွေး၊ အိမ်ရောက်ရင် အထွေးက စိတ်တင်းရမှာ၊ အန်တီမေဟာ ဘယ်လိုဘဲ စိတ်မထိ ခိုက်ဘူး ဆိုပေမင့် အထွေး စဉ်းစားကြည့်စမ်း၊ သူ့ နောက် ကြောင်းတွေကို ဒီနေ့လိုအချိန်မှာ ဘယ်လောက် ပြန်တွေးမိပြီး စိတ်လှုပ်ရှားမလဲဆိုတာ"

"ဟုတ်ပါတယ်-ဟုတ်ပါတယ်၊ အထွေးလေ သူတို့ ကိုယ်ရေး ကိုယ်တာတွေကို သိခွင့်ရှိသလောက် သိထားတော့ အန်တီမေ ကိုလဲ သိတ်သနားတာဘဲ"



"ဆရာတောင် ဦးကျိုးမြိုင်နဲ့ မနက်က စကား စပ်မိရင်း ဒေါ်ခင်မျိုးဆက်နဲ့ ဂျွန် အကြောင်း သိလာ ရတော့ စိတ်ထဲ ဘယ်လိုဖြစ်မှန်းမသိဘူး"

နောက်သပ်ိ စကား မဆက်တော့ဘဲ သူတို့သည် ကားကို ဆက်မောင်းလာကြ၏။ ဒေါ်ခင်မေဆက် အိမ်အဝတွင် ဒီဗန်း သည် သူတို့ကို ကြိုနေ၏။

"ကဲ....ဆရာလဲပြန်မယ်အထွေး၊ အန်တီမေကို ဆရာနှုတ်ဆက် သွားတယ်လို့ ပြောလိုက်ပါ၊ ဆရာ့ကိုတွေ့ရင် သူ အသေးစိတ် မေးရက စိတ်သစ်စရာတွေ ဖြစ်လာမှာစိုးလို့ပါ"

"ကိစ္စမရှိပါဘူး ဆရာ၊ အထွေး ပြေလည်အောင် ပြောပြ ပါ့မယ်"

ရှင်မင်း ထွေးကို နှုတ်ဆက်ခါ ဒေါက်တာ မင်းရွှေဇံ သည် ကားမောင်း၍ပြန်လာ၏။ သူ့ ရင်ထဲမတော့ သူ့ဖခင်သံ စာ ရေးဖို့ ဆုံးဖြတ် လိုက်သည်။ သူ့ ဖေဖေ လာမှ ပင် ဘယ်လို ဆောင်ရွက်သင့်သည်ကို အားအဖ နှစ်ယောက် တိုင်ပင်ကြည့် တော့မည်။

မင်းရွှေဇံနှင့်ရှင်မင်းထွေး နှစ်ယောက်အတူယှဉ်တွဲခါ သွား ရောက်ခဲ့သောကိစ္စမှာ ချာပနကိစ္စပင်ဖြစ်သော်လည်း မင်းရွှေဇံ သည် ကြည်နူးမိသည်။ သူ့ စိတ်သည် ထွေထူးသောဝေဒနာတခုကို ခံစားမိ၏။ ရင့်ကျက်သော အိမ်ခြေနှင့် သူ့ အပေါ်တွင် ကြင်လို့ မိန်းကလေးတယောက် ယှဉ်မှီလိုက်ပါလာခြင်းအတွက် သူကြွား သော အရသာလို့ ဖြစ်မိ၏။ ဤသို့ အစဉ် ယှဉ်မှီလိုက် ပါပို့ ချစ်သူတယောက်မှာ ရှင်မင်းထွေးသာဖြစ်သည်ဟုလို သူ့ စိတ် သည် သူ့ အား အိမ်အပြန် လမ်းတွင် တတွတ်တွတ် ပြောခဲ့၏။

www.burmeseclassic.com

သူသည် ဖခင်ဦးမေအောင်ထံသို့ ရန်ကုန်သို့ အမြန် လိုက်လာရန် အိမ်ရောက်ရောက်ခြင်း စာရေးလိုက်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ပန်းတို့မည်သည် လိုချင်၍ ဆွတ်ခူးလိုတိုင်း သစ်ကိုင်းပေါ်မှ ပုတ်ချ၍မရ၊ ပန်း၏တန်ဖိုးအရ ဆွတ်ခူးရသည့် ဆွတ်ခူးပုံနည်းကိုလည်း သိမ်မွေ့စွာ လိုက်နာ လုပ်ဆောင်ရဦးမည် ဖြစ်သည်။

ရှင်မင်းထွေးကမူ ဒေါက်တာမင်းရွှေ ဘာစိတ်ကူး၍သွားသည်ကို မသိ၊ သူက လိပ်ပြာသန့်သူဖြစ်၏။ သူယခု လောလောဆယ် စိတ်ဝင်စားနေသည်က အန်ကယ်ဂျွန်ပင် ဖြစ်၏။ ငွေလင်ပန်းလေးကိုကိုင်ကာ အိမ်ထဲသို့ ဖြေးညှင်းစွာ ရှောက်လာသော်လည်း မျက်လုံးထဲတွင် ဂျွန်၏မျက်နှာကမပျောက်။ ဒေါ်ခင်မျိုးဆက်၏ နေရာအမှန်ကိုသိပါရင်လဲ သူသည် ဘယ်သူ့ထံကမှ ခွင့်ပြုချက်တစုံတရာကို တောင်းယူ၍ မနေတော့ဘဲ ဂျွန်ကွယ်လွန်ကြောင်းကို အကြောင်းကြားလိုက်မည်သာဖြစ်၏။

"အိုလေ-နိုင်ငံခြားသံရုံးတွေကို မြန်မာသတင်းစာတွေ မှန်မှန်ရောက်နေတာသဲ၊ သူသိမှာပါ။ ရိုးရိုး မှာကြည့်တဲ့ လူတွေဆီမှာလဲ ရောက်မှာပါ၊ အန်ကယ်ဂျွန်ရဲ့ နာရေးကြော်ငြာကို သူဖတ်မိမှာပါ၊ ဖတ်မိတော့လဲ ဟင်း...ဘယ့်လို အကြောင်းပါလို့တွေ့ကြုရတော့မှာမှမဟုတ်တော့ဘဲ... သူတို့မတွေ့ကြရတော့ဘူး"

တွေးယောက်ရှည်းစိတ်ကူးရင်း ရှင်မင်းထွေးသည် ဘုရားခန်း ရှေ့တွင် ရပ်လိုက်၏။

ဘုရားခန်းထဲတွင် ဒေါ်ခင်မေဆက်သည် ငြိမ်သက် စွာ ဘုရားကို အာရုံပြုနေ၏။ သူသည်သည်း ညင်သာစွာလှမ်းဝင်ကာ



ဒေါ်ခင်မေဆက် နောက်ပါးတွင်ထိုင်၍ ဘုရားကိုအာရုံပြုသည်။ အန်ကယ်ဂျွန်နှင့် အန်တီဒေါ်ခင်မျိုးဆက်တို့ နောက် ဘဝတွင် ယခုလို အဖြစ် ဆိုးမျိုး နောက်ထပ် မကြုံရပါစေနှင့်ဟု ဆုတောင်းရင်း သူသည် ထပ်မံ အမျှဝေ၏။

သူ့အပေါ်ဝယ် အန်ကယ်ဂျွန်၏ ဝိညာဉ်သည် လာရောက်ခါ သာမုခေါ်နေသည်ဟုလည်း သူထင်၏။ အော်-လူ့ဘဝ တကယ့်ဇာတ်ကြောင်းပင်ဖြစ်လေသလဲ ဝတ္ထုထက်ပင် ဆန်းကြယ်ခါ ဝတ္ထုထက်ပင် ကြေကွဲဘွယ်ရာ ကောင်းလှပေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၉

## အခါတပါး

သားဖြစ်သူ ဒေါက်တာ မင်းရွှေဇံ၏ စာအရ လိုက်လာခဲ့ရသော ဦးမေအောင်သည် သူ့သား လေယာဉ်ပျံကွင်းတွင် လာကြိုသည်ကို မတွေ့ရပေ။ သက်ဖေတယောက်တည်း လာကြို၏။

"ဆရာ ဒီနေ့ ခွဲစိတ်တဲ့နေ့ဆိုတော့ မအားဘူး ဖေဖေကြီးတဲ့ကြောင့် ကျွန်တော်တယောက်ထဲလာကြိုတာ"

"အေး .. သားနေကောင်းရင် ပြီးတာပဲကွယ်"

ဦးမေအောင်သည် လေယာဉ်ကွင်းမှ ထွက်ခွာလာသောအခါ ကား၏နောက်ပိုင်းတွင် ထိုင်ရင်း ငါးနှစ်တာမျှ ခွဲခွာနေသော ရန်ကုန်မြို့ကြီး၏ပြောင်းလဲမှုကိုကြည့်ရင်း လိုက်ပါလာ၏။ စကားတလုံးမှမပြောမိ။ သို့သော် သက်ဖေသည် ရွှေတံဇင်အိမ်ကြီးဝင်းထဲသို့ ကားချိုးလိုက်သည့်တပြိုင်နက် သူသည် အသိတ်တလန့် အော်လိုက်၏။

"ဟဲ့... ဟဲ့....သက်ဖေ၊ ဘာနဲ့ ဒီအိမ်ကြီးမှာ သားနေသလား"

သက်ဖေပင် ရုတ်တရက် ကားကိုထိန်းလိုက်ရ၏။ အဘိုးကြီးအော်သံကို လန့်သွားသောကြောင့်ဖြစ်ပါသည်။



"ဟုတ်ကဲ့ ဖေဖေကြီးရဲ့၊ သူ့အတွက် ဆေးရုံက အိမ်ပေးပါတယ်၊ သူကမှမ်နေချင်တာ"

"အေး....ငါကလဲ အိမ်ရော့ လာလည်ပါဆိုတော့ တခြားအိမ်များလားလို့၊ ဒီအိမ်ကြီးဆိုတော့ သိပ်ကောင်းတာပေါ့၊ ပုံစံကသာ ရှေးမြန်မာဆန်ဆန် ဆောက်ထားသို့၊ ရှိုးတာရယ်.... ကျက်သရေရှိတဲ့အိမ်ကြီး"

ကားဆင်ဝင်အောက်သို့ထိုးရပ်လိုက်လျှင် သူကိုယ်တိုင် ကားတံခါးဖွင့်ဆင်းကာ ဆင်ဝင်အောက်တွင်ခါးထောက်၍ ခြံဝင်းကိုရော အိမ်ပတ်ဝန်းကျင်ကိုရော သူ အနှံ့ကြည့်လိုက်၏။

"အားလုံးဟာ ဘာမှမပျက်စီးသေးပါလား၊ အရင်အတိုင်း ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်းကြီးပဲ"

သူသည် ရှင်းရှင်းနှိုးနှိုး အားရပါးရပြောလိုက်၍ သက်ဖေပင် အံ့သြသွား၏။

"ဖေဖေကြီးလာမယ်ဆိုလို့ ဆရာကလေ အားလုံးအဆင်သင့်ပြင်ထားတယ်၊ သူ့လဲလာကြိုဖို့ သိပ်ကြိုးစားကြတဲ့က ဝမ်းသာနေတာ"

သက်ဖေမိန်းမကလည်း အားရဝမ်းသာပြောချင်း သံဆွဲတံခါးကိုဖွင့်လိုက်၏။ သက်ဖေချပေးသော ကားပေါ်မှပစ္စည်းများကို အိမ်တွင်းသို့ သယ်ယူသွား၏။

"အို .. ဟို၊ဆရာမင်းရွှေဇံအဖေလာမယ်ဆို ဘယ်သူများလဲလို့ ဝတ်လုံတော်ရကြီးပါလား"

ဘယ်ကပေါက်လာသည်မသိ၊ လက်ခုတ် လက်ဝါး တီးကာ သူ့နောက်ပါးတွင် ဦးကျီးမြိုင်ကလည်း ဝမ်းပန်းတသာကြီး ဆို၏။ သူတို့သည် ဆွေရင်း မျိုးရင်းများလို ပြန်လည်၍တွေ့ဆုံဟန်သည် ရှင်းနှိုးခင်မင်လွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျီးမြိုင်ကလဲ မအိုပါလား၊ ဝဝခန့်ခန့်ကြီးနော်"

ဦးမေအောင်သည် ဦးကျီးမြိုင်လက်မောင်းများကို ဆုပ်နယ်ကာ ဖက်လဲတကင်း ပြော၏။

"ဝတ်လုံတော်ရကြီးကိုလဲ တယ်သူက ခြောက်ဆယ်ကျော်လို့ ပြောမှာလဲ၊ စိုစိုပြေပြေ နုနုဖတ်ဖတ်ကြီးဘဲ၊ ကျွန်တော် ဝမ်းသာလိုက်တာဗျာ၊ သူဌေးမကြီးလဲ ဝတ်လုံတော်ရကြီး ရောက်လာတာသိရင် ဝမ်းသာမှာ၊ ကျွန်တော်ကလေ ဆရာကြီးကို ဘယ်သူ့သာလဲ တာလဲ မစပ်စုမိဘူး၊ စကားမစပ်မိဘူး"

ဝမ်းသာနှင့်အမျှ ဦးမေအောင်သည် ဝမ်းလဲနည်း၏။

"အေးလေဗျာ... သူလေ ဒေါ်ခင်မေဆက်လေ နေကောင်းရဲ့လား၊ သူဘယ်မှာလဲ"

"ကမာရွတ်မှာ တိုက်ကလေးတလုံး ရှိသေးတယ်ခလေ၊ အဲဒီတိုက်မှာ သူပြောင်းနေတယ်"

"ဘုရား—ဘုရား... သူ့ခုလို ကျန်းကျန်းမာမာ ရှိနေသေးတယ်ဆိုတာ ကြားရတော့ ဝမ်းသာလိုက်တာ တခါထဲကို အဆက်ပြတ်နေတာဘဲ"

"အို...တနေ့နေ့ အခွင့်ကြုံရင် တွေ့ကြတာပေါ့"

"ကဲ... ကဲ...အိမ်ပေါ် တက်ပါအုံး"

ဦးမေအောင်သည် ဦးကျီးမြိုင်နှင့် ထွေရာလေးပါး စကားစများကို ဧည့်ခန်းတွင် ထိုင်ကာ အတော်ကြာပြောကြ၏။ ပြီးမှ အပန်းဖြေရန် သူ့အတွက် ပြင်ဆင်ထားသော အိမ်ပေါ် အိပ်ခန်းသို့ တက်သွားတော့သည်။

သူသည် အဝတ်အစားလဲကာ ကုတင်ပေါ်လှဲ၍ မျက်စိသာ မှိတ်ထားရသည်၊ စိတ်ထဲတွင်တော့ အိမ်ကြီး၏ အတိတ်မှ ရွေ့ရှား နေသော သဏ္ဌာန်များနှင့် အတူ ကျက်သရေဆောင် နတ်မိမယ်



နှစ်ယောက်ဟန်မှာ သူ့နှလုံးသား ကြေးမုံတွင် ပြန်လည်လှုပ်ရှားလာကြ၏။ မြစိမ်းရောင် ဒေါက်စရစ်ပန်းများနှင့် သန္တာပွင့်ညှာ တတ်ထားသော ဆိတ်ဖလူးပန်းများသည် ကညာနတ်မယ်များ အပေါ်တွင် တဖွားဖွားကျွေကျလာကြသည်။ အိပ်မက်ခန်းသည် သာယာကြည်နူးဘွယ် ကောင်းလေစွ။

သူအိပ်ရာမှ မနိုးတနိုးတွင် ခြေသံတချက်ကြားရပြီ သူ့သား၏ ခြေသံ၊ မင်းရွှေဇံ၏ ခြေသံ။ သူသည် ကုတင်ပေါ် ငုတ်တုတ်ထိုင်လိုက်၏။ ခန်းဆီးကြားမှ သူ့သားကြီးသည် ဘွားဘွားကြီး ပေါ်လာ၏။ လက်ကိုဆန့်တန်းလိုက်သည်။ ငယ်ငယ်တုန်းက ကျောင်းကအပြန် အဖေ့ဆီကို ပြေးလာသလို ယခုလည်း "ဖေဖေ" ဟု အားရပါးရခေါ်ကာ သူ့ကို ပြေးဖက်လိုက်သည်။ ကုတင် ပေါ်တွင် သူ့ကိုဖက်ရင်း ထိုင်လိုက်၏။ သူသည်လည်း တဟဲဟဲ ရယ်ကာ သားကို ပြန်ဖက်သည်။

"ဖေဖေရာ ...သားလာမကြိုတာကို စိတ်မဆိုးနဲ့၊ ကျွန်တော် ဒီနေ့အလုပ်များနေလို့"

"ဖေဖေ သိပါတယ် ...တာနဲ့ ဒီအိမ်ကြီး ငှားနေတယ်ရယ်လို့ သားက စာထဲမှာမှ မရေးဘဲ၊ သားက ဆေးရုံကြီး လိပ်စာသာ တတ်ထားလို့ သံကြိုးလဲ ဆေးရုံကြီးလိပ်စာနဲ့ ရိုက်လိုက်တာ"

"အို ...ရေးဖို့မှမလိုဘဲ၊ ဖေဖေနဲ့လဲ ဒီအိမ်ဟာ အဆက်အစပ် ရှိခဲ့တယ်လို့ သားမှမသိဘဲ၊ အခုတော့ ဆေးရုံကအပြန် လမ်းမှာ ကားပေါ်မှာလေ သက်ဖေက ပြောပြတယ်၊ ဖေဖေ့ကို သူလေ ယာဉ်ပျံကွင်းက ကြိုလာတော့ ဒီအိမ်ဝအရောက် ဖေဖေက အီလန့် တကြားအော်လိုက်တာ ကျွန်တော်တောင် လန့်သွားတယ်တဲ့၊ ဦးကျီးမြိုင်တို့နဲ့ တွေ့တော့လဲ တကယ့် ဆွေရင်းမျိုးချာ တွေ့လို့

www.burmeseclassic.com

www.burmeseclassic.com



ဘဲတဲ့ လိုက်လိုက်လဲ့လဲ့ နှုတ်ဆက်လိုက်တာတဲ့၊ ဖေဖေက ဒေါ်ခင် မျိုးဆက်တို့နဲ့ မိတ်ဆွေဟောင်းတွေပေါ့ အသိတွေပေါ့”

“သိသမှ သိပ်သိတာပေါ့ သားရယ်”

“အို… မပြောပါနဲ့တော့ ဒီအိမ်ကြီးဟာလေ သိချင်စရာတွေ သိပ်များတာတဲ့နော်၊ ကျွန်တော်မြင်မြင်ခြင်း သဘောကျလိုက် တာ၊ ကျွန်တော့ သူငယ်ချင်း ဒေါက်တာအုံးမောင်နဲ့ ဆက်သွယ် မိပြီး ငှားဖြစ်တာ၊ အိမ်ပိုင်ရှင်ဒေါ်ခင်မေဆက်နဲ့တော့ တလော ကမှ တွေ့ဖြစ်တယ်၊ ဒီတော့လဲ ဒီအမျိုးသမီးကြီးက သိပ်စိတ်ဝင် စားစရာကောင်းတာပဲနော်…ဖေဖေ”

“အေးကွယ်”

“သူဟာ မိန်းမတမျိုးဘဲ သူ့ကို ရုတ်တရက် ပုံဖမ်းလို့မရ ဘူး၊ သူက လေးဘက်ကနေကြည့်ရင် လေးပုံစံမြင်ရတဲ့ မိန်းမမျိုး”

“အောင်မယ်….ငါ့သားနှယ် မိန်းမကျမ်း ကြေနေလိုက်တာ”

“ဟဲ .ဟဲ…သား မငယ်တော့ပါဘူး ဖေဖေ၊ မိန်းမတွေ အခြေကြောင်း သိသင့်သလောက် သိပါတယ်၊ ဒါပေမင့် သူက တမျိုးနော်….သားဖြင့် သူ့ကို မထင်တတ်ဘူး”

“အေး….တဖြေးဖြေးတော့ ထင်တတ်လာမှာပေါ့၊ ရုပ်လုံး ပေါ်လာမှာပေါ့” သူက ခပ်ငိုင်ငိုင်ပြောလိုက်၏။ မင်းရွှေဇံသည် သူ့လက်မောင်းများကို ကိုင်လှုပ်ရင်း “ဧကံတတော့ ဖေဖေလဲ တခေတ်က ခေါ်ခင်မေဆက်ရဲ့ ပိုက်ကွန်မှာမိခဲ့တဲ့ ငါးတကောင် ထင်တယ်” ရယ်မောချ၍ သူငယ်ချင်းသဖွယ် ပြောလိုက်၏။

“အို သားတို့ထင်သလို ယောကျ်ားတွေကို ပိုက်ကွန်ဖြန့်ပြီး ဖမ်းတတ်တဲ့ မိန်းမမျိုး မဟုတ်လို့ ခက်တာပေါ့ကွ၊ အသိခက် တာပေါ့”



“ဟုတ်ပါတယ်လေ …သားက စကားလုံး မရှာတတ်လို့ပါ၊ သူ့ကို နှိမ့်ချပြောတာတော့ မဟုတ်ပါဘူး”

“အေးလေ….မိန်းမတွေကို မြေနဲ့ နှိုင်းတတ်ကြတယ်၊ မြေ ဟောက်မတို့ ဘာတို့ပေါ့၊ မိန်းမမျိုးနွယ် ဆိုတော့ မြေတော့ မြေပဲတဲ့လို့ ပြောချင်ပြောနိုင်တယ်၊ ပြော့အိအိမို့ အထင်သေး လို့မရဘူး၊ ဒါပေမင့်သား၊ မေဟာလေ ငန်းတော်ရေကြား မြေ မင်းသမီးကွယ့်”

“ဟာ….တို့ဖေဖေကလဲ မခေပါလား “မေ” တွေ ဘာတွေ ခေါ်လို့”

မင်းရွှေဇံသည် သူ့ဖေဖေ၏ အတိတ်တခေတ်ကို သိလိုလာ မြန်သည်။

“ဖေဖေကိုငယ်ငယ်က သူ့ကို “မေ” လို့ဘဲ ခေါ်ပါတယ်၊ ခွဲသွားကြရတာလဲ ကြာပါပြီကွယ်၊ မြေမင်းသမီးလို့ ပြောရ တာက ငန်းတော်ရေ မြေများဟာ မြေများရဲ့ ဘုရင်လို့လဲဆို တယ်၊ သူများကို ရန်မမူတတ်ဘူး၊ ဒါပေမင့် သူပေါက်ရင်လဲ ဆေး ကုလို့မရဘူးတဲ့၊ မြေဟောက်လို အရမ်းလိုက်ပေါက်သတ်တတ်တဲ့ အဆိပ်ပြင်းတဲ့ မိန်းမမျိုး၊ လျှာနှစ်ခွနဲ့ မိန်းမမျိုးလဲ မဟုတ်ဘူး၊ အေး .. ဒါပေမင့် ရေမြေလို ဘာဖြစ်ဖြစ် ငုံ့ခံတတ်တဲ့အမျိုး အစားလဲ မဟုတ်ဘူး”

မင်းရွှေဇံသည် သူ့ဖေဖေ၏ စကားလုံး အဆန်းများကို စိတ် ဝင်စားလာ၏။

“အေး .. မြေပွေးလိုလဲ အေးစက်စက်နေပြီးမှ သတ်တတ်တဲ့ မိန်းမမျိုးလဲမဟုတ်ပါဘူးကွယ်၊ ငန်းတော်ရေကြားမြေမင်းသား ပေါက်သတ်လို့ သေရတဲ့ လူရယ်လို့တော့ ဖေဖေ သိပ်မကြားမိ ပါဘူး၊ မေ့ကိုလဲမိန်းမအမျိုးအနွယ်မို့လို့သာ မြေနဲ့နှိုင်းရတယ်

www.burmeseclassic.com

www.burmeseclassic.com



မေ့ရဲ့အဆိပ်မိလို့ သေရတဲ့ ယောကျ်ားရယ်လို့ ဖေဖေ သိခဲ့ရသလောက်တော့ မရှိခဲ့ပါဘူး၊ တာကို ဖေဖေရှင်းပြနေတာပါ၊ မိန်းမတိုင်းမှာတော့ အဆိပ်ရှိတာပါဘဲ…”

မင်းရွှေဇံသည် တဖြေးဖြေးနားထောင်ရင်း ပြုံးလာ၏။

“သူ့စပါးကြီးမြွေလိုရော ညှိတတ်လား”

“မညှိတတ်ပါဘူး၊ မြွေသူတော်စင်ပါ”

“တယ်လဲဆိုတဲ့စာပါလား…ဖေဖေနဲ့လေ သားတိုင်ပင်ချင်တာတွေ အများကြီး ရှိတယ်၊ ဖေဖေနဲ့ မတွေ့ရတာလဲ ကြာလို့ ကျွန်တော်စာရေးလိုက်တာ၊ ဖေဖေ ဘာကိစ္စမှ ထူးထူးထွေထွေ မရှိရင်လဲ ဒီအိမ်ကြီးမှာ သားနဲ့ တစ်ခွဲ ကြာကြာ နေပါအုံး၊ ကျောက်ပြုအိမ်မှာနေတာလဲ တစ်ယောက်ထဲဟာ”

“အေးပါလေ–အခြေအနေအရပေါ့၊ သားလဲ နားအုံး၊ ဖေဖေခြံထဲဆင်းပြီး လမ်းလျှောက်လိုက်အုံးမယ်”

မင်းရွှေဇံသည် သူ့အခန်းထဲသို့ ထွက်သွား၏။ ရေချိုးခန်းသို့ အဝင်တွင် ထိုတခေတ်က ခေတ်စားခဲ့ပါသော မြူကြီး၏ သီချင်းကို ဟစ်၍ဆိုလိုက်၏။

“မြင်သူတကာတွေ…မေ့ကိုမြင်တိုင်း ငေးကြသလေ ဘဝမှာဆုသလေ မောင်ရွှေထဲ မအေးရပေ …. အိခြေ ရှင်မေ”

အော်…တကယ်ဆိုတော့ သူသာ မင်းရွှေဇံအရွယ် ငယ်သေးလျှင် သူ့သားလိုပင် မေသီချင်းကိုဟစ်၍ ဆိုလိုက်ချင်ပါရဲ့။

ထမင်းစားပြီး ညဦးပိုင်းတွင် သားအဖနှစ်ယောက် အိမ်အပေါ်ထပ် ရှေ့ဘက်တွင် ထုတ်ထားသော ဆင်ဝင်ခန်းမကြီး



တွင် စိတ်အေးလက်အေး စကားပြောချိန်ရလာသည်။ မင်းရွှေဇံသည် သူပြောချင်သည်ကို တိတိလင်းလင်းပင် ပြောပြ၏။

“ပထမဒီအိမ်ကြီးကိုရောက်စက ကျွန်တော် ဒီအိမ်ကြီးကို စိတ်ဝင်စားခဲ့တယ်၊ဒုတိယစိတ်ဝင်စားတာက ဒေါ်ခင်မေဆက်ကိုဘဲ၊ တတိယ စိတ်ဝင်စားဆုံး သူကတော့ ရှင်မင်းထွေးဘဲ”

“ဟင်…ရှင်မင်းထွေးဆိုတာ ဘယ်သူလဲ”

“ဒေါ်ခင်မေဆက်ရဲ့ သူနာပြုဆရာမလေးဆိုပါတော့၊ ဒေါ်ခင်မေဆက်ဟာ ဘုန်းဘုန်းလဲကျနေတဲ့ လူမမာ မဟုတ်ပေမဲ့ သူသွေးအားတွေ ပျော့ကျသွားချိန်မှာတော့ မလှုပ်နိုင်အောင် ပြော့ခွေသွားတတ်တယ်၊ ဒီအချိန်မှာ သူ့အပါးမှာ ပြုစုတတ်တဲ့ လူလိုတော့ ဆရာဝန်ကြီးဦးမင်းချိန် အကြံပေးတာနဲ့ ရှင်မင်းထွေးဟာ ဒေါ်ခင်မေဆက်ဆီကို ရောက်လာတယ်လို့ ဒေါက်တာအုံးမောင်က ပြောတယ်၊ နောက်တော့လဲ အစစ ဒီအိမ်ကြီးနဲ့ သူ့ကိစ္စ အထွေထွေကို ဆောင်ရွက်ဖို့ကလဲ လူလိုတော့ စက္ကရီသဘောမျိုး၊ သူ့အနားမှာ ရှင်မင်းထွေးကို အမြဲထားတယ်၊ အတူနေအတူစားပေါ့၊ ရောဂါသိပ်သဲလာရင် ဒေါက်တာအုံးမောင်ကို ခေါ်ရတာပေါ့၊ အရင်က ဒေါ်ခင်မေဆက်ရဲ့ မိဘတွေ ရှိတုန်းက သူတို့ဆက်မိသားစုရဲ့ ကျန်းမာရေး တာဝန်ယူခဲ့တာက အန်ကယ်ဦးမင်းချိန်ကို အန်ကယ်က ပင်စင်ယူတော့ ဒေါက်တာအုံးမောင်နဲ့ ဆက်ပေးခဲ့တာ၊ ဒါပေမင့် အရေးတကြီး ရောဂါကြီးလို့ လိုလားအပ်ရင် အန်ကယ်ကိုယ်တိုင် ဒေါ်ခင်မေဆက်ကို လာကြည့်တယ်”

“အေး…ဦးမင်းချိန်လဲ တယ်ပြီးတော့ ကျန်းမာရေယ်နော်မတွေ့ရတာကြာဘီ၊ ပြုံးပြုံးရွှင်ရွှင် ပေါ့ပေါ့ပါးပါးနဲ့ အသက်ကြီးလို့တောင်ကြီးမှန်းမသိသလိုဘဲ၊ တယ်ချစ်စရာကောင်းတယ်”

www.burmeseclassic.com

 www.burmeseclassic.com 

"ဟုတ်တယ်....ရှင်မင်းထွေးဟာ ငွေရလို့ တာဝန် အရမို့လို့ဆိုတဲ့ အပြုအမူမျိုး မတွေ့ရပါဘူး ဖေဖေရယ်၊ ဆွေရင်းမျိုးခြာလိုဘဲ ဒေါ်ခင်မေဆက်အပေါ် ပြုစုပုံ ယုယကြင်နာပုံတွင်မကဘူး၊ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ ဆောင်ရွက် ပေးပုံကအစ ကိုယ်ဖိုရင်ဖိုနဲ့ သူ့စေတနာဟာ သူ့မျက်နှာမှာ ပေါ်နေတာဘဲ"

"ဘုရားသခင် တန်ခိုးတော်ပေဘဲ ဒီတခါဘဲ ကံတရားကမေ့ကိုညှာတာတယ် ထင်ပါရဲ့၊ ဖေဖေတော့ မျက်စိနဲ့မတွေ့ရသေးဘူးလေ.. ဒီလို မိန်းကလေးမျိုး တယောက် မေ့အနားမှာရောက်လာတယ်ဆိုတော့ ဝမ်းသာစရာပေါ့"

"ဒေါ်ခင်မေဆက် ငယ်ငယ်က ဘာလို့ အိမ်ထောင်မပြုခဲ့လဲမသိဘူးနော်၊ သူသာအိမ်ထောင်ပြုခဲ့ရင် ခုချိန်ဆို သူ့အနားမှာသားဖြစ်ဖြစ် သမီးဖြစ်ဖြစ် တယောက်ယောက်တော့ ရှိနေမှာ"

"ကံ အကြောင်းတွေပေါ့ သားရယ်၊ ဖေဖေတို့ ဘာဖန်တီးလို့ ရမှာလဲ"

ဦးမေအောင်သည် ငြီးတွားသလို ပြောလိုက်၏။

"ဒီတော့ ကျွန်တော်လေ အားလုံး အဆင်ပြေကြရင် ရှင်မင်းထွေးကို လက်ထပ်ချင်တယ်"

ဦးမေအောင်သည် ညင်းဆိုခြင်းလည်းမပြု၊ အံ့သြဟန်လည်းမပြ၊ ထစ်တရာစိတ်ထဲတွင် လှုပ်ရှားသွားပုံကိုလည်း မဖော်ပေ။

"ရှင်မင်းထွေးရဲ့ သဘောကရော"

ထိုမေးခွန်းကျကာမှ သူ့သားသည် ဟက်ဟက်ပက်ပက်ရီ၏။

"ဖေဖေရေ....ဒေါ်ခင်မေဆက်ကိုသာ ပြောရတယ်၊ ကျွန်တော်သာ ဆရာဝန်ဖြစ်စက သူငယ်ချင်းတွေလို မိန်းမယူလိုက်ရင်ခု အချိန်သားရှင်ပြုနိုင်ဘီပေါ့၊ အကြောင်းက မဆုံဆီးခဲ့နိုင်ဘူး၊ ဖေဖေတို့ပြောပြတဲ့ မိန်းမတွေလဲ ကျွန်တော်က မကြိုက်နိုင်ခဲ့ဘူး"

"အေးပေါ့လေ- အိမ်ထောင်ရေးမှာ အတင်းအကြပ်သဘောဆိုတာ ဖေဖေလဲ မကြိုက်နိုင်ခဲ့လို့ သားကို လွှတ်လွှတ်လပ်လပ်စဉ်းစားစေတာပေါ့၊ ဖေဖေက လာစပ်တဲ့ မိန်းကလေးတွေကိုမင်း စဉ်းစားဖို့ တင်ယုံသာတင်ပြတာဘဲ"

"ဒါပေမင့် ခု အရွယ်ကျတော့လဲ အချိန်မလွန်ပေမင့် စတင်ရန်ခက်ပါဘီ ဖြစ်နေတယ်၊ ဆရာဝန်နဲ့ သူနာပြုဆရာမနဲ့ ညားကြတာ အဆန်းမဟုတ်ပါဘူး၊ ဖေဖေတို့ သဘောတွေကိုလဲ သားနားလည်ပါတယ်၊ ကျောင်းတုန်းက ကောင်မလေးတွေ ပိုးသလိုစာပေးရမှာလဲ ကလေးကလား နိုင်သလားလို့"

မင်းရွှေဇံစကား ထိုနေရာရောက်လာသောအခါ ဦးမေအောင်သည် ပြုံးလာ၏။

"ကလေးချင်ရင် ကလေးပါစေ ရီးစား စာရေးမယ့် ကြံပြန်တော့ ဖေဖေရာ ငယ်ငယ်တုန်းက ၄-တန်းမှာ သားဖြစ်ခဲ့တာ သွားသတိရတယ်"

"ဘာကိုလဲ"

"ကျွန်တော်တို့ ဆရာမက မြန်မာဖတ်စာ ဖတ်ပြီး သားတို့ကိုသာစီစာကုံးရေးခိုင်းတယ်၊ ဖတ်စာထဲက ပုံလေးပါ၊ ဖိုက လှယ်လှယ်လေးရယ်၊ သူများတွေသာ ရေးပြီးသွားတယ် သားကမစရသေးတော့ "မင်းရွှေဇံ ဘာဖြစ်နေတာလဲ၊ စာတလုံးမှ မစရသေးပါလား" လို့ ဆရာမက လာကြည့်ရင်း မေးတယ်၊ ကျွန်တော်က ပြောပြတယ်၊ ပုံလေးက လှယ်လှယ်လေး ကျွန်တော်သိပါတယ်၊ ဒါပေမင့် ဆရာမရဲ့ အဲဒီပုံကို "တရံရောအခါ" လို့ စရမှာလား "တနေ့သ၌" လို့ စရမှာလား "ဟိုရှေးရှေးတုန်းကလို့" စရမှာလား "အခါတပါး" လို့ စရမှာလား ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

မသိလို့ စဉ်းစားနေတာပါလို့ ဖြေတော့ ဆရာမရော ဘေးက ကျောင်းသားတွေရော ဝိုင်းရီလိုက်ကြတာ"

မင်းရွှေဇံသည် ယခုလည်း ဟက်ဟက်ပက်ပက် ရီ၏။ ဦးမေအောင်သည် ခေါင်းလေး တငြိမ့်ငြိမ့်နှင့် သား၏ စကားကို နားထောင်နေ၏။ သူသည်လည်း အခါတပါးက သားလိုပင် အစရခက်ခဲ့ပုံကို သတိရပြန်၏။

"အေးပေါ့လေကွယ်၊ ခုတော့ အေးအေး ဆေးဆေး အချိန်ရပါတယ်၊ ဖေဖေလဲ တနေ့ မေတ္တိအိမ် သွားလည်ရအုံးမယ်၊ ဒီတော့လဲ ရှင်မင်းထွေးနဲ့တွေ့မှာပဲ၊ အဲဒီတော့မှ အကဲခတ်ရသေးတာပေါ့၊ သားရဲ့ အစရခက်နေတဲ့ ပုံပြင်ကို ဖေဖေကူပြီး အဆုံးထိ ရေးပေးပါ့မယ်"

"ကဲ...ဖေဖေအိပ်တော့လေ...နားဖို့လဲ ကောင်းတယ်"

"ညနေက လေယာဉ်ပျံကွင်းကအရောက် ဖေဖေ အိပ်လိုက်တာ အိပ်ရေးဝနေပါတယ်၊ သား အိပ်တော့၊ ဖေဖေ ဒီမှာ ခဏ နေအုံးမယ်"

သူသည် ပြတင်းတံခါးမှရပ်ခါ အပေါ်မှစီးချခံ့ကြီးကိုကြည့်လိုက်၏။ ထူးထူးထွေထွေ ပန်းရယ်ဟု မရှိပါသော်လည်း မြက်ခင်းပြင် စိမ်းပျံ့ပျံ့ကြီးသည် လဝန်းအောက်တွင်ခြေဆန့်လက်နှင့် အပန်းဖြေနေဟန် ရှိ၏။ သူ့ မျက်စိသည် နောက်ဆုံး ဒေါ်ခင်မေဆက်နှင့် တွေ့ခဲ့သော မြက်ခင်းအစွန်းတနေရာကို ရောက်သွား၏။ ခုံတန်းလျားလေးမှာ ဆေးအဖြူသုတ်ထား၍ လရောင်အောက်တွင် ဖွေးဖွေးလှလှ ပေါ်လွင်နေသည်။ ထောက်ဇရစ်ပင်သည် ခုံတန်းလျားလေးပေါ်တွင် မိုးနေသည်။ ဘေးမှ ဆိတ်ဖလူးပန်းပင်ကလည်း လေထဲတွင် ယိမ်းနွဲ့နေ၏။



"အခါတပါး"....သားပြောသလိုပင်အခါတပါးက မေသည် ညနေစောင်းတွင် ထောက်စရစ်ပန်းကို ဤခုံတန်းလေးပေါ်တွင် ထိုင်ကာ သိနေတတ်၏။ ခင်မျိုးဆက်ကလည်း ညီမအပါးတွင် ထိုင်ကာ ရိုးနီ ညာတန်နှင့် ဆိတ်ဖလူးပန်းကို သိနေတတ်၏။ သူသည်ပင်လျှင် ဤဆင်ဝင်မှလှမ်းမျှော်ကြည့်တိုင်း ခုံတန်းလျား ဖွေးဖွေးကိုမြင်လျှင် မေ့ကို လွမ်းသလို ခင်မျိုးဆက်ကို သတိရ၏။ ညီမဆရင်းခေါက်ခေါက်ဖြစ်သူ မေအဖို့မှ ဤခုံတန်းလျားလေး ပန်းများနှင့် တဖက်ခြံ၏ အချစ်သချိုင်းနှင့် တူသော အုတ်တိုက်ကြီးကိုမြင်လျှင် ဘယ်လောက် စိတ်ထိခိုက်ပေမည်နည်း။

အော် .. သူ့ဒီအိမ်ကြီးက ပြောင်းသွားတဲ့ အကြောင်းထဲမှာ ဒီအကြောင်းလဲ ပါမှာပဲ၊ သူသည် စိတ်ထဲမှ ရေရွတ်မိ၏။

ဒေါ်ခင်မေဆက်ကို ပထမဆုံး တွေ့ရစဉ်က လင်းယုန်ငှက်ပုံစံမျိုးတွေ့ခဲ့၏။ လင်းယုန်ငှက်သည် ရဲရင့်သော မျက်လုံးအကြည့်ရှိ၏။ တောင်ပန်ကိုအားယူကာ လေဟုန်တွင် ပျံတက်သွားပုံက အားအင်ရှိလှပါ၏။ ရန်သူကို တိုက်ခိုက်ရမည့်အခါ တဟုန်ထိုးထိုးနှက်တတ်သော အစွမ်းရှိ၏။ သူပင်လျှင် ထအံ့တသြ ငေးမောခဲ့ရ၏။

အခါတပါးက .. ဝတ်လုံ ဦးမင်းဟန်၏ အိမ်ဧည့်ခန်းမှာ ဖြစ်သည်။

"ကဲ့.. ကိုမေအောင်ရေ၊ အခုတွေ့ရမဲ့ သူတွေဟာ အမှုသည်တွေလို့လဲ ဆိုနိုင်တယ်၊ ဒါပေမင့် ကိုယ်တို့နှစ်ယောက် အတိုင်းအမကောင်းရင် အမှုသည်တွေဖြစ်မလာနိုင်ပါဘူး၊ ကိုယ်တို့တတ်လို့တွေကို တဖက်သတ်ကြည့်ပြီး ငိုစားရီစား သူများ မျက်ရည်ကျမှ ထမင်းစားရတဲ့ သူတွေလို့ အစွပ်စွဲခံရတယ်၊ အဲဒီစွပ်စွဲမှုဟာ တချို့လူတွေ အပြုအမူကြောင့် မှန်သင့်သလောက်လဲ မှန်ခဲ့ပါ

www.burmeseclassic.com



တယ်၊ ကိုယ့်ယူဆချက်ကတော့ ကိုယ်တို့ဟာ ဥပဒေသမားတွေ ဖြစ်ခဲ့တော့ ဒီလူ့ဘောင်ရဲ့ သာယာစိုပြေမှုကို ဥပဒေမဏ္ဍိုင်နဲ့ ထောက်ထားနိုင်ပါစေလို့ ယူဆခဲ့တယ်၊ စေတနာထားခဲ့တယ်။ ဒီရည်ရွယ်ချက်အတိုင်းလဲ ကိုယ်ဆောင်ရွက်ခဲ့တယ်၊ ဒါပေမင့် တခါတုံသတ္တဝါတွေဟာ သူတို့ကံသူတို့စီမံလာလေတော့ ရုံးပြင်ကနားတရားခွင်ကို သူတို့အမှုတွေကို ဆောက်အောင် ပို့ချင်ကြတယ်၊ ကိုယ်တို့နားချမှုကို နားမဝင်ကြဘူး၊ အဲဒီအခါကျမှ ကိုယ်လဲကိုယ်လိုက်ရတဲ့ဘက်ကို တရားသဖြင့် အောင်မြင်မှုရအောင် ဥပဒေအကိုးအကားနဲ့ ကာကွယ်ခဲ့တာဘဲ၊ ဒါလဲ ကိုမေအောင် ကျွန်တော်နဲ့ တွဲဖက်ပြီး လိုက်နေတုန်း ကိုယ်လုပ်ပုံကို လေ့လာစေချင်တာဘဲ၊ သူတို့နဲ့တွေ့ပြီးမှ ကိုမေအောင် ဘာလုပ်ရမယ် ဆိုတာ ကိုယ်ပြောပြမယ်လေ"

ဦးမင်းဟန်သည် ဒါရိုက်တာကြီးသဖွယ် သူ့ကိုပြောပြနေ၏။

"ကိုမေအောင် ဧည့်ခန်းမှာတော့ ထိုင်မနေနဲ့ ကပ်ရက်ဟိုအခန်းမှာထိုင်၊ ဇာခန်းဆီး နားမှာ ထိုင်ရင် ဧည့်သည်တွေကို ကိုမေအောင်မြင်ရမှာဘဲ၊ ဧည့်သည်တွေပြန်သွားမှ မရှင်းတာတွေ ကျွန်တော်ပြောပြမယ်၊ ခုလာမှာက ပထမဧည့်သည်က ဦးသက်တဲ့၊ သူ့ဦးလေး ဦးဘိုးလှိုင်လဲ ပါလာမယ်လို့ ဆိုတယ်၊ ကဲ... ဟိုဖက်ခန်းကိုသွားပေတော့"

ဦးမင်းဟန် ညွှန်ပြရာသို့ သူသွား၍ ဇာခန်းဆီးနားမှာပင် ကွယ်၍ ထိုင်လိုက်သည်။ မကြာခင် ကားတစီးဆိုက်သံ ကြားရ၍ ဧည့်သည်နှစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာ၏။

"အော်... ဦးလေးလှိုင်ပါ ပါလာသကိုး၊ နေကောင်းရဲ့လား၊ ကျွန်တော်တောင် ဦးလေးလှိုင်တို့ဘက် မရောက်တာကြာဘီ"

"နေကောင်းပါတယ်ကွယ်"



"ကဲ... မောင်သက် ထိုင်ပေဟေ့"

ဦးမေအောင်သည် ခန်းဆီးကြားမှ မောင်သက် ဆိုသူကို ကြည့်နေ၏။ ဝတ်လုံ ဦးမင်းဟန်ထက် ငယ်ပုံရ၍ ဖြူဖြူချောချော နှာတန်ပေါ်ပေါ်နှင့် မျက်လုံးမျက်ခုံးလှသည်။ သို့သော် သူ့မျက်လုံးများသည်တောက်ပကြည်လင်ခြင်းမရှိ၊ နီကြောင်ကြောင်ဖြစ်နေ၏။ သတ်သတ်ရုပ်ခုပ် ဖီး၍ မထားသော ဆံပင်မှာ ထိပ်စများ ဖြူနေ၏၊ သူ့အရွယ်နှင့် ဆိုသော် ဆံပင်များ မဖြူသင့်သေးပေ။ ဦးသက် ဆိုသူကပင် တခြားစကားများ ပြောရာက စကားစဖြတ်၍ သံပြတ်နှင့်ပင် အမှုအကြောင်းကို စ၍ ပြောလိုက်၏။

"ဒီလယ်မြေကို ကျွန်တော့်နှမယ်နဲ့ တရားဝင် လွှဲပေးရင် ကျွန်တော် ခင်မေဆက်ကို တရားမစွဲဘူး၊ နို့မို့ရင်တော့၊ ကျွန်တော် တရားစွဲပြီး ရအောင်ကို ယူရပါလိမ့်မယ်...နောင်ကြီးဟန်"

ဦးမင်းဟန်သည် ငြိမ်သက်စွာ ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်နေ၏။

"တာကတော့ မောင်သက်သဘောပေါ့၊ တူအရီးချင်းဖြစ်တဲ့ ကိစ္စမှာ ငါဘာမှဝင်ပြောဖို့ မလိုဘူး၊ မင်းနဲ့ငါဟာ အမှုသည်နဲ့ ဝတ်လုံ စကားပြောနည်းပြောရမှာ မဟုတ်ဘူး၊ ငါဟာ မင်းတို့ ညီအကိုနဲ့ တကျောင်းထဲနေပြီး ညီအကိုအရင်းလို နေလာခဲ့တာ၊ မောင်ဆက်ကိုလဲ ပြောစရာ အကြံပေးစရာရှိရင် ဖြောင်ဖြောင့်ရှင်းရှင်းပြောခဲ့တာဘဲ၊ ခင်မျိုးဆက်တို့ ခင်မေဆက်တို့ဆိုတဲ့ ငါ့သမီးလေးတွေလိုဘဲ ငါ့မျက်စိအောက်ကြီးလာခဲ့တာ၊ မြောင်းမြမှာ ခုနစ်တန်းအောင်တော့ ရန်ကုန်မှာ ကျောင်းဆက်ထားဖို့ မောင်ဆက်ကို အကြံဉာဏ်ပေးခဲ့တာလဲ ငါဘဲ"

www.burmeseclassic.com

www.burmeseclassic.com

"သိပါတယ်လေ.. နောင်ကြီးဟန်ဟာ ဆက်မိသားစုရဲ့ အကြံပေးအရာရှိကြီး ဆိုတာ"

ဦးသက်ဆိုသူသည် ငေါ့သလို ပြောလိုက်၏။

"အို...မင်းဘယ်လိုပြောပြော ငါသည်းခံပါတယ်"

"ကျွန်တော် နောင်ကြီးဟန်အပေါ် မကြေနပ်တဲ့ အချက်တွေထဲမှာ ဒီကောင်မလေးနှစ်ကောင်ကို ရန်ကုန် ရောက်အောင် ကျောင်းဆက် ထားပေးဖို့ အကြံပေး ကြိုးစား ခဲ့ တာ ကို ကျွန်တော်မကြေနပ်ဆုံးဘဲ"

"ဟင်.... မင်းရှုသွေးပါ၊ ဒီကောင်မလေးတွေ ပညာ တတ်တော့ မင်းတို့အမျိုးကောင်းစားရေးပါ"

"ကျွန်တော့မျက်စိထဲမှာ ဆက်မိသားစုထဲက အဲဒီ ကောင်မလေး နှစ်ကောင် ကောင်းစားတာကို မကြည့်နိုင်ဘူး ဖြစ်နိုင်ရင် ဘုံးဘုံးလဲသေမှအေးမယ်"

ခန်းဆီးကြားမှကြည့်နေသော ဦးမေအောင်ပင် ဦးသက်၏ ပြောဟန်ရော အသံကော မျက်နှာထားကိုပါ ကြည့်ရင်း တုံလှုပ်သွား၏။

"အေး... ကိုယ့်ဆွေရင်း မျိုးခြာကို သတ်ရက်သပါ့ ဆိုလို့ သတ်ပေါ့၊ ဒီတော့လဲ လူသတ်မှုပြဿနာပေါ့လေ၊ ကဲ... တာကို တဆိုင်းထားလိုက်၊ နောင်ကြီးဟန် ရှင်းလင်းပြောပြချင်တာက ဒီလယ်မြေတွေရဲ့ နောက်ကြောင်းဘဲမောင်သက်၊ တကယ်တော့ မင်းအသိဆုံးပါ...ဒီမြေတွေကို ရာမချစ်တီးလက် ဘာကြောင့် ရောက်ရလဲဆိုရင် မင်းတို့မိဘတွေ ငွေရေး ကြေးရေး အဆင်မပြေခဲ့လို့ ဆိုတာ မင်းမငြင်းနိုင်ခဲ့ဘူး၊ အမြတ်တော်ကြေး ကိစ္စရော ငွေချေးပြီး အလုပ်လုပ်ခဲ့လို့ အတိုးတက်ပြီး မြောင်းမြကတိုက်ရော ဂေါ်ဒူးသောင်စက်ရော လေလံတင်ခံရပြီး၊ အရှုံး



ကဲ့ရမဲ့ဆဲဆဲမှာ မင်းမိဘတွေဟာ ငွေနှစ်သောင်း ချက်ချင်း ရှာမရလို့ ဒေါ်ခင်စောမှုက သူ့လယ်တွေ ချစ်တီးပေါင်ပြီး မင်းတို့ မိဘတွေကြွေးကို ဆပ်ခဲ့တယ်။ ဒီတုန်းကလဲ ငါမျက်စိရှေ့မှာဘဲ ခင်စောမှုဟာမောင်ဆက်ကိုပြောပြခဲ့တယ်၊ကိုယ့်မိဘဘိုးဘွားပိုင် ဒီလယ်မြေတွေကို အထူးသဖြင့် လူမျိုးခြား ချစ်တီး လက် ကို မရောက်ချင်လို့ သူဟာ လင်တာထမ်းမယားတရွက်ဆိုပြီး စီးပွား ရှာခဲ့တာတဲ့။ ခု သူချစ်တဲ့လင် မောင်ဆက်ရဲ့မိဘတွေ အရှုံးကြွေးမှ ကိစ္စမို့၊ ဒီလယ်တွေကို သူဟာ ချစ်တီးဆီမှာ ပေါင်ပေးရတာတဲ့။ ဒီတုန်းက ရေဘေးအပြင် လောင်ထားတဲ့စပါးတွေပိုးကျလို့ လယ်ကိုအားပြုရတဲ့ လူတွေကသိတဲ့အချိန်၊ သူတို့မှာလဲငွေမလည်နိုင်ခဲ့ဘူး၊ မောင်ဆက်က လယ်ချည်းဘဲ အားကိုးလို့ မရဘူးဆိုပြီး တနင်္သာရီဘက်သွားပြီး ရာဘာခြံအလုပ်မှာ ငွေကတပက်မြှုပ်လိုက်တော့ မင်းတို့ အဖေအမေကြွေးတွေ ဆပ်ဖို့ ငွေမရှိခဲ့ဘူး၊ ဒါကြောင့် ခင်စောမှုဟာ ဒီ လယ်တွေ ပေါင်ပြီး ရတဲ့ငွေနဲ့ အတိုးကြီးတွေဂုဏ်ကို ဆယ်ခဲ့ရတယ်...ဒါကို မင်းမြန် သတိရဖို့ ကောင်းတယ်"

ဦးသက်သည် ခေတ္တ ငိုင်နေရာမှ "ဒါကြောင့် ကျွန်တော် ပြန်ပြီး ဂျပန်ခေတ်မှာ ရွေးပေးခဲ့တယ်လေ"

"အဲဒီအထိ မင်းဘက်က မှန်နေသေးတယ်၊ ခု စစ်လဲပြီးရော ဒီလယ်တွေကို မင်းရွေးပေးတာမို့ မင်းနာမယ်နဲ့ ပြောင်းပေးရမယ်ဆိုတော့"

"အို... သူတို့လယ်တွေ ချစ်တီးမအပ်ရတာ ကျွန်တော် ကယ်ပေလို့ ဆိုတာလဲ ထည့်တွက်အုံးလေ"

ဦးမင်းဟန်သည် သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ငါဖြေးဖြေးပြောမယ်မောင်သက် နားထောင်ပါအုံး၊ ကိစ္စတခုမှာ တဖက်ကလှုပ်ရှားမှုကို ပုံသေထားပြီး၊ အငြိမ်ထားပြီး တွက်လို့မရဘူး၊ သူတို့က ဘာမှတုံ့ပြန်တတ်တဲ့ လူတွေမဟုတ်၊ အနုံအအ၊ ရှေးလယ်သမားကြီးတွေလို လူရိုးလူအတွေ၊ ရှေးလယ်ပိုင်ရှင်တွေလို ရှက်တတ်တာ တရုတ်နဲ့ လယ်ကို ချစ်တီး အသိမ်းခံရတဲ့ လူစားမျိုးတွေဆိုရင်တော့ မင်းဘက်က ပုံသေတွက်ထားတဲ့နည်းနဲ့ အနိုင်ရလိမ့်မယ်၊ ဒါပေမင့် အဲဒီတဖက်ဆိုတာက မင်းတူမ ခင်မေဆက်၊ သူလဲ မင်းလိုဘဲ ဥပဒေသဘောတို့ဘာတို့ နားလည်ပြီးသား တာတွေကိုလဲ ထည့်တွက်ပါအုံးလေ”

“အဲဒီတော့လဲ တရားခွင်မှာ ဥပဒေတောင်က မျက်နှာချင်းဆိုင်ရတာပေါ့”

“မောင်သက် ငါအခုပြောနေတာ အဲဒီ တရားခွင်ဆိုတာကို မရောက်စေချင်လို့ သဘောပေါက်လား၊ ဆွေမျိုးခြင်းဖြစ်နေကြရတော့ အပြောဘာထွက်မလဲ၊ ဝါးခယ်မက သူဌေးဦးဖိုးသက် အမွေမှာ ဘိလပ်တရားလွှတ်တော်သာရောက်ရော အမှုကြီးက မပြီးမပြတ်နဲ့ ကြားလူစားတာဘဲ၊ အခု မင်းတူမ ခင်မေဆက်နဲ့ မင်းနဲ့ဖြစ်ရတဲ့အမှုက စုစုပေါင်းမှ အင်္ဂလိပ်ငွေနဲ့ ရှေးတန်ဘိုးနဲ့ ငွေနှစ်သောင်းတန် အမှုဆိုရမှာပေါ့လေ၊ မရှက်ဘူးလား”

“ဒီကောင်မလေးတို့အရှက်ခွဲချင်လို့၊ ဒီဆက်မိသားစုဆိုတာကို တရားခွင်မှာ အရှက်ခွဲချင်လို့”

“ကဲ… ထားတော့၊ မင်းကိုငါ တခုပြောစရာကျန်သေးတယ်၊ မင်း အဲဒီလယ်တွေ ပြန်ရွေးပေးတာ ဂျပန်ခေတ်၊ ပြန်ရွေးချိန်မှာ ချစ်တီးရဲ့သူဌေးဟာ မဒရပ်မှာရှိတယ်၊ သူ့ကိုယ်စားလှည်ဘဲ



မြောင်းမြမှာထားခဲ့တယ်၊ ဒီတုန်းက ပြန်ရွေးကြောင်း စာချုပ်ဟာ ရီဂျစ်စတာ မှတ်ပုံတင်လို့မရခဲ့ဘူး၊ မှတ်ပုံတင်ရုံးတွေ မရှိခဲ့ဘူး၊ တည်ဆဲဥပဒေအရ ချုပ်ဆိုခဲ့တော့ ဂတိစာချုပ်ဘဲ ဖြစ်ခဲ့တယ်၊ တာကြောင့် မူရင်းမြေပုံနဲ့ မူရင်းစာချုပ်ကို ဒေါ်ခင်စောမူတို့ မရခဲ့ဘူး၊ မဒရပ်မှာဘဲ ရှိတယ်။ မဟာမိတ်တွေ ပြန်ဝင်လာပြီး မှတ်ပုံတင်ရုံးတွေဘာတွေ ပြန်ဖွင့်ချိန်မှာ ရာမထိုလ် ပြန်ရောက်လာတယ်။ သူတို့ဝတ်လုံ မစ္စတာဒတ်တားက တဆင့် နိုတစ်စတာ ဒေါ်ခင်စောမူကို လာပေးတယ်။ သဘောကတော့ ဂျပန်ခေတ်ဥပဒေနဲ့ ပြန်ရွေးချယ်ခြင်းကို သူတို့ လက်မခံနိုင်ဘူးတဲ့။ သူတို့ထားခဲ့တာဟာ ကိုယ်စားလှည်သာဘဲ ဖြစ်တယ်။ မူလသူဌေးရဲ့ လက်မှတ်မပါလို့ ဂတိစာချုပ်ဟာ တရားမဝင်ဘူးတဲ့။ နှစ်အချက်ကတော့ သူ့ကိုယ်စားလှည်ဟာ လယ်တွေ ပြန်ရွေးခံဖို့ ငွေလက်ခံတာဟာ ဂျပန်ငွေနဲ့ ဖြစ်လို့ အဲဒီအချိန် ဂျပန်ငွေတွေရဲ့တန်ဘိုးဟာ အင်္ဂလိပ်ငွေတဆယ်မှာ ဂျပန်ငွေတရာထောင်ဈေးရှိတယ်။ ဒါကြောင့် မူလ အင်္ဂလိပ်ငွေနဲ့ ဒီလယ်တွေပေါင်းပြီး ယူငွေဟာ ဂျပန်ငွေနဲ့ ဆိုရင် နှစ်သိန်း ပေးရမယ်၊ ဒေါ်ခင်စောမူတို့ ပြန်ရွေးတော့ ဂျပန်ငွေတသိန်းနဲ့သာ ရွေးတာတဲ့။ ဒါကြောင့် မူရင်းစာချုပ်ကို ပြန်ယူလိုရင် အင်္ဂလိပ်ငွေတသောင်း ထပ်ပေးရမယ်၊ တာဝမလဲ ပြန်ရွေးပြီးကြောင်း စာချုပ်ကို မှတ်ပုံတင်ရုံးမှာ အသိအမှတ် ပြုနိုင်မယ်၊ မူရင်းစာချုပ်ကိုလဲ ဒေါ်ခင်စောမူလက်ထဲ ပြန်ပေးနိုင်မယ်လို့ ဆိုတယ်၊ ရွေးပြီးကြောင်း ဂတိစာချုပ်လောက်သာ ချုပ်ထားတာ၊ စာချုပ်မူရင်းက ရာမချစ်တီးလက်ထဲမှာဘဲ ရှိသေးတယ်၊ ဟိုဘက်ဒီဘက် ဆက်လက်လုပ်နေရင် ရှုပ်နေမှာစိုးလို့ မဟာမိတ်တွေ ပြန်အဝင်မှာ ဒေါ်ခင်စောမူလက်ထဲလဲ ငွေလှယ်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ငွေတသောင်းထပ်ဖြည့်ပေးတော့မှ ဒီစာချုပ်ကို မှတ်ပုံတင်ပြီး ဒေါ်ခင်စောမူလက်ထဲ ပြန်ရောက်ခဲ့ရတယ်”

“အဲဒီ ငွေတသောင်းကို အခု ခင်မေဆက်ကို ကျွန်တော် ပေးရင် ဒီ လယ်တွေကို ကျွန်တော့်နာမယ်နဲ့ ပြောင်း ပေးရမှာပေါ့”

“နားထောင်ပါအုံးလေ … လူမျိုးခြားချစ်တီးနဲ့တောင် တရားခွင်မရောက်အောင် တို့ဝတ်လုံအချင်းချင်း ပြေပြစ်အောင်ညှိနှိုင်းလုပ်လို့ရရင် ခုကိစ္စမှာရော ဘာကြောင့် တုံ့ရင်းချင်း တရားတဘောင်ဖြစ်နေရမှာလဲ၊ ငါ … ခင်မေဆက်ကိုခေါ်ပြီး ပြောပြမယ်၊ တခုတော့ရှိတယ်လေ … မင်းက ငွေတသောင်းပေးရင် သူ့အမေလယ်တွေကို မင်းနာမယ်နဲ့ ပြောင်းပေး မပေး ဆိုတာကတော့ ခင်မေဆက် သူ့ဖာသာ ဆုံးဖြတ်ရမဲ့ကိစ္စ”

“ဆုံးဖြတ်ပေစေလေ …၊ နောင်ကြီးဟာန်တို့က ဘာဖြစ်ဖြစ် မောင်ဆက် သူတော်ကောင်းကြီးဆိုပြီး ကိုကြီးဆက်ဘက်ကနေ သိတ်ဘက်လိုက်ချင်တာဘဲ”

ဦးသက်သည် ထပ်မံ စွပ်စွဲလိုက်ပြန်၏။ ဦးမင်းဟာန်ကတော့ ပြုံးမြဲ ပြုံးနေ၏။

“မောင်သက်ရေ ဘယ်သူ့ကိုမှ ဖြန်ဖြေမရလို့ တရားစွဲချင်တယ်ဆိုတောင် အဲဒီအမှုကို တခြားလူနဲ့ လွှဲပေးမယ်၊ စိတ်ချ ငါ ဘယ်ဘက်ကမှ ဝတ်လုံမလိုက်ဘူး”

အနားမှ ဦးလေးတော် ဦးဘိုးလှိုင်ဆိုသည့်လူကြီးက ခေါင်းတငြိမ့်ငြိမ့်လုပ်နေသည်ကလွဲ၍ ဘာမှဝင်မပြောပေ။

“ဒါဘဲနောင်ကြီးဟာန် … ကျွန်တော်ပြန်လိုက်အုံးမယ်၊ ဦးလေးလှိုင် ကျွန်တော်နဲ့ ပြန်လိုက်မလား”

“ငါ ဖြေးဖြေးမှ ပြန်ခဲ့တော့မယ်”

www.burmeseclassic.com



ဦးသက်သည် ဒေါနှင့် မောနှင့် ပြန်ထွက်သွားတော့သည်။ ဧည့်ခန်းတွင်မူ ဦးဘိုးလှိုင်နှင့် ဦးမင်းဟာန်သည် သက်ပြင်းကြီး ချကာ ကျန်ရစ်၏။

“ကဲ တခုခု သောက်လိုက်ကြအုံးစို့၊ အသက်ကို ဆယ်နှစ်လောက်တိုသွားသလိုဘဲ ကဲ … ကိုမေအောင်ရေ ထွက်ခဲ့တော့ ထွက်ခဲ့တော့” ဦးမင်းဟာန်က ပြောလိုက်၏။ ဦးမေအောင်သည် ထိုအခါမှ ခန်းဆီးကြားမှထွက်ကာ ဧည့်ခန်းတွင် ထိုင်လိုက်သည်။ သူငယ်လေးတယောက်သည် ကော်ဖီနှင့်မုန့်များ စာပွဲပေါ်သို့ လာချ၏။

“ဦးလေးလဲ ပြေရာပြေကြောင်းဖြစ်ပါစေလို့ လိုက်လာခဲ့ရတာပါ၊ မလိုက်လာပြန်ရင်လဲ ဆွေမျိုးထဲမှာ ဦးလေးတယောက်ဘဲ ကြီးကြီးမားမားရှိတာ၊ ဦးလေးကအစ ကိုကြီးဆက်ကိုဘက်လိုက်တယ်လို့ ပြောမှာစိုးလို့ … ဟင်း—ခက်ပါဘိ၊ မောင်သက်ကို ဘယ်လိုတရားချရမလဲ”

“တရားဆိုတာ ကိုယ့်ဟာကိုယ်ချမှရတာဦးလေးလှိုင်ရေ၊ သိပ်ပူမနေနဲ့၊ ကဲ—သောက်အုံး၊ ကိုမေအောင် ကော်ဖီသောက်အုံး”

ဦးမေအောင်သည် ကော်ဖီသောက်ရင်း ပွဲကြည့် ပရိသတ်တယောက်လို သူမသိသေးသော ဇာတ်လမ်းအစကပုံကိုကြည့်နေ၏။ ယခုနေတော့ သူ့ဆရာဦးမင်းဟာန် ခေါ်ရှုပြနေသော ဇာတ်လမ်းတွင်ဘယ်သူသည် ပင်မဇာတ်ကောင်ဖြစ်၍ ဘယ်သူက ဇာတ်လိုက်မှန်း ဘယ်သူက လူဆိုး၊ ဘယ်သူက ဇာတ်ရံမှန်း မသိသေးပေ။ သို့သော် ဇာတ်ရှိတယောက် ဖြစ်ဟန်ရှိသော ဦးဘိုးလှိုင်ကတော့ သူ၏ ပါဝင်ရသောအပိုင်းကို ပြေပြပြန်၏။

“ခင်စောမူသေပြီးတဲ့နောက် မောင်ဆက်တယောက်ထဲသာဆိုရင် သူ့အကိုကို ဘာမဆို သူပြောလို့ရမယ်လေ၊ မောင်ဆက်

www.burmeseclassic.com

www.burmeseclassic.com



က သူ့အပြုအမူတွေချိုက်ပေမင့် ညီအကိုဆိုတော့ သူ့ကိုပြစ်မထားဘူး၊ ခုတော့ ဘာဖြစ်ဖြစ် သမီးကရှိနေတော့ မောင်ဆက်ကို သူလှည့်သလိုမရဘူး၊ အထူးသဖြင့် သူ ခင်မေဆက်ကို မကြည့်နိုင်ဘူး၊ ခင်မျိုးဆက်က အေးတယ်မို့လား၊ တကယ်လို့ နိုင်ငံခြားကို ကောင်မလေးထွက်မသွားတောင် မျိုးဟာ သူကလဖန်ထိုးသမျှ ငြိမ်နေမှာဘဲ၊ သူ ဖဲချိုးသမျှကိုလဲ ကြည့်နေမှာဘဲ၊ ခင်မေဆက်ကတော့ ငုံ့ခံနေမဲ့သူမဟုတ်တော့ ဒီဇာတ်လမ်း သူဆင်သလို မဖြစ်နိုင်တာဟာ ခင်မေဆက်ရှိလို့ ဆိုပြီး သူ ခင်မေဆက်ကို သိပ်ညှိုးတာဘဲ၊ ခင်မေဆက်ဟာ ပညာတွေတတ်လို့ သူလုပ်သမျှ ငုံ့မခံတဲ့ သူနဲ့ခြေခြင်းပြိုင်နိုင်တာဆိုပြီး ခင်မေဆက်ကိုတက္ကသိုလ် ဒီဂရီရအောင်အထိ အားပေးခဲ့တဲ့မင်းကိုလဲ သူ မကြေနိုင်ဘူး”

“ကျွန်တော် သိပါတယ်လေ”

“အေး ...စီးပွားရေးနဲ့ ပတ်သက်လာရင် သားနဲ့ မိဘတောင် ရန်သူလိုဖြစ်တတ်တာ ဦးလေးလှိုင် မအံ့သြပါဘူး၊ ဒါပေမင့် ကွယ်ရာမှာ ခင်မေဆက်ကို သူသတ်ပစ်ချင်တဲ့အထိကြုံးဝါးနေတဲ့ အသံများကြားရရင် ဦးလေးလှိုင် ကြက်သီးဖြန်းဖြန်းထတယ်၊ ဦးလေးလှိုင်သိရသလောက် ခင်စောမူကိုလဲ သူသတ်ဖို့အတန်တန် ကြိုးစားဘာ ကံအကြောင်းကြောင့် ခင်စောမူဟာ သူ့လက်ချက်ကြောင့် မသေခဲ့ရဘူး”

“အင်း ... မောင်ဆက်ထက်တောင် ကျွန်တော် သူ့အပေါ် အချစ်ပိုခဲ့ပါသေးကယ် ဦးလေးလှိုင်၊ ကျွန်တော်ဟာ ရန်ကုန်မှာ ပညာသင်တော့ သူတို့မိဘတွေအိမ်မှာ ညီအကိုလို အတူနေပြီးမှ ကျောင်းတက်ခဲ့တာ၊ မောင်ဆက်လုပ်ချင်တဲ့ စီးပွားရေးအမြင်နဲ့ ဆိုရင် ခေတ်ပညာတတ်ဖို့လိုလို့တော့ ကျွန်တော်ဟာ မောင်ဆက်ကိုလဲ ဆယ်တန်းအောင်ပြီး တက္ကသိုလ်သွားဖို့ ပြောခဲ့သေးတယ်၊



သူပြတဲ့အကြောင်းကလဲ မှန်ပါတယ်၊ ကျွန်တော် တာလောက် ပညာရရင် တော်ဘာတဲ့၊ မိဘတွေ လက်ငုတ်လက်ရင်းကို ကျွန်တော့ဖာသာ ဦးစီးနိုင်ပြီဆိုပြီး သူ့လယ်တော သူပြန်တာဘဲ မောင်သက်ကို ကျောင်းဆက်ထားပါသေးတယ်၊ သူ့ဟာသူ ပေပြီး တက္ကသိုလ်မှာ ဒီဂရီရအောင်အထိ မနေတာတော့ ဘယ်တတ်နိုင်မလဲ၊ ခင်မျိုးဆက်တို့ကို ကျွန်တော်က အကြံမပေးလဲ သူတို့မိခင် ခင်စောမူဟာ သရက်ချောင်း ပတ်ဝန်းကျင်က ကလေးတွေ ပညာရေးကို အားပေးသလို သူ့သမီးတွေကို ပညာ အဆုံးအထိ ပေးဖို့ အစီအစဉ် အမြဲရှိတဲ့ မိန်းမပါ။ သူ့ကို ဒါကြောင့် လေးလေးစားစားနဲ့ မမစောမူလို့ ကျွန်တော်တမင် ခေါ်တာ၊ ဟိုခေတ်က တောသူဌေးတွေဟာ သမီး တွေကို ခုနစ်တန်းလောက်အောင်ရင်ဘဲ အိမ်တွင်းပုံးလုပ်ခိုင်းပြီး၊ ကြေးရတတ်တွေကို ပိုက်ဆံနဲ့ ပေးဝယ်ပြီး လင် ပေးစား လိုက်ကြတာဘဲ”

“အေး...မင်းက လင်ပေးစားတာနဲ့ ပတ်သက်လို့ စကားစပ်မိလို့ ပြောရအုံးမယ်၊ ငါခြမြောင်းမြကို တခေါက်ပြန်သွားတော့ မောင်သက် ယောက္ခမကြီးနဲ့ တွေ့ခဲ့သေးတယ်၊ သူဟာ အတော် စိတ်ထိခိုက်နေပုံ ရတယ်၊ “ကိုလှိုင် တဲ့... ကျွန်တော့ သမီး တင်မြသွင်ကို မောင်သက် သတ်တာပါဘဲတဲ့၊ မိဘတွေ ခင်မင်မှုနဲ့ ကျွန်တော့သမီးကို သူနဲ့ ပေးစားခဲ့တာ၊ ကျွန်တော့ သမီးဟာ အေးအေးဆေးဆေး နေတတ်တဲ့ အိမ်တွင်းပုံး ပါဘဲ လေ၊ နောက်ဆုံး သူမောင်းထုတ်လိုက်လို့ ရန်ကုန်ကပြန်လာပြီး ကျွန်တော့အိမ်ပြန်တက်လာတော့ အဖေရင့်မကြီးကို အံ့ကျိုလှစ်ရတယ်ဗျာ၊ ရစ်အတ်မှာလေ မောင်သက်ကန်ထားတဲ့ ဖနောင့်ဆုဟာ အညိုအမဲစွဲနေတာဘဲ၊ ဖအေတွေ ယောက်အနေနဲ့ အသဲ

www.burmeseclassic.com

www.burmeseclassic.com

ဆတ်ဆတ်တုန်မိတယ်၊ အဲဒီတုန်းက မောင်သက် အနားမှာသာ ရှိရင် ကျွန်တော် သတ်မိတယ်၊ "ဖေဖေတို့ယူဆိုတဲ့လင်ကို သမီး ခေါင်းငုံ့ မငြင်းဆန်ဘဲ ယူခဲ့လို့ ရခဲ့တဲ့ ဒဏ်ရာပါတဲ့ ဖေဖေတဲ့" ကျွန်တော်သမီးဟာ တာဘဲ ပြောမြဲ ပါတယ်။ ငါ့မြေးလေး နှစ်ယောက်"ကော ဆိုတော့ "ဒီမြေးတွေမှုပြီး နောက်ကျရင် အမေ့စကား ပြောရမယ်" ဆိုပြီး ပြန်မထည့်လိုက်ဘူး၊ ကိုလှိုင် ကျွန်တော့သမီးဟာ စိတ္တဇနဲ့ သေရော၊ သူသေရင်တော့ ကျွန် တော့မြေးတွေ ကျွန်တော်မွေးမယ်၊ သူမသေခင်တော့ ကျွန် တော့အိမ်ရိပ် သူလာနင်းရင် ကျွန်တော်အသက်ဘဲ၊ ကျွန်တော့ မြေးတွေကိုလဲ မအေဘက်က အမျိုးတွေဆီ လုံးဝ မသွားရဘူး တဲ့လေ၊ ကျွန်တော့သမီးကို သူ မနှစ်သက်နိုင်ရင် ကျွန်တော့ လက်ထဲ ပြန်ပို့ပေါ့၊ ကျွန်တော့သမီး အပြစ်တွေ ရှိချင် ရှိမယ်၊ ခုတော့ လုပ်ပုံ လူမဆန် လိုက်လေခြင်း ကိုလှိုင် ရယ်၊ ဆိုပြီး မောင်းမင်းဟန်ရယ် ယောကျ်ားရင့်မကြီး မျက်ရည်တွေ ဝိုင်း ဝိုင်းလည်ပြီး ငါ့ကိုတိုင်တယ်"

ဦးမင်းဟန်သည် ဦးလှိုင်ပြောသည့်စကားများကို ငြိမ်သက်စွာ နားထောင်နေရာမှ ပင့်သက် ရှူလိုက်၏။

ကိုမေအောင် လူတယောက် မွေးဖွားလာခြင်းအတွက် သူ့ ပတ်ဝန်းကျင် လူ့ အဖွဲ့အစည်းကိုအရှိန်အတပ်ပုံဟာ ဘယ်လောက် ဆန်းကျယ်လဲ၊ ဒီနေရာမှာ ကံဆိုးတာနဲ့ ကောင်းကင်ဂြိုဟ်နဲ့ ဆက် စပ်နေတယ်ဆိုတာ ယုံကြည်လား၊ တချို့ မွေးဖွားလာခြင်းဟာ သူ့ ပတ်ဝန်းကျင်ကို ကောင်းသော လုပ်ရှားခြင်းနဲ့ လှုပ်ရှားစေ တယ်၊ တချို့မွေးဖွားလာခြင်းဟာ သူတယောက် လူဖြစ်လာတဲ့ အတွက် သူ့ ပတ်ဝန်းကျင်ကို ကံဆိုး မိုးမှောင် ကျစေတာဘဲ



မောင်သက်မွေးဖွားချိန် ကောင်းကင် ဂြိုလ်ဇာတာအရ သူဟာ နိုစ်၊ ဘင်၊ ရာဇယုဂ် ရတယ်၊ အဲဒီလို လူမျိုးဟာ သူတပါး မျက်ရေပေါက် ကြီးငယ် ကျမှ သူ ကောင်းစား တတ်တယ်လေ ခုလဲ...."

ကားတစီးဆိုက်သံကြား၍ သူတို့စကားကို ရပ်လိုက်၏။

"ခင်မေဆက် လာဘဲ ထင်တယ်" ဦးလှိုင်က ပြောလိုက်၏။ ဦးမင်းဟန်သည် သံဆွဲတံခါးဝအထိ သွားကြို၏။ ဧည့်ခန်းသို့ ပြန် ဝင်လာသောအခါ ဦးမင်းဟန် နောက်တွင် အမျိုး သမီး တယောက် ပါလာသည်။ အစိမ်းခက်များ နွယ်ခက်ယှက်သန်း နေသော လုံချည်ဝတ်ထား၏။ အင်္ကျီမှာ ဖြူဆွတ်နေ၏။ ကျယ်သီး အစိမ်းရောင်သည် လုံချည်နှင့်လိုက်ဖက်လှ၏။ ဖြူသောနားရွက်ဖျား တွင် စိန် ငယ်လေးများ ဝိုင်းရံထားသော မြ နားပန်ကြောင့် မျက်နှာသည် ပိုမို ကျက်သရေ ရှိဟန် ရှိ၏။ ဝမ်းမှောင်သော မျက်လုံးသည် နှာတန်မြင့်မြင့်အပေါ်တွင် တလက်လက်တောက်ပ နေ၏။ မျက်ခုံးက ဆေးရေးသားခြင်း မရှိဘဲ နက်၍ နေသည်။

"အို ...ဘကြီးလှိုင်လဲ ရောက်နေသလား" မိန်းမငယ်သည် ချို မြသော အသံအေးဖြင့် ဦးလှိုင်ကို ခေါင်းကြိုး ကာ နှုတ်ဆက် လိုက်၏။

"အေးကွဲ့...."

"ခင်မေဆက်ထိုင်အုံး တာဘာ ဘကြီးဟန်နဲ့အတူ တွဲဖက်ပြီး အမှုတွေလိုက်နေတဲ့ ဝတ်လုံပေါက်စ ကိုမေအောင် ဆိုတာ...၊ကို မေအောင်ရေ ကျွန်တော်တို့ပြောနေတဲ့ ခင်မေဆက်ဟာ သူဘဲ၊ ခုတော့ တက္ကသိုလ်မှာ အင်္ဂလိပ်စာ ဌာနမှာ လက်ထောက် ကထိကလုပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဆက်သည် ဦးမေအောင်ဘက်သို့ လှည့်လိုက်၏။ ရဲရင့်သော လင်းယုံငှက်၏ ကြည့်ခြင်းမျိုးဖြစ်၍ ယုတ်တရက် ဦးမေအောင်ရင်ထဲတွင် လှုပ်လှုပ် လှုပ်လှုပ်နှင့် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ၏။

"တွေ့ရတာဝမ်းသာပါတယ်ဦးမေအောင်၊ မေဟာ ဘကြီးဟန့်ရဲ့ သမီးလိုဖြစ်နေတော့ ဦးမေအောင်ကို မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"

စကားပြောပုံသည် သွက်လက်ပေါ့ပါးလှ၏။

"ဟုတ်ကဲ့....ကျွန်တော်လဲ ဝမ်းသာပါတယ်၊ ဦးမင်းဟန်နဲ့ တွဲဘက်လုပ်ရင်း တက္ကသိုလ် ဥပဒေသင်တန်းတွေမှာ အချိန်ပိုင်း သင်ပေးဖို့ ကြံစီထားပါတယ်၊ တက္ကသိုလ် နယ်မြေမှာ ဆုံကြသေးတာပေါ့"

"ဝမ်းသာစရာကြီးနော်"

ခင်မေဆက်သည် သူတို့ရှေ့ရှိ ဆိုဖာကုလားထိုင်တွင် ထိုင်လိုက်၏။ ဦးမေအောင်သည် သေသပ်စွာ ထုံးနှောင်ထားသော ဒေါ်ခင်မေဆက် ဆံထုံး၏အခြေတွင် ချစ်ပတ်၍ခွေထားသော ထောက်စရစ် ပန်းကိုပါ သတိပြုမိ၏။ ခေတ်မှီသော ရန်ကုန်သူတို့ မသုံးသော တောပန်းဖြစ်၏။ ဆင်ယင်ထုံးဖွဲ့ပုံမှာ ရှေးရိုးလည်းမဆန် ကလက်ပုံလည်းမရ၊ ခေတ်နှင့် အညီလိုပင် သူဝတ်စားထား၏။ သို့သော် သူသည် တောပန်းပွင့်ကို ခေါင်းမှာပန်သထား၏။

"ကဲ....ဘကြီးဟန်ရေ မေ့ကို ပြောစရာတွေ ရှိတယ် ဆိုတာ ပြောပါလေ....ဒါနဲ့အန်တီဆွေရော"

ဦးမင်းဟန်၏ဇနီး ဒေါ်မြဆွေကို မေးလိုက်၏။

"သူ...အလှူတစ်ခုသွားတယ်ကွယ်၊ ကိုမေအောင်ရှေ့တွင်မှာဘဲ ပြောရမှာမို့ ကိုမေအောင်ကို အနားမှာ ခေါ်ထားတာပါ"



"ကိစ္စမရှိပါဘူး ဘကြီးဟန်"

"ကဲ ...ဘကြီးဟန်ကတော့ ဝတ်လုံစကားမျိုး ပြောမနေချင်တော့ဘူးကွယ်၊ ဆွေစုမျိုးစု အနေနဲ့ဘဲ ပြောပါရစေတော့"

ဦးမင်းဟန်သည် စကားစခံကာ၊ ပထမလာသွားသော ဦးသက်စကားများကို တာတ်နိုင်သလောက် စကားလုံး အလှအပများ ခြံရံကာ ပြောပြ လိုက်၏။ ခင်မေဆက်သည် စိတ်ဝင်စားစွာ နားထောင်ရာမှ ဦးမင်းဟန်စကားအဆုံးတွင် ခါးကိုမတ်မတ်ထား၍ ရင်ကိုချီလိုက်၏။ ရန်သူကိုရင်ဆိုင်တော့မည့် လင်းယုန်ငှက်၏ ဟန်ပန်ဟူ၍ ဦးမေအောင်က ထင်လိုက်၏။ ပြီးတော့ သူမသည် ပြတ်သားစွာ စကားများကို ဒေါက်ဒေါက်နှင့် ပြောလိုက်၏။

"မေနားလည်ပါပြီ ဘကြီးဟန်၊ မေတို့မိသားစုအကြောင်းတွေကို ဇာတ်လှန် နေဖို့ မလိုတော့ပါဘူး၊ ဒါပေမင့် မေပြောပြသင့်တဲ့ အကြောင်းကို ပြောပြပါရစေ။ မေဟာ ဦးဆက်ဒေါ်ခင်ဇေစာမှုတို့ရဲ့ သမီးပါ၊ မမမျိုးမရှိတဲ့နောက် ဒီမြေမှာ မေ တစ်ယောက်ထဲး ကျန်ခဲ့ပြီ ဆိုပါတော့၊ ကောင်းမွေ့ ဆိုးမွေ့ ဟူသမျှ မေအားလုံး ဆက်ခံရမယ် ရင်ဆိုင်ရမယ်၊ ဖေဖေနဲ့မေမေ မှာခဲ့ကြားခဲ့သမျှ မေဟာ လိုက်လံဆောင်ရွက်တဲ့ အပိုင်းတွေမှာ အဆုံးထိ အပြီးသတ်တာတွေလဲရှိတယ်၊ မပြီးတာတွေလဲရှိတယ်၊ အောင်မြင်တာတွေလဲရှိတယ်၊ ဆုံးရှုံး တာတွေလဲရှိတယ်၊ တခါတလေ လုပ်ငန်းတွေမအောင်မြင်တာ မဟုတ်ဘူး၊ မေရဲ့စိတ်ကို မေ မအောင်မြင်နိုင်ဘူး....မေပြောတာ ရှင်းမယ်မထင်ဘူး"

"ရှင်းပါတယ်လေ" ဦးမင်းဟန်ကဆို၏။

"တာကြောင့်, တချို့ နေရာတွေမှာ မိဘကကြား မှာခဲ့သမျှ လိုက်လုပ်နိုင်တဲ့ သမီးကောင်းအဖြစ် မေကြိုးစားပေမင့် မဖြစ်

www.burmeseclassic.com



ခဲ့ဘူး၊ မေရဲ့အမေဟာ အမြင်ကျယ်ဝန်းပါတယ်၊ သရက်ချောင်းသူတစ်ယောက် တောရွာဇာတိရယ်လို့ ထင်မှတ်လို့မရနိုင်အောင်ကို အမြင်ကျယ်ပါတယ်၊ သဘောထားကြီးပါတယ်၊ အထူးသဖြင့် လင့်အမျိုးအပေါ်မှာ သဘောထားကြီးပါတယ်၊ တခြားကိစ္စတွေ ထားလိုက်ပါတော့၊ ယောက္ခမတွေ ဂုဏ်ဆယ်ဖို့အတွက် သူ့လယ်မြေတွေကို ပုံအပ်ခဲ့ပါတယ်၊ စွန့်လွှတ်ရဲတဲ့နေရာမှာ ဒီတစ်ချက်တစ်ခုတာ ဘကြီးဟန်တို့ မေမေ့စိတ်ကို လေ့လာနိုင်ပါတယ်။ မေရဲ့ဖေဖေ ဦးဆက် ကတော့ သိုးတဲ့စိတ်မှာ မေမေထက် သာတယ်၊ သူ့ ပတ်ဝန်းကျင် ကိုလဲ ဘယ်တော့မှ လျစ်လျူရှုမထားခဲ့တဲ့သူပဲ၊ တာကြောင့် သူ့ ပတ်ဝန်းကျင်ရဲ့ ချစ်မြတ်နိုးမှုကို သူအစဉ်ရခဲ့တယ်၊ သူရဲ့ပတ်ဝန်းကျင်ကလူတွေဟာလဲ သူ့ကို ဘယ်တော့မှ ပစ်မထားလို့၊ အုပ်ချုပ်ရေးတွေ ကစင့်ကလျား ပျက်ပြားရတဲ့အချိန် ခေတ်ကို ခဏခဏကြုံခဲ့ရပေမင့် သရက်ချောင်းက သူ့ရဲ့ ပစ္စည်းတွေဟာ ရာသီဥတုဒဏ်ကလွဲလို့ ဘာမှ မဆုံးရှုံးမပျက်ပြားခဲ့ရဘူး၊ သောင်းကျန်းမှုဒဏ်ကြောင့် မြစ်ဝကျွန်းပေါ်မှာ လယ်ပိုင်ရှင်တွေ ကိုယ့်လယ်ရှိရာ ကိုယ်မသွားရဲလို့ ကိုယ့်ဆန် ကိုယ်ဝယ်စားရတဲ့ အချိန်မှာ ဖေဖေရဲ့ လယ်သမားတွေက ဖေဖေ့ကို ဘယ်လောက် ကျေးဇူးပြုလဲဆိုတော့ ခု မေရဲ့လက်ထက်အထိ မေ ဆန်တစ်ပြည်မှ ဝယ်မစားခဲ့ရသေးဘူး၊ ဘကြီးဟန်ယုံလား”

“ယုံပါတယ်”

“တဦးမေတ္တာတဦးမှာဆိုတာ သိတ်မှန်တာပဲ တယောက်တယောက်ကို အများကြီးမဟုတ်ပါဘူး ရှစ်ပြည်ဝ၊ တတင်းစီစပါးပေါ်ချိန် သတိတရပို့ကြတာဟာ မေတို့အိမ်မှာ တနှစ်စာ ဖူလုံတယ်၊ ဒါလောက်သာ ဖေဖေတို့ ရွာသားတွေဟာ ဖေဖေ့



အပေါ် စေတနာထားခဲ့ပါတယ်၊ အခါမရွေးလဲ ဖေဖေ ဘယ်အချိန်သွားသွား တခြားလူပိုင်တဲ့ လယ်တွေလုပ်တဲ့ လူတွေကအစ၊ ဖေဖေ့အနားမှာ ဝိုင်းဝိုင်းလည်နေတာပဲ၊ ဖေဖေက ခဏခဏပြောတယ်၊ ငါ့လယ်မြေပေါ်မှာရော ငါတို့ရွာပေါ်မှာရော လယ်သမားရယ် လယ်ပိုင်ရှင်ရယ်လို့ ပဋိပက္ခ သဘောဘယ်တော့မှ မရှိရဘူးတဲ့၊ အားလုံးကို သည်းခံပြီး ဖြေရှင်းရင် ပြေလည် နိုင်ရမယ်တဲ့၊ ဖေဖေဟာ သူ့ရဲ့ သည်းခံစိတ်ကိုလဲ သူ့သမီးနှစ်ယောက်ရင်ထဲကိုသွင်းခဲ့ပါတယ်။ မေဟာ အခု ဦးလေးသက်နဲ့ ဖြစ်ရတဲ့ကိစ္စမှာ ဖေဖေ့စကားနဲ့ ကိုယ့်ကိုယ်ကို တရားချပါရဲ့၊ ခုထိ တရားချမရခဲ့ဘူး....မေမေ မဆုံးခင်က ဒီလယ်မြေတွေနဲ့ပတ်သက်ပြီး မေမေပြောခဲ့တယ်၊ မောင်သက်က ဒီသူ ရွေးပေးတဲ့ လယ်မြေတွေကို သူပိုင်ဆိုင်ခွင့်ရှိတယ်လို့ စကားပြောလာခဲ့ရင်တဲ့.... ဘာကြောင့် ဒီလယ်တွေ ချစ်တီးလက် ရောက်ရသလဲဆိုတဲ့ အကြောင်းကအစ ဇာတ်လန်ပြီး သတင်းစာထဲ ကြော်ငြာပါ၊ ပြီးတော့လဲ မောင်သက်ဆိုသူနဲ့ လုံးဝ ဆွေရေးမျိုးရေး မဆက်စပ်တော့ကြောင်းကို ကြော်ငြာပြီး ဒီလယ်တွေကို မောင်သက်ကိုပိုက်ဆံတစ်ပြားမှမယူဘဲ လွှဲပြောင်းပေးလိုက်ပါတဲ့”

ခင်မေဆက်သည် ဤနေရာတွင် ခေတ္တ စကားစကို ရပ်ခါ အမောဖြေသလို နားနေလိုက်၏။ ဦးလှိုင်သည် ရှတ်တရက် အကျက်ရသလို ဝင်ပြောလိုက်၏။

“တို့လဲ တာကို ပြောမလိုက်ကဲ့၊ မစောမှ အမြင်ကျယ်ပါပေဘယ်။ မေ စိုက်ထားရတဲ့ ငွေဘသောင်းပြန်ရရင် ဒီလယ်မြေတွေကို မောင်သက်နာမယ် လွှဲပြောင်းပေးလိုက်ပါတော့ မေရယ် အန္တရာယ်ကြီးလှပါတယ်”

www.burmeseclassic.com

www.burmeseclassic.com

“အန္တရာယ်.... ဘယ်လို အန္တရာယ်လဲ.... ဒီနေရာမှာလေ ဘကြီးလှိုင် မေမေ့ ဓာတ်ပုံကို ရှေ့ဆွဲထုတ်ပြလာပြီး ဒိုင်းလို လုပ်ပြီး... ဦးလေးသက်ကို မကာကွယ်ပါနဲ့ မကာကွယ်ပါနဲ့ မေ့စိတ်ကို မခင်ဓာတ်ပုံပြပြီး ပြော့ကျအောင် မချလိုက်ပါနဲ့ သွေးမဆောင် လိုက်ပါနဲ့....၊ ဘကြီးလှိုင်ကို.... မေတို့ အမျိုး တွေထဲမှာ အကြီးဆုံး ဒီဘဲယောက်ဘဲ ရှိတော့တယ် ဆိုတဲ့ အနေနဲ့ လေးစားမဲ့ လေးစားနေပါရစေ၊ ဘကြီးလှိုင်တို့ ချစ်လှ ပါတယ်ဆိုတဲ့ ဦးလေးတော် ဦးသက် အပေါ်မှာလဲ မေတို့ မြေ များကို ချစ်တီးလက်မရောက်အောင် ရွေးပေးတဲ့ ကျေးဇူးတော် ရှင်ကြီးအနေနဲ့ဘဲ မေ .. ကျေးဇူးတင်နေပါရစေ၊ ခုဏ အန္တရာယ် အန္တရာယ်ဆိုတဲ့ စကားလုံးနဲ့လဲ မေ့ကိုတော့ မခြိမ်းခြောက်ပါနဲ့ ငွေဆိုတဲ့ လာဘ်သဘောမျိုးနဲ့ ဖလှယ်ပြီး ဘေဘောသောင်းပေးမယ် ဒီစာချုပ် လက်မှတ်ထိုးလိုက်ဆိုတဲ့ အနေနဲ့လဲ မေ့ကို နားမချ ပါနဲ့၊ မခင်စကားကို နားထောင်တဲ့ သမီးကောင်း တယောက်ပ ဘဲလို့ မေမေ့သမီးလိမ္မာကြီးတယောက်အနေနဲ့ မြှောက်ပြီး မေ့ကို မချော့ပါနဲ့၊ ဘကြီးလှိုင်တို့သာ သတ္တိကြောင် သူရဲဘောနဲ့ပြီး ဆွေစုမျိုးစု မောင်သက်လုပ်သမျှ ငုံ့ခံပေမင့် မခင်မေဆက်ဆိုတဲ့ မိန်းမအပေါ်မှာတော့ တရားမဲ့သက်သက် ပြောင်အနိုင်ကျင့်တဲ့ ဦးသက်လိုလူရဲ့ အပြုအမူမျိုးကို မေဟာ လွယ်လွယ်နဲ့ လက်လျှော့ ပေးလိမ့်မယ် မဟုတ်ဘူး”

ဒေါ်ခင်မေဆက်- စကားလုံးများမှာ ဒလစပ် ပစ်ခတ်လိုက် သော ကျည်ဆံများလို ပေါက်ကွဲထွက်လာ၏။

“ခင်မေဆက်” ဦးမင်းဟန် အသံသည် အနည်းငယ်မာ၍ ဒေါ် ခင်မေဆက်ကို သတိပေး အချက်ပြသလို ဖြစ်သွား၏။

“မေ့နှ..သတိထားကွယ်၊ မောင်သက်အပေါ် ဘယ်လို



ပြောပြော ဦးလေးလှိုင်ဟာ မေတို့ရဲ့ ဘကြီးနော်၊ ရိုင်းပြတဲ့ စကားလုံးတွေ မသုံးမိပါစေနဲ့”

မေသည် စကားဆက်ကို နဲနဲ အရှိန်သတ်လိုက်၏။

“ဒီလိုပါ ဒီလိုပါ...ဘကြီးနဲ့နဲ့ရှင်းပြချင်တာကဘကြီးလှိုင်ဟာ ခင်မေဆက် ခံစားနေရပုံကို ကိုယ်ချင်းစာမိပါတယ်၊ ချစ်တီးနဲ့ တောင် တရားခွင်မှာ မျက်နှာချင်းမဆိုင်ရဘဲ ကိစ္စပြီးပြတ်လို့ ရခဲ့ ရင် တူဝရီးချင်း ရန်သူလို တရားခွင်မှာ ရင်မဆိုင်ဘဲ ပြီးပြေနိုင် သမျှ ပြီးပြေပါစေလို့ ဘကြီးလှိုင် ဝင်ပါတာပါ”

ဦးမေခအောင် မျက်လုံးထဲတွင်မူ တခါတုန်းက မြန်မာဇာတ်သဘင် ထဲတွင်ကပြတတ်သော ဇာတ်ခန်းများ တခန်းကို သတိရမိ၏။ သား မရှိသော ဘုရင်ကြီးသည် သမီးကို အိမ်ရှေ့အရာ နှင်းအပ်ထားခဲ့ တိုင်းပြည်ကို ရန်သူများဝိုင်းလာချိန်တွင် ဘခင်ကိုယ်စား ရန်သူ များကို နှိမ်နင်းရန် ဝတ်အခင်းအကျင်းနှင့် ရှေ့ဆုံးမှ မင်းသား အဝတ်ကို ဝတ်၍ ထွက်လာတတ်သော အိမ်ရှေ့စံ မင်းသမီးပုံကို သတိရမိ၏။ ရှေ့ကျင်ပုဝါကို ခေါင်းမှာ အုပ်ပေါင်းပေါင်း၍ မင်းသားအသွင် ဝတ်ဆင်ထားသော်လည်း ပျိုနုသော မင်းသမီး လေး၏ရုပ်သွင်မှာတော့ မပျောက်ပေ၊ ဦးလှိုင်သည် သူ့စကားကို သူဆက်ပြော၏။

“အန္တရာယ်ဆိုတာကလဲ မေ့ကို ဘကြီးလှိုင် အနေနဲ့ ခြိမ်း ခြောက်တာ မဟုတ်ပါဘူးကွယ်၊ လူမိုက်မှာ ဆေးမရှိလေတော့ မတော်တဆ ခြေလွန်လက်လွန်တွေ ဖြစ်ကုန်မှာစိုးလို့ပါမေ့၊ ဘ ကြီးလှိုင်က သုဝဏ္ဏသာမ ရေအိုးထမ်းလာတာဘဲမြင်ချင်ရှိပါ”

“မေ...စကားပြောတာ ရိုင်းသွားလို့ မေ့ကို ခွင့်လွှတ်ပါ၊ ဒါပေမင့် မေတခုပြောပါရစေ၊ သုဝဏ္ဏသာမ သားရေအိုးထမ်း လာတဲ့ ဇာတ်လမ်းကို လူတိုင်းကြည့်ချင်ပါတယ်၊ မေက ဒီဇာတ်

www.burmeseclassic.com

www.burmeseclassic.com

လမ်းကို ပြင်လို့များရရင် ပြင်ချင်ပါတယ်၊ သုဝဏ္ဏသာမကို လူသား ဟုတ်မဟုတ် စမ်းကြည့်ဖို့က ဒီလိုများနဲ့ ခွင်းပြီးမှ ကြည့်မှ သိရမတဲ့လား ဘကြီးလှိုင်၊ တခြားနည်းလမ်း မရှိဘူးလား”

ဦးလှိုင်သည် ပ ါ စပ်အပေါင်းသား ငေးသွား၏။ ဦးမင်းဟန်ကတော့ ပြုံးလိုက်သည်။

“အစကသာ ဒီပိဋ္ဋယက္ခမင်းက များနဲ့ မခွင်းခဲ့ရင် သုဝဏ္ဏသာမ သွေးအလိမ်းလိမ်းကပ်ပြီး မြေမှာလူးပြီး သေရတဲ့ဘဝ မရောက်ဘူး၊ သုမန္တရီနတ်သမီးလဲ မနေရ၊ မျက်မမြင် မိဘတွေလဲ ကသိကအောက်မဖြစ်ရဘူး၊ နတ်မနေရ လူမနေရ ဇာတ်လမ်းဟာ ပေါ်ကိုမလာဘူး၊ ဒီတော့ ဘကြီးလှိုင် တရားဟောချင်ရင် အရင်ဆုံး အဆိပ်လူးများကိုင်တဲ့ ပိဋ္ဋယက္ခမင်းကို တရားဟောပါ၊ သင်္ကန်းဝတ်ပြီး ရေအိုးကိုင်နေတဲ့ သုဝဏ္ဏသာမကိုချည်း ဇွတ်တရားပြမနေပါနဲ့တော့၊ နောက်လိုက် နောက်ပါဆိုလို့ သုဝဏ္ဏသာမမှာ သက်သတ်လွတ်မြက်စားနေတဲ့ သမင်တွေဘဲရှိတယ်”

ဦးလှိုင်သည် ငြိမ်ကျသွား၏။

“မေ…တခု ထပ်ပြောပါရစေ၊ ဘကြီးလှိုင်တို့ စကားအရ မေက ချစ်တီးနဲ့တော့ ပြေလည်အောင်လုပ်ယူပြီး ကိုယ့်တူဝရီးချင်းကျမှ တရားခွင်မှာယှဉ်ပြီး ရန်သူလိုဆက်ဆံချင်တဲ့ သဘောရောက်နေတယ်၊ အဲဒါကို မေ ရှင်းပါရစေ၊ ဝတ်လုံ မစ္စတာ ဒတ်တားတို့ နှိတစ်ပေးတဲ့အချိန်က လွတ်လပ်ရေးခေတ်ဦး မဟုတ်ဘူး၊ အင်္ဂလိပ်အုပ်ချုပ်ရေးဘဲ ရှိနေတယ်၊ တည်ဆဲ ဥပဒေအရ သူတို့ဘက်က တင်ပြချက်ဟာ မှန်တဲ့အပြင် ဂျပန်ခေတ်က ငွေတန်ဘိုး တွက်ချက်ပြတာကလဲ မှန်တယ်၊ ပြီးတော့ မြေတွေရွေးပြီး ပေမင့် မှုရင်းစာချုပ်က ချစ်တီးသူဌေးလက်ထဲမှာဘဲ ရှိနေတော့ ဒီစာချုပ် ရှိမတို့ လက်ထဲရောက်မနေသ၍ မေတို့ စကားပြောရ



ဆိုရတာ ဘယ်ပိုင်မလဲ၊ ပြီးတော့ ဒီတုန်းကဒီကိစ္စတွေကို ဦးဆောင်ပြီး ရင်ဆိုင်ရတာက ဖေဖေတို့ မေမေတို့၊ မေမေတို့ဟာ အမှုနိုင်တာ ရှုံးတာထက် တရားမျှတယ် ဥပဒေနဲ့လဲ ညီတယ်ဆိုတဲ့ ဘက်မှာ ရပ်တည်ချင်သေးတယ်ဆိုတာလဲ ဦးလေးလှိုင် သဘောပေါက်စေချင်တယ်၊ အကယ်၍သာ အဲဒီတုန်းကအမှုကို ဦးဆောင်ရင်ဆိုင်ရမဲ့သူဟာ မေသာဖြစ်ခဲ့ရင် အခြေအနေဟာ တမျိုးပြောင်းလဲကောင်း ပြောင်းလဲသွားမှာဘဲလို့ မေထင်တယ်”

ဒေါ်ခင်မေဆက်၏ လေသံသည် တဖြေးဖြေး သံမှန်ရောက်လာ၏။ ရင်ထဲမှ ခံပြင်းသော ဒေါသမှာ ဖွင့်ပြောချင်တာတွေ ပြောပြလိုက်ရ၍ တဝက်တစ်တ လျော့ပါးသွားဟန်ရှိ၏။

ဦးမင်းဟန်သည် ဒေါ်ခင်မေဆက်၏ ဒေါမနဿဖြင့် ပေါက်ကွဲလာသော ဒီရေအရှိန်ကို မသိမသာဟန့်တားလိုသော သဘောဖြင့် သူ့အသံကိုအအေးဆုံး အငြိမ်သက်ဆုံးထားကာ ဝင်ရောက်ပြောလိုက်၏။

“အေးပေါ့လေကွယ်…. အဖြစ်အပျက် ဇာတ်ပေါင်းခံကို ဘကြီးဟန်လဲသိတယ်၊ ဦးလေးလှိုင်လဲသိပါတယ်၊ အခုမိနစ်ပိုင်းလေးမှာ မေ့ရဲ့ ဦးတည်ချက်များဦးက မောင်သက်ကနေ ရွှေပြီး ဦးလေးလှိုင်ဘက် ဦးတည်သွားလို့ ဝမ်းနည်းစရာ ဖြစ်သွားတယ်၊ ဒီအတွက်လဲ ဘကြီးဟန် မေ့ကို ခွင့်လွှတ်ပါတယ်၊ တခါတလေတော့လဲ လေပြင်းကျလာရင် ဝါးရုံအိုဟာ သင့်တော်ရာကို ကြည့်ပြီး ယိမ်းရတာဘဲ၊ ဝါးရုံပင်ဖျားတွေဟာ ဦးခေါင်းကြီး တငြိမ့်ငြိမ့်နဲ့ ညွတ်ခါငြိမ့်ခါ နေရတယ်ဆိုတဲ့ သဘောသာ မေ့နားလည်ထားစေချင်တယ်”

“ဟုတ်ကဲ့….ဘကြီးဟန် ပြောတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဦးလေးလှိုင် ပညာရှိဆန်ဆန် ဝါးရုံပင်အိုလို ခေါင်းငြိမ့်

www.burmeseclassic.com

www.burmeseclassic.com


ဦးညွှတ်ပြီး လေအလိုက် ကြည့်နေရတယ်ဆိုရင် နေပါစေလေ၊ ဒါပေမင့် မြေပေါ်မှာက ဝါးရုံပင်ချည်း သက်သက် ပေါက်နေတာ မဟုတ်လေတော့၊ ကျွန်သစ်ပင်တွေကို သူ့သဘော သူဆောင်ခွင့် ပေးစေချင်ပါတယ်" ခင်မေဆက်က ဝင်ဖြတ်၍ ပြောလိုက်၏။

"ဘကြီးဟန် ထပ်ပြောချင်တာက မေ့လဲ ဆက်မိသားစုရဲ့ အစဉ်အလာ ထိန်းသိမ်းမှုတရပ်ဖြစ်တဲ့ သည်းခံခြင်းနဲ့ စွန့်လွှတ်ရဲခြင်းဆိုတဲ့ အစဉ်အလာကို ထိန်းသိမ်းရာမှာ ပိုမိုရင့်ကျက်လာအောင် ကြိုးစားပါအုံးလို့ ဘကြီးဟန် မေတ္တာရပ်လို့ ဒီအိမ်မှာ ခေါ်ပြောရတာပါကွယ်"

"မေ...တတ်နိုင်သလောက် ကြိုးစားမှာပါ၊ မေကြိုးစားပြီး ဝိတ်ကို အနိုင်ရအောင် ထိန်းချုပ်ကြည့်နေဆဲမှာ ဘကြီးလှိုင်ကိုလဲ မေတခု တောင်းပန်ပါရစေ "ဆက်" ဆိုတဲ့ ကွယ်လွန်သူရဲ့ နံမယ်ကို မကြားရတိုင်း ဘခင်ကြီးလို သည်းခံခိတ် ငါရအောင် မွေးရမယ်လို့ ကိုယ့်ကိုယ်ကို ဆုံးမရတာလဲ အမေသာ၊ မေ... စကားစခဲ့သလို ဆုံးမလို့ရတဲ့အခါလဲ ရှိသပေါ့၊ မရတဲ့အခါလဲ ရှိတယ်၊ ဘကြီးလှိုင်အနေနဲ့လဲ "လှိုင်" ဆိုတဲ့ နာမယ်တလုံးကို ဆက်လက်ထိန်းထားဖို့ မေ မေတ္တာရပ်ခံပါရစေ၊ ဘကြီးလှိုင်ကို မေတို့ဘိုးဘွားတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ အမည်ပေးခဲ့တယ်၊ မသိဘူး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်ဆိုတဲ့ သူကတော့ အသက် ဦးဆံပိုင် ဘုရင်ကို ထင်ရာမစိုင်းဖို့ ရာဇသံဂံဟာ ကျမ်းမှာ အတိအလင်းရေးပြီး သံလျက် ဂုတ်ပေါ် ခဲ့နေရာက ဘုရင့်ကိုတောင် မတိမ်းမစောင်းအောင်ထိန်းခဲ့သူပါ၊ တာကြောင့် ရာဇဝင်မှာရော စာပေလောကမှာရော ယောအတွင်းဝန် ဦးဘိုးလှိုင်ဆိုရင် စာပေ အာဇာနည်ကြီးလို အသိအမှတ် အစဉ်အလာ ပြုခဲ့ရပါတယ်၊ အခုလဲ ဦးလေးသက် ဘရမ်းဘတာ ဖြစ်လာပုံကို ဘကြီးလှိုင် တိမ်းမတ်ပေးပါ ပညာရှိ သိပ်ဆန်မနေပါနဲ့နော်၊ ငါးနှုင် သိပ်မဆန်လိုက်ပါနဲ့၊ ဘကြီးလှိုင်က ပညာချည်း ရှိရှိနေတော့ ခင်မေဆက်က ဆွေစုမျိုးစုထဲမှာ အလိုလို လူမိုက် ဖြစ်ဖြစ် သွားတယ်"

"ဟား..ဟား...ဟား ဟား"ဒီတခါ ဘကြီးလှိုင်သည် လက်ခုတ်လက်ဝါးတီး၍ အားရအောင် ရယ်၏။ ဒေါသ၏ ပေါက်ကွဲခြင်းတို့ဖြင့် ဒေါခင်မေဆက်ကို တဆူးချခန်း၊ ဇာတ်အခန်းမှာ ဦးလှိုင် ရယ်လိုက်သောကြောင့် အားလုံး သက်တောင့်သက်သာ ရှိသွားပုံရ၏။ ပြုံးလာကျ၏။ မေ၏ မျက်လုံးများပင် ပြုံးယောင် သန်းကာ ဒေါသရှိန် လျော့ပါးသွားသည်။

"ငါ့မြေး...ငါ့မြေးလေး ခင်မေဆက်.. အထီးကျန် ငါ့မြေးလေးပူစူးရေ...မေရဲ့အပေါ်မှာ ဘကြီးလှိုင် အစဉ်ဂရုဏာ ထားခဲ့သယ်ဆိုတာ ယုံပါကွယ်" ဘကြီးလှိုင်သည် ပြုံး၍ အေးမြသော လေသံနှင့် ဆက်လက်ပြောပြ၏။

"အကြောင်းကံလို့ဘဲဆိုရမယ်၊ ယောအတွင်းဝန် ဦးဘိုးလှိုင်ကြီးကိုလဲ အခုသက်ရှိမိုက်သားလှိုင်ရဲ့ ရင်ဘတ်ကဝေဒနာကိုထိုတယ်ပြီး ပြောပြချင်ပါရဲ့ မေ့ရယ်....၊ ဘကြီးလှိုင်ရဲ့အမ အမှင် ခေါက်ခေါက် မသာလိဟာ မောင်ဆက်တို့ရဲ့အမေပါ၊ နှမအရင် ကမွေးတော့ တူလို့တောင်မထင်ခဲ့ဘူး...၊ သားအရင်းလိုပဲကြီး မသာလိဟာ မျက်စိနှလုံးမမှိတ်ခင် မောင်လှိုင်ရယ်ဘဲ့...သားကြီး မောင်ဆက်ကိုဖြင့် မမအားလုံး စိတ်ချပါတယ်တဲ့၊ သားငယ် မောင်သက် အတွက်ကိုဖြင့် စားစား သွားသွား ဘယ်တော့ မအေးခဲ့ရဘူး၊ တချို့က မမကိုမေးတယ်၊ ဆိုးတဲ့လူမိုက်... မောင်သက်ကို ပိုချစ်သလားတဲ့၊ မိခင်မေတ္တာရဲ့သဘောကိုမသိတဲ့လူတွေက ဒီမေးခွန်းကိုမေးရက်တယ်။ ကောင်းတဲ့သူကို ထောက်ထား

www.burmeseclassic.com

www.burmeseclassic.com

သံသရာရောစိတ်ချသွားတော့မို့ မမ ခပ်ခွာခွာနေရတာပါကွယ်။ မောင်သက်ကို လွှတ်ထားလိုက်ရင် သူလုပ်တာတွေဟာ ထောင်နှုတ်ခမ်းရောက်နေလို့ တနေ့ကြီးစင်မှာ ကြိုးတန်းလန်းနဲ့မြင်ရတဲ့ အဖြစ်ရောက်ရင် အကြီးဆုံးတာဝန်အရှိဆုံးသူဟာ မောင်သက်ရဲ့ အမေ မှသာလီပေါ့။ တာကြောင့် မောင်သက်နဲ့အတူနေပြီး မိခင်မေတ္တာအရှိန်နဲ့ အမြဲထိန်းရတာပါ မောင်လှိုင်ရယ်တဲ့။ မမမျက်စိနှစ်လုံးပိတ်သွားရင် မောင်သက်အနားမှာ မင်းအမြဲနေပြီး တတ်နိုင်သလောက် ကတိမ်းကပါးမဖြစ်အောင် ထိန်းပါလို့ မမ မသာလိမသေခင်က အတန်တန်မှာပြီး မျက်စိသာမှိတ်ရော မမ ဟာ မျက်ရည်မငဲ့ရရှာပါဘူး၊ ဒါကြောင့် ခုထိ ဘကြီးလှိုင် မောင်သက်အပြုအမူတွေကို အစဉ်ထိန်းရက်ပါ။ ယောအတွင်းဝန် ဦးဘိုးလှိုင်လို စာသာရေးတတ်ရင်ဖြင့် ရာဇသင်္ဂဟကျမ်းကို တော့ မရေးတတ်ဘူး "သက်ထိန်းခန်း"လို့ စာတအုပ် ဘကြီးလှိုင် ရေးလိုက်ချင်ပါရဲ့"

"ကဲ...မေ့ကိုခွင့်ပြုကြပါတော့၊ မေပြန်ပါရစေ"

ခင်မေဆက်သည် သူ့ထုံးစံအတိုင်း သူကပင်အရင်ခွင့်တောင်းကာ ဧည့်ခန်းမှထွက်သွား၏။ ဦးမေအောင်သည် ဘာကြောင့်မှန်းမသိ၊ ခင်မေဆက်ကိုကားပေါ်အထိပို့ကာ ကားမှန်တံခါးကို ပိတ်ပေးရင်း...

"ဒါခင်မေဆက်နဲ့ ပြန်လည်တွေ့ဆုံခွင့် ရပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်၊ တွေ့ရတဲ့နေရာဟာလဲ တက္ကသိုလ်မြေမှာဘဲ ဖြစ်စေချင်ပါတယ်"ဟု သူပြောလိုက်၏။

"မေ့ဆန္ဒလဲ ထပ်မျှ ဆုတောင်းပါတယ် ဦးမေအောင်... သွားတော့မယ်"



ကျောက်စိမ်းဒေဝီသည် မှန်ကားပေါ်တွင်လက်ပြရင်း ထွက်ခွာသွား၏။ ဦးမေအောင်သည် ဧည့်ခန်းသို့ ပြန်လည်ဆောက်ရှိသောအခါ ဦးမင်းဟန်နှင့် ဦးလှိုင်သည် ဆက်လက် စကားပြောနေကြ၏။

"ခင်မေဆက် စကားပြောတာတွေမှာ လူကြီးတွေကို စော်ကားတဲ့ အသုံးအနှုန်း အမှားပါသွားရင်လဲ ခွင့်လွှတ်ပါဦးလေးလှိုင်ရယ် ...ကျွန်တော်ထပ်ပြီး တောင်းပန်ပါတယ်"

ဦးမင်းဟန်က တောင်းပန်နေ၏။

"အေ် ...မောင်မင်းဟန်ရယ်....ခင်မေဆက်ရော မောင်သက်ရော ဦးလေးလှိုင်ရဲ့ သေွးတွေပါ၊ ဦးလေးလှိုင် မေ့ကိုလဲခွင့်လွှတ်ပါတယ်၊ ဆွေစုမျိုးစုတွေထဲမှာလေ အသက်အကြီးဆုံး တယောက်ယောက်များကျန်ရစ်ခဲ့လျှင် သိတင်းကျွတ် ကန်တော့ခံရတာကလဲ့လို့ ဘကြီးက ဘယ်ဘက်ပါ ပြန်ပြီ၊ညာဘက်ပါ ပြန်ပြီနဲ့ခေါခေါ စွပ်စွဲခံရတတ်တယ်၊ တာတွေရိုးနေပါပြီ။ အေး...တို့များက မေ့ကိုသာအငယ်မို့ နိုင်လဲနိုင်ရတဲ့သူမို့ ပြောသာ ပြောရတာ၊နိုင်ရာ မိထောင်းသလိုဖြစ်နေတယ်၊ မေ ပြောတာတွေကလဲ တလုံးမှ အမှားမပါဘူး....မောင်သက်အတွက်တော့ သူ့သားတွေကိုစကား အစ သူ့ အပြုအမူတွေအတွက် ဦးလေးလှိုင် ခံဘိမကောင်းဘူး၊ ကဲ....ပြန်တော့မယ်"

"ကျွန်တော်နဲ့တူတူ ပြန်ပါလေ၊ ကျွန်တော်လဲ ခုဘဲပြန်မယ်"

"ဟုတ်ပါတယ် ...ဦးလေးလှိုင် ကိုမေအောင်နဲ့ တူတူပြန်ပါ၊ စိတ်မှမောပြေအောင် လိမ္မော်ရည်အေးအေး တခွက်စီသောက်ကြပါဦး"

ဦးမင်းဟန်သည် လိမ္မော်ရည်ယူခဲ့ရန် အိမ်ဖော်သို့ လှမ်းပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဇာတ်ထုတ်ကတော့ ဒါပါဘဲ ကိုမေအောင်ရေ... မောင်သက်ကိုတားမရရင် မောင်သက်ဆင်တဲ့ ဒီအမှုမှာ ရှေ့နေအဖြစ် ကိုမေအောင်ကိုဘဲ ငှားပါလို့ လဲမလို၊ အခြေခံလဲသိရအောင် မေနဲ့လဲဆိုဘူးသွားအောင်လို့ တချက်ခုတ်နှစ်ချက်ပြတ် လုပ်ရတာ၊ ငွေတမျက်နှာသာကြည့်တတ်တဲ့ ဝတ်လုံတွေ ရှေ့နေတွေနဲ့တွေ့ရင် ပြီးပါရော၊ တဝရီးနှစ်ယောက်ကြား အမှုရှည်အောင်လဲ ဆွဲအုံးမယ်၊ အမုန်းလဲပိုပြီး ပွားကြအုံးမယ်၊ ကဲ...လိမ္မော်ရည် သောက်ကြအုံး"

"ကောင်းပါပြီ...ကျွန်တော်အားလုံးကို သဘောပေါက်ပါတယ်၊ ကဲ.. ပြန်ခွင့်ပြုပါအုံး"

ဦးလှိုင်နှင့် ဦးမေအောင်မှာ လိမ္မော်ရည်ကိုအစသတ်သောက်ကာ ပြန်လာခဲ့ကြ၏။

အခါတပါးက သူနှင့်မေသည် ဤသို့ပင်တွေ့ခဲ့ကြရ၏။ သူထိုနေ့ကပြန်လာကတဲက ဒေါ်ခင်မေဆက်နှင့် ထပ်မံ မတွေ့ရတော့၊ သူဆုတောင်းသလိုပင် တရားခွင်တွင် ဒေါ်ခင်မေဆက်ကို မတွေ့ဖြစ်ကြရပေ။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်ရေးရပြီး မကြာမီမှာပင် လယ်မြေများကို ပြည်သူပိုင် လုပ်လိုက်သောကြောင့် လယ်မြေနှင့်ပတ်သက်၍ ဒေါ်မနသာ ပွားနေရသော ဦးသက်၏ရန်ညိုးမှာ ခင်မေဆက်၏အပေါ်တွင် အလိုအလျောက် အလျော့ပေးလိုက်ရတော့သည်။

နောက်ပိုင်းတွင်း ဥပဒေသင်တန်းများ၌ အချိန်ပိုင်းနှင့် သွားရောက်ပို့ချရင်း ခင်မေဆက်ကို တက္ကသိုလ်နယ်မြေတွင်တွေ့ခဲ့ရ၏။ အိမ်ကိုမူ တခေါက်နှစ်ခေါက်သာ သွားရောက် လည်ပတ်ခဲ့၏။ ကျောင်းတွင်ကျောင်းပတက်သော ဆရာသမားများ တက်ရောက်



သည့် ပွဲသဘင်အခမ်းအနားများတွင်တော့ ခင်မေဆက်ကို ဆုံခဲ့ရသည်။

သို့သော် သူ့အိမ်ထောင် ကိုယ့်အိမ်ထောင်ဟူသော ထိန်းသိမ်းရမှုများက ရင်းနှီးမှုရှိသည်ဆိုသော်လည်း ဟန့်တွေက လုပ်ရသေး၏။ ဤ "ဟန့်" ကပင် သူတို့နှစ်ယောက်ကြားတွင် ဇာခန်းဆီးလိုပင် မြင်နေရသော်လည်း မ,၍ကြည့်ရန်မှာတော့ ရိုင်းပြရာရောက်မှာ စိုးရသေးသည်။

မင်းရွှေဇာအမေကွယ်လွန်ပြီးနောက် သူသည် ငယ်ရွယ်သော ဝတ်လုံမုဆိုးဖိုတယောက်အနေနှင့် ကြိုက်သူကို ယူနိုင်ပါသော်လည်း သားလေးနှင့်သူ့အကြားတွင် ပြဿနာများရှုပ်ထွေးလာမည်ဖြစ်သောကြောင့် သူအေးအေးပင်နေခဲ့၏။ သူ့ကို သားတယောက်ဖခင်မှန်းပင် တချို့မသိကြ။ သူ့အမများသည် မင်းရွှေဇာတာဝန်များကို လုံးဝယူခဲ့၏။

ကျောင်းဆုပေးပွဲ လက်ဘက်ရည်ပွဲတခုတွင်တော့ သူ အခွင့်နှင့်လိုက်၏။ ဒေါ်ခင်မေဆက်ကို သူ ခွင့်တောင်းလိုက်၏။

"မေ...လက်ဘက်ရည်ပွဲကပြန်ရင် ကိုကြီးမေအောင် လိုက်ပို့ပါရစေလား၊ အိမ်ကကားကိုလာကြိုဖို့ မမှာနဲ့နော်"

"ကိစ္စက အရေးကြီးလို့လား"

"အေးအေးဆေးဆေး ပြောချင်လို့ပါ၊ အပြီးပြေ ကားလဲ စီးရင်း အင်းလျားကန်ဘက်မောင်းပြီးမှ အိမ်ပြန်ကြတာပေါ့"

"အင်းလျားကန်ဘက် ဘာလို့ သွားနေမလဲ၊ အိမ်မှာဘဲ အေးအေးပြောတာပေါ့"

ထိုညနေက သူလိုက်ပို့သည်ကို မေက လက်ခံခဲ့၏။

"ကိုကြီးမေအောင် စကားပြောချင်တယ်ဆိုရင် အိမ်ထဲမဝင်သေးဘဲ မေတို့ခြံထဲမှာ ခဏနားရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေဆက်သည် လက်ဘက်ရည်ပွဲမှ အဝတ်အစား အပြည့်အစုံနှင့်ပင် ခြံထဲသို့ ဆင်းသွား၏။ ဦးမေအောင်သည် ကားကို ဆင်ဝင်အောက်ထားခဲ့ကာ မေ့နောက်သို့ လိုက်သွားသည်။ အိမ်ထဲမှ ဦးကျီးမြိုင်သည် သူတို့နှစ်ယောက်ရှိရာသို့ မြက်ခင်းပေါ်တွင်ထိုင်သော ကြိမ်ကုလားထိုင် အပေါ့လေးနှစ်လုံးကို သယ်ယူလာသည်။

"မေတော့ ဒီတန်းလျားပေါ်မှာဘဲ ထိုင်မယ်၊ ကိုကြီးမေအောင်တော့ ကြိမ်ကုလားထိုင်ပေါ်မှာ ထိုင်ပါနော်...၊ အေးအေး အရည် တခုခုလောက် သောက်ပါလား"

"အို...မသောက်တော့ဘူး မေ၊ ကိုယ်တို့ လက်ဘက်ရည်ပွဲမှာ စားခဲ့တာ စုံနေတာဘဲ၊ စိတ်အေး လက်အေးဘဲ စကားပြောရအောင်"

မေသည် လက်ပွေ့အိတ်ထဲမှ နှီးသားယပ်တောင် ကလေးကို ဖွင့်ယူကာ ဖြေးညှင်းစွာ ယက်ခပ်နေ၏။ ညနေဆည်းဆာတွင် နေလုံးကတော့ မရှိတော့ပေ။ သို့သော် ကောင်းကင်တွင် အလင်းရောင်ကျန်ရစ်သေး၏။ မိုးကုတ်စက်ဝိုင်း၏ အပြာအနားပေါ်တွင် ကြယ်လေးတလုံးသည် ရှန်းပစွာလက်နေသည်။ ဦးမေအောင်သည် ကြယ်ကလေးကိုတလှည့် မေ့ကိုတလှည့် ကြည့်နေသည်။ ကြယ်လေများ လက်ခြင်းဆက်ထားသလို မေ့ပုဝါဖြူသည် နှယ်ရှက်ထားသော ငွေချိခက်များဖြင့် ပြိုးပျက်နေသည်။

"ကိုကြီးမေအောင်က လက်ဘက်ရည်ပွဲပြီးရင် အင်းလျားကန်တပတ်ကားမောင်းရင်း စကားပြောရအောင်ဆိုတော့ မေ လိုက်ချင်ပါတယ်၊ ဒါပေမင့် မေတို့အိမ်မြက်ခင်းက ပိုပြီး အိမ်မရဘူးလား၊ စိတ်ကောမအေးဘူးလား"



"ကိုယ်လဲနားလည်ပါတယ်လေ....ကိုယ်တို့ဟာ ကျောင်းသူ ကျောင်းသားမဟုတ်တော့ အင်းလျားကန်ဘောင်က မြက်ခင်း တွေပေါ်မှာ မထိုင်သင့်တော့ဘူး"

မေသည် ပြုံးနေ၏။

"ကိုယ့်မှာလဲ ဆရာသမားဆိုတဲ့ ဂုဏ်သိက္ခာကို သိပ်ထိန်းရတာ၊ တကယ်တော့ မေနဲ့တွေ့တဲ့အခါ ဆရာသမားကြီးလို မနေချင်ပါဘူး"

"ဆရာသမားလိုမနေချင်လဲ ဝတ်လုံကြီးတယောက်လို နေပေါ့"

"ဟုတ်တယ်...တကယ်တွေးကြည့်ရင် မေ့ကို ပထမဆုံး တွေ့ရတဲ့နေ့ဟာ ဝတ်လုံအဖြစ်နဲ့ တွေ့ရတာဘဲနော်"

"အဲဒီအမှုသာ ဖြစ်လိုက်ရချင်တော့ တရားခွင်မှာ မေက တရားခံ၊ ကိုကြီးမေအောင်က တရားလိုရဲ့ ဝတ်လုံကြီးအနေနဲ့ မျက်နှာချင်းဆိုင်ရမှာ"

"မေကလဲကွယ်... ကိုယ် ဒီအမှုစကားတွေ အမှုအကြောင်းတွေပြောချင်လို့ မေ့ကိုချိန်းတာမဟုတ်ဘူး၊ မေ့ကို တရားခံတွေ တရားလိုတွေအနေနဲ့ ကိုကြီးမေအောင် တရားခွင်မှာဘယ်တော့မှ မတွေ့လိုဘူး၊ မှုခင်းတွေ အမြဲရှုပ်နေတဲ့တရားခွင်ကို ကျောခိုင်းပြီးပြန်လာရင် ဒီလို မြက်ခင်းပေါ်မှာဘဲ စိတ်အေး လက်အေး တွေ့ချင်တယ်၊ ဒီတော့မှလဲ ကိုယ့်ဦးနှောက် ရှင်းသွားမှာပေါ့"

ဦးမေအောင်သည် လူကြီးဆန်သော သူ့စကားကို မေနားလည်ပါ့မလားဟု သူသိချင်သည်။ ထို့ကြောင့် မေ၏ စကားတလုံးမှမပြောဘဲ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ပြတတ်သော မေ့ မျက်လုံးကို စိုက်ကြည့်လိုက်၏။ ဒီတခါ မေသည် သူ့ကိုမကြည့်၊ ကောင်းကင်ပြာကို မော့၍ ငေးနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လောက တရားခွင့်မှာတော့ မေ ဘယ်လို ပုံစံနဲ့ ကိုကြီး မေအောင်ကို တွေ့ရမယ်ဆိုတာ မေလဲ မသိဘူး"

ခင်မေဆက်သည် အသံကို ပြေ့ပြေ့နှင့် အေးအေးလေး ထားကာ ပြောလိုက်သည်။

"ကိုယ့်တရားကို ကိုယ်စီရင်ပိုင်ခွင့်ရှိနေတာကြ၊ မေ့အပေါ်မှာ တစုံတယောက် စိုးမိုးနေသေးလို့လား"

ခင်မေဆက်သည် ခေါင်းခါပြ လိုက်၏။ ဦးမေအောင်က အသံ ယားလှ ပါသည်။ အသက်သာ ဆယ့်ငါးနှစ် နှစ်ဆယ် လောက် ပြန်ငယ်လိုက်ချင်ပါသည်။ မောင်မေအောင် ဆိုသော တက္ကသိုလ်ကျောင်းသားတဦး တာမှမဟုတ် ကြူတာပေါက်စ တယောက်အနေနှင့်သာ မေ့ကို တွေ့လိုက်ချင်ပါသည်။ ထိုအခါ မေကလည်း အမျိုးဖော် ဝင်စ ဆိုလျှင် ခုလို ပညာရှိဆန်ဆန် စကားတွေရှတ်ဖတ်နေဖို့ မလိုပါပေ။ ကမ္ဘာဦးဗြဟ္မာကြီးကစ၍ ဘယ်သောအခါ ပျောက်ကွယ်သွားမည်မသိသော ဤကမ္ဘာ မြေပေါ်တွင် သူလိုငါလိုပင် သုံးနှုန်းသောစကားကို ပြောလိုက် လျှင် ပြီးပေသား။ ယခုတော့ အချစ်စိတ် ဝင်လာမှုကြောင့် ကိုယ်ရောင် အလင်းပျောက်သော ဗြဟ္မာကြီးသည် သူကဲ့သို့ပင် အမျိုးသမီးသဏ္ဍာန် မှုပါရုံပေါ်လာသော ဗြဟ္မာနွယ်ပျိုစင်ကို ဘယ်လိုများ ချစ်တင်းစကားဆိုခဲ့သည်ကို ဥပဒေကျမ်းများတွင် လှန်လှော၍ရှာရမတတ် သူအခက်ကြုံနေသည်။ ထိုဥပဒေကျမ်း များကလည်း သူလိုချင်သောစကားလုံးကို ဖော်ပြမထားလေ တော့ တရားခွင်တွင် စကားသွက်လှသော ဝတ်လုံကြီးသည် ဘာကစပြောရမှန်းမသိသလို ရင်ထဲမှာဆို့နေ၏။

"ကိုယ်ဘာကိုဆိုလိုတယ်ဆိုတာ မေနားလည်ပါတယ်-နော်"



ခင်မေဆက်သည် သက်ပြင်းရှိုက်ခါ ခေါင်းငြိမ့်ပြလိုက်၏။ စကားတော့ အလုံးမှ မပြောပေ၊ ကောင်းကင်တွင် နေရောင် အကြွင်းအကျန်ပင် မရှိတော့၍ မိုးကုတ်စက်ဝိုင်းသည် ပို၍ပြာ မှိုင်းလာသည်။ ကြယ်မင်း အလှသည်လည်း ပို၍ ပြတ်သားစွာ လင်းထိန်လာသည်။ ပျိုးပျိုးပျောက်ပျောက်နှင့် ကတ္တီပါအနက် ပြတင်းခန်းဆီးကိုမကာ ကြယ်သူငယ် မီးကောင်ပေါက် ကလေး များပင် သူတို့ကို ငုံ့ကြည့်ကြ၏။

"ဒီလိုဆို ကိုကြီးမေအောင် ပြန်ရတော့မှာလား၊ မပြန်ခင် တော့ မေ့ကို မေးခွန်းတခု မေးပါရစေ၊ ကလေး ဆန်တယ်လို့ မထင်ပါနဲ့"

"မေးနိုင်ပါတယ်လေ"

"မေရဲ့ ရင်ထဲက နှလုံးသားနေရာမှာ ကိုကြီးမေအောင် အတွက် နေရာမရှိတော့လို့လား"

"ဒီလိုလဲ...ဟုတ်မပါဘူးလေ၊ ဘယ်လိုပြောရပါ့မလဲ" ခင်မေ ဆက်သည် သူ့ကိုမကြည့်ဘဲ တယောက်ထဲ စကားပြောသလို ရွတ်ဆိုနေ၏။ ပြီးမှ တိုးတိုးလေး ညင်ညင်သာသာ ပြောပြန်၏။

"နှလုံးသားပျားအိမ်၊ ဟုတ်တယ် မေ ရဲ့ နှလုံးသားဟာ ပျားအိမ်ဖြစ်နေလို့ပါ၊ ပညာရှိကြီးကို ပညာရှိလိုဘဲ )စကား ပြောပါရစေတော့၊ ပျားအိမ်လို အပေါက်ရာထောင်နဲ့ ဇကာ ပေါက် ဖြစ်နေတဲ့ အသဲနှလုံးကိုဖြင့် ကိုကြီးမေအောင်ကို မအပ် ပါရစေနဲ့တော့၊ မေလေ တခုတော့ ပြောပြနိုင်တယ်"

ဦးမေအောင်သည် အားတက်သွား၏။ "ဘာကိုလဲမေ ပြော ပြနိုင်သလောက်တော့ ပွင့်ပွင့်လင်း လင်းပြောပါမေ"

မေသည် သူ့ကို မျက်နှာချင်းဆိုင်လိုက်သည်။

www.burmeseclassic.com

 www.burmeseclassic.com

"ရှင်းနိုင်သမျှ ရှင်းရှင်းတော့ မေပြောပြမယ် အေးအေးဆေး နားထောင်ပါ၊ သောကဗျာပါဒ ဆိုတာ ဆင်းရဲလို့ ရှိတာ ချမ်းသာရင် မရှိဘူးဆိုတာလဲ မဟုတ်ဘူး၊ ပိုင်ဆိုင်မှုတွေများလို့ ရှိတယ် ပိုင်ဆိုင်မှုတွေ မရှိရင် သောကဗျာပါဒဟာ မရှိဘူး ဆိုတာလဲမဟုတ်ဘူး၊ ငှက်တကောင်ဟာ အသိုက်တခုထက်ပိုပြီး သူ့မှာမရှိဘူး၊ အဝတ်လဲမလိုဘူး ဒါပေမင့် သူလဲ မနက် မိုးလင်းကတဲက သူ့ဝမ်းစာအတွက် မိုးသာချုပ်ရော အေးအေး သက်သာ ရှာစားလို့ ရတဲ့အခါလဲ ရတယ်၊ အနိုင် အထက် ငှက်ချင်းသတ်ဖြတ်ပြီးမှ အသားလေးတလုံး စပါးနှံလေးတခု ကိုက်ဖြတ်စားသောက်လို့ ရတဲ့အခါလဲရှိတယ်၊ အများအတွက် ဖြစ်ဖြစ် ကိုယ်တယောက်ထဲ အတွက်ပဲ ဖြစ်ဖြစ် တိုက်ခိုက် ရတဲ့ ပူပင်သောကဗျာပါဒတွေဟာ သတ္တဝါ ဆိုတာ ဖြစ်လာရင် ရှိကြစမြဲဘဲ။ လောဘ ဒေါသ မောဟ ဆိုတာ မကင်းသရွေ့ ဒီလမ်းရောက်ရင် ဒီဒဏ်ခံရမှာဘဲ၊ တာအတွက်လဲ ဘဝကို မေ အပြစ်မတင်ပါဘူး၊ ဘဝပြောင်းကြောင်းတရားလဲ မေရှာလို့မတွေ့ သေးဘူးဆိုတာ မေဝန်ခံပါတယ်။ မေ ခဏ စကားစတုန်းက ပြောခဲ့တယ်၊ နှလုံးသားပျားအိမ် ဆိုသလိုဘဲ၊ ဇကာပေါက်တွေ ရာထောင်ပြည့်နေပါစေ ဒီအပေါက်တပေါက်က ကျလာတဲ့ ပျားရည်စက်များဟာဖြင့် ချိုမြိန်ပါစေ၊ စားသုံးရသူ အတွက် အင်အားပြည့်ပါစေလို့ တတ်နိုင်သလောက်တော့ ကြိုးစားခဲ့ ပါတယ်၊ စေတနာလဲထားခဲ့ပါတယ်၊ သို့သော်လဲ တခါတလေ ပျားရည်သီးလို သေနိုင်လေတော့ မေလုပ်သမျှအကောင်းချည်း ပါဘဲလို့ မေ မဆိုလိုပါဘူး၊ ပျားရည်စက်ဟာ အလိုလို ကျလာချိန်လဲရှိတယ်၊ သောကမီးနဲ့မြိုက်ပြီး ပျားရည် သွန်ကျ လာအောင် ပျားမွှတ်ခံရတဲ့ အချိန်ကျတော့ ပျားရည်လဲ ခါး



နှလုံးသားလဲ ဇကာပေါက် ဖြစ်သွား ရရော.... မေ ပြော တာ ရှင်းလား...."

ဦးမေအောင်သည် ခေါင်းငြိမ့်လိုက်၏။

"အဲဒီဇကာပေါက်ချောက်သွေ့သွေ့ကိုမှ ကိုကြီးမေအောင် လက်ခံနိုင်ပါသေးတယ်၊ ပျားအိမ် အခြောက်ကြီးကို ဧည့်ခန်း မှာကို အလှထားပြီး ကျက်သရေတပါးလို့ မှန်စီရွှေချ ဘောင် အနားသတ်တဲ့ မြသားမှန်ဘီဒိုနဲ့ ထားချင်ပါသေးတယ် ဆိုရင် မေဝမ်းသာရမှာပေါ့၊ ကိုကြီးမေအောင်ကို ကျေးဇူးတင်ရမှာ ပေါ့၊ မေကလဲ တုံ့ပြန်မှုရှိရမှာပေါ့...ဒါပေမင့်"

"အမလေး" ဦးမေအောင်သည် ရှေ့ဆက်ကြားရမည့်စကား အတွက် အမလေးကို ရင်ထဲမှ တမိ၏။ ဒါပေမင့်...ဒါပေမင့် ဆိုစကားသုံးလုံးက သူ၏ သွေးတိုးနှုန်းအားကို အမြင့်ဆုံးဒီဂရီ သို့ မိုလိုက်၏။

"ဒါပေမင့် ဒီနေ့ဒီအချိန်မဟုတ်သေးဘူး! တနေ့သဥ္စတော့ ဖြစ်လာကောင်းပါရဲ့၊ အဲဒီ တနေ့သဥ္စဟာ ဘယ်နေ့လဲဆိုတော့ မေရဲ့ ဘယ်ဘက်ရင်ဘတ်ပေါ်က ပဝါဖြူပေါ်မှာ ချိတ်ထိုး ထားတဲ့ စိန်သွားတတ် ရွှေလက်ကိုင်ရိုးနဲ့ တံဇင်ရင်ထိုးကို မေ ဖြုတ်ပြီး ကိုကြီးမေအောင်လက်ကို အပ်တဲ့နေ့ဟာ...ကိုကြီး မေအောင်ကို မေချစ်ပါတယ်လို့ ဖွင့်ဟပြောတဲ့နေ့ဘဲ၊ အခုတော့ မေ ပေးနိုင်တာ ဒီဟာတခုပါဘဲ"

မေသည် သူ့ခေါင်းမှ ထောက်ဇရစ် ပန်းကုံးကို ဖြုတ်ခါ ဦးမေအောင်လက်သို့ ထည့်လိုက်၏။

"မေ့ကို ခွင့်ပြုပါ"ဟု နောက်ဆုံး ခွင့်တောင်းပြီး ရွှေတံဇင် အိမ်ကြီးဘက်သို့ ထွက်သွားတော့သည်။ လမ်းရှောင်အောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လုံကြီး၏ ချစ်သူပျောက်သွား၏။ ကြယ်မြီးကောင်ပေါက်လေးများပင်....

"အို" ဟူသော အာမေဋိတ်ကိုပြုကြ၏။ မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် သူတို့၏ မျက်လုံးအိမ်မှ မျက်ရည်ဥလေးများကို ထိန်းထားလိုက်ကြသည်။

ဦးမေအောင်သည် လက်တွင်းမှ ပန်းပွင့်ငယ်များ သီကုံးထားသော ပန်းကုံးကို ကြေကွဲစွာကြည့်မိ၏။ မွှေးပါ၏ သင်းဖျံ့ပါ၏။ လတ်ဆတ်ပါသေး၏။ သို့သော် ပွင့်ဖတ် လွှာသည် မြသားလိုစိမ်း၏ တကား။

ဝတ်လုံကြီးသည် ပန်းကုံးငယ်ကို လည်စွပ်၍ အောင်မြင်စွာ ဆုတ်ခွာလိုက်ရပါ၏။

## အခန်း-၁၀

## ဒီဗန်းနှင့် လက်ချမီး

ဝတ်လုံတော်ရကြီး ဦးမေအောင်သည် မည်သူမှ မသိလိုက်ရသော အချစ်တိုက်ပွဲ၌ ပြန်ရှုံး၍ အောင်မြင်စွာ ဆုတ်ခွာလိုက်ရ၏။ ယခု သား၏ ကိစ္စကြောင့် အချစ်နယ်မြေရှင်ကရိ ဒေါ်ခင် မေဆက်အား သူမျက်နှာချင်းဆိုင်ရပေမည်။မှန်၏။ မိဘသူထားပေကိုး သူသည် ရှင်မင်းဇော်း ဆိုသည်မှာ ဖြူသည် မဲသည် မသိရသေးသော်လည်း ထိုကိစ္စတွင် ဒေါ်ခင်မေဆက်အိမ်ကို သွားရောက် လည်ပတ်ကြည့်လျှင်းအပြင်ပန်း အကဲခတ်ရုံတော့ လွယ်ပါသည်။ ဒေါ်ခင်မေဆက်က အုပ်ထိန်းသူမဟုတ်။ရှင်းရှင်းတွေးသျှင်တော့ ရှင်မင်းဇော်၏ အလုပ်ရှင်မျှသာ ဖြစ်၏။ မြန်မာ့ထုံးစံအရ မိဘတိမ်ျသာ မိန်းကလေးကို တောင်းရမ်းရမည်ဖြစ်သည်။ ထို့ကြောင့် သူသည် ရှင်မင်းဇော်မိခင်နှင့် အရင်းနှီးဆုံး ဦးမင်းချိန်နှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။ ဦးမင်းချိန်သည် သားဖြစ်သူ မင်းရွှေဇော်၏ ဆရာသမားတစ်ယောက်လည်းဖြစ်၏။ သူနှင့် အသက် ရွယ်ချင်း သင့်ကြောင့် ...ကူသော် သည်း သူ့ရှန်ကန့်တွင် ဝတ်လုံလိုက်စဉ်က ဦးမင်းယာနှင့်

www.burmeseclassic.com



ဆက်သွယ်၍ ရင်းနှီးချစ်ခင်ခဲ့ရပါသော ဆရာဝန်ကြီး ဖြစ်ခဲ့ပေသည်။

တနေ့ညနေတွင် အေးအေးဆေးဆေးပင် သူသည်ဦး မင်းချိန် အိမ်သို့ ကြိုတင်ခွင့်တောင်းကာ သွားရောက် လည်ပတ်ခဲ့သည်။

"ကဲ... ဆိုပါအုံး ကိုမေအောင်၊ရန်ကုန်ကခွာသွားပြီးတဲ့ကိုယ် တော် ဇာတ်ထုတ် ခင်နေလိုက်တာ ကျန်းကျန်း မာမာကြီး ပြန်တွေ့ရတော့ ဝမ်းသာလိုက်တာ"

ဦးမင်းချိန်သည် အစဉ်လည်း ပြုံးနေတတ်ယုံမက စိတ်က လည်း သွက်လက်ဖျတ်လတ်သူမို့၊ ခုနစ်ဆယ် ကျော်သော်လည်း အသက်ထက် ငယ်ရွယ်နုနယ်နေပုံရ၏။ သူ့အား လိုက်လိုက်လဲလဲ ပင်ညှိခံစကားပြော၏။

"ဆိုပါအုံး ဆိုရင် အကျယ်တော့ ချဲ့မနေတော့ဘူး၊ အကို ကြီးဆီလာတာ ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး၊ သားတော်မောင် ကိစ္စ"

ဦးမေအောင်သည် မင်းရွှေဇံအန္တကို ပြောပြလိုက်၏။ ဦးမင်း ချိန်သည် စိတ်ဝင်စားစွာ နားထောင်ရင်း ဦးမေအောင်စကား အဆုံးတွင် ဟက်ဟက်ပက်ပက် ရီ၏။

"ကောင်းလေစွ .. ကောင်းလေစွ၊ ဒါပေမင့် ခင်ဗျား သား တော်မောင်က အချစ်ကိစ္စမှာ ဒါလောက် "အ" လိမ့်မယ် ဒါလောက် လက်နှေးလိမ့်မယ်လို့ ကျွန်တော် မထင်ဘူးဗျာ ဖြစ်မှ ဖြစ်ရလေ မင်းရွှေဇံဂယ်၊ ခင်ဗျားကရော သားတော်မောင်ကို နည်းလမ်းလေး ဘာလေး သင်မပြဘူးလား"

ဦးမေအောင်သည် ရှေနွေ ရယ်မောလိုက်ရပါသော်လည်း အခါတပါး တိုက်ပွဲတနေရာတွင် အောင်မြင်စွာ ဆုတ်ခွာခဲ့ရ သော သူ့လိုလူက အချစ်စစ်ဆင်ရေး အကြောင်းကို သားအား



ဘယ်လိုလုပ်၍မှ မသင်ပြတတ်ပေ။ ထို့ကြောင့် သူများ တကာ လုပ်နည်းလုပ်ဟန်အတိုင်းသမီးလိုချင်လျှင်အုပ်ထိန်းသူထံတောင်း ခံရမည့် လမ်းစဉ်လုပ်နေရခြင်း ဖြစ်သည်ကို ဦးမင်းချိန် သိမည် မဟုတ်ပါချေ။

"ဒီလိုလေဗျာ" ဦးမင်းချိန်သည် အရယ်ရပ်ကာ ဆွေးနွေး နွေးနွေး ပြန်လည်ပြောပြ၏။

"ဒီကိစ္စ ချောချော မောမော ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းတယ်၊ ဖြစ်လိမ့်မယ်လို့လဲ ကျွန်တော် တင်တယ်၊ ဖြစ်ဖို့ လမ်းလဲအများကြီးရှိတယ်၊ ရှင်မင်းထွေးအမေခရစ္စတီနာက ကျွန် တော့တပည့် သူနာပြု ဆရာမကြီးဘဲ သူ့ယောကျ်ား မေဂျာ စမိုက်နဲ့ ကျွန်တော်နဲ့ကလဲ မဟာမိတ်တွေ မြန်မာပြည်ကို ပြန်လည် ထိုးစစ်မဆင်ခင် နယူးဒေလီမှာ အတူ အလုပ်လုပ်လာခဲ့ရတော့ သိပ်ရင်းနှီးတယ်၊ လူကောင်း တစ်ယောက်ပါဘဲ၊ သတို့သမီးအမ တွေထဲမှာ ခရစ္စတီနာတစ်ယောက်ဘဲ ခရစ်ယာန် ဘာသာကိုယူတယ်၊ ကျန်ညီအမတွေကဗုဒ္ဓဘာသာတွေ ကျောင်းဆရာမကြီးတွေပေါ့၊ ကြည့်မြင်တိုင် အေဘီအမ်ကျောင်းက ဆရာမကြီး ဒေါ်သင်းရှိန် လက်ထဲမှာ ရှင်မင်းထွေးက ကြီးပြင်းရတော့၊ သူငယ်မလေးက ဗုဒ္ဓဘာသာ အယူဘဲ ယူတယ်၊ ခရစ္စတီနာ မြောင်းမြ ရွှေ့ရာ လိုက်နေရရင် ကလေးစာသင်ပျက်မှာစိုးလို့ အဲဒီမှာဘဲထားတယ်၊ ရှင်မင်းထွေးက အေဘီအမ်ကျောင်းမှာဘဲ ဆယ်တန်းအောင် တော့ သူနာပြုဆရာမ အတတ်ဘဲ ဝါသနာပါတယ်ဆိုပြီး ဆရာမ အတတ်သင်တန်း တက်တာဘဲ၊ စာမေးပွဲအောင်တော့ ကောင် မလေးကရုပ်ရည်ကလဲချောတယ် တော်လဲတော်တယ်၊ ခရစ္စတီနာ ကလဲ သူနာပြုဆရာမကြီးဆိုတော့ သူနာပြုဆရာမ လောကကို ကျင်လည်လာခဲ့သူကိုး ရှင်းရှင်းဖွင့်ပြီး ဝန်ခံရရင် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လောကမှာလဲ အကျင့်ပျက်တဲ့ ဆရာဝန်တချို့ရှိလေတော့ ချောချောလှလှ သူနာပြု ဆရာမ မပြောနဲ့ ဆရာဝန် မလေးတွေမှာတောင် အန္တရာယ် ရှိတယ်နော်.. ခင်ဗျားသား မင်းရွှေဇံကတော့ ဒီနေရာမှာ ရဟန္တာ ပါဘဲ"

စကား ခေတ္တရပ်ကာ ဦးမင်းချိန်က ရယ်မောလိုက်၏။ ပြီးတော့မှ သူ့စကားစကို ဆက်၏။

"အဲဒါနဲ့ ခရစ္စတီနာက သူ့ သမီးသင်တန်းအပြီး အလုပ်ဝင်တဲ့ အချိန်မှာ ကျွန်တော့ လာတိုင်ပင်တာ စကားကတော့ နဲနဲရှည်မယ် ကိုမေအောင် ဖြေးဖြေးနားထောင်ပေတော့၊ ကျွန်တော့ အဖြစ်ကလဲ ဒီခင်မေဆက် အပေါ်မှာ သူ့ဖခင် မောင်ဆက်လက်ထက်ကတဲက သံယောဇဉ် ငြိခဲ့ရတယ်၊ မောင်ဆက်ဆိုတဲ့ လူက သေသေချာချာပေါင်းကြည့်လေ ချစ်စရာကောင်းလေတဲ ပြီးတော့ လူထူးလူဆန်း အလွန်လဲလဲ ကလကာနောက် အလူမျိုး သိပ်လုပ်တဲ့လူ ကမ္ဘည်းလဲမထိုးချင်ဘူး၊ဥပမာ ခေတ်ဟောင်းတုန်းကဆို ရန်ကုန်မှာ အမျိုးသားကျောင်းတို့ တိုဗမာ အစည်းအရုံးတို့ ကိစ္စတို့မှာ ငွေလိုချင်ရင် မောင်ဆက်သား အလှူခံထည့်တာဘဲ အလှူရှင်ရယ်လို့ ကြော်ငြာပေးတာလဲ သူမကြိုက်ဘူး၊ မြောင်းမြတို့ သရက်ချောင်းတို့မှာလဲ ဒီလိုဘဲ အထူးသဖြင့် သူလုပ်တတ်တာက ပိုက်ဆံရှိရှိ မရှိရှိ ပြုစုမဲ့သူမရှိတဲ့ ရွာနီးချုပ်စပ်က မကျန်းမာတဲ့ သူအိုတွေဆိုရင်ဗျာ မြောင်းမြဆေးရုံတင်ပေးတယ်၊ မြောင်းမြဆေးရုံမှာ ကုမရရင် ရန်ကုန် ဆေးရုံကြီး ခေါ်လာတာဘဲ၊ ကျွန်တော့လက် အပ်တယ် ကုန်ကျသမျှ စားရိတ်လဲ သူခံတယ်၊ ခင်မေဆက်တို့ အိမ်ကြီးကလေ အခု မင်းရွှေဇံငှားနေတဲ့ အိမ်ကြီးပေါ့၊ လူနာတွေ ဆေးရုံမတင်ခင်နဲ့ ဆေးရုံကအဆင်း ခေတ္တနားတဲ့နေရာလို့ကိုဖြစ်နေတာ၊ ခင်စောမူ



ကလဲ ဒီနေရာမှာ လင့်အလိုဆန္ဒကို အတော့်ကို အညီခံပါရှာမိဖြည့်တဲ့ မိန်းမဘဲ ဒါပေမင့် လူနာဆိုတာ လှလှပပလေးမှ မဟုတ်ဘဲ အီး ဝမ်း ကိစ္စကလဲ ရှိနေတော့ အိမ်ဖော် ကလေးမလေးတွေကလဲ ချက်တာပြုတ်တာ ကျွေးမွေးတာလောက်ဘဲ တာဝန်ယူနိုင်တာပေါ့၊ တနေ့တော့ ခင်စောမူက သူ့ယောက်ျား သဒ္ဓါတရားလဲ အောင်မြင်စေချင်တယ်၊ သူလဲ အတတ်နိုင်ဆုံး လုပ်ပေမင့် ဆေးရုံလေးတခု နီးနီးဖြစ်နေတဲ့ သူ့အိမ်ကိစ္စမှာ ဒီလူနာသုံးလေးယောက် ဆိုပေမင့် အညစ်အကြေး အီး ဝမ်း ကိစ္စတွေပေါ့ဗျာ၊ ရေရှည် ဘယ်လို လုပ်ရမလဲ ဆိုပြီး လာတိုင်ပင်တာ။

ကျွန်တော်ကလဲ ဘယ်လိုကံအကျိုးဆက်လဲမသိဘူး၊ဖြေးဖြေးနားထောင်၊ နောက် .. ဒီတုန်းက ဒီဆေးရုံမှာ ကျွန်တော်က ဆေးရုံအုပ်ကြီးအဖြစ် ဆောင်ရွက်နေတုန်း အချိန် အဲဒီတခေတ်က အိန္ဒိယတိုင်းသားကုန်သည်တွေဟာ ချစ်တီးတွေဘင်မကဘူး၊ အခု ဂုဇရတီဈေးသိမ်ကြီးဈေးသူဌေးတွေလို သူဌေးတွေက မြန်မာပြည်ရောက်လာပြီး စီးပွားရှာရာမှာ အဖြစ်အပျက် ဇာတ်ထုပ်ကပေါ်လာလိုက်သေးတယ်။

သူတို့က ရှေးခေတ် ကျွန်ကုန်ကူး ဆန်ဆန်ပေါ့၊ အိန္ဒိယတိုင်းသားထဲက ဇာတ်နိမ့် ဆင်းရဲသား အတော်တော်များများ အခုဂေါ်ရင်ဂျီတွေ မြေဒူး ကုလားတွေလို အလုပ်သမား ကူလီတွေကို ခေါ်ယူလာတာ၊ မြန်မာပြည်မှာ အလုပ်သမား အလုပ်ကြမ်း လုပ်ဖို့ လူလိုတယ် လားဗျာ၊ အဲဒါတင်မကဘူး အိန္ဒိယတိုင်းသူ လှလှပပ ကုလားမ အချောလေးတွေကိုလဲ ကုလားသူဌေးများက အိမ်မှာလဲခိုင်းရင်း ခြေတော်လဲတင်ရင်း ခေါ်ခေါ်လာတယ်၊ အဲဒီအထဲမှာ လက်ချမ်းက ပါလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်မှာ လာရင်းစွဲ သားတော်မောင် ကိုစွကိုပင် ခေတ္တမေ့သွား၏။ ဆရာဝန်ကြီး ဦးမင်းချိန်၏ လက်ချမ်းဝတ္ထုက စိတ်ဝင်စားစရာ ကောင်းသွားသောကြောင့် ဖြစ်၏။ ဦးမင်းချိန် သည် လက်ချမ်းဝတ္ထုကို ဆက်၍ ပြော၏။

"လက်ချမ်းက မိန်းမချောဗျ၊ ဇာတ်နိမ့်တယ်သာ ဆိုတာ ညိုချောသည့် ကုလားသူဌေးတွေက အဲဒီ ကုသားမလေးတွေကို ခြေတော်တင်လို့အားရရင် သူတို့ တပည့်တပန်း ကုလားအစေခံ တွေကို ဆုအဖြစ်နဲ့ ကုလားမလေးတွေကိုပေးတယ်၊ အဲဒီမှာ အခု ခင်မေဆက်ရဲ့ ကားကို မောင်းတဲ့ ဒီဗန်းရဲ့ အဖေ၊ ဒီဗန်းကြီးက ကုလားသူဌေး တဦးအိမ်မှာ လုပ်ဆုက လက်ချမ်းကို ဆုရတာ ပေါ့ဗျာ၊ အဖြစ်များနွယ် ဒီဗန်းက ကံဆိုးသူမောင်ရင် ချစ်ဒုက္ခ ဒီဗန်းဖြစ်ရတယ်၊ ဒီကုလားသူဌေးက လက်ချမ်းကို လွတ်လွတ် ကျွတ်ကျွတ် ဒီဗန်းတာ ယောက်လက် အပ်လိုက်တာ မဟုတ်ဘူး၊ တခြား အလုပ်တူ လုပ်ဘက် စွတ်ပရားနဲ့ စပ်တူ ဆုပေးတယ်၊ ဒီတော့ လက်ချမ်းဟာ စွတ်ပရားကိုတလပေါင်းရတယ်၊ ဒီဗန်းကို တလပေါင်းရတယ်၊ ကျွန်တော်လည်း ဒီဗန်းဆီက ဒီအကြောင်း ကြားရတော့မှ ရီလဲ ရီမိတယ်၊ သနားလဲ သနားမိတယ်၊ ဒီဗန်းက ကျွန်တော့ဆီ အလုပ်လာတောင်းတော့ "ဆပ်" တဲ့...ကုလား ကလဲ သူတတ်သမျှမြန်မာစကားနဲ့ ပြောတာပေါ့ဗျာ၊ လက်ချမ်း မကောင်းဘူးတဲ့ စွတ်ပရားကို သူ့ဗိုက်က အချစ်ကောင်းကောင်း ပေးတယ်၊ ကျွန်တော့ကို ကောင်းကောင်း မပေးဘူးတဲ့"

သူဆိုလိုချင်တာက လက်ချမ်းအချစ်ဟာ စွတ်ပရားအပေါ် မှာသာ ပိုတာပေါ့ဗျာ၊ ဒါတော့ ကိုမေအောင်ရယ် လက်ချမ်း အနေနဲ့လဲ သူ့သူဌေးအမိန့်နဲ့ လင်နှစ်ယောက် ယူသာ ယူရ တယ် သူချစ်ချင်တဲ့ သူ အပေါ် သဒ္ဓာစိတ်ပိုမှာပေါ့၊ အဲဒီတော့



ဒီဗန်းက သူ့အပေါ် မချစ်တဲ့သူနဲ့ သူအတူမနေတော့ပါဘူး နောက်ဆုတ်ပါတယ်ပေါ့၊ အဲဒီကုလားသူဌေးဆီမှာလဲ အလုပ် မလုပ်တော့ပါဘူး၊ ဆေးရုံမှာ အလုပ်တခုခု သူ့ပေးပါလို့ လာတောင်းတာ ဒီဗန်းရဲ့ သူဌေးကလဲ ကျွန်တော့ လူနာဆိုတော့ သူဌေးအိမ်ဝင်ထွက်နေရင်း ဒီဗန်းနဲ့ ကျွန်တော်နဲ့က ရင်းနှီး နေတာ၊ အဲဒီကစပြီး ဒီဗန်းကို ကျွန်တော်ကဘဲ ခင်စောမှုနဲ့ ဆက်သွယ်ပေးပြီး အပ်လိုက်တာဘဲ၊ ဒီဗန်းဟာ မောင်ဆက် အိမ် ပေါ်က ယောကျ်ား လူနာအိုကြီးတွေကို ပြုစုရုံတင် မဟုတ်ဘူး၊ သရက်ချောင်းမှာ မြေဒူးကုလားသင်္ချိုင်းနဲ့ ညားပြီး လယ်သမား ကြီး ဒီဗန်းဖြစ်နေတာ၊ အခု သားအကြီး ဒီဗန်းက ခင်စောမှုက ပညာသင် အားပေး စီစဉ်ပေးတဲ့အတိုင်း မြောင်းမြ ဆေးရုံကြီး မှာ ကွန်ပေါင်ဒါဖြစ်နေတယ်၊ သားအငယ် ဒီဗန်းက ခင်မေဆက် ဒရိုင်ဘာဖြစ်နေတယ်၊ သားအဖ တမြုံလုံး ခင်မေဆက် အပေါ် မောင်ဆက် မရှိတော့သည်အထိ သစ္စာရှိရှိနဲ့ ဆက်ဆံနေကြ ဒါဘဲ"

"နောက်ပိုင်းမှာ တခါ အဖြစ်က ခင်ဗျားလဲ သိချင်သိမယ်၊ အကြောင်းကဘယ်လိုဖြစ်လာလဲဆိုတော့ မောင်ဆက်တို့ ခေါင်း ရင်းခြံက ဦးရွှေဦးသား ဂျွန်နဲ့ မေထက်အကြီး ခင်မျိုးဆက်နဲ့ က ကလေးချင်းချစ်ပြီး လိုက်သွားရော ဂျွန်က လူတေရယ်၊ တိုတို ပြောရရင် ခင်မျိုးဆက်ကို ဦးရွှေဦးတို့က ဝိုင်းနှိမ်လိုက်ကြတာ၊ ခင်မျိုးဆက်လဲ နိုင်ငံခြားလွင့်သွားရော သမီးစိတ္တဇနဲ့ မောင် ဆက်ရော ခင်စောမှုရော ရွှေဆင့်နောက်ဆင့် ကွယ်လွန်ကြတော့ မေရယ် အိမ်ကြီးတလုံးနဲ့ ကြောင်တက်တက်ပေါ့၊ သူ့အဖေ မောင်ဆက်ကလဲ မဆုံးခင် သူ့သမီးလေးခင်မေဆက်ကို ကျွန်းမာ ရေးသာမက အစစ လူမှုရေးရာ နေ့ရေး ထိမ်းရေးပါ၊ သူမရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com


နောက် ဝတ်လုံတော်ရ ဦးမင်းဟာန်နဲ့ တိုင်ပင်ပြီး စောင့်ရှောက်ကြဖို့ မှာရစ်တယ်"

ဦးမေအောင်သည် ဒေါ်ခင်မေဆက်၏အကြောင်းကို ရောက်လာပြီဖြစ်၍ ပိုမိုစိတ်ဝင်စားလာ၏။

"အဲဒီတော့လဲ ကျွန်တော်တို့မှာ ကောင်မလေးကို သူ့ အမေရှိစဉ်ကထက်တောင် ပိုမိုဂရုစိုက်ရတာပေါ့...။ မေဟာ တကယ်တော့လဲ သနားစရာကောင်းပါတယ်၊ ဆိုနိုင်ခက်ခဲတဲ့မိန်းကလေးစားမျိုးတော့ မဟုတ်ပါဘူး...၊ ချက်ခြင်း ဆိုသလိုတော့ အကြောင်းအရာတခုခုနဲ့ရင်ဆိုင်ရရင် စိတ်ထိခိုက်လွယ်တယ်....၊ ဒေါသဖြစ်လွယ်တယ်...အင်္ဂလိပ်လို ပြောရရင် "Highly emotinol and Highly Sensative" ဖြစ်တယ်။ သူ့ စိတ်ဓာတ်တဖြေးဖြေးငြိမ်ကျချိန်မှာ ကျွန်တော်နဲ့မောင်မင်းဟာန်သူ့ ကိုဖြောင်းဖြောင်းဖျဖျပြောဆိုရင်တော့ နားထောင်ပါတယ်၊ ဆွေစဉ်မျိုးဆက်မာန်လဲ ရှိတယ်၊ သူ့ အမကြီး ခင်မျိုးဆက်ကတော့ ဖြေ့ဖြေ့ပျောင်းပျောင်းလေးပဲ။

သူ့ အမ ခင်မျိုးဆက် နိုင်ငံခြားထွက်သွားပြီး မိဘတွေလဲမရှိတော့ သူဘယ်လိုဘဲ စိတ်တင်းတင်း အိမ်ကြီးတလုံးနဲ့ စိတ်ပျော်ပုံမရဘူး၊ အဲဒီကတဲက သူ့ ကျန်းမာရေးဟာ တဖြေးဖြေးယိုင်လာတယ်၊ တကယ်တော့ မိန်းမဟာမိန်းမပဲဗျ၊ ကေရီဘုရင်မတွေတောင် စိတ်ထက်မြက်တယ်၊ တိုင်းပြည်ကိုအုပ်ချုပ်တွပ်ကဲပြီး ယောကျ်ားသားဘုရင်တွေနည်းတူ ရှေ့ဆောင်နိုင်တယ်ဆိုပေမင့်တခါတလေ ချစ်သူရင်ခွင် လိုတယ်ဗျ"

ဆရာဝန်ကြီးဦးမင်းချိန်သည် အသက်ကြီးပြီ ဆိုသော်လည်းဉာဏ်နေရာ၌ စကားသုံးပုံ လှပကဗျာဆန်လိုက်လေခြင်း။

"ဟုတ်တယ်-ဟုတ်တယ်.... ချစ်သူ့ ရင်ခွင်ဆိုတာလိုပါတယ်"

ဦးမေအောင်ကလည်း သူ့ အတွေးနှင့်သူ [illegible] လိုက်၏။

"ဒါပေမင့် မေဟာ ဘာကြောင့် သူအရွယ်ရောက်[illegible] မှာ ချစ်တဲ့သူမရှာခဲ့သလဲ မသိဘူး"

"ဟုတ်ကဲ့....အဲဒါဟာ တွေးချင်စရာပါဘဲ"

"သူ့ ကိုချစ်တဲ့သူ မရှိဘူးလို့ မဆိုနိုင်ဘူး"

ဦးမင်းချိန်က ပြောလိုက်၏။

"အို...သူ့ ကိုချစ်တဲ့သူတွေရှိပါတယ်၊ အများကြီးပဲ"

ဦးမေအောင်သည် ရုတ်တရက် သူ့ ဝမ်းထဲရှိသည်ကို လှစ်ခနဲ ထွက်သွား၏။

"ဟို... ဒီလိုပါလေ၊ ကျွန်တော်ဆိုလိုချင်တာက သူ့ ရုပ် သူ့ ရေ သူ့ ပစ္စည်း ချမ်းသာပုံ ပညာတတ်ပုံနဲ့ ဆို သူငယ်စဉ်တုန်းက ချစ်တဲ့သူ လိုချင်တဲ့သူ ပေါမှာပါ"

ဦးမေအောင်သည် သူ့ စကားသူ ထိန်းလိုက်၏။

"ဟုတ်တယ်... မောင်မေအောင်ပြောတာ မှန်ပါတယ်...၊ ကလေးချင်းတောင်မဟုတ်ဘူး၊ ချွေးမတော်ချင်တဲ့ အထက်တန်းလွှာ အသိုင်းအဝိုင်းတွေက မိဘရှင်တချို့ဟာ ကျွန်တော်အနေတဆင့် မေ့ကို သူတို့သားတွေနဲ့ လက်ဆက်ဖို့ စကားအမ်းလှမ်းခဲ့ဘူးပါတယ်၊ ကျွန်တော်ကလဲ ဦးမင်းဟာန်နဲ့ တိုင်ပင်ပြီး [illegible] တီးခေါက်ကြည့်တော့ မေက ခေါင်းခါတာဘဲ၊ မောင်မင်း[illegible] ကလဲ အချစ်ဆိုတာ အသိနှလုံးက အလိုလိုလာတာဘဲ [illegible] ပါတယ် အကိုကြီးဦးမင်းချိန်ရယ်တဲ့...သူပြောတာလဲ [illegible] မေ့ကို ကိုယ်တို့နှစ်ယောက် ဇွတ်နားမချပါဘူး၊ [illegible] လေ၊ မောင်မေအောင်....ကျွန်တော်ပြောခဲ့တဲ့ [illegible]

www.burmeseclassic.com

လမ်းမှာတောင် လက်ချမီးအချစ်ဟာ ဒီဇနီးအပေါ် သဒ္ဓါစိတ် မရှိခဲ့ဘူး”

“ဟုတ်ပါတယ်”

“ဒါနဲ့ တဲ့ ကိုယ်တို့နှစ်ယောက်လဲ မေ့ကိုအိမ်ထောင်ရေးနား ချဖို့ ကြိုးကိုမကြိုးစားခဲ့ကြဘူး၊ သူ့ဟာသူ အဆင်ပြေလာတဲ့တနေ့ ကိုယ်တို့က ဝိုင်းဝန်းစဉ်းစားပေးကြဖို့ဘဲ ပိတ်ကူးထားကြတယ်”

“ဟုတ်ကဲ့”

ကျန်းမာတုန်း ငယ်ရွယ်တုန်းကတော့ တယောက်ထဲနေကြတာ သိပ်ပြဿနာမှ ရှိဘူးပေါ့လေ၊ ဒါပေမင့် မေရဲ့ကျန်းမာရေးဟာ အရွယ်မနှောင်းခင် ဦးရွှေဦးနဲ့ ပတ်သက်ပြီး အတော်လေးယိုင်သွားတယ်”

“အကိုကြီးပြောခဲ့တဲ့ သူတို့ခြံခေါင်းရင်းက ကျွန်တို့အမေ ဦးရွှေဦးလား”

“ဟုတ်တယ်... ဦးရွှေဦးအကြောင်းကိုလဲ ကိုမေအောင်တို့ ကြားဘူးသလောက် ကြားဘူးပါလိမ့်မယ်၊ အသေးစိတ်ကတော့ ကျွန်တော်က သူငယ်ချင်းလဲဖြစ်ပြန် ပင်တိုင်ဆရာဝန်တယောက် ဖြစ်တော့ သူ့သဘာဝနဲ့ သူ့ရောဂါကို ပိုနားလည်ထားတယ်”

ဦးမင်းချိန်စကားသည် စိတ်ဝင်စားစရာ ကောင်းလာပြန်၏။

“ဖြစ်ပုံက ဦးရွှေဦးတို့က ချမ်းသာတာနဲ့ အမျှ နောက်မြီး ရှည်ရှည်ကိုသိမ်ကြိုက်တာ၊ သူ့နှမမေကြည်သင်းကို ကိုမေအောင် မြင်ဘူးလား”

“မမြင်ဘူးပါဘူး”

“အတော်ချောတယ်ဗျာ၊ ရုပ်ရည်ကလဲလှ ပိုက်ဆံကလဲရှိ၊ ခင်မေဆက်တို့နောက်ပိုင်း ကျော်ကြားပုံက တမျိုး၊ မေကြည် သင်းတို့ တခေတ် သတင်းကြီးတာက တမျိုး၊ ဒါပေမင့်ဗျာ



ဦးရွှေဦးပြီးမှ သူတို့မိသားစုရဲ့ အိမ်ထောင်ရေးက ပြီးပြတ်ရတာ ဘဲ၊ အဲဒီ ကျွန်တော့သူငယ်ချင်းပါဘဲ ကိုရွှေဦးအဖြစ်က ခဲတန် တချောင်းနဲ့ ဘီစီအက် ကလပ်စ်ဝမ်းတွေ၊ အိုင်စီအက်စ်တွေကို စာရင်းထောက်ပြီး ယောက်ဖရှာရတာ အမေ၊ ဘီစီအက်စ် တိုင်းလဲ မကျေနပ် အမြီးက မြန်မာပြည်မှာရတဲ့ ဒီဂရီလောက်ဆို မကြိုက်နပ်ဘူး၊ နိုင်ငံခြားကရတဲ့ဒီဂရီမှာမှ အရှည်ကြီးဖြစ်ရမယ် ပေါ့၊ အဲတာ ယောက်ဖကောင်း လိုက်တာ မေကြည်သင်းကို အပျိုကြီးဖြစ်ရတဲ့ဘဝ ရောက်တာဘဲ၊ စီးကမ်းကြီးတယ် ခေါ်ရ မှာပေါ့လေ”

ဦးမေအောင် သက်ပြင်းချလိုက်မိ၏။

“မေကြည်သင်းအဖို့လဲ သူ့ရုပ်ရည်မာနရော ပစ္စည်းမာနရော သူ့အကိုလိုပဲ ဘဲ၊ ဒါပေမင့် သူကသာ အကို့စကားနားထောင် ပြီး ခုထိအပျိုကြီးလုပ်နေရပေမယ်လို့ လူငယ်တွေကြတော့ ဘယ် ရမလဲ၊ ခုနကပြောသလို ကျွန်ကလဲ ပွဲရင်းက ခင်မျိုးဆက်ခိုးပြေး တဲ့အဖြစ် ရောက်တယ်။ သူ့သမီး တင်မာလာကတော့ သူတို့ရဲ့ အမျိုးထဲက တင်မောင်မြင့်နဲ့ ကလေးချင်း ကြိုက်ကြတယ်။ ကောင်လေးကလဲ မဆိုးပါဘူး စာသင်နေတုန်းပါဘဲ။ ဒါပေမင့် ကိုရွှေဦးက တာဆိုတာဘဲ၊ သူတို့သဘောကျ နိုင်ငံခြားဒီဂရီ ရှည်ရှည်ရတယောက်နဲ့ ပေးစားမယ်အလုပ်မှာ တင်မာလာဟာ သူတို့အိမ်နောက်ဘက် ရေတွင်းထဲ ခုန်ဆင်းပြီး သေလိုက်ရော၊ အဲဒီတုန်းကလဲ ကျွန်တော်တို့က မိသားစုဆရာဝန်အနေနဲ့ သေ ဆုံးရပုံကို ဝိုင်းဝန်းဖုံးပိကြပေမင့် သတင်းဆိုတာ ပျံ့နှံ့တာဘဲ ဗျာ။ အဲ...အဲ...ပထမဆင့်ကတော့ ကိုရွှေဦးရဲ့ ပင်ကိုယ်အကျင့် စာရိတ္တ သဘောမျိုးပေါ့၊ အဆင့်အတန်း မတူဘူးဆို ခွဲခြားခွဲခြားလုပ် သိုးခြားသိတ်နေတတ်မှုတတ်ဆိုက ကြားတော့

www.burmeseclassic.com


အဲတာက ရောဂါလိုဖြစ်လာတယ်၊ ကျွန်တော်တို့ဆရာဝန်အနေနဲ့ သိတာပေါ့။ သူ့ရေခွက်သူမျှားသောက်ရင် မကြိုက်တော့ဘူး၊ လူစိမ်းတွေယောက် ထိုင်သွားတဲ့နေရာဆို မထိုင်တော့ဘူး၊ ရှိတတ်လာတယ်။ ကိုယ်မကောင်းတဲ့ သူတို့ နှပ်တို့ တံတွေးတို့ကို တွေ့တာကအစ သာမာန်လူ ရှိတာမျိုး မဟုတ်တော့ဘူး၊ အစွဲအလမ်းကြီးလာပြီး ဆေးလို့ကြောလို့ မဆုံးနိုင်ဘူး၊ ရူးတဲ့ဘဝရောက်သွားတယ်လို့ မဆိုနိုင်သေးဘူး၊ OBSESSION AL NEUROSIS ခေါ်တဲ့ ဒုတိယအဆင့် ရောက်လာတယ်။ သူ့ကိုကြည့်တော့လဲ ဘာမှ ဟန်မူမပျက် လူကောင်းတွေယောက်ပါဘဲ၊ အဲဒါဖြစ်လို့ ခင်မေဆက်နဲ့ဦးရွှေဦး ပြဿနာ ကျွန်တော်က စခဲ့မိလို့ ကျွန်တော်ကဘဲ ဒီပြဿနာဆုံးအောင် ဆောင်ရွက်ပေးရသလဲ ဆိုတော့ ဇာတ်လမ်းက အရှည်သား သီးခံနားထောင်ပါ”

“အို…ဆက်သာပြောပါကိုကြီးရယ်၊ ကျွန်တော်ကိုယ်တိုင်က သိချင်နေတဲ့အကြောင်းပါ”

“မငြိုးငွေ့ရင် ကြေနပ်ပါတီ၊ အဲဒီ ခင်မေဆက် အဖေ ဦးဆက်က ကျွန်တော် ခုဏပြောခဲ့သလို ကန့်လန့်ကာနောက်က အလှမျိုး သိပ်လုပ်တယ်၊ ပတ်ဝန်းကျင်နဲ့လဲ အဆင်ပြေအောင် နေတယ်၊ အသိုင်း အဝိုင်း နဲ့လဲ အင်မတန် နေတတ်တယ်၊ ကျွန်တော် စောစောက ပြောခဲ့တဲ့ ဒီဗန်း တို့လို ကုလားမျိုး အသေးအဖွဲ့ကိုစကအစ လူမျိုးလဲမခွဲဘူး၊ လူတန်းစားလဲမခွဲဘူး လိုက်လိုက် လျောလျော ကူညီတတ်၊ နေတတ် သလောက် ဦးရွှေဦးကတော့ ကျွန်တော်ပြောပြခဲ့သလိုပါဘဲ ရိုးရိုး စိတ်သဘောအကျင့်အလေ့ကနေ ရောဂါတောင် ဖြစ်စ ပြုလာအောင် သီးခြား ဘဝင်မြင့်လာတော့တာဘဲ။ အလှအတန်းဆိုလဲ သေးသေးလုပ်လုပ် ကြီးကြီးလုပ်လုပ် ကမ္ပည်းထိုးရမှ ကျေနပ်တယ်၊ သူလဲ လှူတော့လှူပါတယ် ဒါပေမင့် ဘာဘဲလှူလှူ ပကာသနတို့ ဂုဏ်တို့ကို ရှေ့တန်းတင်တယ် ခေါ်ရမှာပေါ့ဗျာ”

“ဟုတ်ကဲ့”

“ကျွန်တော်က ဘာကိစ္စဖြစ်ဖြစ် သူနဲ့ သဘောတိုက်ဆိုင်တဲ့ ကိစ္စဆိုရင် အလှူခံတဲ့အခါ သူက လှူဒါန်းတတ်ပါတယ်၊ ဒါပေမင့် သူ ကြေနပ်အောင် PUBLICITY ခေါ်ရမှာပေါ့ဗျာ၊ ကြော်ငြာတော့ ပေးရတာပေါ့။ အဲဒါမှာ ခင်မေဆက်နဲ့ ပြဿနာဖြစ်ချင်တော့ ပန်းချီပြပွဲက ပြဿနာ စတော့တာဘဲ”

“လွတ်လပ်ရေးခေတ်ဦးပိုင်းမှာဟောမာန်ပန်းချီပြပွဲတက္ကသိုလ်မှာလုပ်တယ်လေ၊ ကျွန်တော်တို့က အပြင်က ဝါသနာရှင်တွေအနေနဲ့ ကျောင်းသားကွေလှုပ်ရှားမှုကိုလဲ အားပေးရတာပေါ့၊ အဲဒီတော့ ကျွန်တော်က ပန်းချီကား ပထမဆုတကာရှင်ကို ရှာပေးရတဲ့သူ၊ တိုတိုပြောရရင် ဦးရွှေဦးက ပထမဆုဖလားလှူတယ်၊ သူကိုယ်တိုင် ပထမဆုဖလားကိုပေးရမယ်။ သူက ပင်ကိုယ်ရောဂါ အခံကလဲရှိတာ။ ကျွန်တော်ပြောပြပြီးခဲ့ပြီလေ၊ နောက်ပိုင်းဆိုရင် ဆိုးလာတာက ဗုဒ္ဓဘာသာဖြစ်ပေမင့် ဘုန်းကြီးကိုဦးမချဘူး၊ ကြမ်းပြင်နဲ့ သူ့ နဖူးနဲ့ ထိရမှာရွံလို့တဲ့။ အဲဒီပန်းချီပြပွဲမှာ ခင်မေဆက်တင်ပြတဲ့ပန်းချီက ပထမဆုရရောဗျ။ ခင်မေဆက်နဲ့ ဦးရွှေဦးတို့အဖြစ်ကလဲ ခင်မျိုးဆက် ဂျွန်နောက်ကို လိုက်သွားကတဲ့က မျက်နှာချင်းဆိုင်မရတဲ့ အုပ်စုနှစ်စု။ ခင်မေဆက် ပထမဆုရတယ် ကြေငြာကတဲ့က အဲဒီ ဦးရွှေဦးက ချောက်ခြားနေတဲ့ ဆုတက်ယူတော့ တကယ်ရေးဆွဲသူဟာ ပန်းချီဆရာကြီး ဦးအွန်သင်း ဖြစ်နေတယ်။ အဲဒီ ပန်းချီဆရာကြီးလက်မှာ ဆုသင်းအော စွဲနေလေတော့ ဦးရွှေဦးကြီးဟာ ပင်ကိုယ်ရောဂါအခံဆေး စိတ် ချောက်ခြားတာတွေရော ရောပြီး လဲကျသွားတော့ဗျာ။ ထိုထို

www.burmeseclassic.com



ပြောကြပါစို့။ အိမ်ကို ကျွန်တော်ကိုယ်တိုင်ပြန်ပို့ရင်း သူ့နှမကို အဖြစ်အပျက်ပြောပြတယ်။ သူ့နှမ မကြည်သင်း ပြောတာကတော့ အဲဒီ ပန်းချီဆရာ ဦးရွှေသင်း ဆိုတာကလဲ သူတို့အဖေ ဦးရွှေလင်းရဲ့ ညီအရင်း ခေါက်ခေါက်တဲ့ဗျာ၊ ခရုသင်းစွဲတဲ့ လက်ကို ကိုင်မိလို့တင် မဟုတ်ဘူး၊ သူတို့ဝိုင်းပယ်ထားတဲ့ အဘိုးကြီးကို ရုတ်တရက် တွေ့လိုက်ရလို့ စိတ်ချောက်ခြားတာလဲပါတယ် ဒွေးရောဉပါဒ်ခရောပေါ့၊ ဦးရွှေဦးဟာ အိပ်ရာပေါ် ဘုန်းဘုန်းလဲတော့တာဘဲ၊ ကျွန်တော်လဲ ဒေါက်တာဝင်းမွန်နဲ့ တူတူကြိုးစားကုကြရတယ်၊ ဦးရွှေဦးဟာ ခါတိုင်း အဝတ်တွေလျှော် လက်ဆေး လုပ်တာမှာ ရိုးရိုးရေနဲ့ ဆေးတယ်၊ အဲဒီကတဲက နွားနို့နဲ့ ဆေးပါတော့တယ်”

“ဖြစ်မှ ဖြစ်ရလေတယ်”

“အဖြစ်က အဲဒီနေ့ရာတင်ရပ်ရင်တော်သေးတာပေါ့။ ဝတ်လုံတော်ရ ကိုမင်းဟန်ရယ်လေ.....သူက ခင်မေဆက်အပေါ် အထင်မှားတာပေါ့ဗျာ၊ခင်မေဆက်ချယ်ဦးရွှေဦးကိုဖြင့်ဒီနေ့ရာလက်စားချေတာဘဲဆိုပြီး သူကလဲစေတနာကောင်းနဲ့ပါဘဲ၊ မလုပ်သင့် မလုပ်ထိုက်ဘူးဆိုပြီး ခင်မေဆက်ကို ဆူမှစကား ပြောတာပေါ့၊ ကောင်မလေးကလဲ စိတ်ထိခိုက်လွယ်လိုက်တာ၊ တခါထဲ သူဟာ စေတနာ အရင်းခံနဲ့ လုပ်ရာမှာ ဘယ်နဲ့ဘယ်နဲ့ တာလောက် ဦးရွှေဦး ခံသွားရတယ်ဆိုတာ သူလဲ မတွေးတတ်ဆိုပြီ၊ တခါထဲ အဲဒီနေ့က သေချိန်ကျသွားလိုက်တာ. ရုတ်တရက် သေတဲ့လူတောင် သူ့လောက်မနဲ့ဘူး၊ သူ့ အသက်ကို စိုးရိမ်ရတယ်ဗျ၊ သူ့ အနားမှာ ကျွမ်းကျင်နားလည်ပြီး ပြုစုတတ်တဲ့သူ လိုတယ်၊ သူက သူ့ ကိုယ်သူ ဖြစ်ရိုးဖြစ်စဉ် ခြေဖျားလက်ဖျား အေးတယ်ဘဲ ထင်တာ။မဟုတ်ဘူး။အိမ်ဖော်ကလေးမလေးတွေနဲ့ ဒေါ်အေးမြ



တို့က ပြုစုတတ်တယ်ဆိုပေမင့် ကော်ဖီယူပေး ထမင်းချက်ကျွေး နှိပ်နယ်ပေးတာလောက်လုပ်တတ်တာ၊ တာနဲ့ ကျွန်တော်ကလဲ ခရစ္စတီနာလဲ ရင်အေးအောင် ရှင်မင်းထွေးလဲ အန္တရာယ်ကင်းဘေးကင်းအောင် ခင်မေဆက်အတွက်လဲ ရေရှည်ကျန်းမာရေးကို ကြည့်ပြီး ရှင်မင်းထွေးကို ခင်မေဆက်အနား ပို့ပေးရတာဘဲ”

“ဟင်း....”

ဦးမေအောင်သည် သက်ပြင်းချလိုက်၏။

“ကျွန်တော့ ဒေသနာက ရှည်များသွားသလား၊ ဒေသနာတော်၏ အကျိုးကား မင်းရွှေစံနှင့် ရှင်မင်းထွေး ညားကြလေသတည်းလို့ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ”

ဆရာဝန်ကြီး ဦးမင်းချိန်သည် အရှန်းဖောက်လိုက်ခါ သူ့စကားစကို သတ်လိုက်၏။ ဦးမေအောင်သည်လည်း လိုက်၍ ရယ်မောမိ၏။

“ဒါလောက်သိရရင်ဘဲ ကျွန်တော် ကျေနပ်ပါဘီ၊ ကျန်ဒါကတော့ ဥစ္စာရှင်လို ဥစ္စာရှင် ခံရမှာပေါ့လေ”

“ကိုရင့်သားဘာလောက် မအေပါဘူး၊ ခရစ္စတီနာကို ကိုယ်နားဖောက်ပေးပါမယ်၊ ခင်မေဆက်ကိုတော့ ကိုမင်းဟန်ကနေ တဆင့်ပြောလိုက်ပါမယ်၊ ကျန်တာကတော့ မင်းရွှေစံကို ကျွန်တော်တို့ ငယ်ငယ်က နည်းလေးတွေ သင်လိုက် ကြားလိုက်အုံးမှ ထင်ပါရဲ့”

“ကျေးဇူးတင်ပါတယ် အကိုကြီးရယ်၊ ရှင်မင်းထွေး နေ့သေ ကြောင်းကို တာလောက် သိရရင်ဘဲ တော်ပါဘီ”

“ကျွန်တော် ဒီဇန်းတို့ဝတ္တုပြန်လှန်ရတာကတော့ ကျွန်တော့ အပေါ်မှာ ကျွန်တော်ပေးလိုက်တဲ့ သာမာန် ဒီဇိုင်းသို့ ကုလား အလုပ်သမားလေးတွေယောက် အလုပ်ရဖို့ကိစ္စမှာတောင် ဦးဆက်

www.burmeseclassic.com



ဟာ ကိုယ်ဖိရင်ဖိ လေးလေးစားစား ကူညီခဲ့တော့ သူ့အရေး ကျလဲ ကျွန်တော့မှာ အစစ ကျွန်တော့ သွေးသားလို အပြန် အလှန် ခင်မေဆက်အထိ ကူညီစောင့်ရှောက် နေရတာကို ကိုမေ အောင် သိစေချင်လို့ ဇာတ်လှန်ရတာပါ... ရှင်မင်းထွေးလေး ရောက်လာတော့ မေ့အဖို့ အစစ အဆင်အတော့ကို ပြေလာပါ တယ်၊ ချစ်တဲ့သူရင်ခွင် မရှိပေမင့် တိုးတိုးဖော်လေးတော့ ရလာ တာပေါ့"

"ဟုတ်ပါတယ်လေ....စိတ်ချပါ၊ သားတို့ အဆင်ပြေသွား ရင်တောင် ဒေါ်ခင်မေဆက် အနားက ရှင်မင်းထွေး ခွာထွက် မသွားရအောင် ကျွန်တော်ကလဲ နားလည်မှုနဲ့ ကြိုးစားပေး မှာပါ"

"အေးလေ....ခရစ္စတီနာကို ကျွန်တော် ခေါ်တွေ့ပြီး ရှင်မင်း ထွေးဆီ လွှတ်လိုက်မယ်"

"ဟုတ်ကဲ့....အကိုကြီး၊ ခွင့်ပြုပါအုံး"

ဦးမေအောင်သည် နှုတ်ဆက်ခါ ပြန်လာခဲ့၏။

❁

အခန်း-၁၁

## လမ်းဆိုလေး

ဦးမေအောင်သည် ပြန်တွေးကြည့်၏။

သူ့သား မင်းရွှေဇံပြောသည်မှာ မှန်သည်။ သားသည် သူများ တွေ ရေးသလို အချစ်ပုံပြင်များကို ရေးတတ်ပါသည်။ ခေတ် လူငယ်များပင်တည်း။ အချစ်ပုံပြင်များသည် ရေးရမခက်လှပါ။ သို့သော် ပုံပြင်အစကိုသာ အခါတပါးက စရမည်လား၊ တနေ့ သ၌ သို့မဟုတ် တရံရောအခါက စရမည်လား ဆို၍ ပြောဆို မေးမြန်းခဲ့သည်မှာ မှန်၏။ ယခုတော့ ဆရာဝန်ကြီး ဦးမင်းချိန်က စလိုက်သည်နှင့် မင်းရွှေဇံနှင့် ရှင်မင်းထွေးတို့သည် အချစ်အိမ်ဝေ ဟာသို့ ပန်းခင်းသောလမ်းမှ သွားကြရပေတော့မည်။

သာစွ သာစွ ကံကောင်းလေစွ၊ သူ့မှာသာ အခါတပါးက ပုံပြင်အစသည် သူကပင် မစန်၍လား၊ ကံကပင် မကောင်း၍လား မသိ၊ ပုံပြင်မဆုံးဘဲ လူမသိ သူမသိ တိတ်တဆိတ် ဆုံးခဲ့ရ သည်။ အသက် အချိန်အခါတို့ကတော့ လွန်ခဲ့ပြီဖြစ် ဆိုရသည့် ဖြစ်များဖြစ်နိုင်လျှင်တော့ သားလေး လက်ထပ်ပွဲတွင် သူသည် ထောက်ဇရစ် ပင်ခြေအောက် ဇာတ်လမ်းကို ပြန်၍ ထောက်ရှုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ပြန်၍ဖွင့်ချင်သည်။ အိုကြီးအိုမရောက်ခါမှ ဒီဇာတ်လမ်းကို ပြန်၍ ကောက်ချင့်ရသလားဟု သူ့ချစ်သူက "အချစ်" ကို "တဏှာ" နှင့် မှား၍ ရာဂကြူးသူ အဘိုးအိုဟု ဆိုလေမည်လား၊ စွတ်စွဲလေမည်လား။ တကယ်တော့ အချစ်သည် ဘယ်တော့မှ မအိုပါလေ။ ရှင်မင်းထွေးကို တွေ့မြင် အကဲတော်လိုသော ဆန္ဒနှင့် သူ ဦးမန်းချိန်ကို သွားတွေ့ပြီး နောက်တပတ်တွင် ဒေါ်ခင်မေဆက် အိမ်ကို သွားရောက် လည်ပတ်ခဲ့၏။

"ဒေါက်တာမင်းရွှေဇံဟာ ကိုကြီးမေအောင်ရဲ့သားမှန်း မေ မသိခဲ့ပါလား"ဟု ခင်မေဆက်က စကားစပ်နှင့် သူ့ကို နှုတ်ဆက်ခဲ့သည်။ ထိုနေ့က သူ့ချစ်သူသည် ပါးလျားသွယ်လျ သွားသည် မှာတော့ မှန်၏။ မျက်လုံးအောက်ခြေတွင် အရေးအကြောင်း လေးများ ထင်စပြုလာသော်လည်း အလပျက်အောင် ပေါ်လာ သော အိုခြင်း၏ ရိပ်ရောင်များ မဟုတ်ပေ။ ဆည်းဆာအလွန် ဖိုတညချမ်းဦးလိုပင် မျက်လုံးလေးများသည် ကြယ်လိုတောက်ပ နေသေးသည်ဟု သူထင်သည်။ သူသည် သားကြီးတို့ ဖေဖေ အနေနှင့် အိမ်ရှေ့ရ ထိုနေ့က စကားပြောခဲ့ရ၏။ တကယ်တန်း ဖွင့်ဟပြောရလျှင်တော့ အလှကေရှိသည့် ရှင်မင်းထွေး လက်ဆက် သွားပြီးနောက် သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ အချစ်လမ်း အိုလေးကိုပင် ဆက်၍ လျှောက်သွားကြရအောင်ဟု ပြောချင်ပါ သည်။ လမ်းကလေး အိုသော်လည်း ဖေးဖေးမမ တဲယောက်က တယောက်လက်တွဲ၍ သွားချင်ပါသည်။

အရွယ်တော်တဆိတ်ဟိုင်းပြီမို့ မေ့၏ခြုံပုဝါကလည်း မြပုဝါ မဟုတ်တော့ပါ။ ဇာပုဝါ ငွေချည်ဖောက်လည်း မဟုတ်တော့ ပါ။ ယောဂီရောင်သန်းသည့် ရှောဇောင်အညိုလေးသာဖြစ်ပြီ ဤချစ်လမ်းအိုတွင် အတူလျှောက်ဆဲ ပုဝါညိုအစသည် လမ်း



ဘေး ဆူးရစ်ခြုံတွင် ငြိနေလျှင် သူသည် မေ့ကိုထိန်းကာ ပုဝါ စကို ဆူးမျှမျှမှ ဖြုတ်ချပေးနိုင်မည် မဟုတ်ပါလား။

လမ်းအိုကလေးမှာ ဂျိုင့်ဂွက်က ပေါချင်ပေါနေမည်။ မေ၏ ခြေလှမ်းက ယိုင်နွဲ့နွဲ့မို့ ခြေချော်၍မလဲနိုင်အောင် သူဘေးက ယှဉ်တွဲ၍ ဖေးမထားလိုပါသည်။

ဘယ်ကစ၍ ဘယ်တွင် ဆုံးမည် မသိပါသော ဤဆက်ရန် ရှိသည့် လမ်းတွင် ဆက်၍ကတော့ လျှောက်ရမည်။ ရှင်မင်းထွေး လက်ထပ်ပြီးနောက် သူကဘယ်လိုပင် အဝီအမံကောင်း၍ မေ့ အပါးတွင် ရှင်မင်းထွေး ရှိသည်ထားအုံးတော့ တနေ့တော့ မင်းရွှေဇံမှာ အစိုးရအမှုထမ်း အထက်အမိန့်ခူးမှတ်ရာကို သွား ရမည်သာဖြစ်သည်။ ထိုအခါတွင် ရှင်မင်းထွေးက လိုက်ရမည်။

မေ့အဖြစ်က ရှင်မင်းထွေးမလိုက်ရဟု မထားသာပေ။ ဒေါ် ခရစ္စတီနာလို မိခင် တယောက်အနေ မဟုတ်လေတော့ သူတို့ ပြောင်းရာ လိုက်နေရဖို့ ဆိုသည်ကလည်းမဖြစ်။ မေသည် ဤ အိမ်ကျယ်ကြီးတွင် ကြောင်တိ ကြောင်တက် တကိုယ်တော် ဇာတ်ထုတ်ကို ဆက်၍ခင်းရမည်။ ငွေကြေးတတ်နိုင်၍ နောက် တယောက်ကို လခပေးခန့်စေကာမူ ရှင်မင်းထွေးလို စေတနာ မျိုးကို ငွေနှင့်ဝယ်၍မရနိုင်ပါ။ သူသည် သူ့ချစ်သူမေ၏ နောင် ရေးကို ကာယကံရှင်က ပူလေသလား မပူလေ သလောမသိ၊ သူကတွေး၍ ပူလှပါ၏။

သိပ္ပံပညာရှင်ကြီးများက ရုပ်ဒြပ် သို့မဟုတ် ရုပ်ခန္ဓာ၏ ခဏ မစဲ တဖွဲ့ဖွဲ့ ပျက်ရခြင်း ခဏိက မရဏကို နှစ်ဆယ်ရာစုနှစ်ဦး လောကကမှ ရှာဖွေ တွေ့ရှိကြ၏။ ဗုဒ္ဓရှင်တော်ဘုရား ကမူ ညောင်ဗုဒ္ဓေဟ ပင်အောက်တွင် ပဋ္ဌာန်းဒေသနာကို ဆင်ခြင် ကတဲက ရုပ်ခန္ဓာတို့၏ ခဏမစဲ တဖွားဖွား ပျက်ခြင်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ အသစ်ဖြစ်ကြောင်း ရုပ်နှင့် ကလပ်စည်းများအကြောင်းကိုလည်းကောင်း ခွဲခြမ်းစိတ်ဖြာပြောတော်မူခဲ့ပါ၏။

သူ့နှလုံးသား ရုပ်ခန္ဓာတွင်းမှ အချစ်ကလပ်စီးကမူ ပျက်စီး၍ မသွား၊ ယခုတိုင်ပင် အခါတပါးကလို ရှိပါသေးသည် ဟု ဘုရားထံအဲ လျှောက်ထား ရလေမလား ''အော်....မေ့မျက်နှာလဝန်းကိုမှီ၍ တည်၍ဖြစ်ခဲ့ရပါသော သူ့အချစ်ကို တင်ပြရာမှာ သူက ရှင်မဟာရဋ္ဌသာရ နှုတ်ရှင်နောင်တို့လို ကဗျာအရာတွင် မကျွမ်းကျင် ကာရံလည်းမဆင်တတ် မင်းရွှေဇံ ပုံပြင်ကမှ အသိုင်းအဝိုင်းကြောင့် အစ သည်လည်း လှယ်လှပါ၏ ဟု ဆိုကောင်း ဆိုရမည် ဖြစ်သော်လည်း သူ့ပုံပြင်လို တဝက်ဘပိုင်းအစကို ပြန်ကောက်ရာတွင် "ခေတ်ဟောင်းပုံပြင် ဖြစ်၍ ခေတ်မမှီတော့" ဟု ပယ်ချလိုက်ပါလျှင် နှစ်ကြိမ်မြောက် ဆုတ်ခွာရခြင်း ဖြစ်ပေတော့မည်။ သို့သော် သားတော်မောင် မင်းရွှေဇံနှင့်ရှင်မင်းထွေး စေ့စပ်ကြောင်းလမ်းသည့်နေ့ကမူ သူသည် ဒေါ်ခင်မဆက်အား လူကြီးများရှေ့တွင်ပင် အရဲစွန့်၍ အခွင့်အရေးတခု တောင်းဆိုလိုက်ပါ၏။

"ကျွန်တော့သား မင်းရွှေဇံဟာ ရှင်မင်းထွေးကို မြတ်မြတ်နိုးနိုး အရေးထားသလို ကျွန်တော်လဲ ချွေးမလောင်းအပေါ် အရေးပေးချင်ပါတယ်၊ ကျွန်တော့မှာ ပြေးကြည့်မှ ဒီသားတခုယောက်တာရှိတော့ သားလေးကိုလဲ အချစ် ရှိသမျှ ပုံအပ်ထားရတာပါ၊ ခု ရှင်မင်းထွေးကို လက်ဆက်တော့မယ့် အခါမှာလဲ သားကြီးကိုချစ်တာနဲ့မခြား ရှင်မင်းထွေးကို သမီးရင်းလို ကျွန်တော်ပြုစု စောင့်ရှောက်ပါမယ်၊ လက်ထပ်ပွဲနေ့ကို ကျင်းပတဲ့အခါမှာ ကျွန်တော့သားကို ကျွန်တော် ဂုဏ်ပြုလိုလို့ ကျွန်တော် ကိုယ်တိုင် လက်ထပ် ပေးခွင့် ပြုစေလိုပါတယ် ခင်ဗျား။



အဲဒီအခါမှာ မိန်းကလေးရှင် ဘက်ကလဲ သိမ္မာ ယဉ်ကျေး သူ ရှင်မင်းထွေးကို ဂုဏ်ပြုတဲ့အနေနဲ့ ရှင်မင်းထွေးလက်ကို ကိုင်ပြီး ကျွန်တော့သားနဲ့ လက်ဆက်ဖို့ တာဝန်ကို ဒေါ်ခင်မဆက် ယူစေလိုပါတယ်"

စေ့စပ်ကြောင်းလမ်းပွဲရှိ လူကြီးများသည် ဒေါ်ခင်မဆက် မျက်နှာကို လှမ်း၍ ကြည့်လိုက်ကြ၏။ ဒေါ်ခင်မဆက်သည် အားလုံးကို နားလည်လိုက်ပါ၏။ သူတို့နှစ်ယောက် အကြောင်းကို သူတို့သာ သိသည်။ "အားလုံးကို မေသိပါတယ် ကိုကြီးမေအောင်ရယ်" ဟူသော အဓိပ္ပာယ်ဖွင့်မျက်လုံးဖြင့် ဦးမေအောင် မျက်နှာကို ပြုံး၍ကြည့်လိုက်၏။

"ဟုတ်ကဲ့....ဝတ်လုံတော်ရကြီး ဦးမေအောင်ရဲ့ဆန္ဒကို ဒီနေရာမှာ မေက ဖြည့်ရမဲ့ဝတ္တရားရှိပါတယ်။ ဗြဟ္မစိုရ် ကင်းကြတဲ့ ခုခေတ်မှာ ပစ္စည်းဥစ္စာ အမွေ မျက်နှာကြောင့်ကလဲ့လို့ မိဘ အရင်းကိုတောင် သားသမီးတွေဟာ လုပ်ကျွေးပြုစုဖို့ တာဝန် ဝတ္တရား ချွတ်ယွင်းကြတာ များပါတယ်။ ရှင်မင်းထွေးဟာ မေနဲ့ သွေးသား မတော်စပ်ပေမင့် သမီးလေးလို သူ့ယ ပြုစု စောင့်ရှောက်လာခဲ့လို့ မေ့ဘဝပြန်ပြီး အသက် ဆက်လာခဲ့တယ် ဆိုရင် မမှားပါဘူး၊ ကျေးဇူးဆိုတာ အပြန်အလှန် သဘောတရား ရှိလေတော့ ရှင်မင်းထွေးဆိုတဲ့ ကလေးမလေးကို မေ့ရဲ့ အသက်သခင်လို သဘောထားပြီး မေ ဂုဏ်ပြုပါ့မယ်၊ လိုလေသေးမရှိ မေ ဒီလက်ထပ်ပွဲကို ဆောင်ရွက် ပေးပါ့မယ်၊ တခု ကြောင့် ဝတ်လုံတော်ရကြီး ဦးမေအောင် တောင်းခံတဲ့ အခွင့်အရေးကို မေ လက်ခံပါတယ်"

ဒေါ်ခင်မဆက်သည် လှပသော စကားလုံးများဖြင့် သူ့တောင်းဆိုချက်ကို လက်ခံခဲ့၏။ အော်....ပြန်များဖြစ်နိုင်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com


သွားအဖန္မစ်ယောက် တချိန်ထဲသာ မင်္ဂလာဆောင် လိုက် ချင်ပါ၏။

* * * *

ဦးမေအောင်တွေးသော ပူပန်မှုမျိုးကို တွေးမိသူမှာ ရှင်မင်းထွေးဖြစ်သည်။ ရှင်မင်းထွေးသံယောဇဉ်သည် ဒေါ်ခင်မေဆက် အပေါ်တွင် အလုပ်ရှင်နှင့်အလုပ်သမားလို မရှိတော့ပြီ၊ ဒေါ်ခရစ္စတီနာကိုသော်မှ လက်ပွန်းတတီး ဒေါ်ခင်မေဆက်ကို ပြုစုသလို သူ မပြုခဲ့ရပါသေး။

သူသည် ဇစ္စပ်ကြောင်းလမ်းပွဲပြီးသောနေ့က အိပ်ရာပေါ်တွင် အပန်းဖြေလှဲ၍နေသော ဒေါ်ခင်မေဆက်၏ အနားတွင် ထိုင်လိုက်၏။

"အန်တီမေ နေ့လည်က အတော်မောသွားသလား" သူသည် အေးအေး ဆေးဆေးပင် မေးလိုက်၏။

"မမောပါဘူးကွယ်...လောကမှာ ပြုဖွယ် ကိစ္စ ဆိုတာကို ပြုအပ်သမျှ လုပ်ရတာဟာ အမောပြေခြင်းတမျိုးပေါ့၊ ပြီးတော့လေ အထွေး၊ မင်း သိပ်ကံကောင်းတာဘဲနော်၊ ချစ်တယ်ဆိုတာ ချစ်ရတာ လွယ်သလောက် အထွေးလို ပန်းခင်းတဲ့ လမ်းမှာ ရောက်ရဖို့ဆိုတာက မလွယ်လှဘူး၊ မင်းမှာကတော့ ရနိုင်ခဲ့တဲ့ ဆုလာဘ်တခုကို ရခြင်းပါဘဲ"

ဒေါ်ခင်မေဆက်သည် လှပသောစကားလုံးများကို ရွတ်ဆိုလိုက်၏။ သူ့ မျက်လုံးကတော့ အထွေးကိုမကြည့် မျက်နှာကျက်ကိုသာ စိုက်ကြည့်နေ၏။

"ပန်းခင်းတဲ့လမ်း" ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် ပြောသောစကားလုံးကိုထပ်၍ရွတ်ဆိုလိုက်၏။ပြီးတော့မှ သူသည် ခင်မေဆက် မျက်နှာကို ကြည့်၍ ဖြေးညှင်းစွာ တလုံးချင်း အေးအေး ဆေးဆေး ပြောပြ၏။

"အထွေးအဖို့တော့ ပန်းခင်းသောလမ်းဆိုတာ မှန်ပါတယ် အန်တီမေရယ်၊ အထွေးက ပန်းခင်းတဲ့လမ်းမှာ ကိုယ့်ချစ်သူ တွေ့တာနဲ့ ကောက်ကာငင်ကာထရောက်သွားလေတော့ အန်တီမေ့ကို အထွေးတယောက်ထဲ ထားခဲ့ရမှာလား အထွေးဟာ အဲဒီလို လုပ်လိုက်တော့လဲ တရားမျှတမှု ရှိပါအုံးမလား"

"ဟင်" ဒေါ်ခင်မေဆက်သည် အထွေးမျက်နှာကို သူ့ မျက်လုံးများ ပြောင်းလိုက်၏။

"အို....မင်း-မင်း ...မင်းလေးတယောက် အန်တီမေရဲ့ အပေါ် သံယောဇဉ် ရှိနေသေးတယ်နော်.... တွယ်တာစိတ် ရှိတယ်နော်၊ ကျေးဇူးတင်လိုက်တာကွယ်"

ရှင်မင်းထွေးသည် မျက်ရည်တွေ ဝဲလာ၏။

"အန်တီမေထင်လို့ပါ၊ အထွေးတယောက်တင် မဟုတ်ပါဘူး၊ အန်တီမေကိုလေ ချစ်တဲ့သူတွေ စေတနာရှိသူတွေအများကြီးပါ၊ အထွေးလေ အန်တီမေနဲ့အတူ နေလာတဲ့ အချိန်များလာတော့ အန်တီမေ စကားလုံးတွေလဲ မပြတ်ကြားနေရဘယ်၊ ပြီးတော့ အန်တီမေ့တို့ရဲ့ "ဆက်" မိသားစု စိတ်ဓာတ်ဟာ အထွေးရင်ထဲ မသိမသာဝင်လာဘိတင်ပါရဲ့ လွှမ်းမိုးလာဘိတင်ပါရဲ့၊ အထွေး ဘာလုပ်လုပ် ငါလုပ်တာမှာ တရားမျှတမှု ရှိပါ့မလားဆိုတာ ကိုယ့်ကိုယ်ကို ပြန်လည်ဆင်ခြင်တဲ့ အကျင့်ဟာ ပါလာဘိ"

မေသည် အထွေး၏ လက်ချောင်းလေးများကို ညင်သာစွာဆုပ်နယ်လိုက်၏။

"ကောင်းပါတယ်ကွယ် ...ကိုယ့်ကိုယ်ကိုပြန်လည်ဆင်ခြင်တတ်တဲ့အလေ့လောက်ကောင်းတာ ဘယ်ရှိပါလိမ့်မလဲ။ ခုကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အထွေး တရားမျှတပါတယ်၊ လုပ်သင့်လုပ်ထိုက်ပါတယ်၊ အချိန်ရှိခိုက် လုပ်သင့် လုပ်ထိုက်တာတွေရှိသမျှ လုပ်သွားကြရတာဘဲ။ ပြီးတော့လဲ အထွေးအဖို့ မင်းရွှေဇံဟာ လင်ကောင်းတယောက်ဖြစ်လိမ့်မယ်လို့ အန်တီမေ မျှော်လင့်တယ်၊ စိတ်လဲ စိတ်ချယုံကြည်တယ်။ အချစ်ဆိုတာ လူတိုင်းရဲ့အသဲနှလုံးမှာရှိပါတယ်...အထူးသဖြင့် မိန်းမတွေမှာကျတော့ ကိုယ်အင်မတန် တန်ဘိုးထားရပါတယ်ဆိုတဲ့အချစ်ကို ယုံမှတ်အပ်နှံပေးရမည့် ပုဂ္ဂိုလ်ချစ်သူဟာ တကယ်ယုံကြည် အားထားရးတဲ့သူ သစ္စာရှိတဲ့သူ ဖြစ်ဖို့ ပိုပြီး လိုလာတာပေါ့ ၊ မင်းရွှေဇံဟာ အထွေး အတွက် အချိန်မနှောင်းခင် ပွင့်လာတဲ့ ပန်းကောင်းတပွင့်ပါ၊ ပန်ထိုက်လို့ ပန်ရချိန်မှာ အန်တီမေဟာ ဝမ်းပန်းတသာနဲ့ 'ဒီပန်းပန်ခမ်း" အခမ်းအနားကို ကျကျနနကို ဆောင်ရွက်ပေးရမယ်"

အထွေးသည် အန်တီမေ့မှာရော ပန်းပန်ခမ်းလေး တခမ်းမှ မကြုံခဲ့ဘူးပါလားဟု စိတ်ထဲမှ မေးမိ၏။ နှုတ်ကတော့ အသံ မထွက်မိပါ။

"အန်တီမေတယောက် အထီးကျန်ဖြစ်ရမှာစိုးတာနဲ့ တခြားသူတယောက်ရဲ့ ပန်းပန်ခမ်းကို တားမြစ်ရမယ်ဆိုတာ တရားမျှတမှုမရှိတဲ့အပြင် ဆက်မိသားစု အစဉ်အလာလဲ မဟုတ်ပါဘူး၊ ပြီးတော့ ဘာပြောပြော ပန်းဆိုတာ အချိန်နဲ့ ပန်ရတာ မြတ်မြတ်နိုးနိုး ပန်းလေးတပွင့် လာပေးတဲ့ သူကလဲ ထိုက်ထိုက် ထန်တန်ဆိုရင် အချိန်ရှိခိုက် လက်ခံရမှာပေါ့၊ မမျိုးဆိုရင် သူအင်မတန်မြတ်နိုးခဲ့တဲ့ ပန်းကို ပေးအပ်ခဲ့ပေမင့် သူ့ချစ်သူ ဂျွန်ဟာ ဘယ်လိုလူစားမျိုးဆိုတာ ရှင်မင်းထွေး သိသင့်သလောက် သိခဲ့ပြီးလား"

အထွေးသည် ခေါင်းငြိမ့်ပြလိုက်၏။

"အန်တီမေ....ကျတော့လဲ"

ဘုရား-ဘုရား....၊ အဲဒီအခန်းလေးကို ရှင်းမင်းထွေး သိပ်နားထောင်ချင်လှပါသည်။အန်တီမေသည် ပွင့်ပွင့်လင်းလင်း ပြောပြပါစေ၊ ဒေါ်ခင်မေဆက် ပြောပြမည့်စကားဆက်ကို စိတ်စောလာ၏။

"အချိန်က စကားပြောလာခဲ့ပါပြီတယ်၊ လက်ကောက်ကို တဖက်ထဲဘဲ ဝတ်ချင်တော့တယ်၊ တစုံအပြည့် ဝတ်ဖို့တောင် လက်ကောက်ခြင်း ထိခတ်သံကို ကြားနိုင်ဖို့ အန်တီမေ နှလုံး မကောင်းတော့ဘူး၊ ကဲ—ကဲ...!တော်တော့"

ဟောတော့...ရှင်မင်းထွေးသည် သူမျှော်လင့် သလောက် စကားကို ဆက်လက်၍ အန်တီမေက မပြောပြသောအခါ သူ့ရင်ထဲမှ ဟောတော့ ဟူ၍သာ ဆိုလိုက်မိ၏။

"အထွေး ကိစ္စကတော့ ပြီးတန်သလောက်ပြီးပြီ၊ အန်တီမေ လုပ်ဖို့တခု ကျန်သေးတယ်၊ မြောင်းမြက မောင်လှကျေးတို့အဖိုး ဦးဘမော်ဆီ စာတစောင်ရေးလိုက်၊မောင်လှကျေး နေမကောင်း လို့လာကြည့်ဖို့ရယ်၊ သူ့အတွက် အမွေကိစ္စ ဆောင်ရွက်ပေးသင့်သမျှ အန်တီမေနဲ့ တိုင်ပင်ပြီး လုပ်ရအောင် လာခဲ့ပါလို့ ရေးပြီးတော့ လက်မှတ်ထိုးဖို့ ယူလာခဲ့ပေတော့"

ရှင်မင်းထွေးသည် သူ့ကို စကားကြောင်းပြောင်းကာ မသိမသာ နှင်လိုက်ပြီဖြစ်၍ ဒေါ်ခင်မေဆက် အပါးမှ ကသိကအောင့်နှင့် ထလာခဲ့သည်။

ဒေါ်ခင်မေဆက်သည် မျက်လုံးကိုစုံမှိတ်ထား၏။ သူ့ပါးစပ်ကမူ ဘာမှဖွင့်မပြောခဲ့သော်လည်း သူသည် ရှင်မင်းထွေးထက်ပင် သူပျိုမြစ်စဉ်တချိန်က လက်ကမ်းပေးသောပန်းများ များလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းများကိုသာ အကုန်ပန်ရလျှင် ခေါင်းဆယ်လုံး ဘီလူးလို သူ့ဆံထုံးကို ဆယ်ထုံး ဖန်ဆင်း၍ ပန်းဝေအောင် ပန်နိုင်ခဲ့သူ တယောက်ဖြစ်ခဲ့သည်ဟု ဆိုရလျှင် အတိဝုဒ္ဓဒေါသများ သင့်လေမလား။

မှန်၏။ အကြောင်း သိသူတို့က ဂန္ထလောကတခေတ်. ခေတ်စမ်း စာပေ ခေတ်အနှောင်းတွင် တက္ကသိုလ်နယ်မြေ၌ တက္ကသိုလ် မောင်သိခ ဆိုသူ စာပေတနေရာရလာခြင်းမှာ ဒေါ်ခင်မေဆက် အလှကြောင့်ဟု ဆိုစမှတ် ပြုကြရသည်။ မောင်သိခသည် "သင်ပုတ်ပလ္လင် ဖြစ်ပါရစေ" ဆိုသော ဝတ္ထုတိုလေး တပုဒ်နှင့် စ၍ တက္ကသိုလ် စာပေလောကတွင် ကျော်ကြားလာသူ ဖြစ်သည်။ သူ့ဝတ္ထုလေး၏ အကျဉ်းချုပ်မှာ ဘုန်းကြီးကျောင်းသားလေး တယောက်သည် ဘုန်းတော်ကြီးကျောင်း ပရဝုဏ်ရှိ ရေကန် အလယ်တွင် ပဒုမ္မာကြာတပွင့်ကို တွေ့ရ၏။ ကြာပွင့် အလှကို မြတ်နိုးလှလွန်းပါသောကြောင့် နတ်စောင်း ပိုင်ရှင် ပဉ္စသိခ နတ်သားလို အလှဘွဲ့ကို သီကျူး၍ ကန်ဘောင်ဘေးတွင် အချစ်ဂီတလေးများကို သီခဲ့ပါသော်လည်း ပန်းကြာပဒုံမှာ ဘယ်ဘက်ကိုမှ မညွတ်မတိမ်း ခပ်စိမ်းစိမ်း နေခဲ့ပါ၏။ တနေ့တွင် ကန်အလယ်မှ ကြာပွင့်ပျောက်၍ သူလိုက်ရှာဆု ချစ်သူ ကြာပွင့်မှာ ဘုန်းတော်ကြီးကျောင်းဆောင် ခေါင်းရင်းဘက် ဘုရားဆင်းတုတော်ရှေ့ရှိ ပန်းအိုးထက်တွင် တင့်တယ်စွာ တွေ့ရ၏။ မြတ်ဘုရားအား လှူဒါန်းပြီးဖြစ်၍ သူသည် နေ့စဉ်ဘုရားကိုသာ ဝတ်ပြုရင်း မပိုင်သာသော ကြာပဒုံ၏ အလှကို တသနေရပါသည်။ သောကလဲ အစဉ် ဖြစ်ရပါသည်။ တနေ့နေ့ ဘုရားပန်းတွေ နွမ်းလို့ ပန်းတွေ စွန့်ခဲ့ရင်ဖြင့် တခြား ပန်းအဟောင်းတွေနှင့် ရောပြီး မြေမှာ အစွန့်ခံရမှာ သူစိုးရိမ်လှပါသည်။ ထို့ကြောင့် သူသည်



"သင်ပုတ်ပလ္လင် ဖြစ်ပါရစေ" ထိုပဒုမ္မာ ကြာငုံနွမ်းလို့ စွန့်ရင်ဖြင့် သူ့ရင်ခွင်မှာသာစွန့်ပါ ကပ္ပိယကြီးရယ်" ဟူသော တောင်းပန်ဟန်ဖြင့် သူ့ဝတ္ထုတိုကို နိဂုံးချုပ်ခဲ့၏။

ယခုတော့ မောင်သိခသည် တက္ကသိုလ်နယ်မြေမှ သည်မြန်မာတပြည်လုံးကို ကျော်ကြားလာခဲ့၏။ အနုပညာဆိုသည်မှာ ရင်ထဲမှ စေ့ဆော်မှု သန္ဓေက စခဲ့ကြခြင်းဖြစ်၏။ အလှကိုတွေ့ရာမှ ဘဝကို တွေ့လာသော် ကလောင်စွမ်းအားသည်ကျယ်ဝန်းလာခဲ့ရ၏။ ဘဝကိုသာ တွေ့ရမယ် အလှကို မတွေ့ရဘူးဟူ၍ အနုပညာသမား တယောက်ကို ဘယ်သူမှ မချုပ်ချယ်ပါလေနှင့်။ မှန်၏။ သန္ဓေခံ စေ့ဆော်မှု မရှိလာပါလျှင် အနုပညာစွမ်းအားကမြေ့ညံ့နေမည် အမှန်ဖြစ်သည်။ သန္ဓေခံစေ့ဆော်မှု အားကောင်းလာလျှင် သူ့ကလောင်တချောင်း သီချင်းတပုဒ် ပန်းချီကားတချပ်သည် သတ္တလောကကို တုံလှုပ်သွားအောင် အားအစွမ်းရှိလာနိုင်သည်။

ပထမသော် ရယ်မွှယ် သရော်ခံရပေမည်။ ရှင်မဟာရဋ္ဌသာရကြီးကိုသော်မှ "သီချင်းသည်" အဖြစ် သာသနာဝန်ထမ်းတို့ အပယ်ခံခဲ့ရ၏။ ပုတ်ဝန်ကြီးမှ သရော်ခံခဲ့ရ၏။ သူ့ခေတ်တွင် သူငယ်စဉ်ကအလှကို တွေ့ခဲ့ရသော ဝေဒနာကြောင့် "ဝဏ္ဏပဘာ ကုလျာ ဖူးစသစ်" ကဗျာကို စာပေတင်ခဲ့၏။ ယခုတော့ လက်ရှိ တေးဂီတပိုင်ရှင်တို့ပင် ဤကဗျာထက် ကျော်လွန်အောင် မစပ်နိုင်၍ သူ့ကဗျာစကားလုံးအတိုင်းကိုသာ ဂီတသံသွင်း၍ သီဆိုခဲ့ရသည်။ အနုပညာသန္ဓေသည် ရင့်ကျက်လာသည်နှင့်အမျှ သူ့ဘဝကို ကျယ်ကျယ်ပျံ့ပျံ့ တွေ့လာသောအခါ "ကိုးခန်းပျို့" [illegible] ခမ်းနားတင့်တယ် လောကုတ္တရာ ဆန်ပါသော ကဗျာများကို သီကျူးနိုင်ပါသော အနုပညာရှင်ကြီးအဖြစ် စာပေလောကတွင် သမိုင်းတင်ရပေပြီ။

www.burmeseclassic.com


နဝဒေးသည် ရှင်မင်း၏ အလှဖြင့် အနုပညာ သန္ဓေစခဲ့သလို နတ်ရှင်နောင်သည်လည်း ရာဇဓာတုကလျာ အလှကြောင့် ကဗျာအာသက် သူ့နှလုံးသားတွင် ဝင်ခဲ့၏။ ယခုတော့ သူတို့သည် ရတုခေတ်ကို မှတ်တမ်းတင်ရသည်ရှိသော် အမျိုးသမီး ယဉ်ကျေးမှု ရတုကဗျာမြစ်ဖျားအစအဖြစ်ဖြင့် သူတို့၏နှလုံးသားကို မှတ်တမ်းတင်ရပေပြီ။

မောင်သီခသည် အလှကိုတွေ့၍ စာပေ အစကို ကိုင်မိရာမှ သူ့အသက် ရင့်ရော်ကျယ်ပွံ့လာသည်နှင့် အမျှ "ဘဝ" ကို တွေ့လာခဲ့သည်။ ယခုတော့ တက္ကသိုလ်မောင်သီခ ဆိုလျှင် ဘဝကို ရင့်ကျက်သော ရှုထောင့်ဖြင့် လေ့လာနိုင်သူဟု ယခု စာပေလောကတွင် သူ့ကို မှတ်တိုင်တစ်တိုင် စိုက်ရပေ၏။

ဒေါ်ခင်မေဆက်၏ အလှစွမ်းအားသည် တက္ကသိုလ် မောင်သီခ ဟူသော စာပေပညာရှင်တစ်ယောက်ကို တက္ကသိုလ် နယ်မြေတွင် ပေါက်ဖွားလာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

သို့သော်မေသည်သင်ပုတ်ပလ္လင်တွင်ပင်အစွန်ခံတော့လေမည်လော။ ဤအကြောင်းကမူ ကာယကံရှင်၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဖြစ်၍ မည်သူမျှ မစွက်ဖက်သာပါချေ။

အကြောင်းတခုတော့ရှိသည် ရာဇဝင်ဆိုလေသည်မှာ ဒဏ္ဍာရီကဲ့သို့ အဆင့်ဆင့် လက်ကမ်း၍ ကြားမှတ်ရသော အကြောင်းအရာများလည်း ရှိ၏။ အုတ်ကျိုး အုတ်ပဲ့၊ ကျောက်တိုင်အိုနှင့် ကျောင်းကိုကျောင်းကြားတို့မှရရှိသော ကျောက်စာအထောက်အထားတို့ဖြင့် ဟိုတခေတ်တွင်ဖြင့် ဒီလိုရှိတန်ကောင်းပေရဲ့ ဟု အခိုင်အမာဆိုကြသော်လည်း တကယ်ဖြစ်ရင်း အစစ်အမှန်ကိုမူ ရာဇဝင်ပါ ကွယ်လွန်ခဲ့ပြီဖြစ်သော ကာယကံရှင်တို့သာ သိပေတော့မည်။

တနေ့သော နံနက် ခင်မျိုးဆက် ဂျွန်၏ နောက်သို့ လိုက်ပါသွားခြင်း မပြုသေး။ ထိုနံနက်က ခင်မေဆက်သည် ခြံထဲသို့ ဆင်းခဲ့၏။ သူသည် စောစောစီးစီးပင် ဘုရားပန်းခူးရန် ခြံထဲသို့ ဆင်းခဲ့၏။ ဆိပ်ဖလူးပင်အောက်တွင် ပန်းခွေလေးတကုံး ဝတ်လွှာများ ကြွေနေသည်ကို တွေ့ခဲ့ရ၏။ ဘုရား….ဘုရား၊ ဤပန်းကုံးလေးသည် ညနေက သူ့မမ ခင်မျိုးဆက် ခေါင်းတွင် ရစ်ခွေပန်ဆင်ခဲ့သော ပန်းကုံးကလေး။ ဆိတ်ဖလူး ပန်းပွင့်လေးများ ယခု နံနက်သူတွေ့ရသောအချိန်တွင် ပွင့်ဖတ်များကြွေနေလေပြီ။ သန်းကောင်ယံတွင် ဤနေရာမှာတော့ ပန်းပွင့်လေးတို့သည် ချစ်သူသခင်မ၏ဆံထုံးထက်တွင်မနေသာအောင် တစ်စုံတစ်ယောက် သူက ဖြုတ်၍ယူခဲ့သလော။ ချစ်၍ပင် နမ်းခဲ့သလော၊ ကစား၍ပင် ချေခဲ့လေသလော။

တုန်လှုပ်ခြင်းဖြင့် ခင်မေဆက်သည် အိမ်ပေါ်သို့ပြေးတက်ခဲ့၏။ ခါတိုင်း နံနက်စောစော ညီအမနှစ်ယောက်တူတူ ဘုရားဝေယျာဝစ္စအတွက် ထကြရစမြဲ၊ ယနေ့နံနက်တော့ သူသည် တစ်ယောက်တည်း ထလာမိ၏။ ခင်မျိုးဆက်သည် အိပ်ပျော်ကျန်ရစ်နေဆဲပင်ဖြစ်၏။ သူသည် ဇာခြင်ထောင်ကို မကြည့်မိ၏။ သူ့မမသည် နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲပင်တည်း။ သူ့မမသည် ကြည်နူးသော ညလယ်အိပ်မက်မှ မနိုးသေး ပြုံးရွှင်နှစ်သိမ့်သောဟန်ဖြင့် အိပ်နေဆဲဆိုသော် ညလယ်က လသာသောည သန်းခေါင်ယံ ဇာတ်လမ်းသည် ချစ်သူ့ရင်ခွင်တွင် ဆံထုံးပြေ၍ ပန်းဝတ်လွှာ ကြွေကျရသော ဇာတ်လမ်းသာဖြစ်ရမည်။

မေသည် ဘာမှန်းမသိ စိတ်ထဲမှာ ကတုံက ရင်ခုန် ဖြစ်လာသည်။ အကယ်၍များ ဤကဲ့သို့သော လသာသော ညတွင် သူ့ဆံထုံးတွင် ပွင့်သောပန်းကို ချစ်သူက ပန်ပေး၍ ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



အုံးတော့၊ အို...သူတို့ ယောကျ်ားဆိုတာ သူတို့ ပန်ပေးသော ပန်းပွင့်ကိုပင် ယုယစွာ မြတ်နိုး၍ ကြည့်နေပါသည် ဆိုသည်မှာ ဖြစ်ကိုမဖြစ်နိုင်၊ သူသည် ထိုစဉ်က ငယ်ရွယ်သေးနုနယ်သေး၏။ ဘုရားခန်းသို့ ဝေယျာဝစ္စပြုရန် ပြေးသွားရမည့်အစား ဘာဖြစ်၍မှန်းမသိ၊ သူတို့အိပ်ခန်းဘေးရှိ ဝရံတာသို့ပြေးထွက်သွားကာ ဂျွန်တို့အိမ်ဘက်ကိုကြည့်မိသည်။ ကြည့်ပြီးတော့လည်း မျက်ရည်တွေက ပေါက်ပေါက်နှင့် ကျလာမိသည်။

"ဂျွန်နှင့်ခင်မျိုးဆက်" ချစ်နေကြပြီဟု ယခင်ကတော့ ရိပ်ဖန်းသံဖန်းဖြင့် သူသိခဲ့ရသည်။ ယခုလို ပန်းကုံးလေး ကြွေနေသည့် အထောက်အထားကို မြင်ရသောအခါ သူသည် တုံလှုပ်လိုက်သည့် ဖြစ်ခြင်း။ ဤနေ့နံနက်က ပထမတုံလှုပ်ခြင်း—

ဒုတိယ တုံလှုပ်ခြင်းကမူ မေမေ၏ မျက်ရေစက်များကို တွေ့ရသောနေ့—

ထိုအချိန်ကမူ ခင်မျိုးဆက်သည် ဂျွန်၏နောက်သို့ လိုက်ပါသွားလေပြီ။ ဘယ်သောအခါမှ အပြုံး မပျက်၊ သမီးငယ်တို့ရှေ့တွင် အိန္ဒြေပျက်လောက် အောင် မျက်ရေမကျဘူးသော မေမေ၊ ယခုတော့ သူ့မေမေသည် ကုတင်ပေါ်တွင် ပုံရက်လဲနေသည်။ မျက်ရည်များက ခေါင်းအုံးတွင် ရွှဲနေသည့်။

"သမီးလေး မေ၊ မင်းရဲ့မေမေ့အနားက ဘယ်ကိုမှ ခွာမသွားနဲ့နော်"

မေမေသည် သူနှစ်သိမ့်၍ မရတော့သော မေမေ့ကို ခင်မေဆက်အား တာဝန်လွှဲအပ်ခါ တခြားကိစ္စ အဘက်နှင့် အပြင်ထွက် သွား၏။ မေသည် မိခင် အနားတွင် တနေ့လုံး နေ၏။ ဘုရား-ဘုရား၊ မေမေဘာကြောင့်များ တာလောက်စိတ်ထိခိုက်ရပါလိမ့်။ သူက ဂျွန်တို့မိသားစုအကြောင်းကို ယခုအရွယ်တွင်



သိသလောက် လို့မဟုတ် မေမေသိသလောက် မသိသေး။ မေမေ ငိုသည်မှာ မိခင်တယောက် သာမာန် ကိုယ့်သမီး လင်နောက်လိုက်၍ ငိုခြင်းမျိုးလောက်သာ နားလည်ခဲ့၏။

"သမီးလေး"

"မေမေ ...ဘာပြောမလို့လဲဟင်"

"မိခင် မျိုးဆက်ကြီးကိုတော့ မေမေ ဘယ်လိုအားအားမှ မရခဲ့တော့ဘူး"

ဘုရား...ဘုရား၊ မေမေက တားခဲ့သေးသည်ဆိုတော့၊ သူတို့သားအမိချင်း အိမ်ထောင်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့နှင့်ရှာကြသေးသည်။ တီးတိုးစွာ သမီးကြီးကို ဆုမ္မ ခဲ့ သေး သည် တားမြစ်ခဲ့သေးသည်။ သူဘာမှမသိခဲ့။ ထိုကြားထဲကမှ မမသည် ချစ်သူနောက်လိုက်သွား၏။ နောက်ပိုင်း သူ့မမ၏ တဘက်ရဲတိုက်ကြီးတွင် အသူရကယ်ဘုံဇာတ်လမ်းကို ခင်ကျွင်းနေခဲ့သည်ကို သိရတော့မှ မေမေ ငိုသည်မှာ မလွန်ဟုသူသိရပြီ

"တားမရလို့ သူ့ဟာသူ လိုက်သွားပေမင့်" မျက်ရည်များတွေတွေစီးရင်း၊ မေမေသည် သူ့စကားသူဆက်ပြော၏။

"မေမေ့မှာ ဝတ္တရားရှိတယ်၊ တဘက်သားကို ဆင်ခြင်နှိမ်ချင်တဲ့ ဦးရွှေဦးမိသားစုဟာလေ သမီးရဲ့မမကြီး ခေါ်သွားပုံနဲ့ဆိုရင် ငါ့သမီးကြီး ဆံပင်ကို သဲကြီးလုပ်ပြီး ဖိနှိပ်ကြမှာ။ တာကြောင့် တာကြောင့်၊ မေမေ သူ့ကို မတွေ့လိုပေမင့် မေမေ့ ဝတ္တရား ကိုတော့ လုပ်ရမယ်" မေမေသည် သူ့ခေါင်းအုံး အောက်မှ သော့ကို ယူခါ ခင်မေဆက်လက်သို့ ထည့်၏။ ခေါင်းရင်းဘက်ရှိ မီးခံသေတ္တာကို ဖွင့်ခိုင်းခါ လက်ဝတ် လက်စားတွေထည့်သော ကတ္တီပါသေတ္တာကို ယူခိုင်းလိုက်သည်။ မေမေ့ရှေ့တွင် ခင်မေဆက်သည် သေတ္တာကို ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"သူ့ရင်ထိုးကလဲ့လို့ ဘာကိုမှ ယူမသွားပါလား"

မေမေသည် ပြောရင်းမှ ခင်မျိုးဆက်ဝတ်သော စိန်တဆင်စာကို ယူလိုက်သည်။ ပြီးတော့ ယွန်းသေတ္တာငယ်တွင်ထည့်သည်။

ရော့....သမီးလေးမေ၊ မင်းရဲ့မမကြီးလက်ထဲထည့်ဖြစ်အောင်ထည့်ခဲ့တော့၊ သူများသမီးကို ငါ့သားက ခိုးယူလာခဲ့ပါပကော လို့ မိဘဝတ္တရားရှိတဲ့အတိုင်း မြန်အပ်ဖို့မို့တဲ့ လူ့လောက အပြန်အလှန် အပြုအမူကို အဲဒီအုပ်စုကလေ... ခေါင်းထဲထည့်မှာမဟုတ်ဘူး။ တာကြောင့် သမီးလေးပေပေလဲ တမနက်လုံး ခေါင်းမဖော်နိုင်တာ၊ သမီးလေး ရော့ ရော့ ယူသွား"

အဲဒီနေ့ ထိုနေ့က ကိုနန္ဒ စီစဉ်ပေးခြင်းအရ မလွယ်ပေါက်ခြံစပ်တွင် ညီအမနှစ်ယောက်ဆုံကာ သူသည် မမကြီး ခင်မျိုးဆက် လက်တွင်းသို့ ရတနာသေတ္တာကို ထည့်ခဲ့၏။

"မေမေငိုနေလား"

"မေမေ ငိုနေတယ်"

အမေးနှင့်အဖြေ၊ တာတဲ ညီအမ နှစ်ယောက် ပြောနိုင်ကာ ရှိုက်ကြီးတငင် ငိုကြသည်။ ဤနေ့က နောက်ဆုံး တွေ့ရခြင်း၊ မလွယ်ပေါက်ခြံစပ်ကိုလည်း ဟိုဘက်အိမ်က အခိုင်အမာ ပိတ်လိုက်၏။ နောက်တော့ မလွယ်ပေါက်သည် ခြုံနွယ်စိမ်းတို့ဖြင့် ရစ်ပတ်ပိတ်ဆို့သွားတော့သည်။

ဟင်း.... ချစ်တဲ့သူနောက် လိုက်တယ်ဆိုသော ပျော်စရာလို့သာ ကြားဘူးခဲ့ပါ၏။ စာအတွေ့မှာလဲ ဖတ်ခဲ့ဘူးပါ၏။ ယခုသူနှစ်သိုးသားနှုန်း၏ ပထမဆုံးအတွေ့တွင်၊ မမလဲငို မေမေလဲငို သူလဲ ငိုရသည်မှာ အမှော။



"မေမေ မျက်ရည်စက်တွေ ကျပြီးမှ ယူရမဲ့ လင် ဆိုရင်တော့ အဲဒီယောကျ်ားကို ရွှေ ကိုယ်လေးချိန် စက်ဖြီး တင်တောင်းတောင် ငါမယူဘူး"

ဟူသော အဓိဋ္ဌာန်သည် သူ၏ နုနယ်သော ထိုအချိန်က ချမှတ်ခဲ့၏။ ဤသို့သော အကြောင်းကြောင်းတွေကြောင့်မွှား ပန်းခင်းသောလမ်းတွင် ပန်းတွေကြဲနေသည့်ကြားက လတ်လတ် ဆတ်ဆတ် ပန်းလေးတပွင့်ကိုသော်မှ ရွေးယူ၍ မဆင်ခဲ့လေသလောဟု ခင်မေဆက် အကြောင်းကို တွေးထင်သင့်သည်ရှိသော် ဖြစ်နိုင်ကောင်းပါ၏။ အကြောင်းရင်းမှန်ကိုတော့ ကာယကံရှင်သာ သိပေမည်၊

နောက်ပိုင်း မေမေ ဖေဖေတို့ ကွယ်လွန်ခဲ့ပြီးနောက် သောဏ်ဇရစ်ပန်း အစိမ်းရောင်ကိုသာ မေ့ခေါင်းတွင် အစဉ် ပန်ခဲ့သည်ကိုပင် အယ်သူမှ ရေရေရာရာ အကြောင်းရင်း မှန်ကို မ[illegible]နိုင်ပေ။

သို့ကြောင့်ပင်၊ ယခုတော့ မေသွားရာလမ်း[illegible]လမ်းအိုလေးဖြစ်ခဲ့ပြီ၊ ဤလမ်းအိုလေးတွင် ပန်းသို့[illegible] ရှောက်လိုသေးသူ ဝတ်လုံတော်ရ ဦးမေအောင်၏[illegible] ဖြစ်နိုင်ပါသေးသလော။

* * * *

ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် ရေးခိုင်း[illegible]စာရေးခါ မြောင်းမြသို့ပို့လိုက်၏။

ဒေါ်ခင်မေဆက်ထံမှစာအရ မောင်လ[illegible]ရှင်မင်းကြီး ဦးဘစောင်သည် ရန်ကုန်ကို[illegible]သို့ပင် ဆိုစေ၊ သူတို့မိဘစကားများကို [illegible]ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့ပါသော သမီးလေးတင်မြသွင်အတွက် သူ့၌ တာဝန်ရှိသည်။ ကိုသက် လုပ်ပုံလုပ်နည်းမဟုတ်၍ မြေးလေးများကို လျစ်လျူရှုနေပါသည်ဆိုသော်လည်း သူ့ရင်ထဲတွင်တော့ တမြွမြွနှင့် စိတ်ချမ်းသာမှုမရှိခဲ့ရ။ မောင်လူမွေးနှင့် မောင်လူကျေး နေထိုင်ရပုံ၊ မောင်လူမွေး သေရပုံအကြောင်းများကို သူမြောင်းမြတွင်နေသော်လည်း ရန်ကုန်မှသတင်းများကို အစဉ်လိုလို ကြားနေရ၍ တနေ့မှ သူစိတ်မအေးခဲ့ပေ။ ထို့ကြောင့်ပင် ခင်မေဆက်ထံမှ စာရရခြင်း ရန်ကုန်သို့ထွက်လာခဲ့၏။

သူတည်းခိုသောအိမ်မှ ဒေါ်ခင်မေဆက်အား ကြိုတင် ချိန်းဆိုလိုက်၏။ သသည် ဒေါ်ခင်မေဆက်ကို ဝင်ဆောက်ခေါ်ငင်ကာ ဝတ်လုံ ဦးမင်းဟန်အိမ်တွင် နေသော မောင်လူကျေးအား ဦးသက်မသိအောင် သွားရောက်တွေ့ဆုံကြမည်ဖြစ်သည်။ဒေါ်ခင်မေဆက်သည် နောက်နေ့နံနက်တွင် အဆင်သင့် သူ့အိမ်၌စောင့်နေမည့်အကြောင်း တယ်လီဖုံးနှင့် အကြောင်း ပြန်လိုက်၏။ နောက်နေ့တွင် သူတည်းခိုနေသော ကီလီသမ်းအိမ်မှ ဒေါ်ခင်မေဆက်အိမ်ရှိရာ ကမာရွတ်ခြံသို့ သူ့ကားနှင့် ထွက်လာ၏။ ခြံအဝတွင် သူသည် ကားကိုရပ်လိုက်ရတော့သည်။ ကားသည် ခြံထဲသို့ဝင်၍မရပေ။ ခြံဝတွင် ဆေးရုံ သူနာတင်ကားတစ်စီးနှင့် ကားအနားတွင် ဒေါ်ခင်မေဆက်အပါအဝင် အိမ်သားများအားလုံးကို တွေ့ရ၏။-

“ခင်မေဆက်....ဘယ်လိုဖြစ်တာလဲ”

ဦးဘမော်သည် လှမ်းမေးရင်း သူနာတင်ကားပေါ်ကိုကြည့်လိုက်၏။ ဘုရား...ဘုရား၊ ကားပေါ်ရှိ သူနာတင်ကပ်ပေါ်တွင် ကိုသက်ကို ပက်လက်ကြီးတွေ့ရ၏။

“ကားတိုက်တာလား”

ရှင်မင်းထွေးကိုအားပြုကိုင်ထားသော ဒေါ်ခင်မေဆက်သည် တုံတုံရိုရိုနှင့် စကားကို မနည်းအားပြုကာ ပြော၏။

“မဟုတ်ဘူး...မဟုတ်ဘူး....ဒီဗန်းရယ် ခြံစည်းရိုးညှပ်ဖို့ ဒီခြံဝကိုလာတာမှာ ခြံစပ်မှာ လဲရက်ကြီး၊ ဦးလေးသက်ကိုလဲရက်ကြီး တွေ့တာဘဲ”

“ဟုတ်တယ် ဘာဘကြီးရဲ့၊ အဲထွေးအထင် ဒီအိမ်ကို သူတာ ခဲ့လုပ်ဖို့လာတာမှာ ခြံအဝရောက်တော့ လဲကျသွားလို့မယ်၊ သူ အရက်တွေသောက်ထားတယ်၊ ဘယ်အချိန်က လဲနေလဲမသိဘူး၊ လေဖြတ်သလို ကိုယ်တစ်ခြမ်းအေးစက်နေတယ်၊ စကားလဲမပြောနိုင်ဘူး၊ ဒါပေမင့် သူမသေသေးဘူး၊ အထွေး သေချာစမ်းကြည့်ပြီးပြီ၊ တာကြောင့် အထွေး အမြန်ဆုံးလိုအပ်လို့ ဆေးရုံကြီးကို သူနာတင်ကား ခေါ်လိုက်တာ၊ အအေးပတ်တာရယ် အရက်ရယ် လေဖြတ်တာရယ် စုဖြစ်တယ်လို့ထင်တယ်”

“ကဲလေ...အားလုံးအဆင်သင့်ဖြစ်ပြီမို့လား၊ ဆေးရုံမြန်မြန်ရောက်ဖို့ အရေးကြီးတယ်၊ ဟော-ဟော.... ပြောရင်း ဆိုရင်း ဘကြီးဟန်နဲ့ ဘကြီးလှိုင် ရောက်လာဘိ၊ ကားပေါ်ကမဆင်းနဲ့တော့၊ ဆေးရုံကြီးလိုက်လာပေတော့”

စိတ်ထိခိုက်လျှင် နေမကောင်းပါဘူးဆိုသော်လည်း တုံတုံရိုရိုနှင့် စီမံအမိန့်ပေးရင်း ဦးဘမော်ကားပေါ်ကို အရင်ဆုံးတက်သူမှာ ခင်မေဆက်ဖြစ်၏။ ရှင်မင်းထွေးသည် နောက်မှတက်၍လိုက်သွား၏။ ရှင်မင်းထွေး တယ်လီဖုံးဆက်၍ လိုက်လာကြသော ဝတ်လုံ ဦးမင်းဟန်နှင့် ဦးလှိုင်သည် ကားပေါ်မှမဆင်းတော့ဘဲ ဆေးရုံကြီးသို့ ကားကို ဆက်မောင်းကာ လိုက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကိစ္စ လိုအပ်သမျှပြီးသောအခါ သူတို့သည် ကိုသက်၏ ကုတင်ဘေးတွင် ဝိုင်းထိုင်လျက်ရှိ၏။ အချိန်ကျ ဆရာဝန်သည် ကိုသက်ရောဂါကို ရှင်းလင်းပြောပြ၏။

“အသက်တော့မသေနိုင်ဘူး၊ အဟော်စောစောကတဲက ခြံဝ မှာလဲနေပုံရတယ်၊ အရက်ကလဲ အလွန်အကျွံသောက်ထားတယ်၊ မနက်ခင်း အအေးကလဲပတ်ပြီး မြန်မာလိုတော့ လေငန်းသတော ပေါ့၊ ဆေးရုံကဆင်းတောင် ကိုယ်တခြမ်းသေပြီး စကားတော့ ပြောနိုင်မှာမဟုတ်တော့ဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားပေးပါမယ်၊ အန်ကယ်ဦးမင်းချိန်ကိုလဲ ဒီက ဒေါ်ခင် မေဆက်က အကြောင်းကြားပေးပါဆိုလို့ ကျွန်တော်တို့ ပြောလိုက်ပါပြီ”

အချိန်ကျဆရာဝန်သည် သူလုပ်ဆောင်ရမည့် တာဝန်ဟူသမျှ လုပ်ပေးပြီး လူနာကုတင်နားမှ ထွက်ခွာသွား၏။ အားလုံးသည် ဖောင်းချလိုက်၏။ မေ အသနားဆုံးက ဘကြီးလှိုင်၊ သို့မဟုတ် ဦးလှိုင်ကိုဖြစ်၏။ ဦးလှိုင်သည် ကလေးလေးတယောက်ကိုကြည့် သလို သူ့တူလေး ကိုသက်ကို သနားကြင်နာသည့် ဘခ်ပွာယ် အပြည့်ပါသော မျက်လုံးများဖြင့် စုတ်ဘသတ်သတ် ..မြည်ကာ ကြည့်နေ၏။

“မောင်သက်...မောင်သက် ငါ့တူလေး တသက်လုံး ဗြောင်း ဆန်အောင် လုပ်ခဲ့သမျှ ခုတော့ မလုပ်နိုင်တော့ဘူး၊ အင်း.... အသက်ရှင်ရက်နဲ့ သေရတဲ့ဝေဒနာကို ဘယ်အချိန်ထိ ခံရမလဲ မသိဘူး”

ဒေါ်ခင်မေဆက်သည် တဖြစ်တောက်တောက် ရေရွတ်နေ သော ဦးလှိုင်ကိုကြည့်ရင်း၊ သူ့ခေါင်းထဲတွင်တော့ ဘာဆက်



လုပ်ရမလဲဟူသော အလုပ်တာဝန်သဘောကိုသာ အလျင်အမြန် စဉ်းစားလိုက်၏။

“မေတော့ပြောမယ် ဘကြီးလှိုင်၊ မေပြောပြတာကို ဘကြီး ဟန်ရော၊ ဒီက အန်ကယ်ဦးဘမော်ရော စဉ်းစားပြီး လိုအပ်တာ ရှိရင်ပြောပါ။ ခုတော့ ဆရာဝန်တွေ အစွမ်းကုန် ကုပါစေ။ ဆေးရုံပေါ်မှာ ကုန်ကျသမျှ စရိတ်ဟူသမျှ မေတာဝန်ယူပါ တယ်၊ အရေးကြီးတာက ဦးလေးသက်ကို အိမ်ပြန်ခေါ်ယူချိန် မှာ ဘကြီးလှိုင်အတွက် မေတို့ဝိုင်းပြီး စဉ်းစားပေးရမယ်။ မေ သူနာပြု ဆရာမ မဟုတ်ပေမယ်လို့ ဖေဖေတို့ မေမေတို့ အမျိုး တော်သူတွေရော မတော်သူတွေရော လူနာ များများနဲ့ နေရ လွန်းတော့ လူနာတယောက်ရဲ့ ပြုစုရတဲ့တာဝန်ကို မေနားလည် ပါတယ်၊ ဒါကြောင့် ဘကြီးလှိုင် အိုကြီးအိုမနဲ့ ဂွသိကအောင့် မဖြစ်အောင် အိမ်ရောက်ရင် ဦးလေးသက်ကိုပြုစုဖို့ မေတို့အိမ် က ကားမောင်းတဲ့ ဒီဗန်းသမီး အကြီးလေး ဘာဘီဂေးလ်ကို လွှတ်ပေးမယ်၊ သူ့လခကိုလဲ မေပေးပါမယ်၊ မေ့ကိုနလ ကိုယ် ဘီရင်ဘိ မပြုစုကောင်းလားလို့တော့ မပြောပါနဲ့တော့နော်၊ မေ...ဟန့်ကို မဟန့်နိုင်တော့လို့ပါ”

“အို...ဘကြီးဟန့်ကို မေ့အပေါ်မှာ နားလည်ပါတယ်”

စကားကို မနဲလေဆက်၍ ပြောနေသော မေ့ကို ဦးမင်းဟန် သည် နှစ်သိမ့်လိုက်၏။

“ပြီးတော့...ပြီးတော့၊ သူ သတိရ လာရင်လေ သူ့မှာ ကြားနိုင်တဲ့အာရုံနဲ့ မြင်တွေ့အာရုံတော့ ရှိပါသေးတယ်”

မေသည် သူ့အစီအစဉ်ကို ဆက်၍ပြောလိုက်၏။

“သူ့ သားမောင်လူကျေးကို မေမေ့နမပျိုနဲ့တွေ့တဲ့ မြောင်း မြကအိမ်၊ အခုတော့ မေ အမွေရထားတာကိုပဲ ဖွာချူပ်နဲ့တခါ

www.burmeseclassic.com

www.burmeseclassic.com



ထ အောင်လူကျော်နိမ့်မယ်ကို ပြောင်းပေးပါမယ်လို့ ဘကြီးလှိုင် ဏ ဦးလေးသက်ကိုပြောပေးပါ"

"အို...ပြောမယ် ပြောမယ်၊ ဒီတော့ သူစိတ်ချမ်းသာသွားမယ်" ဦးလှိုင်ကဆို၏။

"ကျွန်တော့အနေနဲ့လဲ သူဆေးရုံကဆင်းမှတဲ့ ပြောင်းမြှုကိုမြန်ပါ့မယ်၊ သူသတိရရင်လေ တင်မြသွင်အတွက် ပိုင်ဆိုင်ခွင့်ရှိသမျှ မြေးဝေစုကို မောင်လူကျေးကိုပေးမယ်ဆိုတာ ကျွန်တော်သူ့ကိုပြောပြမယ် ပြီးတော့ ဘယ်လိုဘဲဖြစ်ဖြစ် မောင်လူကျေးကျန်းမာတာလို့ ဆရာဝန်တွေက ခွင့်ပြုရင် ကျွန်တော်တခု လုပ်ချင်တယ်။ ကျွန်တော်နဲ့အတူ မောင်လူကျေးကို မြောင်းမြအိမ်ခေါ်သွားမယ်ဆိုတာ သူ့ကို ကျွန်တော်ပြောပြချင်တယ်၊ ပညာသင်ဖို့လဲ အချိန်နှောင်းပေမင့် အိမ်မှာ ဆရာခေါ်ပြီးကို ကျွန်တော်သင်ပေးပါ့မယ်၊ ကျွန်တော့စိတ်ထင်တော့ စောစောပိုင်းက သူ့ သွားမောင်လူကျေးကို သူ လိုက်ရှာနေပုံ ရတယ်... သူ့ဖခင်ဘဲယောက်စိတ်နဲ့ နှောင်တရလာပုံ ရတယ်လို့ ကျွန်တော်စဉ်းစားမိတယ်" ကာယကံရှင် ကိုသက် ကတော့ သူ ဘာလုပ်ချင်၍ ဘယ်လိုဖြစ်ခဲ့ ဒေါ်ခင်မေဆက်ခြံဝတွင် လဲကျသွည်ကို မပြောနိုင်တော့ပြီ။

သူတို့အားလုံးသည် ထောက်ထော်ကြာညာနှင့် ယခုအခါဦးသက်အပေါ်တွင် စဉ်းစား လာကြပြီ ခွင့်လွှတ် လာကြပြီ။ ဒီလိုဘဲ စဉ်းစားရပေတော့မည်၊ သူ့ပုံလဲချိန်တွင် သူဆိုးခဲ့သမျှကို ခွင့်လွှတ်ကြရပေတော့မည်။

"အင်မတန်ကောင်းတဲ့ အစီအစဉ်ပါဘဲ"

ဝတ်လုံ ဦးမင်းဟန်သည် ထောက်ခံ လိုက်၏။ ပြီးတော့မှ မေသည် သူမ၏လက်တွင်ဝတ်ထားသော ဘယ်ဘက်လက်ခလယ်မှ လက်စွပ်ကိုချွတ်ရင်း ဦးလှိုင်ကို လှမ်းပေးကာ ပြောပြသည်။

"ဒီလက်စွပ်ဟာ ဘကြီးလှိုင်အမ ဒေါ်သာလိက ချွေးမဒေါ်စောမှုကိုပေးတဲ့ အထူးအမွေပါဘဲ၊ သူ့စီးပွားရေး ကသိကအောင့်ဖြစ်တဲ့ တလှည့်မှာ ချွေးမကြီးဟာ သူတို့ကိုကူညီခဲ့လို့ အမှတ်တရ ပေးခဲ့တယ်၊ ကာလတန်ဘိုး တသောင်း လောက်ရှိပါတယ်။ ဦးလေးသက်ကိုစွန့်ပတ်သက်ပြီး အစစလိုအပ်သမျှ ဘကြီးလှိုင်သဘောအတိုင်း ထုခွဲရောင်းချပြီး ပြုစုဖို့ မေ ဘကြီးလှိုင်ကိုကံတော့ခဲ့ပါတယ်....ကဲ မောင်လူကျေးကို မေတို့ အန်ကယ် ဦးဗမော်နဲ့အတူ သွားကြည့်တော့မယ်....နော်"

"အေး...အေး၊ ငါ့မြေးလေး ပုစုးမ-ပုစုးမ မိုင်း တာဝန်ကြေပါတယ်၊ သာဓု—သာဓု—သာဓု"

ဦးလှိုင်သည် သူ့ကိုထိုင်၍ ကန်တော့သော မေ့ရဲ့ မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် သာဓုခေါ်ဆုတောင်းရင်း ကိုဆက်အပေါ်တွင် ကျန်ရစ်၏။ သူတို့ အားလုံး ထွက်ခွာ သွားကြပြီ။ အော်...ဦးလှိုင်...ဦလှိုင် အဘိုးအိုကြီးဦးလှိုင်၊ ယောအတွင်းဝန်ကြီး ဦးဘိုးလှိုင်လို သူ့မှာ ဘယ်အတွင်းကိုမှ မဝင်လိုက်ရ၊ ယောအတွင်းဝန်ကြီးလို ရာဇသင်္ဂဟကျမ်း ကို ရေးဖို့နေနေသာသာသူရေးချင်ပါသော "အောက် ချွတ်ခန်း" ကိုလဲ မရေးရ။ ဓမ္မ "ကိုသက်ထိန်း" တာဝန် ကို ယူရမည့် တယောက်ထီးသောသူအဖြစ် သူသည် လူနာကုတင်ဘေးတွင် ကျန်ရစ် ခဲ့တော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဆွေစုမျိုးစုဇာတ်သိမ်းခန်းတွင် ကန့်လန့်ကာအချက အစ ခင်မေဆက်ပုါဝင်ခဲ့၏။ သို့သော် ကာလကာဆွဲ ကံဇာတ် ဆရာက တပိုင်းတစ ကြိုးငြိနေ၍လားမသိ၊ အဆုံးအထိ ဇာတ် မသိမ်း လိုက်ပါသော ဦးလေးသက်၊ ဇာတ်ခန်းလို မစုံး မပိုင် သော အဖြစ်တွေကိုမြင်ရ၍ မေသည် အခါတပါးက ဝတ်လုံ တော်ရကြီး ဦးမေအောင်အား ထောက်ဇရစ်ပင် အောက်တွင် "နှလုံးသားပျားအိမ်" အကြောင်းကို ပြောပြ ခဲ့လေ သလော၊။

သို့သော် တနေ့သောအခါ မေ၏ ရင်ဘတ်မှ ရင်ထိုးကလေး ဦးမေအောင် လက်သို့ ရောက်သော တချိန် တော့ဖြင့် ရှိတန် ကောင်းပါ၍။

## အခန်း-၁၂

## ကောင်းချီး ယခု သည်ချိန်ခါ

မြူနှင်းများ စဲစပြုလာ၍ နေရောင်မှာ နွေးရှိုက်လေး ခြံဝန်း ထဲတွင် လျှောကျနေသည်။ မင်္ဂလာပွဲသို့ ကြွလာသော ပရိသတ် အတွက် သာတောင့် သာယာ ရှိလာ၏။ ရွှေတံဇင် အိမ်လယ် ခန်းမတွင် ဒေါက်တာ မင်းရွှေဇံနှင့် ရှင်မင်းထွေးကို ပွဲထုတ်လာ သည်။ သတို့သား တတို့သမီးတို့ လုံချည်မှာ ပန်းရောင်ပိုးချိတ် အစစ်ဖြစ်၏။ ရှင်မင်းထွေး အလှသည် ဘုရင့်သမီးလေးလိုပင် မဟာဆန်လှသည်။ ကိုးကြိုးချိတ်ဗလာထမီနှင့် ထိုင်မသိမ်းတို့မှာ ဖြူနွဲ့သော ကိုယ်လုံးနှင့် ပဏာရလှ၏။ ဆံထုံး တပက်ရွှေကို ခပ်ပြေ ပြေထုံး၍ ဆံမြိတ်ရှည်ကို ချထားသည်။ ပန်းဟူ၍ ဘာပန်းမှ မပန်၊ ဒေါ်ခင်မေဆက်က သူ၏ စိန်ဆံထိုး၊ စိန်ဘီးနှင့် စိန်ပန်းခိုင် တို့ကိုသာ သူကိုယ်တိုင်ဆံထုံးတွင် ဆင်ယင်ပေးထား၏။ သတို့သား ကတော့ ဝမ်းသာကျေနပ်ခြင်း ပီတိကြောင့် သူ့မျက်နှာမှာ ကျက်သရေ အလိုလိုရှိနေသည်။ သတို့သား၏ လူပျိုရံများမှာ ဒေါက်တာအုန်းမောင်နှင့် ဒေါက်တာ ဝင်းမှန်ဖြစ်သည်။ အပျိုရံ များအဖြင့် ဤထက်မီသားစု နေ့အိမ်ကြီးတွင် အခမ်းအနား

www.burmeseclassic.com

တိုင်းဦးမပါလျှင်မပြီးသော ဆရာဝန်ကြီးဦးမင်းချိန် ဇနီးမောင်နှံ၊ ဝတ်လုံဦးမင်းဟန် ဇနီးမောင်နှံနှင့် ထူးထူးခြားခြား ရောက်လာသော တဖက်ခြမ်းမှ ဂျွန်၏ အဒေါ် မေသင်းကြည်နှင့် သူတို့၏ ဝတ်လုံတော်ရ ဦးချန်စူး ဇနီးမောင်နှံတို့ အုပ်စုမှာ သတို့သား သတို့သမီး ထိုင်ရာ မျက်နှာတူရူရှိ ပန်းကောဇောပေါ်တွင် ထိုင်လျက် ရှိ၏။

ဤယနေ့၌ အမျှော်ဆုံးသူမှာ ဝတ်လုံတော်ရ ဦးမေအောင် ဖြစ်သည်။ ဒေါ်ခင်မေဆက်သည် သူ၏ဆန္ဒကို လိုက်လျောပါ၏။ ရှင်မင်းထွေးရှေ့တွင် လက်ထပ်ပေးရမည့် အမျိုးသမီးကြီး နေရာတွင် ဒေါ်ခင်မေဆက်သည် နေရာယူထား၏။ သူကတော့ သားတော်မောင် မင်းရွှေဇံရှေ့တွင် လက်ထပ်ပေးရမည့် ပုဂ္ဂိုလ်ကြီး နေရာတွင် နေရာယူထား၏။ သူ့ရင်ထဲမှာတော့ ဒေါ်ခင်မေဆက်ကို ငါးဆယ်တွင်း ရောက်နေသော အဘွားအိုသဏ္ဌာန်မမြင်၊ အခါတပါး ထောက်ဇရစ်ပင်ခြေတွင် တွေ့ဆုံခဲ့ရပါသော "မေ" တယောက်အနေနှင့်သာမြင်၏။ ယခုမေသည် သူ့မျက်လုံးထဲတွင် ပုလဲရောင်တောက်၍ သတို့သမီးလိုပင် လှပနေ၏။ ပိုးထမီအဖြူချိတ်နှင့် ဇာပုဝါအဖြူကို ဇာချထား၏။ ပုဝါဖြူတွင် ပုလဲလုံးများ ခပ်ကြဲကြဲ တွဲရရွဲတင်နေ၏။ ညာဘက် ရင်အုံမှာတော့ သူ့အား တခါက လက်ဆောင်ပေး၍ ပြခဲ့ပါသော စိန်သွားတတ်၊ ရွှေလက်ကိုင်ရိုးနှင့် စိန်တံဇင် ရင်ထိုးကို ချိတ်ထိုး၍ထား၏။ သပ်ရပ်သော ဆံထုံးက ခင်မေဆက် မျက်နှာကို ကျက်သရေပို၍ ရှိစေသည်။

အခမ်းအနားမှူး ဝတ်လုံဦးမင်းဟန်က လက်ထပ်ပွဲကို စတင်ကြေငြာကာ စလိုက်၏။ လက်ထပ်ချိန်တွင် မင်းရွှေဇံ လက်ကို ဦးမေအောင်က ကိုင်၍ ရှင်မင်းထွေးလက်ကို ဒေါ်ခင်မေဆက်က ကိုင်၍ လက်ထပ်ပေး၏။ ဘုရား—ဘုရား... မြင်မျှား ဖြစ်နိုင်ခဲ့ပါလျှင် ယခုလက်ထပ်ပွဲသည် သူနှင့်မေတို့၏ လက်ထပ်ပွဲပင် ဖြစ်လိုက်



ပါတော့ဟု ဦးမေအောင်သည် ရင်ထဲမှ ကြိတ်၍ ဆုတောင်းနေ၏။

သတို့သမီးလေး ရှင်ခုံလှုပ်ရှားလာ၍ ဆိုလာသော ချွေးများကို ဟန့်တားရန် ဒေါ်ခရစ္စတီနာသည် နှံ့သာယပ်တောင်ဖြင့် သမီးငယ်အနားမှ ပြုံးရွှင်ကျေနပ်စွာ ယပ်ခတ်ပေးနေ၏။

အော်... သာယာပါဘိသည့် မင်္ဂလာရှိပါပေသည်။ မေတ္တာ ခတ်တို့၏ စုပေါင်းပြိုးဝေရာ အချိန်အခါ သမယပါပေတည်း။

လက်ထပ်သောအခမ်းအနားအပြီးတွင် ခြံထဲရောက်နေသော ပရိသတ်များကို အကျွေးအမွေး စတင် ကျွေးတော့သည်။

"ဒေါ်ခရစ္စတီနာ ကြေနပ်ပြီမို့လား၊ မေလေနားချင်ပြီ ခဏ အပေါ်မှာ သွားနားလိုက်အုံးမယ်နော်... ကိုကြီးမေအောင် သတို့သား အဖေ အနေနဲ့ ဒေါ်ခရစ္စတီနာနဲ့ အတူ ဧည့်သည်တွေကို ဧည့်ဝတ်ကျေအောင် ဧည့်ခံပါတော့"

"ဟုတ်ပါတယ်... မေနားဖို့ တော်ပါပြီ" ဟု ဆရာဝန်ကြီး ဦးမင်းချိန်က ပြောလိုက်၏။

"အန်တီ ဒေါ်မြဆွေ မေ့ကိုအပေါ် ထပ်လိုက်ပို့ပါ" ဒေါ်ခင်မေဆက်သည် ဒေါ်မြဆွေနှင့်အတူအိမ်ပေါ်ထပ်သို့ ဖြေးညှင်းစွာ တက်သွား၏။ ဧည့်သည်များ ထပြန်ကြ၍ မြက်ခင်းထိပ် သတို့သမီးနှင့် သတို့သားအတွက် သီးသန့်ထားသော နေရာတွင် ဒေါက်တာ မင်းရွှေဇံနှင့် ရှင်မင်းထွေးသည် အမောပြေထိုင်ခါ ကော်ဖီ စ၍ သောက်ကြ၏။ ဒေါ်ခရစ္စတီနာသည် သမီးလေးနှင့် သမက်ကို ကော်ဖီကိုယ်တိုင် ဖျော်ပေးနေ၏။

ကားတစ်စီးသည် ခပ်မြန်မြန်မောင်းကာ ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်၏။ ကားပေါ်မှ ဆင်းလာသူများမှာ သခင်လှဦး

www.burmeseclassic.com



သခင်မကြီး ဒေါ်သိန်းရင်နှင့် အနောက်နိုင်ငံသား ဝတ်စုံကို ဝတ်ထားသော အမျိုးသား တစ်ယောက်…

"ဟာ…သခင်လှဦး၊ နောက်ကျလိုက်တာလာ.. လာ၊ ကျွန်တော်တို့နဲ့တခါထဲ ကော်ဖီဝင်သောက်လိုက်ပါ၊ ဖိတ်စာ မြောင်းမြကိုပို့လိုက်တာအရောက်နောက်ကျလို့လား၊ ဟော- -သခင်မကြီး လဲပါလာသကိုး" မင်းရွှေဇံက မတ်တတ်ရပ်ခါ ခေါ်လိုက်၏။

"နောက်မကျပါဘူး၊ နောက်မှဘဲ တောင်းပန်မယ်၊ မင်္ဂလာဆောင်ကို မလာဖြစ်တော့ဘူးလို့နေတာ၊ ဟောဒီမှာ.. ဟောဒီမှာ မေဂျာ စောလှဖြူကိစ္စ ပါလာလို့"

"ဟိုက်…မေဂျာ စောလှဖြူ"

ဒေါ်ခရစ္စတီနာသည် မေဂျာစောလှဖြူ ဆိုသူအား ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။

"ဦးမင်းချိန် ဒီကိုကြွပါအုံး" သခင်လှဦး ခေါ်သံကြောင့် ဦးမင်းချိန် ဦးမင်းဟန်တို့သည် သတို့သား သတို့သမီး အနားသို့ ဝိုင်းလာ၏။

"ကော်ဖီကို နောက်ထားပါ ကိစ္စက ဒီလို မေဂျာစောလှဖြူက ဒေါ်ခရစ္စတီနာရဲ့မြောင်းမြ အိမ်က လိပ်စာကိုဘဲ သိတယ်၊ ကျွန်တော်နဲ့ မေဂျာစောလှဖြူက မဟာမိတ်တွေ မြန်မာပြည်ထဲဝင်လာတော့ လေထီးနဲ့တူတူ ဆင်းလာကတဲက ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ သူ့ အင်္ဂလံကို သွားပြီး ပညာသင်ရာက ပြန်ရောက်ရောက်ချင်း မြောင်းမြကိုတန်းပြန်လာခဲ့တယ်၊ ကိစ္စ ပါလာခဲ့လို့ ရှင်မင်းထွေး - မင်္ဂလာဆောင် မစခင် ဒီစာ ဒေါ်ခရစ္စတီနာလက်ထဲ ထည့်ရမဲ့ ကိစ္စ ပါလာလို့၊ ကျွန်တော်က ဖိတ်စာထဲကြည့်လိုက်တော့ မင်္ဂလာပွဲက ဒီနေ့ ဇမ္ဗူလဲ သိရော ညက ဘုရင့်



နောင်စီးပြီး ရန်ကုန်လိုက်လာကြတာ မနက်က နှင်းပိတ်တော့ ရန်ကုန်ဝင်နောက်ကျတယ်၊ ချောချောချူချူဘဲ၊ ဒီအိမ်ကြီးကို ကျွန်တော်က မသိဘူး၊ သခင်မကြီးဒေါ်သိန်းရင်က သချော်ဆိပ်မှာ ကူလီရှက်တုန်း လှမ်းနှုတ်ဆက်လိုက်တော့ သူက ဒီအိမ်ကြီး လာနေကျဖြစ်တော့ သူ့ကိုပါ ကားပေါ်တင်ပြီး လာရတာ၊ မောရကြိုးနပ်တယ်၊ လက်ထပ်ပွဲ အချိန်မှီ ရောက်တာဘဲ"

အမောတခေါ် ခပ်မြန်မြန်နှင့် ရှင်းလင်း ပြောပြနေသော သခင်လှဦး စကား အဆုံးတွင် ဒေါ်ခရစ္စတီနာသည် မေဂျာစောလှဖြူ ပေးသော စာအိတ်ကို ဖွင့်ဖတ်ခါ ဝမ်းသာအားရ အော်လိုက်၏။ အားလုံးပင် စိတ်ဝင်စားစွာ ဒေါ်ခရစ္စတီနာ ဖြေနေသော အထုပ်ဆို ကြည့်နေကြသည်။

"ရှင်မင်းထွေး…မင်း မေမေရဲ့မင်္ဂလာလက်ဖွဲ့…"ကတ္တီပါဘူး အဖြူရောင်ထဲမှ တလက်လက် တောက်ပနေသော စိန်သွားတတ် ရွှေတံဇင်ရင် ထိုးတခုကို ဒေါ်ခရစ္စတီက ပြလိုက်၏။

"ဟယ်" ဟူသော သံပြိုင် အော်လိုက်ကြသံမှာ ပတ်ဝန်းကျင်ကို ပွဲတင်ထပ်သွား၏။ ဘုရား—ဘုရား….သတို့သမီးငယ်သည် မဟာပထဝီမြေကြီးပင် သွက်သွက်ခါ သွားသလို တုံလှုပ်လွန်း၍ သတို့သားကို ကိုင်ထားရ၏။ ရင်များကခုံလွန်း၍ ရပ်သွားမလားဟုပင် ထင်မိသည်။ ဒေါက်တာမင်းရွှေဇံသည် ရွှေတံဇင် ရင်ထိုးကို ကတ္တီပါဘူးမှ ယူခါ ရှင်မင်းထွေး ရင်အင်္ကျီပေါ်သို့ ထိုးချိတ်လိုက်၏။

ဒေါ်ခရစ္စတီနာသည် သူ့လက်တွင်းမှ ရှည်လျားလှသော စာရွက်များကို စတ်လှဦးမင်းဟန် လက်ထဲသို့ထည့်လိုက်၏။ ဦးမင်း

www.burmeseclassic.com

ခွန်သည် စာကိုစတင်၍ မတ်တတ်ရပ်ခါဖတ်ပြချိန်တွင် အပ်ကျသံ ကြားရမတတ် အားလုံးငြိမ်သက်စွာ နားထောင်နေ၏။ သတို့ သမီးငယ်သည် ပရိသတ်ကိုပင် မေ့ကာ အပါးရှိ ချစ်သူလက်ကို ခင်းကျပ်စွာ ဆုတ်ထားမိသည်။

ချစ်လှစွာသော သမီးလေး....

ရှင်မင်းထွေး....

သမီးလေး လက်ထပ်ပွဲ အချိန်အမှီ ဒီစာဟာ သမီးလေးလက်ထဲကို ရောက်လိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။

သမီးဟာ ဂျွန်ခေါ် ဦးရွှေဦးမောင်နဲ့ ဒေါ်ခင်မျိုးဆက်တို့ရဲ့ တဦးတည်းသော သမီးလေး ရှင်မင်းထွေး ဖြစ်ပါတယ်၊ သမီးရဲ့ ဖေဖေနဲ့ မေမေကတော့ အကြောင်းမလှသူ နှစ်ယောက်ပေမို့ သူတို့နှစ်ယောက်ရဲ့ ဘဝအကြောင်းကံကို သမီးလေး မေ့ပျောက်ဖြစ်လိုက်ပါတော့။

သမီးလေးတာ ကံလှသူ ဖြစ်ပါတယ်၊ သမီးလေး အတိတ်ကံလှပေလို့ အပြစ်ကင်းစင်တဲ့ ချစ်တဲ့သူနဲ့ အတူ ပန်းမွှေ့ရာ ရွှေကောဇောမှာ အတူယှဉ်ပြိုင် ထိုင်ရချိန်မှာ သမီးလေး ဒီစာကို ဖတ်ရပါစေ၊ ဒီစာဖတ်ရချိန်ဟာလဲ ကောင်းခြင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ မေမေ ဆုတောင်းပါတယ် သမီး။

မိခင်တာဝန်ချွတ်ယွင်းသူရယ်လို့ ပထမသော်သမီးလေး မေမေ့အပေါ် အပြစ်တင်ကောင်း တင်မိပေလိမ့်မယ်၊



သို့သော် ရောက်လေရာ နိုင်ငံခြား တမြေက သမီးလေး ရဲ့ လှုပ်ရှားမှု အစစကို မပြတ်စုံစမ်းလေ့လာပြီး မေမေ ဘယ်လိုတာဝန်ယူခဲ့တယ် ဆိုတာကို အကြီးဟန် (ဝတ်လုံ တော်ရ ဦးမင်းဟန်) ဆရာဝန်ကြီး ဦးမင်းချိန်နဲ့ မင်းရဲ့ မွေးစားမိခင် ဒေါ်ခရစ္စတီနာတို့က ပြောပြပါလိမ့်မယ်။

ခရစ်ယာ ဘာသာဝင် အမျိုးသမီးပင် ဖြစ်သော်လဲ သမီးလေးအပေါ် မိခင်ရင်းနဲ့ မခြား မေမေ့ ဝမ်းက ကျတ်ကတဲက ပြုစုစောင့်ရှောက်တဲ့ ဒေါ်ခရစ္စတီနာ ကိုဖြင့် မိထွေးတော်ဂေါ်တမီကို ဗုဒ္ဓရှင်သော်ဘုရား ကျေးဇူးပြုသလို ပြန်လည် ကျေးဇူးပြုပါလို့ မေမေ မေတ္တာ ရပ်ခံပါတယ်။

“မေမေ့မှာ ကံကျေးဆပ်စရာရှိပါတယ်၊ မေမေရဲ့ မိဘ ဦးဆက်နဲ့ ဒေါ်ခင်စောမှုဟာ သာမာန် မိဘတွေ မဟုတ်ပါဘူး၊ ဦးရွှေဦး ဒေါ်ဖြူဝင်းတို့လို တဘက်သတ် အပြုအမူမျိုး သားသမီးအပေါ် မရှိခဲ့ဘူး၊ ဒီလို မိခင် မျိုးရဲ့ အဆုံးအမကို မေမေ ပယ်ခဲ့မိတယ်၊ သမီးရဲ့ ဖွားဖွား ဒေါ်ခင်စောမှုဟာ မေမေ မင်း ဖေဖေနောက်ကို လိုက်သွားကတဲက မျက်ရည်လည်ရွဲနဲ့ ကျန်ရစ်တယ်၊ မေမေဟာ တဘက်အိမ်မှာ ဒုက္ခမျိုးခံရတိုင်း သူတော် ကောင်း မိခင်ကို ငါမျက်ရည်ကျအောင် လုပ်ခဲ့မိလို့ ငါဟာလဲ ဒီလို သူတပါးရဲ့ နှိပ်စက် ညှင်းပမ်းခြင်းကို ခံခဲ့ရပေတယ်လို့ နောင်တရမိတယ် သမီးလေး။

မေမေ တိုင်းတပါးကို ထွက်ခွာသွားပြီးတဲ့နောက် ညီမလေး ခင်မေဆက်ဟာ ဆက်မိသားစုရဲ့ ကောင်းမွေ

www.burmeseclassic.com


ဆိုးမွေ ဟူသမျှ သူတယောက်ထဲ ဒိုင်ခံပြီး တတ်နိုင်သလောက် ဖြေရှင်း ကျန်ရစ်ခဲ့ပါတယ်၊ သူဟာ စိတ်ဓာတ်ခိုင်မာသူ ဖြစ်ပေမင့် နှစ်သိမ်း လေးသောင်း အတုရှိတဲ့ မဟာပထဝီ မြေကြီးတောင် ငလျင်ဒဏ် အဖန်ဖန်တလဲလဲ ခံရရင် အင်မတန်ကြီးမားတဲ့ ဂျောက်ကမ္ဘားတွေ ဖြစ်အောင် ကွဲအက်သွားတတ်ပါတယ်၊ ညီမလေး မေ့ရဲ့ အသဲနှလုံးဟာ နူးညံ့သိမ်မွေ့တဲ့ လူသား အသဲနှလုံးမို့ လောကဓံဆိုတဲ့ ငလျင်ဒဏ်ကို ချမ်းသာပေမဲ့လဲ (ချမ်းသာတဲ့ အလျောက်) ခံရလေတော့ မေ့ရဲ့ ကျန်မာရေးဟာလဲ မသိမသာ တဖြေဖြေး ယိုင်လာဘီလို့ မေမေတနိုင်ငံက သိခဲ့ပါတယ်၊ တာကြောင့် တရပ်တမြေကနေဘဲ ညီမလေး ခင်မေဆက် အနားကို သမီးလေးရှင်မင်းထွေး ရောက်အောင် ဘကြီးဟန် ဦးမင်းချိန်တို့အကူအညီနဲ့ စီမံတဲ့သူဟာ မေမေပါဘဲ။

ဆက်မိသားစုရဲ့ ကောင်းမွေဆိုးမွေကိုစုပြီး ခံနေရတဲ့ မင်းရဲ့ဒေါ်ဒေါ်လေး ဒေါ်ခင်မေဆက်ကို ရှိရှိသေသေ ပြုစုလုပ်ကျွေးခြင်းဖြင့် သမီးဟာ မေမေကိုယ်စား မေမေ့ကံကျေးကို ဆပ်ပေးလို့ မေမေ သာဓုခေါ်ပါတယ်။

အမွေလိုချင်လို့ သွေးသားမှန်း သိလို့ ပြုစုစောင့်ရှောက်တာထက် ခုလို စေတနာသန့်သန့်နဲ့ သမီးပြုစုတာပိုလို့ မကောင်းပေဘူးလား။ တာကြောင့် သမီးနဲ့ဒေါ်ဒေါ်လေး၊ ခင်မေဆက် အမျိုးတော်ကြကြောင်း ကြိုတင် အသိမပေးတဲ့ မေမေ့ရဲ့အစီအမံ အယူအဆကို သမီးလေးရော ညီမလေးမေပါ ယခုအချိန်မှာ သဘောပေါက်ပါလိမ့်မယ်။

သမီးလေး....ဆက်မိသားစုရဲ့ အစဉ်အလာကို ထိန်းသိမ်းရင်း မေမေပျော့ညံ့တဲ့ အပိုင်းတွေလဲရှိတယ် မေမေမှန်ခဲ့တဲ့ အပိုင်းတွေလဲ ရှိတယ်၊ တတ်နိုင်သလောက် ဆိုးဝါးတဲ့အခြေအနေက အကောင်းဘက်ကိုရောက်အောင် ကြိုးစားရတဲ့ နေရာမှာ မေမေဟာ သူတော်စင် သူတော်ကောင်း အနာဂါမ်ကြီးမဟုတ်လေတော့ မေမေပြုခဲ့တဲ့ အမှားရှိရင်လဲ မေမေ့ကိုခွင့်လွှတ်ပါ။

မင်းမေမေနှင့်ခမေမေ ကံအကြောင်းမလှပေမယ်လို့ မေမေသူ့ကို မေ့လို့မရပါလားကွယ်၊ ပထမဆုံးမေမေ့ရဲ့ နှလုံးသားကြေးမုံမှာ ထင်ခဲ့တဲ့ သူ့ရုပ်လွှာကို မေမေဖျောက်ဖျက်မရသ၍ ပြန်လာနိုင်လိမ့်မယ်လို့ မထင်ဘူး။

မေမေ့အတွက်တော့ မပူပါနဲ့၊ မေမေဟာ မိခင်ကြီးဒေါ်ခင်စောမှုပေးတဲ့ စိန်တဆင်စာကိုထုခွဲပြီး နိုင်ငံခြားတက္ကသိုလ် တခုမှာ မဟာဝိဇ္ဇာဘွဲ့ ယူပြီး အရှေ့ဖျားရာဇဝင်ကို သင်ကြားပို့ချတဲ့ ကထိကတယောက်အဖြစ် မေမေ အသက်မွေးတယ်။ ပြီးတော့ နှင်းပွင့် နှင်းစက်တွေနဲ့ ရေခဲအောင် အေးတဲ့ မေမေ ယခုနေတဲ့ တိုင်းပြည်မှာ ဗဟိဒ္ဓသဏ္ဍာန် တွေကသာအေးပေမင့် အဇ္ဈတ္တသဏ္ဍာန်မှာ ပူပြင်းလောင်မြိုက်တဲ့ မီးတွေနဲ့ အစဉ် ပြေးလွှားပြီး မီမိရင်ထဲက တဏှာကို မငြိမ်းနိုင်တဲ့သူတွေကိုတွေ့လေလေ၊ မေမေကိုယ့်ဌာနေကို ပြန်ချင်လေ ပါဘဲ။ သူတို့ကတော့ တဏှာမီးငြိမ်းရာ ငြိမ်းကြောင်းကို ဆေးဝါး အမျိုးမျိုးနဲ့ ငြိမ်းသတ်နေရတယ်။

မေမေကတော့ နိုင်ငံခြားသားသနာပြုဒွိတာသာဝင် ဆရာတော်တပါးရဲ့တရားကို နိုင်ငံခြားမှာ ကြားနာရလို

www.burmeseclassic.com

www.burmeseclassic.com

မေမေလေ ရင်တွေအေးခဲ့ပါပြီ တရားလဲ အားထုတ်ပါတယ် သမီးလေး။ ဒါကြောင့် မေမေသင်ကြားပို့ချရာ တက္ကသိုလ်မှာ ဗုဒ္ဓရှင်တော်ဘုရား၏ ခံယူချက်အဘိဓမ္မာကို မေမေတတ်တဲ့ပညာနဲ့ဖြန့်ဖြူးနေလို့ မေမေ့ရဲ့လုပ်ဆောင်ချက်ကို သမီးနဲ့ ညီမလေးတို့ သာဓုခေါ်ပါ။

ဒီစာကိုလဲ သမီးလေးရှင်မင်းထွေးနဲ့အတူ သားမက်လောင်း မင်းရွှေဇံဖတ်ခွင့်ကြုံအောင်လို့ မေမေအချိန်မှီပို့လိုက်ပါမယ်။

ဒေါက်တာ မင်းရွှေဇံဟာ သူ့ယောက္ခမ တော်ရတဲ့ ခင်မျိုးဆက်ဆိုတဲ့ မိန်းမတယောက် အကြောင်းကို ဒီစာကိုဖတ်ရခြင်းဖြင့် သိတန်သလောက်သိပါစေ။

သူပါဝင်ရတော့မဲ့ ဆက်မိသားစုရဲ့ ခံယူချက်သဘောတွေကိုလဲ သူယခုလောက်ဆို အတော်လေ့လာပြီးခေါက်မိပြီမို့ ဆက်မိသားစု စိတ်ဓာတ်ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းရာမှာ နေရာကောင်းက ပါဝင်နိုင်ပါစေလို့ သားမက်လောင်း မင်းရွှေဇံအပေါ် မေမေ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

လောကီ ကောင်းကျိုး ခံစားနိုင်မှု အခွင့် အရေးအတွက် သမီးလေးရှင်မင်းထွေးပို့ အင်မတန် အရေးကြီးတဲ့ မေမေ့ရဲ့ ဝိဉ်သွားတတ် ရွှေတံဇင် ရင်ထိုးကို အမွေဆုံးလက်ဆောင်ဖြစ်တဲ့ မင်္ဂလာ ဆောင်လျှပ် မြန်မာပြည်အဖြစ်မှာ သမီးလေး လက်ထပ်ပွဲ အမှီ မေမေ လက်ဖွဲ့လိုက်ပါတယ်။

ကောင်းခြင်း မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။

**မေမေ ခင်မျိုးဆက်**



ရှင်းမင်းထွေးသည် အပါးရှိ ဒေါ်ခရစ္စတီနာခါးလည်ကိုဖက်ခါ ဝမ်းသာဝမ်းနည်း ရှိုက်ကြီးတငင် ငိုမိသည်။

"မာမီ…မာမီ…သမီးရဲ့ဖေဖေနဲ့မေမေက ဒေါ်ခင်မျိုးဆက်နဲ့ အန်ကယ်ဂျွန်နေဘ်….အို…ဖေဖေနဲ့မေမေရယ်….သမီးလေး—သမီးလေး…."

ရှင်မင်းထွေး ရှေ့စကားမဆက်နိုင်ခင် ဒေါ်ခရစ္စတီနာသည် ရှင်မင်းထွေးပါးကို ယုယညင်သာစွာ မွှေးလိုက်၏။

"လူမျိုးတိုင်းရဲ့ ဘုရားသခင်များမှာ မေတ္တာနှလုံးသားရှိသလို မိန်းမများတိုင်းရဲ့ နှလုံးသားထဲမှာလဲ မိခင်မေတ္တာအစဉ်ရှိတာမို့ မာမီဟာလဲ မင်းရဲ့မိခင်ရင်းပါဘဲလို့ အောင်းမေ့ပါ….၊ နောက်မှ အကြောင်းစုံ မာမီရှင်းပြမယ်….၊ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ပါအုံး"

"ဒီမှာ…ဒီကိုစ္စ .. ဒီကိုစ္စ .. မဲ့ကို အသိပေးရမယ်၊ တာဝန်မဲ့ ဖြေးဖြေး၊ ဆရာဝန်ကြီး ဦးမင်းချိန်ကိုယ်တိုင်ပြောမှ ကောင်းမယ်၊ မေလေ ဝမ်းသာလွန်ပြီး "Shock"ဖြစ်သွားမှာစိုးလို့"

ဝတ်လုံဦးမေအောင်က ပြောလိုက်၏။ အားလုံးမှင် "ဟုတ်တယ်"ဟု အသံကိုဖစ်စီထွက်လာ၏။ သူတို့အပါးသို့ ဒေါ်မြဆွေသည် ခပ်သွက်သွက်လေး ရောက်လာ၏။

"မေရယ်….ခေါင်းနဲ့နဲ့နောက်နေလို့ ဝတ်လုံဦးမေအောင်ကို ခေါ်ပေးပါတဲ့"ဟု ပြောလိုက်၏။

"ကျွန်တော့ကို" ဦးမေအောင်သည် သူ့ရင်ဘတ်ကိုပုတ်ကာ သေချာအောင် ထပ်မံမေးလိုက်၏။ နေမကောင်းလျှင် ဆရာဝန်ကြီး ဦးမင်းချိန်ကိုသာခေါ်ရမည်။ ယခုတော့ သူ့ကိုခေါ်၏။

"ဟုတ်ပါတယ်"ဟု ဒေါ်မြဆွေက ထပ်မံအတည်ပြုဟန်နှင့် ပြောပြ၏။ ဦးမေအောင်သည် ခြေလှမ်းကြဲကြီးများဖြင့် အိမ်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ထပ်သို့တက်ရှိ လှေခါးဆီသို့သွား၏။ သူ့နောက်မှ ဦးမင်းချိန်၊ ဦးမင်းဟန်တို့ လိုက်ပါသွားကြ၏။

ဒေါ်ခင်မဆက်သည် ကုတင်ပေါ်တွင် လှဲလျက်ရှိသည်။ ပါးစပ်မှအသံမပြုဘဲ သူ့ညာလက်ဖြင့် ဦးမေအောင်အား ခေါ်လိုက်၏။ ဦးမေအောင်သည် မေ၏လက်ကို ဆုပ်ကိုင်လိုက်၏။ တဖက်မှ ဘယ်လက်ကို မရွေးမနှောင်းကိုင်သူမှာ ဆရာဝန်ကြီး ဦးမင်းချိန်ဖြစ်၏။

ဦးမေအောင်သည် မေ့လက်ထဲမှကျလာသောပစ္စည်းကိုလက်ဝါးဖြန့်ခံရင်း ကြည့်လိုက်၏။

"အလိုနေလေး....ဘုရားရေ"ဟု သူ အလန့်တကြား အော်မိသည်။ ပစ္စည်းလေးမှာ သူ အင်မတန်မျှော်လင့်ပါသော မေ၏ရင်ပတ်ပေါ်မှ ရွှေတံဇင်ရင်ထိုး။

"ဟိုက်"

ဦးမင်းချိန်အသံသည် မရွေးမနှောင်း ပေါ်လာ၏။ ဒေါ်ခင်မဆက်....ဒေါ်ခင်မဆက်....သူ့နှလုံးသားတို့ ခုံနေခြင်းမှအေးချမ်းစွာ ရပ်နားသွားကြပြီ။

အားလုံးသည် ခေတ္တ အငြိမ်ကြီး ငြိမ်သွားသည်။

"ဒီနေ့လေ—ဒီနေ့ဟာ ကျွန်တော့သား မင်းရွှေဇံနဲ့ ရှင်မင်းလေး လက်ထပ်တဲ့နေ့ဟုတ်သလို ကျွန်တော်နဲ့မေတို့ လက်ထပ်ပွဲပါ"ဟု တုန်အက်ကွဲသော ဦးမေအောင်အသံသည် ဖြေးညှင်းစွာပေါ်လာ၏။ အိမ်ဆက်ဆရာကြီး ဝတ်လုံတော်ရ ဦးမင်းဟန်သည် သူ သမီးလေးလိုချစ်သော ဒေါ်ခင်မဆက်၏နဖူးပေါ်သို့ မျက်ရည်ပေါက်ကြီးများသွန်ချကာ ဘိသိက်သွန်း၏။



ဆရာဝန်အုပ်စုက ဒေါ်ခင်မဆက် နှလုံးသား ပြန်ခုံအောင် ကြိုးစားပါသော်လည်း နှလုံးသားပျားအိမ်လေးသည် ထာဝရ ငြိမ်သက်သွားပေသည်။

သူ့ရင်ထဲတွင် အစဉ်ပူနွေးနေသည်ဟုထင်သော မေ၏ လက်ဖျားများကို ဦးမေအောင်သည် ယုယစွာ နမ်းရှုံ့လိုက်၏။

ဘယ်သို့ပင်ဆိုစေ....

"အခါတော်ပေးတာက နတ်ရေးငယ်ရွှေဇာ၊ သာသနာစရောင်လင်း ကောင်းချီး ယခုသည်ချိန်ခါ"

ခင်နှင်းယု

၁၃-၈-၄၃

၁ ၃ -၁၃၊ ဝါခေါင်လပြည့်၊ တနင်္လာနေ့

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"ကျွန်တော်ရည်ရွယ်ထားတဲ့အတိုင်း ရှင်မင်းထွေးက လိုက်ပြောပါတယ်၊ သူ့ဖခင်ဘက်ကအမွေရတဲ့ သူ့အဖိုး ဦးရွှေဦးပိုင်တဲ့ အိုက်ကြီးမှာ လခ ၂၀ဝိ—အောက် လခစားများ နေကောင်းလို့ ဆေးရုံကအဆင်း အေးအေး ဆေးဆေး နားနေဖို့လိုအပ်ပါတယ်ဆိုတာကို ဆရာဝန်ထောက်ခံစာပါရင် ဒီအိမ်ကြီးမှာ နားနိုင်ပါတယ်၊ နလံထ အနားယူစခန်း ဆိုပါတော့"

ကျွမ်သည် ကျယ်ဝန်းလှသော ပန်းခြံကြီးကအစ စိတ်ချမ်းသာအောင် ပြုပြင် ပြင်ဆင်ထားသည်ကို ငေးမျှော်ကြည့်ရင်း ဒေါက်တာမင်းရွှေဇံပြောကြားသမျှကို နားထောင်နေမိ၏။

"ခုတော့လဲ တစ်ရွာလုံးတွေနေတဲ့ ရဲတိုက်ကြီးမဟုတ်တော့ပါဘူး ကျက်သရေရှိလာပါတယ်၊ နောက်ဘက်က ဒေါ်တင်မာလစ်ချိုးသွားခဲ့တဲ့ မြေကွင်းကို ပြုပြင်ပြီး ရေစုတ်စက်နဲ့ ဒီခြံထဲကို ရေပေးပါတယ်"

"ဟုတ်ကဲ့"



"ဟိုဘက်က ဆက်မိသားစုပိုင် ရွှေတံခါးအိမ်ကြီးကိုတော့ ရှင်မင်းထွေးဆန္ဒအတိုင်း လခ ၂၀ဝိ—အောက် ဝင်ငွေရှိတဲ့ မိဘများရဲ့ကလေးများကို ထိန်းကျောင်းပေးတဲ့ နေ့ဘက်ရင်ခွင်ပိုက်ကျောင်းအဖြစ် လုပ်လိုက်ပါတယ်။ သူ့မိခင်ဘက်ကဖိုးအေကြီးဦးဆက်ရဲ့ ပန်းကန်ခွက်ရောက် အစုံအလင်ကလဲ အဆင်သင့်ရှိနေတော့ အားလုံး အဆင်ပြေသွားပါတယ်၊ ကျောင်းအုပ်ကတော့ သူနာပြုဆရာမကြီး ဒေါ်ခရစ္စတီနာပါပဲဗျာ၊ ရှင်မင်းထွေးနဲ့ တခြားဆရာမလေး လေးယောက်ကတော့ ကလေးများစာသင်ဖို့ ဆေးကုဖို့ ကစားဖို့ တာဝန်ယူရပါတယ်"

"ဟုတ်ကဲ့"

"ကျွန်တော်ပြောချင်တာကတော့ဆရာမကြီးဒေါ်ခင်နှင်းယုဟာ စိတ်ပန်းလို့ဘဲဖြစ်ဖြစ်၊ ကိုယ်နွမ်းလို့ဘဲဖြစ်ဖြစ် အနားယူလိုချင်ရင် အချိန်မရွေးလာခဲ့ပါ။ အေးအေးဆေးဆေး အဆင်ပြေဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"ကျေးဇူးအထူးတင်ပါတယ်ရှင်၊ ကျမခင်ပွန်းသည် ဒုဗိုလ်မှူးကြီး ကျော်သောင်း ကွယ်လွန်ပြီးတဲ့နောက် ကျမခံစားခွင့် ပင်စင်က တလ ၃၀ဝိ—ဆိုတော့ ဦးမင်းရွှေဇံ ကန့်သတ်ထားတဲ့ စည်းကမ်းထဲမှာ ကျမက မပါဝင်ဖြစ်ဘူး၊ ဒုတိယ ကျမ စိတ်အပန်းဖြေဖို့ သံသရာရှိပုပ်တွေနဲ့ညစ်နွမ်းနေတဲ့ ကျမ နှလုံးသားကို စင်ကြယ်အောင်ဆေးကျောဖို့ တမက် ဆည်ကန်ကြီး [illegible] သာသနာ့ရိပ်သာဟာ ကျမအိမ်အနားလေးမှာပါပဲ၊ [illegible] နွမ်းလာတိုင်း တဘက်ဆည်ကန်ကရေနဲ့ ဆေး[illegible]နေချင်လို့၊ ကျမအတွက် ပြဿနာမရှိတော့ပါဘူး၊ က… ရှင်မင်းထွေးကိုလဲ ကျမနှုတ်ဆက်သွားကြောင်း ပြောလိုက်ပါ၊ အစစ ကုသိုလ်တွေအတွက် ကျမ သာဓုခေါ်ပါတယ်၊ ခွင့်ပြုပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ဆရာဝန်မင်းရွှေဇံအားနှုတ်ဆက်ခါ ကားပေါ်သို့ တက်ခဲ့ပါ၏။

“လမ်းအိုကိုရှောက်ခါ ပန်းညိုကိုကောက်လိုပါသော ဝတ်လုံတော်ရှည်ဦးမေအောင်တယောက် အောက်သူနှင့်မကြင်ရပါသော ဝေဒနာဖြင့် ကျောက်ဖြူကိုများ ပြန်လေသလား၊ “ဘယ်မှာ နေခဲ့ပါသလဲ” ဟူသော မေးခွန်းကို မမေးခဲ့မိသည်အတွက် ချစ်စွာသော ကျွန်မ၏ ဇွဲပတ်မရိသတ်သည် ကျွန်မအား ခွင့်လွှတ်စေချင်ပါသည်။

ခင်နှင်းယု

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းယု

# ထိပ်စုဖုရားမမျိုး

- အခန်းပေါင်း (၁၂) ခန်း
- ဇာတ်ကောင်ပေါင်း (၅၀) ကျော်ဖြင့်
- တခမ်းတနား ဖွဲ့ဆိုခဲ့သော
- တနှစ်ခန့်အချိန်ယူပြီး တစိမ့်စိမ့်တွေးကာ ဖွဲ့ခဲ့ နွဲ့ခဲ့ ... ရေးသားခဲ့သော
- ဤဝတ္ထုအဆင့်အတန်းနှင့် တန်ဘိုးကို စာဖတ်သူများကသာ ဆုံးဖြတ်ကြပါတော့ ခင်ဗျား ..
- ရောင်းဈေးကတော့ — တအုပ်လေးကျပ်

တသက်တာစာပေ

www.burmeseclassic.com